www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ရန်အောင်စာပေ(၂)ရဲ့ စာအုပ်(၁၀)
စာမူခွင့်ပြုချက်အမှတ်-
၅၀၀၁၄၅၀၅၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၀၆၀၅၀၃
[redacted]
ဒုတိယအကြိမ်
ရန်အောင်စာပေ(၂)မတ်လ ၂၀၀၅
တန်ဖိုး- ၁၀၀၀ကျပ်
မျက်နှာဖုံး
ပန်းချီ
မမွေး
စာအုပ်ချုပ်
ကိုမြင့်
အတွင်းပုံနှိပ်
စွယ်တော် အော့ပ်ဖ်စက်
ထုတ်ဝေသူ
ဦးလှတိုး
ရန်အောင်စာပေ
၃၄၃/၁၀
အနောက်ရန်ကင်း၊ ရန်ကုန်

ဖြန့်ချိရေး
ရန်အောင်စာပေ-၂
၇၅၅- ဦးငွေကိုင်လမ်း၊
၄၁-ရပ်ကွက်၊
မြောက်ဒဂုံ။

စာဖတ်သူများခင်ဗျာ-

ကျွန်တော်သည် လွန်လေပြီးသော လုံးချင်းဝတ္ထုလေးငါးအုပ်မှစတင်၍ ရေးပုံရေးလက် တစ်မျိုးကို စမ်းသပ်ကြည့်ခဲ့မိပါသည်။

ရေးပုံရေးလက်တမျိုးဟုဆိုသဖြင့် စာပေအရေးအသားပုံသဏ္ဌာန်ဟု မထင်ကြပါနှင့်။

ကျွန်တော့်တွင် အရေးအသားဟန် အတည်တကျ မရှိပါ။ ဝတ္ထု၏သဘာဝပေါ်မူတည်ပြီး ရေးဟန်ကို လိုက်လံပြောင်းလဲရေးသားတတ်ပါသည်။

ကျွန်တော်ဆိုလိုသော ရေးဟန်ရေးလက် ဆိုသည်မှာ ကျွန်တော့်ဝတ္ထုများ၏ အကြောင်းအရာကိုသာ ဖြစ်ပါသည်။

ဆိုခဲ့သလို လွန်လေပြီးသော ဝတ္ထုလေးငါးအုပ်မှ စတင်၍ ကျွန်တော်၏ ဝတ္ထုအကြောင်းအရာများကို တစ်မျိုးစမ်းသပ်ရေးသားမိခဲ့ပါသည်။ တစ်မျိုးဟုဆိုသဖြင့် အလွန်ထူးခြားလိမ့်မည်ဟု မထင်လိုက်ကြပါနှင့်။ ကျွန်တော်၏ရှေ့မှ ဆရာ့ ဆရာများလည်း ရေးသားခဲ့ကြသော အကြောင်းအရာမျိုးပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခြားမဟုတ်ပါ။ ဇာတ်လမ်းဟူသော စိတ်ဝင်စားဖွယ်ရာ အကွေ့အချိုး အနိမ့်အမြင့်များကို တတ်နိုင်သလောက် လျှော့ပေါ့ပြီး ဇာတ်လိုက်ဇာတ်ကောင်များ၏ သဘာဝများကို ဦးစားပေးသော အကြောင်းအရာများ ဖြစ်ပါသည်။

တွေ့ဆုံဖြစ်ပျက်သောအကြောင်းထက် လူတို့၏သဘာဝ၊ စိတ်၊ အချစ်စသည့် စရိုက်လက္ခဏာများကို ဦးပေးပေးဖော်ပြခြင်းကို ဆိုလိုပါသည်။

ဤသည်မှာ လောက၏ အဖြစ်အပျက်များထက် လူတို့၏ စိတ်သဘောများကို ပို၍စိတ်ဝင်စားသော ကျွန်တော်၏ဗီဇကြောင့်ပင်ဖြစ်ပါသည်။ ကျွန်တော်ကတော့ အဖြစ်အပျက်မှန်သမျှသည် ဘာမျှမထူးဆန်းဟု ထင်နေသူသာ ဖြစ်ပါသည်။ ကျွန်တော်တွေးပုံသည် ကြောင်စီစီ နိုင်ကောင်းနိုင်ပါလိမ့်မည်။ မတတ်နိုင်ပါ။

မည်သို့ပင် ရှိစေ၊ ဇာတ်ကောင်စရိုက်ကို ဦးစားပေးရေးသားမိသောကြောင့် ဇာတ်လမ်းကိုသာ ရှာဖွေလေ့လာသူ စာဖတ်သူတချို့က ကျွန်တော့်အပေါ် အားမရနိုင်ဘဲ ရှိလာသည်ကို တွေ့ရပါသည်။

သို့သော် လူ့သဘာဝကို ရှာဖွေနေသော စာဖတ်သူများကတော့ ခံတွင်းတွေ့ပုံရပါသည်။ ဇာတ်လမ်းကိုရော၊ ဇာတ်ကောင်ကိုပါ လေ့လာသူများအဖို့ရာကား ကျွန်တော်၏ဝတ္ထုများသည် ဝတ္ထုမမည်သေးဟု ဆိုဖွယ်ရာ ရှိပါသည်။

စာဖတ်သူအားလုံးကို ကျွန်တော် အလေးထားသော်လည်း ကျွန်တော်၏ ဝါသနာဗီဇကိုကား ကျွန်တော် မစွန့်လွှတ်နိုင်ခဲ့ပါ။ သည်အတွက်ကြောင့်ပင် ဇာတ်ကောင်စရိုက်ကို ဦးစားပေးသောဝတ္ထုများသာ ဆက်တိုက်ရေးဖြစ်နေခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်ရေးလိုသော စရိုက်သဘာဝများ ပေါ်လွင်သည် မပေါ်လွင်သည်ကိုတော့ စာဖတ်သူများကသာ ဆုံးဖြတ်ကြပါ။ ကျွန်တော်ကတော့ လေ့လာမိသလောက် ကျွန်တော်သိသည်ဟု ထင်သလောက်ကိုသာ တတ်အားသမျှ ကြိုးစားအားထုတ်ခဲ့ပါသည်။

ယခု "အချစ်နှင့်သူ၏ကိုကို" ဝတ္ထုတွင်ကား ကျွန်တော်သည် ရေးလက်ပြောင်းကြည့် ပြန်ပါသည်။

ထုံးစံအတိုင်း ဇာတ်ကောင်စရိုက် ဦးစားပေးခြင်းကား ပါကောင်းပါမည်။ သို့သော် အဖြစ်အပျက်တို့ကိုလည်း ကျွန်တော် အလေးပေး ရေးသားပါမည်။

ဆိုပါစို့။ ဇာတ်လမ်းကို ကျွန်တော်ရေးကြည့်ပါမည်။ အဖြစ်အပျက်တခုကို စီကာစဉ်ကာ ပြောပြသကဲ့သို့ ရေးသားကြည့်ပါမည်။

ဤကဲ့သို့ ဇာတ်လမ်းဆိုသောအရာဘက်သို့ ကျွန်တော် စိတ်လည်လာခြင်းတွင် ထူးခြားသောအကြောင်း ဘာမျှ ကျွန်တော့်တွင် မရှိပါ။

သူ့ အလိုလိုနေရင်း ဤသို့ ရေးကြည့်ချင်လာသောကြောင့်သာ ဖြစ်ပါသည်။

သုမောင်



www.burmeseclassic.com

www.burmeseclassic.com

(က)

အချစ်အကြောင်းကို ပထမပြောပြပါရစေ။ ပြီးတော့ကျတော့မှ သူ၏ကိုကိုအကြောင်းကို ပြောပြပါမည်။ နောက် အချစ်နှင့်သူ၏ကိုကို အကြောင်းကို ပြောပြရလိမ့်မည်ဖြစ်ပါသည်။

\+ \+ \+

အချစ်သည် အသက်နှစ်ဆယ်အရွယ်ရှိသော ကောင်မကလေးတစ်ယောက်ဖြစ်ပါသည်။

အချစ်၏အမည်မှာ "ချစ်ချစ်" ဖြစ်လေသည်။ အချစ်သည် တနင်္လာသမီးဖြစ်ပါသည်။ ထို့အကြောင့် သူ့အမည်ကို ချစ်ချစ်ဟု မှည့်ခေါ်ခြင်းဖြစ်ပါသည်။ တနင်္လာနံချင်းထပ်၍ အမည်မှည့်ခေါ်ခြင်းသည် မကောင်းတတ်ကြောင်း သူ့ဘွားဘွားကပြောပါသေးသည်။ သို့သော် အချစ်၏ဖေဖေကတော့ ချစ်ချစ်ဟူသောအမည်ကိုသာ သဘောကျခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခေါ်လို့လည်း လွယ်တယ်၊ လူတကာရဲ့စိတ်ကိုလည်း နာမည်ကြားလိုက်ရုံနဲ့ စိတ်ချမ်းသာစေတယ်"ဟု ဖေဖေကပြောပါသည်။

"ကောင်ကလေးတွေက နောက်ပြောင်ပြီး ခေါ်စရာ ဖြစ်နေပါ့မကွယ်" ဟု ဘွားဘွားကပြောပါသည်။

မေမေကတော့ ဘာမှဝင်မပြောပါ။ အဘယ့်ကြောင့်ဆိုသော် မေမေသည် မရှိသောကြောင့် ဖြစ်ပါသည်။ မေမေ ဘယ်အရပ်သို့ ရောက်နေမှန်း အချစ်မသိပါ။ အဘယ့်ကြောင့်ဆိုသော် မေမေသည် အချစ်ကို မွေးဖွားပြီးပြီးချင်း သေဆုံးခဲ့ရှာသောကြောင့် ဖြစ်ပါသည်။

မေမေဆိုသောအကြောင်းအရာကို အချစ်ကောင်းကောင်း မသိခဲ့ရှာပါ။ 'မေမေသည် သူ့ဘဝတွင် တစ်ခါတစ်ရံမှ ရောက်ရှိလာတတ်သော ပုံရိပ်မျှသာဖြစ်ပါသည်။ လသာခြင်းသည် အလွန်ရိုးသော ကိစ္စဖြစ်သော်လည်း လထိန်းဆောင်းခြင်း၊ လပေါ်ပုတ်မြင်းခြင်းတို့သည်ကား လူတို့ကို အထူးအဆန်းဖြစ်စေတတ်သည်။ တကယ်တော့ သည်ကိစ္စ တွေကလည်း စကြဝဠာ၏ သမားရိုးကျကိစ္စများသာ မဟုတ်ပါလား။

သို့သော် ချစ်ချစ်အဖို့ရာကား မေမေဆိုသော အရာဝတ္ထုသည် တစ်ခါတစ်ရံမှသာ ယောင်ရမ်းလွမ်းဆွတ်ရသောအကြောင်းအရာ ဖြစ်နေ ပါသည်။ ချစ်ချစ်ဘဝတွင် မေမေ့ကို အခါများစွာ မေ့နိုင်ခဲ့သည်ချည်း ဖြစ်ပါသည်။ မိဘမေတ္တာနှင့် ပတ်သက်၍ ချစ်ချစ်အဖို့ ဖေဖေ့ဆီမှသာ ခံယူရရှိခဲ့ပေသည်။

ချစ်ချစ်သည် ဖေဖေ့လက်ပေါ်မှာသာ လူလားမြောက်ခဲ့သူ ကလေးဖြစ်ပါသည်။ ချစ်ချစ်သည် လှပါသည်။ ပညာလည်းတတ်ပြီးပါပြီ။

BURMESE CLASSIC



ချမ်းသာပါသည်။ စိတ်ကောင်းလည်းရှိပါသည်။ သို့ရာတွင် ဂျစ်ကန်ကန် ပေတူးတူးကလေးမျိုးဖြစ်ပါသည်။ ဖေဖေက ချစ်ချစ်ကို အလိုလိုက်ထား သောကြောင့် ထောင့်မကျိုးဘဲ ဖြစ်နေသည်။ လောကကြီးအကြောင်း၊ လူသားများအကြောင်းကို ချစ်ချစ်မတွေ့ဖူးချေ။

မနက်စောစော ကျောင်းသွားခါနီး အိမ်ကမော်တော်ကားများ ပျက်နေလျှင် ဒေါသဖြစ်ရခြင်း၊ ကျောင်းကအပြန် ထမင်းပွဲဝင်လျှင် သူကြိုက်တတ်သော ဟင်းမပါပါက စိတ်ကောက်ရခြင်းလောက်ကိုသာ ဒုက္ခဟု ထင်နေလေသည်။

ပြီးတော့ ချစ်ချစ်သည် ဖေဖေ့ထံမှ ပညာဉာဏ်စိတ်ဓာတ် တို့ကို ရရှိခဲ့သည်။ သို့သော် မေမေ့ထံမှ ဗိုင်းကောင်းကျေးကပ်ပိ နေ တတ်သော အလေ့ကိုကား မရခဲ့ချေ။

ချစ်ချစ်သည် တစ်ကိုယ်လုံး ယိမ်းထိုးလှုပ်ရှားပြီး ရယ်သံ လွင်လွင်ကိုပြုတတ်သော ကောင်မလေးမျိုးတွင် ပါဝင်နေလေသည်။

ချစ်ချစ်၌ ကလေးစိတ်မကုန်သေးချေ။

ဒါကတော့ ထုံးစံအတိုင်း၊ သဘာဝအတိုင်းဖြစ်သည်။ ချစ်ချစ်မိဘတွေက ချမ်းသာကြသည်မဟုတ်လား။ မိဘဆိုရာ၌ ချစ်ချစ်မှာ အမေမရှိသော်လည်း ဖေဖေနှင့်ဘွားဘွား ရှိနေသည်။ ချစ်ချစ်၏ဘွားဘွားမှာ ငယ်စဉ်က သိမ်ကြီးဈေးမှာ ရွှေဆိုင်ဖွင့်ခဲ့သည်။ ဘွားဘွားလက်ထက်ကတည်းက ချမ်းသာလာသောကြောင့် ဖေဖေ့ လက်ထက်မှာ ပို၍ချမ်းသာတော့သည်။ ဖေဖေက လုပ်တတ်ကိုင်တတ် ရှာဖွေတတ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ချစ်ချစ်မေမေကလည်း ချစ်ချစ်အတွက် ထားခဲ့သော ငွေတွေ၊ ပစ္စည်းတွေက များလှပါသည်။

မေမေ့မိဘတွေက ဖေဖေနှင့်မေမေ လက်ထပ်သောအခါ လက်ဖွဲ့ခဲ့ကြသော ပစ္စည်းများဖြစ်သည်။ မေမေတို့ဘက်ကလည်း အစဉ်အဆက်ချမ်းသာခဲ့ကြသူ တွေမဟုတ်လား။

မေမေဆုံးပါးသောအခါ သည်ပစ္စည်းတွေ၊ ဘဏ်တိုက်မှာ မေမေ့နာမည်နှင့်ထားသော ငွေတွေအားလုံးကို ချစ်ချစ်ရလိုက်သည်။ သည်ကိစ္စအတွက် ဖေဖေရယ်၊ ဘွားဘွားရယ်၊ မေမေဘက်ကမိဘတွေရယ် တိုင်ပင်ပြီးစီစဉ်ခဲ့ကြခြင်းဖြစ်သည်။

"တော်ကြာနေ ကျွန်တော်က နောက်အိမ်ထောင်ပြုချင်ပြုမှာ ဒီအခါ သမီးအတွက် အရှည်အရှည် ပြဿနာတွေမဖြစ်စေချင်ဘူး"

သည်လိုပင် ဖေဖေက ရိုးရိုးသားသား ဝန်ခံခဲ့သည်။ မေမေ့မိဘတွေကလည်း ဖေဖေ့ကို ယုံကြည်ကြသည်။

"ဦးလေးတို့အနေနဲ့ကတော့ မင်းနဲ့ဦးလေးသမီး အိမ်ထောင်ကျပြီးမှ ဖြစ်တဲ့စီးပွားကို မင်းသဘောသာ ကြိုက်သလိုစီမံတာ သဘာဝကျပါတယ်ကွာ၊ သို့သော် တို့မြေးလေးအတွက် ခုလိုသီးသန့်စီစဉ်ပေးတယ်ဆိုတော့ ပိုပြီးတော့ ဝမ်းသာရတာပေါ့လေ"

မေမေ၏ ဖေဖေက သည်စကားကို ဝမ်းသာမျက်ရည်ဖြင့်သာ ပြောခဲ့ လေသည်။

"မင်း နောက်အိမ်ထောင်ပြုဖို့ မပြုဖို့ဆိုတဲ့ ကိစ္စမှာလည်း



ဒေါ်ဒေါ်တို့က ဘာမှ ဝင်ပြောစရာအကြောင်းမရှိပါဘူး။ မင်းလည်း လူငယ်တစ်ယောက်ရှိသေးတာပဲ၊ သွေးနဲ့ကိုယ် သားနဲ့ကိုယ်မို့ အေးလေ ဘာပဲဖြစ်ဖြစ် ဒေါ်ဒေါ့်မြေးလေးအတွက်သာ နောင်ရေးကို စိတ်အေးရရင် ပြီးတာပါပဲ၊ ဒါလည်း မင်းသဘောပေါက်ပြီးသားပါကွယ်၊ မင်းဟာ ဖခင်ကောင်းတစ်ယောက်၊ လူတော်တစ်ယောက်ပဲဟာ"

ဖေဖေ့ဘက်ကရော မေမေ့ဘက်ကပါ ဘာပြဿနာမှ မရှိသော အိမ်ထောင်ရေးသုခကို ချစ်ချစ်ငယ်စဉ်ကတည်းက ကောင်းစွာခံစားခဲ့ရလေသည်။ ကံကောင်းသည်ဟု ဆိုကြပါစို့။

ဖေဖေသည် သူနောက်မိန်းမ ထပ်ယူချင်ယူမည်ဟု ခုရှုပ်မှ နောင်ရှင်း စကားမျိုးကို ရိုးသားစွာပြောခဲ့သည်မှန်သော်လည်း တကယ်တော့မူ ကနေ့ထိ ဖေဖေ နောက်အိမ်ထောင်မပြုခဲ့ချေ။ ချစ်ချစ်၏ တစ်မျက်နှာကလေးတည်းနှင့်ဖေဖေသည် သူ့ဘဝ၏ အလိုကို မျိုသိပ်နေခဲ့ရှာလေသည်။

ဤသို့လျှင် စီးပွားရေးရော၊ အိမ်ထောင်ရေးပါ မပူမပင်ရသော "ရွှေပေါ် မြတင်" ဘဝတွင် နေလာခဲ့ရသော ချစ်ချစ်သည် အဘယ်သို့လျှင် လူကြီးသူကြီးလို နေနိုင်ပြုမူနိုင်ပါမည်နည်း။

ချစ်ချစ်သည် အိမ်မှာတော့ ဗိုလ်တကာ့ဘုရင်ဖြစ်နေလေသည်။ ချစ်ချစ် အကြောက်ရမည့်သူသည် အိမ်မှာမရှိ။ ဘွားဘွားဆိုတာကလည်း မြေးအနှစ်ဆို ဆိုသည့်အတိုင်း ချစ်ချစ်မျက်နှာကို အညှိုးအငယ်ပင်ခံနိုင်သူမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဆိုတာကလည်း ချစ်ချစ်ကပြီးလျှင် အားလုံးပြီးစေ၊ ပြေစေ။

ပြီးတော့ ဖေဖေက အိမ်မှာအနေနည်းသူ။ တစ်နေ့လုံးလိုလို ပုံနှိပ်တိုက်မှာသာ အလုပ်ရှုပ်နေတတ်သူ။ တစ်ခါတစ်ရံ မိုးလင်းသည်ထိ ဖေဖေမပြန်နိုင်။ ညဦး မှာပါ အလုပ်တွေပုံကျနေအောင် လုပ်ရတတ်သည်။

ဖေဖေ့မှာက အလုပ်တွေအများကြီး။ ပုံနှိပ်တိုက်၊ စာအုပ်တိုက်၊ ဘလောက်တိုက်စသည့် စာအုပ်တစ်အုပ်ဖြစ်မြောက်လာဖို့ အစမှ အဆုံးဖြစ်သော လုပ်ငန်း မှန်သမျှရှိသည်။ စာအုပ်ဆိုင်ပင် ဖွင့်ထားသည်။ သို့သော် ဖေဖေ၏အဓိက အကျဆုံး ပင်မအလုပ်ကတော့ မဂ္ဂဇင်း။

ဖေဖေသည် ရွှေအိုးမဂ္ဂဇင်းတိုက်ပိုင်ရှင်ဖြစ်ပေသည်။

ရွှေအိုးမဂ္ဂဇင်းသည် မြန်မာပြည်တွင် နာမည်အကြီးဆုံး မဂ္ဂဇင်းတစ်ခုတွင် အပါအဝင်ဖြစ်လေသည်။ နာမည်အကြီးဆုံး ဆိုသည့် စောင်ရေများများ ရိုက်နှိပ်ရောင်းချခြင်းကိုသာ ဆိုလိုပါသည်။ တကယ့် အကျိုးပြု စာကောင်းပေကောင်းများပါဝင်ခြင်းကို မဆိုလိုပါ။ ရှင်းရှင်း ပြောရလျှင်တော့ နှုတ်ခမ်းနီကြိုက်မဂ္ဂဇင်းဖြစ်ပါသည်။

အခန်းကဏ္ဍတွေစုံသည်။ ဗေဒင်ကအစ အလှပြင်နည်း အထိပါဝင်သည်။ ကြော်ငြာကလည်း အများဆုံးပါသောမဂ္ဂဇင်းဖြစ်သည်။ ရောင်းချရသော ဈေးနှုန်းလည်းမြင့်သည်။

အသိဉာဏ်မမြင့်မားသော၊ စာဖတ်သက်မရှိသေးသော ဟာဖတ်ပရိသတ်အတွက် ထုတ်ဝေသောမဂ္ဂဇင်းမျိုးဖြစ်သည်။ မျက်နှာဖုံး



ကိုလည်း ပန်းချီကားချပ်များ ဖြင့် သရုပ်ဖော်လေ့မရှိ။ တက္ကသိုလ် ကောလိပ်နှင့် ခေတ်ပေါ်ဖက်ရှင်မယ် ရုပ်ရှင်မင်းသမီးများ၊ အဆိုကျော်များ၊ အားကစားမယ်များစသော အလှရှင်များ၏ ရုပ်ပုံများဖြင့်သာ ထုတ်ဝေသည်။ သည်နည်းဖြင့် ငယ်ရွယ်သူတို့ကို ဖွဲ့ဆောင်ထားသည်။

မည်သို့ပင်ရှိစေ၊ ဖေဖေ၏ရွှေအိုးမဂ္ဂဇင်းသည် အောင်မြင်နေလေသည်။ ဤသို့ဖြင့် ဖေဖေသည် အရမ်းချမ်းသာနေသည်။

သို့သော် တစတစ ချမ်းသာလာခြင်းနှင့်အတူ တစတစ အသက်ကြီးလာလေသတည်း။

ခုအချိန်တွင် လုပ်ငန်းပေါင်းစုံကဝင်သော ဝင်ငွေသည် မယူချင်လို့ကို မရအောင် ဖြစ်နေရသည်။ လုပ်ငန်းတွေကလည်း ရှုံးချင်လို့ကို မရအောင်ဖြစ်နေသည်။

ထို့အတူ လူ၏အသက်သည်လည်း ပြန်ငယ်ချင်လို့ ရပ်တန့်ချင်လို့ကို မရနိုင်ပါတကား။

ဖေဖေသည် ခုအချိန်မှ အိမ်ထောင်ပြုရန်လည်း မရည်ရွယ်တော့ချေ။ ငယ်တုန်းကပင်လျှင် အောင့်အည်းကာ နေနိုင်ခဲ့သေးသည်ပဲ၊ သမီးအတွက် သူထားခဲ့သော မေတ္တာစေတနာကို သည်အရွယ်ကျခါမှ ဖျက်ဆီးပစ်ဖို့ ဖေဖေမစဉ်းစားတော့ချေ။ မိဘမေတ္တာသည် စွန့်လွှတ်ရခြင်းသာတကား။

သည်အခါ ဖေဖေသည် ပိုလျှံလာသော ငွေများထဲက ကိုယ့်ဖို့ကျန်အောင် လည်း ကြိုးစားရရှာလေသည်။

အလှူအတန်းများပေးသတည်း။ ကျောင်းကန်ဘုရားများ

www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ် လှူဒါန်းသတည်း။ အိုနာမကျန်းသူများ၊ ဆွံ့အ နားမကြား သူများအတွက် ရန်ပုံငွေပေးသတည်း။

"မွေးမိခင် ဖေါ်အေးတို့ အမှူးထား၍ ရွှေအိုးမဂ္ဂဝင်းပိုင်ရှင် ဦးရွှေအိုး၊ ဇနီးဖေါ်လုံး(ကွယ်လွန်)နှင့် သမီးမချစ်ချစ်တို့ကောင်းမှု နတ်လူ သာဓုခေါ်စေသော်"

ဆိုင်းဘုတ်များလည်း ချိတ်သတည်း။ ငွေကို ရေလိုသုံးနိုင် သော်လည်း ဖေဖေသည် တမလွန်အရေးအတွက်သာ အသုံးချခဲ့သည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ လတ်တလောမှာတော့ ဒုက္ခရောက်နေသူ များအတွက် အကျိုးရှိနေလေသည်။

သို့သော် ငွေတွေက မကုန်နိုင်ပေ။ ချစ်ချစ်၏နောင်ရေး အတွက် စိတ်အေးစရာပင် ရှိနေပါသေးသည်။ ထိုအခါ လူတို့၏မွေ့တ ဂုအတိုင်း ဖေဖေ့တွင် သဝန်တိုစိတ်ကလေး ဝင်လာလေတော့သည်။

သက်ကြီးရွယ်အို မိဘတိုင်းတွင်ရှိတတ်သော သဝန်တိုစိတ် ပင်ဖြစ်ပါသည်။ အခြား ဟုတ်ပါရိုးလား။

မိမိတို့ တမလွန်သို့ခရီးဆက်ကြသောအခါ ဤလောက၌ သားသမီးတို့ ကျန်ရစ်၏။ အကယ်၍ မိမိသည် ချမ်းသာကြွယ်ဝ သူဖြစ်ခဲ့အံ့။ မိမိ၏ဥစ္စာပစ္စည်းကို သားတို့သမီးတို့ဆက်ခံကြ၏။ မွေ့တ တရားပင်။

ဤနေရာတွင် မိဘတို့သည် မိမိတို့ပိုင်ပစ္စည်းကို သားသမီး ကိုသာ ပေးခဲ့ရစ်လိုကြသည်။ တစိမ်းတရံဆန်ကို မပေးလိုကြ။



"ငါ့သား၊ ငါ့သမီးအတွက် ရှာခဲ့သောဥစ္စာကို ငါ့သား၊ ငါ့သမီးသာ သုံးပလေ့စေ"ဟူ၍ စိတ်၌ဖြစ်တတ်ကြသည်။

ဆိုပါစို့၊ သားအတွက်သာ ထားရစ်ခဲ့ချင်သည်။ ချွေးမအတွက် တော့ ဆောရီး။ သမီးအတွက်သာ ထားရစ်ခဲ့ချင်သည်၊ သားမက်အတွက် တော့ ဆောရီး။ ဒါက သဘာဝအကျဆုံးတရားပင်။ သို့သော် ဘဝ ဆိုသည်ကလည်း အသိုင်းနှင့်အဝိုင်းနှင့် ရှင်သန်ရသည့်သဘောက ရှိနေ တော့၊ ကောင်းပြီ။ သားနှင့်ဆက်၍ ချွေးမကိုရသည်၊ သမီးနှင့် ဆက်၍ သားမက်ကိုရသည်။ သည်အခါကျပြန်တော့ သားမက်တွေ၊ ချွေးမတွေ ထဲက မိမိနှစ်သက်ရာကိုပို၍ စေတနာရှိတတ်ပြန်သည်။

ဤသဘာဝတရားသည်ပင် မိဘတို့၏သားမက်၊ ချွေးမရွေး ပွဲကြီးများ ပေါ်ပေါက်လာရသော သမိုင်း၏အခြေအမြစ်တစ်ခုမဟုတ်ပါ လော။

ရိုးရိုးပြောကြစို့ဆိုလျှင်တော့ မိမိတို့၏သားသမီးနောင်ရေးကို မိမိတို့ သဘောကျစီမံပေးလိုခြင်းပင်ဖြစ်ပါသည်။ ဘဝဟူသည် မိမိဖာသာ ဖန်တီးအပ်သောအရာဖြစ်သည်ကား မှန်ပါသည်။ သို့သော် မိဘတို့၏ စေတနာသည် သည်သဘော တရားနှင့် အမြဲလိုလို ဆန့်ကျင်လာတတ် ပါသည်။ ပြဿနာ။

သို့သော် စေတနာ မေတ္တာဖြင့် ဆန့်ကျင်ခြင်းသည် တော်တော်ပဲ ကသိကအောင့်နိုင်ပါသည်။ ပြန်လည်ခုခံရန် ခက်ခဲတတ်ပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘတိုင်းသည် သားသမီး၏ကောင်းစားရေးကို ရှေးရှုသည် မှန်သော်လည်း ချမ်းသာသော မိဘတို့သည် အထက်ပါကဲ့သို့ စေတနာနှင့် ဆန့်ကျင်သော အမှုမျိုးကို ပြုတတ်ကြလေသည်။

ဤသည်မှာ မိမိပိုင်ပစ္စည်းအပေါ် သဝန်တိုသော သဘောမှ အခြေခံခြင်း ပင် မဟုတ်ပါလော။

\+ + +

တစ်သက်နှင့် တစ်ကိုယ် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနေလာခဲ့ကြသော ချစ်ချစ်တို့မိသားစုသည် တစ်နေ့တွင် ပူပင်သောကတည်း ဟူသော အောင်ဘာလေထီပေါက်လေသတည်း။

ဖေဖေသွေးတိုးဖြစ်လို့တဲ့။

သူတို့မိသားစုအတွင်းမှာတော့ မကြုံဘူးအောင်ယောက်ယက်ခတ်သွားလေသည်။

ရောဂါဆိုသည်ကလည်း အခေါ့အတန်းခွဲတတ်သော သဘောရှိသည်။ ချမ်းသာသူတို့ ချမ်းသာရောဂါ စွဲကပ်တတ်သည်။

သွေးတိုးသည် ချမ်းသာရောဂါဖြစ်သည်။ သွေးတိုးရောဂါ မကြောက်ပါနှင့် သွေးတိုး ဦးသန်းမောင်ရှိပါသည်။

သို့သော် ချစ်ချစ်တို့ မိသားစုကား ကြောက်နေကြလေသည်။ မကြုံဘူးသောကြောင့် စိုးရိမ်နေကြခြင်းဖြစ်သည်။ ငယ်စဉ်ကလေးသူငယ်များကို ဒေဝေါကြီးလာပြီဟု ပြောလျှင် ဘာမှန်းမသိဘဲ ဒေဝေါကို ကြောက်ခဲ့ကြသလိုပင်။



ထားလိုက်ပါ။ မည်သို့ပင်ရှိစေ၊ ရန်ကုန်မြို့သား ချမ်းသာကြွယ်ဝသော လူကြီးသူမတစ်ယောက် ရောဂါလက္ခဏာတစ်ခုပြလာခြင်းပင် ဖြစ်ပါသည်။

ရောဂါသည် သေခြင်း၏နိမိတ်မဟုတ်လား။ သေခြင်းတရားကို ဦးရွှေအိုး နားလည်ပါသည်။ ဘုန်းတော်ကြီးတို့၏ တရားကိုလည်း ခဏခဏနာခံရပါသည်။ သို့သော် ကိုယ်တွေ့ကြုံအံ့သောအခါ ကြောက်လန့်တကြားတော့ဖြစ်သွားလေသည်။

ထိုအခါ လိုအပ်သည်များကိုဆောင်ရွက်ခဲ့ရန် စတင်စိတ်ကူးရလေတော့သည်။

အရေးကြီးသော အခန်းကဏ္ဍတွင် ချစ်ချစ်ကို စိတ်ချလက်ချထားခဲ့ဖို့ အရေးသည် ရှေ့တန်းမှပါဝင်လာတော့သည်။ ချစ်ချစ်ကို အိမ်ထောင်ချပေးဖို့ ခုကတည်းက စီစဉ်မှတော်ပေတော့မည်။

\+ + +

www.burmeseclassic.com

www.burmeseclassic.com

(ခ)

နောင်အခါ "သူ၏ကိုကို"ဖြစ်လာမည့် ကဗျာဆရာကိုရှုပါသည် အာကာသဂျာနယ်တိုက်တွင် လက်ထောက်စာတည်းဖြစ်ပါသည်။

လခကလေးတစ်ပဲခြောက်ပြားနှင့် နေ့နေ့ညည ကုန်းရုန်းလုပ်နေရသော်လည်း ကိုရှုပါသည် အလုပ်ကို အင်မတန်မှစိတ်ဝင်စားသူဖြစ်သည်။ အညာမှ ရန်ကုန်သို့ ဆင်းလာကတည်းက ကိုရှုပါသည် အရာရာကို စွန့်လွှတ်ခဲ့သူဖြစ်၏။ စာပေနယ်မှာ ထမင်းငတ်ရသည်ကို အညာမှာ မိဘလုပ်စာထိုင်စားရသည်ထက် ပျော်မွေ့သူဖြစ်၏။

ဆောင်းဦးကာလတွင် ထန်းပင်မြစ်ကို မီးဖုတ်၊ ထုထောင်းပြီး အခွံသင် ပူပူနွေးနွေးပင် နှမ်းဆီထဲ မြုပ်သွားအောင်နှစ်ပြီးမှ စားခြင်းသည် အညာမှာတော့ အပျော်တမ်းသွားရည်စာ စားကြခြင်းဖြစ်သည်။

သို့သော် ရန်ကုန်ရောက်ခါစ အခါသမယတွင် ကဗျာဆရာ ကိုရှုပါသည် အညာမှာတုန်းက အပျော်စားသွားရည်စာထန်းပင်မြစ်ကိုပင် ထမင်းတစ်နပ်အစား မှီဝဲသုံးစွဲခဲ့ရဘူးလေသည်။ ထန်းပင်မြစ်သာဆိုရသည်။ ရန်ကုန်ထန်းပင်မြစ်ဆိုသည်က ပိုလိယိုရောဂါသည်၏ လက်ချောင်းလိုမျိုးသာဖြစ်၏။ တွန့်လိန်ခြောက်တောက်သာ ဖြစ်၏။

အညာမှဆင်းလာကတည်းက ဘဝကိုတိုက်ပွဲဟု လွန်ကဲစွာမြင်ပြီး ဆင်းလာခဲ့သော ကိုရှုပါသည် ရန်ကုန်စာပေနယ်တွင် ရေရေလည်



လည် ရုန်းကန်နေရတော့သည်။ သူထင်သလို ဘဝသည် ဘတပြန်ကျားတပြန် တိုက်ပွဲကားမဟုတ်ချေ။ တစ်ဖက်သတ်ဗိုင်းဝန်းတိုက်ခိုက်ခံ ရသော ခံစစ်တိုက်ပွဲသာဖြစ်နေတော့သည်။

"သုံးနှစ်ပြည့်လို့မှ ရန်ကုန်မှာ တစ်စုံတစ်ရာမဖြစ်ရင် အညာကို ပြန်လာမယ်၊ သုံးနှစ်အတွင်းမှာတော့ တစ်စုံတစ်ရာမဖြစ်ဖြစ်အောင် ကြိုးစားမယ်၊ အညာကို အလည်သဘောတောင် မပြန်ဘူး"

ကိုရှုပါသည် အညာက ထွက်ခါနီးတွင် အမေ့ကိုရော၊ အဖေ့ကိုရော၊ ဆွေမျိုးတွေကိုရော၊ သူငယ်ချင်းတွေကိုရော အထက်ပါအတိုင်း ကြေညာခဲ့လေသည်။

တစ်ခုခုလုပ်လျှင် တစ်စုံတစ်ရာကတော့ ဖြစ်မည်ပေါ့။ သို့သော် ကိုရှုပါဆိုလိုသော တစ်စုံတစ်ရာသည် စာရေးဆရာ သို့မဟုတ် စာပေနယ်မှာ ကိုယ်ပိုင် အရည်အချင်းနှင့် ရပ်တည်နိုင်ခြင်းဖြစ်၏။

သည်လို လေတစ်လုံးဖြင့် အညာမှခွဲခဲ့သည့်အလျောက် မောင်ရှုပါသည် အဝတ်သုံးစုံ၊ ငွေသုံးရာဖြင့် ရန်ကုန်သို့ ဝင်ရောက်တိုးထွင်းခဲ့လေသည်။ သည်စဉ်တုန်းက သူသည် ကဗျာရေးတုန်း၊ စာဖတ်တုန်းဖြစ်၏။ စာဆိုလျှင် ဘာမဆိုဖတ်သည်တော့ မဟုတ်။ ရွေးပြီးဖတ်သောအဆင့်မှာ ဖြစ်သည်။ ဆိုလိုသည်မှာ ခံယူချက်ဖြင့် စာဖတ်ခြင်းဖြစ်၏။ ဆိုပါစို့။ ဘဝစာပေမှ စာ။

သည်လိုနှင့် ဘဝဆိုသော ဥစ္စာကြီးကို စာအုပ်ပုံကြားဖြိုးရှာသောအခါ အတွေးလွန်သော၊ တစ်ဖက်စွန်းရောက်သောအ

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်အတောက်တာပေများကို သူမဖတ်မှတ်မိလေတော့သည်။

ဘယ်နေရာ၌ဖြစ်စေ၊လမ်းနိုးကျထက်လွန်ကဲသော အရသာသည် ပို၍ စွဲငြိတတ်သည့် သဘာဝအတိုင်း ကိုရှုပါသည် တကယ်ရှိသားသန့်စင်သော ဘဝစာပေများကို ပိုမို၍ခံစားမိလေတော့သည်။

အရှိကို အရှိအတိုင်း မမြင်တော့ဘဲ အရှိထက်လျှော့နည်းစွာနေလိုသော ဆန္ဒများဖြစ်လာသည်။ အရှိထက်ပိုသော ခံစားမှုမျိုးကိုသာမက အရှိအတိုင်းဖြစ်သော ခံစားမှုမျိုးကိုပါ ဖောက်ပြန်ခြင်းဟု မြင်လာတော့သည်။

ထမင်းနပ်မှန်သည်ကိုပင် ရေပေါ်ဆီဟု သဘောပိုက်ကာ ထမင်းနပ်မမှန်အောင် တမင်ကလာ ပြုချင်လာသည်။ တခြားမကြည့်ပါနှင့်၊ ရန်ကုန်သို့ စုန်ခဲ့ရာမှာပင် မိမိကိုယ်ကို မပြည့်စုံအောင် တမင်ပြု၍လာခဲ့သည်မဟုတ်လား။

တကယ်တော့ အရှိထက်လွန်ကဲပိုမိုခြင်းသည်လည်းကောင်း၊ အရှိထက် လျှော့နည်းခြင်းသည်လည်းကောင်း၊ ဟန်ဆောင်ခြင်းသာဖြစ်ကြောင်း ကိုရှုပါသဘော မပေါက်ခဲ့ချေ။

ထို့ကြောင့်ပင် ရန်ကုန်ရောက်စကာလများ၌ ကိုရှုပါသည် ကိုယ့်ကိုကိုယ်နှိပ်စက်ရင်း ဘဝအဓိပ္ပာယ်ကို ရှာဖွေလေတော့သည်။

တစ်နေ့ထမင်းနှစ်နပ် စားနိုင်ပါလျက် တစ်နပ်သာစားပြီး ဆင်းရဲဟန်ဆောင်ခဲ့၏။ ကလေးဆန်သောအတွေးအခေါ်ကို ရေတွန်းတင်ပြီး ရဲရဲတောက်ပေါ်ပြခဲ့၏။

တကယ်တော့ တကယ်တမ်း ဆင်းရဲမွဲတေနေသူတို့၏ဘဝ



ကို သူမသိချေ၊ တကယ့်ဆင်းရဲသည်ကို ဂုဏ်တစ်ပါးသဖွယ် အားကျခဲ့ခြင်းသာဖြစ်၏။ တကယ့်ဆင်းရဲသားများ၏ ထွက်ပေါက်ကိုလည်း သူမစဉ်းစားချေ။ ကိုရှုပါသည် ဆင်းရဲသူကို လက်တွဲခေါ်ဖို့ထက် ကိုယ်တိုင်ဆင်းရဲဖို့၊ မဆင်းရဲသေးသူကို ဆင်းရဲချင်လာအောင် သိမ်းသွင်းဖို့သာ ကြိုးစားခဲ့မိလေသည်။

ထားပါ။ သည်လိုအစွန်းရောက်အတွေးဖြင့် ရန်ကုန်သို့ ရောက်လာသော ကိုရှုပါသည် ရန်ကုန်ရောက်စ၌ ကံကောင်းခဲ့သည်ဟု ဆိုရပေမည်။

တကယ့်သရုပ်မှန်ဘဝစာပေသမား အပေါင်းအသင်းများနှင့် ပေါင်းမိခဲ့လေသည်။ ပထမတွင် ထိုလူငယ်များနှင့်ပါ ကိုရှုပါပြဿနာလုပ်ပါသေးသည်၊ ဆင်းရဲသားလောကထူထောင်ရေး မနုရှင် တိုက်ဖျက်ရေးဟူသော သူ၏ဝါဒ (သူဖတ်ဖူးသော စာအုပ်တစ်ချို့၏ ဝါဒ)ကို အတိုက်အခံတင်ပြဆွေးနွေးခဲ့သည်။

"မနုရှင်ဝါဒကို တိုက်ဖျက်ဖို့ဆိုတာတော့ လက်ခံပါတယ် ကိုရှုပါ၊ ဒါပေမယ့် ဆင်းရဲသားလောက ထူထောင်ဖို့ဆိုတာတော့ လက်မခံနိုင်ဘူး"

"ခင်ဗျားတောင်မှ ရန်ကုန်ရဲ့အငွေ့အသက်ကြားမှာ ဖောက်ပြန် ပျက်ယွင်းလာပါရောလား ကိုဖိုးထောင်"

"ရန်ကုန်ရဲ့ အငွေ့အသက်ဟာ ဓာတ်ဆီနံ့ မီးခိုးနံ့တွေပါ ကိုရှုပါ၊ ဖောက်ပြန်လောက်စရာ မရှိပါဘူး။ ကျွန်တော် ခုပြောနေတာပဲလည်း၊ အရှိကို အရှိအတိုင်း မြင်တတ်ဖို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မဆင်းရဲရင် မနေရှင်ကို တိုက်လို့မရဘူးဗျ ကိုဖိုးထောင်ရ"

"ဆင်းရဲလေလေ မနေရှင်ကို မနိုင်လေလေပေါ့ ကိုရှုပါရယ်၊ ကျုပ်တို့ များများဆင်းရဲလေ မနေရှင်က ကြိုက်လေပဲ၊ စိတ်ကူးမယဉ် စမ်းပါနဲ့ဗျာ"

တက်ကြွသော တိုးတက်စလူငယ်များဖြစ်သဖြင့် သူတို့စကား ဝိုင်း သည် ပြင်းထန်ခဲ့သည်သာ များ၏။ တွေ့ကရာနှင့် ကောက်ပေါက်ပြီး လက်ရောက်ကျူးလွန်သည်အထိ ဖြစ်ခဲ့သည်လည်း အကြိမ်ကြိမ်။ သို့သော် သူတို့တွင် ချစ်စရာကောင်းသောအချက်ကား ဘယ်တော့မှ ချစ်ခင်မပျက်ကြခြင်း၊ ဝတ္တရားမပျက်ကြခြင်းပင်။

"ကျွန်တော်တို့ဟာ ဆင်းရဲတွင်းကလွတ်အောင်သာ ကြိုးစား သင့်ပါတယ် ကိုရှုပါ၊ ဆင်းရဲတာဟာ ကောင်းမြတ်တဲ့ကိစ္စမှမဟုတ်တာ၊ အဲ - တစ်ခုရှိတာက လမ်းမှန်ကမ်းမှန်နဲ့ တရားနည်းလမ်းကျကျ ရိုးရိုးသားသား ကြိုးစားကြဖို့သာ လိုတာပါ"

"ပြီးတော့ ကိုယ်တစ်ယောက်ထဲ လွတ်မြောက်ဖို့ထက် ဘဝတူ လူတန်းစား တစ်ရပ်လုံးဆင်းရဲတွင်းက ထွက်နိုင်ဖို့ကိုသာ လက်တွဲဆောင်ရွက်သင့်ပါတယ်"

"တစ်ဆက်ထဲမှာပဲ လူများစုအပေါ်မှာ မတရားအမြတ်ထုတ် နေတဲ့ လူနည်းစုဖြစ်တဲ့ ငွေရှင်ကြေးရှင်တွေကို တိုက်ရမယ်" စသဖြင့် သူတို့အုပ်စု၏ ခံယူချက်တွေ မွှေတလာကြသည်။



ကိုရှုပါ ရန်ကုန်ရောက်၍ တစ်နှစ်မျှ ကြာသွားလေပြီ။ ထိုကာလမှ အစပြု၍ ကိုရှုပါသည် တကယ့်ဘဝကို ရောက်ရှိတော့သည်။ အရင်ကလို ဆင်းရဲချင်ဟန်ဆောင်စရာမလိုတော့ပါ။ တကယ်ပင် ဆင်းရဲပါလေပြီ။ ရန်ကုန်သည် တောနေလူတန်းစားတို့ အလုပ်တက် ရှာကြသော နေရာမျိုးမဟုတ်တော့ပေ။ စရိတ်စက ကြီးသည်၊ အနေ အထိုင်ကျပ်တည်းသည်။ မွမ်းသည့်ရန်ကုန်။

ကိုရှုပါ လုပ်ရှားနေသော စာပေလောကကလေးထဲမှာပင် ပြဿနာတွေက ဝက်မလွှတ်ငက်ပျောလို ပြွတ်သိပ်ကျပ်ညပ်နေသည်။

ကဗျာကလေး တထွာတညှိရေးနေရုံဖြင့် နပ်မှန်တော့သည် မဟုတ်။ ကိုရှုပါ၏ အပေါင်းအသင်းတွေကကောတဲ့၊ မထူးပါ။ သူတို့သည် လည်း နေ့နေ့ညည ပူပန်နေရသောဘဝသာတည်း။

သို့သော် သူတို့သည် စည်းလုံးညီညွတ်ကြသည်။ တစ်ယောက် ကိုတစ်ယောက် ငဲ့ညှာကြသည်။

ချစ်ဖို့ကောင်းသောအချက်မှာ သူတို့သည် ဟန်ဆောင်သော ဆင်းရဲခြင်းကို စွန့်လွှတ်နိုင်ခဲ့သော်လည်း တကယ်တမ်း ဆင်းရဲခြင်း ကိုကား ခံနိုင်စွမ်းရည်ရှိကြခြင်း ပင်ဖြစ်သည်။ တကယ့်အရှိဘဝသည် သူတို့၏အတွေးအခေါ်ကို မြှင့်တင်နိုင်သည်တကား။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ကိုရှုပ်ါ အလုပ်ရလေသည်။

အာကာသဂျာနယ်တွင် လက်ထောက်စာတည်း၊ ကဗျာ အယ်ဒီတာ၊ လခနည်းပါသည်။ သို့သော် ဝမ်းရေးအတွက်ကား မတတ်မသာလုပ်နေရသည်။ ပြီးတော့ စာမူတွေ၊ ခဲစာလုံးတွေ၊ စက္ကူတွေကြားမှာ ပျော်စရာ။ သူ့အညာမှာ ကြိမ်းဝါးခဲ့သည့်စကားနှင့်အညီ နှစ်နှစ်ခန့်အကြာမှာ အယ်ဒီတာကြီးများတောင် ဖြစ်လာခဲ့သည် မဟုတ်လား။

သို့သော် သည်ဂျာနယ်တိုက်ရောက်ခါမှ ပြဿနာသည် စတော့၏။ ပြဿနာဆိုသည်မှာ ကိုရှုပ်ါ၏ခံယူချက်ကို အပ်နှင့်ဆွ၍ ဖော်သလိုဖြစ်ရသော ပြဿနာပင်ဖြစ်၏။

ဆိုပါစို့။ ရင့်ကျက်စပြုပြီ။ အမြင်ရှင်းပြီ။ ရိုးသားစွာ တွေးခေါ် တတ်ပြီ။ စာပေ၏အတိမ်အနက်ကို မှန်းဆတတ်ပြီ။

သည်အချိန်ကာလတွင် အာကာသဂျာနယ်မှာ အလုပ်ရသည်။ ကြိုးစားသည်။ တက်ကြွသည်။ သည်းခံသည်။ ပြဿနာမျိုးစုံကို ရိုးသားစွာ ရင်သည်။ အလုပ်သမားကောင်းတစ်ဦး၊ သမာသမတ်ကျသော အယ်ဒီတာတစ်ဦး၊ တက်ကြွသောကဗျာသမားတစ်ဦး။ ဤသို့ သူ့ဘဝ လမ်း မှန်စပြုလာသောအခါတွင်-

အာကာသဂျာနယ်သည် မိုးထိအောင် စာပေအဆင့်အတန်း မြင့်မားလှသည် မဟုတ်သော်လည်း အပေါစားဂျာနယ်တော့မဟုတ်ချေ။ ဤသည်မှာ ကိုရှုပ်ါ၊ ကိုဖိုးထောင်၊ ကိုဖွတိုစသော လူငယ်စာပေသမားများကြောင့်သာဖြစ်သည်။



သို့သော် ဂျာနယ်ပိုင်ရှင်ကား အဆင့်အတန်းနိမ့်ကျလှသည်။ နကန်းတစ်လုံးမှ စာအကြောင်း နားလည်သည်မဟုတ်။ ဝင်ငွေမှလွဲ၍ သူ့ ဘာမျှမသိ။ မဂ္ဂဇင်းနာမည် တရိပ်ရိပ်တက်လာမှုကလွဲလို့ မစဉ်းစား။

သည်မှာ စာသမားနှင့်ငွေသမား ပြဿနာပေါ်သည်။ စာသမားတွေက စာပေကိုအလေးထားပြီး တိုးတက်သောစာပေများကို ဂျာနယ်တွင် ဖော်ပြလိုသည်။ ငွေသမားကတော့ ကြော်ငြာမှအစဖြစ်သော ပေါက်တတ်ကရ သတင်းအတိုအထွာများ၊ အကြောင်းတရားများကို ဖော်ပြလိုသည်။

ခက်သည်က တာဝန်ခံအယ်ဒီတာကိုယ်တိုင်က ပိုင်ရှင့်လူ။ စာပေရေးရာ တတ်ကျွမ်းလှသူတော့မဟုတ်။ သို့သော် နာမည်ကြီး စာရေးဆရာ။ သည်ကနေ့ခေတ် စာပေလောကမှာကလည်း နာမည်ကြီးတိုင်း စာရေးဆရာဟု ပြောလို့မရ။

သည်တော့ တာဝန်ခံအယ်ဒီတာနှင့် လက်ထောက်အယ်ဒီတာများကြား ပြဿနာတွေကရှိနေသည်။ မဂ္ဂဇင်းပိုင်ရှင်၏ ငွေအားနှင့် တာဝန်ခံအယ်ဒီတာ၏ လုပ်ပိုင်ခွင့်ကို ကိုရှုပ်ါတို့အဖွဲ့က ကျော်လွှားမရနိုင်။

သို့သော် သည်အချိန်တွင် ကိုရှုပ်ါက တည်ငြိမ်သောအဆင့် ရောက်နေပြီမို့ တတ်နိုင်သလောက်တော့ သည်းခံခဲ့သည်။

လူ့ဆိုသည်ကလည်း အခက်သားကလား။

တက်ကြွစဉ်က ရဲရဲတောက်တက်ကြွခဲ့သော်လည်း ရင့်ကျက်ပြီဆိုသည့်အခါကျတော့လည်း အထိုက်အလျောက်နေတတ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေသမားကိုလည်းကောင်း၊ စာပေတန်ဖိုးမသိသော တာဝန်ခံ အယ်ဒီတာ နာမည်ကျော်စာရေးဆရာကိုလည်းကောင်း ကိုရှုပါ အထိုက်အလျောက်ဆက်ဆံနိုင်ခဲ့သည်။

တစ်လတစ်ကြိမ် ဂျာနယ်တစ်အုပ်ထွက်လျှင်ပြီးရောဟူ၍ ပေါ့ပေါ့တန်တန် မဟုတ်သည့်တိုင် တော်ရုံကိစ္စမှာ အငြင်းအခုန် မလုပ်ဖြစ်တော့။ ရသည့်ထောင့်မှသာ စာပေတာဝန်ကို ထမ်းရင်း သစ္စာရှိနေခဲ့သည်။

ဘာပဲဖြစ်ဖြစ် လက်တလော ဝမ်းရေးအတွက်တော့သည် အလုပ်ကိုင် အားထားနေရသည်ဟူ၍ မြင်တတ်လာသည်။ သတ္တိနည်း လာသည်ဟု ပြောလို့လည်း ရသည်ပေါ့။

ကဲ- အဘိဓမ္မာတစ်ရပ်ဆိုသည်ကလည်း တော်တော် ဆုံးဖြတ်ရခက်သောကိစ္စ ဖြစ်လာပြန်သည်။

ဟိုဘက်သည်ဘက် အစွန်းမရောက်အောင် တွေးခေါ် ပြန်တော့လည်း တစ်ခါတစ်ရံသတ္တိနည်းသလို နေပြန်တော့သည်။ လောကကြီးသည် တိကျသောအဘိဓမ္မာကို မဆောင်ချေတကား။

\+ + +

အာကာသဂျာနယ်တွင် အယ်ဒီတာလုပ်ခဲ့သည်မှာ တစ်နှစ် ကြာပြီ။ သူ့ဘဝသည် နောက်ထပ်ဘာမျှ မထူးခြားလာချေ။ မထူးခြား



ဆိုသည်မှာ မတိုးတက်ခြင်းကို ဆိုလိုပါသည်။ ဆုတ်ယုတ်မှုကား ရှိပါသည်။ ဂျာနယ်ပိုင်ရှင်နှင့် တာဝန်ခံစာတည်းသည် ကိုရှုပါနှင့် ပို၍ ပို၍ အစေးမကပ်ဘဲ ဖြစ်လာခြင်းပင်။

ဂျာနယ်တိုးတက်ရေးကိစ္စတွင် စီးပွားရေးအမြင်၊ စာပေ အမြင်ကွဲပြားလာသည်။

ခက်သည်က အယ်ဒီတာဆိုသည်ကလည်း စာဖတ်ပရိသတ် အပေါ် လွန်စွာမှုကရှိုက်တတ်သူဖြစ်သည်။ အယ်ဒီတာသည် စာဖတ်သူ ကို ဘယ်တော့မှ အဆိပ်အတောက်မကျွေး။ ဘယ်တော့မှလည်း အလိုမလိုက်။ သင့်ရာသင့်ရာ စီမံပေးသည့်သဘောရှိသည်။ ပြီးတော့ မဂ္ဂဇင်းတစ်အုပ်တွင် အယ်ဒီတာ၏တာဝန်သည် နည်းနည်းမဟုတ်။ [illegible]သောတာဝန်ကိုလည်း ပေါ့ပေါ့ကလေးထားလို့မရ။

သူ့ဆန်စားရဲမှုဆိုသော်လည်း လူ့မိုက်အားပေးတော့ ဘယ်တော့မှ မလုပ်ချေ။

ကိုရှုပါသည် ဂျာနယ်လူကြီးများနှင့် အစေးမကပ်သော်လည်း ဆက်နိုင်သလောက်တော့ သည်းညည်းခံပါသေးသည်။ သို့သော် အယ်ဒီတာလုပ်ပိုင်ခွင့်စသော စာပေကိစ္စများနှင့် ပတ်သက်လာသော အခါ လိမ္မာပါးနပ်စွာတုံ့ပြန်လေတော့သည်။

သူ၏လုပ်အား အခွင့်အရေးနှင့် ပတ်သက်၍တော့ ကိုရှုပါ သည်ကနေ့ထိ ဘာမျှမပြောခဲ့။ ဆုံးရှုံးတာတော့ များလှပြီ။

နေမကောင်းသည့်အခါ ဆရာဝန်ခေါ်၍ အိမ်တိုင်ရာရောက်

www.burmeseclassic.com

www.burmeseclassic.com



ဆေးလာထိုးပေးပြီး အလုပ်ဆင်းနိုင်သည်အထိ အုပ်ချုပ်သူတို့ဘက်က လွှန်ကဲသည်ကိုပင် သိလျက်နှင့် ငြိမ်ခံနေခဲ့ပူပြီ။ သို့သော် သည်ဂျာနယ် တိုက်နှင့်သူ့စိတ် ရေရှည်မဖြစ်တော့သည်ကိုကား သိနေသည်။

ကိုရှုပါတစ်ယောက် အရင်ကလို ပစ္စည်းမဲ့ဒေါသတွေ မပေါက်ကွဲတတ်တော့သော ကာလကျခါမှ ရေရေလည်လည် နေရှင် ပေါက်စတွေနှင့် လက်တွဲရသည့်အဖြစ်သို့ ရောက်ရလေပြီ။

မည်သို့ပင်ရှိစေ၊ လွန်ခဲ့သည့်နှစ်နှစ်လောက်ထိ ရန်ကုန် စာပေလောကမှာ ဖုတ်အလူးလူးဖြင့် ဘဝနာခဲ့ရသော အလေ့အကျင့် သည်ကား၊ သူ့ဘဝအတွက် အမြတ်အစွန်းဟူ၍ သူမှတ်ယူ၏။

သည်တော့ ရောက်ရာနေရာမှာပင် ပေက်နေပြီး သည့်ထက် ဖွံ့ဖြိုးသောဘဝကို ယက်ကန်ယက်ကန် ဖန်တီးရအုံးမည်ဟူ၍ လည်း ဆုံးဖြတ်ထားလေသည်။

ကိုရှုပါသည် ဂျာနယ်၏စာပေအဆင့်အတန်း တိုးတက်ရန် အတွက် ပိုင်ရှင်နှင့် သူ့အထက်က အယ်ဒီတာကို အတိုက်အခံလုပ်ရင်း မိုက်မဲစွာသာ တာဝန်ထမ်းဆောင်နေလေသည်။

× × ×

"အချစ်"

"ဖေဖေအရင်ပြောနေကျ စကားပဲ ပြောမှာဆိုရင်တော့ သမီး နားမထောင်ဘူးနော်၊ ဒါပဲ"



ချစ်ချစ်သည် စာကြည့်ခန်းဝတွင် ပေကပ်ကပ်ရပ်နေ လေသည်။ သူသည် စောစောက ဧည့်ခန်းတွင် စန္ဒယားတီးနေခဲ့သည်။ စန္ဒယားကို မက်မက်မောမောမရှိခဲ့သည်မှာ ကြာပြီ။ သည်နေ့တော့ တော်တော်တီးယို ကောင်းနေသည်။

ဖေဖေက ချစ်ချစ်ကို ငယ်ကတည်းက စန္ဒယားတီးသင်ပေး ခဲ့သည်။ သို့သော် အခြေခံသီချင်းကြီးဆယ့်သုံးပုဒ်သာဖြစ်သည်။ အိမ်မှာ ဘိုသံ၊ အနောက်တိုင်းသီချင်းများ သင်ခွင့်မပြု။ မတီးရ။

အစတော့ ချစ်ချစ်သည် ပျော်ပါ၏။ သူ၏လက်ချောင်း သေးသေးကလေးတွေက လှုပ်လိုက်ရုံဖြင့် တောင်တောင်ဒင်ဒင်မြည်သံ ပေါ်လာသည်ကို အရမ်းကျေနပ်ခဲ့ရ၏။ ကလေးဘဝသည် ဂီတကို နားထောင်ကောင်းရုံမျှသာ မဟုတ်လား။ ပြီးတော့ စန္ဒရားဆိုသည် ကလည်း သူ့အဖို့ ကစားစရာ အကြီးစားတစ်ခုသာ။

နောက်တော့ သီချင်းကြီးတွေ၊ ယိုးဒယားသီချင်းတွေ ပတ်ပျိုးတွေဘာတွေ တစတစတီးတတ်လာသောအခါကျပြန်တော့ လည်း-

"သမီးလေး အန်တီတို့ကို ယမုံနာတီးပြလိုက်စမ်းပါအုံးကွယ်"

ဖေဖေ၏ဧည့်ခံရေးအစီအစဉ်မျှသာ။ စကားတတ်စ ကလေး ငယ်ကို အဆဲသင်သောသဘောမျှသာ။

တက္ကသိုလ်ရောက်စနှစ်တွေမှာတော့ အိမ်ကို သူငယ်ချင်း တွေခေါ်ပြီး ဘွားဘွားလက်ရာ ရွှေတောင်ခေါက်ဆွဲလုပ်ကျွေးရင်း အပျော်တမ်းဆိုကြတီးကြရုံသာ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းကျတော့ ချစ်ချစ်အဖို့ စန္ဒရားဆိုသော ဥစ္စာကြီးသည် စိတ်ပျက်စရာဖြစ်လာတော့သည်။

တစ်ခါတစ်ခါ လသာတုန်း ဘယ်ကိုမှန်းမသိ ဘယ့်သူ့ကိုမှန်းမသိ လွမ်းမိလွမ်းရာ လွမ်းရင်း တီးခတ်ဖို့မှုသာ ဖြစ်နေတော့၏။ သိုအခါမျိုးကျပြန်တော့ လွမ်းသော တေးဆိုပါစို့ "ယမုံနာ"၊ "သာဆန်းရဂုံဇွေ"စသော တေးမျိုးကို ချစ်ချစ် မတီးမဆိုဖြစ်ချေ။ ဘယ်ကိုလွမ်းရမှန်းလည်း မသိဘဲနှင့်ကိုး။

သည်တော့လည်း လသာတုန်း "အလွမ်းချိန်"များတွင် ချစ်ချစ်သည် အောက်ပါသီချင်းမျိုးကို တီးသတည်း။

"ရပ်ကြီးသူ"

သဘောမှာ ချစ်ချစ်တို့အရွယ် တက္ကသိုလ်မှာ ပညာစုံ၏ အပေါင်းအသင်းစုံစမှာ မြူးမြူးကြွကြွကလေးသာ ခံစားသီဆိုလိုကြသည်။

ဘိုဘိုဟန်သည်လည်းကောင်း၊ သန်းနိုင်သည်လည်းကောင်း၊ စိုးပိုင်တို့ စိန်ဝင်းထွန်းတို့သော်လည်းကောင်း သည်လိုပညာရှင်တွေ၏ တေးတို့ကို နားစွဲစကာလ။

အနည်းဆုံး မဟော့(တ်)ရဘူးဆိုလျှင် ရေဒီယိုတေးသံရှင် တက္ကသိုလ် ဟန်မြတ်မော်လောက်တော့ ဟော့(တ်)ချင်တတ်သည်။

ပြဿနာမှာ ဖေဖေ။

ဖေဖေသည် ဂီတဆိုသည်ကို မဟာဂီတမှာလောက်သာ



ရှိသည်ဟု နားလည်သည်။ နည်းနည်းကလေး ဘိုသံဝဲလျှင် မကြိုက်ချင်ဖွင့်မပြောသော်လည်း ဖေဖေမကြိုက်တတ်မှန်း မျက်ရိပ်မျက်ခြည်ကြည့်ပြီး သိသည်။

ထို့ကြောင့် စန္ဒရားတီးတိုင်း ချစ်ချစ်လက်ရွံ့နေတတ်သည်။ အိမ်မှာ သူ့ဗိုလ်ဆိုပေမယ့် စန္ဒရားတီးသည့်ကိစ္စမှာတော့ ချစ်ချစ်သည် စိတ်ရှိတိုင်း မကျဲခဲ့။

ဖေဖေ့ စိတ်ချမ်းသာမှု ဖေဖေ့အလိုလိုက်မှုအတွက် ဟူ၍ကား မယင် လိုက်ကြပါနှင့်။

ဂီတဆိုသော ဥစ္စာကို သူကိုယ်တိုင်က စိတ်မဝင်စားသောကြောင့်ပါ။ ခုနကလည်း စိတ်မပါဘဲလျက် ဘာလုပ်ရမှန်းမသိသောကြောင့် စန္ဒရားတီးနေခဲ့သည်။ သည်မနက် ချစ်ချစ်စိတ်တွေ ဂယောင်ခြောက်ခြားမငြိမ်ခဲ့ပါ။ ထူးခြားခြင်းတော့ မဟုတ်ပါ။ သုံးရက်တစ်ခါလောက်တော့ ချစ်ချစ်သည်လိုပဲ ပျင်းခြောက်ခြောက်ဖြစ်နေတတ်သည်။ သုံးရက်တစ်ခါလောက်မှန်မှန် ပျင်းနေရသည်မှာ အကြောင်းရှိပါသည်။

ချစ်ချစ်သည် ဘွဲ့ရပြီး ဘာအလုပ်မှ လုပ်ခဲ့သူမဟုတ်ပါ။ အလုပ်မရ၍ မဟုတ်ပါ။ လုပ်စရာမလို၍ ဖြစ်ပါသည်။

ထို့ကြောင့် အလုပ်မရှိ အလုပ်ရှာရပါသည်။ သုံးရက်တစ်ခါမြင်းစီးသည်။ သုံးရက်တစ်ခါ သူငယ်ချင်းအိမ်သွားလည်သည်။ သုံးရက်တစ်ခါ အိမ်မှာဘာလုပ်ရမှန်းမသိ ပျင်းလေသည်။

သည်ကြားထဲမှာခုတစ်လော ဖေဖေက ခဏခဏ စကား

www.burmeseclassic.com



တွေ ခေါ်ခေါ်ပြောနေတတ်သည်။ ချစ်ချစ် စိတ်ညစ်လှပါသည်။

"ဖေဖေ့ရောဂါက ပျောက်သလောက်ရှိနေပြီဆိုတာ မှန်ပါတယ်သမီးရယ်၊ သို့ပေမယ့်လို့ လူဆိုတာ တဖြည်းဖြည်းတော့ အသက်ကြီးလာကြတာ မဟုတ်လားကွယ်"

"ဟီ ဟီ လူဆိုတာ တဖြည်းဖြည်း အသက်ကြီးလာကြတယ်ဆိုတဲ့ ဒဿနစကားကို ဖေဖေပြောမှပဲ သိတော့တယ်"

"ဟဲ ဟဲ သမီးက ဖေဖေ့ထက် ပညာတတ်ပါတယ်လေ၊ ဒါပေမယ့် ပညာရှိ သတိဖြစ်ခဲ့ဆိုတာလို ဖေဖေတဖြည်းဖြည်း သေတွင်းနဲ့ နီးလာတာကို သမီး မေ့လျော့နေခဲ့တယ်"

"မေ့ထားတာပါ ဖေဖေရယ်၊ ဖေဖေ ဘယ်တော့သေမယ်ဆိုတာကို သမီး စဉ်းစားကို မထားတာပါ"

"စဉ်းစားထားစရာလဲ လိုမှမလိုဘဲဟာကွယ်၊ အေး - သမီးအနေနဲ့ ဖေဖေဘယ်တော့သေမယ်ဆိုတာ မစဉ်းစားချင်ဘူးဆိုပေမယ့် ကာယကံရှင်ဖေဖေကတော့ စဉ်းစားနေရတယ် သမီး"

"ဒီသေစကားကြီး မပြောပါနဲ့လား ဖေဖေရယ်"

"ဝမ်းမနည်းပါနဲ့သမီး။ သေတယ်ဆိုတာ တာဝန်ဝတ္တရားတစ်ခု ထမ်းဆောင်တာမဟုတ်ပေမယ့် မသေခင်မှာတော့ လူဆိုတာ လိုအပ်တဲ့တာဝန်ကို တတ်နိုင်သမျှ ထမ်းဆောင်ရတယ်"

"သမီး ယောက်ျားမယူချင်သေးဘူး ဖေဖေ"

"ဟေ"

"သမီး ခုလိုပဲ လွတ်လွတ်လပ်လပ်နေချင်သေးတယ်"



"ဖေဖေကဖြင့် ဘာမှမပြောရသေးဘူး၊ သမီးက ဘာတွေလျှောက် အတွေးခေါင်နေတာလဲ၊ ဟဲ ဟဲ"

"မိဘတွေ ဒီလိုစကားမျိုးစလာရင်ဒီအကြောင်းပဲပြောတတ်တာ သမီးသိပါတယ် ဖေဖေရာ၊ နို့ ဖေဖေက ဒီပြင်ကိစ္စ ပြောမလို့လား"

"အေးပေါ့"

"ဟာ - ဆောရီး၊ ဆောရီး ဒါဆို ပြောလေ"

"ဖေဖေပြောမှာက သမီးကို အိမ်ထောင်ချပေးဖို့ မဟုတ်ပါဘူးကွယ်၊ စေ့စပ်ထားရုံတမယ်ပါ"

"ဟင် ဖေဖေ လူလည်ကျတယ်၊ ဘာထူးလို့လဲ"

"ဖေဖေ သမီးအတွက် စိတ်ချသွားချင်တယ် သမီးရယ်"

"အိမ်ထောင်မပြုဘဲ နေနေတာ ပိုပြီး စိတ်မချရဘူးလား ဖေဖေ"

"ရွှေမရှိတဲ့ ဘုရား၊ လင်သားမရှိတဲ့ မိန်းမဆိုတာလို"

"ဂျပန်ခေတ်မှ မဟုတ်ဘဲ ဖေဖေရယ်၊ ဖေဖေ့သမီးကို ဘယ်ဂျပန်ကမှ ဝင်မဆွဲပါဘူး"

"စကားနိုင် လုရင်တော့ ဖေဖေပဲ ရှုံးမှာပါပဲကွယ်၊ ဘာပဲဖြစ်ဖြစ် ဖေဖေဆိုလိုတာက သမီးဟာ တစ်ချိန်မဟုတ် တစ်ချိန်မှာ အိမ်ထောင်ပြုမှာပဲ၊ ဒီတော့ သမီးရဲ့ အိမ်ထောင်ဘက်ဟာ သမီးအတွက် တစ်သက်လုံး စိတ်အေးရမယ့်သူ ဖြစ်စေချင်တယ်"

"အို - ဖေဖေ့သမီးမှာ တစ်သက်စားမကုန်အောင် ရှိနေတာပဲ၊ ယောက်ျား အားကိုးစရာမလိုပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ကွယ်၊ အားကိုးစရာမလိုပေမယ့် အတူတကွ လက်တွဲကြရမှာပဲ မဟုတ်လား။ သမီးနဲ့ အိမ်ထောင်ဘက်ဟာ ရှေ့ဆောင်ဦးရွက်လုပ်နိုင်တဲ့သူမဟုတ်သည့်တိုင် ဂုဏ်အေးလူမှုပျော့တစ်ယောက်ဆိုရင် တော်သေးတယ်၊ မတော်တဆ လူရှုပ်တစ်ယောက် ဖြစ်လာရင် မခက်လား"

"သမီး ဒါလောက်တော့ မညံ့ပါဘူး ဖေဖေရာ"

"အေးလေ သမီးလဲ ပညာတတ်တစ်ယောက်ပဲ ရွေးတတ်ချယ်တတ်မှာပေါ့"

"အို - ဖေဖေကလဲ"

"ရှင်စရာ မဟုတ်ပါဘူး သမီးရယ်၊ ဖေဖေ သဘောပေါက်ပါတယ်၊ ခု ဖေဖေ ပြောချင်တာလဲ ဒီကိစ္စပဲ၊ ဖေဖေဆိုလိုတာက သမီးမှာ ချစ်သူရှိရင်လဲ ဖေဖေ့ကို ရိုးရိုးသားသားဖွင့်ပြော၊ ဖေဖေက လုံးဝသဘောမတူဘူး မဟုတ်ပါဘူး၊ သမီးရွေးတဲ့လူဟာ လူညံ့တစ်ယောက် မဖြစ်နိုင်ဘူးဆိုတာ ဖေဖေယုံတယ်"

"အို - ဖေဖေကလဲ သမီးအကြောင်းလဲ သိသားနဲ့"

"ကောင်းပြီ သမီးမှာ ချစ်သူမရှိဘူးဆိုရင်တော့ ဖေဖေက ရှာပေးရမှာ ပဲ"

"မဟုတ်ဘူး၊ မဟုတ်ဘူး ရှိတယ်"

"ကဲ - ရှိရင်ပြော"

"ဟိုဥစ္စာလေ၊ သမီး ရည်းစားက ဟိုဥစ္စာ"



"ဟား ဟား သမီးရယ်"

"မဟုတ်ဘူး ဖေဖေတကယ်ကိုရှိတာ၊ သူကလေတက္ကသိုလ်ကပဲ သမီးနဲ့အတူ ဘွဲ့ရတာ၊ သူက ဆရာဝန်လေ"

"ဟား ဟား ဟား ဆရာဝန်က ဘယ့်နှယ့်လုပ် သမီးနဲ့အတူ ဘွဲ့ရမှာလဲကွဲ့ ဆေးကျောင်းနဲ့ ဝိဇ္ဇာသိပ္ပံကျောင်းက တခြားစီ၊ သင်တန်းနှစ် ကစ်ခုစီမဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါပေမယ့် သမီးပြောတာက သူနဲ့ သမီး တစ်နှစ်ထဲ အတူအောင်ကြတာပြောတာပါ"

"ဆေးကျောင်းသားက ဘယ့်နှယ့်လုပ် သမီးနဲ့ ဆုံတွေ့နိုင်သလဲ"

"ဒီလိုပဲပေါ့၊ သူက သမီးတို့ကျောင်းဘက်လာလာပြီး သမီးကို ဟိုဥစ္စာ ရိုတ်တာ"

"ရိုတ်တာ"

"ရိုတ်တာဆိုတာ ပိုးတာပေါ့ ဖေဖေရာ"

"ဟင် - ဒါဆို ဒီသူငယ်က ကျောင်းချိန်အတွင်းမှာ ကျောင်းမတက်ဖူးပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဟာ မဟုတ်ဘူးလေ၊ သူနဲ့သမီးက ကျောင်းချိန်ချင်းမှ မတူဘဲ၊ တက္ကသိုလ်မှာက တစ်နေ့လုံး ကျောင်းတက်နေရတာမှ မဟုတ်တာ၊ အချိန်လွတ်တွေရှိတောကိုး"

"အေးပါလေ- ဖေဖေ ဒါတွေ သိပ်မသိပါဘူး နို့ နေစမ်းပါအုံး

www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ သူနဲ့သမီးနဲ့က စာသင်ချိန်ချင်း မတူဘူးဆိုတော့ သူကလပ်(စ်) အားတဲ့အချိန် သမီးစာသင်နေတယ်ဆိုရင် သမီးတို့ချင်း ဘယ်တွေ့နိုင်ပါ့မလဲ၊ ဟဲ - ဟဲ သမီးက ကျောင်းတွေဘာတွေ ပြေးပြီးတွေ့တယ် ထင်တယ် ဟုတ်လား"

"တစ်ခါတစ်လေပါ ဖေဖေရဲ့ ဟီ ဟီ အလကားပါ။ ဖေဖေကို စတာပါ။ ကျောင်းမှာက သမီးတို့ ဆရာတစ်ယောက်က ရောဂါရှိတော့ သူ့အချိန်ဆို ခဏ ခဏ အားတယ်၊ သူက ခဏခဏ ခွင့်ယူတဲ့ ဆရာလေ၊ အမလေး အဲဒီ့ဆရာကတော့ မပြောပါနဲ့တော့ ဖေဖေရာ၊ ကျောင်းလည်း ခဏ ခဏပျက်၊ စာသင်ချိန်မှာလည်း အာလူးတွေများ နေတာပဲ၊ သူ့ကလေးတွေ စကားတတ်တဲ့အကြောင်းတို့ သူငယ်ငယ်တုန်းက ဘီအေဂရောင်းမှာ ဘောလုံးကန်ဖူးတဲ့အကြောင်းတို့ ပြီးတော့ ကျတော့ ဖေဖေရယ် ဖေဖေပဲ စဉ်းစားကြည့်ပါအုံး"

"စဉ်းစားစရာ မလိုပါဘူး သမီးရယ်၊ စကားတွေလွှဲမနေပါနဲ့ ကဲ - ခုန စကားဆက်ပါအုံး"

"အင်း - အင်း အဲဒီဆရာက"

"မဟုတ်ဘူးလေကွယ် သမီးရဲ့ ရည်းစားအကြောင်းကို မေးနေတာ"

"ဟုတ်သားပဲ သမီးမေ့သွားလို့"

"ဖြစ်မှ ဖြစ်ရလေသမီးရယ်၊ ကိုယ့်ချစ်သူအကြောင်းကို မေ့ပြီး ကျောင်းဆရာအကြောင်းတွေများ ပြောနေရတယ်လို့ တော်တော်ချစ်ပုံရတယ်ဟေ့"



"သမီးက ပြောရမှာ ရှက်လို့ပါ ဖေဖေရာ"

"ကဲပါကွယ် ပြောပါအုံး မရှက်ပါနဲ့"

"ဟီ ဟီ သူက အဲလိုမျိုးလေ၊ ဆရာဝန်၊ သူ့မိဘတွေကလည်း ချမ်းသာတယ်၊ သူ့အဖေက ကြီးကြီးမားမားစတာ၊ အမေကလဲ စိန်ကုန်သည်၊ တိုက်တွေခြံတွေလဲ အများကြီးရှိတယ်၊ ရန်ကုန်မြို့ထဲမှာတင် တိုက်ရှစ်လုံးလောက်ပိုင်တယ်တဲ့၊ ပြီးတော့ သူလက်ထပ်တဲ့အခါ သူ့မိဘတွေက သူ့ကို ရှိသမျှအမွေတွေ အကုန်ပေးခဲ့မယ်တဲ့၊ သူတို့မိဘတွေက သမီးကိုဆို မမြင်ဖူးဘဲနဲ့ ချစ်ပြီးသားတဲ့၊ သူ့အမေဆိုရင် သိပ်အေးဆေးတာပဲတဲ့၊ သူတို့မှာ ဆွေမျိုးသားချင်းဆိုလို့လဲ မရှိကြဘူးတဲ့၊ ဒီမိသားစုကလွဲလို့ ဘယ်သူမှ လူပိုမရှိဘူး၊ ပြီးတော့ သူကိုယ်တိုင်ကလဲ လူအေး၊ စာပေလဲလိုက်စားတယ်၊ မိန်းမ၊ အရက်လဲကင်းတယ်၊ စီးကရက်တောင် မသောက်တတ်ဘူး၊ လာမယ့်နှစ်နှစ်လောက်ဆို နိုင်ငံခြားကို ပညာသွားသင်ရမှာ၊ ဘွဲ့လွန်သင်တန်းပေါ့ပြီးတော့"

"သမီးလေး"

"ဖေဖေ"

"သူ့လောက် မပြည့်စုံပေမယ့် ဖေဖေ့သဘောကတော့ မောင်လှကလေးကို ပိုပြီးသဘောကျတယ်ကွယ်"

"ဟင် - ဖေဖေကပဲ သမီးမှာ ချစ်သူရှိရင် သဘောတူမယ်ဆို ဖေဖေပဲ ပြောထားပြီးတော့"

"အင်းလေ ခု သမီးမှာ ချစ်သူမှ မရှိဘဲ"

"ဒီ - သမီးခုနက ပြောပြတာ သမီးရဲ့ချစ်သူပေါ့ ဖေဖေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ဟဲ သမီးလေး၊ သမီးလေ ဒီလောက်ပြည့်စုံကုံလုံတဲ့ လူဆိုတာ မရှိနိုင်ပါဘူး သမီးရယ်၊ ဖေဖေသိပါတယ်၊ တကယ်တော့ သမီးမှာ ချစ်သူမရှိသေးဘဲ ဖေဖေ့ကို ညာနေတာ မဟုတ်လားဟင်"

"ဖေဖေရယ်"

"မောင်လူကလေးဟာ ရိုးသားတဲ့ သူငယ်တစ်ယောက်ပါ သမီး၊ ရှေ့လျှောက်လဲ တိုးတက်အုံးမယ့်လူ၊ ခုဆိုမြို့အုပ်အဆင့်လောက် ရှိနေပြီပဲ၊ ဖေဖေတို့နဲ့ဆိုကာလဲ အတွင်းသိ အစင်းသိပဲဟာ ဖေဖေတော့ ဒီသူငယ်ကို သဘောကျတယ်"

"သမီးဒီလိုပဲ လွတ်လွတ်လပ်လပ်နေချင်သေးတယ် ဖေဖေရယ်"

ချစ်ချစ် ငိုပါသည်။

သည်စကားအတိုင်းမျိုး မဟုတ်သော်လည်း သည်အတိုင်း အဓိပ္ပာယ်ထွက်သော စကားမျိုးတွေကို ဖေဖေနှင့် ခဏခဏ အငြင်းအခုန်လုပ်နေရသည်။ ချစ်ချစ် ခဏခဏငိုရသည်။ ဖေဖေကလည်း ဘယ်လိုဖြစ်သည်မသိ။ သည်အကြောင်းကိုချည်း ပြောပြောနေတတ်သည်။

ဘွားဘွားကလည်း အကူအညီရမလား မှတ်သည်။ သည်ကိစ္စနှင့် ပတ်သက်လို့တော့ ဘွားဘွားလည်း မကောင်း။ ဖေဖေ့ဘက်က အမြဲပါနေတတ်သည်။

ထို့ကြောင့်ပင် ကနဦးပိုင်း၌ ဘွားဘွားကိုလည်း မခေါ်ဘဲ



နေလိုက်သည်။ ဖေဖေ့ကိုလည်း စကားမပြောဘဲ နေပစ်လိုက်သည်။

သို့သော် နောင်တော့ ချစ်ချစ်တစ်မျိုး နားလည်လာသည်။ သည်ကိစ္စသည် မော်တော်ကားအသစ်တစ်စီးဝယ်ပေးပါဟု ပူဆာရသော ကိစ္စမျိုးမဟုတ်။ အတိုက်အခံလုပ်ရာမှာ ကလေးဆန်နေလို့မရ။ ပညာတတ်တစ်ယောက်အနေနှင့် သည်လောက်တော့ စဉ်းစားတတ်သည်။

သည်ကိစ္စသည် မိန်းမတစ်ယောက်အဖို့ အရေးကြီးသော ဘဝ၏ အစိတ်အပိုင်းတစ်ခု မဟုတ်လား။ ပေါ့ပေါ့တန်တန် စဉ်းစားလို့မရပါ။ ပေါ့ပေါ့တန်တန်ဆိုလျှင် ဖေဖေပြောသလို ချစ်ချစ်မှာ ချည်းစားအသင့်ရှိနေဖို့ချက်ချင်း ကောက်ကာငင်ကာ ရည်းစားထားပစ်လိုက်လို့ပင် မရနိုင်ပါ။

တကယ်တော့ ချစ်ချစ်မှာ ရှိသင့်သလောက်တော့ရှိပါသည်။ ဆသနအေးကြောင့် မလှုပ်ချင်လှုပ်ချင် လှုပ်နေသော ငုက်ပျောရွက်ကဲ့သို့ မသိမသာ စိတ်ကစားမှုသော ကျောင်းနေဘက်တွေထဲကတော့ ရှိသည်။ သို့သော် သူတို့သည်လည်း ချစ်ချစ်၏ တကယ့်နှလုံးသားကို ပိုင်စိုးနိုင်ခြင်းမရှိခဲ့ပါ။ ချစ်ချစ်ကို ချစ်လိုသူတွေကတော့ ပေါလှပါသည်။ ဆိုများလှသည်ဟု ဆိုလိုပါသည်။ သင်းတို့ထဲမှာလည်း ခံတွင်းတွေ့တာမရှိခဲ့။

ရှိစရာလည်းလိုမှ မလိုဘဲလေ။ ချစ်ချစ်သည် လိုတာရသော သလေးဆိုဘဝဖြင့် ကြီးပြင်းခဲ့ရသူမဟုတ်လား။ လိုတာရသော ကလေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုးတို့သည် တော်တော်နှင့် လူကြီးမဆန်ချေ။ တော်တော်နှင့် လူကြီးမဆန်သူတို့သည် "အချစ်"၌ နောက်ကျတတ်မြဲဖြစ်သည်။

ဆိုပါစို့။ နှလုံးသားကိစ္စ၌ စိတ်ဝင်စားမှု နှေးကွေးသည်။ အပရိကဖြစ်သော ပွဲလမ်းသဘင်နှင့် အဝတ်အစားတို့၌သာ နှစ်မြုပ်နေတတ်သည်။ လေးနက်သောခံစားမှုမျိုးကို တော်တော်နှင့် မရတတ်။

သည်တော့ တက္ကသိုလ်မှာ လေးနှစ်သာနေခဲ့သည်။ ရည်းစားမထားတတ်ခဲ့ပါ။ သူများတကာ ရည်းစားထားသည်ကို လှောင်မည်။ သူများတကာ ရည်းစားစာခိုးဖတ်မည်။ သူငယ်ချင်းများ၏ "ချစ်သူလက်ဆောင်"ဇီးငံပြားတို့ ဘာတို့ကို ခိုးစားမည်။ သည်အဆင့်လောက်နှင့် ဘွဲ့ကိုရခဲ့သူတည်း။

သည်အချိန်မှာ တစ်ဆင့်ခုန်ပြီး ဖေဖေက အိမ်ထောင်ချပေးချင်သည် ဆိုလာသောအခါ ချစ်ချစ်စိတ်ညစ်ရလေတော့သည်။ ခါးသီးတတ်သော အိမ်ထောင်ရေးကို စိုးထိတ်သောကြောင့်ကားမဟုတ်။ ယောက်ျားဆိုသောသတ္တဝါတွေကို ဘာတွေ မှန်းမသိသောကြောင့်သာဖြစ်သည်။

အဆိုးဆုံးသော အချက်မှာ ယောက်ျားယူခြင်းသည် သူ့အလုပ်ပျက်စီးခြင်းဟု စွဲလမ်းနေသော အချက်သာဖြစ်သည်။

ထို့ကြောင့်ပင် နောက်နောင်သည်ကိစ္စနှင့် ပတ်သက်၍ ဘာမှမပြောတော့ရန် အပြတ်ပြောထားခဲ့ခြင်းဖြစ်သည်။ ဖေဖေသည် သည်လိုတော့လည်း စိတ်မကောင်း ဖြစ်ဟန်တူသည်။

သည်ကိစ္စနှင့် ပတ်သက်၍ ချစ်ချစ်ကို မပြောသည်မှာ



နှစ်လသုံးလရှိပြီ။ ထို့ကြောင့် ချစ်ချစ် နားအေးခဲ့ရသည်။ တစ်ခါတစ်ခါ တောင်တွေးမြောက်တွေးနှင့် သည်ညစ္စာကြီးကို သတိရလျှင် ထိတ်ခနဲဖြစ်ရတတ်သည်လောက်သာရှိသည်။ သည်ညစ္စာကြီးဆိုသည်မှာ ဖေဖေကနားချနေခြင်းကို ဆိုလိုပါသည်။

ဟော့ တော်တော်ကြီး နားအေးနေရသောကိစ္စသည် ကနေ့ပြန်ပေါ်လာပြန်ပြီ။ စာကြည့်ခန်းထဲမှ လှမ်းခေါ်သည်ဆိုကတည်းက သည်ကိစ္စပဲဟု ချစ်ချစ် သိလိုက်ပါသည်။ ထို့ကြောင့်ပင် တီးလက်စစန္ဒရားကို ဆောင့်ရပ်ပစ်လိုက်သည်။

"ဖေဖေ အရင်ပြောနေကျ စကားပဲပြောမှာဆိုရင်တော့ သမီး နားမထောင်ဘူးနော်၊ ဒါပဲ"

သို့သော် သည်တစ်ခါ ချစ်ချစ် ဝမ်းနည်းရလေပြီ။ ဖေဖေ၏ စကားတို့သည် ချစ်ချစ်တစ်သက် မကြုံဘူးအောင်ပင် ပြတ်သားနေလေပြီ။ ယောက်ျားယူဖို့မယူဖို့ကို အသာထား။ ခုလိုဖေဖေက အတင်းအကျပ်စကားမျိုးတွေ ပြောလာပြီကိုပင် ချစ်ချစ်ဝမ်းနည်းမဆုံးတော့ပါ။

တစ်ခါမျှမကျဘူးသော မျက်ရည်တစ်မျိုးသည် ပိုးပိုး ပေါက်ပေါက်ကျလာသည်။

ပြောသည့် ဖေဖေ့စကားတွေကတော့ အရင်စကားတွေသာဖြစ်သည်။ သို့သော် အရင်ကလို ချော့မော့ဖျောင်းဖျသည့် သဘောမျိုးမဟုတ်တော့ပါ။

သည်တစ်ခါ ဖေဖေ နည်းနည်းကြမ်းလာသည်။ သူ့သဘောနှင့်သူ စီစဉ်တော့မည့်လက္ခဏာတွေ ပြလာသည်။ ထို့ကြောင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ်သည် အရင်ကပြောခဲ့သော စကားမျိုးတွေပြောလာလျှင် နားမထောင်ဘူးဟူသော မိမိ၏ဆုံးဖြတ်ချက်ကိုပင်မေ့ပြီး ကြက်သေသေနေမိသည်။ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်းတို့ဖြင့် မျက်ရည်သာ တွေတွေကျနေမိသည်။

ဖေဖေ့စကားတွေထဲမှာ အဆိုးဆုံးအချက်မှာ ချစ်ချစ်ကို ရေမိုးချိုး အလှပြင်နိုင်းခြင်းဖြစ်သည်။

"ညနေစောင်းရင် မောင်လှကလေးတို့ လာကြလိမ့်မယ်၊ ယဉ်ယဉ်ကျေးကျေးဆက်ဆံဖို့လဲ မမေ့နဲ့သမီး"

သည်အချိန်တွင် ချစ်ချစ်သည် တစ်စုံတစ်ရာကို ကောင်းစွာ သဘောပေါက်နေပါပြီ။

သူ့ကို တစ်သက်လုံး အလိုလိုက် အကြိုက်ပေးခဲ့ကြခြင်းသည် သည်တစ်ချီ အတွဲအလှယ်သဘောပြန်ပြီး အနိုင်ယူကြဖို့ဖြစ်သည်ဟု။

ချစ်ချစ် ဖေဖေ့ကို မုန်းချင်လာသည်။

တကယ်တော့ ချစ်ချစ်၌ စိတ်နှစ်ခွဖြစ်နေခြင်းသာတည်း။ ချစ်ချစ်သည် လူကြီးတစ်ယောက်ကဲ့သို့ မိမိကိုယ်မိမိဆုံးဖြတ်ချင်သည်။ သို့သော် ထိုအခွင့်အရေးကိုလည်း ကလေးတစ်ယောက် အစာတောင်းသကဲ့သို့ တောင်းခံမိနေသည်။

သူ့ကိုယ်တိုင် သရော်လှောင်ပြောခဲ့သော "လူဆိုတာ တဖြည်းဖြည်းတော့ အသက်ကြီးလာတာပဲပေါ့" ဟူသော ဖေဖေ့



စကားကို တကယ်တမ်းတော့ သူကိုယ်တိုင်ကောင်းကောင်း နားမလည်သေးချေတကား။

+ + +

ချစ်ချစ်သည် ချမ်းသာသော သားသမီးပီပီ အလှကြိုက်လေ၏။ ချစ်ချစ်သည် တစ်နေ့မှာ အနည်းဆုံးရေသုံးကြိမ်ချိုးလေ၏။ အိပ်ရာမှ နိုးနိုးချင်းရေတစ်ခါ ချိုးသည်။ နေ့လယ်တစ်ခါ၊ ညနေတစ်ခါ ဘယ်လောက်အေးသော ရာသီဖြစ်ဖြစ်။

တစ်ခါတစ်ရံများဆိုလျှင် ညကြီးသန်းခေါင် တစ်ရေးနိုးမှာပင် ရေထချိုးတတ်သည်။ ခေါင်းကိုလည်း နှစ်ရက်တစ်ခါလောက် လျှော်သည်။ ကာလီမူတူးသည် ချစ်ချစ်ခေါင်းလျှော်ပြီးလျှင် အိမ်ရှေ့ဝရန်တာမှာ ထွက်ပြီး မျက်နှာသုတ်ပုဝါသုံးထည်ဖြင့် ဆံပင်ကို ပွတ်သပ်ပေးရပါသည်။ ကာလီမူတူးသည် ချစ်ချစ်ကို လိုအပ်သလို ဂရုစိုက်ရန်အတွက် ငှားရမ်းထားသော ကုလားမကလေး ဖြစ်သည်။

ကာလီမူတူး၏တာဝန်သည် ဤမျှသာဖြစ်လေသည်။ ရှေးအစဉ်က ပင်တိုင်စံထိပ်ထားတို့ မောင်းမထားသော သဘောမျိုး ဖြစ်ပါလိမ့်မည်။

ဩော် ပိုက်ဆံချမ်းသာသူများကျတော့လည်း နှစ်ရက်တစ်ခါလောက် ခေါင်းလျှော်နိုင်သည်တကား။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ရှိစေ သည်ကနေ့အဖို့ ညနေစ[illegible]ရေမချိုးတော့နေလိုက်လေသည်။ တမင်ကလာကို စုတ်ဖွတ်စွာနေပစ်လိုက်သည်။ ရေမချိုးရသဖြင့် ဟိုနားသည်နားက ယားကျိနေပေမယ့် ချစ်ချစ် အောင့်ခံသည်။ ယားပလေ့စေ။ ဖေဖေ့ကို ဂျစ်တိုက်သည်။

ကိုလှကလေးတို့ ညနေပိုင်းတွင် အိမ်လာမည်။ သည် အတွက် ချစ်ချစ်က ရေမိုးချိုးထားရမည်ဆိုသော အကြောင်းတရားသည် တွေးကြည့်တော့လည်း ရက်စိုကောင်းလှသည်။

ရေမိုးချိုးပြီး ချေ့သည်ကို ကြိုသည့်အလေ့အထကတော့ ကောင်းပါသည်။ သို့သော် သည်ချေ့သည်က ရိုးရိုးချေ့သည်မဟုတ်။

ကိုလှကလေးသည် ချစ်ချစ်ထံသို့ ပိုးပန်းရအောင်လာမည့် ပုဂ္ဂိုလ်။

ချစ်ချစ်က အပိုးခံမိန်းကလေး။ သည်မိန်းကလေးသည် သည်လို လူပျိုလှည့်လာသော ချေ့သည်ကို ဘယ့်နှဲလုပ်၍ ရေမိုးချိုးပြီး ကြိုဆိုရပါမည်နည်း။

ချစ်ချစ်ရေမချိုးခြင်းသည် သည်အကြောင်းကြောင့်လည်း ပါသည်။ သို့သော် အရေးအကြီးဆုံးအကြောင်းက ဖေဖေ့ကို ဂျစ်တိုက်လိုခြင်းပင်ဖြစ်သည်။

ကိုလှကလေးနှင့်ကိစ္စကို ယခုကဲ့သို့ အမြဲစိစဉ်ခြင်း အတွက် ချစ်ချစ်လုံးဝမကျေနပ်နိုင်။ ဝမ်းနည်းသည့်အဆင့်ထက် လွန်သည်။

"ဖေဖေ မတရားဘူး။ မုန်းတယ်"

ဟူသော စကားကို နှုတ်ကမထွက်ပေမယ့် အိမ်သာတတ်



ရင်း၊ အိပ်[illegible]ပေါ်လှဲရင်း၊ စန္ဒရားခုံမှာ ယောင်ချာချာထိုင်ရင်း၊ သူငယ်ချင်းတွေဆီ သွားလည်ရင် ကောင်းမလားဟု စဉ်းစားရင်း၊ ကော်ဖီကိုမဆာဘဲနှင့် ဖျော်သောက်ရင်း၊ ဘာလုပ်ရမှန်းမသိ၍ အိမ်ရှေ့နှင့် အိမ်ခန်းကို ခေါက်တုန့်လမ်းသလားရင်းပင် စိတ်ထဲ၌ ခဏခဏ ပြောနေမိသည်။

"မတရားဘူး။ မုန်းတယ်"

ဖေဖေ့ကို ချစ်ချစ်က မမုန်းပါ။ ချစ်ပါသည်။ သို့သော် မုန်းတယ်ဟူသော စကားကိုသာ ပြောချင်နေသည်။ ရုပ်ရှင်ထဲက မင်းသမီးတွေ သည်စကားမျိုး ရေရေလည်လည်သုံးတတ်သဖြင့် နားယဉ်ပါးပြီး သုံးစွဲမိခြင်းသာဖြစ်သည်။

နေရာတကာမှာ ဗိုလ်ကျခဲ့ရသော လူသည် တစ်ခါတစ်ရံ မြှန်ပြီးဗိုလ်ကျခံလိုက်ရလျှင် ဆတ်ဆတ်ခါနာတတ်သည့် သဘာဝ အတိုင်း ချစ်ချစ်သည် ဖေဖေ့ကို ဘယ်လိုပြန်ပြီး ကသိကအောင့်ဖြစ် အောင်လုပ် မည်နည်းဟု စဉ်းစားလေသည်။

ပထမဆုံး သူဆန့်ကျင်ရမည့်ကိစ္စမှာ ညနေ ရေမချိုး သနပ်ခါး ကင်းစွာ နေပစ်လိုက်ဖို့ပင်ဖြစ်ပါသည်။ နှံဆိုးဆိုးစရာ ရှားလှသည်ထင့်။ ရေမချိုးဘဲနေခြင်းဖြင့် ချစ်ချစ်သည် ဖခင်ကို တော်လှန်လေသတည်း။

ပြီးတော့မှ ချစ်ချစ်သည် ဖေဖေ့ကို ရှောင်နေတော့သည်။ စာစေစာကြည့်ခန်းမှာရှိလျှင် သူက အိပ်ခန်းထဲဝင်နေသည်။ ဖေဖေက ဧည့်ခန်းမှာထိုင်နေလျှင် သူက မီးဖိုချောင်မှာ ဒေါ်သောင်းတို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက် တို့ဘာတို့ သုတ်စားရင်း နေလိုက်သည်။

သို့သော် ဖေဖေကလည်း သူ့ကို ရှောင်နေမှန်း ချစ်ချစ်မသိပေ။ သူ့ ဖေဖေသည် သမီးကို တစ်ခါမျှ အမိန့်အာဏာသုံးပြီး မချုပ်ချယ်ဖူးချေ။

ထို့ကြောင့် သည်တစ်ခါ သူ့ဇွတ်စီစဉ်ရသည့်အတွက် စိတ်မကောင်းဖြစ်သွား၏။ စိတ်မကောင်းဖြစ်သွားသောကြောင့် ညနေ ဧည့်သည်တွေလာ မည့်ကိစ္စကို ပြန်လည်ဖျက်သိမ်းမိမှာကိုလည်း သူ့ဟာသာ စိုးရိမ်နေ၏။ သူ့သမီးက သူ့ကို နှစ်ခါသုံးခါလောက် အရေးဆိုလိုက်လျှင် သူလျှော့ပေးမိမှာကိုလည်း သူ့ဟာသာသိနေ၏။ ထို့ကြောင့် သမီးနှင့် မျက်နှာချင်းမဆိုင်မိအောင် သူကလည်း ရှောင်ဖယ်ဖယ်လုပ်နေရလေသည်။ အလွန်ကြီးမားသော တိုက်ကြီးတစ်လုံးတွင် အဖေနှင့်သူ၏ သမီးသည် တစ်ယောက်ကိုတစ်ယောက် မဆုံဖြစ်အောင် ရှောင်ရှားနေကြလေသတည်း။

သည်လိုနှင့် စိတ်လှုပ်ရှားဖွယ်ကောင်းသော ညနေစောင်းကို သမီးအဖနှစ်ယောက် စောင့်မျှော်ရင်ခုန်နေကြ၏။ အဖေက ပျော်ရွှင်စွာ စောင့်နေ၏။

သည်ညနေကတော့ ထူးမှာသေချာသည်။ သည်ညနေတွင် သည်တိုက် ကြီးအတွင်း၌ ဟိုတိုက်ကြီးကများ ဟိုအကြောင်းစကား လာပျိုးတော့မည် မဟုတ်ပါ လား။

တစ်ဖက်က သားကိုပြမည်။ တစ်ဖက်က သမီးကိုပြမည်။



ပြီးကျတော့ အတွင်းစိတ်များ အတွင်းရေးများကို ယဉ်ကျေးသိမ်မွေ့စွာ ထောက်လှမ်းကြမည်။ ပြီးတော့ ရယ်ကြပေလိမ့်မည်။ မည်သို့ပင်ရှိစေ ကိုလှကလေးနှင့် ချစ်ချစ်တို့ကို မကြာခင်မှာ စေ့စပ်ကြောင်းလမ်းဖို့ သည်ကနေ့ညနေတွင် တစ်ဖက်နှင့်တစ်ဖက် စကားတောက်ကြမည် သာဖြစ်ပေသည်။

ဤလောက၌ ညနေတိုင်းလို ဤကိစ္စမျိုးဖြစ်နေတတ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အချိန်တန်အရွယ်ရောက်လာသော သားသမီးများသည် စက္ကန့်နှင့်အမျှ ရှိနေသောကြောင့်ဖြစ်လေသည်။

သားသမီးများ အရွယ်ရောက်လာလျှင် မိဘတို့သည် ဤလိုပွဲလမ်းသဘင်မျိုးကို ကျင်းပလိုမြဲပင် မဟုတ်ပါလား။ ယခင် ရှေးအဆက်ဆက်ကလည်း ဖြစ်ခဲ့ဖူးပါပြီ။ ခုလည်းဖြစ်နေတုန်း။ နောင်လည်းဖြစ်သွားအုံးမည့်ကိစ္စဖြစ်သည်။ ဘာမျှ မထူးဆန်းပါလေ။ သို့သော် အချစ်နှင့်သူ၏ကိုကိုအကြောင်း ပြောပြဖို့ရာမှာတော့ သည် ချစ်ချစ်နှင့် မောင်လှကလေးကိစ္စသည် အရင်းခံပါသည်။ ထို့ကြောင့် လောကကြီးနှင့် ကိုင်တွေးလျှင် ဘာမျှမထူးဆန်းသော ကိစ္စဖြစ်သော်လည်း အချစ်နှင့်သူ၏ကိုကိုအကြောင်းတွင်တော့သည်ကိစ္စသည် အရေးပါသော ဖြစ်ရပ်ဆန်းဖြစ်ပါတော့သည်။

ဆိုပါတော့။ ညနေစောင်းသို့ ရောက်လာသည်။ နေသည် အရှေ့မှထွက်လာပြီး အနောက်သို့ ဝင်သဖြင့် ဒါလည်း ထူးဆန်းသော ကိစ္စတော့မဟုတ်ပါ။ ထားလိုက်။ ညနေစောင်းသောအခါ မောင်လှ

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့်မိဘများသည် လာခါနီးကလေးမှ မာလီကုလား ဆေးကြော သုတ်သင်ပေးလိုက်သော မော်တော်ကားမည်းမည်းကြီးနှင့် ရောက်ရှိလာကြလေတော့သည်။

ကာသံကို တမျှော်မျှော်လုပ်နေသော ဖေဖေသည် ဧည့်ခန်းမှထ၍ ကြိုလေသည်။ အရေးတယူလုပ်စရာကိစ္စရှိလျှင် လုံချည်ပြင်ဝတ်တတ်သော သဘာဝအတိုင်း ဖေဖေသည် မလိုအပ်ဘဲလျက် လုံချည်ပြင်ဝတ်ပြီး အသင့်အနေအထားဖြင့် အိမ်ရှေ့တံခါးမကြီးနားမှာ သွားရပ်နေ၏။ သူ့သမီးရှိမည်ထင်ရသော အပေါ်ထပ်ဆီသို့လည်း စိတ်လှုပ်ရှားစွာ လှမ်းကြည့်လိုက်လေသည်။

ထိုအချိန်အိမ်ရှေ့ဆင်ဝင်အောက်ဆီမှ မော်တော်ကားရပ်သံကြားလိုက်ရ၏။ ခဏကြာမှ အားနာသောကားဟွန်းသံကိုလည်း ကြားလိုက်ရ၏။ အားနာသောဟွန်းတီးသံဆိုသည်မှာ ဧည့်သည်အဖြစ် ရောက်ရှိလာကြသောလူများသည် အိမ်ရှင်ကို ဟွန်းတီးပြီးခေါ်လျှင် ရဲကြီးမှာ ကြောက်သဖြင့် မော်တော်ကားဟွန်းကို မထိတထိတီးခြင်းကို ဆိုလိုပါသည်။

သည်တော့မှ ဖေဖေသည် တစ်စုံတစ်ရာကို သတိရလေသည်။

"ဟေ့ ရွှေဒဂါး ရွှေဒဂါး"

ရွှေဒဂါးဆိုသည်မှာ ဖေဖေ့ကိုယ်ရံတော်ဖြစ်လေသည်။ ချစ်ချစ်အတွက် ကာလီမုတ္တူရှိသလို ဖေဖေ့အတွက် ရွှေဒဂါးရှိလေသည်။ ရွှေဒဂါးသည် ကာလီမုတ္တူ၏ အဖေဖြစ်လေသည်။ အမည်ရင်းမှာ



"ရန်ဂါး"ဖြစ်ပြီး မြန်မာဆန်အောင် ရွှေဒဂါးဟု ခေါ်ဝေါ်ခြင်းဖြစ်၏။ နောင်သောအခါ ဖေဖေက ချစ်စနိုးဖြင့် ရွှေဒဂါးဟု ခေါ်လေသည်။

ဟိုးနောက်ဘေးဖက်ဆီမှ ရွှေဒဂါးပြေးဝင်လာသည်။ တစ်ကိုယ်လုံး ရေနံချေးတွေ ပေကျံနေသည်။ သူ့နေသောတန်းလျားကို ရေနံချေးသုတ်နေဟန်တူသည်။

"ဟေ့ ရွှေဒဂါး ဒီတံခါးကို ဖွင့်ပေးလိုက်"

"ဟုတ်ကဲ့ အစ်ကို"

"နေအုံး နေအုံး ခုဖွင့်နိုင်းတာမဟုတ်သေးဘူး။ ငါ ဟိုစာကြည့်ခန်းထဲ ရောက်မှဖွင့် ပြီးတော့ ဧည့်သည်တွေ အိမ်ထဲရောက်ရင် ငါ့ကိုလာခေါ် ဟုတ်ပြီလား"

ဖေဖေသည် စာဖတ်ခန်းထဲသို့ ခတ်သုတ်သုတ်လျှောက်သွားပြီး တွေ့ကရာ စာအုပ်တစ်အုပ်ကို ဖတ်ချင်ယောင်ဆောင်နေလိုက်လေသည်။ ယခုကဲ့သို့ ဖေဖေပြုမူခြင်းသည် သမီးရှင်တစ်ယောက်အနေနှင့် ဣန္ဒြေကိုစောင့်ထိန်းသော မင်္ဂလာတစ်ပါး ဖြစ်ကြောင်းကိုကား ရှင်းပြစရာမလိုဟု ထင်ပါသည်။

ဧည့်ခန်းမှ တံခါးဖွင့်သံ၊ ဘာဂျာတံခါးသော့ဖြုတ်သံ၊ ဖွင့်သံများကို ကြားလိုက်ရပြီး မကြာခင်မှာပင် ဖေဖေဦးရွှေအိုး ခေါ်င်းကြီးသွားရလေတော့သည်။ ရွှေဒဂါးက ဧည့်သည်များကို ဤသို့ ပြောလိုက်ပါသည်။

"ဧည့်သည်တွေ ဒီမှာထိုင်နေရင် အစ်ကိုကို လာခေါ်ပါလို့ မှာထားတယ်၊ ကျွန်တော် သွားခေါ်အုံးမယ်"

www.burmeseclassic.com

www.burmeseclassic.com



မှတ်ကရောပဲ့၊ ရွှေဒင်္ဂါးတဲ့။

ဖေဖေသည် ဒေါသထွက်ပြီး တွေကရာကောက်ကိုင်ထားသော စာအုပ်ကို တွေကရာသို့ ပစ်ပေါက်လိုက်သည်။ ရွှေဒင်္ဂါး၏ ယောင်နနနိုင်ခြင်းကိုလည်း တဆက်တည်းမှာပင် ရယ်ချင်သွားလေသည်။ တစ်ခါတစ်လေလူတို့သည် စိတ်ဆိုးရင်းက ရယ်ချင်တတ်ကြသည် မဟုတ်ပါလား။

ဖေဖေသည် ရွှေဒင်္ဂါးလာအခေါ်ကို မစောင့်တော့ဘဲ စာကြည့်ခန်းထဲမှ ထွက်လာခဲ့ရလေတော့သည်။

ဧည့်ခန်းအထွက်မှာပင် ရွှေဒင်္ဂါးနှင့်တွေ့သည်။

"သူတို့ဟိုမှာ ထိုင်နေပြီ အစ်ကို"

"သွားစမ်းကွာ သွားစမ်း မသောင်းစိန်တို့ မိညွန့်တို့ တစ်ယောက်ယောက်ကို လွှတ်လိုက်စမ်း"

ဦးရွှေအိုးသည် ဧည့်ခန်းသို့ အားနာသောအပြုံးကို ကြိုတင်ပြုံးလျက် ထွက်လာ၏။ ထိုင်ခုံဆိုဖာပေါ်တွင် ထိုင်နေကြသော ဧည့်သည်များကို ဤသို့နှုတ်ဆက်လိုက်၏။

"ထိုင်ကြပါ၊ ထိုင်ကြပါ"

ထိုင်နေသော ဧည့်သည်များက မတ်တပ်ထလိုက်ကြ၏။ ဦးရွှေအိုးကို နှုတ်ဆက်ပြီး ပြန်ထိုင်ကြပြန်လေသည်။

"စာဖတ်ခန်းထဲမှာ တယ်လီဖုန်းစကားပြောနေလို့ ရွှေဒင်္ဂါးကို တံခါးဖွင့်နိုင်းပြီး ဧည့်ခန်းမှာ နေရာပေးဖို့ လွှတ်လိုက်တာ၊ အဲဒါ



ဒီကောင် ဘာတွေလျှောက်ပြောမှန်းမသိပါဘူးဗျာ"

"ဟုတ်ပါတယ် ဘာတွေပြောသွားမှန်းကို မသိပါဘူးရှင်၊ သူက ဗမာစကားပီပီသသ မပြောတတ်တော့ ပူပူဝါးဝါးနဲ့ ဘာပြောမှန်းကို မသိလိုက်ပါဘူး"

ဤသို့အားဖြင့် သမီးရှင်တစ်ယောက် ကျွေ့ဆည်သော ကိစ္စကို သားရှင်က အလိုက်သိစွာ ကြဲဖန်ခွင့်လွှတ်လိုက်သဖြင့် ကိစ္စပြတ်သွားတော့သည်။

နောက်တော့ ထုံးစံအတိုင်း တစ်ဦးနှင့်တစ်ဦး

"ဝလာတယ်နော်"

"ဒါတောင် ပြန်ပိန်သွားတာ"

ဘာညာစသော စကားများကို အပြန် အလှန်ပြောကြလေသည်။

ပြီးတော့ကျတော့ ဒေါ်သောင်းစိန်လာချပေးသော ကော်ဖီနှင့် မုန့်များကို "ဒုက္ခရှာလို့" ဟူသော စကားကိုပြောရင်း စားကြလေသည်။

ဤသည်မှာ လူကြီးသုံးယောက်၏အကြောင်းဖြစ်စဉ်သာ ဖြစ်၏။ ထိုအတောအတွင်း ကိုလူကလေးသည် အလွန်အားနာတတ်သော၊ ရိုးသားသော၊ လူကြီးသူမစကားကို အလွန်နားထောင်သော၊ ကောင်လေးတစ်ယောက်အသွင်ဖြင့် ကြောင်စီစီဖြစ်နေပါသည်။ ဧည့်ခန်းတွင် ချိတ်ထားသော ပန်းချီ၊ ဓာတ်ပုံစသည်တို့ကို ငေးနေပါသည်။ နှစ်ချစ်ဘွဲ့ယူစဉ်က ရိုက်ကူးထားသော ဓာတ်ပုံကို လှလိုက်တာဟူ၍

www.burmeseclassic.com

www.burmeseclassic.com



ထင်နေသည်။ ခေါင်းတုံးပြောင်ကလေးနှင့် ချာတိတ်ကလေး တစ်ယောက်၏ ဓာတ်ပုံကိုကြည့်ပြီး ချစ်ချစ်ပုံဖြစ်မှာပဲဟု တွေးခေါ်မြော်မြင်နေလေသည်။

"သြော် . . . စကားကောင်းနေလိုက်ကြတာ ချစ်ချစ်ရဲ့အဘွားကော မတွေ့ပါလား"

ဒေါ်ဒေါ်အေးဘုံဟု တိုက်ရိုက်မမေးဘဲ ချစ်ချစ်ရဲ့အဘွားဟု မေးခြင်းသည် ချစ်ချစ်ကိုပါ တပါတည်း စုံစမ်းခြင်းဖြစ်သည်။

"အမေက ရိပ်သာဝင်နေတာ ဆယ်ရက်လောက် ရှိသွားပြီလေ၊ နေနိုင်သလောက်တော့ နေအုံးမယ်ပြောတာပဲ"

"အသက်ကြီးလာလို့ တရားဘက်လိုက်တာတော့ ကောင်းပါရဲ့ ကျန်းမာရေးတော့ မထိခိုက်စေနဲ့ပေါ့ ကိုရွှေအိုး"

"ပြောလို့လဲ မရပါဘူးဗျာ၊ ကျွန်တော့်မလဲ အမေကြောက်ရ သမီးကြောက်ရနဲ့ အဲဒါ သူတို့မြေးအဘွား ပေါင်းမိရင် ကျွန်တော့်ကတော့ အရှုံးချည်း ပေးနေတော့တာပါပဲ"

"နို့ သမီးချောကလေးကော မမြင်ပါလား"

"ရှိပါ့ဗျာ၊ ရေမိုးချိုးနေထင်ပါ့ သမီးက တယ်အသန့်အပြန့်ကြိုက်တာကလား"

"အောင်မလေး မွေးထားတာ တူပဲတူပါ့ရှင် မောင်လှကလေးလဲ အသန့်အပြန့်ကြိုက်လွန်းလို့တောင် ခက်နေသေးတယ်"

သူတို့သည် လိုရင်းသို့ မရောက်သော်လည်း လိုရင်းသို့ ဦးတည်သော စကားများကို ပျော်ရွှင်စွာ ပြောဆိုနေကြလေသည်။



နာရီဝက်လောက် ကြာသွား၏။

ချစ်ချစ်သည် ခုအချိန်ထိ ဆင်းမလာသေးချေ။

ချစ်ချစ် ဆင်းမလာသောအခါ ညှော်သည်မိန်းမကြီးသည် ချစ်ချစ် ငယ်ငယ်က တိုက်ပွဲဖြစ်သောကြောင့် ဆံပင်တွေကျွတ်ကုန်သဖြင့် ခဏခဏခေါင်းတုံး တုံးရသောအကြောင်း၊ ဂါဝန်အကြီးကြီးနှင့် ကိုယ့်ကိုယ်ကို ကားယားနိုင်သောအကြောင်း။ စကားတတ်သောအကြောင်းစသည်များကို အမှတ်တရပြန်ပြောနေလေသည်။

"ကိုရွှေအိုး မှတ်မိသေးသလား၊ ကျွန်မတို့အိမ်ကို လာလည်တော့ အိမ်ရှေ့က ဈေးသည်တွေ ဖြတ်သွားတိုင်း ချစ်ချစ်က လှမ်းလှမ်းခေါ်လို့ ဝယ်ကျွေးရတာလေ"

"မှတ်မိတာပေါ့ဗျာ၊ နောက်ဆုံး သူ့ဟာသာသူ မကုန်နိုင်မခန်းနိုင်ဖြစ်ပြီး ဗိုက်ကြီးတင်းလာတော့ အိမ်ရှေ့က "သာကူ"ဆိုတဲ့ ဈေးသည်အော်သံလဲကြားရော ကြောက်ပါပြီ၊ ကြောက်ပါပြီဆိုပြီး ထငိုတာလေ၊ ဟား ဟား"

"အေးလေဗျာ၊ ဒီတုန်းက ချစ်ချစ်ကငိုတော့ ကျုပ်သားမောင်လှကလေးက ကလေးကို မနိုပ်စက်ကြပါနဲ့လို့ စကားကြီးစကားဘုယ်ဝင်ပြောလို့ ရယ်လိုက်ရတာ အူကိုနာရောမဟုတ်လားဗျ ဟားဟား"

ထို့နောက်တဖန် ကိုလှကလေး ငယ်ငယ်က အကြောင်းများကို ဦးရွှေအိုးက ပြောနေပြန်သည်။

"မောင်လှကလေး အခါလည်သားလောက်က ညညကိုနာ

www.burmeseclassic.com



ပြီး ငိုငိုနေလို့ ကျွန်တော့်အမေ ဒေါ်အေးဘုံက မုန့်ညင်းဆီ လူးပေးရတာကော"

"အေးဗျ၊ အင်္ဂလိပ်ဆေးကို စုံနေပြီ၊ မုန့်ညင်းဆီနဲ့မှပဲ ဟန်ကျတော့တာပဲ။ ဟာ ဒီတုန်းကများ ဒေါ်ဒေါ်အေးဘုံကို ကျေးဇူးတင်လိုက်ရတာဗျာ၊ ကျွန်တော်တို့မှာကလဲ သားဦးသားဖျားမို့ မလုပ်တတ် မကိုင်တတ်ရယ် မဟုတ်လား"

ထို့နောက် မုန့်ညင်းဆီ၏ကို အကျိုးအာနိသင်များ အကြောင်းကို ဆက်ပြောနေကြပြန်လေသည်။

ကိုလှကလေးကား လူကြီးများ စကားဝိုင်းကို ဝင်မစွက်ဘဲ နားထောင်လို့သာနေပါသည်။ သို့သော် ဦးရွှေအိုးအလစ်တွင်တော့ လေ့ကားဆီသို့ တစ်ချက်တစ်ချက် ခိုးကြောင်ခိုးဝှက်ကြည့်လေသည်။

စကားတွေ ရေရေလည်လည်ပြောနေသော်လည်း ဦးရွှေအိုးကား သားမက်လောင်းမောင်လှကလေးကို ရှုစမ်းရမည့် ဝတ္တရားအတိုင်း တစ်ချက်တစ်ချက် မောင်လှကလေးကို အကဲခတ်နေ၏။

ထိုအခါ မောင်လှကလေးက အိမ်ပေါ်ထပ်ဆီသို့ လှမ်းလှမ်း မျှော်နေသည်ကို ဦးရွှေအိုးသတိထားမိလေတော့သည်။

"သမီးတစ်ယောက်လဲ ဘာများလုပ်နေသလဲ မသိပါဘူး၊ ဟေ့ သမီးရေ ချစ်ချစ်"

အားလုံးအပေါ်ထပ်ဆီသို့ နားစွင့်လိုက်ကြသည်။ ဘာသံမျှ မကြားရပါ။ နောက်ဖေးတန်းလျားဘက်ဆီမှ ရွှေဒင်္ဂါး၏ ကုလားသီချင်းသံ



သဲ့သဲ့ကိုသာ ကြားလိုက်ရလေသည်။

ဦးရွှေအိုး အားနာသွားလေသည်။ ထို့ကြောင့် စကားကို လွှဲပြီး မောင်လှကလေး၏အလုပ်အကိုင်နှင့် ပတ်သက်၍ မေးမြန်းပြန်လေသည်။ မောင်လှကလေးကလည်း သူ့အလုပ်အကြောင်းကို ဂုဏ်ယူစွာပြောပြလေသည်။ နောက်ထပ်ဆယ့်ငါး မိနစ်လောက်ကြာသွား၏။ ဧည့်သည်တို့ အိမ်သို့ရောက်သည်မှာ မိနစ်ငါးဆယ်ကျော်သွားလေသည်။

"ဟာ ဒီကောင်မလေး၊ ကဲ- ခဏ ထိုင်ကြအုံးဗျာ၊ သမီး တက်ခေါ်လိုက်အုံးမယ်"

"နေပါစေ၊ အဝတ်အစားလဲနေလို့ ထင်ပါရဲ့"

မောင်လှကလေးကတော့ ဝမ်းသာသွားလေသည်။

× × ×

ဦးရွှေအိုးသည် ချစ်ချစ်၏အခန်းသို့ သွားလေသည်။ ချစ်ချစ်က အခန်းတံခါးကို တော်တော်နှင့် ဖွင့်မပေး။ ထူးလည်းမထူး။ ဖေဖေက ပထမတိုးတိုးခေါ်သည်။ နောက်တော့ မာမာထန်ထန် အော်သည်။ သည်တော့မှ ချစ်ချစ်က တံခါးဂလန့်ကို ဖွင့်ပေးသည်။ ဖေဖေသည် အကြီးအကျယ် အံ့ဩသွားလေသည်။

"ဟင် သမီး ချစ်ချစ်၊ ဒါ ဒါ ဘာဖြစ်တာတုန်း"

ချစ်ချစ်သည် ဘာမှ မဖြေသလိုပင် ဂျစ်ပေပေလုပ်နေသည်။ သူ့ တစ်ကိုယ်လုံးမှာကား ရေနံချေးတွေရော ရစရာပင်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ပြောလေ၊ ဖေဖေမေးနေတာ၊ ဒါက ဘယ်လို ဖြစ်တာလဲ"

"ဘယ်လိုမှ မဖြစ်ပါဘူး ဖေဖေရဲ့ သမီးက ဦးရွှေဒင်္ဂါးတို့နဲ့ ရေနံချေးသွားသုတ်နေတာ"

"ဒါ သမီးအလုပ်လား"

"သမီး ပျော်လို့ပါ ဖေဖေ"

"ဖေဖေ့ကို သက်သက်ဂွစာတိုက်တာ မဟုတ်လားဟင် ချစ်ချစ်"

"အို ဖေဖေကလည်း ဘာဆိုင်လို့လဲ"

"ဒီညနေ ဧည့်သည်တွေလာမယ် ရေမိုးချိုးထားလို့ ဖေဖေ မှာထားလို့ တမင်တကာ ညစ်ပတ်နေအောင် လုပ်ထားတာမဟုတ်လား"

"ဟာ ဖေဖေကလဲ ဧည့်သည်လာတာနဲ့ သမီးနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာကိုပါ သမီးသိရမယ်"

"သမီးမသိဘူး၊ သိလဲမသိချင်ဘူး ဖေဖေ"

"မသိလို့မရဘူး၊ သွား ခု ရေဆင်းချိုးပြီး ဧည့်ခန်းကို လိုက်ခဲ့"

"သမီး ရေမချိုးချင်ဘူး"

"ဒါဖြင့် ဒီအတိုင်း လိုက်ခဲ့"

"အို ဘယ်ဖြစ်မလဲ ဖေဖေ"

"အဲ့သလို မဖြစ်အောင် တမင်လုပ်တာမဟုတ်လား သမီး"



ချစ်ချစ်သည် ဘာမှမဖြေဘဲ သူ့လက်မောင်းတွင် အစက်စက် ပေနေသောရေနံချေးများကို လက်ညှိုးကလေးများဖြင့် ပွတ်သပ်နေပါသည်။

ဦးရွှေအိုးသည် ဘာမှမပြောဘဲ ချစ်ချစ်လက်ကောက်ကို ဖမ်းကိုင်ပြီး ဆွဲခေါ်လေသည်။

"သမီးကို အဲ့လိုမျိုး အကြမ်းမဖက်နဲ့နော် ဖေဖေ သမီး မလိုက်ဘူး"

"မရဘူး ငါ့ကို ဒီလိုလုပ်လို့မရဘူး"

"မရလို့ မရဘူး ဖေဖေ၊ သမီး သူတို့နဲ့မှ မတွေ့ချင်ဘဲ"

"ဒါ ဖေဖေစီစဉ်တဲ့ကိစ္စ သမီး"

"သမီးသဘောမှ မပါဘဲ"

"ဘာပြောတယ် မိချစ်ချစ်"

"ကိုမောင်လှကလေးကို သမီး သဘောမတွေ့ဘူးလို့ ပြောတာဖေဖေ"

"လောလောဆယ် ဒီအဆင့်အထိ စဉ်းစားဖို့ မလိုသေးဘူး မိချစ်ချစ် ခုဟာ ဧည့်သည်လာတာကို ဆီးနှုတ်ဆက်ဖို့ ပြောနေတာ"

"ဒါဆိုရင် ဖေဖေကကော ဘာကြောင့် ဒီဧည့်သည်တွေ အတွက် ခုလောက် အရေးတကြီးဖြစ်နေတာလဲ"

"သူတို့ဟာ ဂရုစိုက်ရမယ့် ဧည့်သည်တွေမို့ပေါ့"

"ဘာကြောင့် ဂရုစိုက်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ကို သမီး ကောင်းကောင်းသိတယ် ဖေဖေ၊ ဒီနေ့ဟာ သမီးဘဝကို ပထမဆုံး

www.burmeseclassic.com

www.burmeseclassic.com



ချုပ်နှောင်တဲ့နေပဲ၊ သမီး သူတို့နဲ့ လုံးဝဆင်းမတွေ့နိုင်ဘူး"

ချစ်ချစ်စကားသည် မှန်ပါ၏။ သည်နေ့တွင် စေ့စပ်ကြောင်းလမ်းရေးကိစ္စများကို ပြောဆိုရန်မဟုတ်သော်လည်း သည်နေ့မှအစပြုပြီး မကြာမတင်မှာပင် ပြောဆိုဖြစ်တော့မည်သာဖြစ်သည်။ စေ့စပ်ကြောင်းလမ်းရန်ကိစ္စအတွက် စေ့စပ်ခြင်းသာဖြစ်လေသည်။ ဘာထူးသနည်း။

ချစ်ချစ်သည် တစ်နေ့လုံး စဉ်းစားခဲ့သည်။ ဘယ်လိုပင်အပြန်ပြန်အလှန်လှန် စဉ်းစားသော်လည်း နောက်ဆုံးတော့ ကိုလှကလေးကို ဘယ်နည်းနဲ့မှ မကြည်ဖြူနိုင်သော အဖြေကိုသာရ၏။ သည်အချိန်တွင်တော့ ဖေဖေကလည်း သူ့ဆန္ဒအတိုင်းလုပ်တော့မည့်သဘောဖြစ်လေရာ အမှိုက်ကိုလောင်သောမီးကိုစတင်ငြိမ်းသတ်ရတော့မည်ဟု နားလည်သွားလေသည်။

ကိုလှကလေးနှင့် ပတ်သက်သမျှအဝဝကို ခုတည်းက အားလုံးဆန့်ကျင်ဖို့ ချစ်ချစ်ဆုံးဖြတ်ထားလေသည်။ ယနေ့က ပထမဆုံးပွဲတည်း။

ဖေဖေသည် တစ်ခါမျှ ချစ်ချစ်မမြင်ဖူးသေးသော နီရဲစူးရှသောမျက်လုံးကြီးများဖြင့် စိုက်ကြည့်နေပါသည်။ ပထမတော့ ထိုမျက်လုံးတို့ကို ချစ်ချစ်ကြောက်သည်။ နောက်တော့ ဖေဖေ၏ ဒေါသမျက်လုံးကို စိတ်နာလာ၏။ ချစ်ချစ်သည် ဝမ်းနည်းသွားလေသည်။ တစ်ဆက်တည်းပင် ဖေဖေ့ကို ဆက်လက်ဆန့်ကျင်ရန်ဆုံးဖြတ်ချက်နိုင်မာသွားလေသည်။



"သွား ရေမြန်မြန်ချိုးပြီးလာခဲ့"

ချစ်ချစ်က ပြုံးပြလိုက်ပါသည်။ သူမွေးထားသော သမီး၏အပြုံးကို ဖေဖေသိပါသည်။ ချစ်ချစ်အပြုံးသည် ခနဲ့တဲ့တဲ့နိုင်သည်။ အရင်က ဖေဖေကိုယ်တိုင်သဘောကျခဲ့သော လောကကြီးကို အနိုင်ယူမည့်အပြုံးဟု ဖေဖေကိုယ်တိုင် ကင်ပွန်းတပ်ခဲ့သော ချစ်ချစ်အပြုံးကို ခုတော့လည်း ဖေဖေကိုယ်တိုင်ကပင် နာလိုခံခက်ဖြစ်မိပြန်၏။

သို့သော် ဖေဖေသည် ဘာမှမပြောတော့ဘဲ အောက်ထပ်သို့ဆင်းခဲ့သည်။ သမီးကို သူ့အမိန့်ပေးပြီးပြီ။ ထပ်ပြောလျှင် ထပ်အငြင်းပွားရအုံးမည်ကို ဖေဖေသိသည်။

ညစ်ခန်းသို့ရောက်သောအခါ ထွေလာကေလာစကားတွေကို ဆက်ပြောကြပြန်သည်။ လက်ဖက်သုတ်တို့ ဘာတို့ကို စားကြပြန်သည်။ လေကားဆီသို့ သိသိသာသာရောနှိုးကြောင်းနိုးဝက်ရောမျှော်ကြပြန်သည်။ ချစ်ချစ်က ဆင်းမလာသေးချေ။

ဆင်းလာတော့မည်မဟုတ်သည်ကို ဖေဖေတို့ လူစု မသိကြပါ။ ဖေဖေ့အမိန့်ကို နာခံပြီး ချစ်ချစ်ရေချိုးပါသည်။ သို့သော် သူ့ကိုယ်သူ သန့်ရှင်းရန်အတွက်သာ ဖြစ်ပါသည်။ ညစ်သည်တွေထံ သွားတွေ့ရန်မဟုတ်။

ဖေဖေသည် ဣန္ဒြေမျက်လောက်အောင်ပင် ဒေါသတွေ ထွက်နေတော့သည်။

နောက်တော့လည်း ကိုလှကလေးတို့ လူစုပြန်ကြ

www.burmeseclassic.com

www.burmeseclassic.com



သတည်း။ ကိုလှုကလေးကတော့ ခဲလေသမျှ သဲရေကျဖြစ်ရသဖြင့် မျက်နှာမကောင်းချေ။ လူကြီးတွေကတော့ တစ်မျိုးသဘောပေါက်ကြကုန်၏။

"သမီးချစ်က ရှက်နေထင်ပါ့ရှင်"

သည်စကား၏ အဓိပ္ပာယ်သည် မိမိတို့ ဤအိမ်ဂေဟာသို့ လာရသောအကြောင်းရင်းကို ကွက်ကွက်ကွင်းကွင်း ဖော်ပြလိုက်ခြင်းပင် မဟုတ်ပါလား။

ဖေဖေကတော့ အတွင်းသိမို့ ချောက်ကပ်ကပ်ရယ်ပြီး အားနာနေလိုက်လေသည်။

"ဘယ်တော့လာကြအုံးမလဲ ကျွန်တော် ထမင်းကျွေးချင်လို့"

ဖေဖေ့စကားသည် အရေးကြီးပါသည်။ ချစ်ချစ်၏ဆန့်ကျင်မှုကို ထိထိရောက်ရောက် ဖိနှိပ်တော့မည့်လက်ကွက်ပင်ဖြစ်သည်။ ဖေဖေသည် ချစ်ချစ်ကို တန်ပြန်ထိုးနက်ရန်ဆုံးဖြတ်လိုက်ပြီ။

ကိုလှုကလေးတို့ အုပ်စုကို ထမင်းဖိတ်ကျွေးမည်ဆိုခြင်းသည် စေ့စပ်ကြောင်းလမ်းရေး အစီအစဉ်ကို ပိုမိုခိုင်မာစွာပြခြင်းပင် မဟုတ်လော။

ဖေဖေ့စကားကြောင့် ကိုလှုကလေးမျက်နှာသည် ပြန်လည်ဝင်းမြောက်သွားပြန်သည်။ ထမင်းစားရမည်ဆိုသောအကြောင်းကြောင့် မဟုတ်ကြောင်း ပြောပြရန် လိုမည်မထင်ပါ။

သည်သူငယ် ဤမျှ မျက်နှာအပြောင်းအလွဲမြန်သည်ကိုတော့ သားမက်လောင်းတစ်ယောက်အဖြစ် ဖေဖေခံတွင်းမတွေ့ရပါ။



သို့သော် သမီးအပေါ် ဒေါသဖြစ်လေသမျှ မောင်လှုကလေးကို အလိုလိုအမှတ်တွေ ပေးနေမိလေသည်။

သူတို့ ပျော်ရွှင်စွာ ပြန်သွားကြလေ၏။ ဖေဖေသည် သူတို့ကားဆင်ဝင်အောက်မှ ထွက်ထွက်ချင်း အပေါ်ထပ်သို့ တဝုန်းဝုန်း ဆောင့်တက်သွားလေသည်။

× × ×

ချစ်ချစ်သည်လည်း ရန်သူ့ထိုးစစ်ကို ကြိုတင်သိထားသူပမာ ဖေဖေ့ကို အဆင်သင့်စောင့်နေပါသည်။ ချစ်ချစ် ရေမိုးချိုး အလှပြင်ပြီးပြီ။

ဖေဖေက စိတ်ကို အတတ်နိုင်ဆုံးချုပ်တည်းပြီး စကားစသည်။

"ရေချိုးပြီးလာခဲ့လို့ ဖေဖေပြောတယ် မဟုတ်လား"

"အင်းလေ ဖေဖေရဲ့"

"ဘာလို့ မလာသလဲ"

"အင်း - သမီးလာသားပဲ ဖေဖေမှ မရှိတာ"

"ဖေဖေ့ဧည့်သည်တွေနားမှာ အမြဲရှိနေသားပဲ"

"အို့ သမီးက ဒီအခန်းထဲကို လာတာပဲဟာ"

"သမီးကို ဧည့်ခန်းထဲလာခိုင်းတာ မဟုတ်လား"

"ဟာ ဖေဖေကလဲ ဖေဖေ့စကားကိုပဲ ပြန်စဉ်းစားပါအုံး။ - ရေချိုးပြီး လာခဲ့"လို့ ဖေဖေပြောခဲ့တာက ဒီအခန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တာပဲ၊ ဘယ်သိမလဲ ဒီအခန်းထဲပဲ လာရမယ်ထင်တာပေါ့ ဖေဖေရဲ့"

"ငါ့ကို ကပ်သတ်တာ မဟုတ်လား မိချစ်ချစ်"

သမီးက ဖေဖေ့စကားအတိုင်း တိတိကျကျလုပ်တာပါ"

"သမီးအပေါ် ဖေဖေ ဒီတစ်ခါလောက် တစ်ခါမှ စိတ်မဆိုးဖူးဘူးဆိုတာ သမီးအသိနော် မိချစ်ချစ်၊ ငါ့စိတ်ကို မစမ်းနဲ့"

"တစ်ခါဆို ဆိုသလောက်ပါပဲ ဖေဖေ"

"ဘာကိုဆိုလိုတာလဲ ချစ်ချစ်"

"ဒီတစ်ခါဟာ သမီးဘဝမှာ ပထမဆုံးဦး အချုပ်အချယ်ခံရတာပဲ"

"တစ်သက်လုံး လွတ်လပ်ခဲ့ပြီးပြီပဲ"

"အမြဲတမ်း မလွတ်လပ်ရဘူးလို့ ဆိုလိုတာလား ဖေဖေ၊ ဒီအရွယ်ထိ သမီးကို လွတ်လပ်ခွင့်ပေးထားတာဟာ ခုအချိန် သမီးကို ချုပ်ချယ်ဖို့ ကြိုရည်ရွယ်နဲ့ လွှတ်ထားတဲ့သဘောလား ဖေဖေ"

"တိတ် နင်ငါ့ကို ခြေရာတိုင်းသလား၊ နင့်ကို ဒီအရွယ်ထိ ပညာသင်ပေးခဲ့တာဟာ ငါ့ကို စကားနိုင်လုပြောဖို့များ မှတ်သလားဟင်"

"ဒါဖြင့် ဒီအရွယ်ထိ သမီးကို ပညာသင်ပေးထားတာဟာ ယောက်ျား ပေးစားဖို့လား ဖေဖေ"

ဖေဖေ့ဒေါသသည် ပေါက်ကွဲလွှင့်စင်သွား၏။ ဘာလုပ်၍



ဘာကိုင်ရမှန်း မသိအောင်ဖြစ်သွား၏။ ချစ်ချစ်ကိုသာ စားတော့ ဝါးတော့မလို စိုက်ကြည့်လေသည်။

ချစ်ချစ်ကတော့ သူ့အဘိဓမ္မာကိုသူ ဆက်ဖွင့်လေသည်။

"သားသမီးရဲ့ အိမ်ထောင်ရေးကို မိဘက ဝင်ပြီးကြိုးကိုင်တယ်ဆိုတာ ဆွေးမြေ့နေတဲ့ ပေရွက်ပေါ်ကထုံးစံပါဖေဖေ"

"မလိုချင်ဘူး၊ ဒီကိစ္စကို ငါသဘောကျပဲ စီစဉ်မယ်၊ ပထမတုန်းကတော့ ငါ့သမီးလေး သူ့စိတ်ကြိုက်လဲ စဉ်းစားပါစေလို့ စိတ်ထဲထားခဲ့တာ၊ ခုတော့ နင်ဒါလောက် ရိုင်းစိုင်းနေရင် မရတော့ဘူး၊ ဒီကိစ္စကို ငါအမြန်ဆုံးစီစဉ်မယ်၊ ဒါပဲ"

"ရမယ်ထင်သလားဖေဖေ၊ ဒီကိစ္စမှာ သမီးသဘောမပါဘဲ ဘယ်နည်းနဲ့မှ မရနိုင်ပါဘူး"

"အေး ကြည့်ကြသေးတာပေါ့သမီး၊ နင်ကောင်းကောင်း သတိထားနေ၊ ငါဟာ သူများနဲ့မတူဘူး၊ ကောင်းပြီဆိုရင် ကမ်းကုန်အောင် ကောင်းသလို ဆိုးပြီဆိုရင်လဲ ပြီးရောသာမှတ်"

"သမီးဟာလဲ ဖေဖေ့လက်ပေါ်ကြီးလာခဲ့တဲ့ ဖေဖေနဲ့ စရိုက်သဘာဝ အင်မတန်တူတဲ့သမီးပါ ဖေဖေ"

ဘာမှမဟုတ်သော (သို့မဟုတ်) သူတို့ဘဝနှင့် သူတို့တော့ ဟုတ်လှပြီ ထင်သော ဤကိစ္စနှင့် ပတ်သက်၍ အဖေနှင့်သမီးတို့သည် တစ်ယောက်ကို တစ်ယောက် တစ်ကြိမ်တစ်ခါမှ မကြည့်ဘူးသေးသော အကြည့်မျိုးဖြင့် မှာနာကျည်းကျည်းစိုက်ကြည့် နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့လည်း အဟုတ်ပါပေ၊ သူတို့လို ချမ်းသာကြွယ်ဝသူတို့အဖို့ သည်ကိစ္စည် ရေကြီးခွင်ကျယ်နိုင်ပါသည်။ မိဘဘက်ကလည်း မိမိရှာဖွေစုဆောင်းထားသော ဥစ္စာဓနကို သားသမီးတို့အား စိတ်ချလက်ချပေးခဲ့ချင်သည်။ မိမိဥစ္စာနှင့် ပတ်သက်သော အစွဲအလမ်းကို တမလွန်သို့ သယ်မသွားချင်။ မသေခင်မှာ စိတ်ချရသူ၊ မိမိလိုလားသူနှင့် ထားခဲ့ချင်သည်။ သို့တည်းမဟုတ် လှူတန်းပစ်ချင်သည်။

သားသမီးဘက်က ကျပြန်တော့လည်း မိဘထားခဲ့သော ဥစ္စာဓနကို ကိုယ့်ကံနှင့် ကိုယ်ရသလိုသာ သဘောထားသည်။ ကိုယ်တိုင်ရှာဖွေရသော ငွေလောက် တန်ဖိုးမထားတတ်။ ထို့ကြောင့် မိဘပစ္စည်းကို မွေးရာပါပစ္စည်းလို စိတ်အေးလက်အေး ဆက်ခံတတ် သည်။ အဲအရွယ်ကလေးရောက်လာပြန်တော့ ကိုယ့်ဘဝကိုယ်ဖန်တီး လိုစိတ်က တစ်ဖက် မှ ဝင်ရောက်လာပြန်သည်။ ငွေကြေးကုံလုံသူတို့ အဖို့ဦးက ကိုယ့်ဘဝကိုယ် ဖန်တီးခြင်းဟူသည့် အိမ်ထောင်သားမွေးခြင်း ကိစ္စတစ်ခုတည်းသာ ကွက်ကွက်ကလေးဖြစ်နေတတ်သည်။ ဘဝဟူသည် အိမ်ထောင်ပြုခြင်းဟုသာ သူတို့ထင်ခဲ့ကြပါသည်။

ချစ်ချစ်လည်း ဘာများမထူးသနည်း။

"ဒီမှာ ဖေဖေ လူဆိုတာ ကိုယ့်ဘဝကိုယ်ဖန်တီးရတာပါ"

ဖေဖေသည် မခံမရပ်နိုင်ဖြစ်သွား၏။ သင်းစကားကြီးစကားကျယ်ပြောပြီ။ ငါရှာခဲ့သမျှသောပစ္စည်းတွင် သင်း၏လုပ်အားတစ်ရွေးသားမျှပင်ပါသလော့ဟု ပစ္စည်းမာန ထောင်းထောင်းထသွားတော့သည်။



"ကိုယ့်ဘဝကိုယ် ဖန်တီးရတယ်ဟုတ်လား မီချစ်ချစ်၊ ဒီအရွယ်ထိ နင့်ဘဝကို နင်ဘယ်လောက်များ ဖန်တီးမှုလို့လဲ၊ တစ်နေ့ရေသုံးခါချိုးပြီး အလှပြင်တာ ကိုယ့်ဘဝကိုယ် ဖန်တီးတာလို့ ထင်သလားဟင်၊ မှတ်ထား ကိုယ့်ဘဝကိုယ် ဖန်တီးတယ်ဆိုတာ လူမှန်းသိတတ်ကတည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်ထမင်းကိုယ်ရှာစားတာကိုခေါ်တာ"

ဖေဖေ့စကားသည် ချစ်ချစ်၏ရင်ဘတ်နုနုကလေးကို လုပ်ခနဲ ထနန့်စေသည်။ ဝမ်းနည်းသွား၏။ ချစ်ချစ် မျက်ရည်ဝဲပါသည်။ အသိတရားတစ်ခုက လှုပ်နှိုးလိုက်သလိုရှိသည်။ အသိတရားသာ ဖြစ်သည်။

သတိတရားတော့မဟုတ်။ သည်အရွယ်ထိ ဖေဖေ့ကိုမှီ၍ အသက်ရှင်လာရသည်ဟူသော သတိတရားကို ချစ်ချစ်မရပါ။

ဖေဖေပိုင်သမျှ သူပိုင်သည်ဟု သမားရိုးကျ မသိစိတ်မှာ စွဲလမ်းခဲ့သည်ကို ဖေဖေက ခေါင်းခေါက်ပြလိုက်သလိုရှိသည်။ ဖေဖေသည် သူ့ကိုကတ်ဆဲတွေကို သဝန်တိုသည်ဟူ၍ ကလေးဆန်သော အသိတရားကို ရမိသည်။

ဖေဖေ့ကို စိတ်နာသွားသတည်း။

"ဘာလဲ ဖေဖေ၊ ဖေဖေ ဒီကနေ့အထိ ကျွေးမွေးလာသမျှ သမီးအတွက် ကုန်ကျလာသမျှကို အလျော်တောင်းနေတာလား"

ဖခင်၏မေတ္တာသည် ချစ်ချစ်စကားကြောင့် ပုံပျက်ပန်းပျက် ဖြစ်ရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတရားကို အဖျက်ဆီးခံရခြင်းလောက် ပြင်းထန်စေသောဒေါသည် ဤလောက ၌ရှိအံ့လော။

ဖေဖေသည် ဘာဆက်ပြောရမှန်း မသိသောကြောင့် ဘာလုပ်မိမှန်းလည်း မသိတော့ပါ။

တစ်ကြိမ်တစ်ခါမျှ အသုံးမပြုဖူးသေးသောကြောင့် ဖေဖေ၏လက်ဝါးသည် မရွံ့မရဲ သို့မဟုတ် အချိန်အခါကင်းမဲ့စွာ ချစ်ချစ်၏ ပါးပြင်ပေါ်သို့ ကျရောက်သွားလေသည်။

ချစ်ချစ်၏ မျက်ရည်စက်သည် လွင့်ထွက်သွား၏။ ထိုးစ်မရှိသောကြောင့် မျက်ရည်သည် မျက်လုံးအိမ်ထဲသို့ကား ပြန်မဝင်သွားပါ။ ချစ်ချစ်သည် ဝမ်းနည်းခြင်းမှ နာကျည်းခြင်းသို့ ကူးပြောင်းသွားသည်။

ယောင်ပေပေဖြစ်နေသော ဖေဖေ့ရှေ့မှ လှစ်ခနဲပြေးထွက်ခဲ့သည်။

အခန်းထဲဆီမှ တစ်စုံတစ်ရာကို နာကျည်းစွာသော လက်သီးဖြင့် ထိုးခွဲလိုက်သံကို ကြားလိုက်ရသည်။

ချစ်ချစ်သည် နောင်ဖေးတန်းလျားရှိ ဒေါ်သောင်းစိန်၏ အိမ်ခန်းသို့ရောက်သောအခါ ဒေါ်သောင်းစိန်ကိုဖက်၍ ရှိုက်ကြီးတငင် ငိုကြွေးလေသည်။

× × ×



ဖေဖေသည် နောက်ဖေးတန်းလျားဘက် လိုက်လာပါသည်။ ဖေဖေ့ကိုမြင်သောအခါ ချစ်ချစ်သည် အိမ်ခန်းတံခါးကို ဆောင့်ပြီး ပိတ်ပစ်လိုက်ပါသည်။ ဖေဖေက-

"သမီး သမီး"ဟု အပြင်မှခေါ်သော်လည်း ချစ်ချစ်မထူးပါ။

ခဏကြာသောအခါ ကားဒရိုင်ဘာ ကိုမောင်မောင်ကြီးကို ဖေဖေလှမ်းခေါ်သံကြားရပါသည်။ နောက်တော့ ဖေဖေ့ မော်တော်ကား ထွက်သွားသံကြားရသည်။

သည်တော့မှ ချစ်ချစ်တိုက်ပေါ်သို့ ပြန်တက်ခဲ့သည်။ ကာလီမွတ္တူးက လေကားအတက်တွင် ဆီး၍ပြောသည်။

"ဦးလေးလက်မှာ သွေးတွေအများကြီးပဲ၊ ခု ဆေးတိုက်သွားပြီ"

စိတ်မကောင်းသော်လည်း ချစ်ချစ် မဲ့ပြုံးပြုံးလိုက်ပါသည်။ ချစ်ချစ်သည် စိတ်ညှိုးခံထားရသူပမာ ဘာကိုမျှ တွေဝေစဉ်းစားမနေတော့ဘဲ လုပ်စရာရှိသည်တို့ကို ယတိပြတ်လုပ်ပါသည်။

အလှပြင်သည့်ပစ္စည်းများ၊ အဝတ်အစား လေးငါးစုံ၊ ငွေနှစ်ထောင်။ သားရေသေတ္တာကိုဆွဲပြီး ဆင်းလာခဲ့သည်။ ကာလီမွတ္တူးက လေကားရင်းမှ ဆီးမေးသော်လည်း မဖြေ။ ပန်းခြံထဲက ဒွာရပါလကလည်း မရွံ့မရဲသာ ကြည့်နေသည်။

ချစ်ချစ်သည် သူ့မောင်းနေကျကားကို စက်ကန်ဖွင့်၍ သူ့အဖေ့ခြံကြီးထဲမှ လွင့်ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဝဆိုသော ဥစ္စာကြီး၏ အသေးငယ်ဆုံးသော အစိတ်အပိုင်းကို သည်ကနေ့မှ စတင်ရတော့မည့်အကြောင်း သူ ဘယ်လိုလုပ် သိမည်နည်း။

စွန့်စားခြင်းနှင့် စိတ်လိုက်မာန်ပါပြုမူခြင်းသည် အဓိပ္ပာယ်မတူကြောင်းကို ချစ်ချစ်သိလိမ့်မည်ဟု ထင်ကြပါသလော။

× × ×

## သူ၏ကိုကို

ကိုကိုသည် မနေ့ညက ရေရေလည်လည် ပြဿနာဖြစ်ခဲ့ပါသည်။ ကိုကိုဆိုသည်မှာ ကဗျာဆရာကိုရှုပါ ဖြစ်ကြောင်း ထပ်မံပြောပြရန် မလိုတော့ဘူးဟုထင်ပါသည်။

မနေ့ညကဆိုသည်မှာ နတ်တော်လဆန်း ၁-ရက်နေ့ ညဖြစ်ပါသည်။ စာဆိုတော်ပွဲကျင်းပသော ညဖြစ်ပါသည်။ စာဆိုတော်ဟု သမုတ်ခံရသော စာပေသမားများ ဟောကြပြောကြသောည ဖြစ်ပါသည်။

ကိုကိုသည် သူတစ်သက်နှင့်တစ်ကိုယ် စာပေဟောပြောပွဲကို မလိုက်ဖူးသေးပါ။ သည်နှစ်စာဆိုတော် ရာသီမှာတော့ သူငယ်ချင်းတွေ၏ အခွယ်ကောင်းမှုကြောင့်လည်းကောင်း၊ သူကိုယ်တိုင်ကလည်း ပြောချင်သလိုလိုဆိုချင်သလိုလို ပါးစပ်အငြိမ်မနေနိုင် လျှာအငြိမ်မနေနိုင်ဖြစ်လာသောကြောင့်လည်းကောင်း၊ ဟောပြောပွဲဖိတ်ကြားသူများကလည်း လူနိုင်များဖြစ်နေသည်တစ်ကြောင်း၊ စသည်တို့ကြောင့် ကဗျာဆရာကိုရှုပါသည် စာပေဟောပြောပွဲတော်တော်များများကို လိုက်ပါခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဟော- စပြီဆိုကထဲက ပြဿနာ။ ပထမဦးဆုံးပွဲမှာပင် ကိုရှုပါ စိတ်ပျက်စရာ ဟောပြောပွဲ၏ အတွေ့အကြုံကို စတင်တွေ့ရှိရတော့သည်။

အတွေ့အကြုံမရှိဘူးသေးသဖြင့် ပြောရဆိုရသည့်နေရာမှာ နည်းနည်းတော့ ကသိကအောင့်နိုင်သည်ကို ထားလိုက်ပါ။ စာရေးဆရာဆိုသည်မှာ လူတွေ အများကြီးနှင့် မျက်နှာချင်းဆိုင်ခဲလှသည်မို့ ပရိသတ်ကို ရှိန်နေခဲ့ရသည်။ သို့သော် သူ့ရင်ထဲရှိတာကိုတော့ ပြောဖြစ်ခဲ့သည်။

မည်သို့ပင်ရှိစေ၊ ပရိသတ်ကိစ္စ၊ သူကိုယ်တိုင်၏ ကိစ္စသည် ပြဿနာမဟုတ်။ ပြဿနာမှာ ဟောပြောပွဲစီစဉ်သူတို့၏ ပြဿနာဖြစ်၏။

အစက မသိ၍ သူလိုက်ခဲ့ခြင်းဖြစ်သည်။ သည်လိုပုံဖြင့် လိုက်ခဲ့မည်မဟုတ်။

ပြောခါနီးကျမှ သိသဖြင့် ထပြန်ခဲ့လို့ မကောင်းတတ်လွန်း၍သာ ငြိမ်နေလိုက်ရသည်။

ဟောပြောပွဲစတင်ရန် မိနစ်အနည်းငယ်အလိုတွင် ရုပ်ရှင်မင်းသမီးစိန်ခြယ် ရောက်လာလေသည်။ ပြီးတော့ သူ့မှာ ကားရိုက်ရန်ရှိသဖြင့် အရင်ဦးဆုံးပြောချင်သည် ဖြစ်ပြန်၏။ သည်နေရာတွင် ပွဲကျင်းပသူ လူကြီးများကလည်း ပရိသတ်ကို မျှော်လင့်ချက်ပေးပြီး ဆွဲထားနိုင်ဖို့၊ စိန်ခြယ်ကို နောက်ဆုံးမှပြောစေချင်၏။ သူတို့သည် အချီအချ . အချိန်စေ့ဆစ်လေသည်။



"တောက် ငါကိုယ်ငါ စာရေးဆရာထင်နေတာ၊ ခုမှ မင်းသမီးနဲ့ ရှေ့ထွက်မှန်းသိတော့တယ် ခေါင်းကြီးရာ"

ကိုရှုပါသည် သူနှင့်အတူ ဟောပြောမည့် ကဗျာဆရာ မြတ်ခေါင်ကို ပြောလိုက်၏။

သူ့အသံကို ဟိုမိန်းမကလည်း ကြားလိုက်ပုံရသည်။ ဟိုမိန်းမဆိုသည်မှာ ရုပ်ရှင်မင်းသမီးစိန်ခြယ်ကို ဆိုလိုပါသည်။

စိန်ခြယ်သည် ကိုရှုပါကို စိန်ရောင်ခြယ်သော မျက်လုံးရောင်တဖျပ်ဖျပ်ဖြင့် ဝေ့ခနဲ ကြည့်လိုက်၏။ အမှု မထားသောအရာ။

စိန်ခြယ်၏အကြည့်ကို ကိုရှုပါကြိုက်ပါသည်။ သူတို့ကျာနယ်တိုက် ရုပ်ရှင်ကဏ္ဍမှာပင် သည်အကြည့်၏ အနုပညာဆန်ပုံကို ကိုရှုပါ ဆောင်းပါးရေးခဲ့ဖူးပါသေးသည်။ ရုပ်ရှင်မင်းသမီးတစ်ယောက်အဖြစ်ကား စိန်ခြယ်၏အနုပညာကို ကိုရှုပါနှစ်သက်ခဲ့ပါသည်။

သို့သော် စာပေဟောပြောပွဲဆိုသည်မှာ အဘယ်နည်း။ ရှင်းပါသည်။ စာပေဟောပြောပွဲဆိုသည်မှာ စာရေးဆရာဆိုသူများက ပရိသတ်ကို စကားပြောသောပွဲသာဖြစ်ပါသည်။ ရုပ်ရှင်မင်းသား၊ မင်းသမီး ဒါရိုက်တာ၊ အဆိုတော်တို့က စကားပြောသော ပွဲမဟုတ်ပါ။

ကိုရှုပါကတော့ သည်လိုပဲ နားလည်ထားပါသည်။ သည်လောက်ရှင်းသည့်ကိစ္စကို သည်လိုပဲနားမလည်လို့ ဘယ်လိုများကောနားလည်ရပါအုံးမည်နည်း။

"ဘယ်လိုလဲ ခေါင်းကြီးရာ ၊အစကပြောတော့ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟောပြောပွဲဆို ခုတော့ ဘယ်နှယ်ပေါက်တတ်ကရတွေ ဖြစ်နေတာလဲ”

“ဒါကတော့ကွာ စာပေဟောပြောပွဲကို အရင်ကလို စာပေချည်းသီးသန့် မလုပ်တော့ဘဲ အနုပညာပေါင်းစုံကိုပူးပေါင်းပြီး ပြည်သူလူထုကို အသိပညာဖလှယ်တဲ့”

“ဟာ ဒါဆို ဘာလို့ စာပေဟောပြောပွဲလို့ ကင်ပွန်းတပ်သေးလဲ၊ အနုပညာဟောပြောပွဲလို့ ခေါ်ပါလား၊ ပြီးတော့ စာဆိုတော်ရာသီမှာမှ ဘာကြောင့် ဒီပွဲမျိုးလုပ်ရသလဲ”

“ဟောပြောပွဲဆိုတာမျိုးတွေကလဲ ဒီလိုရာသီမှာမှ လုပ်ကြတာမဟုတ်လား၊ ပါပါရာ”

နားမရှုပ်ကြပါနှင့် ကိုမြတ်ခေါင်သည် ကိုရှပါကို ပါပါဟု ချစ်စနိုးခေါ်ပါသည်၊

“ဘာရာသီလဲ ခေါင်ကြီး”

“စာဆိုတော်ရာသီလေကွာ”

“အေးလေ အဲဒါပေါ့ စာဆိုတော်ရာသီဆိုရင် စာဆိုတော်တွေပဲ သီးသန့်လုပ်ဖို့ကောင်းတာပေါ့”

“မင်းကလဲ စာပေအစွဲအလမ်းကြီးလှပါတယ် ပါပါရာ”

“မဟုတ်သေးဘူး ခေါင်ကြီး၊ ငါဆိုလိုတာက ဒီရာသီမှာတော့ စာသမားတွေအတွက် သီးသန့်ပွဲလေးဖြစ်စေချင်လို့ပါ၊ စာဆိုပွဲ၊ စာဆိုတော်ရာသီဆိုတာ မောင်ရင်သိတယ်မဟုတ်လား”

တစ်ခါက စာရေးဆရာဗိုလ်သခင်ဆရာ၏ စာပေဟောပြောပွဲတစ်ခုကို နားထောင်ဖူးပါသည်။ သည်တုန်းက ကိုရှပါသည် စာပေနယ်



သို့ တိုးဝင်ကြည့်ခါစကာလဖြစ်သည်။ ကိုယ်တိုင် စာပေသမားအစစ် မဖြစ်သေး။

စာဆိုပညာရှင်တိုင်း၏ အဆိုအမိန့်ကို လေ့လာသည်၊ စာဆိုသူတို့၏ ဘဝ၊ စာပေအသိဉာဏ်တို့ကို လေ့လာသည်။

ဗိုလ်သခင်ဆရာခေါ် သခင်တင်ဦးက သူ့အတွေ့အကြုံကို ပြောဖူးသည်။ တစ်ချိန်က (၁၉၅၆-ခုနှစ်) အာရှစာရေးဆရာများ ပထမညီလာခံကို အိန္ဒိယပြည်တွင် ကျင်းပသည်။ သူက မြန်မာပြည်၏ စာရေးဆရာကိုယ်စားလှယ်တစ်ဦးအဖြစ် တက်ရောက်သည်။ ထိုစဉ်က အိန္ဒိယဝန်ကြီးချုပ်မှာ နေရူး ဖြစ်သည်။

ညီလာခံ ကျင်းပရန်အတွက် ပထမဆွေးနွေးပွဲ ပြုလုပ်သောအခါ ထိုညီလာခံကို မည်သည့်နေရာ၊ မည်သည့်နေ့ရက်တွင် ပြုလုပ်ကြမည်ဟူသော ပြဿနာသို့ ရောက်ကြသည်။

ထိုအခါ ကမ္ဘာကျော်အင်္ဂလိပ်ဝတ္ထုရေးဆရာ အိန္ဒိယအမျိုးသား မစ္စတာ “မုလ်(ခ်)ရာဂျ်အနန်”က အိန္ဒိယနိုင်ငံ၌ပင် ညီလာခံကျင်းပရန် အဆိုပြုသည်။ သူတို့ဆီ၌ ယူနက်စကို ပထမအကြိမ် ညီလာခံကျင်းပရန်အတွက် အဆောက်အအုံသစ်တစ်ခု ဆောက်လုပ်ပြီးစီးလုပြီ။ ယူနက်စကို ညီလာခံအပြီးအတွင်း စာရေးဆရာညီလာခံကို ဆက်လက်ကျင်းပရန်ဖြစ်လေသည်။ သူ၏အဆိုကို တက်ရောက်သူစာရေးဆရာအားလုံးက ထောက်ခံကြသည်။

မြန်မာစာရေးဆရာအဖွဲ့မှ ယင်းအဆိုကို ပြန်လည်စဉ်းစားရန် အကြံပြုကြသည်၊ ညီလာခံကျင်းပမည့်ရက်သည် ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com



(နတ်တော်လဆန်းပိုင်း)နှင့် တိုက်ဆိုင်နေသဖြင့် ညှိရက်မျိုးတွင် မြန်မာပြည်၌ စာဆိုတော်ပွဲရှိနေကြောင်း၊ နတ်တော်လသည် စာဆိုတော်ရာသီဖြစ်ကြောင်းစသည်ဖြင့်။ ဝန်ကြီးချုပ်နေရှူးအပါအဝင် တက်ရောက်သူ စာပေပညာရှင်များက စာဆိုတော်ရာသီ၊ စာဆိုတော်ပွဲ ဆိုသည်ကို နားမလည်ကြချေ။ ထိုအခါ စာရေးဆရာ ဗိုလ်သခင်ဆရာက စာဆိုတော်ပွဲအကြောင်းကို အကျဉ်းချုပ်ရှင်းပြလေသည်။

နတ်တော်လတွင် နတ်များကို ပူဇော်ပသသော အလေ့အထများ ရှေးကရှိခဲ့ကြကြောင်း၊ နောင်သော် လွန်ကဲသော ကိုးကွယ်မှုကို ထိန်းချုပ်ရန်အလို့ငှာ စာဆိုတော်ပွဲဘက်သို့ အာရုံပြောင်းစေရကြောင်း၊ ထို့ပြင် နတ်တော်လတွင် မွေးဖွားသူသည် စာပေပညာရှင်ဖြစ်တတ်သည်ဟု ရှေးက ယုံကြည်ခဲ့ကြသည်ကို အကြောင်းပြု၍ နတ်တော်လဆန်းတစ်ရက်နေ့ကို စာဆိုတော်နေ့ဟု သတ်မှတ်ခဲ့ကြောင်း၊ စာဆိုတော်နေ့တွင် စာပေပညာရှင်များကို ပူဇော်ကန်တော့ခြင်း၊ ရှေးစာဆိုတို့၏ ဂုဏ်ကို ချီးကျူးခြင်း၊ စာပေညာရှင်များက စာဖတ်ပရိသတ်အတွင်းသို့ လူကိုယ်တိုင်ဆင်း၍ အသိဉာဏ်ဖလှယ်ကြကြောင်းများကို ပြောပြလေသည်။

စာပေဟောပြောပွဲသည် အခကြေးငွေပေး၍ နားထောင်ရသောပွဲမျိုး မဟုတ်သည့်အကြောင်း (မှတ်ချက် အချို့နိုင်ငံများတွင် စာပေဟောပြောပွဲရှိသည်။ အခငွေကြေး ရုံဝင်ခပေးပြီး နားထောင်ရသည်။ သို့သော် ရာသီပွဲမဟုတ်။ လုပ်ချင်သည့်အချိန် လုပ်ခြင်းသာ ဖြစ်၏။) သည့်လိုစာပေဟောပြောပွဲမျိုးကို မြန်မာလူမျိုးတို့ မြတ်မြတ်နိုးနိုး ပြုလုပ်ကျင်းပကြသည့်အကြောင်း စသည်ဖြင့်၊



ထိုစကားကို ဗိုလ်သခင်ဆရာက ရှင်းလင်းပြောကြားသောအခါ ဝန်ကြီး ချုပ်မစ္စတာနေရှူးအပါအဝင် တက်ရောက်လာကြသော အာရှစာရေးဆရာများ၊ ဧည့်သည်အဖြစ် လေ့လာကြသော အနောက်နိုင်ငံသား စာပေပညာရှင်များက လက်ခုပ်သြဘာသံမစဲ ကောင်းချီးပေးဝမ်းမြောက်ကြလေ၏။

သူတို့နိုင်ငံများတွင် ညှိလိုရာသီ၊ ညှိလိုပွဲမျိုး လုံးဝမထွန်းကားပါ။

"တို့ရဲ စာပေဟောပြောပွဲတွေဟာ ဒီလိုအစဉ်အလာနဲ့ နေခဲ့တယ်ဆိုတာ မင်းလဲသိသားပဲ ခေါင်ကြီးရာ၊ ဒီလို မွန်မြတ်ထူးခြားတဲ့ အစဉ်အလာတဖြည်းဖြည်း ပျက်လိုက်လာတာတော့ ငါစိတ်မကောင်းဘူး"

ကိုမြတ်ခေါင်က လှုကြီးဆန်စွာပြုံးလိုက်ပါသည်။ ကိုမြတ်ခေါင်သည် ကိုရှုပါထက် အသက်ဆယ်နှစ်ကြီး၏။ သို့သော် သူတို့နှစ်ယောက်သည် မင်းနှင့်ငါနှင့်သာ သုံးနှုန်းချစ်ခင်ကြလေသည်။

"ငါက စာပေကလွဲလို့ ဘယ်ပညာရပ်ကိုမှ အထင်မကြီးလို့မဟုတ်ဘူးဆိုတာ ငါတို့ဂျာနယ်က ငါ့လက်ရာတွေကို ကြည့်ရင်ခင်း သိပါတယ် ခေါင်ကြီးရာ၊ အနုပညာမှန်သမျှကို ငါချစ်ပါတယ်၊ ဒါပေမယ့် အစဉ်အလာတစ်ခုကို ထိန်းသိမ်းတဲ့ နေရာမှာတော့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့မျက်နှာမှ ငါမငဲ့ကွက်နိုင်ဘူး”

ကိုရှုပါသည် စကားပြောနည်းသူသာဖြစ်ပါသည်။ ပြောလျှင်လည်း လိုရင်းမရောက်မချင်း ပြောတတ်သူဖြစ်၏။ သူမှန်သည် ထင်လျှင်လည်း ဘယ်သူ့မျက်နှာမှ ငဲ့ကွက်တတ်သူမဟုတ်ချေ။

သို့သော် ငယ်ငယ်တုန်းကလို တမင်ကလာ ဆင်းရဲအောင်၊ အခြေခံကျအောင် ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ခဲ့သောကာလက လောကကြီးကို ဂွကလန့်တိုက်ပုံမျိုးတော့ မဟုတ်တော့ချေ။ ဟိုတုန်းက စကားပြောရမ်းကားခဲ့သော်လည်း ယခုမရမ်းကားတော့။ ရိုင်းခြင်းသာဖြစ်သည်။ စကားပြောရိုင်းခြင်းသည် ရိုးသားစွာပြောဆိုခြင်း မဟုတ်ပါလော။

“အနုပညာ ဟောပြောပွဲတွေ မလုပ်ရဘူး မဟုတ်ပါဘူးကွာ၊ ကောင်းပါတယ်၊ ပြည်သူလူထုကြားထဲ ဆင်းတယ်ဆိုတာ ကောင်းတဲ့လက္ခဏာပေါ့၊ အေး- ဒါပေမယ့် လုပ်ချင်ရင် အခြားရာသီ အခြားလတွေမှာလုပ်ကြပေါ့၊ အနုပညာဆိုပြီး သီးသန့်သတ်မှတ်ပေါ့ မဟုတ်ဘူးလား”

“ဟုတ်ပါတယ် ပါပါရယ်၊ တော်ပါတော့ သူများတွေကြားကုန်ရင် မကောင်းပါဘူး”

“ကြားအောင်ပြောနေတာပဲဥစ္စာ ခေါင်းကြီးရာ”

ထိုအချိန်တွင် သူတို့အနီးသို့ လူတစ်ယောက်ရောက်လာသည်။ ပန်းပွင့်လိုလို ဘာလိုလို ဥစ္စာတစ်ခု ရင်ဘတ်တွင် ထိုးထားသည်ကို ကြည့်ခြင်းဖြင့် ဟောပြောပွဲဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးမှန်း သေချာပါသည်။ သူက ကိုရှုပါကို စကား ပြောလာပါသည်။



“ဆရာ”

“ဗျာ”

“ကျွန်တော်တို့ အစီအစဉ်တစ်ခု ပြောင်းလိုက်ပါတယ်”

“ဟုတ်ကဲ့ ကျွန်တော် ဘာကူညီရမလဲ”

“ဒီလိုပါဆရာ၊ ဟိုမင်းသမီးက အချိန်သိပ်မရလို့ အဲဒါ”

“အချိန်မရလဲ မပြောချင် နေပါ့စေပေါ့ဗျာ”

“မဟုတ်ဘူး ဆရာ သူအရင်ပြောပါရစေတဲ့”

“ရပါတယ်”

“မဟုတ်ဘူး ဆရာ”

“ခင်ဗျားဟာကလဲ တစ်ခုမှဟုတ်တာ မပါ ပါလား။ မဟုတ်ဘူးချည်းဘဲ”

“မဟုတ် အဲ ဟုတ် ဟုတ်ပါတယ်ဆရာ၊ ဒီလိုပါ ဆရာ၊ ဒါ ကျွန်တော်တို့ကလဲ ပရိသတ်ကို ဆွဲထားချင်လို့ သူ့ကိုနောက်ပိုင်းကျမှ ပြောစေ့ချင်တာပါ”

ကိုရှုပါသည် ထိုသူကို တော်တော်စိတ်ပျက်နေမိသည်။ စာပေဟော ပြောပွဲသည် ပရိသတ်ကို မင်းသမီးဘမ်းပြီး ဆွဲထားရာအကြောင်းမရှိပါ။ စီးပွားရေး လုပ်ခြင်းမဟုတ်၊ အသိညာဖလှယ်သောပွဲသာဖြစ်၏။ နားမထောင်ချင်သူများ ပြန်ကြပါစေ။ စာရေးဆရာသည် တစ်ယောက်ရှိလည်း တစ်ယောက်တည်းနှင့် ဟောပြောနိုင်ပါသည်။ သို့သော် ထိုသူနှင့်လည်း စကားအချီအချ ပြောလိုစိတ်က မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဖြိုးရော ခေါင်းညိတ်ပြလိုက်ရသည်။

"ဖြိုးရောပေါ့ သူ့ကို နောက်ပိုင်းမှ ပြောပစေပေါ့။ ရပါတယ်"

"မဟုတ်ဘူးဆရာ သူကလဲ အချိန်သိပ်မပေးနိုင်တော့"

"ဒါဆိုလဲ သူတစ်ယောက်ထဲ ပြောပစေပေါ့၊ ကျုပ်တို့ပြန်ရဲ့ပေါ့"

"ဟာ- နားလည်မှု မလွဲပါနဲ့ဆရာ"

"ကဲ ဒါဖြင့်လဲ ပြောဗျာ၊ ကျုပ် ဘာလုပ်ပေးရမလဲ"

"ဒီလိုပါ ဆရာ၊ ပထမဆုံး အစီအစဉ်အရ သဘာပတိ မိန့်ခွန်း ပြီးတော့ ရပ်ကွက်သမဝါယမ ငွေစာရင်းရှင်းတမ်း ဖတ်ကြားပါမယ်၊ အဲဒီနောက်"

"မှတ်ပါဘူး။ ကျုပ်တို့ပြောမယ့် လူတွေရဲ့ အစီအစဉ်သာ ပြောစမ်းပါ။ ကျန်တာက ခင်ဗျားတို့ကိစ္စပဲ"

"ဟုတ်ကဲ့ အစီအစဉ်နံပါတ်လေးမှာ ဟောပြောပွဲစပါမယ်၊ ပထမဆုံး ဆရာက ပြောပေးဖို့ပါ"

ကိုရှုပါနားလည်လိုက်ပါသည်။ နာမည်မကြီးဆုံးဖြစ်သော သူ့ကို မငြိမ်သက်သေးသော ပရိသတ်နှင့် တွေ့ပေးလိုက်သည့်သဘော ပင်ဖြစ်၏။ ပွဲအစကတော့ သည်အတိုင်းဖြစ်စမြဲပါ။ ကလေးငယ်တို့သည် ဟောပြောပွဲ စင်မြင့်ရှေ့မှာ ကျွမ်းထွေ့ ဘာတွေထိုးကြသည်။ ဟိုးနောက် နားဆီကချာတိတ်တစ်စုက ဟစ်ကြွေးလှောင်ပြောင်ကြသည်။ ဒွေးယဲ့ား ခပေါင်းရောင်းသံက ပြောသူ၏အသံထက်စာသည်။ မိန်းမပျိုလေးတွေ၏



ခစ်ခစ်ခစ်ခစ်ရယ်သံတွေက မစဲသေးတတ်။ ဒါကတော့ ဟောပြောပွဲ တိုင်းတွင် ဖြစ်လေ့ရှိသော ကိစ္စဖြစ်ပါသည်။

ထို့ကြောင့်ပင် ပထမဆုံးပြောရသူမှာ ပြဿနာ။ မငြိမ်သက် သေးသောပရိသတ်ကို တော်ရုံသူ့အရင့်သူပင် မခံနိုင်ဘဲဖြစ်တတ်သည်။ ပွဲဦးထွက်ကို ကြောက်တတ်ကြလေသည်။

ထို့အတူပင် ပရိသတ်မငြိမ်ခင်မှာ တော်ရုံတန်ရုံမပြောတတ် မဟောတတ်သူများကို ထွက်နိုင်းတတ်သည်။ ဖြိုးဖြိုးရော သဘောမျိုး။

သည်သဘောဖြင့် သူ့ကို ပွဲဦးထွက်နိုင်းမှန်း ကိုရှုပါသိပါသည်။ ဟုတ်တာပေါ့။ သူသည် စာရေးဆရာတစ်ယောက်ထက် အယ်ဒီတာ တစ်ယောက်အဖြစ် ရပ်တည်နေသူမဟုတ်လား။ ပြီးတော့ကျတော့ ဟောပြောပွဲအတွေ့အကြုံကလည်း နုလှသည်။ ခုတစ်ခါ ပထမဆုံး။

သည်အတွက်ကတော့ ကိုရှုပါ ဘာမျှ စိတ်ထဲဖြစ်မသွားပါ။ နားလည်မှု ရှိပါသည်။

ပြောနိုင်သည်၊ ပရိသတ်နိုက်သည်၊ ရယ်ရသည်၊ ပရိသတ် ထိန်းနိုင်သည်။ ဘညာဘညာတို့ကို ကိုရှုပါ ဂရုမစိုက်ပါ။ စာပေ ဟောပြောပွဲဟူသည်မှာ ပရိသတ်ကို အလိုလိုက်ရသော ကပွဲပဒေသာ မဟုတ်မှန်း သူ ယုံကြည်ထားပါသည်။ သို့သော်-

"အဲဒါ မင်းသမီးက မြန်မြန်ပြန်ချင်၊ ကျွန်တော်တို့ကလဲ တတ်နိုင်သလောက် သူ့ကို အချိန်ဆွဲထားချင်မို့ ဆရာပြီးရင် သူ့ကို ပြောနိုင်းမယ် စိတ်ကူးထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့"

"အဲဒီတော့ ဆရာရယ် ဟိုဒင်းပြောတယ်လို့ ဘယ်လိုမှလဲ သဘောမထားစေချင်ဘူး"

"ခင်ဗျားစကား အဓိပ္ပာယ်ကို တိတိကျကျပြောပါလားဗျာ"

"ဖြစ်နိုင်ရင် ဆရာ့အစီအစဉ်ကို ဟို ဆရာက ဘယ်လောက်ကြာကြာ ပြောမှာလဲဟင်"

"နေစမ်းပါဦး၊ ခင်ဗျားက ကျုပ်ကိုလာပြီး အချိန်ဈေးဆစ်နေတာလား"

"မဟုတ်ပါဘူး ဆရာ"

"မဟုတ်ရင် ဘာမေးစရာလိုတော့လို့လဲ စာပေဟောပြောပွဲဆိုတော့ ဘယ်ရွေ့ဘယ်မျှပြောပါ ပြောလို့မှ မရတာဘဲ၊ ကျုပ်နဲ့ ပရိတ်သတ် ပေါ်မူတည်တာပဲ"

"ဒါဆိုယင်တော့ ခက္ခပါပဲဗျာ၊ မင်းသမီးကို ရှေ့ခုံးတင်ပေးရမလိုဖြစ်နေပြီ၊ ဟိုး- သူကလဲ အချိန်သိပ်မပေးနိုင်လို့ပါ ဆရာရယ်၊ ဟို ဆရာ နာရီဝက်လောက်ပြောရင် မဖြစ်ဘူးလား"

ကိုရှုပါသည် နောက်ထပ်ဘာမျှ ခွန်းတုန့်မပြန်တော့ချေ။ ပြောချင်စိတ်လည်း မရှိတော့ပါ။ မရှိသမှ စာပေဟောပြောပွဲကိုပင် ပြောချင်စိတ်မရှိတော့ပေ။ သူ့နေရာမှ ထရပ်လိုက်၍ သူ့အကြောင်းကို သိသော ကိုမြတ်ခေါင်က ချက်ချင်းလက်ကို ဖမ်းဆွဲလိုက်သည်။

"ဒီလိုတော့မလုပ်နဲ့ ပါပါကြီးရာ"

"ငါ ပြောချင်စိတ်မရှိတော့ဘူး"



"ငါ သဘောပေါက်ပါတယ်ကွာ၊ ဒါပေမယ့်"

"ဟေ့ ခေါင်ကြီး ငါ ဘယ်သူ့အစော်ကားမှ မခံဘူးဆိုတာ မင်းသိတယ် မဟုတ်လား"

"ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် ပရိသတ်ကိုတော့ မင်းက စော်ကားလို့ ဘယ်ဖြစ်မလဲ၊ မင်းနာမည်လဲ ကြေညာထားတယ် မဟုတ်လား"

"ဒါကို စော်ကားတယ် ခေါ်သလားကွ ခေါင်ကြီး၊ ဒီမယ် ငါပြောပြမယ်"

"ကဲပါ ပါပါကြီးရာ၊ မင်းတို့ ငါတို့ချင်းသာ နားလည်နိုင်တဲ့ စကားတွေ ဒီမှာ မပြောရင်ကောင်းမယ်ကွာ၊ လောလောဆယ်တော့ သည်းညည်းခံလိုက်ပါ သူငယ်ချင်းရာ၊ မင်းမကျေနပ်ရင် ပွဲပြီးမှ သက်ဆိုင်ရာလူကြီးတွေကိုပြော၊ ငါပါ ဝိုင်းပြောမယ်ကွာ ဟုတ်လား"

ရန်းရင်းဆန်ခတ်ဖြစ်သွားသည်။ တစ်ယောက်စကား တစ်ယောက်နားနှင့် သက်ဆိုင်သူများပါ ရောက်လာပြီး ဝိုင်းတောင်းပန်ကြရသည်။ နောင်ဆုံး မင်းသမီးစိန်ခြယ်ကိုယ်တိုင်။

"ကျွန်မ်တစ်ခုလောက် ပြောပါရစေရှင်၊ စောစောက ဆရာကိုရှုပါပြောတာတွေကို ကျွန်မကြားပါတယ်၊ ကျွန်မကိုယ်တိုင်လဲ ဆရာ့ တတွေကို ဖတ်ဖူးပါတယ်၊ ဆရာပြောတာကိုလည်း ကျွန်မ နားထောင်ချင်ပါတယ်၊ ဆရာ့စိတ်ထဲရှိတိုင်းသာ ပြောပါ၊ ကျွန်မ စောင့်ပါမယ်"

တကယ်ပြောတာလား။ ရိတာလားတော့ဖြင့် မသိပါ။ စိန်ခြယ်၏စကားကြောင့် ကိုရှုပါနည်းနည်းတော့ စိတ်ပြေသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတို့တွင် ဘယ်လိုစိတ်ဓာတ် မျိုးရှိသည်မသိ။ သူတို့ လေချိုဝင်သွေးလျှင် ယောဂီသွေးဆေးကဲ့သို့ အေးမြတတ်သည်တကား။

× × ×

နောက်တော့လည်း ကိုရှုပါတစ်ယောက် စင်မြင့်ပေါ်သို့ ရောက်ရသည်သာ။ စကားနည်းနည်းပြောကြည့်လိုက်ရုံနှင့်ပင် ကိုရှုပါသည် ပရိသတ်ကိုလေးစားမိလေသည်။ တကယ့်စာဖတ်ပရိသတ်သည် ရုပ်ရှင်မင်းသမီးကို ကြည့်ချေးရန် မဟုတ်မှန်း၊ စာပေစကားကိုသာ နားထောင်လိုမှန်း သိရတော့သည်။

ကိုရှုပါသည် လူဖြောင့်ဖြစ်သည်။ သူ့ကို စိန်ခြယ်က စောစောကလေးမှာတွင် ချော့မော့လှွတ်လိုက်သည် မှန်သော်လည်း သူကမူ့သည်အတွက် သာယာမနေပါ။ စာဆိုတော်ပွဲစာဆိုများနှင့်သာ သက်ဆိုင်ကြောင်း၊ စာဆိုတော်ပွဲကို ထိန်းသိမ်းစောင့်ရှောက်ရန် စာပေသမားတိုင်း၌ တာဝန်ရှိကြောင်း ထည့်ပြောတော့သည်။ စာပေပရိသတ်တို့ သဘောတွေ့ကြသော်လည်း ပွဲစီစဉ်သူနှင့် မင်းသမီးစိန်ခြယ်တို့တော့ အောင့်သက်သက်ဖြစ်ကြရလေသည်။

ကိုရှုပါ၏ အစီအစဉ်အဆုံးမသတ်ခင်မှာပင် စိန်ခြယ်ပညာပြတော့သည်။

သူ ပြောရန်မလိုတော့။ ရက်လည်း ရက်ပါသည်။ အချိန်လည်း မရသမို့ ဘာညာအကြောင်းများပြပြီး ထလာစ်လေသည်။



စိန်ခြယ်ပြန်ပြီဆိုသောအခါ မင်းသမီးကိုမျှော်သော ပရိသတ်တို့မှုည်ပွည်ပွည် လုပ်ကြသည်။

ထိုညက စာဆိုတော်ပွဲသည် ပြဿနာပေါင်းစုံဖြင့် အဆုံးသတ်ရလေသည်။

မည်သို့ပင်ရှိစေ၊ ကိုရှုပါတစ်ယောက်ကတော့ ပထမဦးဆုံး ဟောပြောပွဲမှာပင် တရားခံဖြစ်သွားရလေသတည်း။

× × ×

သည်နှစ် စာပေဟောပြောပွဲ တော်တော်များများ လိုက်ဖြစ်သည်။ ပွဲတိုင်းမှာ ပြဿနာမဖြစ်သော်လည်း စာပေဟောပြောပွဲနှင့်မညီသည့်ပွဲတိုင်း ကိုရှုပါက စင်မြင့်ပေါ်မှ အဝိုက်အခံပြုတတ်သည်။

ဆိုပါစို့။ စာရေးဆရာတန်မဲ့နှင့် ဟောပြောပွဲစင်မြင့်မှာ သီချင်းတွေ တကြော်ကြော် ဆိုပြသည့်ကိစ္စ။

"သိပ်သနားစရာ ကောင်းတယ်ဗျာ" ဟူသော သူ့စကားသည် စာပေသမားတွေအဖို့ နှစ်သက်စရာကောင်းသည်။

ဟုတ်သားပဲ။ စာရေးဆရာတစ်ယောက် စာပေဟောပြောပွဲမှာ ပရိသတ်နိုက်အောင် သီချင်းဆိုပြနေရသည်မှာ ဘယ်လောက်သနားစရာ ကောင်းသနည်း။ စာပေဟောပြောပွဲသည် ဖျော်ဖြေရေးအစီအစဉ်မှ မဟုတ်ဘဲကလား။

www.burmeseclassic.com

www.burmeseclassic.com



ဤအဖြစ်အပျက်များကို ပြောပြနေရသည်မှာ အကြောင်း ရှိပါသည်။ နောင်အခါ သူ၏ကိုကို ဖြစ်လာလိမ့်မည်ဖြစ်သော ကိုရှုပါသည် ဤသို့သော ဟောပြောပွဲပြဿနာကို အခြေခံ၍ပင် နောင်အခါ အချစ်ဖြစ်လာမည့် ချစ်ချစ်နှင့်စတင်ဆုံဆည်းလာရ မည်ဖြစ်သော ကြောင့် ဖြစ်ပါသည်။ သည်တော့မှလည်း အချစ်နှင့်သူ၏ကိုကိုတို့ အဖြစ်သနစ်ကို ဆက်လက်ပြောပြနိုင်ပါလိမ့်မည်။

ကောင်းပြီ။ ပြန်စပါမည်။

ညက ကိုရှုပါရေးရေလည်လည် ပြဿနာတက်လေ၏။

အစစ်ပေါ့ ဟောပြောပွဲပြဿနာပင် သို့သော် သည်တစ်ချိ တော့ စာရေးဆရာရေနံစိမ်းသည် (ဘာမဟုတ်သည်ဆိုရာ၌ လူ့ဘဝတစ်ခု လုံးနှင့်နှိုင်းစာလျှင် ဘာမဟုတ်သည့် အသေးအဖွဲကိစ္စကို ဆိုလိုပါသည်) စာပေဟောပြောပွဲကိစ္စကြောင့် ကိုရှုပါ၏ဘဝသည် တစ်ဆစ်ချိုးပြောင်းတော့ သည်။

သည်နောက်ဆုံးစာပေဟောပြောပွဲကြောင့် သူ့ အလွန် ဝွယ်တာသော စာပေနယ်မှာ ထိုင်စရာနေရာတစ်နေရာ ပျောက်ရလိမ့် မည်ဟု သူမသိခဲ့။ ပြီးတော့ကျတော့ သူ့ဘဝနှင့် မည်သို့မျှ မသက်ဆိုင် သော၊ သူ့ ဘယ်တုန်းကမှလည်း စိတ်ကူးမယဉ်ခဲ့ဖူးသော၊ ပိုက်ဆံ ချမ်းသာသော၊ လှသော၊ နွဲ့ဆိုးဆိုးတတ်သော၊ ဂျစ်ကန်ကန်နိုင်သော ချစ်ချစ်နှင့် စတင်ဆုံစည်းရန် အကြောင်းဖန်လာလိမ့်မည်ဟုလည်း သူမသိခဲ့။

ညက ဟောပြောပွဲမှာ ပြေစီသူလေးယောက်ပါသည်။ ကိုရှုပါ



အယ်ဒီတာဦးတုတ်ပေါ၊ စာရေးဆရာမ စိန်ကလျာအေး ပြီးတော့ တေးသံရှင်ကိုတောက်ထိန်။

အယ်ဒီတာဦးတုတ်ပေါသည် ကိုရှုပါတို့ဂျာနယ်မှ တာဝန်ခံ အယ်ဒီတာ ဖြစ်ပါသည်။ သူသည် ဂျာနယ်တိုက်ပိုင်ရှင်၏ အစ်ကိုကြီး ဖြစ်ပါသည်။ အချစ်ကဗျာမှအစ နိုင်ငံရေးဆောင်းပါးအထိကို မျက်နှံမွေး ဆွဲခဲတဲ့ကြော်ငြာနှင့် ချိန်တိုးဖြတ်တောက်နေတတ်လေသည်။ ကိုရှုပါသည် သူ့လက်အောက်မှ အယ်ဒီတာဖြစ်သော်လည်း ဂျာနယ်တစ်ခုလုံး လည်ပတ်ရေးကို အစစတာဝန်ယူနေရသည်။ ကိုရှုပါနှင့် ဦးတုတ်ပေါ တို့မတည့်ကြပါဟု ပြောရန်လိုမည်ပင်မဟုတ်ပါ။

သည့်အပြင် စာရေးဆရာမစိန်ကလျာအေးသည်လည်း ဂျာနယ်တိုက် ပိုင်ရှင်ဦးမိုးသီးနှင့် ခွေမျိုးတော်စပ်နေမှာပဲဟု ထင်နေကြ သည်မဟုတ်ပါလော။

ဟုတ်ပါသည်။ စိန်ကလျာအေးသည် ဦးမိုးသီး သမီးအကြီး ဘည်။ သမီးအငယ် အေးအေးမေကား စာပေရေးသားခြင်းကို ဝါသနာ ထုံလှသူမဟုတ်ပါ။ သူက ဆရာဝန်ဖြစ်ချင်သော အင်ဂျင်နီယာ ကျောင်းသူ၊ အေးအေးမေသည် အေးဆေးလှသည်။ အုတ်ရောရော ကျောက်ရောရော မနေတတ်။ ဂျာနယ်တိုက်သို့လည်း ဆယ်ခါရံ တစ်ခါသာ လာတတ်သည်။

သို့သော် အေးအေးမေသည် အတွေးအခေါ်ရင့်သန်သည် ဖတ်အား ကောင်းသည်။ စာသမားများကို ရိုသေလေးစားသည်။ စကားပြောနည်းသော်လည်း ပြောလျှင် ချက်ကျလက်ကျပြောတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသာ စာရေးလျှင် စာသမကောင်း တစ်ယောက်ဖြစ်နိုင်သည်။ သို့သော် သူမရေး။

"အေးက စာပဲဖတ်ချင်တာ ဆရာရဲ့ တော်ရုံအသိညာဏ်နဲ့လည်း စာမရေးချင်ဘူးလေ"

ကိုရှုပါကို ဤသို့ရိုးသားစွာ ပြောပြဖူးသည်။ သည်အသိုင်းအဝိုင်းထဲမှာတော့ အေးအေးမေတစ်ယောက်ကိုသာ ကိုရှုပါ အထင်ကြီးလေးစားမိသည်။

ဤသို့ဆိုသဖြင့် စာရေးဆရာမစိန်ကလျာအေးနှင့် ကိုရှုပါတို့သည် မသင့်မတင့်ရှိနေကြသည်ဟု မထင်ကြပါနှင့်။ မသင့်တင့်ရုံပင်မကပါ ကိုရှုပါသည် စိန်ကလျာအေးကို မျက်နှာချင်းပင် မဆိုင်လိုချေ။

အခြားမကြည့်ပါနှင့်။ စိန်ကလျာအေးဟူသော သူ့ကလောင်အမည်ကိုသာ ကြည့်ကြပါ။ စိန်ကလျာအေးဆိုသည်မှာ ယနေ့ခေတ်နာမည်အလွန်ကြီးနေသော စာရေးဆရာမသုံးယောက်၏ အမည်များကို ပူးပေါင်းထားခြင်းသာဖြစ်၏။ ယုဝတီခင်စိန်လှိုင်ထံမှ စိန်၊ ကလျာ (ဝိဇ္ဇာသိပ္ပံ)ထံမှ ကလျာ၊ မအေးလေးထံမှ အေး။ ထို့ကြောင့် သူ့ကလောင်နာမည် စိန်ကလျာအေး။ ဆင်တူရိုးမှားအမည်ကို ယူပြီး ရှိပြီးသားအရှိန်အဝါကို တွဲလောင်းခိုစီးချင်သော သဘောဖြစ်ပါသည်။

ပြီးတော့ သူသည် ဟုတ်တိပတ်တိစာရေးတတ်သူလည်း မဟုတ်ပါ။ သူကိုယ်တိုင်ရေးဖူးသမျှမှာလည်း ကပေါက်တိကပေါက်ချာ



သာဖြစ်၏။ ဒါတောင်သူက ကဗျာတွေဘာတွေ ရေးသေးသည်။ စကားပြေကိုပင် ဖြောင့်အောင်မရေးတတ်ဘဲလျက် ကဗျာကို သူက ပေါ့ပေါ့ကလေး တွေးချင်သည်။

သူ့စကားပြေများကို သူ့ဘကြီး ဦးတုတ်ပေါက သူ့အဖေဂျာနယ်တွင် ဒိုင်ခံထည့်ပေးနေသည်ကိုတော့ ကိုရှုပါမတတ်နိုင်။ ကိုရှုပါ၏တာဝန်က ကဗျာအယ်ဒီတာမျှသာ။ ထို့ကြောင့် စိန်ကလျာအေး၏ကဗျာမှန်သမျှကိုတော့ ကိုရှုပါ ဒိုင်ခံပယ် ခဲ့သည်သာ။ သည်အတွက် သူ့အဖေဦးမိုးသီးက မကျေနပ်စကား ဆိုလာသောအခါ-

"ကျွန်တော် ပြောပြမယ် ဦး။ သူ့ကဗျာတွေ ထည့်သုံးလို့ကတော့ ကျွန်တော်ရော ဦးရဲ့ဂျာနယ်ပါ သိက္ခာကျကုန်လိမ့်မယ်"

သို့သော် စိန်ကလျာအေးသည် ကိုရှုပါထက် နာမည်ကြီးပါသည်။ ဦးမိုးသီးသည် နာမည်ကျသွားသော စာရေးဆရာတစ်ယောက်ကို ထမင်းကျွေး၊ လခပုံမှန်ပေးပြီး သူ့သမီးအတွက် အငှားစာရေးဆရာအဖြစ် ငှားရမ်းထားသည်။ ထိုစာရေးဆရာက ရေး၊ စိန်ကလျာနာမည်ဖြင့် ထုတ် ဟုတ်လို့။ သည်တစ်ခါကျပြန်တော့လည်း နာမည်ကျ စာရေးဆရာ၏ စာအုပ်သည် ရောင်းလို့ကောင်းနေပြန်ရော။ အခုဆိုရင် စိန်ကလျာအေး၏ အခန်းဆက်ဝတ္ထုရှည်မပါလျှင်ပင် အာကာသဂျာနယ် ထွက်တော့မလိုလို။

မည်သို့ပင်ရှိစေ ကဗျာကို ရည်းစားစာလောက်သာ ထင်နေသော စိန်ကလျာအေးကို ကိုရှုပါ လုံးဝကြည့်မရ။ ထိုအခါ အငယ်မ

www.burmeseclassic.com

www.burmeseclassic.com



အေးအေးမေကို ပို၍ခင်မင်မိသည်။ သူတို့၏ ရိုးသားစွာခင်မင်ခြင်းသည်ပင် စိန်ကလျာအေးအဖို့ တစ်နပ်နပ်မကျေနပ်စရာ ဖြစ်လာရသည်။ တကယ်တော့လည်း စိန်ကလျာအေးသည် စာပေနှင့်ပတ်သက်လို့သာ အသုံးမကျသည်။ ကိုရှုပါကိုတော့ စိတ်ဝင်စားချင်ချင်ရယ်။

သည်ကိစ္စသည်လည်း သူတို့မိသားစုနှင့် ကိုရှုပါကို အစေးမကပ်စေသောအကြောင်းတစ်ခုပင် ဖြစ်နေခဲ့သည်။ ပြီးတော့ အယ်ဒီတာတစ်ယောက်အနေနှင့် စာပေတာဝန်သိသော ကိုရှုပါသည် ဂျာနယ်နှင့်ပတ်သက်၍လုပ်ငန်းပေါ်တွင် ဦးမိုးသီး၊ ဦးတုတ်ပေါ်တို့နှင့် နေ့တိုင်းလိုလိုမကြည်ခဲ့ပါ။ ကိုရှုပါက စာပေသိက္ခာကို ဦးစားပေး ချင်သည်။ သူတို့က ဂျာနယ်စောင်ရေပေါ်ကို အလေးထားလွန်းသည်။ ဆိုကြပါစို့။ ငွေရေးကြေးရေးကိစ္စကိုသာ သူတို့စိတ်ဝင်စားကြသည်။ သူတို့လုပ်ပေါက် ကြောင့် ဂျာနယ်ကိုတာဝန်ခံရသူ ကိုရှုပါ ခဏခဏ သိက္ခာတွေကျခဲ့ရ ဖူးသလို ကိုရှုပါကြောင့်လည်း ငွေကြေးပိုင်းမှာ နစ်နာခဲ့ရဖူးသည်။ကြာပြီ။ သည်လို အတွင်းကျိတ် မကျေလည်ခဲ့ကြသည် ကတော့ ကြာပြီ၊ ကိုရှုပါရောက်လို့ လအပိုင်းအခြားအတွင်းမှာပင် စတင်ခဲ့သည်။ ဖွဲ့မီးလို တအုံနွေးနွေး နေလာခဲ့ကြသည်။

သူတို့ဘက်ကလည်း ကိုရှုပါကို ထိထိရောက်ရောက် အရေးယူနိုင်ဖို့ ခက်ခဲနေခဲ့သည်။ ကိုရှုပါအနေနှင့် အလုပ်တစ်ခုကို စေတနာမပါဘဲလုပ်သည်လို့မရှိခဲ့မှန်း သူတို့ကိုယ်တိုင်လည်း အသိမဟုတ်လား။ သို့သော် သည်ကမှာကောင်နှင့် ရေရှည်မဖြစ်တော့ဘူးဟူ၍တော့ သူတို့လို ငွေကောင်ကြေးကောင်တွေက တေးထားခဲ့သည်သာ မနေ့ည ဟောပြော



ပွဲမှာ ပေါက်ကွဲလေသည်။ ထုံးစံအတိုင်း ကိုရှုပါကတော့ ရေရေလည်လည် နှိပ်ပစ်လိုက်သည်။

ကြည့်ပါ။ ကိုတောက်ထိန်သည် တီးဝိုင်းဆရာများခေါ်လာပြီး စာပေဟောပြောပွဲမှာ သီချင်းဆိုပြသည်။ စိန်ကလျာအေးက အားကျမခံပြန်ဆိုသည်။ ကိုတောက်ထိန်နှင့်ပါလာသော တီးဝိုင်းကိုပင် အကူအညီတောင်းလိုက်သေးသည်။ ဝတ္ထုစာပေအကြောင်းကိုလည်း ဗလွတ်ရွတ်တလျှောက်ပြောသည်။ အများအားဖြင့် သူ့ဝတ္ထုတွေ အကြောင်း ပြန်ပြောပြသည်။ ကောင်းသတဲ့။

ဦးတုတ်ပေါ်ကတော့ အပေါ်ဆုံးဖြစ်သည်။ အသက်ကြီးကာမှ ညစ်တီးညစ်ပတ်ပျက်လုံးများကို ပရိသတ်မရယ် ရယ်အောင်လျှောက်ပြောသည်။ ပြီးတော့ မည်သို့ထင်ကြပါသနည်း။ သိပ်မှန်ပါတယ်။ ခုလည်းလေ လောကီသားလိုပ သီချင်းသုံးပုဒ်ဆိုကြပြန်လေသည်။

စာရေးဆရာတွေ သီချင်းဆိုသည့်ကိစ္စ၊ စာပေဟောပြောပွဲနှင့် သက်ဆိုင်သူများကိစ္စ၊ စာရေးဆရာအရေခြုံသူများကိစ္စသည်။

သိသည်။ သည်ဟောပြောပွဲကြောင့် ပြဿနာတက်လာမည်ကိုတော့ သိသားပဲ။ ခက်သည်က ဖိတ်ကြားသူများက မနိုင်လျှင်ဆန့်မည်။ မလိုက်လို့ ဘယ်နည်းနဲ့မှ မကောင်း။ လိုက်မိလို့ကလည်း ကိုယ့်ပါးစပ်နှင့်ကိုယ် နိုင်သည်မဟုတ်။ အတူသဖြင့် သည်ပွဲမှာ ပိုမပြောချင်။ စဉ်းစားသာ ကြည့်ကြပါတော့။

ဦးတုတ်ပေါ်က သူ့အထက်က အယ်ဒီတာလူပေါ်၊ ဂျာနယ်ပိုင်ရှင်၏အခက်ကို၊ စိန်ကလျာအေးကတော့ စပ်စလူးစိန်၊ စာရေးဆရာ

www.burmeseclassic.com

www.burmeseclassic.com



ယောင်ခြောက်ရင်း သူ့ကိုယ်သူ ကမ္ဘာကျော်စာရေးဆရာကြီး ပီးလ်ဘတ် လောက်ယောင်ပြီးထင်နေသူ။ ဂျာနယ်တိုက် ပိုင်ရှင်သမီး၏ တေးသံရှင် ကိုတောက်ထိန်ကရောတဲ့။ ခွေမျိုးသားချင်းမဟုတ်ဘူးလို့ မထင်ကြပါနှင့်။ ကိုတောက်ထိန်သည် စိန်ကလျာအေးနှင့်လူကြီးချင်း သဘောတူထားသော စိန်ပွဲစားတစ်ယောက်၏သား။ သူ့အလုပ်က စိန်အလုပ်၊ ကျောက်အလုပ်ဖြစ်သော်လည်း ဝါသနာအလျောက် သီချင်းဆို၍ ပျော်နေသူ။ ကိုင်း - သည်တစ်မိသားစုလုံးကို သိမ်းကျုံးတွယ်ပြီ ဆိုကတည်းက ကိုရှုပါ၏ဘဝကို စဉ်းစားသာ ကြည့်ကြပါတော့။

× × ×

ပြဿနာဖြစ်မည်မှန်းတော့ ကိုရှုပါသိပါတယ်။ သို့သော် သည်လောက်မြန်မြန်ကြီး သည်လောက်အသည်းအသန်ကြီး ဖြစ်လာလိမ့်မည်ဟု သူမတွေးခဲ့။

ခုတော့ ဂျာနယ်တိုက်ပိုင်ရှင် ဦးမိုးသီးသည် ရက်စက်လေပြီ။ ညကဖြစ်ခဲ့သောပြဿနာသည် သည်မနက်အလုပ် တိုက်ရောက်သော အခါ အဆင်သင့်မောင်းတင်၍ ကိုရှုပါကို စောင့်ဆိုင်းနေပါသည်။ တိုက်လှေကား သုံးထစ်နင်းတက်လိုက်ကတည်းက စိတ်ကျဉ်းကျပ်သလို ခံလိုက်ရသည်။ ထိပ်ဆုံးစားပွဲမှ အမှားပြင်ချက် ဖတ်နေသူ ဆရာသန်းလှိုင်သည် စိတ်မကောင်းစွာ တစ်ချက်လှမ်းကြည့်သည်။



စာမူခထုတ်ပေးရက်ဖြစ်သဖြင့် ထုံးစံအတိုင်း စာသမားတို့ စုံး ရောက်ရှိနေကြသည်။ စာမူခထုတ်ပေးရေးတာဝန်ခံ ဒေါ်ချိုရီသည် သူထုတ်ပေးရမည့်ပိုက်ဆံကို ပိုရှိတန်ဖိုးရှိသွားစေရန်အလို့ငှာ ပေးစရာရှိသည်ကို မပေးသေးပဲ ဟိုယောင်ယောင်သည်ယောင်ယောင်နှင့် အချိန်ဆွဲနေသည်။

ကိုရှုပါ သူတို့အနီးမှ ဖြတ်လာသောအခါတွင် သူတို့လည်း မျက်နှာမကောင်းကြ။

“ကိုမိုး နင့်ကို စောင့်နေတယ်”

ဒေါ်ချိုရီက အလွန်အလုပ်များသော အမူအရာဖြင့် ကိုရှုပါ ကိုမကြည့်ဘဲပြောလိုက်သည်။ အပေါ်ထပ်ဦးမိုးသီးအခန်းသို့ ကိုရှုပါ တက်ခဲ့သည်။

ဆင်နားရွက်တံခါးကို တွန်းဖွင့်ဖွင့်လိုက်ခြင်း ဦးမိုးသီးသည် သောက်လက်စရေနွေးကြမ်းပန်းကန်ကို ဆောင့်ချလိုက်သည်။ ကိုရှုပါသည် အေးအေးဆေးဆေးပင် သူနှင့်မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

“ဦးလေးမိုး ကျွန်တော့်ကို ခေါ်တယ်ဆို”

ချက်ချင်းဘာမှပြန်မပြောဘဲ ဒေါသတို့ကို ချုပ်တည်းနေရသေးသည်။ ပြီးမှ လူကြီးဆန်သောလေဖြင့် တစ်လုံးချင်းပြန်ပြောသည်၊

“ညက မင်းဘာဖြစ်တာလဲ”

“ကျွန်တော် ဘာမှမဖြစ်ပါလား ဦးလေးမိုး”

www.burmeseclassic.com

www.burmeseclassic.com



"ဟောပြောပွဲမှာလေ"

"ဟောပြောပွဲမှာ စကားပြောခဲ့တာပဲ ဦးလေးရဲ့"

"ဘာတွေ ပြောခဲ့တယ်ဆိုတာ မင်းမှတ်မိရဲ့လား"

"စာအကြောင်း ပေအကြောင်းတွေပေါ့"

"တစ်ခြားလူတွေကို ပုတ်ခတ်ခဲ့တာရော"

"စာပေနဲ့ပတ်သက်ပြီး ထိန်းသိမ်းတဲ့သဘောပါပဲ ဦးလေး"

"နေစမ်းပါဦးကွ ရှုပါရ မင်းနဲ့ ငါ့သမီး ဘယ်သူကပိုပြီးတော့ နာမည်ကြီးတယ်ဆိုတာ သတိထားမိရဲ့လား"

"ဦးလေးသမီးကို သည့်ထက်ပိုပြီး နာမည်ကြီးစေချင်လို့လား ရပါတယ် အလွယ်လေးပါခင်ဗျာ"

ဦးမိုးသီးသည် ထိုင်ရာမှ ဝုန်းခနဲ မြောက်ကြွသွားလေသည်။ ဆတ်ဆတ်ခါအောင် သူနာသွားသည်။

"မင်းစကားက ဘာတုန်းဟ၊ မင်းသိပ်ရိုင်းတဲ့အကောင်"

"ဟုတ်ပါတယ် ဦးလေးမိုး။ နာမည်ကြီးအောင် လုပ်တာ သိပ်ခက်တဲ့ အလုပ်မဟုတ်ပါဘူး။ သိက္ခာရှိဖို့သာ ခက်တာပါ။"

" ဟေ့ - ရှုပါ၊ မင်းကိုယ်မင်း ငါဆိုတဲ့ မင်းရဲ့ အလုပ်ရှင် တစ်ယောက်နဲ့ စကားပြောနေတယ်ဆိုတာမှ သတိထားမိရဲ့လားကွ ဟေ၊ မင်း သိပ်စော်ကားနေပြီ"

"နေစမ်းပါအုံး ဦးလေးရဲ့ အခု ကျွန်တော်နဲ့ ဦးလေးနဲ့ အလုပ်စကားပြောနေကြတာဟုတ်လို့လား။ အလုပ်စကားပြောနေကြတာ ဆိုရင် ဦးလေးကို ကျွန်တော်ခယယပြောဖို့ ဝန်မလေးပါဘူး။ အခု ကျွန်တော်တို့ ပြောနေကြတာဟာ တခြားအကြောင်းအရာတွေပဲ"

"အလုပ်သဘောနဲ့ ပတ်သက်တယ်ဆိုရင်ကော"

"တကယ်တော့ ဘာမှပတ်သက်စရာ မရှိပါဘူးလေ၊ ဒါပေမယ့် ဦးလေးက အလုပ်ရှင်ပဲ၊ ဦးလေးဘာသာ ရှာကြံပတ်သက်လို့ ကတော့ ရတာပေါ့"

"ငါက လူကလိန်ချံမဟုတ်ဘူးကွ၊ မင်းနဲ့ ပတ်သက်လို့ အလုပ်သဘော ဆွေးနွေးစရာတွေ ငါ့မှာ အများကြီးရှိနေတယ်၊ လုပ်ငန်း ထိခိုက်အောင် မင်းလုပ်ခဲ့တာများပြီ"

"ဦးလေးက ဘာလို့ တေးမှတ်ထားရတာလဲ၊ တစ်ခါဖြစ်ရင် တစ်ခါ ကျွန်တော့်ကို ဘာလို့မပြောသလဲ"

"မင်းဘာသာ မင်း ပြင်လာမလားလို့ကွ"

"လူဆိုတာ ကိုယ့်လုပ်ရပ်၊ ကိုယ်မှန်တယ်လို့ ထင်နေကြတာ ချည်းပါပဲဦးလေး။ အလုပ်ရှင်တစ်ယောက်အနေနဲ့ ဦးလေးကို ထိခိုက်စရာ ရှိတယ်ဆိုရင် ဦးလေးပြောမှ ကျွန်တော်သိရမှာပေါ့"

"ပြောမှ သိတတ်တဲ့ လူတစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး ရှာနယ်အယ်ဒီတာလုပ်မလဲကွ"

"ဦးလေးဟာက အကြောင်းအရာချင်း တစ်ခြားစီပဲ" ကိုရှုပါ ပြုံးမိလေသည်။

သင်းနှင့်စကားဆက်ပြောလိုက်ကတော့ ဆုံးမည်မဟုတ်တော့။ ရှုလိုရာကိုဆွဲပြီးတော့ ပေါက်တက်ကရအဓိပ္ပါယ်မရှိတာတွေ ဖွင့်ဆိုတော့ မည်သာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ညက ညဉ့်နက်သန်းခေါင်အထိ ပျော်ပြောပွဲတွင် အချိန်ကုန်ခဲ့ရသောကြောင့် သူပင်ပန်းနေသည်။ ကြာလျှင် စိတ်တို လာဖွယ်ရှိသည်။ မြန်မြန်စကားဖြတ်ချင်သည်။ အိမ်ပြန်ချင်သည်။ မနက်ဖြန်သူ့ခရီးထွက်မည့်ကိစ္စကိုလည်း အလုပ်သဘောအရ ခွင့်တောင်း ရအုံးမည်။

ကိုရှုပါ အညာသို့ပြန်ရန် ကိစ္စတစ်ခုရှိနေသည်။ သေရေး ရှင်ရေးတော့မဟုတ်။ ရှေ့အပတ်လောက်တွင် သူ့ဘကြီးပဉ္စင်းခံမည့်ကိစ္စ မျှသာဖြစ်သည်။ သူ့ဘကြီးသည် သူ့အပေါ် ငယ်စဉ်ကတည်းက စာပေ ပဋိယတ်၌ စိတ်ဝင်စားစေခဲ့သူ၊ သူ၏ပထမဆုံး စာပေဆရာဖြစ်သည်။ သူကိုယ်တိုင်က ကျမ်းစာအုပ်များ၊ ပေစာပေရွက်များအကြားတွင် မွေ့လျော်သည့်အလျောက် တူမောင်ကိုရှုပါကိုလည်း ငယ်စဉ်ကတည်းက ကျေးလက်ကဗျာ လင်္ကာများဖြင့် ဆော့ကစားစေခဲ့သူဖြစ်သည်။ ဘကြီး အပေါ် ကိုရှုပါသံယောဇဉ်ကြီးလေသည်။

အခု သည်ဘကြီး အရွယ်ထောက်လာသည်။ သားထောက် သမီးခံ မရှိသည့်အပြင် ဇနီးသည် ကွယ်လွန်ခဲ့သည်။ သည်တုန်းကလည်း ကိုရှုပါ အညာမပြန်ဖြစ်ခဲ့။ သူ့စကားနှင့်သူ သုံးနှစ်ပြည့်သည်အထိ ရန်ကုန်စာပေပလက်ဖောင်းပေါ်တွင် နေရာတစ်ခုကိုရှာမည်။ မရလျှင် အညာသို့မပြန်။ ထို့ကြောင့် မပြန်ဖြစ်ခဲ့။ ထိုစဉ်က ဘာပဲဖြစ်ဖြစ် ကိုရှုပါ၏ အတွေးသည် ကလေးဆန်ခဲ့သည်။ မှန်ပါ၏။

ခုတော့ အရွယ်လည်းရပြီ။ အတွေ့အကြုံအသိဉာဏ်လည်း



ရင့်ပြီ ပြီးတော့ စာပေပလက်ဖောင်းတွင် လက်ထောက်အယ်ဒီတာ တစ်ယောက်အဖြစ် ရပ်တည်နိုင်သည်။ လူဘောင်ကိုစွန့်၍ သာသနာ့ အရိပ်သို့ ဝင်တော့မည့် ဘကြီး၏ပဉ္စင်းခံပွဲသို့ သူသွားရန် ဆုံးဖြတ်ထားခဲ့ လေသည်။ ဘကြီး၏ပဉ္စင်းခံပွဲလည်းမမီ၊ ထီးတင်ပွဲလည်း မမီဖြစ်ရတော့ မည့် သူ့ဘဝတစ်ဆစ်ချိုးကိုကား ကိုရှုပါတစ်ယောက် လုံးဝသတိမထား မိသေးချေ။ သူ့စိတ်ကူးကား ဦးမိုးသီးနှင့်တွေ့ပြီး အညာသို့ခေတ္တပြန်မည့် အကြောင်း အလုပ်မှခွင့်တောင်းမည်။ ငွေကြေး အတန်အသင့်ချေးမည်။ (နောင်သူ့လစာ သူ့စာမူများဖြင့် နှိမ်) စသည်ဖြင့် ဖြစ်သည်။ သူသည် ဦးမိုးသီးထံမှ သည်သို့ပင် ငွေချေးဖူးသည်။ သည်နေရာမှာတော့ ဦးမိုးသီးက သဘောကောင်းသည်ဟု ဆိုရမည်။ သို့မဟုတ် ကိုရှုပါ၏ လခ၊ စာမူခတို့သည် သူ့လက်ခုပ်ထဲကရေဖြစ်သောကြောင့် စိတ်ချ သက်ချ ချေးသည်လည်းဖြစ်နိုင်သည်။

မည်သို့ပင်ရှိစေ ဤမျှလောက်အခွင့်အရေးပေးသည်ကိုပင် ကိုရှုပါက ကျေနပ်နိုင်ခဲ့သည်သာ။ သို့သော် သည်တစ်ချီတော့ သွယ်လွယ်မရနိုင်တော့မှန်း ကိုရှုပါသိသည်။ ခုလို ခွန်းကြီးခွန်းငယ် ပြောပြီးမှတော့ သူ့ထံမှ ငွေချေး၍ရနိုင်တော့မည်မဟုတ်ချေ။ အမှန်က သည်း ကိုရှုပါအဖို့ ငွေသိပ်မလိုပါ။ လိမ်းစရိတ်လောက်တော့ သူ့မှာ အသင့်ရှိသည်။ သူ့စိတ်ကူးက ဘကြီးအတွက် သင်္ကန်းတစ်စုံမျှ ဝယ် သွားလိုခြင်းဖြစ်သည်။ အမှန်က ဝယ်မသွားလျှင်လည်း အရေးတော့ မကြီးပါ။ သူ့ဆွေမျိုးတွေက မချမ်းသာလှသော်လည်း နေသာထိုင်သာ

www.burmeseclassic.com

www.burmeseclassic.com



ရှိကြသည်။ ကိုရှုပါ အညာမှအပြန်အတွက် ဇရိတ်စကပင် ယူသွားစရာမလို။ ဟိုက ငွေရော၊ အဝတ်အထည်၊ စားကုန်သောက်ကုန်ပါ ပေးလိုက်ကြမည်မှာ သေချာပါသည်။ နယ်လှည့်တန်းစားတို့သဘာဝအတိုင်း ဆည့်သည့်ထဲမှ ဘာမျှမမျှော်လင့်။ "ဧည့်လာ၍ အိမ်သည့်ဝ" သည်ဟုသူတို့၌ သဘောမရှိ။ သူတို့ကသာ ပေးလိုတတ်ကြ၏။ ကိုရှုပါလိုနှစ်နှင့်ချီ၍ ကွဲကွာနေရသော သားချင်းတစ်ယောက်ကိုက ဆိုဖွယ်ရာပင်မရှိပါ။ သို့သော် ကိုရှုပါအနေနှင့်ကလည်း ဘာပဲဖြစ်ဖြစ် လက်ဆောင်ကလေးတစ်ခုလောက်တော့ ဝတ်ကျေဝတ်ကုန်ပါသွားချင်လေသည်။

ကိုရှုပါသည် မျက်နှာကို အတတ်နိုင်ဆုံး လျှော့ချလိုက်ရလေသည်။ မိမိကိစ္စကို စဖို့ပြင်ရလေသည်။ အကျိုးမဲ့သော အငြင်းအခုံကိစ္စများကို ဖြတ်တောက်ချင်လေသည်။

"ကဲပါ ဦးလေးရယ်၊ သည်ကိစ္စတွေ နောင်မှ ဆက်ဆွေးနွေးကြတာပေါ့၊ လောလောဆယ် ကျွန်တော့်လာရင်းကိစ္စလေးတွေ ပြောပါရစေအုံး"

"မဖြစ်ဘူးကွ၊ မင်းနဲ့ငါ အခုပဲ အပြတ်ရှင်းမှဖြစ်မယ်"

"ခင်ဗျာ"

ဦးမိုးသီး၏ စကားကို မထိတရိပြုံးလိုက်မိသည်။ ဦးမိုးသီးကလည်း အံဆွဲထဲမှ ဆေးပြင်းလိပ် လေးတောင့်ပုံစံတစ်လိပ်ကို ဟန်ပါပါထုတ်၍ ကိုက်လိုက်လေသည်။ တစ်ယောက်က ဘာကိုမျှ အမှုထားဟန်မပေါ်သလို တစ်ယောက်ကလည်း အထက်စီးနင်းနိုင် လှသည်။

"နက်ဖြန်မှ ဖြစ်ဖြစ် ဆွေးနွေးကြရအောင် ဦး"



ကိုရှုပါသည် ဇီဇစိတ်ကလေးဖြင့် ပြောင်စပ်စပ်ပြောသည်။

ဦးမိုးသီးက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပါသည်။ သူရယ်ပုံမှာသည် အထက်စီးနင်းလိုက်လုပါသည်။

"နက်ဖြန် မင်းအလုပ်ဆင်းစရာမှ မလိုတော့ဘဲ"

ဦးမိုးသီးက လေးလေးနက်နက် ပြောလိုက်သော်လည်း ကိုရှုပါက ဘာမှ မထူးဆန်းသလိုသာ နားထောင်သည်။ ဟုတ်သားပဲ နက်ဖြန် သူအလုပ်ဆင်းစရာ မလိုပါ။

ဂျာနယ်အလုပ်ဆိုသည်က ရုံးအလုပ်ကဲ့သို့ ပုံသေကားချပ်အချိန်ရှိသည်မဟုတ်ပါ။ ဂျာနယ်တစ်စောင် မထွက်မချင်း အလုပ်ကရှိနေသည်။ ဂျာနယ်ထွက်ပြီးသောနေ့တွင် အလုပ်မရှိတော့ပါ။ နောက်တစ်ပတ်ဂျာနယ် ထွက်ဖို့ပြင်ဆင်သောအခါ အလုပ်ပြန်ရှိလာသည်။

ယခုအပတ်ထွက်မည့် ဂျာနယ်ကိစ္စအားလုံးကို ကိုရှုပါစီစဉ်ပြီးဖြစ်သည်။ သူတို့ ဂျာနယ်ပင် မနက်ဖြန်ထွက်တော့မည်။ ကိုရှုပါ ၏ တာဝန်က သည်တစ်ပတ်ထုတ် ဂျာနယ်အတွက် ပြည့်စုံပြီ။ ယခုအပတ်အတွက်သာမက ရှေ့အပတ်ထုတ်ဝေရန်အတွက်ပါ သူ့တာဝန် အပိုင်းကို ကြိုတင်လုပ်ထားပြီးပြီ။

ထို့ကြောင့် သူမနက်ဖြန် ဂျာနယ်တိုက်သို့ လာရန်မလိုဟူသော ဦးမိုးသီး၏ စကားကို ရိုးသားစွာပင် နားလည်လိုက်သည်။

"ဒါဖြင့်လည်း ကျွန်တော် နယ်ကပြန်လာမှပဲ ပြောကြတော့ ဦးရယ်"

www.burmeseclassic.com

www.burmeseclassic.com



သည်နေရာမှာတော့ ကိုရှုပ် လူလည်ကျလိုက်ခြင်းဖြစ်သည်။ နောက်သလိုလိုနှင့် ပြောင်သလိုလိုနှင့် သူ၏လာရင်းကိစ္စကို ပြောင်သလိုလို အမှတ်မထင် ပြောလိုက်သည်။

"ဟေ- နယ်ကပြန်လာမှ ဟုတ်လား၊ ဘယ်နယ်က ပြန်မှာလဲ"

"ကျွန်တော့်နယ်ပေါ့ ဦးရဲ့ ကျွန်တော်သည်ကိစ္စကို လာပြောတာပါ၊ ကျွန်တော် အညာကို ခဏပြန်ချင်လို့၊ ဂျာနယ်ကိစ္စတွေလည်း အပြတ်လုပ်ပြီးသားပါ၊ ဟိုမှာ ကျွန်တော့်ဘကြီး ပဒွင်းခံမှာမို့ ပြီးတော့ အညာကိုမရောက်တာလည်း"

"ဒါတွေက ငါနဲ့မဆိုင်ပါဘူးကွ"

"ကျွန်တော်က တာဝန်အရပြောတာပါ"

"ငါ့မှာ မင်းနဲ့ပတ်သက်လို့ ဘာတာဝန်မှ မရှိဘူး၊ သွားချင်ရာသွားနိုင်တယ်"

"ဟုတ်ကဲ့ အဲဒါခရီးစရိတ်လည်း"

"အသင့်ပါပဲ မောင်ရာ၊ ရော့ ရေကြည့်အုံး"

ကိုရှုပ်သည် အခုလို ဦးမိုးသီးက ချက်ချင်းကြီးလိုက်လျောနေသည်ကို လုံးဝနားမလည်ချေ။ မျက်နှာတွေဘာတွေကလည်း မလှုပ်ဘဲကိုး။

ဦးမိုးသီးပေးသောငွေကို ရေတွက်ကြည့်သောအခါ ကိုးရာတိတိ။



"ကျွန်တော် နှစ်ရာလောက်ပဲလိုချင်တာပါဦး"

"အကုန်သာ ယူသွားပါလေ၊ ငွေကိုးရာ လက်ခံရရှိကြောင်းသာ သည် စာရွက်ပေါ် လက်မှတ်ထိုးပေးခဲ့"

"မဟုတ်ဘူး ဦးလေး၊ အဲသည်လောက်ငွေကို ကျွန်တော် တော်တော်နဲ့ ပြန်ဆပ်နိုင်မှာ မဟုတ်ဘူး"

"ပြန်ဆပ်စရာမှ မလိုဘဲကွ၊ ဒါငါက မင်းကို ဘောက်ဆူးပေးတာပဲ"

ပြောင်ချောချောပြောလိုက်သော ဦးမိုးသီး၏စကားကို ကိုရှုပ် အတည်ပင်ထင်နေသည်။ ကိုရှုပ်သည် နားမလည်စွာဖြင့်ပင် ငွေကိုးရာကို လက်ခံလိုက်သည်။ ပြီးတော့ သည်အဘိုးကြီးနှင့်နောက်ထပ်စကားမဆက်လိုတော့ပါ။ ဦးမိုးသီးနှင့်က အတက်နိုင်ဆုံး စကားမပြောနိုင်တာကောင်းသည်။ ပြောလျှင် အရစ်ရှည်နေယုံမှတစ်ပါး အခြားဘာမှ အရာထင်မည်မဟုတ်။ သည်လိုပဲ ဝူးဝါးဝူးဝါးပြောပြီး ပြီးတော့လည်း ဘာမှ ဟုတ်တတ်သည်မဟုတ်။

ထို့ကြောင့်ပင် နောင်ခါလာ နောင်ခါချေး ကြည့်ရှင်းမည်။ လောလော ဆယ်လိုတာရပြီ၊ လိုတာထက် ပိုရပြီ၊ ဇာတ်ထုပ် မြန်မြန်ဖြတ် ပြီးတော့ သူ့အပါးမှ လစ်လျှင်သင့်မည်။

"ကျွန်တော် သွားမယ်ဦးလေး၊ အညာကို ဘာမှာချင်သေးလဲ"

"ကျေးဇူးပါပဲ မောင်ရာ၊ ကျေးဇူးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



မပေးစဖူး ထူးထူးခြားခြားထုတ်ပေးလိုက်သော ရတောင့်ရခဲ ငွေကိုကိုင်ပြီး ပထမဦးဆုံးဘားလမ်း မှတ်ဆိတ်လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့သည်။

စာသမားပေသမားဆိုသည်ကလည်း ငွေကလေးမြက်မြက် ရမလိုက်လေနှင့်၊ ရလိုက်သည်နှင့် အပေါင်းအသင်းကို ရှာတော့မည်သာ။ အနည်းဆုံးလက်ဖက်ရည်ကလေးတော့ တိုက်လိုက်မှ နေသာထိုင်သာ ရှိသွားတတ်သည်။

မှတ်ဆိတ်ဆိုင်ရောက်တော့ လူအတော်စုံနေပြီ၊ အားလုံးလိုလို အသိတွေချည်း။ တချို့ကလည်း စာသမားသူငယ်ချင်း၊ တချို့ကလည်း လက်ဖက်ရည်ဆိုင်ထိုင်ရင်း သိသွားသောသူငယ်ချင်း။

ကာတွန်းကိုစိန်ကြီးနှင့် လွင်စန်းယဉ်တို့ဝိုင်းမှာ ထိုင်လိုက်သည်။ သည် လူကြီးတွေဝိုင်းမှာ ရွေးထိုင်ရသည်မှာ အကြောင်းရှိသည်။ များသောအားဖြင့် လက်ဖက်ရည်ဆိုင်ထိုင်လိုက်လျှင် သူတို့ကသာ ငွေရှင်းပေးလေ့ရှိသောကြောင့် ဖြစ်သည်။

သည်တစ်ချီ ကိုယ့်မှာငွေရှိတုန်း သင်းတို့ကို လက်စားချေ ရမည်။

"ဘယ်ကလှည့်လာသလဲ ကိုရှုပ်"

"ခင်ဗျားတို့ကို လက်ဖက်ရည်တိုက်ချင်လို့ လိုက်ရှာ နေတာဗျို့"

ဦးမိုးသီး၏အဒေးခန်း အလုပ်စားပွဲတွင် တင်းတင်းကျပ်ကျပ် ဖြစ်လာခဲ့ရသမျှ ခုလို ပလက်ဖောင်းလက်ဖက်ရည်ဆိုင်ရောက်မှပင်



နေသာထိုင်သာရှိသွားတော့သည်။ ရယ်ကာမောကာ စကားပြော နိုင်တော့သည်။ အညာပြန်မည့်အကြောင်း ဦးမိုးသီးက ငွေကိုးရာကြီးများ တောင် ပူဇော်ကန်တော့လိုက်သည့်အကြောင်း။

"ဟ နင့်ကို သုံးလခပေးပြီးတော့ အလုပ်ဖြုတ်လိုက်တာ များလား ရှေ့ပါရယ်"

လွင်စန်းယဉ်ပြောကာမှ သည်ကိစ္စကို သတိရတော့သည်။ ကြည့်စမ်း။ ဟုတ်ပေသားပဲ။ ကိုရှုပ်၏လခသည် သုံးရာ။ ပြီးတော့ ဦးမိုးသီးပြောလိုက်သော စကားတွေ။

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့ လွင်ကြီးရာ၊ ဒါပေမယ့် သူကိုယ့် ဘို့ အလုပ်ဖြုတ်တာ၊ ဒါပါနဲ့ဆို အကြိမ်တစ်သိန်းလောက်ရှိနေပါပြီ။ ဘာထူးဆန်းတော့ပါဘူး"

လွင်စန်းယဉ်ကို ကိုရှုပ်တို့က "လွင်ကြီး" ဟု ချစ်စနိုးခေါ်ကြ သည်။ ကိုရှုပ်စကားမှန်သည်။ ဦးမိုးသီးသည် ကိုရှုပ်ကို ခဏခဏ အလုပ်ဖြုတ်တတ်သည်။ ပြီးတော့လည်း ဟုတ်သည်မဟုတ်။ ကိုယ့် ဘာသာ ဂရုမစိုက် အလုပ်ဆင်းနေလျှင် သူ့ဘာမှ မပြောပြန်တော့ ချေ။ သည်ကိစ္စအတွက်တော့ ရိုးနေပါပြီ။

"အေး ဒါပေမယ့် တစ်ခုတော့ရှိတယ်ကွ၊ အရင်က ငါ့ကို အလုပ်ဖြုတ်ရင် ပါးစပ်နဲ့ပဲဖြုတ်တာ"

"ဘာတုန်း ခုတော့ ဖနောင့်နဲ့ပေါက်ပြီး ဖြုတ်လိုက်လို့လား" ကိုစိန်ကြီးက ဝင်နှောက်သည်။

"ဖနောင့်နဲ့ပေါက်လို့ကတော့ ဘယ်ခံသိမ့်မလဲ ကိုစိန်ကြီးရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတုန်း ခေါင်းစင်းပေးလိုက်မယ်ပေါ့ ဟုတ်လား"

"ခြေသလုံးဖက်ကိုက်ပစ်လိုက်မှာပေါ့"

သည်ကိစ္စနှင့်ပတ်သက်၍ ရယ်စရာမောစရာအဖြစ်သာ ပြောပစ်လိုက်ကြသည်။

"အေးပေါ့ကွာ၊ ငွေနဲ့ပေါက်တာဆိုတော့ ခံသာတာပေါ့"

× × ×

## အချစ်နှင့် သူ၏ကိုကို

(၁)

နံနက်ဝေလီဝေလင်း။

ရန်ကုန်မြို့။

"ရန်ကုန်-မကွေး" မော်တော်ကားဂိတ်။

သည်လောက်ပြောပြ၍ မလုံလောက်ပါလျှင် အောက်ပါအတိုင်း ပြောပြရစေ။

× × ×

ကိုယ့်စိတ်၌ ဖြစ်ပေါ်နေတတ်သော ဝေဒနာပေါ်မူတည်ပြီး တစ်ခါတစ်လေ လှလိုက်၊ တစ်ခါတစ်လေ ရုပ်ဆိုးလိုက်ဖြစ်တတ်သော ကြယ်များသည် သူတို့ဖာသာသူတို့ မသိလိုက်ဖာသာပင် နေနေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ်သည် ကိုယ့်သောကနှင့်ကိုယ် ဖြစ်လာခဲ့ရသော ကြောင့် ကြယ်ကလေးများအကြောင်း မစဉ်းစားမိချေ။ ကြည့်လည်း မကြည့်မိပေ။ ချစ်ချစ်မျက်လုံးများသည် ဦးတည်ရာမရှိ ကျိုးကြည့် ကြောင်ကြည့် ကြည့်နေပါသည်။

ပထမဆုံးအတွေ့အကြုံမို့ ချစ်ချစ်စိတ်တို့ အရမ်းလှုပ်ရှား နေကြပါသည်။

ချစ်ချစ်ဘာကြောင့် ခုလောက် စိတ်လှုပ်ရှားနေရခြင်း အကြောင်းကိုကား ပြောပြစရာမလိုတော့ဟု ထင်ပါသည်။

အိမ်မှ ထွက်ထွက်ချင်း ပထမဆုံး ရှိစီငြိမ်းထံရောက်ခဲ့သည်။ ရှိစီငြိမ်းရင်ကို မျက်နှာအပ်ပြီး ငိုချခဲ့သည်။ ရှိစီငြိမ်းရင်ဘတ်တွင် ဆွတ်ထားသော ဘရုရေမွှေးနံ့ကိုပင် သတိမထားနိုင်ခဲ့။ အရင်ကဆိုလျှင် ရှိစီငြိမ်းအခန်းထဲဝင်လိုက်သည်နှင့် သူသည် ကနေ့အဖို့ အဘယ်မည် သော ရေမွှေးကိုဆွတ်ကြောင်း ချစ်ချစ်သတိထားမိခဲ့မိမြဲ ဖြစ်သည်။ သူတို့သည် ရေမွှေးသူငယ်ချင်းများဖြစ်ကြပါသည်။ ထို့ကြောင့်ပင် တစ်ယောက်အကြောင်း တစ်ယောက်ပြောစရာမလိုအောင် သိကြ သည်ဟု ယူဆရပါမည်။

တကယ်တော့ဘဝဆိုသည်မှာ ဘာရယ်မှန်းမသိသော်လည်း ရေမွှေးမဟုတ်သည်ကတော့ သေချာနေပါသည်။ အခု ကိုယ့်ပူပန်မှုနှင့် ကိုယ်ဖြစ်လာရသောအခါ ရေမွှေးသည် ဂရုစိုက်အပ်သောအရာ မဟုတ်နိုင်တော့ပါ။

"ဒီတော့ ယူ ဘာလုပ်ချင်လို့လဲ"



"ဖေဖေ့ကို မုန်းချင်တယ်"

"မုန်းပစ်လိုက်ပေါ့"

"မရဘူး"

"ကိုယ်ဘာကူညီရမလဲ"

"ဖေဖေ့ကို မုန်းလို့ရအောင် လုပ်ပေးပါလား၊ ရှိစီရယ်"

သည်တော့လည်း ရှိစီငြိမ်းသည် ချစ်ချစ်ကိုကလေး တစ်ယောက်ကဲ့သို့ ပွေ့ဖက်ချော့မော့ရပြန်ပါသည်။

နောက်ဆုံး ချစ်ချစ်က ရှိစီ့ထံမှ အကူအညီတစ်ခု တောင်း သည်။

"ရှိစီ့ကို ချစ် ယုံတယ်နော်၊ ရှိစီ သစ္စာမဖောက်ရဘူး ကတိပေးလား"

"ပေးပါတယ် ချစ်ရယ်၊ ကိုယ့်အကြောင်းလဲ ယူ သိသားနဲ့ အဲ- ပြော ကိုယ်ဘာလုပ်ပေးရမလဲ"

"ကိုယ် အိမ်ကို လုံးဝမပြန်ချင်ဘူး"

"အေးပေါ့ ကိုယ့်အိမ်မှာပဲ ပျော်သလောက်နေပေါ့"

"ဟင့်အင်း ရန်ကုန်မှာကို မနေချင်ဘူး၊ ချစ် ရန်ကုန်မှာ နေရင် ဖေဖေ တစ်နည်းနည်းနဲ့ သိမှာပဲ၊ မယုံရင်ကြည့် တော်ကြာ နေ့ရင်တောင် ရှိစီ့ဆီ ချစ်ရောက်နေသလားလို့ လာရှာမှာသေချာတယ်"

"အဲဒီတော့ မြို့ထဲက ရှိစီ့သူငယ်ချင်းတစ်ယောက်ယောက် အိမ်ကို ချစ်သွား အိပ်ချင်တယ်၊ မနက်ဖြန် မနက်စောစော ဒဂုံမန္တလေး ကားနဲ့မန္တလေးကို လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှိစီသည် နည်းနည်းကလေးသာ စဉ်းစားပါသည်။ ပြီးနောက် အဘိဓမ္မာတစ်ရပ်ကို ဖွင့်လေသည်။

"အဖေနဲ့ အဆင်မပြေလို့ အိမ်က ဆင်းတာကတော့ ပျော်စရာတစ်မျိုး ကောင်းတာအမှန်ပဲ၊ ဒါပေမယ့် တစ်ယောက်တည်း ခရီးသွားမှာကတော့ အန္တရာယ်များတယ် ပြောတာပါ။ ပြီးတော့ ချစ်က လုတယ်မဟုတ်လား"

"ကဲပါ ရှိစီရယ်၊ ကူညီမလား မကူညီဘူးလား။ ဒါပဲပြော ရှိစီ ချစ်အကြောင်းလဲ သိသားနဲ့ပြီးတော့ ဖေဖေမကြာခင် ဒီအိမ် လာရှာမှာလဲ စိုးရသေးတယ်"

"ဒီအတွက် မပူပါနဲ့ ကိုယ် ယူဖားသားကို ကြည့်လိုမ့်ပါ့မယ်၊ အရေးကြီးတာက ချစ် သေသေချာချာစဉ်းစားပြီး ဆုံးဖြတ်ဖို့"

"ရှိစီ ချစ်ကို ဆရာလုပ်နေတာလား မရဘူး။ ကဲ- သွားတော့ မယ်"

ချစ်ချစ်သည် သူ့လက်ဆွဲအိတ်ကို ဆွဲလျက်၊ ချာခနဲ ထွက်ခဲ့၏။ သည်တော့မှ ရှိစီက တားရပြန်ပါသည်။

"နေအုံးချစ်၊ ကိုယ်ပါ ဝိုင်းစဉ်းစားပြီး အစီအစဉ်ချပေးမယ်၊ ချစ် မန္တလေးကိုသွားဖို့ ဆုံးဖြတ်ပြီးပြီနော်"

"အင်း"

"ကောင်းပြီ ဟိုမှာ ဘယ်သူရှိသလဲ"

"ဒေါ်လေးတစ်ယောက်ရှိတယ်၊ သူက ဖေဖေ့နှစ်မဝမ်းကွဲ



ဖေဖေနဲ့မခေါ် မပြောဘဲနေလာတာ ဆယ့်ငါးနှစ်လောက်ရှိနေပြီ"

"အိုကေ ဒါဆို ဟိုမှာအတွက်က စိတ်ချရပြီ။ ဒီညတစ်ည ကိုယ့်သူငယ်ချင်းတစ်ယောက်ဆီမှာ သွားအိပ်ဖို့လဲ ပြဿနာမဟုတ်ဘူး။ အဲ- အရေးကြီးတာ တစ်ခုရှိတယ်"

ရှိစီသည် ချစ်ချစ်ကို အမြဲတမ်းနည်းပေးလမ်းညွှန်လုပ်သူ ဖြစ်လေသည်။ ကောင်းသည့်နေရာ၊ ဆိုးသည့်နေရာ မဟုတ်ပါ။ ဘယ်နေရာ ဖြစ်ဖြစ် သူကလည်သည်။ အကွက်စေ့စေ့ လုပ်တတ်သည်။ ပိုက်ဆံ ချမ်းသာသော သမီးပျိုချင်းတူပေမယ့် သူက ချစ်ချစ်ထက် လည်သည်။ သူကြီးသူကြီးနှင့် ဆက်ဆံတတ်သည်။ နေရာတကာဝင်ဆံ့သည်။

ချစ်ချစ်ဆိုသည်ကတော့ နွဲ့ဆိုးဆိုးတာ၊ ဂျစ်ကန်ကန်နိုင်တာ လောက်က လွဲလျှင် အီးပေါ်လော။

"အရေးကြီးတာက ချစ် ဒီရန်ကုန်ကအထွက်ပဲ ဘာလို့လဲ ဆိုတော့ ချစ် ဖားသားကြီးက သိပ်လျှင်တာ၊ မီးရထား၊ သင်္ဘော၊ မော်တော်ကား။ လေယာဉ် အားလုံးပိုင်ပြီးသား။ ဒီဌာနတွေမှာ ဖမ်း ခိုင်းထားရင် ချစ် ပြေးမလွတ်နိုင်တော့ဘူး။ ခုလဲ ချစ်ထင်သလို ချစ်ကို အပူတပြင်းလိုက်ရှာဖို့ထက် သတင်းစာတို့ ရဲဌာနတို့ သယ်ယူ ပို့ဆောင်ရေးတို့မှာ လိုအပ်သလို သူလိုက်နေပြီဖြစ်လိမ့်မယ်"

"ဟင် ဒီလိုဆို ချစ် ဘာလုပ်ရမလဲ"

"နေအုံး ကိုယ်ပြောပြမယ်"

ဤသို့ဖြင့် ချစ်ချစ်သည် ညက တရုတ်တန်းက ရှိစီ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအိမ်တစ်အိမ်မှာ အိပ်ဖြစ်လိုက်သည်။ အိပ်သော်လည်း အိပ်လို့တော့မပျော်ပါချေ။

ချစ်ချစ်ကဲ့သို့ တစ်မိပေါက်တစ်ယောက်တွန်း၊ ရွှေပေါ်မြတင်၊ အိမ်ပေါ်မှဆင်း ကားပေါ်တက်နှင့် နေခဲ့ရသူအဖို့ သည်လိုကိစ္စမျိုးသည် အာဂစွန့်စားခန်း မဟုတ်ပါလား။

ရိုစီ့ကို သည့်အတွက် ချစ်ချစ်အားကိုးရခြင်းဖြစ်သည်။ ရိုစီသည် နေရာတကာမှာ သွေးအေးအေးနှင့် အကွက်စေ့သူဖြစ်သည်။ နေ့လည်က ဖေဖေသည် ရိုစီ့အိမ်သို့ အလျားဖားလျားလိုက်လာခဲ့သည်။ ရိုစီက ချစ်ချစ်ကို သူ့အိပ်ခန်းထဲမှာဝှက်ပြီး သော့ခတ်ခဲ့သည်။ ရိုစီ့မိဘတွေကလည်း မဟာစေတီ ထီးတော်တင်ပွဲ သွားနေကြသဖြင့် အိမ်မှာ ရိုစီတစ်ယောက်တည်း ရှိနေသည်။

"ဟင်· · ·ဟုတ်လား။ ဒုက္ခပါပဲ ခက်ပါတယ်။ မိချစ်ချစ် တစ်ယောက်ဟာလေ · · ·ကဲ-ကျွန်မ ဘာကူညီရမလဲ အန်ကယ်၊ ဒီကိုတော့ မလာဘူး။ ဒီကိုလာရင် အန်ကယ် လိုက်လာမယ်လို့ သူ တွက်ပုံရတယ်။ အင်း-နေအုံး။ ဗွတ္တလစ်မှာတော့ ကျွန်မတို့ သူငယ်ချင်း တစ်ယောက်ရှိတယ်။ မသန်းကြည်တို့အိမ်များ ရောက်နေမလားပဲ လား- အန်ကယ် ရိုစီပါလိုက်မယ်။ ဗွတ္တလစ်သွားကြည့်ရအောင်· · ·"

ဤနည်းဖြင့် အဖိုးကြီးကို အချာလည်သွားစေခဲ့သည်။ သူ့ကိုပါ ယုံကြည်သွားစေခဲ့သည်။ ဘယ်လိုကဘယ်လို ဆွဲထုတ်ယူလိုက်သည် မသိ ရိုစီတစ်ယောက် မျက်ရည်တွေဘာတွေလည်လို့။

ပြီးတော့မှ ရိုစီက အကွက်ချသည်။



"မန္တလေးကို တိုက်ရိုက်မသွားနဲ့ ဒီမနက်စောစော မကွေး ကားစီး။ သာမန်ခရီးသည်တင်တဲ့ ကားနဲ့သွား။ ပြည်ရောက်တော့ ကိုယ့်သူငယ်ချင်းတစ်ယောက် အိမ်သွား။ ပြည်မှာ တစ်အိပ်လိုက်။ ကိုယ့်သူငယ်ချင်းလိပ်စာရော သူ့အတွက်ပါ စာရေးပေးလိုက်မယ်။ ဘာမှ စိတ်ပူစရာမလိုဘူး။ သူလဲ ကိုယ့်လောက်နီးနီးတော့ ဖျံကျတာပဲ မဟုတ်လား"

ရိုစီ့အစီအရင်တွေက ညက်သည်။ ပြည်မှာ တစ်အိပ်ပြီး ပြည်မှမန္တလေးသို့ တစ်ဆစ်ချိုးချိတက်။ ဘတ်စ်ကားနှင့်ပင်သွား။

"နက်ဖြန်ညနေကျမှ ကိုယ်ကယူ့အိမ်ကို သတင်းသွားပို့မယ်"

"ဟင် -ဘာသတင်းလဲ "

"အို· · ·ယူ ပြည်ကိုသွားတယ်ဆိုတဲ့ သတင်းပေါ့"

"ဘယ်လို ချစ် နားမလည်ဘူး"

"ဒီလိုလေကွယ်၊ ယူ မနက်က မန္တလေးဘက်ကို သွား တယ်လို့ သတင်းရတယ်၊ အဲဒီ မိတ္ထီလာကနေ ပြည်ဘက်ကို သွား မယ်။ ဘာညာကွိကွပေါ့· · ·"

"လမ်းမှာ ဝိတ်မိရင်ကော"

"အဲဒါပြောတာပေါ့၊ သူတို့က အသွားလမ်းတွေပိတ်ပစ်။ ယူက အပြန်လမ်းဖြစ်နေပြီ။ ကဲ· · ·မပိုင်ဘူးလား"

"ဖြစ်ပါ့မလား ရိုစီရယ်"

ရိုစီရယ်လေသည်။ ရိုစီသည် သူကိုယ်သူ အမြဲတမ်း ယုံကြည်တတ်သူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မှတ်ထားချစ်ချစ်…လူဆိုတာက တစ်ခါတစ်လေ ဝန်ခံပြီးတော့မှ လိမ်တဲ့လူကို ပိုပြီးယုံကြည်တာကွ"

ချစ်ချစ်သည် ရိုစီ၏အဘိဓမ္မာကို ကောင်းကောင်းနားမလည်ချေ။ သို့သော် ရေးတေးတေးတော့ ရိပ်မိသွား၏။ အဝေးကြီးမှ ကွင်းရှောင်သည်ထက်စာလျှင် ပွတ်ကာသီကာ ရှောင်ခြင်းသည် ပို၍လွတ်မြောက်လွယ်သည် မဟုတ်ပါလား။ ရိုစီပြောသည့်မှာ သည်အဓိပ္ပာယ်ပင်ဖြစ်လိမ့်မည်ဟု ချစ်ချစ်ထင်သည်။

တခွတ်ထိုး အိမ်ကထွက်ပြေးလာပြီးမှ အားငယ်သလိုလို နောင်တရသလိုလို ဖြစ်နေရှာသော ချစ်ချစ်သည် နောက်ဆုံးရိုစီ့ အစီအမံအတိုင်းသာ ခေါင်းညိတ်နေရတော့သည်။

ကိုယ့်လုပ်ရပ်အပေါ်မှာပင် ဝေဝါးဝါးဖြစ်နေသော ချစ်ချစ်ထက်ပင် ရိုစီက ပို၍တက်ကြွနေသည်။ သူ့သူငယ်ချင်း၏ စွန့်စားခန်းကြီးကို သူက နံဘေးမှပျော်ရွှင်စွာအားပေးနေပါပြီ။

ချစ်ချစ်မှာသာ သူ၏ကလေးဆန်သော ဆုံးဖြတ်ချက်အတွက် မတင်မကျ ဖြစ်နေ၏။ အဖေ့ကို လွမ်းသလိုလို၊ အဖေ့ကို မုန်းသလိုလို နှင့်လိုလိုတစ်မျိုး ဖြစ်နေရ၏။

ချစ်ခြင်းနှင့်မုန်းခြင်းသည် ပုံသဏ္ဍာန်မတူသော်လည်း မေတ္တာအရင်းခံအကြောင်းအရာတစ်ခုတည်းသာဖြစ်မှန်း ချစ်ချစ် ဘယ်လိုသိပါမည်နည်း။

နှလုံးသား၏ ခံစားသိတတ်မှု တစ်ခုတည်းနှင့် ဆုံးဖြတ်ပါ



လျှင် အချစ်နှင့်အမုန်းသည် သီးခြားနေဟန်ရှိ၏။ ဦးနှောက်၏ ဆုံးဖြတ်မှုနှင့်ပူးပေါင်းခံစားကြည့်ပါလျှင် အချစ်နှင့်အမုန်းသည် အတူတူပင်ဖြစ်နေပါသည်။

ချစ်ချစ်သည် ငယ်သူတို့သဘာဝအတိုင်း ဖခင်ကို နှလုံးသားတစ်ခုတည်း၏ခံစားမှုဖြင့် ဆုံးဖြတ်နေပါသည်။ ထိုအခါ ဖခင်ကို ချစ်ခြင်းနှင့် မုန်းခြင်းတို့ သီးခြား ဖြစ်ပေါ်လာတော့သည်။ သီးခြားဖြစ်ပေါ်လာတတ်သော ဝတ္ထုပစ္စည်းတို့၏သဘာဝအတိုင်း အားပြိုင်မှုပါဖြစ်လာတော့သည်။

ထို့ကြောင့် ချစ်ချစ်သည် အိမ်မှာမနေချင်တော့ခြင်းနှင့် အိမ်မှာသာပြန်နေလိုခြင်းတို့ အားပြိုင်လှုပ်ရှားမှုကို တစ်ပြိုင်တည်း ခံစားလာရတော့သည်။

သို့သော် အရာရာတွင် စိတ်၏ခံစားရခြင်းသည် တွေဝေသော သဘောရှိသော်လည်း ရုပ်၏ခံစားရခြင်းသည် ဆုံးဖြတ်လွယ်သော သဘောကိုဆောင်၏။

ချစ်ချစ်သည် သူ၏ပါးနုနုကလေးကို ယောင်ယမ်းပွတ်သပ်မိသောအခါ ခုနကတင် ဖေဖေက သူ့ပါးကို ရိုက်ခဲ့သည်။ နာကျည်းခံခက်လာလေသည်။ မျက်ရည်ပူတို့ ရုတ်ချည်းအန်လာ၏။

ပါးကို လက်ဝါးဖြင့် ရိုက်နက်ခြင်းသည်လည်းကောင်း၊ မျက်ရည်ပူအန်ခြင်းသည်လည်းကောင်း ရုပ်ဝတ္ထု၏ ခံစားမှုသဘော မဟုတ်ပါလား။

"ချစ် မန္တလေးရောက်ရင် ရိုစီ့ဆီ စာရေးလိုက်မယ်ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ဒီက အခြေအနေတွေလဲ ရှိစီက စာရေး"

"စာမရေးဘူး ကိုယ်နက်ဖြန်ည ပြည်ကို တယ်လီဖုန်းကွန်တက်(အဆက် အသွယ်)လုပ်မယ်၊ ဘာမှမပူနဲ့၊ တစ်စုံတစ်ရာ ထူးခြားရင် ကိုယ်က ဒီမှာရှန်တိန် (လမ်းပြောင်းလမ်းလွှဲ) လုပ်ထားမယ်"

× × ×

ကျောင်းမှာတုန်းက ခြေလျင်နှင့်တောင်တက်အသင်းကို ချစ်ချစ်ဝင်ခဲ့ဖူးသည်။

သည်တုန်းကမှလွဲလျှင် ခုလို နံနက်ဝေလီဝေလင်း ချစ်ချစ် ခရီးမသွားဖူးသေးချေ။ အိမ်ကိုပြန်ရင်ကောင်းမလားဟူသော အတွေးသည် ဘတ်(စ်)ကားဂိတ်ရောက်သည်ထိ တချက်ချက်ပေါ်လာနေသေးသည်။

ဘတ်(စ်)ကားဖြင့် ခရီးသွားရသော လုပ်သားပြည်သူများ၏ ဘဝကြမ်းကိုလည်း ရွံသလိုလို ရှိနေသည်။ တစ်ယောက်တည်း ခရီးသွားရမည်ကိုလည်း ထိတ်လန့်မိသည်။ လူသံသူသံ ရုတ်ရုတ်သဲသဲကြားတွင် ချစ်ချစ်မနေတတ်။ ကားသည် သာမန်ခရီးသည်တင်ကားဖြစ်သည့်အလျောက် ပစ္စည်းမျိုးစုံကလည်း အသက်ရှူမဝနိုင်အောင် မွှမ်းကျပ်လှသည်။

ပြီးတော့ ချစ်ချစ်ရယူထားသော နေရာကလည်း မနိုပ်။



အလယ်ကောင် လူသွားလမ်းနှင့်ကပ်လျက်။ သူ့ဘေးကထိုင်နေသော လူကြီးကလည်း အပေါက်ခပ်ဆိုးဆိုးပင်၊ အနံ့ဆုံးမှာ ထိုလူကြီးသည် ပဲဝပ်အဟောင်းသားနှင့် ငိုက်မြည်းနေခြင်းဖြစ်သည်။ သူ့ပါးစပ်နံ့က ဆိုးရွားလှသည်။ မပျို့မအန်မိအောင်ပင် သတိထားနေရသည်။

ရှိစီကလည်း ညနေစောင်းကတည်းက သူ့အိမ်လှ ပြန်သွားပြီ၊ သူ့အိမ်ကပါ ရိပ်မှာစိုးလို့။ ရှိစီကတော့ ပထမ ပြောရာပါသေးသည်။

"ယူလဲ ကိုယ့်အကြောင်းသိသားပဲ၊ ယူ့ကိုလိုက်ပြီး ကူညီချင်ပါတယ်။ ဒါပေမယ့် ကိုယ့်မှာ ရန်ကုန်ကကို ခွာလို့မရတဲ့ ပြဿနာက ရှိနေတော့"

သည့်အတွက် ချစ်ချစ် သဘောပေါက်ပြီးသားဖြစ်သည်။ ရှိစီသည် ရေလထဲ မင်္ဂလာဆောင်မည်။ ရှိစီ့ကိစ္စတွေးမိတော့ ပို၍ပြီး ဆောကျင်လာမိသည်။ ရှိစီသည် ချစ်ချစ်နှင့်အတူ ရည်းစားမထားကြေး သူငယ်ချင်းအဖြစ်နေခဲ့ကြရာ သင်းက ချစ်ချစ်မသိအောင် ရည်းစားနှင့်ပြီး ထားခဲ့သည်။

ခု သူတို့ လက်ထပ်တော့မည်။ သူ့မိဘများကလည်း ရှိစီ့ သဘောကျ။ ရှိစီဘဝကို အားကျမိသည်။ သို့သော် ချစ်ချစ်သည် ရည်းစားလည်းမထားဖူးခဲ့။ ဟိုလိုမျိုးစိတ်လည်း မရှိခဲ့။ (ဟိုလိုစိတ်မျိုးဆိုသည်မှာ ချစ်သူနှင့် ဘုရားတွေဘာတွေ အတူလည်ဖူးချင်သောစိတ်ကို ဆိုလိုပါသည်)

"အေးကွယ်၊ ယောက်ျားတစ်ယောက်ရပါမယ့်အရေး ငင်နန်း လိုက်တာ ချစ်ရယ်၊ ချစ်တော့ ခုလိုပဲ နေအုံးမှာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို နားမလည်ပါ။ ချစ်ချစ်သည် သူ့အဖြစ်နှင့်သူသာ နှိုင်းယှဉ်နေမိသည်။ ချစ်ချစ်အဖို့ရာကား ယောကျ်ားတစ်ယောက် လွယ်လွယ်နှင့် ရတော့မည်ကိန်းဆိုက်နေသဖြင့် အိမ်မှထွက်ပြေးခဲ့ရသည် မဟုတ်လား။

ခရီးသည် မိန်းမကြီးနှစ်ဦး ရန်ဖြစ်ဆဲဆိုနေကြသံများသည် အာရုံဦး၏ ရောင်နီကို ဖိတ်ခေါ်နေပါသည်။ အရှေ့အရပ်မှထွက်လာတော့မည်နေမင်းကို ကြိုဆိုသောအားဖြင့် ချာတိတ်သုံးကောင် ဂီတာခေါက်နေကြသည်။ သူတို့သည် ချစ်ချစ် နှစ်ခုံကျော်မှာ ရှိကြသည်။ နောက်ကျောပေးထားသော်လည်း ချာတိတ်သုံးကောင် အသံလုံ၍ အပြိုင်ဆိုနေကြခြင်းသည် ချစ်ချစ်ကို ရည်ညွှန်းကြောင်း သိသာလှသည်။ ချစ်ချစ်စိတ်၌ ငယ်ဂုဏ်ကလေး ပြန်ဝင်လာသည်။ ပျော်သလိုလို အရှိသားကွဲ။

ခရီးစထွက်ရန်အချိန်လိုသေးသော်လည်း မော်တော်ကားကို အသင့်ရှိစေရန် စက်နှိုးကြသည်သောအခါ ခရီးထွက်တော့မည်အသိသည် ပို၍ခံစားဖွယ်ဖြစ်လာ၏။ ရင်နည်းနည်းခုန်သွားလေသည်။

ချစ်ချစ်ကို လိုက်ပို့ကြသော တရုတ်ကပြားမလေးနှင့် တရုတ်အဖိုးကြီးတစ်ယောက်တို့သည်လည်း နှုတ်ဆက်ပြန်သွားကြပြီဖြစ်၏။ သူတို့ကို ရှိစီငြိမ်းက မည်သို့မှာကြားသည်မသိ။ သူတို့သည် ချစ်ချစ်ကို လိုသည်ထက်ပို၍ ဂရုမစိုက်ခဲ့ကြ။

အာရုံဦးသည် တဖြည်းဖြည်းပို၍ ဆူညံလာသည်။ အိပ်ရာမှ



ရုန်းလွန့်လိုက်သော ရန်ကုန်မြို့၏ သန်းဝေသောအသံဟု မှတ်ယူကြပါကုန်။

အိပ်မှုံ့ဆုံ့မွှားဖြစ်နေသော ရန်ကုန်မြို့၏ ချိုင်းကြားဒေသလောက်ကျရောက်သည်ဟုဆိုရမည့် ကီလီလမ်း။ မကွေး-ရန်ကုန်ဘတ်(စ်)ကားဂိတ်တွင် ချစ်ချစ်နှင့် သူ၏ကိုကိုတို့ စတင်တွေ့ဆုံကြလေသတည်း။

ချစ်ချစ်သည် သူ၏နံဘေးမှ ပါးစပ်အနံ့အသက် ဆိုးရွားသောလူကြီး၏ဒဏ်ကို မခံနိုင်သဖြင့် ကားအောက်သို့ အညောင်းပြေခဏဆင်းခဲ့၏။ ဘတ်(စ်)ကားဖြင့် ခရီးမသွားဖူးသူတို့ထုံးစံအတိုင်း ကားထွက်သွား၍ မမီလိုက်မှာကို စိုးရိမ်မိသဖြင့် ကားအနီးတွင်သာ ယောင်ပေပေရပ်နေမိ၏။

ထိုအချိန်တွင် သူ၏ကိုကိုဖြစ်လာမည့် ကိုရှုပါ၏ ကဗျာဆန်သောအသံကို စတင်ဂရုစိုက်မိခြင်း ဖြစ်လေသည်။

"ပေး ပေး . . . ကိုယ့်ကိုတော့ ဖြုတ်လိုက်ပြန်ပြီကွ အလုပ်က"

"ဟင်- မောင်ရင် အလုပ်ပြုတ်လာတာလား။ အလုပ်ပြုတ်တာတဲ့မျက်နှာကလည်းကွာ သူတောင်းစား ခွက်အသစ်တစ်လုံးတောက်ရသလို ပါဘဲလား"

"မှန်တာပေါ့ . . . ကိုယ့်ကို ဦးမိုးသီးက ခဏခဏ အလုပ်ဖြုတ်နေကျပဲ။ ဒါပေမဲ့ ကိုယ့်တာသာ အလုပ်ပြန်ဆင်းရင်လဲ သူ့ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မပြောပြန်ဘူး။ အလုပ်ပြုတ်တာ ကိုယ့်အဖို့ ရှိုးနေပြီ"

ချစ်ချစ်သည် ကိုရှုပါ၏ စကားသံကို စိတ်ဝင်စားရသည်မှာ ကိုရှုပါ၏အသံသည် ကြည်လင်ပြတ်သား နားဆင်ဖွယ်ကောင်းလှသောကြောင့် မဟောင်ကြပါနှင့်။

ဦးမိုးသီးဟူသော စကားလုံးကြောင့် ဖြစ်၏။ ချစ်ချစ်သည် ဦးမိုးသီးဆိုသော ဂျာနယ်တိုက်ပိုင်ရှင်၏ အကြောင်းကို သူ့ဖေဖေ ခဏခဏပြောနေသံ ကြားဖူးပြီးဖြစ်၏။ ဖေဖေသည် ဂျာနယ်သမားချင်း ဦးမိုးသီးနှင့် ရင်းနှီးပါသည်။

"ဒါပေမယ့် ဒီတစ်ခါတော့ လခသုံးလစာပေးပြီး ဖြုတ်လိုက်တာကွ၊ ဟဲ··ဟဲ ကိုးရာကြီးများတောင်···"

ချစ်ချစ်သည် ထိတ်လန့်သွား၏။ သည်လူသည် ဦးမိုးသီးနှင့် တနည်းနည်း ပတ်သက်တာတော့ သေချာနေပြီ။ သို့သော် သူပြောနေသော ဦးမိုးသီးသည် ဖေဖေ့မိတ်ဆွေ အာကာသဂျာတိုက်ပိုင်ရှင် ဦးမိုးသီး ဟုတ်မဟုတ်တော့ မသေချာသေးချေ။

"အလကားပါကွာ၊ ဒီလူကြီးက ဂျာနယ်တိုက်ပိုင်ရှင်တာ လုပ်နေတယ်။ ဝလုံးတောင် ပြောင်းပြန်ရေးတတ်တဲ့လူ မဟုတ်ဘူး"

သူတို့ချင်း ရယ်မောသဘောကျသွားသံများ ကြားတွင် ချစ်ချစ်သည် မော်တော်ကားပေါ်သို့ အသာကလေး ပြန်တက်ပြေးခဲ့ရလေသည်။ သင်းတို့သည် ဂျာနယ်သမားတွေ သေချာပြီ။ ချစ်ချစ်ကို တွေ့သွားလျှင် သိကြတဲ့အတိုင်း သတင်းရေးပေတော့မည်။

ချစ်ချစ်သည် ကားနောက်ပေါက်မှ လှည့်တက်ခဲ့သည်။



ကား၏ နောက်ဆုံးခုံတန်းတစ်ခုတွင် တစ်နေရာစာ လွတ်နေပါသည်။ ခုံက နှစ်ယောက်တွဲခုံ။ သို့သော် တစ်ယောက်စာနေရာတွင် စက္ကူထုပ်များတင်ထားသည်။

ပထမတော့ ချစ်ချစ်သည် သူ့နေရာသူ ပြန်သွားမလို့ ဖြစ်သည်။ သို့သော် သူ့နေရာတွင် မိန်းမကြီးတစ်ယောက် ရောက်နေသည်။ ထိုမိန်းမကြီးသည် ကိုယ့်ခုံနံပါတ်နှင့် ကိုယ်မထိုင်ဘဲ ဘာကြောင့် ချစ်ချစ်နေရာဝင်ထိုင်မှန်း ချစ်ချစ် သဘောမပေါက်ချေ။ ထိုမိန်းမကြီးကိုလည်း သွားမပြောရဲချေ။ ပြီးတော့ ဒီလို သာမာန်ဘတ်(စ်)ကားတွေမှာ ထိုင်ချင်သလို ထိုင်လို့ရသည့် ဥပဒေရှိ မရှိလည်း ချစ်ချစ်မသိ။

ထို့ကြောင့် လွတ်နေသော နေရာတွင်ပင် ဝင်ထိုင်လိုက်တော့၏။ ပြီးတော့ နံဘေးမှာလည်း လူမရှိ။ စက္ကူထုပ်သာ ရှိသည်။ ပြတင်းပေါက်နှင့်လည်း နီးသည်။ ဟို ပါးစပ်နံသော လူကြီးနှင့်လည်းဝေးပြီ။

"ဒီမယ်···"

ချစ်ချစ်သည် လန့်သွား၏။ ပို၍ လန့်ရသည်မှာ သူ့ကို ခေါ်လိုက်သောသူမှာ ကားအောက်၌ မြင်ခဲ့ရသောဂျာနယ်သမားဖြစ်နေသောကြောင့် ဖြစ်၏။

ဂျစ်ကန်ကန် နိုင်ထက်စီးနင်း အမူအရာဖြင့် ကြည့်နေသော ဒီလူသည် နောင်တစ်ချိန်တွင် သူ၏ကိုကို ဖြစ်လာမည့် ကဗျာသမား ကိုရှုပါဖြစ်မှန်း ချစ်ချစ် ဘယ်လိုလုပ် သိပါ့မည်နည်း။

"ဒါ ပင်းနေရာလား"

"မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟော . . .တက်ထိုင်ပြီးမှ ကိုယ့်နေရာ သူ့နေရာမှန်း မသိဘူးလား"

မိန်းမပျိုတစ်ယောက်နှင့် စတင်တွေ့ဆုံ ဆက်ဆံပုံသည် မည်မျှကဗျာဆန် လိုက်ပါသနည်း။

"မသိဘူးလေ၊ ထိုင်ချင်ထိုင်လို့ရတယ် မှတ်တာကိုးရှင့်"

"ထိုင်ချင်တိုင်း ထိုင်လို့ရအောင် ကိုယ်အိမ်ကခုံမှ မဟုတ်တာ"

ဘယ်နယ်လူပါလိမ့်နည်း။ သည်မျှထိ ချိုချိုသာသာ ဆက်ဆံဖို့တော့ မကောင်းပါ။ သို့မဟုတ်လျှင်လည်း မိန်းမတွေ ဂျစ်ကန်ကန်ကောင်တွေ ကြိုက်တတ်သမို့ ဇာတ်လိုက်လာလုပ်နေခြင်း များလား။ ချစ်ချစ်သည် မထိတရိတစ်ချက်ကြည့်ပြီး မသိကျိုးနှံပြု နေလိုက်လေသည်။

"ဟ . . .ဒုက္ခပါပဲလား။ ဘယ်နယ့်လူမျိုးပါလိမ့်။ ဒီမယ် အမိ။ ဒါ ကျုပ်နေရာဗျ။ ဒါ ကျုပ်ခုံနံပါတ်"

ချစ်ချစ်သည် နကို ထိတ်လန့်စိတ်ကလေးရှိနေနှင့် ပြီးသားမို့ ကိုရှပါက ယောက်ျားပီသစွာ ဟောက်လိုက်သောအခါ မိန်းမပီသစွာ ကျောချမ်းသွား၏။ သို့သော် ကြောက်လန့်ခြင်းထက် မကြောက်ချင် ယောင်ဆောင်ခြင်းသည် လူအထင်ကြီးမည်ဟု ယူဆသော ချစ်ချစ်သည် ခပ်တည်တည်။

"ဟာ . . . "



ထို "ဟာ" သည် တစ်စုံတစ်ရာကို စွဲကိုင်ပစ်ရမ်းမည့်ဟာ မျိုးဖြစ်သဖြင့် ချစ်ချစ် ခေါင်းမော့ကြည့်မိ၏။

"မင်းကို မိန်းကလေးတစ်ယောက်မို့ ကောင်းကောင်း ဆက်ဆံနေတာ၊ မရပါလား။ ကဲ ကဲ . . .ကြွ၊ ကိုယ့်နေ့ရာ ကိုယ်ရှာပြီး သွားထိုင်ချေ။ ဒါ ကျုပ်နေရာ"

"နေရာမှ မရှိတော့တာ"

"နို့ မင်းလက်မှတ်ကော ဝယ်စီးတာ ဟုတ်ရဲ့လား"

"ရှင် ဘာစကားပြောတာလဲ"

"အေးလေ လက်မှတ်ဝယ်စီးတဲ့လူဆိုရင် ခုံနေရာ ရှိရမှာပေါ့"

ချစ်ချစ် စဉ်းစားသည်။ သင်းနှင့် စကားပြောနေခြင်းထက် ဒီနေရာကိုသာ အေးအေးဆေးဆေး ပြန်တာကောင်းလိမ့်မည်ဟု။ သို့သော် သူ့နေရာက မိန်းမကြီးကိစ္စကိုလည်း မည်သို့ရှင်းရမှန်းမသိ။ ထို့ကြောင့် ထို ဂျစ်ကန်ကန်ငနဲကို လှည့်ရန်တိုက်ပေးလိုက် အံ့မည်ဟု ပင်ကိုယ် ဟာသစိတ်ကလေးဖြင့် စိတ်ကူးရသည်။

"ကျွန်မနေရာက ဟိုမှာ"

"အေးလေ- အဲဒီကို သွားပေါ့"

"ဟိုမှာ မတွေ့ဘူးလား။ မိန်းမကြီး ထိုင်နေတာ"

"သူက မင်းနဲ့အတူ လာတာမို့လား"

"မှတ်ဘူး၊ သူ့ကို ကျွန်မ မသိဘူး။ ဒါပေမယ့် ကျွန်မ နေရာကတော့ အဲဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဖယ်ခိုင်းပေါ့"

"ရမှာ မဟုတ်ဘူး"

"ဘာလို့ မရ ရမှာလဲ။ အဲဒါ အမိနေရာဆို"

"အင်းလေ- ဒါပေမယ့် သူက ဦးပြီးထိုင်နေတာကိုး"

ကိုရှပါသည် အနည်းငယ်တော့ မျက်နှာကြော လျော့သွားပါသည်။ ချစ်ချစ်၏မျက်နှာသည် အသနားခံသယောင်ရှိနေသောကြောင့် ဖြစ်၏။ တကယ်တော့ ချစ်ချစ်ဟာသနှောပြီး ကိုရှပါကို တပတ်ရိုက်ခြင်းသာဖြစ်၏။ သို့မဟုတ် မိန်းမတို့ တတ်အပ်သော မာယာ။

"ကဲ ကဲ ဒါဆို ကျုပ် သွားပြီး ဖယ်ခိုင်းပေးမယ်။ ဘယ်မှာလဲ အမိရဲ့ လက်မှတ်"

ချစ်ချစ်သည် သူ၏ ပတ္တာအိတ်ထဲမှ လက်မှတ်ကို ထုတ်ပေးသည်။ ပတ္တာအိတ်ထဲမှ တစ်စုံတစ်ရာပါ ထွက်ကျသွားသည်။ ကိုရှပါက ကောက်ပြီးပေးသည်။ ချစ်ချစ်ရင်ထဲ ထိတ်ကနဲခုန်၏။ ကိုရှပါ ပြန်ကောက်ပေးသောပစ္စည်းမှာ ချစ်ချစ်နှင့် သူဖေဖေ တွဲရိုက်ထားသော ဓာတ်ပုံ။ သို့သော် ကိုရှပါက သတိထားလိုက်မိဟန်မတူပါ။

ကိုရှပါ သွားပြောသောအခါ မိန်းမကြီးက အသာတကြည်ပင် နေရာဖယ်ပေးရာသည်။

"လူ့ကိုမှန်း မသိလို့ပါကွယ်။ အဒေါ်က ထိုင်စရာနေရာမရလို့"

ကိုရှပါသည် ချစ်ချစ်ထံ ပြန်လျှောက်လာ၏။

"ကဲ . . . ပိုမယ် ခင်ဗျား ထိုင်ခုံနေရာလွတ်သွားပြီ"



"ဒါပေမယ့် ဒီနေရာပဲ ထိုင်ချင်တယ်"

"ဟာ . . . ဘာဆိုင်လို့လဲ ဒါက ကျုပ်နေရာ"

"ကျွန်မ နေရာမှာ ရှင်သွားထိုင်ပါလား"

"ဟိုမှာက ဘာပြုလို့လဲ"

ချစ်ချစ်သည် သူ့နေရာဘက်သို့ တစ်ချက်ကြည့်လိုက်၏။ ထိုနေရာမှ နားထောင်လျှင် မကြားနိုင်ရုံကလေးပြော၏။

"အဲ့ . . . အဲ့လူကြီးက ပါးစပ်က သိပ်နံတာပဲ"

မေးကလေးထိုးပြီး ပြောလိုက်ပုံသည် တကယ့် အပျိုပေါက်ကလေးနှင့် တူ၏။ ပြီးတော့ ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း ပြောတတ်ခြင်းသည်လည်း ကိုရှပါအဖို့ တစ်မျိုးကြည့်လို့ ကောင်းနေပါသည်။ သည်လိုပုံဖြင့် ကိုရှပါ ခံစားရတော့မည်ထင်သည်။

"ဟာ . . . ဒါဆိုရင်တော့ ကျုပ်လည်း မထိုင်ချင်ဘူး"

"ဒါပေမယ့် ရှင်က ယောက်ျားချင်းပဲ"

"ဘာဆိုင်လဲ ယောက်ျားမှာလည်း နှာခေါင်းနဲ့ပါပဲဗျ"

ရယ်စရာရယ်လို့ ပြောခြင်း မဟုတ်သော်လည်း ရယ်လိုက်ကြသည်။ ရယ်မောလိုက်ရသောကြောင့် ရင်းနှီးမှုကို စတင်ရရှိစေသည်ဟု ထင်သည်။

ပြီးတော့ ရိုးရိုးသားသားပင် ပြောကြပါဦး။ ချစ်ချစ်ကလှသည်။ ဇာတ်ဆရာကလဲ အလုကြိုက် ကဗျာဆရာ။ ပြီးတော့ ရှိသေးသည်။

ထိုရှိသေးသည်သည် အခြားရှိသေးသည် မဟုတ်ပါ။ ချစ်ချစ်ကို ကိုရှပါ ငိုပ်စားမိခြင်းဖြစ်သည်။ တစ်ခုခုတော့ တစ်ခုခုပျောက်သွားမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ ချစ်ချစ်အနားမှာပင် ဝင်ထိုင်ဖို့ ကြိုးစားဖြစ်တော့သည်။

"ကဲ···ဒါဖြစ်လဲ မတ်တတ်သာရပ်နေပေတော့၊ ကျုပ်က တော့ ကျုပ်နေရာမှာပဲ ထိုင်ချင်တယ်။ ရှုပ်ရှုပ်ရက်ရက်တွေ မကြိုက် ဘူး။ နို့မဟုတ်လည်း ဒီဘေးက ဆန်အိတ်တွေပေါ် တက်သာထိုင်ပေ တော့ သက်တောင့်သက်သာတော်င် ရှိသေးတယ် မှတ်ဘူးလား"

ကိုရှုပါ၏ပုံသည် တကယ်ပင် ပြောပြောဆိုဆို သူ့နေရာသူ ဝင်ထိုင်တော့မည် ပြင်နေသဖြင့် မတတ်သာသည့်အဆုံး သူ့နေရာက ထရတော့သည်။

ကိုရှုပါကလည်း ခပ်အေးအေးပင် သူ့နေရာဝင်ထိုင်ပြီး စီးကရက်တစ်လိပ် ထုတ်သောက်နေလိုက်သည်။ ချစ်ချစ်သည် တော်တော်နှင့်သူ့နေရာသူ မသွားသေးဘဲ ကိုရှုပါ၏ အနီးမှာပင် ယောင်ယောင်ပေပေလုပ်နေသည်။

"ဟေ့- ဟိုမှာ သွားထိုင်လေ။ တော်ကြာ သူများ ဝင်ထိုင် သွားအုံးမယ် "

ချစ်ချစ်သည် မသွားပါ။ ကိုရှုပါ၏ နံဘေးမှ အထုပ်ကြီးကို သာ အာရုံစိုက်နေသည်။

"အဲဒီ အထုပ်ကြီးကရော ရှင့်အထုပ်ကြီးလား ခုံနေရာကော ယူထားလို့လား "

သည်တော့မှ ကိုရှုပါလည်း ဂရုစိုက်မိသည်။ ချစ်ချစ် သူ့နေရာမှာ မထိုင်ချင်ဘဲ ဟိုနေရာမှာ ထိုင်ချင်သည်။ သည်နေရာမှာ



ထိုင်ချင်သည့်လုပ်နေတာ ထားတော့။ ပစ္စည်းထုပ်ကြီး လူထိုင်ခုံပေါ် တင်ထားတာတော့ ကိုရှုပါလည်း မကြိုက်။ ပြီးတော့ ချစ်ချစ်နှင့် အတူထိုင်ရဖို့တွင် ဒါသည် အကွက်ပေပဲ။

"ဒီအထုပ်ကြီးက ဘယ်သူ့အထုပ်ကြီးလဲဗျ"

ကိုရှုပါက အနားမှလူများ ကြားသာအောင် မေးလိုက်၏။ ဘယ်သူမှ မဖြေကြ။ ထိုအခါမှ အထုပ်တွင်ရေးထားသောစာများ ကိုရှုပါ ဂရုထား ဖတ်မိတော့သည်။

သို့/

သုခစာပေ

ပြည်မြို့

မှ/ အာကာသဂျာနယ်။

"ဟိုက်"

ကိုရှုပါ အံ့ဩသွား၏။ ကြည့်စမ်း။ သံယောဇဉ်များကလည်း မပြတ်ချင်ဘူးဆိုရင်လျှင် ဘတ်(စ်)ကားပေါ်ထိ လိုက်ပြီးချည်နှောင်တတ် ပါကလား။ ပြီးတော့။ ဒီ ဦးမိုးသီးတို့ အာကာသဂျာနယ်များ ဘယ်က ရောက် နေရာယူလိုက်သလဲဆိုလျှင် လူထိုင်ခုံပေါ်မှာ တက်နေရာ ယူထားသည်အထိ။

ကိုရှုပါသည် ဘာမပြောညာမပြောနှင့် ဂျာနယ်ထုပ်ကြီး ကို ထိုင်ခုံဘေးသို့ တွန်းချလိုက်သည်။

"ဟော့···ဒါဘယ်သူ့ပစ္စည်းလဲ···"

www.burmeseclassic.com

www.burmeseclassic.com



"မြည်ကို ပို့ပေးရမယ့် ပစ္စည်းပါပဲ"

"ပစ္စည်းတင်တဲ့နေရာမှာ တင်ပါလားကွ"

"ကားခေါင်းမိုးပေါ်တင်ရင် နှင်းကျတော့ စိုကုန်လို့ပါ"

"အေး စိုကုန်လို့ သုံးမရယင်လဲ အေးတာပဲပေါ့ကွ"

ချာတိတ်သည် ကိုရှုပါကို ဘယ်နှဲ့ဘဲကြီးပါလိမ့်ဟု အူတူတူကြည့်၏။

"အေး- ဒီမှာ လက်မှတ်ဝယ်စီးတဲ့ ခရီးသည်ပါတယ်။ ထိုင်ပစေ။ မင်းအထုပ်ကြီး ဒီအတိုင်းထားချင်ထား။ အပေါ်တင်ချင်ရင် တင် ဒါပဲ"

"ဟင် ခင်ဗျားဟာကလဲ ကျွန်တော်လဲ ဘာမှမပြောဘဲ ဒေါသပဲကြီးနေတာကိုးဗျ"

"အေး- ဒီဂျာနယ်ကလူမို့လို့ ပြောနေတာပေါ့ကွ"

"ဟင်...အဲဒါနဲ့ကော ဘာဆိုင်လို့လဲ"

"ဆိုင် ဆိုင်မဆိုင်ကွာ"

ချာတိတ်သည် ကြောင်လုချည်လားဟူသော သဘောဖြင့် တစ်ချက်ပြုံးပြီး ထွက်သွား၏။ တကယ်တော့ ချာတိတ်အဖို့ သည် အထုပ်ကြီးနှင့် ပတ်သက်၍ ဘာမျှပြောစရာမရှိပါ။ သတိလည်း မထားမိပါ။

သူဖာသာသူ တင်ချင်ရာတင်ထားခြင်းသာ ဖြစ်၏။ ကိုရှုပါ၏ အူကြောင်ကြောင် အပြုအမူကို ချစ်ချစ်လည်း ရယ်ချင်မိလေသည်။

ချစ်ချစ်သည် ရုတ်တရက်မို့သာ ရယ်ချင်ချင်ဖြစ်သွားရသော



သည်။ တကယ်တမ်း ကိုယ့်ဘဝကိုယ် သတိရသောအခါ ထိတ်လန့်ရမြဲလေသည်။

ချစ်ချစ်သည် ထိုလူကနေရာမပေးခင် သူ့နေရာရှိရာသို့ အသာကလေး ထွက်ခဲ့လေသည်။

"ဟော့- မင်းက ဒီမှာ ထိုင်ချင်လို့ဆို လာထိုင်လေ ရပြီ"

"ဟင့်အင်း...ကျွန်မနေရာမှာပဲ ကျွန်မထိုင်တော့မယ်"

"ဟင်...ဘယ်နှယ်တုန်း"

"ရပါတယ်၊ ဟိုမှာပဲ ထိုင်တော့မယ်"

"ဟိုမှာက ဟိုဒင်းပြုလို့ဆို"

ကိုရှုပါ၏ စကားသုံးနှုန်းပုံကို ချစ်ချစ် သဘောကျသွားလေသည်။ သည်လိုတော့လည်း တစ်ပါးသူကို အားနာတတ်သားပဲ။

သို့သော် ချစ်ချစ် သူ့နေရာရောက်သောအခါ စောစောက ...ကြီးသည် ချစ်ချစ်နေရာတွင် ပြန်ထိုင်နေလေပြီ။ ထိုင်ရုံမက ...များပင် အိပ်နေချေပြီ။ အိပ်ချင် ယောင်ဆောင်နေခြင်းလည်း ...ဖြစ်မည်။ သာမန်ဘတ်(စ်)ကားစီးခရီးသည်ဆိုသည်က ပြဿနာ ...ဖြစ်ရေ လောလောဆယ်တော့ ကိုယ့်အတွက် သက်တောင့် ...တာသာရှိဖို့က အရေးကြီးသည်မဟုတ်လား။

လှုပ်သွားလမ်းခုလယ်တွင် ယောင်ပေပေဖြစ်နေသော ချစ်ချစ်သည် ကိုရှုပါဘက် တစ်ချက်လှမ်းကြည့်လိုက်သည်။ သူကလည်း ...စိကို စုံမှိတ်ထားပြီးပြီ။ သူ့မျက်နှာက တမင်ကလာ အိပ်ပစ်ဖို့ ပြီးထားနေမှန်းသိသာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်းလိုက်တာ"

အသံမထွက်ပါ။ သို့သော် နောင်အခါ သူ၏ကိုကို ဖြစ်လာမည့် ကိုရှုပါနှင့် ပတ်သက်၍ ချစ်ချစ်၏ ပထမဆုံးမှတ်ချက်ဖြစ်ပါသည်။

ချစ်ချစ် သက်မကိုချလျက် ကိုရှုပါရှိရာခုံသို့ ပြန်လျှောက်လာခဲ့ရပြန်လေသည်။

ကိုရှုပါ၏ နံဘေးတွင် အသာကလေး ကိုယ်ကိုကြုံ၍ ဝင်ထိုင်လိုက်သည်။ တစ်စုံတစ်ရာ လှုပ်ရှားမည်လားဟု ကိုရှုပါကို ကြည့်သည်။ သင်းကတော့ တုတ်တုတ်မျှ မလှုပ်။ သက်သက်မဲချင်အောင် စနေမှန်းသိသည်။

သို့သော် ချစ်ချစ် စိတ်နုံးနုံးချလိုက်သည်။ သူ့ကို ကြည့်ရသည်မှာ ခုထိ ချစ်ချစ်ကို ရိပ်မိပုံမရသေး။ ရိပ်မိစရာလည်း တကယ်တော့ အကြောင်းမရှိလှ။

'ချစ်ချစ်သည် ဂျာနယ်ပိုင်ရှင် သမီးဆိုသော်လည်း သည်အသိုင်းအဝိုင်းနှင့် ရင်းနှီးသူမဟုတ်။ သည်တော့ လမ်းတလျှောက် ကိုယ်နှုတ်နှလုံးလုံခြုံဖို့သာ လိုသည်ဟုထင်သည်။ တတ်နိုင်ဘူး။ နောင်ဖြစ်လာမှကြည့်ပြီး စခန်းသွားတော့မည်။ လောလောဆယ်တော့ သင်း၏ အဖော်လုပ်ရမည်။

ချစ်ချစ်သည် အိပ်ချင်ယောင်ဆောင်နေသော ကိုရှုပါမျက်နှာကို တစ်ချက်အကဲခတ် ကြည့်လိုက်သည်။

"မျက်နှာကိုက ဂျစ်ကန်ကန်နဲ့"



သည်တခါလည်း အသံမထွက်။ သို့သော် ချစ်ချစ်၏ ဒုတိယမှတ်ချက်။

× × ×

ကားစက်သံ ပိုမိုပြည်ဟီးခြင်းနှင့်အတူ မြို့ကနဲကားထွက်၏။ ခရီးကား စလေပြီ။ ချစ်ချစ်ရင်အစုံသည် ဖျပ်ခနဲထခုန်လေ၏။ ဖေဖေ့ကို လွမ်းသလိုလိုဖြစ်ရသည်။ မျက်ရည်စတို့ စို့ချင်လာသည်။

ထိုအချိန်တွင် ကိုရှုပါသည် ကားအရှိန်ကြောင့်ပဲ လန့်နိုးသလိုလိုအမူအရာဖြင့် မျက်လုံးဖွင့်ကြည့်သည်။

"ဩော် . . . မင်း ဒီမှာ ထိုင်နေတာကိုး"

ချစ်ချစ်သည် သူ့ကို စိတ်ဝင်တစားမရှိတော့ချေ။ ဘစ်ယောက်တည်း ခရီးထွက်ရပြီဟူသော အသိဖြင့်သာ လွမ်းဆွတ်မိနေသည်။

"ကျုပ်ပါးစပ်ကကော မန်ဘူးလားဗျဟင်"

ချစ်ချစ်သည် စိတ်မရှည်သလို သူ့ကိုတစ်ချက်ကြည့်၏။ ဝေ့ကတည်းက အကြောင်းကြောင်းစကားတွေသာ ပြောသည်။ ပြောလိုက်လျှင်လည်း မဒိုးမခန့်။

"တခြားကြောင့်မေးတာ မဟုတ်ပါဘူး။ ကျုပ် အရက်နည်းနည်းသောက်လာလို့ပါ။ သူငယ်ချင်းတွေက တိုက်လိုက်လို့"

ချစ်ချစ် စိတ်ပျက်ရပြန်သည်။ အရက်သမားကို ချစ်ချစ်မုန်းသည်။ မျက်မှောင်တချက်ကုပ်ပြီး ကြည့်ပြလိုက်သည်။ လာမနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုသောသဘော။ သို့သော် သူကတော့ ဘာမှမသိသလို မနိုတယ်ပြုံးနှင့်ပင်။ လာမစမ်းပါဘူး လုပ်မနေပါနဲ့ဆိုသောသဘော။

"ဒါပေမယ့် စိတ်မပူပါနဲ့ ကျွန်မရမ်းကားပါဘူး။ အရက်မူးရင် အိပ်တာပါပဲ၊ ကဲ...အိပ်လိုက်ဦးမယ်၊ အကူအညီလိုရင် ပြောပေါ့ ဟဲ...ဟဲ သိပ်အရေးမကြီးဘဲနဲ့တော့ မနှိုးနဲ့ပေါ့ဗျာ ဟုတ်လား"

ခုမှ သိတော့သည်။ သင်းအရက်မူးပြီး ပေါက်တတ်ကရ ပြောနေတာပါလား။

ချစ်ချစ်သည် သူ့အကြောင်းများကို သူစဉ်းစားပြီး နည်းနည်းတော့ ငိုက်မြည်းလာလေသည်။ ဘတ်(စ်)ကားကြီးသည် သူ့ခန္ဓာကိုယ်ပေါ်၌ အချစ်တချစ် စတင်ဖြစ်ထွန်းတော့မည့်အကြောင်း မသိချေတကား။

× × ×

(၂)

ဒေးဗစ်ချွန်းနှင့် တီးလုံးပါဝင်သော ဇာတ်ကားကို ဖေဖေနှင့် အတူ သွားကြည့်ကြသည်။ ရုံးထဲလည်းရောက်ရော ဇာတ်ကားက [illegible]နေပြီ။ စိတ်ပျက်လက်ပျက်နှင့် ရုံထဲမှပြန်ထွက်လာသောအခါ ဖေဖေ [illegible]သည် ဘယ်မှာကျန်ရစ်ခဲ့သည် မသိတော့ပါ။

ချစ်ချစ်အနားမှ လူတစ်ယောက်ကပ်ပါလာသည်။ ထိုလူ [illegible]သည် ချစ်ချစ်၏ အသိမိတ်ဆွေထဲက မဟုတ်။ သူကချစ်ချစ်ကို [illegible]ပိုင်နှင်း လက်လာတွဲသည်။ ချစ်ချစ်က ရုန်းသော်လည်း မရ။

www.burmeseclassic.com



ရုံအပြင်သို့ရောက်သောအခါ ချစ်ချစ်တို့အိမ်က ကားပေါ်မှ စုံတွဲတစ်တွဲက အခန့်သားတက်ထိုင်နေသည်။ ရှီစီငြိမ်းနှင့် ကိုလှကလေး။ ကိုလှကလေးကို မှတ်မိကြပါသလား။ ချစ်ချစ်နှင့်စေ့စပ်သည့် ကိုလှကလေး ဖြစ်ပါသည်။

"ချစ် . . . ယူ ဘာမှစိတ်မပူနဲ့တော့၊ ကိုလှကလေးကို ကိုယ်လက်ထပ်လိုက်ပြီ"

ရှီစီက ပြောသည်။ ကိုလှကလေးကတော့ ရက်ပြုံးကြီးပြုံး နေသည်။

ထိုအချိန်မှာပင် ရှီစီသည် ချစ်ချစ်တို့ကားကို မောင်းထွက်သွားလေသည်။ ချစ်ချစ်က အော်ဟစ်ပြီး လိုက်ဖို့ကြိုးစားသော်လည်း မရ။ သည်ကြားထဲမှာ သူ့နံဘေးမှကပ်ပါလာသော လူကလည်း ချစ်ချစ် လက်ကိုမလွှတ်ဘဲ ဆွဲထားသည်။

သည်မျှလောက် ပြောပြလျှင် အိပ်မက်မက်နေမှန်း လူတိုင်း သိနိုင်ပါသည်။ ချစ်ချစ်သည် အိပ်ရာမှ လန့်နိုးသည်။ နိုးနိုးချင်း သတိထားမိသည်မှာ သူ့ညာဘက်လက်သည် ထိုင်ခုံနှင့် ကိုရှုပါ၏တင်ပါး ကြားတွင် ညပ်နေခြင်းဖြစ်သည်။ ကိုရှုပါကတော့ အိပ်ပျော်နေဆဲ ဖြစ်သည်။

ချစ်ချစ်သည် ဒေါသဖြစ်ဖြစ်နှင့် ဆောင့်ရုန်းသည်။ ကိုရှုပါ လည်း အိပ်ရာမှ လန့်နိုးတော့သည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတုန်း လှန့်နိုးခံလိုက်ရသဖြင့် ကိုရှုပါလည်း ဒေါသဖြစ်ရသည်။



ချစ်ချစ်ကို ကြည့်လိုက်သောအခါလည်း ချစ်ချစ်က သူ့ကို ဘုကြည့်ကြည့်နေသည်။

"ကိုင်း . . . ဆို ဘာလုပ်ပေးရမလဲ အမိ"

"ဘာကို လုပ်ပေးရမှာလဲ"

"မင်း ဘာလို့ ကျုပ်ကို နှိုးသလဲ၊ ကျုပ်ပြောထားတယ်လေ၊ အရေးတကြီး အကူအညီလိုမှ နှိုးပါလို့"

"ဘာတွေ လျှောက်ပြောနေတာတုန်း။ ရှင် ကျွန်မလက်ကို ဖိထိုင်ထားလို့ ကျွန်မ အိပ်ရာက လန့်နိုးလာတာ"

"မဖြစ်နိုင်ပါဘူး။ ကျုပ်က အအိပ်အနေ သိပ်ညင်သာတဲ့ ကောင်"

"ခြော်- ရှင်ပြောပုံဖြင့် ကျွန်မကပဲ ရှင့်တင်ပါးအောက်ကို လက်လျှိုထည့်သလိုလို"

"ဒါတော့ ကျုပ် ဘယ်သိမလဲ၊ ကျုပ်အိပ်ပျော်နေတာကိုး"

ချစ်ချစ်သည် ဘာပြောရမှန်း မသိအောင် ဒေါသဖြစ်သွားရ သည်။ သည်တော့မှ သူ့စကား တရားလွန်သွားသည်ကို ကိုရှုပါ သတိထားမိတော့သည်။

"ဆောရီးပဲ။ ကျုပ်စကား နည်းနည်းများသွားတယ်၊ ကဲ ဒီစကား ဆက်ငြင်းနေဖို့ မသင့်တော့ဘူး။ အဲဒီတော့ ခင်ဗျားလက် ဘာဖြစ်သွားသေးလဲ"

ချစ်ချစ်ဘာမှ ပြန်မပြောဘဲ နေလိုက်သည်။ သည်တော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုရှုပါ ပြုံးမိသည်။ ဘာကြောင့်ပြုံးမိမှန်း သူ့ဘာသာမသိသော်လည်း သေချာသည်ကတော့ ချစ်ချစ်သည် လှသည်ဟု သူထင်မိသည်။

မိန်းမတစ်ယောက်၏အလှကို နံနက်စောစော အိပ်ရာနိုးစတွင် ဆုံးဖြတ်မှ မှန်ကန်သည်ဟူသောစကားကို ကိုရှုပါ သတိရမိလေသည်။

ဘယ်နေရာရောက်နေမှန်း သူတို့နှစ်ယောက်စလုံး မသိချေ။ လယ်ကွင်းများ။ လမ်းဘေးချောင်းကလေးများ။ ကျွဲကျောင်းသားများစသည်တို့ကိုသာ မြင်နေရသည်။ ဗမာပြည်ဆိုသည်ကတော့ သေချာပါသည်။ ကိုရှုပါသည် ပြန်အိပ်မရတော့ချေ။ လမ်းဘေးရှုခင်းတွေကိုသာ အကြောင်းမဲ့ ငေးကြည့်နေလိုက်သည်။ နေရောင်စူးရှရသည် သူ့မျက်နှာကို လာထိသည်။ နေထန်းတဖျားလောက် ရောက်နေပြီပဲ။

ချစ်ချစ်သည် လမ်းဘေးသို့ ငေးကြည့်လိုက်သည်။ ထိုအခါ လုပ်ခနဲတစ်ချက်လောက် လွမ်းမိသည်။ ဖေဖေ့ကို လွမ်းခြင်းပင် ဖြစ်လိမ့်မည် ထင်သည်။ တဆက်တည်းမှာပင် ဖေဖေ့ကို စိတ်နာခြင်းက အားပြိုင်လာပြန်သည်။

ကိုရှုပါသည် စီးကရက်တလိပ်ထုတ်ပြီး ဖွာရှိုက်နေသည်။ သည်လိုဘဲ အိပ်ရာက နိုးနိုးချင်း သူစီးကရက်နံ့ကို ကြိုက်၏။ ဖေဖေ စီးကရက်သောက်လျှင် ချစ်ချစ်သဘောကျ၏။ ဆေးပြင်းလိပ်ကြီး တခါခါခဲလျှင် ချစ်ချစ်သိပ်ရှုသည်။

ကိုရှုပါကို ချစ်ချစ် ဂရုစိုက်ကြည့်မိသည်။ မျက်နှာအချိုအဆစ်ကတော့ ယောကျ်ား ပီသပုံပါပဲ။ နှုတ်ခမ်းခပ်ထူထူကသည်



မိန်းကလေးတစ်ယောက်ကို "နင်ပဲ ငစေ"ပြောတတ်သော ယောကျ်ားမျိုးသည် သတ္တိကြောင်တတ်သည်ဟု ကြားဖူးသည်။

ကိုရှုပါသည် သတ္တိကြောင်ပုံတော့ဖြင့် မရချေ။ သို့သော် သူ့ကို အထင်ကြီးအောင် လုပ်ပြတတ်ပုံတော့ ပေါ်နေသည်။ သည်လို သူ့မျက်နှာကိုကြည့်ပြီး သူ့ကိုဆုံးဖြတ်နေချိန်တွင် ကိုရှုပါသည် တစ်စုံတစ်ရာ သတိရသွားသလို ဖျပ်ကနဲလှည့်ကြည့်သည်။ ချစ်ချစ် မျက်စိကို လွှဲလိုက်ရသည်။

"မျက်နှာသစ်ချင်ရင်ပြော၊ ကျုပ်မှာ ရေဗူးပါတယ်"

သည်တော့မှ ချစ်ချစ်သတိရသည်။ မိန်းကလေးတစ်ယောက်အဖို့ စောစောစီးစီး သူများတကာမမြင်ခင် မျက်နှာသစ်၊ ပါးစပ်ဆေးသင့်သည်ကို။ သို့သော် သူ့မှာ ရေဗူး ရေပုလင်းမပါခဲ့။ ခရီးမထွက်ဖူးသဖြင့် သတိထားပြီး ယူရမှန်းမသိခဲ့။ ခုတော့ ပြဿနာ။ ရှက်စရာကောင်းသည်။

ကြည့်အုံး။ ချစ်ချစ်ယူလာသည့် ပစ္စည်းတွေ။ ငွေရယ်၊ အဝတ်အစား ငါးစုံရယ်။ အလှပြင်ပစ္စည်းတွေရယ်၊ ပြီးတော့ ဒေါသဖြစ်ရာ ဘယ်လောက်ကောင်း သနည်း။ ချစ်ချစ်သည် မှတ်မှတ်ရရ သတိထားပြီး လမ်းမှာ စားဖို့ စုဆောင်းလာခဲ့သည့် ခင်အေးမ ပေးသို့ ကျော်ဟိန်းမရမ်းပြားတို့ ဘိုဘိုဟန်သရက်ပြားတို့နှင့် နံနက်စောစော မည်သို့ကဲ့သို့ မျက်နှာသစ်ရပါမည်နည်း။

"နေပါစေ"

"အားမနာနဲ့နော်၊ ခရီးသွားတဲ့အခါ သည်လိုပဲ၊ အခု

www.burmeseclassic.com

www.burmeseclassic.com



မသစ်ချင်သေးလဲ. အိပ်ချင်ပြန်အိပ်အုံးပေါ့၊ လိုအပ်သလို ယူပြီးသုံး ဟောဒီလွယ်အိတ်ထဲမှာ ရေဗူးပါတယ်"

ချစ်ချစ်သည် ဘာမှပြန်မပြောတော့ဘဲ မရမ်းပြားတစ်ထုပ်ကို စောစောစီးစီး နှိုက်ထုတ်လေတော့သည်။ (မရမ်းပြားသည် မျက်နှာသစ်လို့ မရသော်လည်း ပါးစပ်ဆေးလို့တော့ ရပါသည်။စာရေးသူ)

ကိုရှုပါသည် နံနက်စောစော မရမ်းပြားစားသော ကောင်မလေးကို သဘောကျသွားလေတော့သည်။

"ဘာမှ စားစရာ မပါဘူးလား"

ချစ်ချစ် ခေါင်းခါပြသည်။ စပ်ရရန်ကော ဟူ၍တော့ မထင်ပါ။ ကိုရှုပါသည် ကျညီတတ်သူ တစ်ယောက်အဖြစ် နည်းနည်းတော့ ယုံကြည်စ ပြုပြီ။

"တိုက်ကြီးမှာတုန်းကတော့ ကားခဏရပ်သေးတယ်၊ မင်းက အိပ်ပျော်နေတာကိုး။ ရှေ့တော့ တော်တော်နဲ့ဘယ်မှာရပ်မလဲ ကျုပ်တော့မသိဘူး။ တိုက်ကြီးတုန်းက လိုရမယ်ရဝယ်လာတာတော့ပါတယ်၊ စားမလား"

"ဘာလဲ"ဟု ယောင်ပြီး မမေးလိုက်မိသည်မှာ ကံကောင်းသည်။ တကယ်တော့ ချစ်ချစ်လည်း ဆာလာပြီ။ အိမ်မှာဆို အိပ်ရာကနိုးသည်နှင့် လက်ဖက်ရည်လား၊ ကော်ဖီလားဟု ကာလီမူးတူးကလာမေးမြဲဖြစ်သည်မဟုတ်လား။ ဘတ်(စ်)ကားသည် အိမ်မဟုတ်သောအခါ ကာလီမူတူးကလည်း ဘာမှ လာမမေးတော့ပါ။



ကိုရှုပါသည် သူ့လွယ်အိတ်ထဲမှ အထုပ်တစ်ထုပ်ကို ဆွဲထုတ်သည်။ ပလတ်စတစ်ထုပ် ဖြစ်သဖြင့် ချက်ချင်းပင် ဘာမှန်းသိလိုက်သည်။

မုန့်လုံးကြီးကြော်။

"ရော့-ဆာရင်စား၊ နှစ်လုံးစလုံးတော့ မရဘူး။ ကျုပ်လဲ တော်ကြာ ဆာလာမှာ၊ တစ်လုံးပဲရမယ်"

"အို- ဘယ်သူက စားမယ်ပြောလို့လဲ"

ချစ်ချစ်သည် မုန့်လုံးကြီးကြော် အလွန်ကြိုက်သူဖြစ်သည်။ ထို့ကြောင့် တစ်ဘက်သို့ မျက်နှာလှည့်နေလိုက်ရသည်။ ထိုအခါ ပို၍ ဆာလာသည်။

ကိုရှုပါကတော့ ဘာမှ မထူးခြားသလို အေးအေးဆေးဆေး ပင် သူ့မုန့်လုံးကြီးကြော်များ ပြန်သိမ်းလိုက်သည်။ သို့သော် ကိုရှုပါ သချာတာ တစ်ခုတော့ရှိသည်။ သူသည် ကောင်မလေးကို စေတနာ ရှိသည်က အမှန်။

× × ×

မော်တော်ကားသည် အရှိန်သတ်၏။ နောက်တော့ ရပ်လေ၏။ မတော့ ခရီးသည်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ကားပျက်ပြီ ပင်သည်။

www.burmeseclassic.com



နောက်တော့ ဒရိုင်ဘာသည် သူ့နေရာမှ ထလျက်ကားပေါ်မှ ဆင်းသည်။ ခြေညောင်းလက်ဆန့်လုပ်ပြီး ခရီးသည်များကို အော်ပြောသည်။

"ခရီးသည်များ ခင်ဗျား၊ ကျွန်တော်တို့ရဲ့ မော်တော်ယာဉ်ကို သည်နေရာမှာ ငါးမိနစ်တိတိ ရပ်နားပါမယ်၊ ခရီးသည်များ အညောင်းအညာဖြေ ကားပေါ်မှဆင်းပြီး သက်တောင့်သက်သာ နေနိုင်ပါတယ်ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်" ဟူ၍ လေယာဉ်မောင်များ ညွှန်ခံစကားပြောသလို ပြောလိမ့်မည်မဟုတ်ကြောင်း ဘတ်(စ်) ကားစီး ခရီးသည်များ သိနိုင်ပါသည်။

တကယ်တော့ ဒရိုင်ဘာအော်ပြောလိုက်သော စကားမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

"ပေါက်တောဗျို့ . . . ပေါက်တော"

ခရီးသည်များ အလျှိုအလျို ဆင်းသက်ကြကုန်၏။

ချစ်ချစ်သည် ပျော်သွားလေ၏။ ပေါက်တောတဲ့။ ပေါက်တော ဟူသောကြောင့် မြို့မဟုတ်သော်လည်း ရွာငယ်ကလေးတော့ ဖြစ်လိမ့်မည်။ အနည်းဆုံး လက်ဖက်ရည်ဆိုင်တော့ ရှိနိုင်သည်။

ကိုရှုပါဘက်က ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သောအခါ ကားရပ်သော နေရာသည် ချုံပုတ်ထူထပ်သော လွင်တီးခေါင်ပြင်၊ ထို့ကြောင့် အခြားတစ်ဘက်တွင် ရွာရှိမည်အထင်နှင့် ထကြည့်လိုက်သောအခါ မိန်းမတစ်အုပ်သည် ချုံပုတ်တန်းလေးများအတွင်း အလျှို အလျှို ဝင်ရောက်ပျောက်ကွယ်သွားကြသည်ကိုသာ တွေ့ရသည်။



အိမ်နှင့်တူတာဆို၍ ဘာမျှမတွေ့ရ။

"ဟင် . . ."

ချစ်ချစ်သည် ယောင်ယမ်းပြီး ပြန်ထိုင်လိုက်သည်။ သူ့ဘေးက ပြတင်းပေါက်ဘက် မကြည့်ရဲတော့ပါ။ သေချာသည်။ ယောက်ျားတစ်အုပ် သည်လိုပဲ ချုံပုတ်တွေကြားဝင်သွားသည်ကိုသာ တွေ့ရမည်။ သည်ကိစ္စနှင့် ပတ်သက်လို့ကတော့ ယောက်ျား ယောကျ်ား သတ်သတ်၊ မိန်းမ မိန်းမသတ်သတ်ပေါ့။

လက်စသတ်တော့ ပေါက်တောဆိုသည်မှာ ဒါကိုးဟု စိတ်ပျက်စွာ သဘောပေါက်လိုက်ရတော့သည်။

"မဆင်းတော့ဘူးလား"

ကိုရှုပါ၏ အသံကတော့ ရိုးသားစွာပင် မေးမှန်းသိသာသည်။ သို့သော် ချစ်ချစ်သည် ရှက်နေသည်။ သည်ကိစ္စမျိုးသည် သည်လိုပဲ ရှုတောသူတောကြား လုပ်၍မဖြစ်နိုင်ဟု ချစ်ချစ်ထင်နေသည်။ အိမ်မှာ ဆို ညည်သည်ရှိနေလျှင်ပင် ချစ်ချစ် တစ်ယောက်နောက်ဖေးဝင်ခဲ့သည်။

ကိုရှုပါကတော့ ပြတင်းပေါက်မှပင် ကျော်ဆင်းပြီး ထွက်သွားသည်။ သည်တော့မှ ချစ်ချစ်လည်း နေရထိုင်ရ မသက်မသာ ဖြစ်လာသည်။ သို့သော် သည်နေရာမျိုးဖြင့် သူမသွားချင်။

တော်ကြာနေတော့ ချုံပုတ်ထဲမှ လူများကားအနီးမှာ လာရပ်ချက် အညောင်းဆန့်ကြ၊ ဘာလုပ်ကြ၊ ညာလုပ်ကြ၊ လုပ်နေသည်။

ကားမထွက်ခင်ကတည်းက ဂစ်တာခေါက်ပြီး ပျော်ပျော်ကြီး သီချင်းဆိုနေ ကြသော ချာတိတ်သုံးကောင် ချစ်ချစ်အနီး ပြတင်းပေါက်

www.burmeseclassic.com

နားမှာ လာထိုင်ကြသည်။ ကားပေါ်မှာ ထိုင်လာခဲ့ရပြီး ကားရပ်တုန်း အညောင်းပြေခြေလက်မဆန့်ဘဲ လမ်းဘေးဆင်းထိုင်သည် ဆိုကတည်းက ချစ်ချစ်ကို သူတို့သတိတရလာပြီးကြည့်မှန်း သိသာလှသည်။ ချစ်ချစ်သည် ကိုယ့်ဒုက္ခနှင့်ကိုယ်ဖြစ်နေသည်မို့ ကောင်လေးတွေကို မျက်စောင်းထိုးပစ်လိုက်သည်။

"အား"

ကောင်လေးတကောင်က မျက်နှာကို လွှယ်အိတ်ဖြင့်ကာပြီး အော်သည်။ သက်သက် ချစ်ချစ်၏ ဒေါသစိတ်ကို စခြင်းဖြစ်သည်။ တစ်ယောက်က ထပ်အော်သည်။

"ကြောက်ပါပြီဗျို့"

ထိုအချိန်တွင် ကိုရှုပါ ရောက်လာသည်။

"ကဲ···အမိ၊ ဆင်းချင်ဆင်းဦး။ ဘတ်(စ်)ကားက လမ်းမှာ ထပ်ရပ်မှာ မဟုတ်ဘူး။ ရပ်နိုင်းချင်တိုင်းလဲ ရတာမဟုတ်ဘူး"

"ကျွန်မမှ မဆင်းချင်တာ"

"ဒါဆိုလဲ ပြီးရော၊ ကျုပ်က စေတနာနဲ့ ပြောတာ"

ချာတိတ်သုံးကောင်ဆီမှ အသံတစ်သံ ထွက်လာသည်။

"ဘုတားကြီး လုပ်မနေနဲ့ ကျုပ်တို့ ချွတ်တွေတောင် မရဘူး"

ကိုရှုပါ မျက်နှာပျက်သွားသည်။ တဆက်တည်းမှာပင် ကောင်ကလေးတွေဘက် လှည့်လိုက်သည်။ ချစ်ချစ် စိတ်ပူသွားသည်။ ရိုးရိုးသားသားပြောရလျှင်တော့ ကိုရှုပါအတွက် ပူခြင်းဖြစ်သည်။



ကိုရှုပါသည် ကောင်းကလေးတို့ အနား လျှောက်သွားသည်။ ချစ်ချစ်သည် မျက်တောင်ပင် မခတ် စူးစိုက်နေရသည်။ ကိုရှုပါကိုလည်း ချာတိတ်တွေက မချိုမချဉ် ကြည့်နေသည်။

ကိုရှုပါက စကားစလိုက်ပါသည်။

"ညီလေးတို့ မီးခြစ်ပါသလား၊ ဆေးလိပ်သောက်ချင်လို့"

ပထမတော့ ချာတိတ်တို့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ နောက်တော့မှ ယောင်ချာချာဖြင့် မီးခြစ်ထုတ်ပေးသည်။ ကိုရှုပါက သူ့အတွက် တလိတ်ထုတ်ညှိပြီး ကောင်လေးတွေကို ဆေးလိပ်တည်သည်။ သူတို့က စပ်ဖြီးဖြီးဖြင့် ခေါင်းခါပြသည်။

ကိုရှုပါသည် ပြုံးလျက် ပြန်လှည့်လာသည်။ ချစ်ချစ် သဘောကျသွားသည်။ ကိုရှုပါ အနိုင်ယူပုံက လှပသည်။ ပြီးတော့ ကိုရှုပါသည် ဘယ်တော့မှ ဆတ်ဆတ်ထိခံတတ်သော လူစားမျိုး မဟုတ်မှန်း သိသာသွားသည်။ သူ့အိတ်ထဲမှာ မီးခြစ်ရှိလျက် သက်သက် ကောင်လေးတွေကို သွားအကူအညီတောင်းသည်။ လူဆိုသည်မှာ [illegible]ကူညီနိုင်သလောက်ကို အကူအညီအတောင်းခံရလျှင် ပျော်ရွှင် [illegible]ပ်တတ်သော သဘာဝရှိသည်မဟုတ်လား။

ချစ်ချစ်သည် ကိုရှုပါ၏ အပြုအမူကို သဘောကျသွား သောကြောင့်လား၊ မိမိဘာသာဘဲ ဒုက္ခဆက်ပြီး ခံနိုင်စွမ်းမရှိတော့ [illegible]သား ခရီးသွားရခြင်း၏ အငွေ့အသက်ကို ထိတွေ့ခံစားလာရပြီ [illegible]ောင်ခြင်းကို ပယ်ဖျောက်နိုင်လာခြင်းလေလားတော့ဖြင့် မသိ။

www.burmeseclassic.com



နေရာမှထလျက် အားနွဲ့သူမိန်းမသားများ တန်းစီထွက်သွားကြရာ ချုံပုတ်တန်းကလေးများဘက်သို့ ထွက်လာခဲ့လေသတည်း။

စိတ်၌ အစွဲအလမ်းစသော မသန့်ရှင်းမှုများ ဖျောက်ဖျက်လိုက်နိုင်သောအခါ တော်ရုံတန်ရုံကိစ္စများသည် ဘာမှမထူးခြားဘဲ ရိုးသားသွားသည် မဟုတ်ပါလား။

ချစ်ချစ်သည်လူသူလည်းကင်းနိုင်သမျှကင်းစေတစ်ယောက်တည်းကြီးလည်း မဟုတ်စေသောနေရာကို ရွေးချယ်ရသည်။ သိပ်ချုံပုတ်ကြီးဖြစ်နေတော့လည်း မြွေပါးကင်းပါးကြောက်ရ သေးသည်။ ရှင်းလွန်းတော့လည်း နောက်စေ့က မလုံချင်။

ချစ်ချစ်သည် တန်းစီနေကြသော မိန်းမသားများနှင့် မလှမ်းမကမ်းတွင် နေရာယူလိုက်သည်။ ရိုးသားခြင်းသည် ပျော်စရာကောင်းသာပဲဟု တွေးမိပါလေသည်။

သူကားပေါ် ပြန်ရောက်သောအခါ ကိုရှုပါ ကားပေါ်မရောက်သေးပါ။

လမ်းဘေးမှာပင် ရှိနေသေးသည်။ အလဲ့။ ချာတိတ်တွေနှင့် ရယ်ကာမောကာစကားပင်ပြောနေချေသေး၏။

ခဏကြာတော့မှ ပြတင်းပေါက်နား လာရပ်သည်။

"ဟိုမှာ ရေဗူးထုတ်ထားတယ်၊ မျက်နှာသစ်လိုက်အုံး။ အားနာမနေနဲ့ ကျုပ်က စေတနာနဲ့ပြောတာ၊ ကျုပ် ကိုယ်ချင်းစာတယ်။ မိုးလင်းရင် မျက်နှာတော့ သစ်ချင်မှာပဲလို့ ကဲ...ကဲ"

ချစ်ချစ်သည် ပထမဆုံးအကြိမ်အဖြစ် ပြုံးပြလိုက်သည်။



ပြီးတော့ ရေဗူး ကိုယူသည်။ ပြတင်းပေါက်မှာပင် ခေါင်းပြူ၍ မျက်နှာသစ်သည်။

ထိုအချင်းအရာကို လမ်းဘေးမှာထိုင်နေသော ချာတိတ်တို့မြင်လေသော် သူတို့လည်း ပျော်ရွှင်မိကြလေသည်။ ကိုရှုပါသည် နောက်သို့ ဆုတ်ပေးရင်း ချစ်ချစ်ကို ခိုးကြည့်နေလေသည်။

× × ×

ကားပြန်ထွက်လာသောအခါ ချစ်ချစ်၏စိတ်သည် ကြည်လင်သန့်ရှင်းပြီး ပေါ့ပါးလန်းဆန်းနေပါသည်။ ထိုတဒင်္ဂတွင် အမေကိုလည်း မေ့နေသည်။ ရန်ကုန်ကိုလည်း မေ့နေသည်။

သတိရတာ တစ်ခုသာရှိသည်။

ဆာသည်။

ချစ်ချစ် ကိုရှုပါဘက်သို့ မရဲတရဲကြည့်သည်။ သူချစ်ချစ်ကို သတိထားဟန်မတူ။

တခုခုကို တွေးနေပုံရသည်။ ချစ်ချစ်သည် စောစောက ကိုရှုပ်ထုတ်ပြသောလွယ်အိတ်ကို ခိုးကြည့်သည်။ ထိုလွယ်အိတ်ထဲမှာ ပန်းကုံးကြီးကြော်ရှိသည် မဟုတ်လော။

နောက်ဆုံး ချစ်ချစ်မရောက်နိုင်တော့ပါ။ ဗိုက်ဆာလာသောအခါ ဗိုက်ထဲမှာသည် ပိုရှည်သလိုဖြစ်လာ၏။ ကားဆောင့်လျှင်ပင် ရင်ထဲတွင် ဆောင့်ချင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်ရှင့်"

ကိုရှုပါက သူ့အတွေးစ ပျက်သွားသဖြင့် သိပ်ကျေနပ်ပုံမရ။

"အဲ…အဲ့ ဒီ့…စောစောက မုန့်လုံးကြီး ဘယ်လောက် ပေးရသလဲ"

ကိုရှုပါက ပြုံးသည်။ ဘာမှပြန်မဖြေတော့ဘဲ မုန့်လုံးကြီးထုပ်ကိုထုတ်၍ ကမ်းပေးလိုက်ပါသည်။

"ဟင်း- တစ်လုံးဘယ်လောက် ပေးရသလဲ"

"ဘာလုပ်မလို့လဲ "

"ကျွန်မကို တစ်လုံးပြန်ရောင်းပါလား"

ကိုရှုပါ ရယ်မိလေသည်။ မိန်းမသည် မိန်းမသာ ဖြစ်သည် ဟူသောစကား ကို အမှတ်ရလိုက်သည်။

"ကဲပါ… တစ်လုံးသာစားလိုက် ဟုတ်လား"

ချစ်ချစ်သည် လှမ်းမယူဘဲ သူ့လက်ပွေ့အိတ်ကိုသာဖွင့်ရှာ ထပ်မေးနေသည်။

"ဘယ်လောက်ပေးရသလဲ"

"တိုက်ကြီးမှာ ဝယ်တုန်းကတော့ သုံးမတ်ပဲ။ ဒါပေမယ့် ခုဆိုရင်တော့ ရှားပါးဖြစ်နေပြီမို့ သုံးကျပ်ပေးမှ ရောင်းနိုင်မယ်…"

ချစ်ချစ်ပါ ရယ်လိုက်မိသည်။ ပြီးတော့မှ သူ့လက်ပွေ့အိတ် ထဲမှ ကျပ်တန် သုံးရွက်ကို ရှာဖွေထုတ်ယူသည်။

ကိုရှုပါသည် ဘာမှဆက်မပြောတော့ဘဲ ပလတ်စတစ်အိတ်



ထဲမှ မုန့်လုံးကြီးကြော်တလုံးကို ထုတ်၍ပေးလိုက်သည်။

"ကဲပါ…ပိုက်ဆံပေးမနေပါနဲ့. စားမှသာ စားစမ်းပါ။ အဓိ လုပ်ပုံက ပေါက်ပေါက်ရှာရှာနဲ့…"

"အင်းပါ…ယူပါ"

"ဟာဗျာ…ဘယ့်နဲ့ယူရမှာလဲ၊ ကဲ- ကဲ နောက်မှ ကျုပ်ကို တစ်ခုခုပြန်ဝယ်ကျွေးချင်ကျွေးပေါ့ ဟုတ်လား"

ချစ်ချစ်သည် မုန့်လုံးကြီးကြော်ကို လှမ်းယူပြီးပြီးချင်း ဘာ်ကိုက်ကိုက်မိလေတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

(၃)

တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးသွားကြသလိုလိုရှိလာသော်လည်း စကားမပြောဖြစ်ကြပြန်ချေ။ ကိုရှုပါသည် ဆေးလိပ်တစ်လိပ်ပြီး တစ်လိပ်ထုတ်သောက်ရင်း စာအုပ်တစ်အုပ်ထုတ်ဖတ်နေသည်ကိုသာတွေ့ရ၏။ အင်္ဂလိပ်စာအုပ်ဖြစ်၏။

အင်္ဂလိပ်စာဖြင့် ရေးသားထားသဖြင့် လွယ်လွယ်ပြောခြင်းသာဖြစ်သည်။ အမှန်မှာ အမေရိကန်စာအုပ်ဖြစ်သည်။ ချစ်ချစ်သည် ကိုရှုပါ အင်္ဂလိပ်စာအုပ်ဖတ်နေသည်ကို တွေ့ရတော့ နည်းနည်းအံ့ဩမိသည်။ ချစ်ချစ်သည် ဘွဲ့ရတစ်ယောက်ဖြစ်လျက်နှင့် ယနေ့အထိ အင်္ဂလိပ်ဝတ္ထုဟူ၍ မဖတ်ဖူးခဲ့။ မဖတ်ချင်ဘူးဆိုလျှင်တော့ထားတော့။ အမှန်က သူဖတ်ကို မဖတ်တတ်ခြင်းဖြစ်သည်။



ကိုရှုပါက ချစ်ချစ်ကို လှည့်ကြည့်သည်။

"ပျင်းလို့လား . . . စာဖတ်ပါလား။ ကျုပ်မှာ စာအုပ်အပို ပါတယ်"

"နေပါစေ"

ထိုနေပါစေသည် ကြောက်လန့်တကြားပြောသော နေပါစေဖြစ်၏။

အကယ်၍ သင်းက အင်္ဂလိပ်ဝတ္ထုစာအုပ် ထုတ်ပေးလျှင် အရှက်တော်က ကွဲအုံးမည်။

"မဂ္ဂဇင်းစာအုပ်တွေလဲ ပါတယ်လေ"

"ဘာမဂ္ဂဇင်းလဲ"

"ရှုမဝ. မိုးဝေ. ငွေတာရီ. စစ်ပြန်"

"သပြေကော မပါဘူးလား"

ကိုရှုပါပြုံးမိလေသည်။

ဟုတ်တော့လည်း ဟုတ်သားပင်။ ချစ်ချစ်တို့အရွယ်သည် သပြေရွယ်။

"သပြေတော့မပါဘူး။ မိုးဝေဖတ်ကြည့်ပါလား ကောင်းတယ်"

"တချို့ဟာတွေ နားမလည်ဘူး"

"ကဲ . . . ဒါဆိုလဲ ကြိုက်ရာသာရွေးဖတ်ပေါ့ ဒီမှာမဂ္ဂဇင်းတွေ [illegible]သဆန်း ထွက်တာတွေချည်းပဲ"

ချစ်ချစ်သည် ကာတွန်းများကို ရွေးချယ်ဖတ်နေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ်သည် ကာတွန်းတစ်ပုံကိုကြည့်ပြီး မနေနိုင် မထိုင်နိုင်ဖြစ်ကာ ခစ်ကနဲ ရယ်မိသည်။ ကိုရှုပါကတော့ သူ့စာအုပ်မှာသာ စိတ်စွဲပြီး ချစ်ချစ်ကို သတိမထားမိလိုက်ချေ။

ထို့နောက် ချစ်ချစ်သည် စာအုပ်ကိုပိတ်ပြီး တစ်ယောက်တည်းရယ်မောနေမိပြန်သည်။ တွေးလေလေ ရယ်ရလေလေ ကာတွန်းမျိုးဖြစ်မည် ထင်ပါသည်။

သည်တခါ ကိုရှုပါလှည့်ကြည့်သည်။ ပြုံးပြသည်။ ချစ်ချစ်ကလည်း ရယ်လျှက်သားကြားထဲမှ မျက်လုံးချည်း သတ်သတ်ပြုံးပြပါသည်။ ကြုံဖူးကြသလာတော့ မသိ။

မျက်နှာတည်တည်နေရာမှ ပြုံးသည်မှာ ဘာမှမထူးဆန်းပါ။ ခုက ရယ်လျှက် မှ သတ်သတ်ခွဲထွက်၍ မျက်နှာပေါ်မှ အပြုံးရိပ်သန်းလာခြင်း ဖြစ်သည်။ တစ်မျိုးပေါ့။

"ငွေကြည့်ကာတွန်းမဟုတ်လား။ ရယ်ရတယ်နော်"

"ဟုတ်ပါတူ။ ဝတ္ထုကြော်ငြာ ကာတွန်းပါ"

ချစ်ချစ်ကတော့ ဆက်လက်ရယ်မောနေသည်။ ကိုရှုပါကလည်း လိုက်၍ရယ်ပါသည်။ သို့သော် ချစ်ချစ်စကားကို သဘောကျသွားသောကြောင့်သာ ဖြစ်၏။ ပြီးတော့ နှစ်ယောက်စလုံး မျက်နှာပိုးသတ်ပြီး ကိုယ့်စာအုပ်ကိုယ် ပြန်ဖတ်နေကြပြန်သည်။

ဘတ်(စ်)ကားဦးပိုင်းမှ ရယ်မောသံများ ထွက်ပေါ်လာပြန်သည်။



သူတို့တော့ ကာတွန်းဖတ်ပြီးရယ်မောခြင်းဟုတ်ချင်မှဟုတ်မည်။ စုပေါင်းရယ်မောခြင်းဖြစ်သဖြင့် အားလုံးနှင့်ပတ်သက်သော စကားပိုင်းမှ ဟာသတခုခုပင် ဖြစ်နိုင်သည်။

ချစ်ချစ်စိတ်သည် ထိုရယ်မောသံများဆီသို့ ရောက်သွားသောအခါ ပို၍ကြည့်စင်လာသည်။ ခရီးသွားရခြင်းဟူသည် စုပေါင်းဆောင်ရွက်ရခြင်းပင် ဖြစ်သည်ဟု သဘောပေါက်စပြုသည်။ ဘဝနှင့်ဆက်စပ်၍တော့ကား ချစ်ချစ်မတွေးတတ်ပါ။

တစ်နည်းအားဖြင့် လူစုလူဝေးနှင့် ခရီးသွားရခြင်းဖြင့်ပျော်စရာတော့ အကောင်းသားဟု ကလေးတွေး တွေးမိရုံသာရှိသည်။

ထိုအချိန်တွင် ကားသည် ဆန့်ငင်ဆန့်ငင် ဖြစ်သွားသည်။ ဆာတေကပွဲ ကျသွားသော အုပ်မှလူတစ်ယောက်ကထပြောသည်။

"ကိုကြီးကျော်ရေ . . . အလကားနောက်တာပါဗျာ၊ အနော်တို့ကို မကြည့်စားပါနဲ့"

ထိုသို့ပြောကာမှ ကားကလုံးဝရပ်သွားသည်။ ပွဲကျသွားကြသည်။ ကားခေါင်းထဲမှ မီးခိုးများ အူထလာသည်။ ဝါယာမီးလောင်နံ့ ညှော်လာသည်။ စပယ်ယာက ရေပုံးကိုင်ပြီး ပြေးဆင်းသည်။

"ရှော့ဖြစ်တာထင်တယ်ဗျို့ သော့ပိတ် သော့ပိတ်၊ ဓာတ်ဆီဆက်ထား"

"ဟော့ . . . ဝါယာရှော့ဖြစ်တာ ရေနဲ့ပက်လို့ မရဘူး၊ သဲနဲ့ပက်ဓာတ်စုတ် ရေစွတ်ပြီးရိုက်"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် အော်ဟစ်သံများ ဆူညံသွားသည်။ ထိုအချိန်တွင် ခရီးသည်များထဲမှ ပထမဆုံး ကားအောက်သို့ ခုန်ဆင်းသွားသူမှာ ကိုရှုပါဖြစ်သည်။ ကဗျာဆရာသည် ကိုယ်နေဟန်ထား နွဲ့ပါသော်လည်း အသိဉာဏ်ဖျတ်လတ်သည် မဟုတ်လား။

ချစ်ချစ်သည် သူ့ကိုယ်သူ အတွက်စိတ်ပူတာလား၊ အားလုံးအတွက်လားတော့မသိ ပြတင်းပေါက်မှ ခေါင်းပြူကြည့်သည်။ ကိုရှုပါသည် လမ်းဘေးသို့ဆင်းပြေးပြီး သူ့လုံချည်ကို ကွင်းလုံးချွတ်ချလိုက်သည်။ (မှတ်ချက်။ အတွင်းခံဘောင်းဘီပါသည်)

လမ်းဘေးသဲချောင်းကလေးအတွင်းမှ သဲစိုစိုများကို လုံချည်ဖြင့်ထုပ်ယူပြီး ကားစက်ခေါင်းတွင်းသို့ ပက်ထည့်နေသည်။

သည့်တော့မှ ကားပေါ်မှ ယောကျ်ားသားအချို့လည်း ပြေးဆင်းကြလေသည်။

ကိုရှုပါသည် လူတွေဝိုင်း၍ မီးငြိမ်းသတ်နေစဉ် ကားနံဘေးသို့ပြေးလာရင်း-

"အားလုံး ကားပေါ်က ဆင်းကြ"ဟု အော်ပြောသည်။ ချစ်ချစ်ကိုယ်တိုင်ပင် အမိန့်သံပါသော ကိုရှုပါ၏စကားကို နားထောင်မိသည်။

တိုးဝှေ့ဆင်းသက်ကြလို့ ခရီးသည်အားလုံး ကားအောက်ရောက်သွားကြသောအခါ မီးငြိမ်းသွားပြီ။ အားလုံးစိတ်အေးသွားကြရသည်။ စိတ်အေးသွားကြရသည်ဆိုသဖြင့် ပထမက စိတ်ပူခဲ့ရသည်ဟု အဓိပ္ပာယ်ရပါသည်။ ခရီးသွားရခြင်းတွင် ရင်ခုန်လှုပ်ရှားဖွယ်ရာများ



သည်း ရှိပါကလားဟု နားလည်ရပြန်သည်။

သို့သော် ထိုသို့ စိတ်လှုပ်ရှားမှုမျိုးကို ချစ်ချစ်မကြုံဖူးသေးပါ။ အိမ်က ကားပျက်လျှင် စိတ်ဆိုးရခြင်းလောက်သာ အတွေ့အကြုံရှိသည် မဟုတ်လား။ ထို့ကြောင့် ခုလို စိတ်လှုပ်ရှားရခြင်းသည် ချစ်ချစ်အဖို့ အတွေ့အကြုံသစ်တိုးခြင်းပင် ဖြစ်နေသည်။ ကျောင်းမှာ လက်တွေ့ခန်းဝင်တုန်းက ခုလောက် စိတ်မဝင်စားခဲ့ဖူးပါ။

"ကဲ ကဲ‥ ခရီးသည်တွေ ခဏတဖြုတ်တော့ ဆင်းနားကြအုံး ချောဖြစ်တာကလေး လုပ်လိုက်အုံးမယ်"

ကားဆရာက ပြောပြောဆိုဆိုနှင့်ပင် မော်တော်ကားစက်ခေါင်းပေါ်သို့ တက်သွားလေသည်။

ချစ်ချစ်သည် အခြားခရီးသည်များနည်းတူ လမ်းဘေး ကုက္ကိုပင်တစ်ပင်အောက်တွင် သွားနေလိုက်သည်။

ချစ်ချစ်ရှိသောနေရာသည် လူလူသူသူမရှိသော သစ်ပင်အောက်ဖြစ်၏။

ချစ်ချစ်သည် လယ်ကွင်းပြင်များ၊ ချောင်းရေကလေးများနှင့်မြင်ရသော တောင်ပီးခိုးပြာတန်းများကို လွတ်လပ်စွာ တစ်ယောက်တည်း ငေးနေမိသည်။

ကုက္ကိုင်ရွက်ခြောက်များကို နင်းလျှောက်လာသောခြေသံကို ကြားကတည်းက ကိုရှုပါမှန်း သူသိသည်။ လှည့်ကြည့်ပြုံးပြနှုတ်ဆက်ရန် သူ့နှုံမလေးတော့ပါ။ အဘယ့်ကြောင့်ဆိုသော် ကိုရှုပါသည် စောစောက မော်တော်ကားရှော့ဖြစ်ပြီး မီးလောင်စဉ် အလျင်မြန်ဆုံး အကူညီ

www.burmeseclassic.com

www.burmeseclassic.com



မေးနိုင်ခဲ့သူ ဖြစ်သောကြောင့်ဖြစ်၏။ ဆိုင်ပါသည်။ မဆိုင်ဘူးဟု မထင်ကြပါနှင့်။ ကိုရှုပါ၏ဖျတ်လတ်မှု၊ ကူညီတတ်မှုကို ချစ်ချစ်လေးစား မိသောကြောင့်ပင်ဖြစ်သည်။

ကိုရှုပါသည် ချစ်ချစ်အပါးတွင် လာရပ်၏။ သူ ပင်ပန်းနေဟန်ရှိသည်။

ဘာမှမပြောသေးဘဲ ချစ်ချစ်နှင့်တူရှုသို့ သူလည်းငေးသည်။ ပြီးတော့ကျတော့ အမှတ်မထင် ပြောသည်။

"ခုထိ . . . အမိနာမည် မသိရသေးဘူး"

ကဲ . . ကြည့်။ ဘယ်နဲ့လူမှန်းမသိ၊ သူပြောချင်ရာ စွတ်ရွတ် ပြောတတ်သည်။ ချစ်ချစ်သည် ပြုံး၏။

"အို . . . ဘာဆိုင်လို့လဲ"

"ဘာဆိုင်စရာကော လိုလို့လဲ၊ နာမည်မေးတာပဲဟာ"

"သိတော့ ဘာထူးမှာလဲ"

"နောင်အကူအညီလိုရင် ပေးဖို့ပါ"

အကူအညီလိုစရာ ရှိလို့လား"

"ဘယ်ပြောနိုင်မလဲ"

"ကျွန်မမှာ ရန်သူမှမရှိတာ"

"ရန်သူဆိုတာ ပြင်ပမှာမရှိဘူး။ ကိုယ့်စိတ်ထဲမှာဘဲရှိတာ"

"ဘာတွေလာပြောနေတာလဲ"

"တရားသဘောတွေပေါ့၊ အမိရဲ့စိတ်ပေါ် မူတည်ပြီး ပြဿနာ



ဆိုတာ ဖြစ်လာနိုင်တာပဲ"

"ကျွန်မ ဘယ်သူမှ မကြောက်ဘူး"

"ကျုပ်ကိုကော မကြောက်ဘူးလား"

"ဘာလို့ ကြောက်ရမှာလဲ"

"ကျုပ်က လူကောင်းတယောက်လို့ ထင်သလား"

"လူဆိုးဆိုလဲ မကြောက်ပါဘူး"

"ဒါပေမယ့် လူကောင်းယောင်ဆောင်တဲ့လူဆိုးက ပိုကြောက် စရာကောင်းတယ်နော်"

"ဒါနဲ့ စောစောကပြောတော့ ရှင်က ကျွန်မကို နာမည် ပေးတော့ အကူအညီလိုရင် ပေးဖို့ဆို"

"အင်းလေ ကူညီချင်လို့ပါ။ ကျုပ်က ကူညီချင်လွန်းတော့ ခင်ဗျားကို အနှောင့်အယှက်ပေးမယ့် လူမရှိခဲ့ရင် ကျုပ်ဖာသာပဲ နှောင့်ယှက်ပြီး ကျုပ်ကပဲ ပြန်ကူညီရတော့မှာပေါ့"

"ဘာတွေ လာပြောနေမှန်း မသိဘူး"

"ကူညီချင်လွန်းလို့ပါ"

"ကြောက်တယ်နော်"

"တတ်နိုင်ဘူးလေ . . . ကူညီချင်တာကိုး"

"ဟီဟိ"

"အမိနာမည်က ဟီဟိတဲ့လား"

"လုပ်မနေနဲ့ မရယ်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အမိန့်နာမည်က ရယ်ရသားပဲ"

ချစ်ချစ်သည် ဘာမှထပ်မပြောတော့ဘဲ နေလိုက်သည်။ ကိုရှုပ်ကသာ စကားဆက်သည်။

"တကယ်ပြောတာပါ နာမည်တော့ ကျုပ်သိထားသင့်တယ် ထင်တယ်"

ချစ်ချစ်ပြုံး၏။

"ဘာပြုံးတာလဲ ကျုပ်ကိုမယုံဘူးလား"

"ရှင်ပဲပြောတာပဲ၊ ရှင့်လဲမယုံရဘူးဆို"

"နောက်တာပါ"

"ဒါဖြင့် ဒီလိုလုပ်"

"ဘယ်လိုလုပ်ရမလဲ"

"မှတ်လား . . . ရှင့်နာမည်အရင်ပြောပါလား"

"ဟဲဟဲ . . . ကျုပ်နာမည် ဘခက်"

"ဘာရယ်"

"ဘခက်ပါ"

"ဘာဘခက်လဲ စန္ဒယားဘခက်လား၊ ဓာတ်ဘခက်လား၊ ဓားဘခက်လား၊ ကပ္ပတိန်ဘခက်လား"

"ကျုပ်က ဆားပုလင်းဘခက်ပါ"

နှစ်ယောက်သား တစ်စုံတစ်ရာကို သဘောပေါက်စွာ ရယ်လိုက်ကြ၏။

ထိုအချိန်မှာပင် ကားဆရာ၏ အော်သံကို ကြားလိုက်ကြရ၏။



"ကဲ . . . ကားထွက်လို့ရပြီဗျို့ လာကြွ လာကြွ"

နောက်ထပ်ဝါယာရှော့မဖြစ်သော်လည်း ကားက လမ်းမှာ ခဏခဏ ပျက်သေးသည်။

အင်းမသို့ရောက်သည်။

အင်းမမှာ စားဖွယ်သောက်ဖွယ်ပေါသည်။ ဈေးလည်းပေါသည်။ ပြည်-မကွေးခရီးတွင် အင်းမသည် "အိုအေစစ်" ဖြစ်သည်။ သဲကန္တာရတွင် အိုအေစစ်သည် အရိပ်ခိုရန် အကောင်းဆုံးမဟုတ်လား။

အင်းမမှာ စားသောက်ဆိုင်စုံလင်ခြင်းသည် စကားထဲထည့်ပြောလောက်စရာတော့ မဟုတ်ချေ။ ဘတ်(စ်)ကား၊ မီးရထား၊ သင်္ဘောသည်ဖြင့် ခရီးသွားယာဉ်များ ရပ်တန့်ရာဒေသသည် စားသောက်ဆိုင်ပေါများရမြဲပင်ဖြစ်၏။ သို့သော် အင်းမမှာက ထူးခြားချက်ရှိသည်။ ဗာကလေးကြော်၊ ဆီထမင်း၊ ဒံပေါက်ထမင်း၊ မြေပဲယို၊ ကွာစေ့လှော်သော ခရီးသွားအစားအသောက်များသာ ရောင်းချသည်မဟုတ်။ အမြီးတံရှာသားများအဖို့ မစားစဘူး စားဖွယ်များရသည်။

ဆိုပါစို့ ဂျီသား၊ ဆတ်သား၊ ဒရယ်သားစသည်ဖြင့်၊ သည်အတွက် အင်းမသည် နာမည်ကြီး၏။

"အောက်ဆင်းအုံးလေ၊ ဒီမှာက အစားအသောက်စုံတယ်"

ကိုရှုပ်က ထုံစံအတိုင်း ပြတင်းပေါက်မှာပင် ခုန်ဆင်းပြီး ချစ်ချစ်ကို ခေါ်သည်။

ချစ်ချစ်သည် ကိုရှုပ်၏ ဖိတ်ခေါ်မှုကို အရေးတယူလက်ခံပြီး ကားပေါ်မှ ဆင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကိုရှုပါကို ယုံကြည်သက်ဝင်နေပြီ။ ဘာပဲဖြစ်ဖြစ် ခရီးသွားဖော်အဖြစ်လောက်တော့ အသုံးကျသော လူတစ်ယောက် မဟုတ်ပါလား။

ပြီးတော့ကျတော့ ချစ်ချစ်သည် ကိုရှုပါနှင့်ပင်အတူ ဆိုင်များ ရှိရာသို့ လမ်းလျှောက်လာခဲ့သည်။ ယောက်ျားတစ်ယောက်နှင့် လမ်းတွဲ လျှောက်နေရပါသလားဟု သူသတိမရချေ။ စိတ်လက်သန့်ရှင်းသော အခါ ယောက်ျားနှင့်မိန်းမ လမ်းတွဲလျှောက်ကြခြင်းသည် ပြဿနာ မဟုတ်ပါ မဟုတ်လား။

သို့သော် ချစ်ချစ်သည် ဆိုင်တန်းများအနီးရောက်သည်နှင့် ချက်ချင်း ခြေလှမ်းတုန့်ပ့စ်လိုက်သည်။ ကိုရှုပါကလည်း ယောင်ရမ်းပြီး ချစ်ချစ်နှင့်အတူ ရပ်တန့်လိုက်သည်။

ကြည့်ကြစမ်းပါ။ လူတို့သည် အဖော်အပေါင်းအဖြစ် မိမိတို့စိတ်၌ သတ်မှတ်မိပြီဆိုလျှင် တစ်ယောက်၏ အရိပ်အခြေကို တစ်ယောက်ကြည့်ရှုဆင်ခြင်တတ်ကြသည် မဟုတ်လား။

သို့သော် ချစ်ချစ်သည် သူ၏ဣန္ဒြေပျက်ရမှုကို သူ့ဖာသာ ထိတ်လန့်ရပါသည်။

သည်လိုဖြစ်ပါသည်။ ချစ်ချစ်သည် ဆိုင်တန်းများတွေ့သဖြင့် ဝမ်းသာလာသောကြောင့်သာ ကားပေါ်ကဆင်းလာခဲ့သည်။ သူသည် လူလူသူသူကြားသို့ တိုးဝင် နိုင်သောသူမဟုတ်။

ရပ်ရှင်မင်းသမီးနှင့်အိမ်ကထွက်ပြေးလာသောကောင်မလေး



ဘ်၏ ဘဝသည် အတူတူပင်ဖြစ်လေသတည်း။ လူသူအမြင်မခံဝံ့ကြပါ။

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း . . . မဖြစ်ပါဘူး"

"ဘာစားမလဲ"

"ဘာမှ မစားချင်တော့ဘူး"

ချစ်ချစ်သည် ဘတ်(စ်)ကားဆီသို့ ပြန်လှည့်သွားပါ၏။ ကိုရှုပါက လိုက်လှည့်၏။

"ခုနကတော့ ဆာလို့ဆို"

"ခုမဆာတော့ဘူး"

"မုန့်လုံးကြီးတစ်လုံးနဲ့ ဘယ်ဝပါ့မလဲ"

"ဝပါတယ်"

"မှတ်ပုံးလေ၊ ဗိုက်မဆာသည့်တိုင်အောင် ထူးထူးဆန်းဆန်း တွေ စားရတာပေါ့ ကြီသားတို့ ဆိတ်သားတို့"

"အို . . . ကျွန်မ ပေါက်တတ်ကရတွေ မကြိုက်ပါဘူး"

"မပေါက်တတ်ကရ စားစရာတွေလဲ ရှိပါတယ်"

"အို . . . ကျွန်မ ဘာမှမစားချင်ပါဘူး"

ဘတ်(စ်)ကားပေါ်သို့ ပြန်တက်ခဲ့သည်။ ချစ်ချစ်က တ်ဇတ် တက်သွားသဖြင့် ကိုရှုပါ ကြောင်စီစီကျန်ရစ်၏။

"ဘယ့်နှယ်ဟာလေးမှန်း မသိဘူး"ဟု တိုးတိုးရွတ်ရင်း ရှုပါ ဆိုင်တန်းဘက်ထွက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တစ်ဆိုင်သို့ဝင်ထိုင်သည်။ ဆတ်သားခြောက်ကြော်နှင့် ရေနွေးကြမ်း ထိုင်သောက်သည်။ ကိုရှုပါ၏အနီးတွင် လူတစ်ယောက် သတင်းစားထိုင်ဖတ်နေ သည်။

ဘာရယ်မဟုတ်သော်လည်း သတင်းစာဆိုလိုက်သည်နှင့် လှမ်းကြည့်မိတတ်သော လူတို့၏သဘာဝအတိုင်း ကိုရှုပါ လှမ်းကြည့် လိုက်သည်။ ကိုရှုပါ မျက်လုံးပြူးသွား၏။

ဓာတ်ပုံတစ်ပုံကို တွေ့ရသည်။

ကြော်ငြာများကြားတွင်ဖြစ်သည်။ လူပျောက်ကြော်ငြာဓာတ်ပုံ ချစ်ချစ်၏ ဓာတ်ပုံသေချာပြီ။ သည်ကောင်မလေးကြည့်ရသည်မှာ မှုမှန် ဘူးဟု သူ့အရင်ကတည်းက တွက်သည်မှာမှန်နေပြီ။

သတင်းကိုပါ ဖတ်ကြည့်သည်။

သမီးချစ်ချစ် . . .

မြန်မြန်ပြန်လာပါ။

ဖေဖေစိတ်ပူနေပြီ။

မွှားမွှား နေမကောင်းဘူး။

အားလုံး ခွင့်လွှတ်တယ်။

တွေ့ရှိ သတင်းပေးနိုင်သူအား ကျေးဇူးဆပ်ပါမည်။

ဦးရွှေအိုး

ရွှေအိုး ဂျာနယ်တိုက်

ကိုရှုပါသည် ထိုင်ရာမှထ၏။ အခြားဆိုင်တစ်ဆိုင်မှာ ကြက်သားကြော်နှစ်ခုဝယ်၏။ ကားပေါ်ပြန်တက်၏။



"ရော့ . . ကြက်သားကြော် ကောင်းလို့ဝယ်လာတာ၊ လမ်းမှာ ဘာက ဘယ်နှစ်ခါပျက်ဦးမယ်လဲမသိဘူး။ မြို့ကို အဝင်နောက်ကျ သိမ့်မယ်ထင်တယ်"

ချစ်ချစ်သည် စိုလက်စ မျက်ရည်စတို့ကို မျက်တောင်ခတ် သိမ်းဆည်းနေ၏။

သူသည် ကြီးလေးသော အပြစ်ကြီး မဟုတ်သဖြင့် ရာဇ ဝတ်ဘေးကဲ့သို့ ကြောက်ရွံ့စရာမလိုသော်လည်း လွတ်လပ်မှုကိုတော့ ချိန်းချုပ်လိုက်သည် အမှန်ပင်ဖြစ်၏။ ဆာလောင်နေသောအခါတွင်မှ စားဆိုင်မထိုင်ရဲ ဖြစ်နေရသဖြင့် ချစ်ချစ်ဝမ်းနည်းနေလေ၏။

သည်အချိန်တွင် အလိုက်သိသော (သို့မဟုတ် အလိုက် သိချင်ဟန်ဆောင်သော) ကိုရှုပါ၏ ကြက်သားကြော်သည် လိုအပ်သည် ထက် အဖိုးတန်သွားသည်။

ချစ်ချစ်သည် မငြင်းဆန်တော့ဘဲ ကိုရှုပါကမ်းပေးသော ကြက်သားကြော်ထုပ်ကို လှမ်းယူလိုက်၏။

"ကျေးဇူးပါပဲ"

"အလကားကျွေးတာ မှတ်ဘူးနော်"

"ဘယ်လောက်ပေးရသလဲ"

"တခုငါးမတ် . . . နှစ်ကျပ်ခွဲဖိုး"

ချစ်ချစ်သည် ပိုက်ဆံနှစ်ကျပ်ခွဲထုတ်ပေးသည်။ ကိုရှုပါယူ၏။ ချစ်ချစ်ကျေနပ်ပါသည်။ ပွင့်လင်းရိုးသားသူဟုမှတ်ယူမိ၏။ ဤသို့ မှတ် ယူရန် တမင်ဖန်တီးခြင်းလားဆိုသည်ကိုတော့ ကိုရှုပါမှပင်သိမည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ်သည် ကြက်သားကြော်ကို ချက်ချင်းစားသည်။ အားရှိသွားသလိုလို ရှိသည်။

ကိုရှုပါသည် အစားကိုမက်မက်မောမော စားနေသော မိန်းကလေးတယောက်ကို သနားစရာကောင်းသည်အထင်ဖြင့် ငေးကြည့်မိသည်။ ချစ်ချစ်သည် လှသည်။

ကိုရှုပါသည် ချစ်ချစ်၏ အလှကိုသာ ကြည့်သည်။ ချစ်ချစ်၏ ဘဝကို မကြည့်ချေ။

သူထင်သည်။ လတ်တလောတွင် သည်မိန်းကလေး၏ ကိစ္စနှင့်ပတ်သက်၍ သူဘာမျှ ဆုံးဖြတ်လို့ မရသေးဟူ၍ မိန်းကလေးသည် မည်သည့်အရေးအခင်းနှင့် အိမ်မှထွက်ပြေးလာသည်ကို သူမသိပါ။

ဦးရွှေအိုးတွင် သမီးချောတယောက်ရှိသည်။ အလိုလိုက်လွန်းသဖြင့် ဂျစ်ကန်ကန် ဆိုးပေပေ ဖြစ်နေသည်ဟူ၍လောက်သာ ချစ်ချစ်နှင့်ပတ်သက်၍ ဂျာနယ်သမားချင်း ကိုရှုပါသိခဲ့သည်။

သည့်ထက် ဘာမှသူမိုလို့မသိပါ။

သို့သော် ဂျာနယ်ပိုင်ရှင်တစ်ယောက်၏ သမီးမှန်းသိသော အခါ ကိုရှုပါသည် ချစ်ချစ်ကိုပိုလို့ရင်းနှီးမိလေသည်။ တဆွေမျိုးတော်သည် မဟုတ်လား။

"ကျုပ်နာမည်ကို မှတ်ထားအုံးနော်"

ချစ်ချစ် ဘာမှမပြော ကိုယ့်စိတ်ကူးနှင့် ကိုယ်ရှိနေချိန်မို့ သိပ်စကားပြော ချင်စိတ်မရှိလှ။



"စောစောက ပြောတဲ့ ဆားပုလင်းဘခက်ဆိုတာက နောက်တာပါ။ ခု တကယ်ပြောမလို့၊ နောက်နောင် အကူအညီမလိုသည့်တိုင် မှတ်မိထားယင် ကောင်းတာပေါ့၊ ကျုပ်က ခင်တတ်မင်တတ်ပါတယ်"

"ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်။ ပြောပါ"

"ကျုပ်နာမည် ငြိမ်းကျော်ပါ"

ချစ်ချစ်က ရယ်သည်။ ကိုရှုပါ၏ စကားသည် ကြွားလုံးဟုတ်ဘဲ နောက်ပြောင်ခြင်းသာ ဖြစ်ကြောင်း သူသိသည်။

"ငြိမ်းကျော်ကို ကျွန်မသိပါတယ်။ ဟိုက ပိန်ခြောက်ခြောက် ရဲ့ ဟာသမင်းသား သာဆန်းပုံမျိုးပါ"

"သူက ငြိမ်းကျော် အစစ်မှုတ်ပါဘူး။ ငြိမ်းကျော်ချင်ယောင်ဆောင်နေတာပါ။ ကျုပ်ကမှ ငြိမ်းကျော်အစစ်"

နှစ်ယောက်သား ရယ်မိကြသည်။

"မနောက်နဲ့လေ၊ ကောင်းကောင်း ပြောမှပေါ့ရှင့်"

"ကိုကို"

"ဘာရယ် ရှင့်"

"ကျုပ်နာမည်က ကိုကိုပါ"

"တင်စီးလိုက်တာ"

"မောင်ကိုကိုလို့ ခေါ်လဲရပါတယ်"

"ဂီတလုလင်နဲ့ မှားမှာပေါ့ရှင့်"

"မမှားပါဘူး။ ဂီတလုလင်မောင်ကိုကို ဆိုတာလဲ ကျုပ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တယ်နော်"

"တခါတလေတော့ လူတိုင်း ကြောင်တတ်ကြတာချည်းပါပဲ"

"ကိုကိုဆိုတာ နာမည်ရင်းလား"

"ဟုတ်တယ်၊ ကဗျာရေးတော့ မောင်ရှုပါဆိုတဲ့ နာမည်နဲ့ ရေးတယ်"

"ကြွားတာပေါ့လေ"

"ဟုတ်တယ် ကြွားတာ။ ဒါပေမယ့် ကဗျာဆရာလို့ ကြွားရတာ ဂုဏ်ရှိပါတယ်"

"ဟုတ်တယ်၊ ရှင့်စကားကို သဘောကျတယ်"

"အင်းလေ၊ ကျုပ်မှာ ကြွားစရာဒါဘဲရှိတာပဲဟာ၊ ကျုပ် ဂျာနယ်တိုက်ပိုင်ရှင်မှ မဟုတ်တဲ့။ ဂျာနယ်ပိုင်ရှင်လို့တော့မကြွားချင်ဘူး"

ချစ်ချစ်သည် "ရုတ်ခြည်း မျက်နှာပျက်သွား၏။ သင်းက သူ့ကြောင်းကို သိသွားလေပြီလားဟု စိုးရိမ်မကင်း ဖြစ်မိသည်။ အမှန်ကလည်း ဤသို့ချစ်ချစ်စိတ် မသိုးမသန့်ဖြစ်စေချင်၍ ကိုရှုပါက သည်စကားကို ရွေးပြောခြင်းဖြစ်သည်။

ကိုရှုပါက သည်တော့မှ စကားကို ပြင်ပြောသည်။

"ဒီလိုလေ၊ ကျုပ်က ကျုပ်ရဲ့ ဂျာနယ်တိုက်ပိုင်ရှင်နဲ့ မတဲ့ဘူး။ ခုကျုပ်ကို သူက အလုပ်ဖြုတ်လိုက်တာပေါ့။ ဒါပေမယ့် ကျုပ်ကို အလုပ်ဖြုတ်လို့ပဲရမယ်။ ကဗျာဆရာအဖြစ်ကတော့ ဖြုတ်လို့မရဘူး။ ဒါကြောင့် ဒီဂုဏ်ပုဒ်ကို ကျုပ်မြတ်နိုးတာ"



"ဘယ်ဂျာနယ်လဲ"

ချစ်ချစ်စကားပြောမှားပါသည်။ အတတ်နိုင်ဆုံး ဂျာနယ်မှုငင်းနှင့် ပတ်သက်၍ သူ့စကားထဲမပါလျှင် အကောင်းဆုံးဖြစ်သည်မဟုတ်လား။

ထို့ကြောင့် စကားလွှဲရပြန်သည်။

"ထားပါလေ၊ ဒါတွေ ကျွန်မနဲ့ဆိုင်တဲ့ ကိစ္စတွေ မဟုတ်ပါဘူး"

ကိုရှုပါမြုံး၏ ချစ်ချစ်တစ်ယောက် သည်ကိစ္စနှင့် ပတ်သက်၍ အတတ်နိုင်ဆုံး စကားမများရအောင် ကြိုးစားမှန်း ကိုရှုပါသိလေသည်။

"ကားထွက်မယ်၊ ကားထွက်တော့မယ်"

စပယ်ယာက အော်၏။ ဒရိုင်ဘာက ဟွန်းတီးအချက်ပေး၏။

ခရီးသည်များ ကားပေါ်တက်လာကြစဉ် ကိုရှုပါ ကားပေါ်မှ ပြန်ဆင်းသွား၏။ စာစောက ဆိုင်သို့ သူပြန်ဝင်သည်။

"ဦးလေး ဒီသတင်းစာ ကျွန်တော့်ကို ရောင်းပါလား"

"ကြေးမုံတော့ မရဘူးကွယ်၊ ဆိုင်မှာ ဖတ်ဖို့မရှိလို့"

"ကျွန်တော်အတွက် အရေးကြီးတဲ့သတင်း ပါနေလို့ပါ"

"ဗိုလ်တထောင် လိုချင်ရင်တော့ ယူသွားလေ"

ဗိုလ်တထောင်ယူပြီး ကြော်ငြာရှာသည်။ သတင်းစာအဖြစ်ထည့်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက် ပေးရမလဲခင်ဗျာ"

"ယူသာသွားပါကွယ်"

သတင်းစာကို ခေါက်ပြီး တိုက်ပုံအင်္ကျီအတွင်းအိတ်ထဲ ထည့်လိုက်သည်။ဘတ်(စ်)ကားပြတင်းပေါက်မှပင် နှိတက်လိုက်သည်။ ကားစထွက်ပြီ။

× × ×

(၄)

"ကျုပ်ကို ခုထိ အမိနာမည်မပြောသေးဘူးနော်"

"ကျွန်မက ပြောမယ်လို့မှ ပြောမထားဘဲ"

"နာမည်ရင်း မပြောချင်လဲ ကျုပ်စောစောကပြောသလိုပဲ အခြားနာမည်တစ်မျိုးမျိုး လွှဲပြောပေါ့"

"ဘာထူးမှာတုန်း"

"လူချင်းခင်ပြီးမှ နာမည်လောက်တော့ မှတ်ထားမိချင်လို့ပေါ့၊ နောင်လမ်းတွေ့ရင် ခေါ်ရပြောရမယ်မှတ်လား"

"ပြည်ရောက်တော့မှာမှတ်လား"

"ဒါနဲ့ဘာဆိုင်လို့လဲ"

"ပြည်ရောက်ရင် လမ်းခွဲကြမှာပဲဟာ နောက်ပြန်တွေ့စရာ ထဲမရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လဲ ပြည်မှာဆင်းမှာပဲ"

"ပြည်မှာနေတာလား"

"မှတ်ဘူး . . . မုံရွာသားပါ။ ပြည်က စာအုပ်ကိုယ်စားလှယ်တစ်ယောက်အိမ် တစ်ရက်လောက်ဝင်တည်းမလို့ပါ"

"ဟင်း . . . ဒါဖြင့် ပြည်ကမှ မုံရွာကိုကူးမှာပေါ့"

"စိတ်ကူးတာပဲ။ ပြည်မှာ ကြာချင်လဲ ကြာသွားနိုင်တယ်။ အခြေအနေအရပဲ"

ချစ်ချစ်စိုးရိမ်သွား၏။ သည်မောင်ကြီး ချစ်ချစ်အကြောင်းတွေ သိထားနှင့်များနေပြီလားမသိ။ ချစ်ချစ်နောက်သို့ ကောက်ကောက်လိုက်နေမှာကို ကြောက်ရသည်။

"ကျွန်မကလဲ အခြေအနေအရပဲ၊ ပြည်မှာ ဘယ်လောက်ကြာမှန်းမသိဘူး။ တစ်လနှစ်လကြာချင်လဲကြာမှာပဲ"

တမင်တကာကို သင်းရန်ကဝေးအောင် လမ်းလွှဲလိုက်ရသည်။ ကိုရှုပါ၏ရုပ်သည် ကောက်ကောက်ကျစ်ကျစ်တော့ လုပ်မည့်ဟန်မပေါ်။

သို့သော် သည်အချိန်မှာက တတ်နိုင်သလောက် မျက်ခြည်ပြတ်နိုင်မှ တော်ကာကျမည် မဟုတ်လား။

"အဲ့ ဒါကြောင့်ပြောတာပေါ့။ နာမည်ကလေးလောက်တော့ ကျုပ်သိထားသင့် တယ်လို့ "

မော်တော်ကားသည် ပြည်မြို့သို့ ဝင်လာပြီမှန်း ခရီးသည်အားလုံးသိလိုက် ကြသည်။ သည်တော့လည်း ချစ်ချစ်စိုးရိမ်ရပြန်သည်။



ပြည်မြို့ကို ချစ်ချစ်လုံးဝမကျွမ်းကျင်ပါ။

သို့သော် ရှိစိုင်မြိမ်းကတော့ သေသေချာချာပြောလိုက်သည်။ သူတယ်လီဖုန်း ကြိုဆက်ထားပြီးပြီ။ ချစ်ချစ်ဝတ်လာမည့်အဝတ်အစားအရောင်ကအစ မှာထားသည်။ ပြည်က ရှိစိုင်မြိမ်း သူငယ်ချင်းကိုယ်တိုင် ဘတ်(စ်)ကားဆိပ်မှ လင့်ရှိဟာကားနှင့် လာကြိုမည်။

တဖန် ချစ်ချစ်လွမ်းသလိုလို ဖြစ်လာပြန်သည်။ သူသည် ကိုရှုပါဆိုသော ကိုကို့ကို ခင်မင်သည်။ သမားရိုကျခရီးမှာဆို ခုလောက်ရှိ ကိုရှုပါနှင့် စကားတွေ ဖောင်ဖွဲ့ပြီးလောက်ပြီ။

ခုတော့ ကိုယ့်ဘဝနှင့်ကိုယ်မို့ သင်းကိုလည်း မယုံကြည်ဘဲနေလိုက်ရသည်။

လူတွေကို မယုံကြည်ရခြင်းသည် ပင်ပန်းလှပါသည်။

"ပြောလေဗျာ"

ချစ်ချစ်သည် ဘာမှမပြောမိ။ အားနာလှပါသည်။ သို့သော် တတ်နိုင်၊ အားနာနေသည်ကိုပင် ကိုရှုပါမသိအောင် ဟန်ဆောင်နေလိုက်ရသည်။

ပြည်ကားဂိတ်သို့ ကားထိုးဆိုက်လိုက်သည်။ ခရီးသည်များနေရာမှထကြသည်။ ထုပ်ပိုးပြင်ဆင်ကြသည်။

"ဘယ်သွားမှာလဲ၊ ကျုပ်ဘာကူညီရမလဲ"

"ကျေးဇူးတင်ပါတယ်"

ချစ်ချစ်သည် လည်ကလေးဆန့်ရင်း လာကြိုသူကိုရှာရင်းလှည့်ဖြေ၏။ ကိုရှုပါကကော ဘာမှုလို့ပါနည်း။ ချစ်ချစ်၏ ဥပက္ခာ

www.burmeseclassic.com

www.burmeseclassic.com



ဘို့ စိတ်မကောင်းတော့ဖြစ်ရပါသည်။

ကိုရှုပါသည် ဘာမှဆက်မပြောတော့ဘဲ နေရာမှထသည်။ သူ့လွယ်အိတ်စုတ်သုံးလုံးကို လွယ်သည်။ ချစ်ချစ်ကိုကြည့်သည်။

"ကျုပ်သွားမယ်၊ မတော်တဆ တွေ့ကြရင်လဲ နှုတ်ဆက်ပေါ့"

ဝမ်းနည်းသွားသလိုနေသည်။ ချစ်ချစ် စိတ်မကောင်းပါ။ ကိုရှုပါ နေရာမှ ထွက်သွားသည်။ ကားအောက်သို့ ဆင်းသည်။

ထိုအချိန်ကလေးမှာပင် ချစ်ချစ်လာကြိုသော ကားကို တွေ့သည်။ လာကြို သူ၏ ပုံပန်းသဏ္ဌာန်ကလည်း ရိုစီပြောလိုက်သည့်အတိုင်းပင် ဖြစ်သည်။ ချစ်ချစ်သည် အားတက်ရပြီ။ ပျော်သွားသည်။ ထိုအခါ ဟိုလူ့ကို နှုတ်ဆက်ချင်စိတ်ကလေး ပေါ်လာသည်။ မိန်းမတို့ စိတ်ပျော်ရွှင်သောအခါ နှုတ်ဆက်ချင်တတ်ကြပါသလား။

အဆင်သင့်ပင် ကိုရှုပါသည် ချစ်ချစ်အနီး ပြတင်းပေါက်နားမှ လျှောက်လာသည်။ (တမင်ကိုယ်ရောင်ပြခြင်းလည်း ဖြစ်နိုင်သည်)

"ဒီမယ်ရှင့် "

ကိုရှုပါ ဖျပ်ကနဲ လှည့်ကြည့်သည်။ ဖျပ်ကနဲ လှည့်ကြည့်သည်ဟု ပြောရခြင်းမှာ ဤသို့ ချစ်ချစ်ကခေါ်လိမ့်မည်ဟု ထင်ထားသဖြင့် လှည့်ကြည့်ရန် အဆင်သင့် ပြင်ထားသောကြောင့် ဖြစ်သည်။

"ကျုပ်ကိုခေါ်တာလား"

"အင်းလေ..."

"ကျုပ်နာမည် ရှုပါပဲ"



ချစ်ချစ်ပြုံးသည်။ သူ့နာမည်ကို အခေါ်ရခက်မှန်းသိသွားနှင့်။

"ခေါ်မှန်းသိရင် ပြီးတာပဲ၊ ပြီးတာပဲ၊ ဒါပေမယ့် ရှင် ကျွန်မနာမည်မသိသေးဘူးမှတ်လား"

"မလိုတော့ဘူးဆို"

"ကျွန်မနာမည် မအေးပွင့်"

ကိုယ့်ဖာသာပြောပြီး ချစ်ချစ်ကိုယ့်ဖာသာရယ်သည်။

"ဒါဆိုရင် နာမည်အရင်းကို ကျုပ်သိပြီ၊ ခင်ဗျား နာမည်ကြော ... လမ်းသုံးဆယ် မဟုတ်လား"

ချစ်ချစ်ပို၍ရယ်မိသည်။ ကိုရှုပါ၏ ဇဝေနည်းတော်ကို သဘောကျသွားသည်။

"မှတ်ဖူးလေ မြင့်မြင့်စန်းပါ"

ကိုရှုပါ နှုတ်ဆက်ထွက်ခဲ့သည်။ သည်နာမည် နှစ်မျိုးစလုံးသည် မဟုတ်မှန်း သူသိသည်။

ချစ်ချစ်၏ လူပျောက်ကြော်ငြာကို ကိုရှုပါဖတ်ပြီးပြီပဲလေ။

× × ×

ကိုရှုပါသည် မော်တော်ဆိုင်ကယ် လက်ကိုင်တပ် သုံးဘီးလေးများရှိရာသို့ သွားသည်။ မြည်မှာ သည်လိုကားလေးတွေ လိုင်းပြေးသည်။

www.burmeseclassic.com



ကားပေါ်သို့မတက်သေးဘဲ ကားနံဘေးမှာရပ်ပြီး အခြေ အနေကြည့်သည်။

အခြေအနေဆိုသည်မှာ ချစ်ချစ်၏အခြေအနေကို ဆိုလိုပါ သည်။

ချစ်ချစ်သည် အသင့်လာကြို့သော လင့်ရှိဗာကားပေါ်သို့ တက်လိုက်သည်။ လာကြို့သော အမျိုးသမီးသည်လည်း ချစ်ချစ်ကား ပေါ်တက်သည်နှင့် ကားစက်နှိုးသည်။

အမျိုးသမီး၏ပုံပန်းကလည်း ပညာတတ် အတန်းအစားထဲ ကပဲ ဖြစ်ပုံရသည်။ တစ်ကိုယ်လုံး ဖါထိန်ထိန်ဝတ်ဆင်ထားသည်။ နောက် မျက်မှန်အကြီးကြီးတပ် ထားသည်။ အသားဖြူသည်။ ချစ်ချစ်ကို အရေးတယူရှိသည်။

ကားစထွက်ပုံသည် မြန်မာဆန်လှသည်။ နယ်သင်္ဘေးသား များပီပီကားတွင် တပ်လို့ရသမျှပစ္စည်းတွေ လျှောက်တပ်ထားရာ အသံ မျိုးစုံမြည်ပြီး ခပ်ကြမ်းကြမ်းထွက်သွားသည်။

ကိုရှုပါသည် နီးရာသုံးဘီးသမားကို လှမ်းမေးသည်။

"အဲဒီကားနောက်လိုက်ချင်လို့ ဘယ်ကားစီးရမလဲ"

"ဟား…လိုက်ချင်တာတော့ ရပါတယ်၊ ဘယ်စီပါ့မလဲဗျာ။ မမြင်ဘူးလား။ ဘယ်လောက် အမောင်းကြမ်းတဲ့ကားလဲလို့"

"ဒုက္ခပါပဲဗျာ"

"မပြောနဲ့၊ ဒုက္ခကတော့ တစ်နေ့လုလုကြီးတွေ့မယ် ချာတိတ်မပဲ။ ဘယ်တော့ဖြစ်ဖြစ် ယောက်ျားရှုံးအောင် မောင်းတာ"



"သူ့ကို သိလို့လား"

"နာမည်ကြီးတွေဘဲဗျ။ သူ့ အဖေကာဒီမြို့မှာ ခေတ်သစ် ဆူဌေးပေါ့"

"နာမည်က ဘယ်သူလဲ"

"ဦးကျင်လျောင်"

"တရုတ်လား"

"ကပြားပေါ့"

"သူ့ လိပ်စာသိလား"

"လာလေ ကျွန်တော်လိုက်ပို့မယ်"

ထိုသုံးဘီးနှင့် ကိုရှုပါ ပါသွားလေသတည်း။

ခရီးအတန်ကြာ သွားလိုက်ရပြီး မြို့စွန်ပိုင်း ခြံကြီးဝင်းကျယ် ဆပ်ခုရှေ့တွင် သုံးဘီးရပ်ပေးသည်။

"ဒီအိမ်ကြီးပဲ"

ကိုရှုပါ အရိပ်အခြေကြည့်သည်။ စောစောက လင့်ရှိဗာ ကားကို ဆင်ဝင်အောက်မှာတွေ့သည်။ သေချာပြီ။

"ကဲ- မြို့ထဲမောင်းဗျာ"

"ဗျာ"

"မြို့ထဲက သုခစာပေတိုက်ကို ပို့ပေးပါ"

သုခစာပေတိုက်နှင့် အလုပ်ကိစ္စများ လုပ်ဖြစ်သည်။ လုပ်ဖြစ်သည်ဟု ပြောရခြင်းမှာ အလုပ်များများ လုပ်စရာမရှိသော ကြောင့် ဖြစ်ပါသည်။ မြည်ကိုလာကတည်းက အလုပ်ကိစ္စအတွက်

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်း မဟုတ်ပါလား။ ကိုရှုပါ ခြေရှည်ခြင်းသာဖြစ်သည်။

သုခစာပေတိုက်မှ ဦးခင်မောင်နှင့်က ခင်မင်သည်၊ ဂျာနယ် အယ်ဒီတာတစ်ယောက် အနေနှင့်ရော သာမန်မိတ်ဆွေတယောက် အနေနှင့်ပါ ခင်မင်ခြင်းဖြစ်သည်။ ပြီးတော့ ပြည်ခရိုင်မဂ္ဂဇင်း ထွက်ဖို့ ကိစ္စနှင့်ပတ်သက်၍လည်း တိုင်ပင်စရာကလေးတွေက ရှိနေသည်။ ပြည်က မိတ်ဆွေတွေက ကိုရှုပါကို အကူအညီ တောင်းထားသည်။

ကိုရှုပါ ပြည်သို့ ခရီးတစ်ထောက်ဝင်ခြင်းသည် ဤမျှ လောက်သော အကြောင်းကြောင့်သာ ဖြစ်ပါသည်။

ထို့ကြောင့် ကိုရှုပါ၏စိတ်တို့သည် ပေါ့ပါးနေသည်။ အလုပ် ကိစ္စ၌ အလေးအနက်မရှိလှပါ။ ရှိသင့်အလောက်တောင်မှ မရှိဘဲ ဖြစ်နေသည်။

ချစ်ချစ်၏ ရုပ်သွင်၊ သံစဉ်၊ ရေမွှေးနံ့တို့က သူ့ရင်ထဲမှာရော ခေါင်းထဲမှာရော၊ တင်ပါးထဲမှာရော စွဲငြိနေပါသည်။ တင်ပါးမှာ စွဲငြိနေ သည်မှာ မှားစကားကို ဆိုခြင်းမဟုတ်ပါ။ တကယ့်ကို တင်ပါးမှာ ချစ်ချစ်၏ရုန်းများ စွဲငြိခဲ့ပါသည်။ ဤသည်မှာ ညစ်ပတ်သောစကားလည်း မဟုတ်ပါ။ ရှင်းပါမည်။

ဘတ်(စ်)ကားဆိုသည့်အမျိုးသည် ထိုင်ခုံတစ်ခုနှင့်တစ်ခု ရှေ့နောက် ကပ်ကပ်ကလေး ရှိတတ်ပါသည်။ သို့မှလည်း ခုံများများ ဆံ့မည် မဟုတ်လား။

သည်တော့ ပြတင်းပေါက်နားထိုင်သော ပုဂ္ဂိုလ်သည်



အောက်သို့ဆင်း အပေါ်သို့တက် ပြုလုပ်သောအခါတိုင်း မိမိနံဘေးမှ ထိုင်သောပုဂ္ဂိုလ်၏ဒူးခေါင်းကို တင်ပါးဖြင့်တိုက်ပြီးမှ မိမိနေရာသို့ ဝင်ထွက်နိုင်သည်မဟုတ်ပါလား။

ထို့ကြောင့် ချစ်ချစ်ဒူးခေါင်းနှင့် ကိုရှုပါ၏ တင်ပါးတို့ တစ်ခါ တစ်ခါ ထိခိုက်မိမည်မှာ သေချာပါတော့သည်။ ဤနေရာ၌ မိန်းကလေး တစ်ယောက်ထိုင်နေလျက်တွင် သူ့ရှေ့မှဖြတ်သွားသော ယောက်ျား တစ်ယောက်၏တင်ပါးသည် ထိုမိန်းကလေး၏ဒူးခေါင်းနှင့် ထိနိုင် မထိ နိုင် စဉ်းစားစရာလိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မိန်းကလေး သည် ယောက်ျားတစ်ယောက်ထက်(အများအားဖြင့်) အရပ်နိမ့်သော ကြောင့်ဖြစ်ပါ၏။ အရပ်နိမ့်သောကြောင့် ခြေတံလက်တံ တိုပါသည်။

(စာရေးသူ)

ထို့ကြောင့် ထိချင်းထိလျှင်၊ မိန်းကလေး၏ ဒူးခေါင်းသည် ယောက်ျားလေး၏ ခြေသလုံး၊ ပေါင်တံတို့နှင့်သာ ထိနိုင်ပါသည်။ အဘယ့်ကြောင့် ဟိုးအထက်နားက တင်ပါးနှင့် သွားထိရပါသနည်း။ ချစ်ချစ်ကပဲ ခြေတံရှည်လွန်းသလော၊ ကိုရှုပါကပဲ ခြေတံတိုလွန်း သလော၊ စဉ်းစားရပေမည်။ မစဉ်းစားကြပါနှင့်။ ချစ်ချစ်သည် လည်းကောင်း၊ ကိုရှုပါသည်လည်းကောင်း သာမန်ပုံမှန်အချိုးအစား ရှိသော ရှိကြပါသည်။

ချစ်ချစ်၏ ဒူးခေါင်းနှင့် ကိုရှုပါ၏ တင်ပါးတို့ ထိတိုက်မိကြ သည်မှာ အောက်ပါအကြောင်းကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကားဂိတ်မှ ခရီးစဉ်မစခင် အဖြစ်အပျက်တစ်ခုကို မှတ်မိကြပါသလား။

ကိုရှုပါသည် သူထိုင်ခုံနေရာတွင် အခန့်သား ရောက်ရှိနေသော အားကစားဂျာနယ်တိုက်က စက္ကူထုပ်ကြီးကို ခုံအောက်သို့ ပစ်ချခဲ့ပါသည်။ ထိုအထုပ်ကြီးသည် ချစ်ချစ်ထိုင်နေနေရာ ခြေရင်းသို့ ကျရောက်ပါသည်။ ထိုအခါ ချစ်ချစ်သည် တစ်လမ်းလုံး ထိုအထုပ်ကြီး အပေါ် ခြေထောက်နှစ်ဘက်စလုံးတင်၍ လိုက်ခဲ့ရပါသည်။

ထို့ကြောင့် ချစ်ချစ်၏ဖူးခေါင်းသည်ရှိသင့်သော အနေအထား ထက် စက္ကူထုပ်တစ်ထုပ်စာ မြင့်တက်သွားခဲ့ရပါသည်။ ထိုအခါ နေရာ အဝင်အထွက်ပြုလုပ်တိုင်း ကိုရှုပါ၏တင်ပါးသည် ချစ်ချစ်၏ ဒူးခေါင်းနှင့် တိုက်မိရခြင်းဖြစ်ပေသတည်း။

သို့သော် ချစ်ချစ်တစ်ယောက် ဒူးခေါင်းကို ရေမွှေးဆွတ် သလား။ မဆွတ်သလောဆိုသည်ကိစ္စနှင့် ပတ်သက်၍ကား အထူးဆိုဖွယ် မရှိပါ။

ဤသည်မှာ မိန်းမတို့၏ လျှို့ဝှက်အရေးအခင်းပင် ဖြစ်သည် တကား။

မည်သို့ပင်ရှိစေ သေချာချက်တစ်ခုကတော့ ရှိပါသည် ကမ္ဘာပေါ်တွင် ရေမွှေးကုမ္ပဏီအမျိုးအစားပေါင်း မည်မျှရှိနိုင်သည် မသိပါ။

သို့သော် ယောက်ျားတို့သည် ရေမွှေးနံ့ရသည်နှင့် သည်။ သည် မိန်းကလေး၏ကိုယ်သင်းရနံ့ဟူ၍သာ စွဲမှတ်လေ့ရှိပါသည်



(ရေမွှေးဆွတ်သော ယောက်ျားများကို မဆိုလိုပါ)။

သည့်ထက် သေချာသောအချက်တစ်ခုမှာ မိမိနှစ်သက်ခုံမင် ရာ မိန်းကလေးတစ်ယောက်သည် အဘယ်မည်သော ရေမွှေးကို ဆွတ်သည်ဖြစ်စေ ထိုရေမွှေးနံ့သည် မိမိအဖို့တော့ မိမိနှစ်သက်သူ၏ ကိုယ်သင်းရနံ့ပင် ဖြစ်နေတတ်ခြင်း ဖြစ်ပါသည်။ကိုရှုပါသည် မဂ္ဂဇင်း တိုက် စကားပြောနေစဉ်အတွင်း ချစ်ချစ်၏ရေမွှေးနံ့ကို ရလိုက်မိပါသည်။

ပြည်သို့ရောက်နိုက် ဘုရားလည်း ဖူးဖြစ်ပါသည်။ သို့သော် စိတ်ကမူ ဘုရားရိပ်၌ပင် အေးငြိမ်းချမ်းသာမှု မရခဲ့ပါ။ ခဏလေး အကြောင်းများစွာတွင်းမှာပင် ချစ်ချစ်။ ဂျစ်ကန်ကန်နိုင်သောချစ်ချစ်။ အိမ်ပြေး ချစ်ချစ်။ သည်အရွယ်ရောက်ခါမှ စိတ်တို့သည် ဘယ်နှဲဖြစ်ကြ ကုန်သည် မသိ။ လှုးလွန့်လွန့်သည်။ သည်လောက်တော့ မဖြစ်သင့်ဘူး ထင်သည်။ ဘယ့်နှဲ့ ကဗျာဆရာအယ်ဒီတာကြီးများ တောင်မှမဟုတ်ပါလား။

သို့သော် တစ်ခုတော့ရှိသည်။ ထိုတစ်ခုသည် အရေးကြီး သည်။ ချစ်ချစ်သည် သာမန်မိန်းကလေးမဟုတ်။ အိမ်ကထွက်ပြေး လာသော မိန်းကလေး။

ပြီးတော့ ဂျာနယ်လုပ်ငန်းနှင့်ပတ်သက်သူ၊ ကိုရှုပါမှာ တာဝန်ရှိသည်။ တာဝန်ရှိသင့်သည်။ ကိုရှုပါကလည်း အလိုလိုနေရင်း တာဝန်ရှိနေချင်သည်။

ချစ်ချစ်ကိစ္စနှင့်ပတ်သက်၍ ဘယ်လိုလုပ်ရပါ့မည်နည်းဟု ကိုရှုပါတွေးမိသည်။ လတ်တလောမှာတော့ သည်ကိစ္စလောက်သာ သူ့မှာ အရေးတယူရှိစရာရှိသည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ-ရွှေအိုးတိုက်ပိုင်ရှင်သမီး အိမ်ကပျောက်နေလို့တဲ့ဗျ"

ညနေစကားဝိုင်းတွင် မိတ်ဆွေတစ်ယောက်က သတင်းစာကို ဖြန့်ရင်းပြောသည်။ ကူနှေးမပျက်အောင် ဂရုစိုက်နေရသည်။

"မနက်ကတည်းက မတွေ့ဘူးလားဗျ"

"သတိမထားမိလိုက်ဘူးလေ"

"ကျွန်တော့် အင်းမရောက်ကတည်းက ဖတ်လိုက်ရသားပဲ"

ဘာမှမထူးခြားသလို ဟန်ဆောင်စကားဆိုမိသည်။ ကိုရှုပ်အဖို့တော့ သူမှာ တာဝန်လုံးလုံးရှိနေသည်ဟူ၍သာ ကြိတ်ပြီး တွေးမိသည်။

"ဦးရွှေအိုးက ဒီသမီးတစ်ယောက်ထဲ ထွန်းကားတာဗျ၊ အလိုလဲသိပ်လိုက်တာပဲ။ သမီးမွေးစပေါက်ကတည်းက နောက် အိမ်ထောင်တောင်မပြုဘဲ နေခဲ့တာသာကြည့်တော့"

"ဒါကတော့ဗျာ၊ သတ်သတ်မှတ်မှတ်မယူဘဲ ရှုပ်ချင်လဲ ရှုပ်နိုင်တာကိုး"

"ဒီလိုမပြောနဲ့လေ၊ သူလဲ ယောက်ျားပဲဟာ . . ."

"ကျုပ်လဲယောက်ျားပါပဲဗျာ"

"ဟုတ်ပါတယ် ခင်ဗျားကိုလဲ မိန်းမကြီးပါလို့ ဘယ်သူက ပြောလို့တုန်း"

"အေးလေဗျာ၊ ယောက်ျားထဲမှာ ကျုပ်လို မ, ကိစ္စကင်းတဲ့ လူလဲ အရှိသားမဟုတ်လား"



"ဟုတ်ပါပြီ၊ ကျုပ်ဆိုလိုတာက အပျော်အပါးကိစ္စမှာ ယောက်ျားဆိုတာ ပိုတတ်တယ်မှတ်လား။ ယဉ်ကျေးမှုအစဉ်အလာ အရလဲ ပိုပြီးလွတ်လပ်တယ်ကိုး ကိုသောင်းတင်ရဲ့"

"အေးလေ . . ဒါက ကျုပ်တို့ ထင်မြင်ချက်ပါ၊ ဦးရွှေအိုးကလဲ ဘကယ်တမ်းကျတော့ ရှုပ်ချင်ရှုပ်မှာပါ"

မိတ်ဆွေကြီးများသည် လက်ဖက်ရည်ဆိုင်၌ ညနေစောင်း ပြောအပ်သော စကားများကို ပြောဆိုနေကြ၏။ ကိုရှုပ် စိတ်ညစ်ပါသည်။ သူတို့သည် ဘာမျှမသိသေးဘဲ ပြောနေကြသည်။ ပြီးတော့ လိုရင်း မရောက်ဘဲ လိုရာဆွဲပြီး ချဲ့ကားပြောနေကြသည်။ ကိုရှုပ်အနေနှင့်ကတော့ ချစ်ချစ်အကြောင်းကိုသာ ဦးတည်ဆွေးနွေးစေချင်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ သူ့ဖာသာသူ ဘယ်လိုနေနေ သမီး ပျက်နှာကြောင့် နောက်ထပ်အိမ်ထောင်မပြုဘဲ အချုပ်အနှောင် ကင်းကင်းနေခဲ့တာကိုဘဲ ချီးကျူးရမှာပေါ့"

"အေးဗျ . . ခုလို သမီးပျောက်သွားတယ်ဆိုတော့ အဖိုးကြီး ဆွေးမှာပဲ"

အဖိုးကြီးနှစ်ယောက် စကားဆက်ကြပြန်သည်။

"ကြော်ငြာထည့်ပုံကတော့ သူ့သမီးကကို အိမ်က ထွက်ပြေးသွားသဘောဘဲ"

"လင်နောက် လိုက်သလားပဲဗျို့"

"လုပ်ပြီ . . . ဒါမျိုးဆို ခင်ဗျားဝါသနာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ဝါသနာကမှာလဲဗျ။ ဇိဝ,ဇိဝ"

သူတို့ဖှာသာ ရယ်မောကြ၏။ ကိုရှုပါက ပြုံးလေသည်။ တလမ်းလုံးသူနှင့်အတူ တခုတည်းထိုင်လာခဲ့ရခြင်းနှင့် "လင်နောက်လိုက်သလားဘဲဗျို့"ဟူသော စကားကို အဆက်အစပ်မရှိ ဆက်စပ်ကြည့်မိသောကြောင့်ဖြစ်၏။

× × ×

(၅)

နက်ဖြန်မနက်သို့ ရောက်သည်။ သို့သော် ကိုရှုပါ မသွားဖြစ်ခဲ့။

ညက စဉ်းစားမိသည်။ (ချစ်ချစ်အကြောင်းပင် ဖြစ်လိမ့်မည်ကို ပြောရန်မလိုပါ။)

သူ ချစ်ချစ်နှင့်တွေ့ချင်သေးသည်။ သို့သော် သူ့ကိုတွေ့လျှင် ချစ်ချစ်က တစ်မျိုးတစ်မည် ထင်နိုင်သည်။ ခုလောက်ရှိ လူပျောက်ကြော်ငြာသတင်းကို ချစ်ချစ်ကိုယ်တိုင်ပင် ဖတ်ပြီးလောက်ပြီ။

ကိုရှုပါက တမင်လာသွားတွေ့လျှင် သည်ကိစ္စကြောင့်ဟု ထင်သွားနိုင်သည် မဟုတ်လား။

ညကပင် ဆုံးဖြတ်သည်။ ချစ်ချစ်ကို ကိုယ်တိုင်မတွေ့ဘဲ အပြင်ဘက်မှ စုံစမ်းမည်။ ပြီးတော့ မနေနိုင်မထိုင်မနိုင် တွေ့ချင်လာလျှင်လည်း မတော်တဆတွေ့သလို ဖြစ်အောင်ကြိုးစားမည်။

ထို့ကြောင့် မနက်ဖြန်သို့ ရောက်သောအခါ ထုံးစံအတိုင်း လက်ဖက်ရည် ဆိုင် ထိုင်လိုက်သည်။ သတင်းစာ မှော်သည်။ ပျော်ကြ

www.burmeseclassic.com

www.burmeseclassic.com



တမှုက်နာကို ပထမဆုံးလှန်သည်။ မနေ့ကပါသောနေရာကိုသာ အမှတ်တမဲ့ကြည့်မိသည်။ ဦးဘညိန်သား စတုမရှုကြော်ငြာကိုတွေ့သည်။

တွေ့လိုဇောပြင်းလျှင် မျက်စိရှန်းတတ်သော သဘာဝအတိုင်း တော်တော်နှင့်မတွေ့။ ကိုရှုပါသည် ချစ်ချစ်အိမ်ကို အကြောင်းကြားလိုက်ရလျှင် ကောင်းမလာဟု တွေးမိသေးသည်။

သို့သော် ခဏတော့ နေလိုက်အုံးမည်။ ချစ်ချစ်အခြေအနေကို လေ့လာချင်သေးသည်။ လိုအပ်လာမှ အရေးပေါ်အခြေအနေကိုသုံးမည်။ ပြီးတော့ သည်ဖခင်နှင့် သည်သမီး၏ အရေးအခင်းတွင် ကိုရှုပါကလည်း "ဒိုက္ကဗျာဆရာကလည်း ကောင်မလေးဘက် ခပ်ပါ့ပါရယ်" ဖြစ်နေသည်။ နက်ဖြန်မနက်တော့ ဦးကျင်လျှောင်အိမ်ဘက်သွားဦးမှာဟု စဉ်းစားမိသည်။

× × ×

သမီးချစ်ချစ်။

ဖေဖေတို့ သိပ်စိတ်ပူနေကြတယ်။

ဖွားဖွားနေမကောင်းဘူး။

အမြန်ပြန်ခဲ့ပါ။ အားလုံးခွင့်လွှတ်တယ်။

အတိအကျ သတင်းပေးနိုင်သူအား ဆုငွေ (၃၀၀၀)ကျော်ရှူး ဆပ်ပါမည်။

ရွှေအိုးဂျာနယ်။



ကိုရှုပါသည် လက်ဖက်ရည်ဆိုင်မှ ရေးကြီးသုတ်ပြာထပြီး သူစာပေတိုက် သို့ပြန်လာခဲ့သည်။ ဒုတိယကြော်ငြာတွေ့လိုက်ရသောအခါ သူ့ပို၍ စိတ်ပူသွားသည်။ ဘာကြောင့် ခုလောက်စိတ်ပူသွားရသည်ကို သူ့ဖာသာလည်း ရုတ်တရက်မသိချေ။

ဆုငွေပါလာသော အကြောင်းကြောင့်ပင်ဖြစ်ပါလိမ့်မည်။ ထိုဆုငွေသည် အရေးကြီးပါသည်။ ထိုဆုငွေကြောင့် ချစ်ချစ်မှာ ပြဿနာဖြစ်နိုင်သည်။

မသမာသူတို့အတွက်ကတော့ သည်ကိစ္စသည် တည်ကြက်ဥ မဟုတ်ပါလား။ ချစ်ချစ်ကို အပိုင်မိထားလျှင် လိုအပ်သောငွေကိုကြိုက်သလိုခေါ်ယူလို့ ရနိုင်သည်။ သည်အတွက် ကိုရှုပါစိတ်ပူမိခြင်းဖြစ်ပါသည်။

စိတ်ပူသွားသောကြောင့်သာ သူစာပေတိုက်သို့ ပြန်လာရသည်။ ဘာလုပ်ရမှန်းတော့ သူမသိချေ။

ကိုရှုပါသည် အကြံသမားတစ်ယောက်မဟုတ်သလို ချစ်ချစ်နှင့် အလွန်ရင်းနှီးခင်မင်ပြီးသားလည်း မဟုတ်ချေ။ နေမည်ဆိုလျှင်အနေသာကြီးပင်။ မနေမည်ဆိုလျှင်လည်း မနေသာကြီးပင်။

ကိုရှုပါသည် ချစ်ချစ်နှင့်ပတ်သက်၍ သူ့စိတ်၌ သနားစင်သည်ကို သုံ့ဖာသာသိသည်။ မသန့်စင်ကောင်း မသန့်စင်လျှင်လည်း ဆုငွေကိစ္စမပါဟုဆိုရပါမည်။ မိန်းကလေးတစ်ယောက်အတွက် ယောကျ်ားအသားတစ်ယောက် စိတ်လှုပ်ရှားမှုမျိုးလောက်သာဖြစ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူသေသေချာချာ ပြန်တွေး၏။ ထိုအခါ လူပျောက်ကြော်ငြာကိစ္စသည် သူနှင့်ဘာမှမဆိုင်သလို ဖြစ်နေပြန်သည်။ တဆက်ထဲမှာပင် ဆိုင်သလိုလိုလဲ ဖြစ်နေပြန်ပါသည်။ သဲယောခြံ ဆိုသော ဥစ္စာကလည်း တော်တော်ကြောင်စီစီနိုင်သော ဥစ္စာမျိုးကြီး မဟုတ်ပါလား။

× × ×

ညက ရိုစီနှင့်တယ်လီဖုန်းအဆက်အသွယ်ရခဲ့သည်။ ချစ်ချစ်သည် ပြည်ရောက်ရောက်ချင်း သတင်းစာဖတ်လိုက်ရသဖြင့် တုန်လှုပ်ခဲ့ရသည့်ကြားထဲ ရိုစီ့တယ်လီဖုန်းသည် ပို၍ စိတ်လှုပ်ရှားစေခဲ့၏။

"အဖိုးကြီး အပြတ်ဆွေးနေပြီ"

"ကိုယ် ဘာလုပ်ရမလဲ"

"ဒါ ကိုယ်နဲ့မဆိုင်ဘူးလေ၊ ယူ့ဖာသာဘဲ ဆုံးဖြတ်ပေါ့။ ယူလုပ်ချင်တာ မဖြစ်မနေကူညီဖို့က ကိုယ်တို့တာဝန်ပဲ"

ရိုစီ့စကားမှန်သည်။ တစ်စုံတစ်ရာ ဆုံးဖြတ်ဖို့ကတော့ မိမိမှာသာ တာဝန်ရှိသည်။ သူငယ်ချင်းဆိုသည်က မိမိ၌ ဖြစ်လာသော ကိစ္စကို ကူညီဝိုင်းဝန်းဖို့သာ ရှိသည်။ အဆိုးအကောင်းတိုင်ပင်ဆွေးနွေး အကြံပေးသည်ဆိုရာ၌လည်း တကယ်တော့ ထင်တိုင်းမလွယ်ပါ။

တချို့ကိစ္စရပ်များသည် အကြံပေးရခက်တတ်သည်။ ဥပေက္ခာသဘောတော့ မဟုတ်၊ ကိုယ့်ကြောင့် တစ်စုံတစ်ရာ အမှားပါမှာ ကြောက်ရခြင်းသာ ဖြစ်ပါသည်။ လူဆိုသည်က အဘယ်မျှ



နီးစပ်သည်ဆိုဆို ကိုယ့်ဘဝနှင့်ကိုယ်။

မည်သို့ပင်ရှိစေ၊ ရိုစီနှင့် အဆက်အသွယ်ရသဖြင့် ချစ်ချစ် အားတက်သည်။

ရိုစီ့သူငယ်ချင်း(ဦးကျင်လျောင်သမီး)ကလည်း ဂရုတစိုက်တော့ ရှိရှာပါသည်။ သို့သော် မိန်းမငယ်တစ်ယောက်အဖို့ အလှူသဖြင့် ချစ်ချစ်လို ရွှေပေါ်မြတင်နေခဲ့ရသူ တစ်ယောက်အဖို့တော့ တစ်နယ်တစ်ကျေးမှာ အားငယ်နေရမည်ကို ခံစားကြည့်နိုင်ပါသည်။

သည်အချိန်မှာ ရိုစီ့တယ်လီဖုန်းသည် အားတက်စရာပင်။ သို့သော် နည်းနည်းအားမလိုအားမရ ဖြစ်ရသည်ကတော့ တယ်လီဖုန်းပြောရာ၌ နာမည်ရင်းများ၊ ဖြစ်ရပ်များကို စကားဝှက်ဖြင့် ပြောနေကြခြင်းပင်ဖြစ်ပါသည်။

"ယူ့ ထရက်ဖစ်(လမ်းခရီး)ကိုတော့ သူတို့ မသိသေးဘူး။ နူဘီဝါရီး(မပူနဲ့) ကဲရီးအွန်(ဆက်လုပ်)"

"ဘာဆက်လုပ်ရမလဲ ရိုစီ"

"အို့ . . ဟွ(တ်) ယူလိုက်(ခ်)ပေါ့"

မှန်သည်။ ကိုယ်လုပ်ချင်တာ ဆက်လုပ်ရုံသာ ရှိသည်။ ဘာဆက်လုပ်ရပါမည်နည်း။

ချစ်ချစ်သည် လက်နက်ချလိုက်ရ ကောင်းမည်လားဟု တွေးတောမိသည်။

တစ်ညလုံး အိပ်မပျော်တော့ချေ။ သို့သော် အပြန်ပြန် တွေးတောနေချိန်မှာပင် ချစ်ချစ်၏မူလစိတ်ဓာတ်သည် အားကောင်း

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ငါဟာ ဘယ်တော့မှ နောက်ဆုတ်ခဲ့ရိုး ထုံးစံမရှိဘူး။ နေပလေ့စေ၊ မန္တလေးကို မဖြစ်မနေသွားမယ်၊ ဒီလောက်တော့ ဖေဖေ့ကို ပြန်ပြီးစိတ်ညစ်အောင်ဒဏ်ခတ်သင့်တယ်။ ပြီးတော့ တစ်ယောက်တည်း ခုလို ခရီးသွားရတာ ရင်ဖိုစရာကောင်းတယ်။ အတွေ့အကြုံရတယ်"

ဤသို့ဆိုလျှင် အခြားဘဝပြဿနာများ လုပ်စရာမရှိသော လူတို့ စိတ်ကူးယဉ်ခြင်းမျိုးသာ ချစ်ချစ်စိတ်ကူးမိသည်။ ထို့ကြောင့် ရိုစီကိုလည်း မတင်မကျသာ ပြောခဲ့သည်။

"အေးလေ၊ မူလအစီအစဉ်အတိုင်းဆိုရင်လဲ မန္တလေးကို ဆက်လက်ချီတက်ဖို့ ကိုယ့်သူငယ်ချင်းစီစဉ်ပေးလိမ့်မယ်၊ ရိုတန်း (ပြန်မယ်)ဆိုရင်တော့ ကိုယ့်ဆီဖုန်းဆက်၊ ဘာဖြစ်ဖြစ် ဖုန်းသာဆက်ပါလေ။ ကိုယ်စောင့်နေမယ်"

သည်မနက် သတင်းစာကိုတွေ့ရသောအခါ ချစ်ချစ်ပျော်ရွှင်သွားပြန်၏။ ကလေးဆန်စွာ ပျော်ရွှင်ခြင်းမျိုးဖြစ်ပါသည်။ မိမိအတွက် ဖေဖေက ဆုငွေထုတ်ရသည့်အဖြစ်ကို ကျေနပ်မိသည်။ ငွေကြေးပမာဏသည်လည်း၊ သူတို့သားအဖအဖို့ မပြောလောက်သည်မို့လည်း သည်ငွေကြေးပေါ်မှာ ဖေဖေနှင့် လောင်းကစားကြည့်ချင်နေသည်။ တစ်စုံတစ်ယောက် တွေ့သွားလျှင် ဖေဖေငွေသုံးထောင်ရှုံးမည်။ ချစ်ချစ်က လွတ်အောင်ရှောင်နိုင်လျှင် ဖေဖေ့စိတ်ညစ်အောင် ဒဏ်ခတ်လို့ရမည်။



ချစ်ချစ်သည် အခုချိန်အထိ မန္တလေးတွင် မည်မျှကြာအောင် ...ည်ကို မစဉ်းစားရသေးချေ။ ဘယ်တော့ ဖေဖေ့ထံပြန်မည်ကိုလည်း ...ဉ်းစားရသေးချေ။

ဖေဖေ့ကို စိတ်ဆိုးသည်။ ထို့ကြောင့် အဒေါ်ထံထွက်ပြေး ...ည်။ ထိုလမ်းခရီးသည် ပျော်ရွှင်ဖွယ် ရင်ဖိုရသည်။ ဒါလောက်ပဲ ...သိသည်။

သည်ကိစ္စနှင့် ပတ်သက်၍ မိဘတို့၏ပူပန်သောက၊ တာဝန် ...တို့၏ဝတ္တရား၊ မသမာသူတို့၏ စိုးရိမ်ဖွယ်အကြံဉာဏ်များစသည့် ...အကွက်တို့ကို သူမတွေးမိခဲ့ချေ။

ချစ်ချစ်သည် ပြည်ရောက်ကတည်းက အခြားစိတ်ဝင်စား ...သ်တစ်ရပ်ကိုလည်း အချိန်ရလျှင်ရသလို သတိရနေမိသည်။

ကိုကို။

သင်းသည် မိမိနောက်သို့ နောက်ယောင်ခံနေသူလား။ ...ကယ်ပင် ကိုယ့်ကိစ္စနှင့်ကိုယ် ခရီးသွားနေသူလား စသည်ဖြင့်တွေး၏။ ...ည်သို့ပင်ရှိစေ၊ တွေ့မိပြီဆိုကတည်းက စိတ်လှုပ်ရှားမှုကတော့ ရှိပြီပေါ့။

ပြီးတော့ ကိုကို၏ အထက်တန်းကျကျ ဂုဏ်ကန်ကန်နိုင်သော ...အကျင့်ကို ချစ်ချစ်သဘောကျသည်။ ကိုကိုသည် အထက်စီးနင်း ...သောအလေ့ရှိသည်။ အောက်တန်းမကျ လမ်းသရဲမဆန်၊ သူ့ရဲကောင်း ...န်သည်။

မိန်းမတို့၏သဘောကလည်း မိမိတို့အားနှဲ့သည်ကို အကြောင်း

www.burmeseclassic.com



ဖြိုး သူရဲကောင်းဆန်သူတို့ကို အထင်ကြီးတတ်သည်။

လက်ဝှေ့သမားတို့ကို ယောကျ်ားကောင်းပီသသည်ဟု ထင်မြင်အောင် အီတလီရုပ်ရှင်မင်းသမီး ဆိုဖီယာလိုရင်း၏ အဆိုအမိ ကို ချစ်ချစ်တို့မဂ္ဂဇင်းတွင် တစ်ချိန်က ဖော်ပြဖူးသည်။ ချစ်ချစ်အားကျ သည်။ သို့သော် ချစ်ချစ်ကတော့တစ်မျိုး။ လက်ရုံးရည်ဖြင့် လက်ဝှေ့ ထိုးထိုး၊ နှလုံးရည်ဖြင့် လက်ဝှေ့ထိုးထိုး ယောကျ်ားသည် သတ္တိရှိ မည်ဟု သူယုံသည်။

ပြည်က အိမ်ပေါက်ကြီးအပေါ်ထပ်တွင် ချစ်ချစ် နှိအောင်းနေစဉ် ဘာလမ်း၊ ဘာအရပ်မှန်း မသိပါဘဲလျက် ပြတင်းပေါက်မှ ချစ်ချ မျှော်ကြည့်တတ်သည်။ ကိုကိုဆိုသူကို လှစ်ကနဲ မြင်ရလေမည်လားဟု သူ့စိတ်၌ ကိုကိုသည် တစ်နည်းနည်းဖြင့် သူ့ကို လာတွေ့ဖို့ ကြိုးစားလိ မည်ဟု ထင်ခဲ့သည်။ သို့သော် ကိုကို၏အရိပ်အယောင်ကို မမြင်ရ သူ ဒေါသဖြစ်ရသည်။ သည်လောက်တော့ သူ့ကို စိတ်ဝင်စားဖို့ကောင်း သည်ဟု ထင်သည်။

ချစ်ချစ်၏အတွင်းစိတ်၌ ကိုကို့အပေါ် ပို၍ အထင်ကြီးလာ သည်ဟု ဆိုရပေမည်။

နေရာတကာ သူ့စိတ်တိုင်းကျနေလာခဲ့သော ချစ်ချစ်သည် ပထမဆုံးအကြိမ်အဖြစ် အောက်ကျို့ချင်သောဝေဒနာ ပူးကပ်ခံလိုက်ရ လေသည်။

ပြီးတော့ ချစ်ချစ်မှာ ရောဂါတစ်ခုရှိသေးသည်။ တစ်နှယ် တစ်ကျေး ရောက်လျှင် ဘုရားဖူးလိုခြင်း၊ လျှောက်လည်လိုခြင်း



ဆေးဝယ်လိုခြင်းတို့ ဖြစ်သည်။ ချစ်ချစ်သည် အိမ်မှာကုတ်ပြီး နေတတ် သော အမျိုးအစားမဟုတ်။

သည်အတွက် သည်ကနေ့တော့ လျှောက်သွားချင်သည်ဟု အိမ်ရှင်ကို ပူဆာမိသည်။

"ဖြစ်ပါ့မလား မချစ်ရယ်။ တော်နေကြာ သူများတွေမြင်ကုန် ရင် . . . "

"ချစ် ရုပ်ဖျက်ပြီး လိုက်မှာပေါ့။ နေကာမျက်မှန်လေး ဘာလေးတပ်ပြီး သွားမယ်လေ"

နောက်ဆုံး စိတ်ပူပူနှင့်ပင် လိုက်ပို့ကြရလေသည်။ ချစ်ချစ် အဖို့ရာ၌ကား ရုပ်ဖျက်ပြီး ခုလိုလျှောက်လည်ရသည်ကိုပင် အရသာ တစ်မျိုးဖြစ်နေသည်။

ပြီးတော့ရှိသေးသည်။ ချစ်ချစ်သည် ရောက်လေရာရာ၌ ကိုကိုကိုရှာမိသည်။ ပြူးတူးပြဲတဲနှင့် ဣန္ဒြေပျက်လောက်အောင်တော့ မဟုတ်။ သည်နေရာမှာတော့ မိန်းမတို့တတ်အပ်သော မကြည့်သလို ကြည့်သည့် မျက်လုံးကစားမှုနှင့် ရှာသည်။ စာအုပ်ဆိုင်များဘက် ရောက်တော့လည်း ခပ်လှမ်းလှမ်းမှ အကဲခတ်သည်။ ဆိုင်တွင်းသို့ မဝင်ရဲ။ စာအုပ်စာပေနှင့် ပတ်သက်၍ကား ခုအချိန်မှာ ချစ်ချစ် အဖို့ ရန်သူမဟုတ်လား။

ကိုကို့ကို မတွေ့မိချေ။

နေ့လယ်ပိုင်း အိမ်ပြန်ရောက်တော့ စိုးရိမ်ဖွယ်တစ်ခု မှတ်မထင် ကြုံရသည်။ ချစ်ချစ်တို့ပြန်ရောက်ချိန်တွင် ဦးကျင်

www.burmeseclassic.com

www.burmeseclassic.com



လျှောင်သည် တယ်လီဖုန်းပြောနေသည်။ အဝေးပြော့ပြောနေမှန်း သိသာသည်။ တိုက်ဝကတည်းက ဦးကျင်လျှောင်၏အသံကို ကြားနေရသည်။

"စိတ်ချပါ . . . ကျွန်တော် တတ်နိုင်သမျှထိန်းထားမယ်၊ ခင်ဗျားကသာ အချိန်မီပစေ၊ ငွေကိစ္စလဲ တတ်နိုင်သမျှတော့ ပို့ချင်သနော"

ချစ်ချစ်ကြောက်သွားသည်။ မိမိနှင့် ပတ်သက်နေသလားဟု စိုးရိမ်သည်။

ဦးကျင်လျှောင်သည် စီးပွားရေးသမားဖြစ်သည်။ သူ့စီးပွားရေးကိစ္စ စကားပြောနေသည်လည်းဖြစ်နိုင်သည်။ သို့သော် စီးပွားရေးသမားဆိုသည်မှာ ငွေကြေးနှင့်ပတ်သက်လာလျှင် ဘယ်ကိစ္စမဆို သူ့စီးပွားရေးပင် မဟုတ်ပါလား။ ရှိစေ့ သူငယ်ချင်း (ဦးကျင်လျှောင်၏သမီး)ကို ချစ်ချစ်ယုံသော်လည်း ဦးကျင်လျှောင်ကိုတော့ ချစ်ချစ် သံသယမကင်းနိုင်တော့ချေ။

ချစ်ချစ်ရောက်လာသောအခါ ဦးကျင်လျှောင်က တယ်လီဖုန်းချလိုက်သည်။

ပြီးတော့ ချစ်ချစ်ကို စကားဆိုသည်။

"တူမကြီးဆီကို ဧည့်သည်တစ်ယောက်လာတယ်"

"ရှင် . . ."

"အေးကွယ် . . . ဘယ်သူဘယ်ဝါမှန်းမသိတာနဲ့ ဦးလည်း



စကားကောင်းကောင်း လက်ခံမပြောလိုက်ဘူး၊ လူဆိုတာ မပြောနိုင်ဘူးလေ"

ဤနေရာတွင် ပြောပြရန်တစ်ခုရှိပါသည်။ ဦးကျင်လျှောင်သည် ချစ်ချစ်၏အရေးအခင်းကို သိနေပြီဖြစ်သည်။ ရှင်းပါသည်။ သတင်းစာက ပြောပြပြီးပြီးပဲ။

သို့သော် ဦးကျင်လျှောင်က နားလည်မှုရှိသည်။ လူငယ်တို့အရေးအခင်းကို လိုအပ်သည်ထက်ပို၍ မစွက်ဖက်ခဲ့။ ပြီးတော့ သူ့သမီးကိုလည်း ယုံသည်။ သမီးသည် မဟုတ်ကတုတ်ကတော့ မလုပ်။ ချစ်ချစ်ကိုယ်တိုင်ကလည်း ဝန်ခံထားသည်။ သူသည် ဖေဖေနှင့်စိတ်ဆိုးသာသည်ကလွဲ၍ အခြားရည်ရွယ်ချက် ဘာမျှမရှိ။

"အေးကွယ် . . . သားသမီးနဲ့မိဘဆိုတာ တစ်ခါတလေတော့ ဒီလိုပဲဖြစ်တတ်တာပေါ့၊ အေး . . . ဦးအနေနဲ့ကတော့ မိဘချင်း ကိုယ်ချင်းစာတယ်၊ တူမကြီးဒီအိမ်မှာ ပျော်သလောက်နေနိုင်တယ်၊ ဒါပေမယ့် . . . စိတ်ပြေရင် ဖေဖေဆီပြန်ဖို့ ဦးတာဝန်ယူပေးမယ်"

ချစ်ချစ်သည် သည်တုန်းက ဘာမှပြန်မပြောဖြစ်ခဲ့၊ စဉ်းစားမည်ဟု နေခဲ့သည်။ ဦးကျင်လျှောင်ကတော့ ကတိပေးသည်။

"ဦးသမီးရဲ့မိတ်ဆွေမို့ ဦးကတော့ တူမကြီးကိုလည်း သမီးလို သဘောထားပါတယ်၊ ဒါပေမယ့် ဦးက တူမကြီးဖေဖေဆီ အကြောင်းကြားလား ဘာလားတော့ မလုပ်ပါဘူး၊ တူမကြီးဖာသာဆုံးဖြတ်ပေါ့၊ တစ်ခုရှိတာက မိန်းကလေးတစ်ယောက်အဖို့ အန္တရာယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်းရှိနေတတ်တာ၊ ဦးအနေနဲ့ကတော့ အိမ်ကိုပြန်စေချင်သကွယ့်"

သည်တုန်းကတော့ ဦးကျင်လျှောင်ကို လေးစားခင်မင်ခဲ့ရသည်။ လူကြီးဆိုတာ သည်လိုမှပေါ့ဟု နှိုးကျူးခဲ့မိသည်။

ခုတော့ စောစောက တယ်လီဖုန်းပြောသံ တစ်ပိုင်းတစ်စသည် ဦးကျင်လျှောင်ကို ချစ်ချစ်သင်္ကာမကင်းဖြစ်စေသည်။

"စောစောက လာတဲ့လူက ဘယ်လိုပုံစံလည်း ဦးလေး"

"ရည်ရည်မွန်မွန်ပါပဲကွယ်၊ ဒါပေမယ့် ရည်မွန်တိုင်းလည်း ယုံရတာမှ မဟုတ်ပဲကိုး"

"သူက ကျွန်မကို ဘယ်လိုမေးတာလဲ၊ ကျွန်မ ဒီမှာရှိတာ သူဘယ်လို သိသလဲဟင်"

"ဒါတော့ ဦးလည်း ဘယ်သိပါ့မလဲ၊ အဲ…သူမေးတဲ့နာမည်ကတော့တစ်မျိုး ဒါနဲ့တူမကြီးမှာ အခြားနာမည်ရှိသေးလား"

"မရှိပါဘူးဦးလေး"

"သူကတော့…သေသေချာချာကြီးပြောတာပဲ သူနဲ့မနေ့ကကားပေါ်မှာ အတူပါလာတာပါတဲ့ မအေးပွင့်တဲ့ ရန်ကုန်က ညွှန့်သည်တဲ့"

ချစ်ချစ် ရယ်ပါသည်။ ပြီတော့ တဆက်တည်းမှာ ဝမ်းနည်းသွားသည်။ သူက မြို့ထဲမှာ မျက်လုံးကစားခဲ့ချိန် သင်းက အိမ်ကိုရောက်လာသည်။

"အလကားပါဦးလေးရယ်၊ လမ်းမှာတွေ့တဲ့ လူတစ်ယောက်



[illegible] တမင်ကလာ ပါးစပ်ထဲတွေ့တဲ့ နာမည်ပြောဖြစ်ခဲ့တာ၊ ဦးလေး [illegible]ပြောသလိုပေါ့ လူဆိုတာ ယုံရခက်သားကိုး"

သည်စကားပြောချိန်၌ ဦးကျင်လျှောင် ဣန္ဒြေပျက် မပျက် [illegible]ိုက်သည်။ သို့သော် ဦးကျင်လျှောင် မျက်နှာ၌ ထူးခြားမှုမတွေ့ရ။

သို့သော် ဘာပဲဖြစ်ဖြစ် ချစ်ချစ်သည် ဦးကျင်လျှောင်ကို [illegible]ချင်တော့ချေ။

"အဲဒီလူက တခြား ဘာပြောသွားသေးလဲ"

"ဆားပုလင်းဘခက်လာတယ်လို့ ပြောပေးပါတဲ့"

ချစ်ချစ်နှင့် ဦးကျင်လျှောင်သမီးတို့ ရယ်မိကြသည်။ သူ၏ [illegible] အကြောင်းကို ရှိစီ့သူငယ်ချင်းကို ပြောပြထားပြီးပြီ။ ရယ်စရာ [illegible]စရာအဖြစ် သူတို့ သတ်မှတ်ထားပြီးပြီ။

ရယ်စရာမောစရာအဖြစ် သတ်မှတ်ထားခဲ့သော်လည်း [illegible]ယ်တမ်း သူ လာရှာသွားမှန်း သိရသောအခါ ချစ်ချစ်၏ရင်သည် [illegible]

ရယ်စရာပျောက်သွားပြီး မောစရာသာ ကျန်ရစ်၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



(၆)

"လာဗျာ ဒီညနေမောင်ရင့်ကို အထူးအဆန်းကျွေးမယ်"

"ဘာတုန်းဗျ . . ."

"ရွှေတောင်ခေါက်ဆွဲ"

"စားဖူးသားပဲဗျ . . ."

"မတူဘူးလေ"

"ဟာ . . . ရွှေတောင်ခေါက်ဆွဲဆိုတဲ့နောက် အတူတူ ကျွန်တော် မနက်ကတင် ဈေးမှာစားခဲ့တာပဲ"

"နို့ ဈေးမှာစားခဲ့တဲ့ဆိုင်က ရောင်းတဲ့သူက ယောက်ျား မိန်းမလား"



"မိန်းမ"

"အပျိုလား အအိုလား"

"တိတိကျကျတော့ မသိဘူး၊ ခပ်ငယ်ငယ်ပဲ"

"ကောင်းပြီ၊ အပျိုဖြစ်ဖြစ် အအိုဖြစ်ဖြစ်ပေါ့ဗျာ၊ အဲဒါက အရေးမကြီးပါဘူး၊ အသက်ငယ်ငယ်ပဲမို့လား"

"ဘာတွေမေးနေတာတုန်း ဦးခင်မောင်ရယ်၊ ကျွန်တော်တော့ နားရှုပ်လာပြီ"

"ကိုယ်ပြောတာသာ ဆုံးအောင်နားထောင်စမ်းပါဦးလေ၊ မောင်ရင်မနက်က စားခဲ့ရတဲ့ ရွှေတောင်ခေါက်ဆွဲက မိန်းမငယ်ငယ်လေး ရဲ့လက်ရာ၊ အခုကျွေးမှာက မိန်းမလတ်အရွယ်ရဲ့လက်ရာ၊ အထူးသဖြင့် ပြောရရင် အပျိုကြီးမမတွေရဲ့လက်ရာ"

"အပျိုကြီးလက်ရာဖြစ်တာနဲ့တာ ထူးဆန်းရောတဲ့လား ဦးခင်မောင်ရယ်"

"ဟား . . . ဟား . . . ဟား . . . ထူးပြီလား ကိုရှုပါရယ်၊ ကိုင်း- ရှင်းအောင်ပြောပြမယ် နားထောင်၊ ကိုယ့်ဆိုင်မှာ အမြဲတမ်း ဖောက်သည် အဖြစ်နဲ့ စာအုပ်ဝယ်တဲ့ အပျိုကြီးညီအစ်မငါးယောက်ရှိတယ်။ တကယ့် စာသရဲတွေ။ မနက်က သူတို့ ဒီဆိုင်လာကြရင်းနဲ့ ကိုယ်က မောင်ရင် ရောက်နေတဲ့ အကြောင်းစကားစပ်မိတော့ အဲဒါ မောင်ရင့်ကို တွေ့ချင်လှချည်ရဲ့လို့ ဖြစ်ပါလေရော"

"ဘာအတွက်တုန်းဗျ။ ကြက်သီးထလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က မောင်ရင့်ပရိသတ်တွေလေ။ မောင်ရင့်ကဗျာတွေဆို အသည်းစွဲပေါ့။ ညီအစ်မငါးယောက် မောင်ရင့်ကဗျာငါးပုဒ်ကို တစ်ပုဒ်စီတောင် ရွတ်ပြသွားသေးသဗျ"

"ဟုတ်မှလဲလုပ်ပါ ဦးခင်မောင်ရာ"

"အော့···ကိုယ်က လူကြီးပါ။ ဘာမဟုတ်တာလုပ်စရာ ရှိသလဲ။ မောင်ရင် ရှမဝမှာရေးခဲ့ဖူးတဲ့ "အောင်မယ်လေးဗျ"ဆိုတဲ့ ကဗျာကတော့ သူတို့အကြိုက်ခံဆုံးပဲ"

"ဟင်···ဦးခင်မောင်က လက်ခံလိုက်သလား"

"အများနဲ့တစ်ယောက်ဆိုတော့ ကြောက်တာနဲ့ လက်ခံလိုက်ရတာပဲ မောင်ရင်ရေ။ မသွားလို့တော့ မဖြစ်ဘူး"

"ဟာ ···ကျွန်တော်တခြားသွားစရာရှိတယ်ဗျ။ ပြီးတော့ သူများအိမ်တွေဘာတွေလဲ ကျွန်တော်မလည်တတ်ဘူး။ ကြောင်စီစီနဲ့"

"ဟာ···မောင်ရင်ဒုက္ခရောက်မယ့် သိက္ခာကျမယ့်အပေါက်တော့ ကိုယ်လုပ်ပါ့မလား။ ခုဟာက တကယ့်မိကောင်းဖခင်သားသမီးတွေလဲဖြစ်၊ ကိုယ့်စာပေ မိတ်ဆွေတွေလဲ ဖြစ်နေလို့ အားနာလို့ပါ"

"ခက်ပါတယ်ဗျာ"

"ခက်မနေနဲ့။ ဟိုကတော့ ခုလောက်ဆို ချက်ပြုတ်တောင်နေပြီ"

"ကျွန်တော်က မိန်းမတွေနဲ့လဲ အဆက်အဆံနည်းတာ ဦးခင်မောင်သိသားနဲ့ဗျာ"

"အမလေး···ဟိုကလဲ ဖိုဆို မီးဖိုချောင်တောင် ဝင်တဲ့



အစားတွေမှတ်ဘူး။ လူဟားနဲ့ ထမင်းချက်နိုင်းတာဗျ သိလား"

နောက်ဆုံး ဦးခင်မောင်အကြပ်ကိုင်သဖြင့် ကိုရှုပါ စိတ်မပါဘဲ အိမ်လည်လိုက်သွားရလေသည်။ အမှန်က ကိုရှုပါတွင် အစီအစဉ် တစ်ခုရှိပြီးသားဖြစ်ပါသည်။ သူညနေပိုင်းတွင် ချစ်ချစ်ရှိရာသို့ တစ်ခေါက် သွားချင်သည်။ သူ မနေနိုင်။ ခဏဖြစ်ဖြစ် (နေကောင်းလားမေးရုံ ဖြစ်ဖြစ်) သွားချင်သည်။ နောက်ဆုံး ကိုရှုပါနှင့် ဦးခင်မောင် သဘောတူညီမှု တစ်ခုရသည်။ ဦးခင်မောင်၏ မိတ်ဆွေများ အိမ်သို့ ကိုရှုပါလိုက်မည်။ စောစောကလေး သွားကြမည်။ နေမဝင်ခင် ပြန်မည်။ ကိုရှုပါ သွားလိုရာသို့ ဦးခင်မောင်က လိုက်ပို့မည်။

"ခင်ဗျားက ဘယ်သွားချင်လို့လဲ"

"ဟဲ ဟဲ···ကျွန်တော်လဲ ကျွန်တော့်မိတ်ဆွေ လူပျိုကြီးတစ်ယောက်အိမ်ကိုပေါ့။ ဟိုမှာက "မုံရွာဝက်အူချောင်း"ကျွေးဖို့ စီစဉ်ထားတယ်လေ"

ကိုရှုပါသည် ဦးကျင်လျော်အိမ်သို့ သွားမည့်အကြောင်းကိုတောင် မပြောခဲ့ပေ။

× × ×

အပျိုကြီးညီအစ်မ ငါးယောက်တို့သည် အထင်သေးဖွယ် ကောင်းကြပါ။ အထင်ကြီးဖွယ်ကောင်းပါသည်။ ကိုရှုပါကို ဆရာကြီးတစ်ယောက်လို ဆက်ဆံကြရာသည်။ အားလုံးရုပ်ရည် သန့်ပြန့်ကြသည်။ အငယ်ဆုံးမသည်ပင် ကိုရှုပါထက် အသက်အနည်းငယ်ကြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ့် စာသမားစစ်စစ်များ ဖြစ်ကြသည်။ သူတို့နှင့် စကားပြောရသည်မှာ စိတ်ချမ်းသာဖို့ကောင်းသည်။ အထူးသဖြင့် ကဗျာနှင့် ပတ်သက်၍ ထက်ထက်မြက်မြက် ဆွေးနွေးနိုင်ကြသည်မှာ အံ့ဩဖို့ပင် ကောင်းသည်။

သို့သော် သူတို့ကို ကိုယ်တိုင်တော့ စာမရေးကြပါ။

"ရေးရတာထက် ဖတ်ရတာက ပိုပြီးအပြစ်ကင်းတယ် ထင်လို့ပါရှင်"ဟုသော သူတို့ထဲတွင် စကားအနည်းဆုံး အလတ်အပျိုကြီး၏ စကားသည် ထိရောက်လှသည်။

သူတို့၏ မှတ်စုစာအုပ်များတွင် အမှတ်တရအဖြစ် ကိုရှုပါက ကဗျာတိုက လေးများ ရေးပေးသောအခါ သူတို့သည် တရားနာနေသော ယောဂီမယ်များပမာ ကြုံ့ကြုံ့ကလေးတွေ စီတန်းထိုင်နေကြ၏။

သူတို့ကျွေးသော ရွှေတောင်ခေါက်ဆွဲသည် ညနေစာ ထမင်းလွတ် စားပစ်ချင်စရာထိ ကောင်းပါသည်။ ပြီးတော့မှ သူတို့က ကိုရှုပါကို လက်ဆောင်ပစ္စည်းတစ်ခု ပေး လေသည်။ ဂျပန်ကဗျာများကို အင်္ဂလိပ်ဘာသာပြန်ဆိုထားသော စာအုပ်ပါးကလေးဖြစ်၏။

ရိုးရိုးသားသားပြောကြရေးဆိုလျှင် ကိုရှုပါသည် ထိုတခေါက်တွင် ကိုယ့်ကိုကိုယ်ပင် အထင်သေးမိခဲ့ရသည်။ ဤကဲ့သို့ ရည်မွန်သော သန့်စင်သော၊ အကျိုးရှိသော ညှော်ခံမှုကိုခံယူရရှိချိန်တွင် ကိုရှုပါ၏စိတ်သည် အိမ်ပြေးမကလေးထံ ဇောကနဲဇောကနဲရောက်ရောက် နေတတ်သောကြောင့်ပင် ဖြစ်ပါသည်။



"ကဲ… ဦးခင်မောင် ဆိုင်ကိုပြန်ချင်ပြန်ပါတော့၊ ကျွန်တော် အသာပဲ သွားတော့မယ်"

"ရပါတယ်ဗျာ၊ ကိုယ်တစ်လှည့် ဒုက္ခလိုက်ခံပေးပါဦးမယ်"

"ဟုတ်တယ်…ကျွန်တော်နဲ့လိုက်ရင်တော့ ဒုက္ခခံရမှာ သေချာတယ်၊ ဒါပေမယ့် ဦးခင်မောင် ကျွန်တော့်ကို ခေါ်သွားတဲ့ နေရာကတော့ သုခပါ။ တကယ့်ကို တန်ဖိုးရှိတဲ့ အရပ်ပါပဲဗျာ"

"ကဲပါ…ကိုယ်လိုက်ခဲ့ပါမယ်၊ မောင်ရင့် အပျိုကြီး တွေယောက်ဆီကို"

"နောက်တာပါဗျာ၊ ကျွန်တော်က တခြားကိစ္စပါ အရေးအကြီးလဲ မှတ်ပါဘူး။ ဆိုင်ကိုသာပြန်ပါ"

"ရပါတယ်၊ ကိုယ်လိုက်ပါ့မယ်၊ ကိုယ်က မြို့ခံပဲဟာ"

သည်တော့လည်း ဦးခင်မောင် လိုက်လာသည့်အတွက် အသိကအောင့် ဖြစ်ရပြန်သည်။ တကယ်တော့ ချစ်ချစ်ထံသွားမည့် အစီအစဉ်တွင် မည်သူမှအဖော်မပါတာ ကောင်းမည်မဟုတ်လား။

သို့သော် ဦးခင်မောင်ကိုလည်း အားနာသဖြင့် ခေါ်လာခဲ့ရသည်။ ဟိုရောက်မှ ရောက်ရား ကြည့်စီစဉ်မည်။ ချစ်ချစ်ကိုတော့ တွေ့ညနေ တွေ့ချင်ပြီ။

ရန်ကုန်ကားဂိတ်အနီးမှ သုံးဘီးစားကြသည်။ သုံးဘီး ပေါ်တက်မည်အပြုတွင် ကိုရှုပါ တစ်စုံတစ်ရာကို သိထားမိသည်။

ချက်ချင်းပင်မှတ်မိလိုက်သည်။ ကားဂိတ်မှ ဂူးကန် မောင်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသော လင့်ရိုဗာကား။ မောင်းသူအမျိုးသမီးဖြူဖြူကလေး ဦးကျင်လျှောင်၏သမီးပင်ဖြစ်သည်။

"ခဏနေဦး . . . ဦးခင်မောင်"

သုံးဘီးပေါ်က ဆင်းပြီး ကားဂိတ်က လက်မှတ်ရောင်းကို စုံစမ်းသည်။

"စောစောက လင့်ရိုဗာနဲ့အမျိုးသမီးက လက်မှတ်လာဝယ်တာလား"

အရေးတယူမရှိလှ၊ ခေါင်းညိတ်ပြသည်။

"ဘယ်တော့လဲ . . . ဘယ်အတွက်လဲ"

"မနက်လေးထိ . . . နက်ဖြန်မနက် အစောဆုံးကား"

ကိုရှုပါသည် ဘာမှမစဉ်းစားတော့ပါ။ ချက်ချင်းပိုက်ဆံထုတ်ပြီး လက်မှတ်ဝယ်လိုက်သည်။ ကိုရှုပါကြာနေသောကြောင့် ဦးခင်မောင်လိုက်လာသည်။

"ဟင်း . . . ဒါဘာလုပ်တာတုန်း"

"မန္တလေးလက်မှတ် ဝယ်တာလေ"

"အိုး . . . ဘယ်တော့ဝယ်ဝယ် ရတာပဲ ကိုရှုပါရယ်၊ ပြီးတော့ မောင်ရင့်ဟာက ဘာမပြောညာမပြောနဲ့"

"မဟုတ်ဘူး၊ တော်ကြာ ဦးခင်မောင်က ကျွန်တော်အတွက် စိုက်ဝယ်နေမှာစိုးလို့"

မဟုတ်သေးပါဘူး ကိုရှုပါရယ်။ နို့ . . . မောင်ရင်က ဘယ်တော့မန္တလေးသွားမှာမို့လဲ"



"နက်ဖြန်မနက် အစောဆုံးကားနဲ့"

ဦးခင်မောင်သည် အူကြောင်ကြောင်နိုင်သော ကိုရှုပါကို နားမလည်တော့ချေ။

နှစ်ယောက်သား သုံးဘီးဂိတ်ကို ပြန်လျှောက်လာကြစဉ် ဦးခင်မောင်က တဗျစ်တောက်တောက် ပြောနေပါတော့သည်။

သုံးဘီးဂိတ်သို့ရောက်ခါနီးတွင် ကိုရှုပါက ဦးခင်မောင်လက်မောင်းကို လှမ်းဆွဲလိုက်၏။

"လမ်းလျှောက်ပြန်ကြရအောင်ဗျာ"

"ဟင် . . . ဘယ့်နှယ်တုန်း . . . သွားစရာရှိဟယ်ဆို"

"မရှိတော့ပါဘူးဗျာ၊ အိမ်ပဲပြန်ကြပါနို့၊ မနက်လဲ အစောကြီးထရမှာ အစီအစဉ်ကလေးဘာလေး လုပ်ချင်သေးတယ်"

ဦးခင်မောင်သည် ကိုရှုပါကို စူးစိုက်ကြည့်၏။ သူ့အကြည့်သည် အဓိပ္ပာယ်ရှိ၏။

"မောင်ရင်ရူးနေပြီလား"ဟု မေးလိုက်သလိုပင် ဖြစ်ပါသည်။ မှန်ပါသည်။ မှူလပင် ကိုယ်စိတ်ထက် ပိုလျှင်လည်းကောင်း၊ လိုလျှင်လည်းကောင်း၊ ရူးသည်ဟု ယူဆရပါမည်။

× × ×

လိုအပ်သည်ထက်စော၍ ကိုရှုပါ ကားဂိတ်သို့ရောက်သည်။ ဦးသည် နားပင်မသွား။ ကားနားမှာသာ ရစ်သီရစ်သီ လုပ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင် ကျွေးမွေးလိုက်သော နံနက်စာများရင်၌ အပြည့်အသိပ်ရှိနေသော်လည်း ဝမ်းထဲက ဟာတာတာရှိလှသည်။ ရင်ခုန်သည် ဆိုပါစို့။

ပြည်နံနက်၏ အအေးဓာတ်သည် မလွန်ကဲလှပါ။ သို့သော် ကိုရှုပါ ခြေဖျားလက်ဖျားတွေ အေးစက်နေသည်။

ဘယ်လမ်းမှလာမည်မသိသော လင့်ရှိဗာကားကို မျှော်နေမိသော သူ့အဖြစ်သည် ကလေးဆန်လှသည်။

"ဘယ်လိုဖြစ်နေတာတုန်း ကိုရှုပါ"

လိုက်ပို့ရှာသော ဦးခင်မောင်သည် ကိုရှုပါကို စိတ်မချ တော့ချေ။ တခုခုတော့ တခုခုပဲဟု တွေးနေ၏။

တစ,တစနှင့် ခရီးသည်များ စုံလင်လာသည်။ ကားဆရာများလည်း လုပ်စရာရှိသည်ကို လုပ်စပြုကြပြီ။ လူသံသူသံများ ညံ လာသည်။ ကိုရှုပါ ရင်ခုန်နေပါသည်။

ချစ်ချစ်သည် ပေါ်မလာသေး။ ကိုရှုပါ ကားပေါ်သို့တက် ခဲ့နေရာသို့သည်။ သူ့အတွက်သာမဟုတ် သူနှံဘေးမှ နေရာကိုပါ မသိမသာ ဦးထားမိသည်။ ဖြတ်သွားသောကားသံကြားတိုင်း လည်ပင်းလိမ့်ပြီး လှည့်လှည့်ကြည့်ရသည်။ ကားထွက်ချိန်နီးလာပြီ။ ချစ်ချစ် မရောက်သေးပါ။ ကိုရှုပါကတော့ ကပ်ပြီးရောက်လာလိမ့်မည်ဟု ထင်နေသည်။ ချစ်ချစ်သည် သူ့ကိစ္စနှင့်သူ လှုပ်လှုပ်ရှားရှားနေရမည် မဟုတ်လား။

သို့သော် ကားစက်နိုးပြီ၊ ကိုရှုပါစိတ်ပူရပြီ။ ဘယ့်နှယ့်ဖြစ်ကုန်သနည်း။ ကားပေါ်မှ ပြန်ဆင်းနေခဲ့ဖို့လည်း ခုအချိန်မှာတော့ ခက်ပြီ



ဘာမထွက်မချင်းကတော့ သက်ပြင်းချရင်းသာ စောင့်ပေရော့။

မနေနိုင်သည်အဆုံး ကိုရှုပါစုံစမ်းရတော့သည်။

"ဗျို့ ဦးခင်မောင်၊ ဒီခရီးမှာ ခရီးသည်က ဒါအကုန်ပဲလားဗျ"

"ဘာလို့တုန်း"

"ခြော် . . . အလာတုန်းကတော့ ကြပ်လို့ပါ"

"တစ်ချို့ကလဲ လက်မှတ်ဝယ်ပြီးလမ်းက ဖြတ်စီးတယ်၊ စိတ်ထိမလာတော့ဘဲ ကိုယ့်အိမ်နဲ့နီးတဲ့လမ်းက လက်တားစီးတယ် လေ"

"နို့ . . ဒီကားက ဦးကျင်လျော်တို့ အိမ်ရှေ့ကဖြတ်သလား"

ဦးခင်မောင် ရုတ်တရက် ဘာဖြေရမှန်းမသိ။ ဦးကျင်လျော်နှင့် ပတ်သက်၍ ကိုရှုပါ ဘာမှမပြောဖူးခဲ့။

"ဘာဆိုင်လို့တုန်းဗျ"

"မဟုတ်ပါဘူး။ အဲဒီ အိမ်နားမှာ ကျွန်တော့်သူငယ်ချင်း တစ်ယောက်ရှိလို့"

"ဟင် . . . အဲဒါနဲ့ကော ဘာဆိုင်လို့တုန်း"

"နှုတ်ဆက်သွားချင်လို့"

"ဟာ . . . ဒီလိုတော့လည်း ကားက ဘယ်ရပ်ပေးပါ့မလဲ"

ဦးခင်မောင်ခေါင်းညိတ်ပြစဉ် ကားစထွက်သည်။ ကိုရှုပါက ထွက်သရော လက်ပြနှုတ်ဆက်သော်လည်း ဦးခင်မောင် တစ်ယောက် နားမလည်စွာသာ ငေးကျန်ရစ်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမလင်းသေးသဖြင့် လမ်းများကို မနည်းမှတ်ပြီးလာခဲ့ရသည်။

လမ်းမှာ လူရှပ်တင်တိုင်း တက်လာသူမှန်သမျှကို စစ်ဆေးနေမိသည်။

ကိုရှုပါမှတ်မိလိုက်သည်။ ဦးကျင်လျောင်တို့အိမ်သို့ နီးလာသည်ကို ကောင်းကောင်းကြီး သတိထားမိသည်။ ကားအပြင်သို့ ခေါင်းထွက်ကြည့်သည်။ လမ်းမီးတိုင် မှိန်မှိန်မှအပ ဘာမျှမမြင်ရ။

ကားသည်အရှိန်သတ်၏။ ဦးကျင်လျောင်အိမ်ရှေ့တည့်တည့်မှာပင် ရပ်သည်။ ကိုရှုပါပျော်သွားလေး၏။ လူနှစ်ယောက်ကားပေါ်တက်လာသည်။

သို့သော် ယောက်ျားနှစ်ယောက်ဖြစ်ပါသည်။ ကားပြန်ထွက်သည်။ မြို့ပြင်ရောက်သည်အထိ မျှော်လင့်ချက်ထားသေးသည်။ သို့သော် ချစ်ချစ်ပေါ်မလာတော့ချေ။

သွားပြီ။ ကိုရှုပါသည် အားလျှော့စိတ်ပျက်သွားလေသည်။ တဆက်တည်းမှာပင် သူ၏ကလေးဆန်သောစိတ်ကို သတိရသည်။ ကားပေါ်မှပြန်ဆင်းရန် စိတ်မကူးတော့ချေ။ ခုအချိန် သူမှာ စိတ်တင်းသာရှိသည်။ ရှက်၏။

× × ×

(၇)

အောင်လံသို့ရောက်သည်အထိ စိတ်ကမငြိမ်သက်ချင်လှပါ။ ကိုယ့်ကိုကိုယ် ဒေါသဖြစ်တာရော၊ မဆုံးဖြတ်နိုင်သော အခြေအနေကို ဒေါသဖြစ်တာရော ပါသည်။

တခုတော့ရှိသည်။ ကိုရှုပါသည် ချစ်ချစ်တစ်ယောက် အိမ်မှ ထွက်ပြေးလာခြင်းအတွက် အမြတ်ထုတ်ရန်ဆန္ဒတော့ လုံးဝမရှိချေ။ ကြောင့်ပင် သူကဗျာဆရာ ဖြစ်နေခဲ့ခြင်းမဟုတ်ပါလား။

စိတ်တည်ငြိမ်မှုရစေရန် အပျိုကြီးများလက်ဆောင်ပေးလိုက်သော ဂျပန်ကဗျာစာအုပ်ကလေးကိုသာ တစ်လမ်းလုံးဖတ်လာခဲ့ရသည်။ ကဗျာမှာလည်း လောကကြီးကို စက်ဆုပ်အပ်သော သံဝေဂများများသာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်မှလာ၍ အမှောင်သို့ သွားရတော့မည်။

သို့သော်…အဝေး၌မြင်ရသော လမ်းကြီးသည် ငါ့အား လမ်းညွှန်ပေလိမ့်မည်။

အိဇုမိ ရှီကိဘု(၁၉၅၁ခုနှစ်)

အမျိုးသမီးဂျပန်စာဆိုမယ်၏ ဗုဒ္ဓမေတ္တာ အေးမြသော တရားတော်ကို ရည်ညွှန်းသောကဗျာဖြစ်ပါသည်။

ဆိုင်သည်၊ မဆိုင်သည်ကို ထားလိုက်ပါ။

ကိုရှုပါသည် အောင်လံတွင် လက်ဖက်ရည်ဆင်းသောက်နိုင်ခဲ့လေသည်။ (ရင်ခုန်လွန်းသောအခါ လက်ဖက်ရည်နှင့်မတည့်ပါ) ကိုရှုပါသည် စိတ်တည်ငြိမ်မှုရနေပါပြီ။

“သတင်းစာမရောက်သေးဘူးလား”

ကြည့်ပါ။ ကိုရှုပါသည် သတင်းစာကို စိတ်ကရောက်ပြီးသည်။ ချစ်ချစ်၏လူပျောက်ကြော်ငြာသတင်းကို သူစိတ်ဝင်စားမိပြန်ပြီ။

“ဘယ်ရောက်ဦးမလဲ ပြည်ကိုတောင် တခါတလေ နေ့လယ်မှ ရောက်တာ”

ဘတ်(စ်)ကားရှိရာသို့ပြန်လာခဲ့သည်။ တည်ငြိမ်စပြုနေသော ကိုရှုပါ၏စိတ်သည် ရုတ်တရက် ထခုန်ရပြန်ပြီ။

အရှိန်ပြင်းပြင်းမောင်းထွက်သွားသော ကားစက်သံကို ပထမ ခုံးကြားလိုက်ရ၏။ ကြည့်လိုက်သောအခါ ဓာတ်မီးတိုင်မှန်ပုပ္ပအောက်မှ လစ်ကနဲဖြတ်ပြေးသွားသော ကားကလေးတစ်စီးကို မြင်လိုက်ရသည်။



လင့်ရှိဟာကားကလေး။ ကားလေးသည် ပြည်ဘက်သို့ ပြန်မောင်းသွားခြင်းဖြစ်သည်။

မမိနိုင်မှန်းသိလျက်နှင့် ကိုရှုပါပြေးလိုက်မိပါသည်။ အလင်းရောင်မပီသသေးသော အချိန်ဖြစ်သဖြင့် အသေအချာတော့မသိလိုက်ပါ။ နောက်မီးရောင်နီနီကလေးကိုသာ မြင်လိုက်ရသည်။ လမ်းပေါ်တွင် ကိုရှုပါစိတ်ပျက်စွာ ကျန်ရစ်ခဲ့သည်။

ချစ်ချစ်သည် သူ့ကို ကြိုးစိုးစပြုပြီတကား။ သင်းသည် သေရခက်သော အလုပ်တွေကို လုပ်နေပြီ။ အနေသာကြီးဟူ၍ ကိုရှုပါနေလို့မရတော့ပါ။

လင့်ရှိဟာကား မီးရောင်းကလေးပျောက်သွားသည်ထိ ကားနေမိသေးသည်။ ဝမ်းနည်းသလိုလို ခံစားရလိုက်သဖြင့် ကဗျာဆရာသည် သူ့ကိုယ်သူ မကျေနပ်တော့ပါ။ သည်လောက်ထိတော့ ဖြစ်စရာ မရှိဟု ထင်ပါသည်။

ကိုရှုပါ တစ်ချက်ပြုံး၏။ သည်အပြုံးသည် မချိပြုံးတော့ ဖြစ်ပါသည်။ လောကကြီးကိုလား၊ ချစ်ချစ်ကိုလား၊ သူ့ကိုယ်သူလား မသိချေ။ ကိုရှုပါသည် ခေါင်းငိုက်စိုက်ချ၍ ဘတ်(စ်)ကားရှိရာသို့ လမ်းချင်းလျှောက်လာခဲ့သည်။ ထိုတခဏ်တွင် အချစ်နှင့်သူ၏ကိုကိုတို့ တွေ့ဆုံစည်းဖို့အကြောင်း ဖန်လာလိမ့်မည်ဟု ထင်နေကြပါသလား။

မှန်ပါသည်။ သူတို့သည် ထိုတခဏ်တွင် ပြန်လည်တွေ့ဆုံကြပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကိုရှပါ ဘတ်(စ်)ကားပေါ် ပြန်တက်ခဲ့သည်။ သူ့နေရာတွင် တစ်စုံတစ်ယောက်က နေရာယူထားနှင့်ပြီ။

"ဟင် . . . ချစ်"

ချစ်ဟု အံသဲထွက်ရခြင်းအကြောင်းကို ရှင်းပြရပါဦး ကိုရှပါ၏နေရာတွင် ခထောင်၍ ခံစားကြည့်ပါ။ သူသည် ချစ်ချစ် မချစ်ချစ်ဟူ၍ သိထားပြီးသူဖြစ်သည်။ ချစ်ချစ်က အမည်ပြောင်မှ ပြောခဲ့သော်လည်း အမှန်အတိုင်းကို ကိုရှပါသိပြီးဖြစ်သည်။ ပြီးတော ချစ်ချစ်၏ အိမ်ပြေးဘဝကို ကိုရှပါနားလည်ပြီး ဖြစ်သည်။ ပြီးတော ချစ်ချစ်ကို သာမန်အနေနှင့်ပင် ကိုရှပါစိတ်ဝင်စားရင်းကလည်း ရှိပြီ ပါသည်။ ချစ်ချစ်နှင့်နောက်တစ်ကြိမ် တွေ့ရဖို့ကိစ္စကိုလည်း ကိုရှပါမည် အထိ ကြိုးစားခဲ့သည်ကို သိတော်မူကြသည့်အတိုင်းပင် ဖြစ်သည်

ဤအကြောင်းတရားတို့ကို စုပေါင်းလိုက်သောအခါ ခု အမှတ်မထင် ချစ်ချစ်ကိုတွေ့လိုက်ရသဖြင့် ကိုရှပါ မဆင်မခြင်နိုင်တော သည်ကို ခွင့်လွှတ်ရပေမည်။ သည်တွင် အယောင်ယောင်အမှားမှား နာမည်ရင်းကို ခေါ်မိတော့သည်။

တဆက်တည်းမှာပင် နာမည်ရင်းကို သူမသိသေး ဆောင်နေရမည့်အကြောင်း သတိရသွားမိပြန်ရာ "ချစ်"ဟူ၍ တစ် တည်း ထစ်ထစ်ငေါ့ငေါ့ ထွက်သွားရပါကြောင်း။

ချစ်ချစ်သည် နာမည်ခေါ်သံကြောင့် အလန့်တကြား ကြည့်၏။ အမှန်တော့ သူ့စိတ်ကူးကတမျိုးဖြစ်သည်။ စောစော ကိုရှပါ လက်ဖက်ရည်ဆိုင်ထိုင်နေသည်မှအစ, ဦးကျင်လျောင်သ



ားနောက်ပြေးလိုက်ပုံ၊ မမီလိုက်သဖြင့် စိတ်ပျက်စွာ ခေါင်းငိုက်စိုက်ချ ပြန်လှည့်ခဲ့ရပုံတို့ကို ချစ်ချစ်မြင်သည်။ ကိုရှပါ မိမိအပေါ် ဤမျှ စိတ်ဝင်တစားရှိခဲ့သည်ကို ချစ်ချစ်ကျေနပ်ခဲ့သည်။ ပြီးတော့ ယောကျ်ား သားတစ်ယောက်အနေနှင့် ဤအချင်းအရာသည် သနားစရာကောင်း သည်။ ချစ်ချစ်ကလည်း သနားမိသလိုလိုရယ်ပါ။

ထို့ကြောင့် ချစ်ချစ်က ဤသို့စိတ်ကူးထားသည်။ ပထမ ကိုရှပါခေါ် ကိုကို ကားပေါ်တက်လာလာချင်း မသိဟန်ဆောင်နေမည်။ ကိုရှပါကတွေ့သွားသဖြင့် သူ့အမည် မအေးမွှင့်(သို့)မြင့်မြင့်စန်းကိုခေါ်လျှင် ယည့်မကြည့်ဘဲနေနည်း။ ငွတ်ခေါ်လာလျှင် ဘုတောပစ်မည်။ (ချစ်စွယ် ာတောခြင်းပညာကို မိန်းမငယ်တို့ တတ်ကျွမ်းပါသည်။) သည်လူကြီး ာတ်တော် စိတ်မချမ်းမသာ ဖြစ်သွားကာမှ ပြန်ချော့မည်။ ပြီးတော့ ာနှင့် တလမ်းလုံးစကားတွေပြောကြမည်။ သူနှင့်စကားပြောလိုက ာင်းလိမ့်မည်ထင်သည်။ ချစ်ချစ်လည်း သူ၏ကိုကိုနှင့် တွေ့ချင်နေ သည်။ ချစ်ချစ်လည်း သူနှင့်တွေ့ရမှာ ပျော်နေပါသည်။

ဤသို့ လုလုပပ စိတ်ကူးထားသည်။ ကလေးငယ် တစ်ယောက်ကဲ့သို့ စိတ်ကူးထားသည်။ ကလေးတို့၏ စိတ်ကူးသည် ယပါသည်။ မည်သူငြင်းမည်နည်း။(စာရေးသူ)

သို့သော် "ချစ်"သည် ချစ်ချစ်၏စိတ်ကူးတို့ကို ပျက်ပြားစေ သည်။ အခြား "ချစ်" ဟုတ်ပါရိုးလား။ ကိုရှပါ၏"ချစ်"ဖြစ်ပါသည်။ သည်"ချစ်"သည် အဖျားစွတ် ၍ ခေါ်တာမျိုးဆိုလျှင် သည်းခံနိုင်စရာ ရှိသေးသည်။ ခုတော့သည် ချစ်သည် ချစ်ချစ်၏ နာမည်အရင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နာမည်ရင်းကို ကိုရှုပါသိထားပြီးဟု အဓိပ္ပာယ်ရသည်။

ထို့ကြောင့် သူ့နာမည်ရင်းကို သိထားသူသည် ချစ်ချစ် အဖို့ရာတော့ လောလောဆယ်မှာ ရန်သူသာဖြစ်သည်။ အနည်းဆုံး စိတ်မချရသူသာ။ ချစ်ချစ်သည် ကိုရှုပါကို စိတ်မချရသူအဆင့်သာ သတ်မှတ် လိုက်သည်။ ဒါကတော့ ရှင်းပါသည်။

ကိုရှုပါသည်လည်း လွှတ်ကနဲခေါ်လိုက်ပြီးမှ မိမိအမှားနှင့် စိတ်လောကြီးမှုကို သတိရတော့သည်။ သို့သော် လွန်သွားပြီ။ စကား ကျွံလျှင် နှုတ်မရတော့ပါ။ ထို့ကြောင့် မထူးတော့ဘူးဟု ကိုရှုပါ သဘောပိုက်လိုက်သည်။ စိတ်ကို အတတ်နိုင်ဆုံး ငြိမ်အောင်ထိန်းပြီး နောက်ထပ်ဘာမျှမပြောသေးဘဲ ချစ်ချစ်အနီးဝင်ထိုင်လိုက်သည်။ ချစ်ချစ်က ထိုင်ရာမှ ဆတ်ကနဲထရပ်သည်။

သို့သော် နေရာမှ ထွက်မသွားပါ။

"ကျွန်ုပ် စကားပြော လောကြီးသွားလို့ပါ"

"ဘာတုန်း စကားကို သိုသိုသိပ်သိပ်ပြောပြီး အကောက်ကြံ မလို့လား။ ဟင်း...တစ်သက်လုံးမရဘူး"

"ကျွန်ုပ်ကို အမိ အထင်သေးတာကိုး"

"ဘယ်သူမှ အထင်မကြီးဘူး"

"ကိုယ့်ကိုကိုယ်ရော အထင်မကြီးဘူးလား"

ချစ်ချစ်မပြောတတ်တော့ချေ။ ကိုရှုပါကို တိုးထွက်သွားဖို့ ကြိုးစားသည်။



"မထူးပါဘူး ချစ်ချစ်၊ မင်း ဒီကားပေါ်က ဆင်းသွားတော့ ဘယ်သွားမှာလဲ"

"ဒါ...ရှင်နဲ့မဆိုင်ပါဘူး"

"ဟုတ်ပါတယ်လေ၊ ဒါပေမယ့် အမိအတွက် အန္တရာယ်ကြီး လို့ ပြောနေတာပါ။ ကျုပ်နဲ့အတူရှိနေတဲ့အတွက် ခင်ဗျားမှာ အန္တရာယ် ရှိတာကို ယုံပါ။ လိုအပ်ရင် အကူအညီတောင်ရမှာပါ။ ကျုပ် တကယ် ပြောနေတာ"

"ရှင့်အကူအညီ မလိုချင်ပါဘူး"

"မကူညီနဲ့ဆိုရင်လဲ မကူညီပါဘူး၊ ဒါပေမယ့် ကျုပ် နှောင့်ယှက်တတ်ဘူး"

"ဒါဖြင့် လမ်းဖယ်ပေး"

"ကျုပ်စေတနာနဲ့ပြောတာနော်၊ ကျုပ်နဲ့အတူရှိနေတဲ့ အတွက် အမိမှာ ဘာမှ ထူးခြားပြီး အန္တရာယ်မဖြစ်နိုင်ဘူး။ ပြီးတော့ ကျုပ်..."

ဘာဆက်ပြောရမှန်းမသိတော့ချေ။ တစ်စုံတစ်ရာပြောချင်နေ ...ကတော့ သေချာပါသည်။

"အို...မသိဘူး...ဖယ်ဖယ်"

ကိုရှုပါ မတ်တတ်ရပ်သည်။ အရင်က စိတ်မျိုးနှင့်ဆိုလျှင် ...ာတကြည် လမ်းဖယ်ပေးပြီး "ကြွကြွ"ဟု ငေါ့ပစ်လိုက်မိမှာ ...ာသည်။ ခုတော့။

www.burmeseclassic.com



"ကဲပါလေ…ကျုပ်ပဲ ခင်းနေခဲ့ပါမယ်၊ ကျုပ်နဲ့အတူမနေရင် အမိကျေနပ်ပြီမဟုတ်လား"

ကိုရှုပါသည် လွယ်အိတ်သုံးလုံးကို ကောက်လွယ်လိုက်သည်။

ကိုရှုပါကို မသနားမိအောင် မိန်းမတို့၏ ရှိသမျှအင်အားဖြင့် ထိန်းချုပ်ထားရလေသည်။

တဆက်တည်းမှာပင် ချစ်ချစ်စိတ်ကူးရသည်။ သင်းဆင်းခဲ့လို့လည်း မဖြစ်သေး။ ကားထွက်ထွက်ချင်း တောင်တွင်းကြီးရဲ့သို့ သူက သတင်းကြိုပို့ထားလျှင် ခက်လိမ့်မည်။

"ဖယ်ပါ…ကျွန်မပဲခင်းမယ်"

ကိုရှုပါ၏ မူလစိတ်သည် ပြန်ဝင်လာသည်။

"ကိုင်း…ကြွကြွ၊ မင်းဒါလောက်ထိမှ ကျုပ်ကို မယုံကြည်ရင်လဲ 'ကိုယ့်ထိုက်ကိုယ်ကံပဲ"

ကိုရှုပါက လမ်းဖယ်ပေးလိုက်သည်။

ထိုအချိန်မှာပင် အရှိန်ပြင်းပြင်းနှင့် ထိုးရပ်လိုက်သော ဂျစ်ကားတစ်စီး၏ အသံကိုကြားလိုက်ရသည်။

ရဲ။

ရဲဆိုသည်နှင့် ခရီးသည်များ ရှုံကနဲဖြစ်သွားကြရသည်။ ချစ်ချစ်သည် အသက်ရှူရပ်သွားသလို ဖြစ်သွား၏။

ရဲကားရပ်ပြီးသည်နှင့် ဘတ်(စ်)ကားဘက်သို့ ရဲသားသုံးယောက် လျှောက်လာကြသည်။ ချစ်ချစ်သည် ကြောက်လွန်းသဖြင့် ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ ကိုရှုပါက ချစ်ချစ်ကို



"အိပ်ချင်ယောင်ဆောင်နေ"

ချစ်ချစ်သည် ကိုရှုပါနိုင်းတိုင်း လုပ်နေတော့သည်။ ရဲသားနှစ်ယောက်က နောက်ပေါက်ကတတ်သည်။ ရှေ့ပေါက်က တယောက်၊ ရဲသားတို့သည် ကားအတွင်း မျက်စိကစားလိုက်သည်။ ကိုရှုပါကို မြင်လေသော် တန်းတန်းမတ်မတ် လျှောက်လာသည်။

"လွယ်အိတ်ကလေး စစ်ပါရစေခင်ဗျာ"

ရည်မွန်စွာဆက်ဆံသော ရဲသား၏မျက်လုံးသည် လျှင်မြန်သော သဘောရှိနေသည်။

"ဒီကညီမကကော…"

ချစ်ချစ်ကိုလှမ်းမေးသည်။ ချစ်ချစ်ကတော့ အမှောင်ကို ရှယ်လျက် ငွတ်မိုတ်ပြီး ပေနေသည်။

"ဒါ…ကျွန်တော်ဇနီးပါ နှိုးပေးရမလား"

"ဒါဆိုလဲ နေပါစေဗျာ"

ရဲသာများ ထွက်သွားသောအခါ ချစ်ချစ်သည် ရယ်ချင်မိလေသည်။ ရဲသားများ တခြားခုံတန်းများ စစ်ဆေးနေစဉ် ကားရှေ့ပေါက်မှ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

လူတစ်ယောက်သည် ရှေ့ပေါက်တွင် ဝိတ်ရပ်နေသော ရဲသားလေးကို တွန်းတိုက်ပြီး ကားပေါ်မှ ခုန်ချပြေးသည်။ သို့သော် ချက်ချင်းပင် ရဲသားလေးက သူ့ကို ခုန်အုပ်လိုက်နိုင်သည်။ ရဲသားလေးသည် ထိုသူကို ဇက်ပိုးနစ်ချက်အုပ်ပြီး ဖမ်းချုပ်ထားလိုက်သည်။

"မိပြီဆရာ "

www.burmeseclassic.com

www.burmeseclassic.com



ရဲသားများသည် ဆက်လက်မစစ်ဆေးတော့ဘဲ ကားပေါ်မှ ပြန်ဆင်းသွားကြတော့သည်။

ထိုအခါမှ ကိုရှုပါက နေရာမှထလျက် ချစ်ချစ်ကို လမ်းဖယ်ပေးလေသည်။

"ကဲ··သူတို့က အမိရှာတာမဟုတ်ဘူး စိတ်အေးလက်အေးနဲ့ ဆင်းချင်ဆင်းတော့"

သည်တချီတော့ ချစ်ချစ် မဂျစ်နိုင်တော့ပါ။ သူ ကားပေါ်က မဆင်းရဲတော့ပါ။ ရဲသားတွေမြင်ရကတည်းက အလိုလို လိပ်ပြာမသန့်တော့ချေ။ ပြီးတော့ စောစောက ရဲသား၏ ဖမ်းချုပ်ခြင်းခံရသောလူသည် လူဆိုးမှန်းသိရပြီး သည်လိုလူဆိုးတွေနှင့် တွေ့ဆုံရလျှင်လည်း မလွယ်။

ကိုရှုပါနှင့် ရှိနေသည်ကမှ နည်းနည်းသက်သာလိမ့်မည်။ အလွန်ဆုံးသူ ဖေဖေ့ဆီ သတင်းပို့လောက်ရှိပေမည်။

ချစ်ချစ်သည် ဘာမှပြန်မပြောဘဲ ငြိမ်ကုတ်ပြီး ထိုင်နေလိုက်သည်။

"ဟင်း···မင်းနာမည်ကို ဂျစ်ဂျစ်လို့ ပြောင်းပစ်ဖို့ကောင်းတယ်"

အစ်ကိုကြီးတစ်ယောက်၏ ဆူပူသော လေသံမျိုးဖြစ်သဖြင့် ကိုရှုပါကို ချစ်ချစ်စိတ်ချသွားလေသည်။

ရဲသားတစ်ဦးက ကားထွက်နိုင်ပြီဟု လှမ်းပြောလေသည်။



"နို့နေစမ်းပါဦး၊ ပြည်ကနေ တိုက်ရိုက်ဘာလို့ မစီးတာလဲ"

ချစ်ချစ်မဖြေ။ ဖြေစရာမလိုဟု ထင်သည်။

"ကျုပ် မနက်ကတောင် ကားဂိတ်မှာ မျှော်မိသေးတယ်"

"ကျွန်မ ဒီမနက် ပြန်ထွက်မှာကို ရှင်သိလို့လား"

"သိတာပေါ့၊ မနေ့က မင်းသူငယ်ချင်း လက်မှတ်လာယ်သွားတာ တွေ့လိုက်တာဘဲ"

"ရှင်က ဘာလို့ ကျွန်မကို ခုလို နောက်ယောင်ခံ လိုက်နေတာလဲ"

ကိုရှုပါ ရယ်မိသည်။ ကျီစယ်ချင်စိတ်ကလေးလဲ ပေါက်လာသည်။

"မင်းကို ပြန်ပေးဆွဲပြီး မင်းအဖေဆီက ငွေညှစ်မလို့"

ချစ်ချစ်ရယ်မိသည်။ ကျီစယ်သောစကားမှန်းသူ သိပါသည်။

"ပြန်ပေးဆွဲစရာ မလိုပါဘူး၊ သတင်းပေးလိုက်ရုံနဲ့ ရှင်ဆုငွေသောင်း ရမှာပဲဟာ"

"နည်းသေးလို့"

ကားစထွက်သည်။ နှစ်ယောက်စလုံး စိတ်ကြည်လင်သွားပြန်သည်။

"မင်းတော်တော် လည်တာပဲ ပြည်ကနေ တိုက်ရိုက်ကားပေါ်တက်ချင်လို့ ခုလို အောင်လံကလာပြီး စောင့်စီးတာ မဟုတ်လား"

"ကျွန်မ ဘယ်သူ့ကိုမှ မယုံဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတည်းတဲ့ အိမ်ရှေ့ရောက်တော့တောင် ငါသတိရမိသေးတယ်"

"မနေ့က ရှင်လာသေးတယ်ဆို"

"ဟုတ်တယ်၊ ဒီမှာ ပြည်ကနေ ခရီးထွက်မယ့်အကြောင်း လာနှုတ်ဆက်တာ"

"သတင်းစာထဲမှာ ကြော်ငြာတွေ့လို့ လာရတာမဟုတ်လား"

"အဲ့ဒါဆို ကျုပ်ကအမိမပါဘဲ ပြည်ကနေ ခရီးဆက်ပါ့မလား။ အမိအရိပ်အခြေကိုသာကြည့်ပြီး နောက်ယောင်ခံနေမှာပေါ့"

ဟုတ်သားပဲဟု ချစ်ချစ်ယုံကြည်သွားသည်။ တကယ်တန်းသာ သူ့တွင်ကလိန်ဉာဏ်ရှိပါမူ ခုလို သူတစ်ယောက်တည်း ခရီးဆက်လာစရာ အကြောင်းမရှိ။

"အမိရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ကျုပ်စိတ်မဝင်စားပါဘူး။ ဘာအကျိုးအမြတ်မှလဲ ကျုပ်မလိုချင်ဘူး"

"ဒါဆိုစောစောက ရဲသားတွေလာတုန်းကတော့ ဘာဖြစ်လို့"

ချစ်ချစ်သည် စကားဆက်ရန်မှာ ရှက်သွားလေသည်။

"ဒါကတော့ အမိကိုသနားလို့ ခရီးသွားဖော်အဖြစ် ကူညီတာပါ"

"ဟုတ်မှလဲ လုပ်ပါလေ၊ ခုနေ ကျွန်မကိုဖမ်းပေးရင် သုံးထောင်ထဲရမှာမို့လို့ ကြိုးရှည်ရှည်နဲ့ ဆွဲထားတာမဟုတ်လား"

နှစ်ယောက်သား ရယ်ပစ်လိုက်ကြသည်။ သည်စကားသည် အတည်ပေါက်ဖြစ်သည်ဟု နှစ်ယောက်စလုံးက အဖြစ်မခံလိုကြချေ။



ည်သို့ပင်ရှိစေ၊ ချစ်ချစ်သည် တစ်နေရာရာကို ရောက်လျှင်တော့ ကိုရှုပါကို မျက်ခြည်ပြတ်ရမည် ဆုံးဖြတ်ထားလိုက်သည်။ သူက ဆတနာရင်းနှင့် ကူညီတာဆိုလျှင်လည်း နောင် မိမိကိစ္စတွေရှင်းမှ ချကိုဆက်သွယ် တောင်းပန်ရပေတော့မည်။

"မင်းကို တောင်းပန်ရဦးမယ်"

"ဘာအတွက်လဲ"

"စောစောက ရဲသားတွေကို လိမ်လိုက်ရတဲ့ကိစ္စ၊ ဒီအတွက် င်သဘောပေါက်တယ်မို့လား"

ချစ်ချစ်ပြန်မဖြေပါ။ စဉ်းစားကြည့်ပါ၏။ မည်သို့ ပြန်ဖြေရ ည်နည်း။ ကိုရှုပါက ရဲသားတို့ကို "ဒါ ကျွန်တော်ဇနီးပါ"ဟု ပြောခဲ့သည်။ ည်စကားအတွက် သူက အခု တောင်းပန်နေသည်။

"မကျေနပ်ဘူး"ဟုပြောလျှင်လည်း သူ့စေတနာကို စော်ကားကျမည်။ "ကိစ္စမရှိပါဘူး"ဟု ပြောပြန်လျှင်လည်း ကိုရှုပါ၏ ားအပေါ် ကျေနပ်လက်ခံရာကျမည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

(၈)

တောင်တွင်းကြီးသို့ ရောက်သည်အထိ ဘာမျှနောက်ထပ် မထူးခြားတော့ချေ။ ရယ်စရာမောစရာများပြောဆိုပြီး ခရီးဆက်လာခဲ့သည်။

လမ်းမှာ တစ်ယောက်တပြန်မုန့်ပဲသွားရည်စာ ဝယ်ကျွေးကြခြင်းတို့၊ ဘာတို့ လုပ်ခဲ့ကြမည်ကို သိနိုင်ပါသည်။

"ကျုပ်သိသားပဲ"

"ဘာကိုလဲ"

"အမိကိုစွကို"

"ဘယ်တုန်းက သိတာလဲ"

"အင်းမတုန်းကတည်းက"

"အင်းမ . . . ဟုတ်လား"



"အင်းလေ၊ ပြည်မရောက်ခင်လမ်းမှာ ရပ်တဲ့နေရာပေါ့၊ အမိဖို့တောင် ကြက်သားကြော်နှစ်ခု ဝယ်ခဲ့သေးတာပဲ"

"ဘယ်လိုလုပ်သိလဲ"

"အဲဒီကတည်းက သတင်းစာထဲ ပါတာပဲ"

ကိုရှုပါသည် အင်းမတွင်တုန်းက ဈေးဆိုင်မှ တောင်းခဲ့သည့် ...တယောင်သတင်းစာကို တိုက်ပုံအင်္ကျီထဲမှ ထုတ်ပြလိုက်သည်။

ချစ်ချစ်စဉ်းစားသည်။ သူ့ကို ယုံသည်၊ မယုံသည်အပထားပြီး ...ယ့်ဘက်ကတော့ လုံအောင်နေဖို့ အရေးကြီးသည်။

ပြီးတော့ သူ့ကို ကိုယ်က အယုံသွင်းဖို့လည်း လိုသေးသည်။ ...နိုင်သမျှ လူယုံတစ်ယောက်လိုဆက်ဆံပြီး လိုအပ်သလောက်ဖွင့်ဟ ...သင့်သည်။

ဒါမှ သူကိုယ့်ကိုယုံမည်။ သူက ကိုယ့်ကိုယုံသည် ဆိုသော ... သူ့ကို လိုအပ်သလိုအသုံးချမည်။ ကိုယ့်ဘက်ကတော့ တတ်နိုင် ... သူ့ကို မယုံသင့်။ ဤသို့ ချစ်ချစ်နားလည်ထားသည်။

"ရှင့်နာမည်က တကယ်ဘဲ ကိုကိုလား ဟုတ်လား"

"ဟုတ်တယ်။ ငယ်နာမည်။ ကျုပ်က တနင်္လာသားလေ။ ...င် ရွာကဆရာတော်က မောင်ကိုကိုလို့ မှည့်ထားပါ"

"ရှင့်နာမည်က တင်စီးလိုက်တာ။ ဘယ်လိုခေါ်ရမှန်းတောင် ..."

"ကိုကိုလို့ပဲ ခေါ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အို. . ."

"ဘာဖြစ်လို့လဲ၊ ကိုကိုခေါ်တာဟာ၊ အင်မတန်ယဉ်ကျေး
ရာကောင်းတဲ့ သဘောဘဲ။ မင်း ကျုပ်ထက် အသက်လဲငယ်ပုံရတယ်

"ဟီဟိ. . .ငယ်ပုံရတယ်တွေ ဘာတွေလုပ်မနေပါနဲ့
ကျွန်မထက် အသက်ကြီးတာ သေချာပါတယ်"

"ဟုတ်ပါပြီ၊ ဒါကြောင့် ပြောတာပါ။ ကျုပ်ကို ကိုကို
ခေါ်တာဟာ မြန်မာ့ယဉ်ကျေးမှုအရလဲ သင့်လျော်ပါတယ်လေ"

"မခေါ်ရသေးပါဘူး"

"အေးလေ၊ ခေါ်ရတဲ့အချိန်ကျမှ ခေါ်ပေါ့ဟုတ်လား"

"အို. . .ရှေ့လျှောက် သိပ်ပြီးတွေကြစရာ အကြောင်း
မရှိတော့ဘဲနဲ့"

"ဟော. . .ဒီစကားပြောပြန်ပြီလား။ ပြည်မရောက်ခင်က
ဒီလိုစကားမျိုး ပြောပြီး ထပ်တွေ့ကြရတာ မှတ်မိသေးရဲ့လား။
ကျုပ်ကို နောက်ထပ်မတွေ့ချင်ဘူးဆိုရင် ဒီစကားမျိုးမပြောနဲ့
ကြားလား။ ကျုပ်က ဘုန်းရှင် ကံရှင်နော်. . ."

"ကောင်းပါပြီရှင်။ ဒါဖြင့် ရှင်နဲ့အစဉ်အမြဲ တွေ့ခုံနေရပါ

"အိမ်း. . .တောင်းတဲ့ဆုနဲ့ ပြည့်ပါစေဗျား"

ရယ်မိကြလေသည်။ ရင်းနှီးမှုက ပိုလာသောအခါ သ
ရန်မှကင်းသောစိတ်က တဖြည်းဖြည်း လျော့ရိလျော့ရဲ ဖြစ်လာပါ
ကိုရှုပါကို မယုံကြည်မှုအတိုင်းနေနိုင်ရန် ကြိုးစားရသည်မှာ ပင်
လှသည်။



"တစ်ခုတော့ရှိတယ်။ ပြောမယ့်သာ ပြောနေရတာ တကယ်
ဘမ်း ခေါ်ရခက်တာက မင်းရဲ့နာမည်"

"ဘာဖြစ်လို့လဲ"

"မင်းပဲ ယောက်ျားတစ်ယောက်နေရာဝင်ပြီး မင်းနာမည်ကို
ခေါ်ကြည့်ပါလား။ ဘယ်လောက်အသည်းယားစရာကောင်းသလဲလို့"

"အောင်မယ်. . . သူကပဲ ပြောရတယ်ရှိသေး"

"အင်းလေ၊ မင်းစဉ်းစားကြည့်ပါလား။ ယောက်ျား
တစ်ယောက်အနေနဲ့ ဘယ်လောက်ဂုဏ်ငယ်သလဲ"

အမယ်. . .မယ်"

ချစ်ချစ်သည် ကိုရှုပါကို ခွဲဆိတ်ချင်မိသွား၏။ ကျောင်းတုန်း
က သူငယ်ချင်း တွေသာဆို ပေါင်တွင်းကြော မြတ်ပြီမှတ်။

သို့သော် ကိုရှုပါသည် ခွဲဆိတ်ချင်စရာကောင်းသော
ယောက်ျားမြတ်တစ်ယောက်ကား သေချာသည်။ မိန်းမငယ်တို့သည်
သူတို့အပေါ်သို့ ပြန်လည်ချေပနိုင်စွမ်းမရှိအောင် နောက်ပြောင် ကျီစယ်
တတ်သော(အထက်စီးနင်းမဟုတ်)ယောက်ျားတို့ကို ခွဲဆိတ်ချင်
တတ်ကြ၏။ ဆိုလိုသည်မှာ အထက်တန်းကျကျဟာသအဖြစ် ပြောဆို
နိုင်သော ယောက်ျားများကိုသာ ဖြစ်ပါသည်။

ခွဲဆိတ်ခြင်း၏ နောက်ကွယ်၌ယုံကြည်ကိုးစားခြင်း၊ ခံတွင်း
တွေ့ခြင်းတို့ကို ပူးကပ်ပါလာတတ်ပါသည်။ ဤသို့ ခွဲဆိတ်ခံရပြီဆိုလျှင်
နင်းသက်စွာခံယူသင့်ပါသည်။ (စာရေးသူ)

"ဒါပေမယ့် သဘောကိုပြောတာပါ။ တကယ်တမ်းကျတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကလဲ ဒီလောက်အပရိကကိစ္စလေးကို ခေါင်းထဲထည့်မထားနိုင်ပါဘူး။ ဂဏ်ငယ်တယ်လို့လဲမထင်ပါဘူး။ နာမည်ခေါ်တာဟာ ထူးခြန်းတဲ့ကိစ္စမှ မဟုတ်ဘဲ"

ချစ်ချစ်သည် ဆွဲဆိတ်ချင်လွန်းသဖြင့် လက်တပြင်ပြင်ဖြစ်နေ၏။ ပြီးတော့ ကိုရှုပါ၏ အပြစ်ကင်းစင်သောကျီစယ်မှုကို သဘောကျမိပါသည်။

"ဒီတော့ မင်းဘာမှ အားမငယ်နဲ့ဟုတ်လား"

"ရီးတီးယားတား တော့ မလုပ်နဲ့နော်"

ချစ်ချစ်က မျက်နှာထားဖြင့် ပြောသောအခါ ကိုရှုပါ သဘောကျရသည်။ ချစ်ချစ်၏ ဘာမထီသောအကျင့်သည် နှစ်သက်ဖွယ်ကောင်းသည်။ သို့သော် တကယ်စိတ်ဆိုးမာန်ဆိုးတော့ မဟုတ်မှန်းကိုရှုပါသိသည်။

"အဲ့သလို လူကြီးကိုပစ်မှားရင် မင်း ငရဲကြီးလိမ့်မယ်။ ပြီးတော့ ကျုပ်က ရည်းစားစကားပြောရလောက်အောင်လဲ မင်းက မလုပါဘူး"

နည်းနည်းတော့ ကွဲမြီးတိုသွား၏။ ချစ်ချစ်သည် သူ့လက်ချောင်းကလေးများကို ယှာင်ပြီး ငုံ့ကြည့်မိသည်။ သူ့လက်ကလေးတွေ အလွန်လှသည့်အကြောင်းကို ကျောင်းတုန်းက ကျောင်းသားတစ်ယောက်၏ ရည်းစားစာတွင် ဖတ်ရဖူးသည်။

"စိတ်မဆိုးနဲ့နော်၊ ကျုပ်က ဒီလိုဘဲ စကားပြောတတ်လို့



စိတ်မဆိုးသော်လည်း ယောက်ျားတစ်ယောက်က မလှပါဟုအပြောခံရသဖြင့် မိန်းကလေးပီသစွာပင် နည်းနည်းတော့ အခံရခက်သည်။

"ပြီးတော့ မနက်အိပ်ရာက နိုးနိုးချင်း မျက်နှာမသစ်တဲ့ မိန်းကလေးတွေကို ကျုပ်က ကြိုက်တာမှတ်ဘူး"

"ရှင့်ကို ဘယ်သူကကော ကြိုက်ပါပြောနေလို့လဲ"

"ဟုတ်ပါတယ်၊ ကြိုက်ပါ ပြောတဲ့တိုင်အောင် မကြိုက်ပါဘူးလို့ စကားပြောနေတာပါဗျ ဟဲ . . . ဟဲ . . ."

"ဒါဖြင့်လဲ ရှင့်သိက္ခာမထိခိုက်ရအောင် ကျွန်မနာမည်ကို မခေါ်ဘဲနေပေါ့"

"ကိစ္စမရှိပါဘူး၊ ရပါတယ် ခေါ်ပါ့မယ်"

"ဟင်အင်း . . . မခေါ်နဲ့ ကျွန်မမကြိုက်ဘူး"

"မင်းနာမည် မင်းမကြိုက်ဘူးလား၊ မိဘကပေးထားတဲ့ အလှဆိုတာ ယူကောင်းပါတယ် မိန်းကလေးရယ်"

"ရှင်ခေါ်တာကို မကြိုက်တာ"

"ဒါတော့ ဆောရီးဘဲအပိ၊ ကျုပ်က ရိုးရိုးသားသားစိတ်နဲ့ ခေါ်မှာ၊ အမိဖာသာ မကြိုက်ရင်လည်း မထူးရုံရှိတာပဲ"

"ကောင်းပြီ၊ ရှင်နာမည်ခေါ်ရင် ကျွန်မမထူးဘူး"

"စိမ်လိုက်"

ကိုရှုပါသည် ဘာမှဆက်မပြောတော့ဘဲ လမ်းဘေးသို့သွား

www.burmeseclassic.com

www.burmeseclassic.com



ငေးနေလိုက်တော့သည်။ အထက်ပိုင်းသို့ ရောက်လာသည့်အတွက် မြေပြင်သည် နိတိတီနိုင်သည်။ စိမ်းစိုမှုများ လျော့ပါးလားသည်။ နေမြင့်လာသည်နှင့်အညီ ဖိုက်စပ်စပ်ကလည်းဖြစ်လာရသည်။ ချစ်ချစ်သည်လည်း ကိုရှုပါနည်းတူ ငေးချင်ရာငေးနေသည်။

ခုအခါ ချစ်ချစ်စိတ်၌ အလွန်စိုးရိမ်မှု၊ အလွန်ပျော်ရွှင်မှုစသော စိတ်လှုပ်ရှားမှုပြင်းပြင်းထန်ထန်မရှိချေ။ ဖေဖေ့ကို လွမ်းလှသည်လည်း မဟုတ်၊ တစ်ခါတစ်ခါ သတိရရုံသည် ရှိပါသည်။ သူ့ခရီးအတွက်လည်း သိပ်ပြီးပူပန်သောကမရှိ။

ဟုတ်သားပဲ။ သူ့ခရီးသည် ဘာများထူးခြားပါသနည်း။ ရာဇဝတ်ဘေးနှင့် ပြေးနေရသည့် အဖြစ်မျိုးလည်း မဟုတ်။ ရည်းစားနှင့် နိုးရာလိုက်ပြေးခြင်းလည်း မဟုတ်၊ သူပြန်ချင်သော အချိန်ပြန်လို့ရပြီး သူ့ကို တစ်စုံတစ်ယောက်က ဖမ်းမိသွားလို့လဲ ဘာမှအပြစ်ဖြစ်စရာမရှိ။

သို့သော် လူယုတ်မာများကိုကား ချစ်ချစ် လေးနက်စွာ ထည့်မစဉ်းစားမိချေ။

သူသည် သူ့ကိုသူယုံသည်။ သူ၌ အန္တရာယ်မရှိ။

"ဟင်း…ပိုရှေ့က လက်တားနေတာ ရဲသားတွေမဟုတ်လားဟင် ချစ်ချစ်"

ချစ်ချစ်သည် ကားရှေ့သို့ ပြာပြာသလဲ ကြည့်လိုက်သည်။ သို့သော် ကားရှေ့တွင် ဘာမှမရှိ။

ချစ်ချစ်သည် ကိုရှုပါကို လှည့်ကြည့်သည်။ ကိုရှုပါက ပြုံးပြုံးကြီး လုပ်နေသည်။



"ဟင်း…လူလည်ကြီး"

ချစ်ချစ်သဘောပေါက်သွားသည်။ ကိုရှုပါအလစ်ခေါ်သော …ည်ကို ချစ်ချစ်က လက်ခံနာယူမိသည်မဟုတ်လား။

တကယ်တော့ လူသည် ကိုယ့်အမည်ကို မေ့ပစ်၍မရပါ။

× × ×

မကွေးရောက်တော့ ကားက တော်တော်ကြာကြာ နားသည်။ …ပါ ကားပေါ်မှဆင်းသည်။

"ဒီမယ် အောက်ကို တတ်နိုင်သမျှမဆင်းနဲ့၊ ဒါကမြို့ကြီး။ …ကို မှတ်မိသွားရင် မလွယ်ဘူး။ တတ်နိုင်သမျှ လူမမြင်အောင်နေ။ …ရှင်မင်းသမီးလိုနေ"

"ရှင်ဘယ်မှာလဲ"

"ကျုပ်မိတ်ဆွေဆီ ခဏသွားမလို့ မကြာပါဘူး။ ပြီးတော့ …နေထဲဝင်ပြီး မင်းကိုတွေ့ထားပြီဆိုတာ အကြောင်းကြားမယ် …လား"

ကိုရှုပါသည် ရယ်ရယ်မောမော ထွက်သွားသည်။ ကိုရှုပါ …ပြောင်သွားမှန်းကိုတော့ ချစ်ချစ် အကြွေးမဲ့ယုံသည်။ သို့သော် …စိတ်ကူးရသည်။ ခုနေခါ ကားပေါ်ကဆင်းနေခဲ့ပြီး သူ့ကို …ည်ဖြတ်ရလျှင် အနေတော်ဖြစ်လိမ့်မည်။

ကိုရှုပါသည် မကွေးညိုစိမ့်ထံသို့ ထွက်ခဲ့သည်။ မကွေးညိုစိမ့် …ည် မောင်နှမစာပေဟူ၍ စာအုပ်ဆိုင်ဖွင့်ထားသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ပြဇာတ်လည်း ကသည်။ ကိုရှုပါရောက်သောအ[illegible] ကိုညိုစိမ့်မရှိ။ ထင်သည့်အတိုင်း မင်းဘူးဘက်ကမ်းသို့ ဇာတ်က[illegible] ထွက်သွားပြီ။

ကိုရှုပါပြန်လာခဲ့သည်။ လက်ဖက်ရည်ဝင်သောက်မ[illegible] စိတ်ကူးသော်လည်း ရင်ထဲက ဆာလောင်ခြင်းထက် စေတနာ[illegible] ပိုလာသည်။

ဘတ်(စ်)ကားရှိရာသွားပြီး ချစ်ချစ်ကိုမေးချင်သေးသည်[illegible] "ဘာဝယ်ပေးရမလဲ၊ ဘာစားချင်လဲ"စသဖြင့်။

"ဟင်··"

ကိုရှုပါအံ့အားသင့်ပြီ။ ချစ်ချစ်မရှိတော့။

"ဒီမှာ အဒေါ်··ဒီနားက ကလေးမရော ဘယ်ဆင်းသွား[illegible]

"ဟင်···မင်းတို့အတူ ဆင်းသွားကြတာမဟုတ်လာ[illegible] မင်းနောက်က သူလိုက်ဆင်းသွားတာဘဲ"

ကိုရှုပါသည် ကားပေါ်မှပြေးဆင်းပြီး အနီးအနားသို့ ကြ[illegible] တောင်းမျှောက်ရှာသည်။ လမ်းခုံလမ်းခွ ဖြစ်နေသဖြင့် ဘယ်လိုရှာ[illegible] လည်းမသိ။ ချွေးများပင် စို့လာသည်။ ရင်ထဲမှာလည်း မကောင်[illegible] စိတ်လည်းပူသည်။ ပြီးတော့ တစ်မျိုးကြီးလည်း ဖြစ်ရသည်။

ထိုအချိန်မှာပင် ဘတ်(စ်)ကားဆီမှ ခရီးဆက်မည်[illegible] အချက်ပေးသော ဟွန်းသံကြားရသည်။

ကိုရှုပါဘတ်(စ်)ကားဆီသို့ ပြန်ပြေးရပြန်သည်။ ပြေး[illegible]



လွှားရင်းပင် ဆုံးဖြတ်ချက်တစ်ခုလိုက်သည်။

ချစ်ချစ်သည် ဘယ်လိုမှ ရတ်တရက်မပြေးနိုင်။ သူ့ကို မကွေးမှာပင် ပြန်တွေ့နိုင်သည်။ ကိုရှုပါနေရစ်ခဲ့မည်။ ဘတ်(စ်)ကား ပေါ်တွင်ကျန်ရစ်သော သူ့လွယ်အိတ်များကို ပြန်ယူရန် ကားဆီသို့ ပြန်လာခဲ့သည်။

သူ့ဘာကြောင့် ချစ်ချစ်ပျောက်သွားသည်ကို စိတ်ပူမိမှန်း ပြန်တွေ့အောင် ကြိုးစားဖို့ဆုံးဖြတ်မိမှန်း သူ့ဖာသာပင်မသိချေ။

သူ့ကားပေါ်သို့ ရှူးရှူးရှားရှား ပြေးတက်လာချိန်၌ကား ချစ်ချစ်သည် သူ့ နေရာမှာသူထိုင်ပြီး ပဲကပ်ကြော်များကို တကြွပ်ကြွပ် ဝါးစားနေလေသည်။

ချစ်ချစ်ကိုမြင်မြင်ချင်း ကိုရှုပါသည် သူ့ကိုယ်သူ ကိုယ်ရှိန် သတ်ပြီး ချစ်ချစ်နံဘေးမှာ ခပ်တည်တည် ဝင်ထိုင်လိုက်၏။ သည်တော့ လည်း သူ့မျက်ရပြန်သည်။ တဆက်တည်းမှာပင် သူ၏စိတ်ပူပန်ခဲ့မှုကို ရှက်မိပြန်သည်။

ချစ်ချစ်က ဟန်မပျက်ပင်မေး၏။

"လိုက်ရှာနေတာ မဟုတ်လား"

"မရှာပါဘူး အနေသာကြီးပါ"

မညာနဲ့လေ··· ဒီအဒေါ်ကြီးပြောတယ်"

ကိုရှုပါသည် ရိုးသားစွာပင် ရယ်မောလိုက်ရတော့သည်။ သည်တော့လည်း ကိုရှုပါ၏ရယ်မောခြင်းသည် ဝန်ခံကြောင်းသိသာ

www.burmeseclassic.com

www.burmeseclassic.com



နေပြန်သည်။ သည်လိုရယ်မောပုံမျိုးကို ချစ်ချစ်သဘောကျသည်။

"ဒါလောက်လဲစိတ်မပူပါနဲ့လေ၊ ကဲ့ကဲ့ . . . ဒီလိုလုပ်ရအောင် ကျွန်မကို မန္တလေးထိ ရောက်အောင်သာ ရှင်က တာဝန်ယူပြီး စောင့်ရှောက်၊ ဟိုရောက်တော့မှ ကျွန်မကိုယ်တိုင် ကျွန်မကိုတွေ့ပြီး သတင်းပို့နိုင်သူဟာ ရှင်ပါဘဲလို့ ဖေဖေ့ဆီထောက်ခံစာ ရေးပေးမယ်၊ ဆုငွေ . . ."

"မင်းပါးစပ်ကိုပိတ်လိုက်၊ နောက်ထပ် ဒီစကားမျိုးပြောရင် ကျုပ်ခုချက်ချင်း ကားပေါ်က ဆင်းနေခဲ့မယ်"

"မတားပါဘူးတဲ့ရှင်၊ သဘောအတိုင်းပါဘဲ"

ကိုရှုပါသည် တခါတော့ တော်တော်နာသည်။ ဘာပြန်ပြောရမှန်းပင်မသိ။ သေချာတာတစ်ခုကတော့ ချစ်ချစ်အတွက်ထုတ်ပြန်ထားသော ဆုငွေကို သူမမျှော်လင့်ခြင်းသာဖြစ်သည်။ သည်အတွက် အပြောခံရလို့တော့ ဆတ်ဆတ်ထိမခံနိုင်ရှာပါ။ သို့ဖြစ်ပါလျှင် ချစ်ချစ်ကိုဘာလို့ မျက်စိအောက်က အပျောက်မခံနိုင်ဖြစ်နေပါသနည်း။ သူ့ကိုယ်သူ ကိုရှုပါ ဝိုးတဝါးသဘောပေါက်လိုက်သလို ရှိသွား၏။

ထိုအချိန် ကားစထွက်သည်။ ကိုရှုပါသည် ချစ်ချစ်ကိုလှည့်မကြည့်တော့ဘဲ နေလိုက်တော့သည်။ သူ့ရင်၌ နေမကောင်းဖြစ်ရသည်။

"ကိုကို"

ချစ်ချစ်က အလစ်ခေါ်လိုက်သောအခါ ယောင်ပြီးလှည့်ကြည့်မိသည်။ ချစ်ချစ်က စက္ကူဖြင့်ထုပ်ထားသော ပဲကပ်ကြော်နှစ်ခုကို လှမ်းပေးနေသည်။ သူ မယူ။



"ယောက်ျားဆိုတာ စိတ်မကောက်ရဘူး"

သူပြုံးသည်။ ချစ်ချစ်ကျွေးတာကို သူစားချင်သွားသည်။ ယူလိုက်သည်။ စားမည်ပြုပြီးမှ သတိရသည်။

"ဒါဘယ်လောက်ပေးရသလဲ"

"တခု တမတ်"

"ငါးမူးဖိုးပေါ့ အေး . . . မင်းကို ငါကျွေးခဲ့တဲ့ မုန့်လုံးကြီးက သုံးမတ်တန်၊ မင်းအပေါ် တမတ်အကြွေးရှိနေတယ်"

သူတို့သည် စိတ်ကောက်ပြေသွားသော ကလေးများပမာ ပဲကပ်ကြော်ကို အပြိုင်ဝါးစားနေကြတော့သည်။

"မင်းက ခုနက အကြော်ဆင်းဝယ်နေတာလား"

"မှတ်ဘူး ရှင့်ကိုမယုံလို့ ထွက်ပြေးဖို့ကြိုးစားတာ"

နောက်သလိုလိုပြောလိုက်သော်လည်း အမှန်က ချစ်ချစ် တကယ်ပင် ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

သူ့စိတ်ကူးက မကွေးမှာဆင်းနေခဲ့ပြီး တစ်နည်းနည်းဖြင့် မန္တလေးသို့ ပြေးရန်ဖြစ်ပါသည်။ သို့သော် သူ့စိတ်ကူးသည် ပေါ့ဆလှပါသည်။ တကယ်တမ်းကျတော့ မကွေးမှာ မည်သူမျှ အသိအကျွမ်းမရှိ။ ကျောင်း၌သိခဲ့ဖူးသော သူငယ်ချင်းတစ်ယောက် မကွေးကောလိပ်မှာ ဆရာမလုပ်နေခြင်းသာရှိသည်။ မသေချာ။ ပြီးတော့ ဆို့ကလည်း လွတ်နိုင်မည်မဟုတ်။

အဆိုဆုံးကတော့ သူကားပေါ်က ဆင်းဆင်းချင်း အနီးရှိ လက်ဖက်ရည်ဆိုင်ထဲမှ လူနှစ်ယောက်က သူ့ကို စူးစိုက်ကြည့်လိုက်

www.burmeseclassic.com



ခြင်း ပင်ဖြစ်သည်။ ပြီးတော့ ထိုလူနှစ်ယောက် သူ့နောက်သို့လိုက်လာသည်။ လိုက်လာမှန်းသေချာသည်။ သူသွားရာနောက်သို့သာ လိုက်နေသော်လည်း လိုက်မှန်းမသိအောင်နေမှန်းသိသာသည်။ ထို့ကြောင့် ကားဆီသို့ ပြန်ပြေးခဲ့ခြင်းဖြစ်သည်။

ထိုလူနှစ်ယောက်သည် ကားနားထိလိုက်လာပြီး ချစ်ချစ်ထိုင်နေသော ပြတင်းပေါက်အနီးတွင် ရစ်ဝဲရစ်ဝဲလုပ်နေသည်။

သည်တော့မှ ချစ်ချစ်ကသူတို့ ကြားလောက်အောင် စောစောကမိန်းမကြီးကို အသံမြှင့်မေးလိုက်ရသည်။

"ကျွန်မယောက်ျားရော အဒေါ်"

"ဟင်…သူလဲ ကလေးမပျောက်သွားလို့ ဆင်းရှာနေတယ်"

ထိုအချိန်တွင် ကိုရှုပ်ပြန်ရောက်လာခြင်းဖြစ်ပါသည်။ ကိုရှုပ်ကိုမြင်မှ စောစောကလူနှစ်ယောက် ပြန်ထွက်သွားကြသည်။ သည်အဖြစ်တို့ကို ကိုရှုပ်မသိလိုက်ပါ။

သို့သော် အချစ်ချစ်ကိုယ်တိုင် မသိလိုက်သော အကြောင်းတစ်ခုရှိပါသေးသည်။

အခြားမဟုတ်ပါ။ စောစောက လူနှစ်ယောက်သည် ချစ်ချစ်ကိုကောင်းစွာ မှတ်မိသိရှိသွားခြင်းဖြစ်သည်။ သူတို့သည် ရေနံချောင်းသူတို့အဖွဲ့ထံသို့ သူတို့ချင်းနားလည်သော စကားဝှက်တယ်လီဖုန်းဆက်လိုက်သည်။ ကားအမှတ်တယ်လောက်တွင် ပါလာသည်။ တစ်နည်းနည်းဖြင့် ချစ်ချစ်ကိုဖြတ်၍ ပြန်ပေးဆွဲရန်ဖြစ်ပါသည်။ သို့သော်



သူတို့သည် တော်တော်နှင့် တယ်လီဖုန်းလိုင်းမရဘဲဖြစ်နေသဖြင့် ချစ်ချစ်တို့ ဘတ်(စ်)ကား မကွေးသို့ ဝင်လာဆဲဆဲကျမှ သူတို့ချင်းအဆက်အသွယ်ရလေသည်။

ညနေရာတွင် ပြောပြရန်လိုသည်မှာ ပြည်သူ့ရဲတို့ကလည်း ချစ်ချစ်ကိုရှာတော့ရှာပါသည်။ ရိုစီငြိမ်း၏ အစီအစဉ်ဖြင့် သိုးကာသီကာကလေးများကြောင့် ချစ်ချစ်ကိုရှာမတွေ့ဘဲ ဖြစ်နေရခြင်းဖြစ်ပါသည်။

သည်အချင်းအရာများကို ကိုရှုပ်တို့မသိချေ။ သူတို့သည် တစ်ယောက်ကို တစ်ယောက် ကျီစယ်ရင်း ပျော်ရွှင်နေကြလေသည်။

"နို့နေစမ်းပါဦး။ မင်းကျုပ်ကို ခုနဘယ်လိုခေါ်လိုက်တယ်"

"မေ့သွားပြီ"

"အေး…အဲသလိုဘဲ ဆက်ခေါ်ပေါ့"

"မခေါ်နိုင်ပါဘူး ခုနက ခေါ်တာက ရှင် ကျွန်မနာမည်တစ် ခေါ်ခဲ့တာကို လက်စားချေတာ…"

"ဒါဖြင့် ကျုပ်က တစ်ခါခေါ်တိုင်း တစ်ခါလက်စားချေမှာပေါ့ဟုတ်လား"

သူတို့ ကံကောင်းနေသော အချက်တစ်ချက်ရှိပါသေးသည်။ ယာဉ်ခရီးတွင်ပါဝင်သော ခရီးသည်များမှာ ကိုယ့်ကိစ္စနှင့်ကိုယ် အလုပ်များနေသူများဖြစ်သဖြင့် လူပျောက်ကြော်ငြာသတင်းစာနှင့်ပတ်သက်၍

www.burmeseclassic.com



စိတ်ဝင်တစားရှိလွန်းသူ မပါဝင်ခြင်းဖြစ်သည်။ သို့မဟုတ် ဆံပင် ဖားလျားချပြီး နေကာမျက်မှန်အကြီးကြီး တပ်ထားသော ချစ်ချစ်၏ ရုပ်ဖျက်ကောင်းမှုကြောင့်လည်း ဖြစ်နိုင်သည်။

× × ×

ကံများကလည်း ကောင်းချင်ပြီဆိုတော့ ဆက်တိုက်ကောင်း တတ်သည်။ စောစောက လူမသမာများသည် သူတို့အချင်းအဆက် အသွယ်ရသောအခါ တဆက်တည်းမှာပင် ရေနံချောင်းရဲသို့ အကြောင်း ကြားလိုက်သည်။ မနက်က မကွေးမှထွက်လာသော ဘတ်(စ်)ကားပေါ် တွင် ရုပ်ရှည်သန့်ပြန့်ပြီး လူပျောက်ကြော်ငြာပါ မိန်းကလေးဟုထင် သော မိန်းကလေးတယောက်ပါသွားသည်ကို တွေ့ရကြောင်း တာဝန် ပြည်သူတစ်ယောက်ပမာ တယ်လီဖုန်းဆက်သည်။

သူဆက်သောအချိန်တွင် သူပြောသောဘတ်(စ်)ကားသည် မိတ္ထီလာသို့ ရောက်နေလောက်ပြီ။ သဘောကတော့ သူတို့ကိစ္စ အနိုင် လုပ်၍ ရအောင် လမ်းလွှဲပေးလိုက်ခြင်း ဖြစ်သည်။ သည်အတွက် ချစ်ချစ်တို့လည်း ကံကောင်းသွားသည်ဟု ဆိုရမည်။

သည်ထက် ကံကောင်းသည့်အချက်မှာ ရေနံချောင်းအဝင် တွင် ချစ်ချစ်တို့စီးလာသော ဘတ်(စ်)ကား လုံးဝသွားမရတော့အောင် ပျက်စီးသွားခြင်းဖြစ်သည်။ ထို့ကြောင့် ခရီးသည်များကို ရေနံချောင်း သူတို့ကားလိုင်းမှ ကားတစ်စီးနှင့် ပြောင်းပေးပြီး ခရီးဆက်စေသည်။ သူတို့ကားပေါ်တွင် ရေနံချောင်းခရီးသည်ပါသော်လည်း ထိုသူတို့



ကားပျက်သောနေရာမှာပင် ဆင်းသွားသဖြင့် ကားဂိတ်သို့ဝင်စရာ မလို တော့ပေ။

ထိုအချိန်တွင် ရေနံချောင်းကားဂိတ်အနီးတွင် လူတစ်စု စောင့်နေကြသည်။ မကွေးမှလူနှစ်ယောက်၏ အဖွဲ့ဖြစ်သည်။ သူတို့သည် ဤသို့စီစဉ်ထားသည်။ သူတို့သိထားသော ကားနံပါတ်ဝင်လာလျှင် ချစ်ချစ်ကိုရှာမည်။ တာဝန်ရှိသူ အယောင်ဆောင်၍ ချစ်ချစ်ကိုဖမ်းမည်။ လိုအပ်လျှင် ကိုရှုပါကို ဖမ်းမည်။ တစ်နေရာမှာဝှက်ပြီး ဦးရွှေအိုးထံမှ ငွေညှစ်မည်။

သို့သော် သူတို့စောင့်နေသော ကားမှာ လုံးဝပေါ်မလာတော့ နောက် ကားဂိတ်မှာ မသိမသာစုံစမ်းတော့ မြို့ဝင်မှာ ကားပျက် နေပြီ။

သူတို့မြို့ပြင်သို့ အပြေးအလွှားလိုက်ကြသည်။ ကားပျက်ကို ကောင်းမဲ့စွာ တွေ့ရသည်။ ထိုအချိန်တွင် ချစ်ချစ်တို့ကို ပြောင်းတင် ပေးလိုက်သောကားသည် မြို့မှထွက်လာသည်မှာ နှစ်နာရီလောက် ရှိသွားလေပြီ။

သူတို့သည် ဂျစ်ကားတစ်စီးဖြင့် နောက်ကလိုက်ကြသေး သည်။

တောင်ကျောတစ်ခုအတွင်းတွင် သူတို့ဂျစ်ကား ရုပ်ကျိုး သည်။ ဘယ်လိုမှ သွားမရနိုင်တော့ပါ။

ကဲ… ချစ်ချစ်တို့များ ကံကောင်းချင်ပြီဆိုတော့ သည်အတိုင်း ကံကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းတတ်သော လူသည် မွေးကတည်းက ကံကောင်းတတ်သည်ကို မည်သူငြင်းမည်နည်း။

ကျောက်ပန်းတောင်းရောက်သောအခါ မိုးချုပ်စပြုပြီ။ ကားတစ်စီးကလည်း ပျက်ခဲ့သဖြင့် သူတို့ဘတ်(စ်)ကားသည် လူကျပ်နေသည်။ သို့သော် ညသည် အေးမြသည်၊ နေသာသည်။

အလယ်ကောင်ခုံတန်းတွေပါ လူပြည့်နေသဖြင့် ကိုရှုပါသည် ချစ်ချစ်ဘက်သို့ ကပ်၍ ထိုင်ရသည်။ လူကျပ်သည်ကို ပို၍ပင် သဘောကျနေသည်။

သည်ညသည် ကိုရှုပါအဖို့တော့ ပို၍အေးမြပါသည်။ ခဏကြာသောအခါ ချစ်ချစ်သည် ကလေးငယ်တစ်ယောက်ပမာ ကိုရှုပါ၏ ပခုံးပေါ်မှာ ခေါင်းခွေကျပြီး အိပ်ပျော်သွားတော့သည်။

ကျောက်ပန်းတောင်းမှ မိတ္ထီလာအကူးတွင် ဘာမှုထူးခြားမှု မရှိ။ ကိုရှုပါ ရင်ခုန်ခြင်းလောက်သာရှိသည်။

သို့သော် မိတ္ထီလာအဝင်တွင် ရှာဖွေရေးများ ရောက်ရှိနေကြောင်းကိုကား သူတို့မသိချေ။

× × ×

(၉)

သို့သော် မိတ္ထီလာအဝင်မှ ရှာဖွေရေးက ချစ်ချစ်တို့ကိစ္စကို စိတ်ဝင်စားလှသည် မဟုတ်။ သူတို့က သူတို့ကိစ္စနှင့်သူတို့။ ပြီးတော့ ားတဲ့သတင်းကလည်း ချစ်ချစ်သည် နေ့လယ်ကတည်းက မိတ္ထီလာ ကျော်သွားပြီဟု။

သည်တော့ ချစ်ချစ်ကိစ္စက မိတ္ထီလာမှာ သွေးအေးနေပြီ။ ည်ကတော့ ရှာသည်ပင်။ ချစ်ချစ်ကိစ္စက မန္တလေးတစ်ဝိုက်မှာသာ လှုပ်ရှားရှား ဖြစ်နေသည်။

× × ×

ရှာဖွေရေးဆိုတော့ စေ့စေ့စပ်စပ် ကြည့်ရသည်။ မြို့အဝင် ကားတွေတန်းစီနေသည်။ ကုန်တင်ကားတွေရော၊ ကိုယ်ပိုင်ကား ရော တော်တော်များသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ်စိတ်ပူရသူမှာ ကိုရှုပါဖြစ်လေသည်။ သူသည် မြို့အဝင်တွင် ကားတွေတန်းစီရပ်ကတည်းက ရှာဖွေရေးမှန်းသိလိုက်သည်။ တဆက်တည်းမှာပင် သည်တစ်ချီတော့ ပြေးပေါက်ပိတ်ပြီ နားလည်လိုက်သည်။ ချစ်ချစ်ကို မိသွားကြပြီဆိုလျှင် သူကတော့ အနေသာကြီးပင်ဖြစ်ပါသည်။ သို့သော် သူမနေသာချင်ပါ။ သူသည် ချစ်ချစ်၌ သံယောဇဉ်တွယ်မိနေပြီ။ သည်အတွက် သူမှာ အန္တရာယ်ကြီးပါသည်။ ချစ်ချစ်ကို သံယောဇဉ် မဖြတ်နိုင်လျှင် သူ၌ အန္တရာယ် မကင်းနိုင်ပါ။

ဆိုပါစို့။ ချစ်ချစ်ကိုတွေ့သွားကြပြီ။ တာဝန်ရှိသလို ခေါ်ဆောင်သွားကြမည်။ သူ ဒီအတိုင်း မသိကျိုးကျွန်ပြုနေရပေမည်။ သည်သူမနေနိုင်ပါ။ မနေနိုင်လျှင် သူ့ကိုအမှုပတ်တော့မည်ကေန်။

သူသည် တာဝန်သိလုပ်သားပြည်သူတစ်ယောက် မဖြစ်တော့ချေ။ ဆုငွေကိုလည်း မျှော်လင့်သူ မဟုတ်ပြန်ရာ သူသည် ကြံရာပါဖြစ်ပေတော့မည်။

သည်အတွက် စိတ်လှုပ်ရှားရသည်မှာ သိပ်မထောင်းလှပါ။ သည်လိုအတူအဖမ်းခံရတော့လည်း ချစ်ချစ်နှင့်သူက တစ်ထောင်စီ သွားကြရမည်သာ။

ကိုရှုပါ ချစ်ချစ်ကို လှုပ်နှိုးလိုက်သည်။

"ချစ်ချစ် ချစ်ချစ်"

ချစ်ချစ်က နိုးသွားသော်လည်း တစ်စုံတစ်ရာကို သတိသလို မထူးချေ။ အိပ်ချင်ယောင်သာ ဆောင်နေသည်။ ထိုတစ်စုံတစ်



သည် အခြားတစ်စုံတစ်ရာ မဟုတ်ပါ။ သူ့အမည်ရင်းကို ကိုရှုပါခေါ်သည့်အတွက် တမင်သက်သက်မထူးဘဲနေခြင်းဖြစ်သည်။ မိန်းကလေးတို့သည် တစ်ခါတစ်ရံ အိပ်မှုံစုံမွှားဖြင့် ကျီစားတတ်သည်တကား။

"ဟေ့ ချစ်ချစ် ထစမ်းပါဦး"

ချစ်ချစ်က မထူး။ သို့သော် ပြုံး၏။ ပြုံးသည်မှ ကိုရှုပါ သိအောင် တမင်ပြုံးခြင်းဖြစ်သည်။ အဘယ့်ကြောင့် သိသာအောင် ပြုံးရသနည်းဆိုသော် ကိုရှုပါကို သူကျီစားနေကြောင်း သိသာအောင် ပင်ဖြစ်သည်။

မိန်းမတို့၏ သဘောသည် ကျီစားသောအခါ ကျီစားကြောင်း သိအောင် ပြုတတ်ကြ၏။ အဘယ့်ကြောင့်ဆိုသော် ကျီစားမှန်းမသိလျှင် သူတို့ကို စိတ်ဆိုးသွားမှာ ကြောက်သောကြောင့် ဖြစ်ပါသည်။ သူတို့၏ သတ္တိတစ်မျိုးပင် ဖြစ်ပါသည်။

ချစ်ချစ်နောက်နေမှန်းသိသောအခါမှ ကိုရှုပါက ချစ်ချစ်၏ နား အနီးကပ်ပြီး တိုးတိုးပြောလိုက်သည်။

"ဟေ့ . . . ရှေ့မှာရှာဖွေရေး"

ချစ်ချစ် လူးလွန့်ထလိုက်သည်။ တကယ့်ရှာဖွေရေးမှန်း သိသောအခါ သူထိတ်လန့်ရပြီ။

"ဘယ်နဲ့လုပ်မလဲ"

"ဒါ မင်းစဉ်းစားရမှာဘဲ"

"ကျွန်မကြောက်တယ်"

"ဒါပေမယ့် သူတို့တွေ့သွားရင်လည်း မင်းကိုတော့ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ကြပါဘူး"

"ဒါပေမယ့် ကျွန်မအတွေ့မခံနိုင်ဘူး"

"ဒါဆိုလဲ ပြေးတော့ပေါ့"

"ဟင်···ကျွန်မတစ်ယောက်ထဲ "

"ဒါပေါ့၊ ကျုပ်ပါ ပြေးရအောင် ကျုပ်နဲ့ ဘာဆိုင်လို့တုန်း"

ချစ်ချစ်သည် ဘာကြောင့်မှန်းမသိ ဝမ်းနည်းမိ၏။ မျက်ရည်လည်း ချက်ချင်းဝေ့ကျလာပါသည်။ ကိုရှုပ်ပါသည် ချစ်ချစ်ကို အကြီးအကျယ်သနားမိပါသည်။

သူတို့ကားရှေ့က လေးငါးစီးကျော်တွင် လက်နှိပ်မီးရောင်များ ဝေ့နေကြသည်။ ချစ်ချစ်သည် ချီတုံချတုံ ဖြစ်နေသည်။ ရင်ခုန်ခြင်းနှင့် အေးစက်စက်နိုင်သော ကိုရှုပ်ကို ဒေါသဖြစ်ခြင်းတို့ ရောယှက်နေသည်။

"ကျွန်မကြောက်တယ်"

"အေးလေ၊ မင်းက ကြောက်စရာကောင်းတဲ့ အလုပ်ကိုမှ ရွေးလုပ်ခဲ့တာကိုး"

ချစ်ချစ်သည် ငယ်စိတ်ကလေးပြန်ဝင်လာသည်။ နေရာမှ ဆတ်ကနဲထရပ်လိုက်သည်။

"ကဲ··· ဖယ်"

"ဒါက ဘယ်တုန်း"

"ရှင်နဲ့ ဘာဆိုင်လဲ"

"အေးလေ၊ ဟုတ်သားဘဲ"



ချစ်ချစ်ကို ကိုရှုပ် လမ်းဖယ်ပေးလိုက်သည်။

ချစ်ချစ်သည် ကားပေါ်မှ ဆင်းသွားလေသည်။ ကိုရှုပ်သည် ဘာမှမဆိုင်တော့သလို ဟန်ဆောင်နေသေး၏။ နောက်မှ သူပါလိုက်ဆင်းသွား၏။

ချစ်ချစ်ဟန်မပျက်ပင် ကားများဘေးမှ ဖြတ်လျှောက်လာသည်။ သူနည်းတူ လမ်းလျှောက်သွားနေကြသူများလည်း ရှိကြသည်။ ချစ်ချစ်သည် မိန်းမတယောက်နှင့် ကပ်လျက်လျှောက်လာသည်။

တကယ့်တော့ ရှာဖွေရေးက အရေးကြီးသော ကုန်ပစ္စည်းတို့ ရှာနေခြင်းဖြစ်သည်။ အထူးသဖြင့် ကုန်တင်ကားတွေကို ပိုဂရုစိုက်သည်။ သည်အတွက် လမ်းလျှောက်သွားနေသူများကို သိပ်ဂရုမစိုက်ချေ။ သူတို့ရှာဖွေနေသောပစ္စည်းမှာ ကြီးကြီးမားမားပစ္စည်းများ ဖြစ်ဟန်တူပါသည်။

ကိုရှုပ်သည် ချစ်ချစ်နောက် ခပ်လှမ်းလှမ်းမှ မသိမသာ လိုက်ပါခဲ့လေသည်။ သူတို့ကို လွယ်အိတ်များ စစ်ဆေးရုံမှတပါး ထူးထူးခြားခြား မစစ်ဆေးချေ။ သက်ဆိုင်ရာတို့အဖို့ အလွန်အရေးကြီးသောပစ္စည်းများကို ရှာဖွေနေချိန်တွင် ချစ်ချစ်ကိစ္စသည် အသေးအဖွဲမျှသာဖြစ်လေသည်။

ချစ်ချစ်၏အိတ်ကို စစ်ဆေးနေချိန် ကိုရှုပ်ပါသည် ခပ်လှမ်းလှမ်းကြည့်ရင်း စိတ်ပူနေလေသည်။ ချစ်ချစ်ကတော့မှ ဖြစ်ချင်ရာဖြစ်စေဟု ငယ်စိတ်ငယ်မာန်ဖြင့် အစစ်ဆေးခံနေ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်မဟုတ်တော့လည်း ဒုပြဿနာသည် ဘာမှ မှ မဟုတ်ပါ၊ မဟုတ်လား။

× × ×

ပြဿနာက ကိုရှုပါကျမှ ပို၍ စစ်ဆေးကြခြင်းဖြစ်သည်။ လွယ်အိတ်က သုံးလုံးနှင့် ပြီးတော့ လွယ်အိတ်ထဲမှာက အဝတ်အစား တွေ သိပ်မပါလှပါ။ စာရွက်စာတမ်းများ၊ စာအုပ်များသာပါသည်။ ကိုရှုပါကို စစ်ဆေးချိန် ကြာသွားလေသည်။

ချစ်ချစ်သည် တစ်ယောက်တည်းထွက်လာခဲ့ပြီးမှ ရုတ်တရက် ဘယ်သွားရမှန်းမသိတော့ချေ။ ဘတ်(စ်)ကားဆီသို့ ပြန်သွား ရန်တော့ စိတ်ကူးရသေးသည်။ သို့သော် ဆင်းလိုက်တက်လိုက်နှင့် အလုပ်ရှုပ်နေသောသူ့ကို ဘေးလူတွေမှတ်မိမှာ စိုးရသည်။ ပြီးတော့ ရှာဖွေရေးအနီးမှ နောက်တစ်ကြိမ် ပြန်ဖြတ်ဖို့ဆိုသည်မှာ လွယ်သော ကိစ္စမဟုတ်ပါ။

ဘတ်(စ်)ကားပေါ် ပြန်တက်လို့ရသည်ပဲထားဦး။ သူတို့ ဘတ်(စ်)ကားကို ရှာဖွေရေးက စစ်သောအခါ သူ့ကို ဒုတိယအကြိမ်ပြန် တွေ့လျှင် မှတ်မိသွားနိုင်သည်။ နောက်ပြီး ဟိုသတ္တဝါနှင့်လည်း မျက်နှာ ချင်းမဆိုင်ချင်တော့ပါ။

မိန်းမတို့သည် ချက်ချင်းစိတ်နာတတ်သောသဘာဝရှိသည် ထင်ပါကြောင်း။

သို့သော် ဟိုသတ္တဝါဟု ကိုရှုပါကို စိတ်က ကျိန်ဆဲလိုက်



သော တဒင်္ဂမှာပင် ဟိုသတ္တဝါခေါ် ကိုရှုပါခေါ် သူ၏ကိုကို့ကို သတိရပြီး နောက်သို့ လှည့်ကြည့်မိလေသည်။

ထိုအခါ ကိုရှုပါ အစစ်ဆေးခံနေသည်ကိုတွေ့ရသည်။ ရုတ်တရက် ဝမ်းသာသွားပြန်သည်။ ကိုကိုသည် တကယ်တော့ သူ့ နောက်ကိုလိုက်ချင်မှန်း အစကတည်းကသိသားပဲ။ မိန်းမတို့သည် ချက်ချင်းလည်း ပြန်၍ဝမ်းသာတတ်ကြသည်ထင်ပါသည်။

ချစ်ချစ်သည် ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ ကိုရှုပါကို ရှောင်ခြည်ဖြတ်ရမည်။ ကျီစားချင်သော သဘာဝကြောင့် ဖြစ်သည်။

ကိုရှုပါသည် စစ်ဆေးခံခြင်းအမှုကိစ္စပြီးမြောက်သည်နှင့် ပြုံးရုံတမယ်သော ခြေလှမ်းကျဲဖြင့် ချစ်ချစ်နောက်သို့ လိုက်သည်။ သို့သော် မှောင်ရီပိုးတဝါးအချိန် ဖြစ်သောကြောင့် ချစ်ချစ်ဘယ်ပျောက် သွားမှန်း မသိတော့ချေ။

ယောင်ပေပေဖြင့် ဟိုကြည့်သည်ကြည့်လုပ်နေသော ကိုရှုပါ ကို မှောင်ရိပ်တစ်နေရာမှ ချစ်ချစ်ချောင်းကြည့်နေကြောင်းကိုကား ကိုရှုပါမသိချေ။ ချစ်ချစ်သည် တစ်ယောက်တည်းကြိတ်၍ ရယ်မိလေ သည်။

ဤအချိန် ဤနေရာ ဤအခြေအနေမျိုးတွင် ဤကဲ့သို့ ကြောင်စီစီ လုပ်သင့်သည် မလုပ်သင့်သည်ကိုတော့ မစဉ်းစားကြပါနှင့်။ အဘယ့်ကြောင့်ဆိုသော် ဤအပြုအမူမှာ ချစ်ချစ်၏မွေးရာပါ အကျင့် ဖြစ်သောကြောင့် ဖြစ်ပါသည်။

ခဏကြာသောအခါ ကိုရှုပါသည် တစ်ခုခုကို သတိရသွား

www.burmeseclassic.com

www.burmeseclassic.com



သလို သုတ်သုတ်. သုတ်သုတ်နှင့် လျှောက်သွားတော့၏။

ချစ်ချစ်သည်လည်း မှောင်ရိပ်မှထွက်လာပြီး ကိုရှုပါ နောက်သို့ ခပ်ခွာခွာလျှောက်၍ လိုက်သွားလေသည်။

ကိုရှုပါ၏ စိတ်ကူးမှာ ဤသို့ဖြစ်ပါသည်။ မိတ္တီလာဘတ်(စ်) ကားဂိတ်သို့ သွားမည်။ ဘာပဲဖြစ်ဖြစ် သူတို့ဘတ်(စ်)ကားသည် ရှာဖွေရေးကိစ္စမှပြီးလျှင် ကားဂိတ်ကိုတော့ ဝင်ရမည်။ ကားကို ဂိတ်စောင့်မည်။ ချစ်ချစ်သည်လည်း ဘယ်နည်းနှင့်မဆို ကားဂိတ်သို့ လာမည်ဟု သူထင်နေသည်။

ကားဂိတ်သို့ ရောက်သောအခါ အခြားကားများ ရပ်ထားသည်ကိုလည်း တွေ့ရသည်။ ခရီးသည်အချို့ကိုလည်း တွေ့ရသည်။

ကိုရှုပါသည် စိတ်ပျက်လက်ပျက်နှင့်ပင် အနီးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားလေသည်။

ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သောအခါ စားပွဲပေါ်မှ သတင်းစာတစောင်ကို တွေ့ရသည်။ သည်တော့မှ သတိရသည်။ သူသည် ကနေ့ သတင်းစာမဖတ်ရသေး။

ချက်ချင်းပင် ကြော်ငြာစာမျက်နှာကိုလှန်သည်။

ချစ်ချစ်ကြော်ငြာသည် ပါမြဲတိုင်းပင်ပါသည်။ သို့သော် သည်တစ်ကြိမ်မှာတော့ ဆုငွေအပြင် တစ်ခုပိုလာသည်။

"ဖျားယောင်း သွေးဆောင်ထားခြင်း၊ ချုပ်နှောင်ထားခြင်းမ အား ဥပဒေအရအရေးယူမည်"။



ကိုရှုပါပြုံးမိသည်။ သူ့ကိုဆိုရင်ကော မည်သို့သဘောထားပါမည်နည်း။ သူသည် ဆုငွေမျှော်ကိုးသူလည်း မဟုတ်။ ဖျားယောင်းသွေးဆောင်ထားသည်လည်း မဟုတ်၊ ချုပ်နှောင်ထားသူလည်းမဟုတ်။

ချုပ်နှောင်ချင်းချုပ်နှောင်လျှင် ချစ်ချစ်ကသာ သူ့ကိုချုပ်နှောင်ထားခြင်း ဖြစ်သည်။ ချစ်ချစ်က ကိုရှုပါကို မည်သို့ ချုပ်နှောင်ထားကြောင်းကိုကား ပြောပြရန် မလိုအပ်တော့ဟု ထင်ပါသည်။

ချစ်ချစ်သည်လည်း ဘတ်(စ်)ကားဂိတ်သို့ပင် ရောက်ရှိလာသည်။ သို့သော် ကိုရှုပါကဲ့သို့ လက်ဖက်ရည်ဆိုင်စသော လူပေါ်များရာအရပ်သို့ သူမလာရဲပါ။ ကားဂိတ်အနီးမှ မီးအိမ်ကလေးထွန်းပြီးဆေးရောင်းနေသောအဒေါ်ကြီးတစ်ယောက်အနားမှာသွားရပ်လိုက်သည်။

"မန္တလေးဘက် ဆက်တက်မယ့်ကားတွေ ဒီဂိတ်မှာဘဲရပ်သလားအဒေါ်"

"အေး"

ချစ်ချစ်သည် စိတ်အေးသက်သာ ဖြစ်သွားပြီး ဈေးသည်အဒေါ်ကြီးနားမှာပင် မယောင်မလည် ရပ်နေလိုက်သည်။ သူသည် ကိုရှုပါသည် ကားဂိတ်နားမှာပင် ရှိနေ ကြောင်းသိပါသည်။ လက်ဖက်ရည်ဆိုင်မှာပင် ဖြစ်မည်ဟုလည်းထင်သည်။ ဘာပဲဖြစ်ဖြစ် သည်လိုခပ်မှောင်မှောင်နေရာမှာပင် စောင့်နေတာကောင်းမည်ဟု သူဆုံးဖြတ်သည်။ သို့သော် အကြောင်းမသိမဟုတ်သူများအဖို့ မမြင်လွယ်သော်လည်း အကြောင်းသိချင်းကတော့ မြင်လွယ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရှုပါသည် လက်ဖက်ရည်ဆိုင်ထဲမှနေ၍ ချစ်ချစ်ကိုလှမ်း၍ မြင်လေသည်။

ကိုရှုပါ ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ထိုအချိန်တွင် တစုံတရာသည် ဖြစ်ပြန်လေသတည်း။ သူတို နှစ်ယောက်ပြန်တွေ့ကြခြင်းသည် စိတ်ကောက်ပြေ၍ မင်းသားနှင့် မင်းသမီး ကြည်နူးစွာတွေ့ဆုံကြခြင်းလည်း မဟုတ်ပါ။ သည်တစ်ခါ ပြန်တွေ့ရပုံမျိုးက ဇာတ်ကြမ်းဆန်သည်။

သူများတွေအဖို့ မထူးခြားသော်လည်း ကိုရှုပါလို ကဗျာဆရာ တစ်ယောက်အဖို့တော့ နည်းနည်းကြမ်းသွားပါသည်။

ဤသို့ ဖြစ်ပါသည်။

ကိုရှုပါက ချစ်ချစ်ကိုလှမ်းမြင်သဖြင့် ဆိုင်ထဲမှ ဝမ်းသာအားရ ထွက်လာချိန်မှာပင် ချစ်ချစ်ကလည်း ကိုရှုပါကိုမြင်လိုက်ပါသည်။ အမျိုးအမည်မသိသောစိတ်များကိုယ်စီဖြင့် တစ်ယောက်ကိုတစ်ယောက် ငေးကြည့်လိုက်ပါသည်။ အပြုံးရိပ်များသန်းလာကြပါသည်။ ဘယ်လောက် လှပါသနည်း။

ထိုအချိန်မှာပင် တစ်စုံတစ်ရာပြဿနာပေါ်လာလေသည်။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး အတတ်နိုင်ဆုံး အဓိပ္ပာယ်ပေါ်အောင် ပြုံးပြနေချိန် တွင် အခြားတစုံတယောက်ကလည်း ချစ်ချစ်ကိုကြည့်နေပါသည်။ ထိုသူ၏အကြည့်ကတော့ အဓိပ္ပာယ်မဲ့သော ငိုးတဝါးနိုင်သော အကြည့်မဟုတ်ပါ။ တိကျသေချာသော အဓိပ္ပာယ် ရှိသော ဖြစ်ပါသည်။ ထိုလူသည် ချစ်ချစ်ကိုကြည့်နေသော်လည်း အိမ်မှ



မျှော်ခဲ့နေသော ကောင်မလေးအဖြစ်ကြည့်နေသည်ကား မဟုတ်ပါ။

အဘယ့်ကြောင့်ဆိုသော် ထိုလူသည် အလစ်သမားဖြစ်သော ကြောင့် ဖြစ်ပါသည်။

ချစ်ချစ်သည် ကိုရှုပါကို ပြုံးထေ့ထေ့ ကြည့်နေချိန်တွင် ချစ်ချစ်၏ သားရေအိတ်ပါးကလေးသည် ချစ်ချစ်ခြေရင်းတွင် ငတ်တုတ် ကလေး အိပ်ပျော်နေပါသည်။

ထိုပုဂ္ဂိုလ်သည် ချစ်ချစ် ဤအကြောင်းကြောင့် ကြည့်နေ ခြင်း ဖြစ်ပါသည်။

သို့သော် သူသည် ချစ်ချစ်နှင့်ကိုရှုပါတို့ တစ်စုံတစ်ရာ ဆက်သက်နေကြောင်းကိုကား မသိသေးချေ။

တော်တော်မြန်သည်။ ဒါကတော့ ရှင်းပါသည်။ အလစ်သမား ဆိုကတည်းက မြန်သည်ပေါ့။

လစ်ကနဲ ချစ်ချစ်အနီးမှဖြတ်ပြီး ချစ်ချစ်ခြေရင်းမှ အိပ်ပိုက် နေသော သားရေအိတ်ကလေးကို မ၍ပြေးလေသည်။ ထိုအချင်းအရာကို ကိုရှုပါကမြင်သည်။ ချစ်ချစ်ကတော့ မမြင်ပါ။ ရုပ်ရှင်မင်းသမီး တစ်ယောက်ကဲ့သို့သာ ကိုရှုပါကို ကြည့်နေပါသည်။

ကိုရှုပါသည် ချစ်ချစ်ဆီသို့ ရုတ်တရက်ပြေး၏။ ချစ်ချစ် ကတော့ လန့်ပင်လန့်သွားသည်။ သူ့ကိုများပြေး၍ပွေ့ဖက်လိုက်မည် လား။ ရုပ်ရှင်တွေထဲမှာလည်း သည်လိုဘဲ မင်းသားနှင့်မင်းသမီး သည် ဆုံစည်းသောအခါမျိုးတွင် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်တတ်ကြသည်မဟုတ်လား။ သို့သော် တကယ်တမ်းကျတော့

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဤမျှအထိသော အခြေအနေမျိုးထိမရောက်ကြသေးဘူး ဆိုသည်ကို ချစ်ချစ်သတိရ၏။ သူ ဘာကြောင့်များ ပြေးလာပါလိမ့်ဟု ချစ်ချစ်တွေးရလေသည်။

သို့သော် ကိုရှုပါသည် ကြက်သေသေနေသော ချစ်ချစ်အနီး တွင် မရပ်ဘဲ ဖြတ်ပြေးလေသည်။ သည်တော့မှ ချစ်ချစ်သည် သူ့ အနီးပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ သူ့သားရေအိတ်မရှိတော့သည်ကို သိလိုက်တော့၏။

ရှေ့မှလူတစ်ယောက်ပြေးသည်ကို မြင်ရပြီး နောက်မှ ကိုရှုပါ လိုက်နေသည်ကို မြင်ရသည်။ ချစ်ချစ်လည်း ယောင်တိယောင်ကန်နှင့် ထပ်ချပ်ပြေးလိုက်လေသည်။

အလစ်သမားသည် အရပ်ပုပုဖြစ်သော်လည်း အပြေးသန် သည်။ ကိုရှုပါသည် အရပ်အမောင်းကောင်းသော်လည်း အပြေးမသန် (ကဗျာဆရာသည် အပြေးသန်စရာမလိုပါ)။

"သူခိုး . . . သူခိုး"

ကိုရှုပါက အော်ရင်းလိုက်သည်။ အလစ်သမားသည် လမ်းချို တစ်ခုသို့ ကွေ့ဝင်သွား၏။ လမ်းချိုသည် မီးရောင်မရှိ၊ မှောင်နေ၏။ ကိုရှုပါလည်း လမ်းချိုအတိုင်းလိုက်သည်။ သူတို့ နှစ်ယောက်ကိုတော့ ချစ်ချစ်လိုက်မမီနိုင်တော့ပါ။ မှောင်ရိပ်အကွယ်သို့လည်း ရောက်သေး သဖြင့် ချစ်ချစ် ဆက်မလိုက်ရဲပါ။ ဓာတ်မီးတိုင်တစ်တိုင်အောက်မှာ ရင်တထိတ်ထိတ်နှင့် ရပ်စောင့်နေရတော့သည်။



လမ်းချိုအမှောင်ကွယ်ဆီမှ အော်သံဟစ်သံ လုံးထွေးသံ များကို ကြားရပြီး မကြာလိုက်ပါ။ ကိုရှုပါသားရေအိတ်ကလေးကိုင်၍ ပြန်ထွက်လာလေသည်။

ချစ်ချစ်သည် ကိုရှုပါကို အရမ်းအထင်ကြီးသွားလေသည်။ ဒါကြောင့်လည်း ဝတ္ထုတွေ၊ ကာတွန်းတွေ၊ ရုပ်ပြကာတွန်းတွေထဲမှာ စာရေးဆရာလည်း ကရာတေးတွေ ဘာတွေတတ်ကြတာပဲဟု ထင်နေ သည်။

သို့သော် သူတစ်ပြန် ကိုယ်တစ်ပြန် နိုပ်ခဲ့ရဟန်တူသည်။ ကိုရှုပါမှာလည်း မသက်သာလှပါ။ မျက်လုံးတစ်ဖက်က ပိတ်ပြီး နှာခေါင်းထောင့်စွန်းမှ သွေးများကျနေသည်။

ကိုရှုပါကို ချစ်ချစ်က သူ့ရဲကောင်းကြီးသဖွယ်စောင့်ကြို့နေ သော်လည်း ကိုရှုပါကတော့ ဟန်မဆောင်နိုင်ပါ။ ချစ်ချစ်အနီးရောက် သည်နှင့် ချစ်ချစ်သားရေအိတ်ကိုကမ်းပေးပြီး မြေကြီးပေါ်မှာပင် ထက်နောက်ပြန်ထောက်ထိုင်ချလျက် အမောဖြေလိုက်ရသည်။

ချစ်ချစ်သည် သူ့သားရေအိတ်ကိုပင် စစ်ဆေးမနေနိုင်တော့ ဘဲ ကိုရှုပါအနီးမှာ သူပါဝင်ထိုင်လိုက်ပြီး ခြေမကိုင်မိလက်မကိုင်မိ၊ ခေါင်းမကိုင်မိခေါင်းမကိုင်မိ ဖြစ်လေနေသည်။

"တောက်"

ကိုရှုပါ မကျေမချမ်းဖြစ်နေသည်။ ချစ်ချစ်သည် ကိုရှုပါကို အားနာသနားခြင်း၊ အလွန်အားနာခြင်း ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကြောင့် အခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူးရှင် တကယ်..."

"အပိုတွေ လုပ်မနေနဲ့ ကိုယ့်အိတ်ကိုယ်ပြန်စစ်ကြည့်ဦး"

"နေပါစေ ပြန်ရပြီပဲ"

"ကျုပ်ပြောတာ လုပ်စမ်းပါ"

ချစ်ချစ်သည် သူ့အိတ်ကို ဖွင့်ကြည့်၏။

"ဟင်- မရှိတော့ဘူး"

"ဘာမရှိတော့တာလဲ"

"ကျွန်မ ပိုက်ဆံအိတ်"

"အေး- ထင်တော့ထင်သားပဲ၊ ကျုပ်နဲ့သူနဲ့ လုံးထွေးနေရင် အဲ- လုံးထွေးတယ်ဆိုတာ ကျုပ်ကလုံးတာပါ။ သူကချည်း ကျုပ်ကို တွယ်တာပဲ၊ ကျုပ်က သူ့ခြေသလုံးကိုဖက်ပြီး လုရုံတမယ်ရယ်"

သည်တော့မှ ချစ်ချစ်သဘောပေါက်တော့သည်။ ဟိုလူ ကောင့်က သူ့၏ကိုကိုကို ရေရေလည်လည်နှိပ်သွားခြင်းသာဖြစ်သည် ဘတစ်ပြန်ကျားတစ်ပြန် ပွဲမျိုးမဟုတ်။

"အဲဒါ ကျုပ် မိုက်ခနဲလဲကျသွားတုန်း အမိရဲ့အိတ်ကိုမွှေ သွားလိုချင်တာယူ၊ ကျုပ်က အဲဒီအိတ်နဲ့ပစ်ပေါက်ပြီး ထွက်ပြေးသွား တော့တာပဲ"

ချစ်ချစ်သည် ဟင်းလင်းပွင့်နေသော သူ့အိတ်ကလေး ကြည့်ရင်း မျက်ရည်တွေ တွေတွေကျလာပေသည်။ သူသည် သူ့ပိုက်ဆံ တွေကို နမြောလှပါသည်။



ချစ်ချစ်သည် အရင်က ဘယ်တော့မှ ပိုက်ဆံနှင့်ပတ်သက် ၍ နမြောရိုး ထုံးစံမရှိခဲ့ချေ။ သည်တစ်ခါသည် သူ၏ပိုက်ဆံအစစ်ကို ဆုံးခြင်းဖြစ်သောကြောင့် နမြောရကောင်းမှန်း သိလေသည်။ အရင်က သုံးခဲ့သမျှသည် ဖေဖေပေးသော ပိုက်ဆံများသာဖြစ်သဖြင့် တန်ဖိုး ထားရမှန်း သူမသိခဲ့ချေ။ တကယ်တမ်း ကိုယ့်အိတ်ဆောင်ကို ထိပြီ ဆိုတော့ နာတတ်လေပြီ။

"ကုန်ပါပြီ ချစ်ချစ်ပိုက်ဆံတွေတော့ ကုန်ပါပြီ"

ချစ်ချစ်သည် ကလေးငယ်ကဲ့သို့ ဆောင့်ညောင့်ထိုင်ပြီး ငိုလေသည်။

"ငွေက ဘယ်လောက်များလို့လဲ"

"နှစ်ထောင်နီးနီး"

"အေး...ဒါဆိုရင်တော့ ကျုပ်ထက်များတယ်"

"ရှင်... "

"ကျုပ်လဲပါသွားတယ်။ တောက်...သူ့နောက်မလိုက်မိခဲ့ရင် ကောင်းသား။ ခုတော့ ကျုပ်ပါကြားထဲက အဆစ်ခံလိုက်ရတယ်"

"ဟင် ရှင့်ပိုက်ဆံက ဘယ်လိုပါသွားတာလဲ"

"ကျုပ်ကိုထိုးကြိတ်ပြီး ကျုပ်လဲကျသွားတုန်း ဂင်တိုတို တစ်ယောက်ကပါ ဝင်ပြီး ကျုပ်တိုက်ပုံအတွင်းအိတ်ထဲက ပိုက်ဆံ ကိုပါ ယူတော့တာပေါ့"

"ဘယ်လောက်ပါသွားသလဲ"

"ကိုးရာ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . ."

"အေး . . . ကျုပ်ကိုးရာက ပိုအဖိုးတန်တဲ့ ကိုးရာ . . . အဲ့ဒါ ကျုပ်ကိုအလုပ် ထုတ်လိုက်လို့ ပေးလိုက်တဲ့ သုံးလစာဘဲ၊ ရွာက ဘကြီးပန္နင်းတက်ရင် လှူဖို့"

ချစ်ချစ်သည် ရှိက်ကြီးတငင် ငိုလေသည်။

ဤသို့သော် မသတီစရာပြဿနာများသည် ခရီးထွက်ခြင်း၌ ပါဝင်လိမ့်မည်ဟု သူမထင်ခဲ့ချေ။ အိမ်မှ အပျော်တမ်းထွက်ပြေးရုံ လောက်အဆင့်ထိသာ သူတွေးခဲ့သည်။ ခုနစ်တန်းတုန်းက ခရီးထွက်ခြင်း အကြောင်း စာစီစာကုံးပြိုင်ပွဲ၌ ချစ်ချစ်သည် ပထမဆုရခဲ့ဘူးသည်။ သည်တုန်းက သူရေးခဲ့သမျှတွင် မြို့အမည်များ၊ ယာဉ်ရထားများ စာကလေး ပဲကြော်၊ ဆီထမင်းစားရသည့်အကြောင်းများသာပါလေသည်။ အလစ်သမားအကြောင်း မပါ။

အနီးအနားမှ လူများရောက်ရှိလာကြသည်။ ဘာဖြစ်ကြတာ လဲ။ ဘာညာစသဖြင့် တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြသည်။ ချစ်ချစ်ကသာ မျှော်လင့်ချက်ကလေးဖြင့် မေးသမျှကိုဖြေနေသည်။ ကိုရှုပါကတော့ ဘာမှပြောချင်စိတ် မရှိတော့ချေ။ ရှေ့ဆက် ဘာလုပ်ကြ မည်ကိုသာ စဉ်းစားနေလေသည်။ သည်ကြားထဲမှာ မျက်လုံးတစ်ဖက်က ဖွင့်လို့ပင်မရတော့။ မေးရိုးတွေလည်း ကျိန်းစပ်နေသည်။ အခုနေ မုန့်ဆီကြော်လာကျွေးလျှင်လည်း မစားနိုင်ပါ။ နှုတ်ခမ်းက နာလှသည်။

"အင်း . . . ဒါလဲလုအောင်တို့ လင်မယားလက်ချက်ပဲ



နေမှာပဲ။ ဒီကောင် တွေခက်ပါတယ်။ အလုပ်ကိုလဲ ဟုတ်တိပတ်တိ လုပ်ချင်ဘူး။ လျှောက်လိမ်ပြီး စားနေတာပဲ။ ထောင်ခဏခဏ ကျတာလဲ မမှတ်ဘူး"

ဘေးမှ လူကြီးတစ်ယောက်က မှတ်ချက်ချသည်။ လုအောင် ဆိုသောအမည်ကို ကြားသောအခါ ကိုရှုပါတစ်စုံတရာကို သတိရသည်။ မိတ္ထီလာတွင် သူ့မိတ်ဆွေတစ်ယောက်ရှိသည်။ ကိုလှဆောင် ခေါ်သည်။

လတ်တလောကိစ္စကိုတော့ ကိုလှဆောင်၏အကူအညီသာ အားဖြစ်ပေမည်။

လူတွေက မျောက်ပွဲကြည့်သလို တဖြည်းဖြည်းအုံလာကြ သည်။

သည်အချိန်တွင် ချစ်ချစ်ရော ကိုရှုပါရော နားလည် လိုက်သော ကိစ္စတခုရှိသည်။ သူတို့သည် သည်လူအုပ်အနီးမှ အမြန်ဆုံး ရှောင်သည်ဟူ၍။

"ကဲ-ထား၊ ဈေးနားမှာ ကျုပ်သူငယ်ချင်းတစ်ယောက်ရှိတယ်။ အဲဒီကောက်မှ ကြည့်စီစဉ်မယ်"

"ဟင် . . . ခရီးဆက်သွားဖို့ကတော့"

"မင်း . . . တော်တော်ကြောင်ပါလာအမိရယ်၊ ခြေးတပြားမှ မရှိဘဲ ဘယ်နဲ့လုပ် ခရီးဆက်မလဲ။ ကဲ-ကျုပ်ကတော့ သွားမယ်၊ အဲဒီယောက်ကပ် လုပ်မနေနဲ့၊ မလိုက်ချင်လဲ နေခဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကိုရှုပါသည် ပြောပြောဆိုဆိုထပြီး ထွက်သွားသည်။ ချစ်ချ နောက်က ပြေးလိုက်သွားစဉ် လှုအုပ်ထဲမှ အသံတသံကိုကြားလိုက် သဖြင့် ကျောချမ်းသွားသည်။

"ဒီမိန်းကလေးကို မြင်ဖူးသလိုလိုရှိပါတယ်။ ဘယ်မှာတု ကပါလိမ့်မလဲ"

× × ×

"ခု ဘယ်ကိုသွားမှာလဲ ဟင်"

"ကျုပ် သူငယ်ချင်းအိမ်။ ဒီတစ်ညတော့ သူ့အိမ်မှ အိပ်ရလိမ့်မယ်"

"ရှင်"

"ကျုပ်စကားထဲမှာ ဘာအံ့ဩစရာပါသွားလို့လဲ၊ ဘာ ကျုပ်ကို ခုထိ မယုံသေးဘူးလား"

ကိုရှုပါ၏အသံသည် စိတ်မကောင်းသံပါနေပါသည်။ ချစ် သည် သည်အတွက် စိတ်မကောင်းပါ။ သို့သော် သူစိမ်းယော တစ်ယောက်နှင့် တစ်နယ်တစ်ကျေးက သူမသိသောအိမ်မှာ အ အိပ်ရမည့် အဖြစ်သည် ချစ်ချစ်အဖို့တော့ စဉ်းစားစရာပင်မဟုတ်

"မင်းမှာ အသိမရှိဘူးလား ဒီမြို့မှာ . . ."

ချစ်ချစ် အပြေးအလွှား စဉ်းစားသည်။ သို့သော် ရုတ်တ စဉ်းစားလို့ မရ။

"ကိစ္စမရှိပါဘူး။ ရှင်နဲ့ပဲလိုက်ခဲ့မယ်၊ ဟိုရောက်မှ



စီစဉ်တာပေါ့"

ကိုလှဆောင်သည် တစ်ကိုယ်ရည်သမား ဖြစ်ပါသည်။ အိမ်ခန်းတစ်ခန်းနှင့် တစ်ယောက်တည်းနေသည်။

ကိုရှုပါရောက်လာသောအခါ ဝမ်းသာအားရ ရှိလေသည်။ ပြီးတော့ ကိုလှဆောင်သည် ချစ်ချစ်ကို ချက်ချင်းမှတ်မိသည်။ တဆက် တည်းမှာပင် သူက တမျိုးနားလည်လိုက်သည်။ ကိုရှုပါ မိန်းမခိုးလာ သည်ဟု။

ကိုရှုပါက အဖြစ်မှန်ကို ရှင်းပြဖို့ ပထမကြိုးစားသေးသည်။ နောက်တော့ သူ့အထင်တိုင်းရှိနေတာ ကောင်းမည်ဟု ကိုရှုပါသဘော ပေါက်လိုက်သည်။

ဤသည်မှာ ချစ်ချစ်အဖို့ အန္တရာယ်အကင်းဆုံးကိစ္စဖြစ် သည်။

"ခင်ဗျား ကံကောင်းပါတယ်ဗျာ။ ခင်ဗျားမိန်းမက လှပါ တယ်"

စာသမားချင်းမို့ ရိုးရိုးသားသားပင်။ သည်စကားကို ချစ်ချစ် ရှေ့၌ ကိုလှဆောင် ပြောရဲသည်။ ချစ်ချစ်သည် အကြီးအကျယ်ရှက်မိ သည်။ သို့သော် ချစ်ချစ်စိတ်၌လည်း သူ့အထင်အတိုင်းရှိနေသည်မှာ အန္တရာယ်အကင်းဆုံးဟု နားလည်ထားသည်။

အနည်းငယ်အနားရပြီးသောအခါ ကိုရှုပါက စကားစ သည်။

"ကဲ . . . ချစ်ချစ် ဒီမှာ ခဏနေခဲ့ဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘာလို့လဲ"

"ကိုကိုတို့ ရဲစခန်းသွားမလို့"

ကိုကိုတွေ ချစ်ချစ်တွေ လုပ်လာခြင်းသည် ကိုလှဆောင် ရှေ့မှို့ ဟန်ဆောင်ခြင်းလား၊ အခွင့်အရေးယူခြင်းလား၊ ချစ်ချစ်တွေး နေချိန်မရပါ။ ရဲဆိုသည်နှင့်ချစ်ချစ်သည် ဖျားချင်ချင်ဖြစ်လာ၏။

"ခုနက ငွေအလုခံရတဲ့ ကိစ္စအတွက်"

"အို...မသွားပါနဲ့ စစ်လားဆေးလားလုပ်ရင် ကျွန်မကိစ္စတွေ ပေါ်ကုန်မှာပေါ့"

"မတတ်နိုင်ဘူးလေ၊ မင်းက ငွေမနေ့ပြောပေမဲ့ ကိုကို နေ့ပြောတယ်"

"ဟင့်အင်း... အဲ့ဒီငွေကို ချစ်ချစ် မနက်လေးရောက်တော့ ပြန်ပေးပါ့မယ်၊ ရဲကိုတော့ မသွားပါနဲ့"

"ငွေပြန်ရရုံနဲ့လဲ မကျေနပ်နိုင်ဘူး။ ကိုကိုကို ဒီထက် အနာတရ ရအောင်လုပ်တဲ့အတွက်တော့ တိုင်ရမှာပဲ"

ချစ်ချစ်သည် တရှုံ့ရှုံ့နှင့် ငိုလေသည်။ တခါတခါတော့လည်း သည်မျှအထိ ကိုရှုပါ ဂျစ်ကန်ကန်နိုင်သည်ကို သည်းညည်းမခံနိုင်။

"ဒါဆိုရင်တော့ ကျွန်မ ခြေဦးတည့်ရာ ထွက်သွားမှာပဲ"

"သွားပေါ့"

ချစ်ချစ် ငိုပြန်လေသည်။

"ခင်ဗျားတို့ဟာက မဟုတ်ပါဘူးဗျာ၊ ညားခါစဆို



ပျော်ပျော်ပါးပါး နေကြမှာပေါ့၊ ပြဿနာဖြစ်လာတာကိုဘဲ ပျော်ရွှင်စရာ အဖြစ် မှတ်သင့်တယ်"

ကိုလှဆောင် ဝင်ပြောလေသည်။ ကိုရှုပါအဖို့တော့ ငိုအား ထက် ရယ်အားသန်ဆိုသလိုပဲ သူစဉ်းစားတယ် ကိုယ့်ယောက်ျားမှာ ဘာတွေ ခေါင်းခဲနေရသလဲဆိုတာ ထည့်မတွက်ဘူး"

"ဘာ...ဘာ...ဘာပြောတယ်"

ချစ်ချစ်သည် ပိုင်စိုးပိုင်နင်းပြောခံလိုက်ရသဖြင့် ဆတ်ဆတ် ခါမှ သွားလေသည်။ ပြီးတော့ ယောက်ျားရယ်၊ မိန်းမရယ်ဟူသော ဘာဝတွင် မထိတွေ့ဖူးသော ဝေါဟာရသစ်များကို ကြားလိုက်ရ သဖြင့်လည်း ကျေနပ်မိလေသည်။

"ကဲပါဗျာ...ဒီလိုလုပ်ကြရအောင်ပါ။ မချစ်ချစ်က အိမ်မှာပဲ နေခဲ့ ကျွန်တော်တို့ ရဲစခန်းသွားပြီး ငွေလုမှု အမှုဖွင့်မယ်၊ ခင်ဗျားရဲ့ ယောက်ကိစ္စ ဘာမှမပတ်သက်ရအောင် ကျွန်တော်တို့ကြည့်ပြောမယ် ပြီလား။ အဲ...ခင်ဗျားလိုက်လာရင်သာ သူတို့ မှတ်မိသွားမှာ ကြောက်ရတာ"

ချစ်ချစ်သည် ဘာမှပြန်မပြောတော့ချေ။ မျက်ရည်တွေတွေ ကျ၍ သာနေတော့သည်။ လတ်တလောတွင် သူ့၌အားငယ်စိတ်သာ ရှိနေပါသည်။

"ကျွန်တော်ကိုလည်း ယုံပါ မချစ်ချစ်ရာ၊ ကျွန်တော်က ကိုကိုရဲ့ လူရင်းပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဘာမှမဖြစ်စေရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရဲစခန်းမှာလည်း ကျွန်တော့်သူငယ်ချင်းတွေ ရှိနေပါတယ် ဟုတ်လား"

ချစ်ချစ်သည် တစ်ပါးသူနေသော အိမ်ခန်းကျဉ်းကလေး ထဲတွင် တစ်ယောက်တည်း ကျန်ခဲ့ရလေသည်။ ထိုအခါ ရင်ထဲ၌ တင်းကျပ်နေသမျှကို အားရအောင်ငိုပြီး ဖြေချလိုက်ရလေသည်။

× × ×

တိုင်ချက်ဖွင့်ပြီးသောအခါ ကိုရှုပါက သတိတခုရသည်။

"တခုတော့ရှိတယ်စခန်းမှူး...အဲ့ဒီလို ဖြစ်ပြီးစအချိန်မှာ လူအုပ်ထဲက လူတစ်ယောက်ကပြောတယ်..လှအောင်တို့ လင်မယား ဖြစ်မှာပဲတဲ့။ အဲ့ဒါ စခန်းမှူးအနေနဲ့"

"ဩော်...ဒါလား...ဒီကောင့်ကို ကျွန်တော်သိပါတယ် ဒါပေမယ့် ခုကိစ္စမှာတော့ သူတို့နဲ့မဆိုင်ဘူး"

"ခင်ဗျား"

"ဒီလင်မယားက ခု မိတ္ထီလာမှာ မရှိဘူး။ ရန်ကုန်ရောက်နေ တယ်။ ဒီမှာက သူတို့အဖို့ သိပ်မချောတော့ဘူးလေ၊ ဒါကြောင့် ရန်ကုန်ကိုဆင်းပြီး အကြံအဖန်လုပ်နေတာ၊ ကျွန်တော်လည်း သက်ဆိုင်ရာနယ်မြေကို အကြောင်းကြားလိုက်ပါရဲ့ ဟဲ ဟဲ... ကျွန်တော်တောင် နောက်ကျသွားသေးတယ်၊ ဒင်းတို့က ဟိုမှာလိမ်လည် မှုတစ်ခုနဲ့ အဖမ်းခံရပြီတဲ့၊ ဟား...ဟား...ဟား"

"ဟုတ်ကဲ့ နောက်ထပ် အရေးကြီးတာတစ်ခုက ကျွန်တော်



တို့လင်မယား မနက်ဖြန်ကို ခရီးဆက်ရမှာမို့ ဒီကိစ္စကို ဟော့ဒီ ကိုလှဆောင်နဲ့ပဲ လွှဲထား..."

"ဟား...ရပါတယ်၊ ကျွန်တော်တို့ တာဝန်ယူထားပါမယ်။ ကိုလှဆောင် ဆိုတာကလည်း အခြားလူမှမဟုတ်ဘဲ"

× × ×

သူတို့ရဲစခန်းမှ ပြန်ရောက်လာချိန်တွင် အလွန်သနားစရာ ကောင်းသော မြင်ကွင်းတစ်ခုကို ကိုရှုပါမြင်ရလေသည်။

ချစ်ချစ်သည် အိမ်ရှေ့ဟက်လက် ကုလားထိုင်လေးပေါ်တွင် အိပ်ပျော်နေရှာသည်။ သူ၏ဝမ်းဗိုက်ပေါ်တွင် သူ့သားရေအိတ်၊ ကိုရှုပါ၏ လွယ်အိတ်များကို သိုင်းဖက်ထားလေသည်။

ချစ်ချစ်၏ ကလေးဆန်သောပုံစံမှုကို ကိုရှုပါကရုဏာသက် ရလေသည်။

ခဏနေသောအခါ ကိုလှဆောင်သည် တစ်ဖက်ခန်းမှ ခေါင်းအုံး စောင်၊ ခြင်ထောင်များသွားယူလာသည်။

"ဟေ့လူ...ဘာလုပ်ဖို့လဲ"

"ခင်ဗျားတို့ လင်မယားအိပ်ဖို့လေ"

ကိုရှုပါ ဘာလုပ်ရမှန်းမသိ။ လင်မယား အယောင်ဆောင်ရ သည်မှာ သိပ်မခက်ခဲသော်လည်း အတူတူအယောင်ဆောင်ပြီး အိပ်ရ မှာတော့ ပြဿနာ။

ထိုစဉ် ချစ်ချစ်အိပ်ရာမှ လန့်ဖျပ်နိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း...အို...ကျွန်မ သူနဲ့ အတူမအိပ်ဘူး"

ကိုလုဆောင်က ညားခါစ လင်မယားတို့၏ သဘာဝ[ကို] နားလည်စွာ သူလုပ်စရာရှိသည်ကို ဆက်လုပ်ပြီး အိမ်ပေါ်မှ ဆင်းသွား လေသည်။

"နားနေကြဦးကျွန်တော် ခေါက်ဆွဲလေး ဘာလေးသွားဝယ် မလို့ ခြောက် မချစ်ချစ် ဝက်သားစားတယ်နော်"

ယောင်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ဟုတ်သား[ပဲ] ဆာလှရောပေါ့။

ကိုရှုပါက ရှပ်အင်္ကျီအိတ်ထဲမှ လက်ကျန်ပိုက်ဆံထုတ်ပြီး ဆယ်တန်တရွက်ကို ကိုလုဆောင်ကို ပေးလိုက်၏။

ကိုလုဆောင်က မငြင်းပါ။ သူသည် ဆင်းရဲသား ဖြစ်ပါသည်။ ပြီးတော့ ကိုရှုပါနှင့်သူသည် ဟန်ဆောင်ရမည့်သူများမဟုတ်ကြ[ပါ]။ ဒါကတော့ အချင်းချင်းမို့ ရှင်းပါသည်။

ကိုလုဆောင် ဆင်းသွားသောအခါမှ ကိုရှုပါသည် ချစ်ချစ်[၏] အနီးသို့ လျှောက်သွားသည်။ ချစ်ချစ်သည် ထိတ်လန့်နေလေသည်။ ယောက်ျားဆိုတာ ယုံရခက်သည်။

"ကဲ...ဒါလောက်နားရ တော်ရောပေါ့။ လဲချင်လည်း ဟိုမှာသွားလဲချေ့ ကျုပ်ခဏနားချင်လို့။ ကဲ...ပက်လက်ကုလားထိုင် ပေါ်ကဆင်း...ပြီးတော့ ယောက်ျား တစ်ယောက်ရဲ့အထက်[မှာ] မိန်းမတစ်ယောက်မနေကောင်းဘူး။ မင်းငရဲကြီးလိမ့်မယ်"



ချစ်ချစ်သည် ရဲကြီးမှာ ကြောက်ပါသည်။ ပက်လက်ကုလားထိုင်ပေါ်မှဆင်းပြီး ကြမ်းခင်းပေါ်မှာ ထိုင်နေလိုက်သည်။ ကိုရှုပါက ပက်လက်ကုလားထိုင်ပေါ် ခြေပစ်လက်ပစ်ထိုင်ရင်း ညည်းနေလေသည်။

သည်တော့မှ သူ့ဒဏ်ရာများကို ချစ်ချစ်သတိတရ ဂရုစိုက် ထားမိလေသည်။

"ကျွန်မမှာ ပရုပ်ဆီပါတယ် ယူမလား"

ကိုရှုပါ မျက်လုံးဖွင့်မကြည့်။ ခေါင်းသာညိတ်ပြသည်။ သည် နေရာတွင် မိခင်စိတ်ဟုခေါ်ရမလား။ မိန်းမသားတစ်ယောက်၏ ဂရုဏာ ဘာရားဟုခေါ်ရမလားမသိ။ ချစ်ချစ်သည် ကိုရှုပါကို ကိုယ်တိုင်ပင် ပရုပ်ဆီလူးပေးမိလေသည်။

ကိုရှုပါကလည်း မည်ကဲ့သို့သော ညစ်ပတ်သည့် စိတ်မျိုးမှ မပါဘဲ ငြိမ်ခံနေသည်။

ချစ်ချစ်သည် မျက်လုံးမှိတ်ပြီး ဒဏ်ရာကိုကြိတ်ခံစားနေရှာ သော ကိုရှုပါ၏ မျက်နှာကိုအနီးကပ်ကြည့်ပြီး ကရုဏာစိတ်များ တဖွားဖွားပေါ်ပေါက်နေလေသတည်း။

ထိုအချိန်တွင် သူတို့နှစ်ယောက်စလုံး၏စိတ်တို့သည် သန့်စင် ကြည်လင်နေပြီး အရာရာကို ခဏတာ မေ့ထားလိုက်နိုင်ကြလေသည်။

× × ×

ပထမဦးဆုံးတော့ သူတို့နှစ်ဦး၏ ညစာသည် မြိန်ယှက်

www.burmeseclassic.com

www.burmeseclassic.com



လှသည်။ အိမ်မှာလို ဖွယ်ဖွယ်ရာရာမဟုတ်သော်လည်း ခေါက်ဆွဲကြော် ခပ်ညံ့ညံ့သည် စားဝင်သည်။ ဆာလောင်နေသောအခါ ရတတ်သမျှ အစားအစာသည် ကမ္ဘာပေါ်မှာ အကောင်းဆုံးအာဟာရပင်ဖြစ်သည်။

ပြီးတော့ အခြေအနေက ရှိသေးသည်။ ဤသို့လှူင်ယောက်ျား တစ်ယောက်နှင့် ညားခါစဇနီးမောင်နှံသဖွယ်(ဟန်ဆောင်နေရသည် ဖြစ်ငြားလည်းပေါ့) ဖြစ်သလို စားရသောက်ရသည်မှာ ပျော်ဖို့ကောင်း သည်။ ကိုရှုပါအဖို့မှူ တကယ်ပင် ချစ်ချစ်ကို နိုးပြေးလာသလို ခံစားမိ လေသည်။

စားသောက်ပြီးကြသောအခါ ခဏတဖြုတ် စကားဝိုင်း ဖွဲ့လေသည်။

အဝတူသဖြင့် ကိုလှဆောင်က ပျော်စရာကောင်းသော မင်္ဂလာ စကားများကိုသာ ပြောဆိုနေရာ အချစ်နှင့်သူ၏ကိုကိုတို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး တိတ်တခိုးပြုံးရလေသေးသည်။

သန့်ရှင်းသော ပျော်စရာတဒင်္ဂသည် ခဏကြာလေသည်။

"ကဲ...ညဥ့်လဲနက်ပြီ ကျွန်တော်သွားမယ်"

"ဘယ်ကိုတုန်း"

"ကျွန်တော်သူငယ်ချင်းတစ်ယောက်အိမ် သွားအိပ်မယ်လေ ဒီမှာခင်ဗျားတို့ လွတ်လွတ်လပ်လပ် အိပ်ကြပေါ့"

"အို...မဟုတ်တာ ကိုလှဆောင်ရယ်"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်က အားနာရမယ့်လူ မဟုတ် ဘူး"



ကိုလှဆောင်သည် ပြောပြောဆိုဆိုပင် အိမ်ပေါ်မှ ဆင်းသွား လေတော့သည်။ ဘယ်လိုမှ တားလို့မရလိုက်ပါ။

တကယ်တမ်း ခုလိုအခြေအနေမျိုးကျတော့လည်း ကိုရှုပါ စိတ်ကျဉ်းကျပ်ရသည်။ ပြီးတော့ သူ့ရင်တွေ အသည်းအသန်ခုန်နေ သည်။ သူ့စိတ်ကို သူထိန်းသိမ်းနိုင်ဖို့မလွယ်..."

"ကဲ...ဘယ်နဲ့လုပ်ကြမလဲ"

"အို...ကျွန်မတော့ မအိပ်ဘူး"

"မင်းမအိပ်ချင်ပေမယ့် ငါအိပ်ချင်တယ်"

"ဘာပြောတယ်"

"အိပ်ချင်တယ်လို့ ပြောတာလေ"

"အို- ကျွန်မတော့ ရှင်နဲ့ ဘယ်နည်းနဲ့မှ အတူမအိပ်နိုင်ဘူး"

"အေလေ...ကျုပ်ကကော အတူအိပ်ချင်ပါတယ် ပြော လို့လား။ ဘာလို့ မဟုတ်တာတွေ တွေးနေရတာလဲ"

"ရှင်စကားပြောတာ နည်းနည်းတရားလွန်ပြီထင်တယ်။ မိန်းကလေးတစ်ယောက်ထဲဆိုပြီး နိုင့်ထက်စီးနင်းတော့ မပြောသင့်ဘူး"

"မတတ်နိုင်ဘူး။ မိန်းမရယ်၊ ယောက်ျားရယ်၊ ဘာထူးတာ ရှိတာတော်လို့ ကျုပ်ကတော့ ဒီလိုဘဲပြောတတ်တယ်"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ငါကိစ္စ မင်းနဲ့မဆိုင်ပါဘူး။ မင်းဟာသာအိပ်ချင်ရင် အဲ့ဒီ အိပ်ရာမှာသာ ဝင်အိပ်ပေတော့"

"အို...ဘယ်ဖြစ်မလဲ၊ ရှင်က ဘယ်မှာအိပ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခက်ပါလားချစ်ချစ်၊ မင်းဘာလို့ ကျုပ်ကို ဒါလောက် အထင်သေးထားရသလဲ၊ ဒါလောက်တော့ ကျုပ်လည်း နားလည်ပါ တယ်။ ကျုပ်က အခွင့်အရေးသမားမဟုတ်ဘူး"

ချစ်ချစ်သည် ကိုရှုပါနှင့် ပတ်သက်၍ စဉ်းစားရပြန်သည်။ မှန်သည်။ သည် သူသည် လူကောင်းတစ်ယောက်တော့ သေချာသည်။ တစ်လမ်းလုံးလည်း ချစ်ချစ်ကို သူ စောင့်ရှောက်လာခဲ့သည်။ ခုအချိန် အထိ။ သို့သော် မိန်းမတစ်ယောက်နှင့် ယောက်ျားတစ်ယောက် အတူ တကွ အိပ်စက်ကြဖို့ဆိုသည့်ကိစ္စကား ရေရေလည်လည် ပြဿနာ။

"ဒါဖြင့် ရှင်ဘယ်မှာသွားအိပ်မလဲ"

"ကဲကဲ အမိ သိပ်ပြီးတော့ မပူနေနဲ့၊ အိပ်ချင်တဲ့အချိန်သာ စိတ်ချပြီး အိပ်တော့။ ကျုပ် အိမ်ပြင်ထွက်ပေးမယ် ဟုတ်ပလား။ တံခါးကိုလည်း အတွင်းက ဂလန့်ထိုးထား"

ကိုရှုပါသည် ပြောပြောဆိုဆိုပင် ပက်လက်ကုလားထိုင်ကို မ,ပြီး အိမ်အောက်သို့ ဆင်းသွားလေတော့သည်။

တကယ်တော့ ချစ်ချစ်လည်း ငိုက်မြည်းစပြုပြီ။ သူ အိပ် လိုက်ချင်ပြီ။

ကိုရှုပါသည် အိမ်ရှေ့သစ်ပင်အောက်တွင် ပက်လက်ကုလား ထိုင်လေးချပြီး အိပ်မည်ပြုနေလေပြီ။ သည်တော့လည်း ချစ်ချစ်သူ့ကို သနားသွားရပြန်သည်။ တဆက်တည်းမှာပင် ကိုရှုပါ၏စိတ်ဓါတ် သူ့အတွက် လှုပ်ရှားနေပြီကို သဘောပေါက်လိုက်၏။ အဘယ့်ကြောင့်



ဆိုသော် သူကိုယ်တိုင်ကလည်း ကိုရှုပါအပေါ်တွင် အို ချစ်ချစ်သည် တစ်ခါတစ်ကြိမ်မျှ မကြုံဘူးသေးသော ခံစားမှုတစ်မျိုးကို သူ့ရင်ခွင် ဆောင့်ကွေးတစ်နေရာတွင် လှုပ်ကနဲခံစားလိုက်ရလေသည်။

ချစ်ချစ်သည် တံခါးပေါက်မှနေ၍ ကိုရှုပါကို တိုးတိုးညင်ညင် လှမ်းခေါ်လိုက်ပါသည်။

"ဒီမယ် . . . ဒီမယ်"

ကိုရှုပါ မထူးပါ။ တမင်ကလာ မထူးခြင်းဖြစ်ကြောင်း ချစ်ချစ် သဘောပေါက်ပါသည်။ ထိုအခါ ချစ်ချစ် ပြုံးမိလေသည်။ သူ့အပြုံးသည် ကျေနပ်သော ၏အပြုံး ဖြစ်ပါသည်။ ချစ်ချစ်က ဆက်၍ ခေါ်လေသည်။

"ကိုရှုပါ"

သည်လိုနှင့်လည်း မထူးပါ။ ချစ်ချစ်သဘောပေါက်ပါပြီ။

"ကိုကို"

မရဲတရဲ တိုးတိုးကလေး တုန်တုန်ခါခါ ခေါ်လိုက်သည်။ ကိုရှုပါသည် မျက်လုံးတစ်ဖက် ဖွင့်ကြည့်၏။ (သူ့မျက်လုံးတစ်ဖက်သည် ဆက်သီးဒဏ်ကြောင့် ဝိတ်နေပါသည်)

"အပြင်မှာ မအေးဘူးလား။ အထဲလာအိပ်လေ"

"ကိစ္စမရှိပါဘူး၊ အတူအိပ်လို့မှ မဖြစ်တာ"

"ဒီလိုလုပ်မယ်လေ၊ ရှင်က အခန်းထဲကအိပ်ရာထဲမှာ အိပ်ပေါ့၊ ကျွန်မပက်လက်ကုလားထိုင်နဲ့ဘဲ အိမ်ရှေ့ခန်းမှာ အိပ်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ . . . ကျေးဇူးပဲ"

"မှတ်ဘူးလေ၊ ရှင် သိပ်ပင်ပန်းနေလို့ စေတနာနဲ့ပြောတာပါ"

ကိုရှုပါ၏ ရင်၌လည်း တစ်ခုခုသည် လှုပ်ရှားသွားပြန်သည်။ ထိုတစ်ခုခုသည် စောစောက ချစ်ချစ်၏ ရင်ခွင်ထောင့်ကွေးတစ်နေရာကို လှုပ်ကနဲဖြစ်သွားစေသော တစ်ခုခုနှင့် အလွန်တူပါသည်။

မိန်းမတို့၏ ကြင်နာခြင်းကို ယောကျ်ားတိုင်း ခံစားမွေ့လျော်ကြသည် ထင်ပါသည်။

"ကဲပါ မင်းဖာသာမင်းသာ စိတ်ချလက်ချ အိပ်စမ်းပါ။ ခုလိုစကားတွေ လာပြောနေတာ အပိုပဲ၊ ကျုပ်လဲ အိပ်ရေးပျက်လှပြီ"

"ဒါကြောင့်ပြောတာပေါ့၊ ရှင်ဟိုအခန်းထဲက အိပ်ရာမှာ သွားပြီး နားနားနေနေအိပ်ပါလို့"

"မဖြစ်ပါဘူး၊ ကျုပ်မအိပ်ရဲဘူး"

စကားသုံးပုံ သဘောကျစရာ မကောင်းပါလား။ ချစ်ချစ်သည် သည်စကားကို ကြိုက်သွား၏။

"ကျွန်မကို စိတ်မချဘူးပေါ့ ဟုတ်လား"

"မှတ်ဘူး၊ ကျုပ်ကို ကျုပ်စိတ်မချတာ"

"ချစ်ချစ်သည် ကိုရှုပါကို လုံးဝစိတ်ချသွားသည်။ ဤသို့ ပွင့်လင်းရိုးသားစွာ စကားဆိုတတ်သော ယောကျ်ားတို့သည် စိတ်ကောင်း ထတ်သည်မဟုတ်လား။

"ကဲကဲ ရှင်သဘောပဲ၊ အိပ်ချင်တဲ့နေရာသာ အိပ်ပေတော့ ကျွန်မဒီတံခါး ကလန့်ထိုးမထားဘူးနော်"



"မဖြစ်ဘူး ထင်တယ်"

"ဖြစ်ပါတယ်ရှင့် . . . ရှင်အိပ်ချင်ရင် အိမ်ရှေ့ခန်းမှာဘဲ ပက်လက်ကုလား ထိုင်နဲ့ အိပ်ပေါ့။ တစ်ခုတော့ရှိတယ်။ အခန်းထဲတော့ ဝင်လာမယ်မကြံနဲ့၊ အူပွင့်သွားမယ်၊ ကျွန်မမှာ ဓားရှိတယ်"

နောက်ဆုံးစကားသည် ကျီစယ်သောစကားဖြစ်သောကြောင့် ကိုရှုပါ ကောင်းစွာသိလိုက်ပါသည်။ ထို့ကြောင့် ပြုံး၏။ ပြုံးသောအခါ မေးရိုးများ ကျိန်းသွားရလေသည်။ သို့သော် ကိုရှုပါသည် သစ်ပင် အောက်မှာပင် ပက်လက် ကုလားထိုင်ဖြင့် မှိန်းလိုက်၏။ အိပ်လို့တော့ မပျော်ပါ။ သူ့စိတ်သည် မငြိမ်သက်နိုင်ပါ။

× × ×

ချစ်ချစ်သည် တော်တော်နှင့် အိပ်မပျော်။ တကယ်တမ်း ကျတော့ သူစိုးရိမ်သည်အမှန်။ ကိုရှုပါကတော့ ဘာသားနှင့်ထုထား တာမို့လို့ပါနည်း။

သို့သော် ဆန့်ကြယ်သောစိတ်တခုက ရှိနေပြန်သည်။ ကိုရှုပါ သူ့အိပ်ခန်းအတွင်းသို့ ဝင်များလာလေမလားဟူသော စိုးရိမ်စိတ်နှင့်အတူ မျှော်လင့်စိတ်ကလေးလည်း မသိမသာပူးကပ်ပါလာခြင်းပင်ဖြစ်ပါသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ကိုရှုပါ အိပ်ရာကနိုးသောအခါ နေအတော်မြင့်နေပါပြီ။ ညကအနာရှိန်ကြောင့် တော်တော်နှင့် အိပ်မပျော်ခဲ့ပါ။ မိုးလင်းခါနီးကျမှ အိပ်ပျော်သွားခဲ့ပါသည်။ လူရောစိတ်ပါ ပင်ပန်းသဖြင့် တော်တော်ကြီး ခြေပစ်လက်ပစ် အိပ်ပျော်သွားမိသည်။

ခုမနက် နေရောင်ခပ်စူးစူးမျက်နှာပေါ်ကျမှ နိုးတော့သည်။ နိုးနိုးချင်းသတိ ထားမိသည်ကတော့ သူ့ကိုယ်တွေလက်တွေ နာကျင်နေခြင်းပင် ဖြစ်ပါသည်။ ပက်လက်ကုလားထိုင်ပေါ်မှာပင် တညလုံး နေခဲ့ရသဖြင့် တစ်ကိုယ်လုံးလည်း တောင့်တင်းနေသည်။

နံနက်ဟူသမျှသည် သာယာလန်းဆန်းစေသည်ချည်း ဖြစ်ပါသည်။ နံနက်ခင်း၏ ပိုင်ဆိုင်သောအရာဝတ္ထုအားလုံးသည် စိတ်ချမ်းသာ ကောင်းတတ်သည်သာ များပါသည်။



သည်မနက်သည်လည်း ကိုရှုပါပဖို့တော့ အလွန်လှပသည်။ မျက်နှာပြင် ဖူးရောင်ပြီး နာကျင်သည်ကလွဲလျှင်တော့ အားလုံးပဲ ကောင်းကြပါသည်။

အဘယ့်ကြောင့်ဆိုသော် ကိုရှုပါ မျက်လုံးအစုံကို ဖွင့်လိုက်သည်နှင့် ဖွင့်လိုက်ချင်း ကျက်သရေအပေါင်းနှင့်ပြည့်စုံသော မျက်နှာလေးကို မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

ကိုရှုပါ အိပ်ရာမှနိုးလာချိန်တွင် ချစ်ချစ်သည် ပြတင်းပေါက်နား၌ အိပ်ပျော်နေသောသူ့ကို ဂရုဏာသက်စွာ ငေးကြည့်နေသောကြောင့် ဖြစ်လေသည်။

ကိုရှုပါသည် ပက်လက်ကုလားထိုင်မှထ၍ အိမ်ရှေ့ရေစည်စင်မှ ရေတစ်ခွက်ခပ်ပြီး မျက်နှာသစ်သည်။ ရေထိသောအခါ မျက်နှာပေါ်က ဒဏ်ရာတွေကပို၍ နာကျင်စေသည်။

သူ အိမ်ပေါ်သို့ ရောက်သောအခါ ပို၍ကြည်နူးဖွယ်ကောင်းသော အခြင်းအရာကိုမြင်ရလေသည်။

အိမ်ရှေ့တွင် စားပွဲဝိုင်းတစ်ခု ခင်းထားသည်။ စားပွဲပေါ်တွင် မုန့်ဟင်းခါးပန်းကန်နှင့် ဟင်းရည်ပန်းကန်တို့ ပြင်ဆင်ထားသည်။ ကိုရှုပါသည် ချစ်ချစ်ကို အဓိပ္ပာယ်ပါပါ တစ်ချက်ကြည့်ပြီး ပြုံးလိုက်ပါသည်။

သူ့စိတ်ထဲမှာ တကယ်ပင် အိမ်ထောင်ကျနေသလိုလိုထင်မိသည်။ ချစ်ချစ်က မုန့်ဟင်းခါး ပြင်ဆင်ပေးထားသည်မှာ သူ့အဖို့ အလွန်ပင် စိတ်ကူးယဉ်ဖို့ ကောင်းသောအခြေအနေမဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သည်စိတ်ကူးကြောင့်ဘဲလားတော့မသိ။ ကိုရှုပါသည် မုန့်ဟင်းခါးစားပွဲတွင် အခန့်သားပင် ထိုင်ချလိုက်လေသည်။ သူ့အပြုအ တွေလည်း သူကျေနပ်သည်။ သူသည် သူ့ကိုယ်သူ အိမ်ဦးနတ်ကဲ့သို့ ထင်နေပါသည်။ ချစ်ချစ်က သူထိုင်နေသောနေရာသို့ မလာ ပြတင်းပေါက်နားမှာပင် ရပ်နေသည်ကိုတော့ သိပ်မကျေနပ်ချင်ပါ။

သူ့အလိုက ချစ်ချစ်ကိုယ်တိုင် သူ့ကို ခူးခပ်ကျွေးစေချင် သည်။

"ဘယ်ဆိုးလို့တုန်း ဒါ မင်းဝယ်ထားတာလား"

"ကိုလှဆောင် ဝယ်ထားတာပါ"

"အော်...ကျုပ်က မင်းများဝယ်ထားတာလားလို့"

ချစ်ချစ်က ချစ်စဖွယ် ရယ်လိုက်သည်။ (အသံထွက်)

"ကျွန်မမှာ ဝယ်စရာပိုက်ဆံမှ မရှိဘဲ"

"ကျုပ် ရုပ်အင်္ကျီထဲမှာ ရှိသားပဲဟာ"

"ကျွန်မပိုက်ဆံမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် အခုချိန်မှာတော့ ဒီလိုဘဲ မျှမျှတတ မှာဘဲပေါ့။ ကျုပ် နားလည်မှု ရှိပါတယ်။ ပြီးတော့ ကိုလှဆောင်ကြီး မှာက ရှိရှာတာမဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ခုလဲ မုန့်ဟင်းခါးက ရှင့်ရုပ်အင်္ကျီအိတ်ထဲ ပိုက်ဆံနဲ့ ဝယ်တာပါပဲ၊ ကိုလှဆောင်ကိုယ်တိုင် နှိုက်သွားတာ သုံးကျ"

"အော့်အော်...ပြီးရောပေါ့။ ကျုပ်တို့ချင်းကတော့ ဒီ အားမနာတတ်ဘူး။ နို့...မင်းကော စားပြီးပြီလား"



ချစ်ချစ်က ရုက်ခေါင်းညိတ်ပြ၏။ ကိုရှုပါ၏ ပိုက်ဆံနှင့် ဒုဝမ်းရေး ဖြည့်တင်းနေရသည်ကို ချစ်ချစ်ရှက်မိပါသည်။ တစ်သက် င့်တကိုယ် သည်လိုဘဝမျိုး တစ်ခါမှ မရောက်ဘူးပါမဟုတ်လား။

"ကိုလှဆောင်ကော ခုဘယ်သွားလဲ"

"ဘတ်(စ်)ကား လက်မှတ်ကိစ္စသွားတယ်"

"အဲဒီကိစ္စအတွက်ကော ပိုက်ဆံယူသွားသေးလား"

"မယူဘူးလေ၊ ရှင့်ကို သူ ညကတည်းကပြောထားသားပဲ"

ဘတ်(စ်)ကားလက်မှတ်ကိစ္စတော့ သူလုံးဝ တာဝန်ယူမယ် း"

"ဟာ...အားနာစရာကြီး။ မင်းက ယူ မပေးလိုက်ဘူးလား"

"အို...ရာရာစစ ကျွန်မနဲ့ ရှင့်ပိုက်ဆံနဲ့က ဘာဆိုင်လို့တုန်း"

"အင်း...ဟုတ်သားပဲ"

"ဘာဟုတ်တာလဲ၊ နေစမ်းပါဦး။ ရှင်က ကျွန်မကို ဘယ်လို း သဘောထားနေလို့လဲ"

"ဆောရီးဘဲ၊ ကိုကို ယောင်သွားလို့"

"လာပြန်ပြီလား ကိုကို"

"ဒါလဲ... ယောင်ပြီ ပြောမိတာပဲ"

"ဟင်း...ယောင်ပဲ ယောင်တတ်တယ်"

ချစ်ချစ်သည် သုံ့စကားနှင့် အကိုက်ညီဆုံးသော မျက်စောင်း းကလေးကို စိတ်မဆိုးစွာ ထိုးလိုက်ပါသည်။

ထိုအချိန်မှာပင် ချစ်ချစ်သည် အိမ်ရှေ့လမ်းမပေါ်သို့ ဖျော်ကန်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး လန့်သွားလေသည်။ ရဲသားလေးနှစ်ယောက်သည် သူတို့ထံ
တန်းတန်းမတ်မတ် လျှောက်လာနေကြသည်။

"ဟင် . . . ဟိုမှာ ရဲတွေ"

ကိုရှုပ်ပါသည်လည်း ရုတ်တရက် ခေါင်းကြီးသွားသည်။ ခု
ပက်ပင်းကြီး တိုးလိုက်တော့ မလွှယ်ပြီ။ ချက်ချင်းပင် စိတ်ကူးရသည်

"ကဲ . . . ချစ်ချစ် မင်းအိပ်ခန်းထဲသွားနေ။ ကျုပ်ပြောတာ
ကို အလိုက်အထိုက်သာ ပြန်ပြော"

ချစ်ချစ်သည် ကိုရှုပ်ပါပြောသည့်အတိုင်းပင် အိမ်ခန်းထဲ
ဝင်ပြေးလေသည်။

ရဲသားများ အိမ်ပေါ်တက်လာကြသည်။ သူတို့လှေကား
ရောက်သည်နှင့် ကိုရှုပ်ပါသည် စားလက်စမုန့်ဟင်းခါးပန်းကန်ကို
ပေါ်သို့ ခပ်ပြင်းပြင်း ဆောင့်ချလိုက်တော့သည်။

"ငါ့ကို ဒီလိုလာစမ်းလို့မရဘူး။ မင်းကို ငါသတိပေး
များပြီ၊ မုန့်ဟင်းခါးဝယ်ရင် ရေတ်သီးမှုန့် မမေ့နဲ့လို့"

ရဲသားနှစ်ယောက်သည် ကိုရှုပ်ပါ၏ အော်ငေါက်သံကြော
ခြေလှမ်းတုန့်သွားကြ၏။ ချစ်ချစ်သည် အတွင်းခန်းကျူထရံမှ ချော
ကြည့်ရင်း ကိုရှုပ်ပါ၏ သရုပ်ဆောင်ချက်ကို ရယ်ချင်မိသည်။

"ဟေ့ . . . အေးပွင့် ငါမေးနေတာမကြားဘူးလား . . . ဟင်"

ချစ်ချစ်သည် တစ်စုံတစ်ရာ ပြန်မပြောရဲသေးပါ။ သူပြန်ပြော
လိုက်လျှင် ရယ်သံပါ ပါသွားမှာ သေချာသည်။



ကိုရှုပ်ပါသည် စားပွဲကို ဝှမ်းကနဲမြည်အောင် လက်သီးဖြင့်
ထုချလိုက်၏။

"မင်းအိမ်မှာမင်း ခြေမွေးမီးမလောင် လက်မွေးမီးမလောင်
နေခဲ့ပေမယ့် ယောက်ျားယူရင် လင်ဘာကြိုက်တတ်လဲဆိုတာ သိရ
မယ်ကွ။ တော် . . . တစ်ခါပြောလို့ နားမလည်ရင် ခွင့်လွှတ်တယ်။
ဘာက အခါတရားမကတော့ဘူး"

ကိုရှုပ်ပါသည် ရဲသားများဘက်သို့ လုံးဝလှည့်မကြည့်ဘဲ၊
ဆောက်တခေါက် ခေါက်လုပ်နေသည်။

"ဟေ့ . . . ဖြေစမ်း . . . ဖြေစမ်း၊ ငါမေးနေတာ ဖြေမှ
ကြိုက်တယ်"

"အို . . . မေ့သွားလို့ပေါ့"

မထူးတော့ဘူးဟူသောသဘောဖြင့် ချစ်ချစ်သည် လွှတ်ကနဲ
အလုံးပြန် အော်မိလေသည်။

"ဒါလောက်တောင် မေ့တတ်ရအောင် မင်းရူးနေသလား။
ငါ့ကိုမှ မေ့တတ်ရအောင် ဘယ်လင်ငယ်ကိစ္စအရေးကြီးနေလို့
ပြောစမ်း"

"အိုး . . . ဒီလိုမစွပ်စွဲနဲ့"

သည်တခါတော့ ချစ်ချစ်တကယ်နာသွား၏။ အယောင်
ဆောင်ပြောသည် မှန်သော်လည်း ခုလောက်ထိတော့ ချိုးချိုးဖဲ့ဖဲ့
ပြောသင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ··· အရမ်းစွပ်စွဲနေတာမဟုတ်ဘူး" မင်းရဲ့ အီစမန်အင်နဲ့ကိစ္စကြားနေတာ ကြာပြီကွ။ လက်မှုလက်ချက်မမိသေးလို့မှတ်"

သည်တစ်ချီတွင်တော့ ချစ်ချစ်သည် ရယ်ချင်စိတ်ကို မနည်းကြီး အောင့်အီးထားလိုက်ရသည်။

"ဩော် ··· ရှင် ကိုလျှောက်ကီးရဲ့ကြီးဒေါ် ဒေါ်ကျင်စွမ်ကို ပလူးပလဲလုပ်ပြီး ရသမျှခြူနေတာကရော"

"ဒါက မင်းတို့သားအမိကို ကျွေးဖို့ရှာရတာပဲ"

ကိုရှုပါအဖို့လည်း မသက်သာပါ။ ချစ်ချစ်၏ အချက်အတိုင်းချေပမှုကို ရယ်ချင်သဖြင့် မနည်းအောင့်ထားရသည်။

"ဘာ ကျွန်မတို့သားအမိလဲ၊ ရှင်ကလေးတွေအပေါ် ဘယ်လောက်များဂရုစိုက်လို့လဲ"

"စိုက်သားပဲ ··· အကြီးကောင်သုံးကောင်ကို။ ဟိုအငယ်ဆုံးလေးတော့ ငါ စိတ်မသန့်ဘူး။ ဒင်းရုပ်က အီစမန်အင်ရဲ့ရုပ်ဆင်ဆင်ရယ်"

"ရှင် အဲ့သလို မပြောနဲ့"

ချစ်ချစ်၏ အသံသည် အသံကုန်အော်လိုက်ခြင်းဖြစ်၍ ရဲသားများပင် လန့်သွားလေသည်။

"ဟေ့- ငါ့ကို ခံမအော်နဲ့၊ ခွေးတိရစ္ဆာန်မ"

"အောင်မယ် ··· အော်မယ်"

"အော်ဦးကွာ"

ကိုရှုပါသည် မုန့်ဟင်းခါးဟင်းရည်ထည့်ထားသောချိုင့်ကို



နံရံသို့ပစ်ပေါက် လိုက်လေသည်။

ကိုရှုပါ၏ လက်သံနှင့် မရှေးမနှောင်းမှာပင် အတွင်းခန်းဆီမှ တစ်စုံတစ်ရာကိုင်ပေါက်သံ ပေါ်လာလေသည်။

ရဲသားများလည်းမထူးတော့ပြီဟူသော သဘောဖြင့် ကိုရှုပါကို အသံပြု ရလေတော့သည်။

"ဒီမယ်ခင်ဗျာ"

ကိုရှုပါက ယခုမှပင် မြင်လေဟန်၊ အားနာပါးနာဟန်ဖြင့် ထည့်ကြည့်၏။

"ဩော် ··· ဆရာတို့ ထိုင်ပါ။ ဆော်ရီးပဲနော်၊ ကျွန်တော်ဆဲဗျာ"

"ဟာ ··· ရပါတယ်၊ ကျွန်တော်တို့ သဘောပေါက်ပါတယ်၊ ဒီလိုပဲပေါ့"

"မှတ်ဘူးဗျာ၊ မိန်းမတွေကို မကောင်းပါဘူး"

အတွင်းခန်းဆီမှ ကတ်ကတ်လန် ရန်တွေ့သံပေါ်လာ၏။

"မကောင်းရင် မပေါင်းနဲ့"

"အေး ··· မင်းကို ချက်ချင်းကွာမယ်။ ဒီမှာလဲ ရဲသားတွေရောက်နေတာ အတော်ပဲ"

ရဲသားများ စိတ်ပျက်လာကြလေသတည်း။

"ကဲပါ ကိုရှုပါ တခဏသည်းညည်းခံပါ။ ကျွန်တော်တို့အရင်းကိစ္စပြောပါရစေဦး"

"ဩော် ··· ဟုတ်ကဲ့ အမိန့်ရှိပါ"

www.burmeseclassic.com

www.burmeseclassic.com



"ညက ကျွန်တော်တို့ဆီလာပြီး တိုက်ချက်ဖွင့်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး စခန်းမှူးက မေးစရာရှိလို့ ကျွန်တော်တို့ကို အခေါ်လွှတ်လိုက်ပါတယ်။"

"ဟုတ်ကဲ့ ··ကျွန်တော် အခုပဲလိုက်ခဲ့ပါမယ်။ ဆရာတို့သာ သွားနှင့်ကြပါ"

ရဲသားများလည်း ဝမ်းသာအားရထပြန်ကြလေ၏။

"သြော် · · · ကျွန်တော်ဇနီးရော ခေါ်ခဲ့ဖို့လိုပါသေးလား"

အမှန်မှာ ကိုရှုပါက ရဲသားများကို အယုံသွင်းလိုက်ခြင်းသာ ဖြစ်ပါသည်။ ဤသို့စကားခေါ်လိုက်သဖြင့် ချစ်ချစ်နှင့်ပတ်သက်၍ သူတို့လုံးဝ သံသယကင်းမည်မဟုတ်လား။

ရဲသားများ ဘာမှပြန်မပြောခင် အတွင်းအခန်းဆီမှ ထွေး တစ်လုံး လွင့်စင်ထွက်လာပြီး ချစ်ချစ်အသံ ဆက်တိုက်ပေါ်လာသည်။

"မလိုက်ဘူး။ ရှင့်ကိစ္စ ရှင့်ဘာသာရှင်း"

"ရပါတယ်ဗျာ၊ ခင်ဗျားတစ်ယောက်တည်းလာရင် ပြီးတာပဲ သိပ်အရေးမကြီးပါဘူး"

ရဲသားများပြန်သွားကြသောအခါ ကိုရှုပါ အားရပါးရရယ်မော လေသည်။ ချစ်ချစ်ကလည်း အခန်းထဲမှ ပြေးထွက်လာပြီး မျက်ရည် ထွက်အောင်ပင် ရယ်မောလေသည်။

မိန်းမတို့ အားရပါးရရယ်မောခြင်းတွင် ဤကဲ့သို့ သန့်ရှင်းစွာ ရယ်မောခြင်းသည် မင်္ဂလာရှိပါသည်။



သူတို့သည် ရယ်မောခြင်းကိစ္စကို တော်တော်နှင့် အရှိန် မသတ်နိုင်ချေ။ သူတို့သည် ရယ်စရာကောင်းခဲ့သောအကြောင်းကိုတော့ စကားမြို့မပြန်ကြပါ။ ပြန်လို့လည်း မဖြစ်ပါ။ သူတို့ပြုခဲ့သမျှဟာသသည် တကယ်တန်း ပြန်ပြောကြလျှင် ရယ်စရာမကောင်းပါ။ ရက်စရာ ကောင်းပါသည်။ လင်ငယ် မယားငယ်ကိစ္စ ကလေးလေးယောက်ရှိသည့် ကိစ္စတို့ကို အသာထားဦး၊ မယားအဖြစ် သရုပ်ဆောင်လိုက်ကြရသည်ပင် အရားလွန်နေပါပြီ။

"ကဲ· · ·ရယ်စရာမောစရာ ခဏထားဦး၊ ဒီမြို့က မြန်မြန် သစ်ဖို့က အရေးကြီးတယ်"

ချစ်ချစ်က မျက်နှာပိုးသတ်၍ စကားစလေသည်။

"ကျုပ်ကတော့ ကျုပ်ပိုက်ဆံပြန်ရတဲ့အထိ စောင့်ချင်သေး တယ်"

"အို··ဒီပိုက်ဆံ မန္တလေးရောက်ရင် ကျွန်မပြန်ပေးပါမယ်လို့ ပြောထားသားပဲ"

"မင်းက ဘာဆိုင်လို့ ပြန်ပေးရမှာလဲ၊ နို့ နေစမ်းပါဦး၊ မင်းပြောပုံက ဘာလဲ ကျုပ်ကမင်းကို မန္တလေးအထိလိုက်ပို့ပေးနေရဦး မှာလား"

"ဟင်"

ချစ်ချစ်ဝမ်းနည်းသွားသည်။ အဘယ့်ကြောင့်ဆိုသော် ချစ်ချစ် စိတ်၌ ကိုရှုပါကိုခရီးသွားဖော်အဖြစ် နိုင်မာနေပြီ ဖြစ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သံယောဇဉ်တို့မည်သည် မိမိကိုယ်မိမိ သတိထားမိသော အချိန်ကလေးတွင်သာ ရုတ်တရက် ရစ်ပတ်တတ်သော ဖြုပ်မဲ့နွယ်ကြီး သာတကား။

"ရှင်က ဒီမှာနေခဲ့မယ်လား"

"အေးပေါ့ ကျုပ်ငွေပြန်မရမချင်း နေရမှာပဲ၊ စိတ်မပူပါနဲ့။ မင်းငွေပြန်ရရင်လဲ ကျုပ်လာပို့ပေးပါ့မယ်၊ လိပ်စာသာပေးခဲ့ဟုတ်လား"

"ကျွန်မတစ်ယောက်တည်း မန္တလေးသွားရမှာလား"

"ဟာ- မင်းအိမ်က ထွက်ပြေးလာကတည်းက တစ်ယောက်ထဲမဟုတ်လား"

"ပြီးရော . . . ပြီးရော"

"အေး . . . ကိုလှဆောင်ပြန်လာရင် ကားအချိန်မေးပြီး မင်းကိုဘေးမသီရန်မခ တင်ပေးလိုက်မယ်၊ မန္တလေးသိပ်မဝေးပါဘူး။ မိုင်ငါးဆယ်လောက်ပါ"

"ပြီးရော . . . ပြီးရော"

ထို "ပြီးရော" ၏ အဓိပ္ပာယ်ရှင်းပါမည်။ ထို "ပြီးရော . . ပြီးရော" သည် ချစ်ချစ်၏ နွဲ့ဆိုးဆိုးတတ်သော စိတ်ကလေးကို ဖော်ကျူးပါသည်။

ပြီးတော့ ကိုရှုပါကို ရင်းနှီးအားကိုးသည့်စိတ်၊ ထိုသို့ မိမိအားကိုးသည်ကို ဥပေက္ခာထားခြင်းခံရသောအခါ ဂျစ်တိုက်ချင်သော စိတ် စသည်တို့ကို ဖော်ကျူးထားပါသည်။

"ကဲ . . . ကျုပ်ရဲစခန်းသွားလိုက်ဦးမယ်၊ ဘာမှာအုံးမလဲ"



"မရှိဘူး"

"အေး . . . ပြီးရော ပြီးရော"

× × ×

ကိုရှုပါ ရဲစခန်းမှ ပြန်လာသောအခါ ချစ်ချစ်သည် ရေမိုးချိုးပြီးပြီဖြစ်၏။ ရေမိုးချိုးလိုက်သောအခါ စိတ်ပါလန်းဆန်းသွားလေသည်။

ထို့ကြောင့် ကိုရှုပါကို နောက်ထပ်ဂျစ်မတိုက်တော့ဘူးဟု သူဆုံးဖြတ်ထား၏။

ရှေ့ဆက်ရမည့်ခရီးအတွက်ကား ကိုယ့်ဘဝနှင့်ကိုယ်ရှိပါစေတော့။

"စခန်းက ဘာထူးသေးလဲ"

"မထူးပါဘူး"

"ဒါဖြင့် ဗိုက်ဆာတော့ ဆုံးပြီပေါ့"

"ဒီလိုတော့လဲ မဟုတ်ပါဘူး။ မှုခင်းဆိုတာ ချက်ချင်းကြီးသိက်၊ ချက်ချင်းကြီးမိဖို့တော့ ဘယ်လွယ်ပါ့မလဲ"

"ဒါဖြင့် ရှင် . . . ဒီအမှု မပြီးမချင်း နေမှာပဲပေါ့ ဟုတ်လား"

ကိုရှုပါ သဘောကျသွားလေသည်။ ချစ်ချစ်၏ စကားရိပ်သည် သူနှင့်အတူ ခရီးသွားရန်ဘက်သို့သာ ထိုးကျနေသည် မဟုတ်ပါလား။

ထိုအခါ ကိုရှုပါ ချစ်ချစ်ကို သနားသွားလေသည်။ မိန်းမတို့

www.burmeseclassic.com

www.burmeseclassic.com



အပေါ် ကရုဏာသက်မိခြင်းသည် အလွန်လွယ်ကူသော အလုပ်တစ်ခုပင် ဖြစ်လေသည်။

တကယ်တမ်းတော့လည်း ကိုရှုပါကိုယ်တိုင်၌က ချစ်ချစ်ကို မန္တလေးအထိ လိုက်ပို့ရန် ဆုံးဖြတ်ပြီးဖြစ်လေသည်။ သူလည်း ချစ်ချစ်ကို သံယောဇဉ် တွယ်ပြီးပါပြီ။ မန္တလေးလောက်ကလေးထိ ချစ်ချစ်နှင့် ခရီးသွားရမည်ကိုပင် ဟဲ . . . ဟဲ နည်းသည်။

တကယ်တမ်းကျတော့ ဆရာသုခ၏ ဘဝသံသရာသီချင်းထဲကလို ခရီးပန်းတိုင်မရောက်မချင်း တစ်သက်လုံး လက်တွဲချင်ပါသည်။

ကိုရှုပါက မညာတတ်ပါ။ သူချစ်ချစ်ကို စိတ်ဝင်စားပါသည်။ သို့သော် ဤနေရာ၌ စာပေသမားတို့၏ သိက္ခာသည် ပေါ်လွင်လှပါသည်။ သည်အခြေအနေမျိုးတွင်တော့ ချစ်ချစ်ကို နည်းနည်းကလေးမှ စိတ်မဝင်စားပုံ မပြနိုင်ပါ။ ထို့ကြောင့်ပင် တတ်နိုင်သမျှ ဘုကလန့်တွေချည်း ပြောနေခဲ့သည်။

ငယ်ငယ်က ကျောင်းသားဘဝတွင် အခြားကျောင်းသားတွေကို စာကူပြပေးသဖြင့် မိမိအတွက်ပါ စာပို၍ကျေညက်သွားတတ်သည့် သဘောကို ကြုံဘူးကြပါလိမ့်မည်။

သည်တစ်ခါပင်ဖြစ်ပါသည်။ ကိုရှုပါသည် ချစ်ချစ်ကို တတ်နိုင်သမျှ အရောတဝင် မနေခြင်းဖြင့် သူ့ကို သူလည်းထိန်းသိမ်းနေရလေသည်။



သို့သော် ချစ်ချစ်၏ အားငယ်နေသောစိတ်ကို ကရုဏာသက်မိသဖြင့် လိုက်လိုက်လျောလျော ပြောသင့်သည်ဟု ယူဆသည်။

"မင်းကို မန္တလေးထိ လိုက်ပို့မယ်ဟု စိတ်ကူးထားတယ်"

ချစ်ချစ်သည် ပျော်သွားပါသည်။ မိန်းကလေးတို့သည် ပျော်သွားလျှင် အလွန်သိသာပါသည်။ သူတို့ မျက်နှာတွေရုတ်ခြည်း ပြောင်းလဲသိသာပါသည်။ ပြီးတော့ လိုအပ်သည်ထက်ပို၍ ကျေးဇူးတင်သွားတတ်သည်။ ထိုအခါ စေတနာပိုသောစကားတွေကို ပြောဆိုမိတတ်သည်။ ဤကဲ့သို့ဖြစ်ခြင်းသည် အလွန်ဗမာဆန်သောခလေ့ဖြစ်ပြီး မိန်းမတို့၏ မင်္ဂလာလည်း ဖြစ်ပါသည်။(စာရေးသူ၏ အာဘော်မျှသာ ဖြစ်ပါသည်။)

"ကောင်းတာပေါ့။ ဒါဆိုရင် ငွေကိစ္စတွေအတွက် ဒီကိုတစ်ခေါက်ပြန်လာစရာတောင် မလိုဘူး။ ကျွန်မ ဟိုရောက်တာနဲ့ပေးမယ်"

"ဟော . . . မင်းစကားက ဘာစကားတုန်း။ ကျုပ်မင်းကို မန္တလေးလိုက်ပို့မယ်ဆိုတာ အဲဒီကိစ္စကြောင့် ထင်လို့လား"

"အို . . . မှတ်ပါဘူး။ ချစ်ချစ်စေတနာနဲ့ ပြောမိတာပါ"

ချစ်ချစ်ဝမ်းနည်းသွားသည်။ သူ့ စေတနာသည် ရိုးရိုးသားသား စေတနာမျိုးပင်မဟုတ်။ လိုသည်ထက်ပိုသော စေတနာမျိုးဖြစ်၏။ သည်အတွက် အထင်မှားခံရခြင်းသည် ဝမ်းနည်းဖို့ကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို ကိုရှုပါ သတိထားလိုက်မိပါသည်။ ထို့ထက် သတိပို၍ ထားမိသောအချက်မှာ ချစ်ချစ်က သူ့ကိုယ်သူ "ချစ်ချစ်"ဟု စတင်သုံးနှုန်းလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

"ဆော်ရီးပဲကွာ၊ ကျုပ်က ငွေကြေးနဲ့ ပတ်သက်လာရင် သိပ်ပြီး အပြောမခံချင်တဲ့ဝသီကြောင့် ပြောမိတာပါ စိတ်မဆိုးနဲ့နော်"

ချစ်ချစ်သည် အလိုလိုနေရင်း မျက်ရည်ကျမိ၏။ ဘာကြောင့်ဆိုတာတော့ သူ့ဖာသာလည်း မသိချေ။ သေချာတာတစ်ခုကတော့ သူသည် ကိုရှုပါနှင့် ပတ်သက်၍ စိတ်ထိခိုက်လွယ်တတ်နေပြီ၊ သို့သော် ဤသို့ ချစ်ချစ်စိတ်ထိခိုက်ရသည်ကို ကိုရှုပါကျေနပ်သည်။ တစ်ပါးသူ မျက်ရည်ကျရမှ နေသာထိုင်သာရှိတတ်သော သဘောမျိုးတော့ မဟုတ်ပါ။

ကိုရှုပါကျေနပ်ရပုံမျိုးသည် မိမိအတွက် မိန်းကလေးတစ်ယောက် စိတ်လှုပ်ရှားရခြင်းကို ကျေနပ်ပုံမျိုးဖြစ်သည်။ တမျိုးပဲလေ။

"ကဲ . . . ကဲ . . . ဒါထားလိုက်ပါတော့လေ၊ နေ့လယ်ပိုင်းလောက် ဒီကပြန်ထွက်ကြမှာဆိုတော့ ခုကတည်းက ထုပ်ပိုးထားတော့ ဟုတ်လား"

"ဟင် . . . ဘာကို ထုပ်ပိုးရမှာလဲ"

"မင်း ပစ္စည်းတွေလေ"

"ဟာ . . . ကျွန်မမှာ ဘာမစ္စည်းမှ မကျန်တော့တာ"

"ဟုတ်သားပဲ"

ချစ်ချစ်သည် မျက်ရည်စများဖြင့် ရယ်ပါသည်။ ချစ်ချစ်၏



အဖြစ်ကိုကြည့်ပြီး ကိုရှုပါလည်း ရယ်ပါသည်။

ထိုအချိန်တွင် ကိုလှဆောင်ရောက်လာသည်။ သူ့လက်ထဲတွင် လေးဆင့်ချိုင့်တစ်လုံးဆွဲလျက် ပါလာသည်။ ချိုင်းကြားတွင် သတင်းစာတစောင် ပါလာသည်။

"ကဲ . . . မချစ်ချစ်ရေ၊ ဒီနေ့ သတင်းစာထဲမှာ ဆုငွေထပ်တိုးပြန်ပြီ၊ ငါးထောင်တဲ့၊ ဟဲဟဲ . . . ကျွန်တော်တောင် သတင်းပို့ချင့်စိတ်ပေါက်လာပြီနော် "

ချစ်ချစ်က အလိုက်သင့်ရယ်မောလိုက်ပါသည်။ ကိုလှဆောင်၏ စိတ်နေသဘောထားကို ချစ်ချစ် ကောင်းကောင်းသဘောပေါက်ထား သည်။ သူသည် အပေါင်းအသင်း မျက်နှာမှလွဲ၍ ဘာမှ ခန့်ထားမည့်သူ မဟုတ်။

ချစ်ချစ်သည် ကိုလှဆောင်လက်ထဲမှ သတင်းစာကို ယူပြီး ဖတ်ကြည့်သည်၊ ဘာမှမထူးခြား။ ဆုငွေတိုးသည်မှအပ အရင်နေ့က အတိုင်းပင်။ ချစ်ချစ်စိုးရိမ်သည်မှာ တစ်ခုသာဖြစ်သည်။ ဖွားဖွား အစ်ဝိုတစ်ရာဖြစ်သွားမှာကိုသာ ဖြစ်ပါသည်။

ကိုရှုပါကတော့ ကိုလှဆောင်လက်ထဲက ထမင်းချိုင့်ကိုသာ ဆန်းဆေးလေသည်။

"ဟေ့လူ- ဒါ ဘယ်ကလဲ"

"ဒီတစ်ခါတော့ ကျွန်တော်ကိုယ်တိုင် ကျွေးတာဗျို့"

"ဟာ . . . မဟုတ်တာဘဲဗျာ၊ ခင်ဗျားအခြေအနေလဲ ကျွန်တော်တို့ သိနေသားပဲ၊ ဘာလို့ ဒီလိုလုပ်ရတာလဲ၊ ကျွန်တော်မှာ

www.burmeseclassic.com

www.burmeseclassic.com



အိတ်စောင့်ပိုက်ဆံ ရှိပါသေးတယ်ဗျ"

ကိုလှဆောင်ပြုံးသည်။ ချစ်ချစ်ပင် ဝင်၍ပြုံးမိသည်။

"ဟုတ်သားဘဲ ကိုလှဆောင်ကြီးရယ်၊ ခုလောက်ထိ ကူညီနေတာပဲ ကျေးဇူးတင်လှပါပြီ"

"အရမ်းကျေးဇူးမတင်နဲ့နော်၊ ကျွန်တော်က ဆုငွေထုတ်မယ့်ကောင်မို့ ခင်ဗျားကို မျက်နှာချိုသွေးနေတာ ဟဲဟဲ"

"ရပါတယ်ရှင်၊ ကျွန်မကိုယ်တိုင် ထောက်ခံချက် ရေးပေးလိုက်ပါ့မယ်"

"ဒီမယ် ကိုလှဆောင် ဆုငွေကိစ္စကိုတော့ ခင်ဗျား သိပ်မမျှော်လင့်နဲ့၊ အချိုးကျပဲရမယ်၊ သူ့ကိုပိုင်တာက ကျွန်တော်ဗျ"

ကိုရှုပါက သန့်ရှင်းစွာ ဝင်နှောက်သည်။

"အောင်မလေး သားသမီးတစ်ယောက်လောက်ရရင် သဌေးသမက်ဖြစ်မယ့်လူကများ ဒီငွေလေးမက်နေရသေးလား ကိုရှုပါရယ်၊ ဘဏ်တိုက်တစ်ခုလုံး ကိုယ့် လက်ထဲရောက်နေမှ လခစားအလုပ်ကို မက်နေရတယ်လို့ ဟား···ဟား···"

ကိုလှဆောင်ကတော့ သဘောရိုးဖြင့် ကျီစယ်ခြင်းဖြစ်သော်လည်း ချစ်ချစ်အဖို့ရာတော့ နေရထိုင်ရခက်လှပါသည်။ သို့သော် ရိုးရိုးသားသားပြောရလျှင် ကိုရှုပါနှင့် မိမိတို့ ဇနီးမောင်နှံဟု အထင်ခံရသည်အတွက် ချစ်ချစ်စိတ်၌ ကြည်နူးသလိုလိုနေပါသည်။

"ကဲ···ဒါထားစမ်းပါအုံး။ ခု ခင်ဗျား ဝယ်လာတာ



ဘယ်လောက်ဖိုးတုန်း"

"အကြွေးဝယ်လာတာလား"

"မှတ်ပါဘူးဗျာ၊ ကဲ···စားမှာသာ စားကြစမ်းပါ၊ ကျွန်တော် ဘယ်ကရရပေါ့"

"မရဘူးဗျာ၊ ဒါဆိုရင်တော့ မှန်းပြီးပိုက်ဆံပေးရမှာပဲ ကိုလှဆောင်"

"ကဲ···ကျွန်တော်ပြောပြမယ်၊ ကျွန်တော်ပြောလိုက်ရင် ခင်ဗျားတို့ မစားကြမှာစိုးလို့၊ ဒီလိုဗျာ··· ဟိုဘက်ရပ်ကွက်က ကျွန်တော်မိတ်ဆွေတယောက်ရဲ့ ဦးလေး ဦးသောင်းတင်ဆိုတာ ဆုံးတယ်၊ ဒီနေ့ရက်လည်တယ်၊ အဲဒီက သယ်လာတာ ရှင်းပြီလား"

ကိုရှုပါသည် သဘောကျစွာ ရယ်မောရင်း ချစ်ချစ်ကို လှည့်ကြည့်သည်။ နည်းနည်းတော့ နာခေါင်းရှုံ့ပုံရသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော် ငွေကြေးမတတ်နိုင်ပေမယ့် ခင်ဗျားတို့ကို မင်္ဂလာ ထမင်းလေးလောက်တော့ ကျွန်တော်ချွေးနဲ့စားနဲ့ ကျွေးချင်လို့ပါ"

ချစ်ချစ်သည် ကိုလှဆောင်၏ စေတနာကို အလေးထားမိသဖြင့် မသတီစိတ် ပျောက်သွားသည်။ ထိုအခါ ထမင်းဆာလာသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



စပေါင်းထမင်းစားကြသည်။ မြိန်ပါသည်။ ခရီးဆက်ကြ ကိစ္စကိုလည်း ဆွေးနွေးကြသည်။

"မန္တလေးထိ ဘတ်(စ်)ကားခကိုလည်း ကျွန်တော်ပဲ တာဝ ယူမယ်နော်၊ ခင်ဗျားတို့ မငြင်းရဘူး"

"ဟဲဟဲ ဘယ်တုန်းက အသုဘအိမ်က ကားလက်မှတ်ဒ ပါ ဝေလို့လား"

"မှတ်ဘူးလေ၊ အဲ့ဒီကားလိုင်းမှာ ကျွန်တော်ဘော်ဒါဒ ရှိတာပဲ၊ ကျွန်တော်ကတော့ ခင်ဗျားငွေမရှိဆို ငွေလဲလို့မှမလိုလဲ ဒီလိုတဲ အပေါင်းအသင်းနဲ့နေတော့ တော်ရုံကိစ္စဟာ ကျွန်တော့်အတွ ငွေကြေးမလိုတော့ပါဘူးပေါ့"

ချစ်ချစ်သည် ကိုလှဆောင်လေးကို လေးစားခင်မင်သ လေသည်။

"သြော် . . . ဒါနဲ့ နေဦး၊ ဒီကနေ မန္တလေးအထိသွ လမ်းမှာ စားစရိတ်သောက်စရိတ်အတွက်ကော"

"ကျွန်တော်မှာ ကျန်ပါသေးတယ်"

"အားမနာနဲ့နော်၊ လိုရင် ကျွန်တော်ချေးပေးမယ်"

"နေပါစေဗျာ၊ ဟိုရောက်ရင် ပြေလည်မှာပဲဟာ"

"ကဲ . . ဒါဖြင့် နောက်ထပ် ကျွန်တော် ဘာကူညီရဦး"

ချစ်ချစ်သည် စိတ်ကူးတစ်ခုကို ရုတ်တရက်ရလိုက်သ

သူ့စိတ်ကူးသည် ခုအချိန်တွင် အသုံးချဖို့ အသင့်တော်ဆုံး သည်။ မိတ္ထီလာနှင့် မန္တလေးသည် ဘာမှ ဝေးတော့သောခရီးမဟုတ်



သူ့အတွက် အန္တရာယ်လည်း မရှိနိုင်တော့ပြီမှာ သေချာသည်။ ကိုရှုပါရော ကိုလှဆောင်ကိုပါ သူယုံကြည်ပြီ။

သည်တော့ မန္တလေးရောက်လျှင် သူ့ဇာတ်ထုပ်ပြတ်တော့ ည့် အတူတူ ဖေဖေ့ထံအခုကတည်းက ဆက်သွယ်လိုက်ချင်ပြီ။ သူ့အတွက် အကျိုးယုတ်စရာ မရှိသော်လည်း ဖေဖေ့အတွက် အကျိုးရှိ ည်။

"ကိုလှဆောင်ကြီး ကျွန်မကို တစ်ခုလောက်ကူညီပါလား"

"ရပါတယ် ဘာများလဲ"

"ရန်ကုန်က ကျွန်မဖေဖေဆီ ဒီည ဖုန်းဆက်ပေးပါလားရှင်"

"ဟင်"

ထိုဟင်သည် ကိုရှုပါ၏ "ဟင်"ဖြစ်၏။

"ဘယ်လိုပြောလိုက်တာလဲ ချစ်ချစ်"

"ကျွန်မစကားဆုံးအောင် နားထောင်ပါဦးလေ"

"ကိုလှဆောင်ပင် တထိတ်ထိတ်ဖြစ်ရပြီ၊ သည်လိုကူညီရမှု ည် ကူညီရာ မရောက်နိုင်ပါမဟုတ်လား။

"ဒီည ကျွန်မတို့ မန္တလေးရောက်မယ့်အချိန်မှန်းပြီး ကျွန်မ ဖေဆီကို ဖုန်းဆက်ပေးပါ၊ ကျွန်မ မန္တလေးက အဖေ့ညီမ ဒေါ်စမ်း း နဲ့အိမ်မှာရောက်နေပြီ၊ ဘာမှမပူနဲ့တော့၊ ဆုငွေတွေလဲ ပ်မကြော်ငြာ နဲ့တော့ ရုပ်သိမ်းလိုက်တော့လို့"

"ဟင် . . . ဒါဖြင့် မချစ်ချစ်အဖေက အဲ့ဒီအိမ်လိုက်လာ င်ကော"

www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ပါဘူး။ ဒါကျွန်မသိပါတယ်၊ ကျွန်မပြောတဲ့အတိုင်း သာ ကူညီပါလားရှင်"

"ကူတာက ကူညီမှာပါ။ ဒါပေမယ့် ခင်ဗျားအတွက်ထက် ကျွန်တော်သူငယ်ချင်းအတွက်က အန္တရာယ်မကင်းလို့ ပြောနေတာ"

ချစ်ချစ်ရယ်ချင်သွား၏။ ကိုလှဆောင်သည် သူတို့ကို နှီးပြေ လာသောလင်မယားဟု အကြွင်းမဲ့ ယုံကြည်နေလေသည်။

"ကိစ္စမရှိပါဘူး...ကျွန်တော်တို့ လက်ထပ်ပြီးပြီဘဲ၊ ပြီးတော့ ကျွန်မအဖေအကြောင်း ကျွန်မသိပါတယ်။ သူ မနေနိုင်ပါဘူး။ ဖေဖေက ကျွန်မကို သိပ်ချစ်တာ"

လိမ်လက်စနှင့်သာ စကားကို အလိုက်သင့် ပြောရသော်လည်း သူ့ဖေဖေ သူ့ကို သိပ်ချစ်သည့်အကြောင်းသည် တကယ့်ဘဝနှင့် ထင်ဟပ်နေသဖြင့် စိတ်ထဲမကောင်းရပြန်ပါ။

ချစ်ချစ်သည် မိမိ၏ ကလေးကလာနိုင်သောလုပ်ရပ် အတွက် လူကြီးတွေအလုပ်ရှုပ်ရသည့်အဖြစ်ကို ခုတိုင်မတွေးမိသေးချေ။

"နောက်ပြီး မန္တလေးက ကျွန်မအဒေါ်အိမ်ကို သူလုံး မလာပါဘူး။ ဘာပဲဖြစ်ဖြစ် ဖေဖေလာခေါ်လဲ ကျွန်မ မလိုက်ပါဘူး ခုဟာက ဆုငွေကိစ္စတို့ ဘာတို့အတွက် စာရင်းမရှုပ်စေချင်လို့ပါ"

"ကောင်းပြီလေ၊ ဒါဆိုလဲ ကျွန်တော် ဒီညဆက်ပေးပါ့မယ် ဒါပေမယ့် ကျွန်တော်သူငယ်ချင်းအပေါ် အန္တရာယ်မဖြစ်စေဖို့ကတော့



မချစ်ချစ် တာဝန်ယူပါဗျား။ အေးလေ သူ့ကိုချစ်လို့ပဲ သူ့နောက် ခင်ဗျားလိုက်ခဲ့ပြီပဲဟာ သူ့အတွက် ခင်ဗျားက ကျွန်တော်ထက် ပိုပြီး နိုးရိမ်မှာပေါ့၊ ဟုတ်ဘူးလား ကိုရှုပါ"

ကိုရှုပါ၏ မချိုပြုံးကို ချစ်ချစ်မြင်ရပါသည်။ ကိုရှုပါသည် တကယ်တမ်းကျတော့ ချစ်ချစ်၏ အဖြစ်မှန်ကို အသိဆုံးလူသာ ဖြစ်ပါသည်။

သိသလိုပဲ သူနှင့်ချစ်ချစ်တို့ မန္တလေးရောက်လျှင် လမ်းခွဲကြရမည်ကိုလည်း သဘောပေါက်ထားပြီး ဖြစ်နေသည်။ သည်အတွက် သူ ဝမ်းနည်းသလိုလိုတော့ ခံစားရသည်။ ရင်နာသည်ဆိုပါစို့၊ ကိုရှုပါ၏ ချိုပြုံးသည် ချစ်ချစ်၏ ရင်ကိုထိစေသည်။ သူလည်း စိတ်မကောင်းပါ။

တကယ်တမ်းကျတော့ ချစ်ချစ်သည် အိမ်မှထွက်ပြေးသူလေးမဟုတ်ပါ။ အပျင်းပြေ သဘောမျိုးဖြင့် အဖေ့အိမ်မှ အဒေါ်အိမ်သို့ တိတ်တိတ်ကလေး အလည်လာခြင်းမျှသာဖြစ်ပါသည်။ ထိုခရီးစဉ်တွင် ဗျာဆရာကိုရှုပါသည်သာ အန္တရာယ်မကင်းစွာ ကူညီခဲ့မိခြင်း ဖြစ်ပါသည်။

မည်သို့ရှိစေ၊ ကိုရှုပါတစ်ယောက်တော့ ကူညီရကျိုးနပ်စွာ အလူးအလဲခံရတော့မည်မှာ သေချာနေပါပြီ။

သွေးဆောင်ဖြားယောင်သူ အဖြစ် အရေးယူခံရမည်ကို ဆိုလိုပါ။ သူ့နှလုံးသား သွေးဆောင် ဖြားယောင်းခံလိုက်ရတော့မည်ကို သာ ဆိုလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခံပေါ့။ သည်ကိစ္စမျိုးကတော့ ဖြစ်လာလျှင် ခါးစည်းခံရ မှာသာပ။

ဟဲဟဲ . . ခံစားချက်ကဗျာရှည်ကြီး တစ်ပုဒ်လောက်တော့ အဖတ်တင်ပါလိမ့်မည်ဟု မျှော်လင့်ရပါသည်။

× × ×

(၁၁)

"ဒါဟာ မင်းနဲ့ကျုပ်အတွက် နောက်ဆုံးခရီးပဲနော်"

မိတ္တီလာမှထွက်ခဲ့ပြီး လေးငါးမိုင်လောက် ခရီးရောက်မှ ပါစကားစသည်။ ပြီးခဲ့သည့် လေးငါးမိုင်အတွင်းမှာတော့ နှစ်ယောက် လုံး ငြိမ်ကုတ်၍ နေခဲ့ကြသည်။ ကိုယ့်အတွေးနှင့်ကိုယ် ဆိုပေမင့် ယောက်စလုံး၏ အတွေးများတွင် တူညီတာ တစ်ခုတော့ပါသည်။ တူညီချက်သည် အခြားမဟုတ်ပါ။ နှစ်ယောက်သား မန္တလေးရောက် ချင် လမ်းခွဲကြရတော့မည်ဟူသော အသိပင်ဖြစ်သည်။ ခုအချိန် တွင်းတော့ ထိုအတွေးသည် အရေးကြီးပါသည်။

အစမှအဆုံးတိုင်သော ကာလကလေးအတွင်းမှာပင် နှစ်ဦး ရင်ထဲတွင် ဝေဒနာအသစ်ကလေးများ ကပ်ငြိနေခဲ့ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်သည် ဝေဒနာတစ်မျိုးပါ။ သို့သော် ရပ်သဘော နှင့်ဆိုင်သော ဝေဒနာမျိုးတော့မဟုတ်။ စိတ်နှင့်သာ ပတ်သက်သည်။ သည်ဝေဒနာနှင့်ပတ်သက်၍ ကိုရှုပါအနေနှင့်ကတော့ ဖြေနိုင်စရာ မျှော်လင့်ချက် မရှိပါ။

ကိုရှုပါသည် ချစ်ချစ်ကို သူ့ခရီးစဉ် မပြီးမချင်း (သူနှင့်သူ့ဖခင်ကြားတွင် ပြဿနာ မပြေလည်မချင်း) ဖွင့်ဟဖို့ရာတော့ လုံးဝစိတ်ကူးမရှိချေ။ သည်ပြဿနာအတွင်းဝယ် သူ့အခွင့်အရေး မယူလိုပါ။ ကိုရှုပါသည် ပွဲလန့်တုန်းဖျားခင်းမည့်လူမျိုးမဟုတ်။ ထို့ကြောင့် ချစ်ချစ်နှင့်ပတ်သက်၍ သူမျှော်လင့်ချက်မထားချင်ပါ။ မန္တလေးရောက်ပြီးသည်နှင့် ချစ်ချစ်သည် သူ့ဘဝတွင် ပုံရိပ်အဖြစ်သာကျန်ရစ်တော့မည် ဆိုပါစို့။ စာစကားဖြင့် ပြောရလျှင် ကဗျာအဖြစ်သာ ကျန်ရစ်မည်။

ချစ်ချစ်အဖို့ရာတော့မူ မျှော်လင့်ချက်ရှိသည်။ သူသည် မိန်းမသားဖြစ်သည်။ အချိန်မရွေး ယောကျ်ားတစ်ယောက်၏ ဝေဒနာဖွင့်ဟချက်ကို ရယူနိုင်သည်။ ကိုရှုပါကကော ဘာသားနှင့်ထုလုပ်ထားသော ကဗျာဆရာမို့လို့ပါနည်း။ သင်းမျက်လုံးတွေသည် တွေ့ခဏနှင့် မတူတော့ပါ။ တဖြည်းဖြည်း ရီသားမှုကင်းစင်လာသည်။ ဝေဒနာအရိပ်တွေ ဖုံးအုပ်လာသည်။ သင်း ဖွင့်ပြောလာစရာ အကြောင်းရှိသည်။ သည်အတွက် သူ့မှာမျှော်လင့်ချက် ရှိသေးသည်။

ကိုရှုပါက လုံးဝဖွင့်ဟရန် စိတ်မကူးတော့သည်အဖြစ်ကို သူမသိသေးသော်လည်း စောစောကပြောသလိုပင် သူမျှော်လင့်



ခွင့်ရှိသည်။ ကိုရှုပါထက်စာလျှင် သူက သက်သာသည်။

ကိုရှုပါအဖို့ရာက စာမေးပွဲဖြေမထားသည့် ကျောင်းသားပမာ မျှော်လင့်ချက် ကင်းနေပါပြီ။

ဘယ်သူမပြု မိမိမှုဟု ဆိုစကားရှိသည် မဟုတ်လား။

"မန္တလေးရောက်ရင် လာလည်နိုင်သားပဲ"

ချစ်ချစ်က မျှော်လင့်ချက်ပေးသည်။

သို့သော် ကိုရှုပါအဖို့ကား မိမိ၏ ရှာပြန်ခရီးက ရှိသေးသည်မဟုတ်လား။

"ကျုပ် မုံရွာကို ခရီးဆက်ရဦးမှာ"

"မုံရွာနဲ့ မန္တလေးမဝေးပါဘူးရှင်"

"ဘယ်နှစ်ခေါက်လာနိုင်မှာလဲ ချစ်ချစ်ရယ်"

တမင်ကလာပင် ချစ်ချစ်အမည်ကို စမ်းသပ်သည်။ ချစ်ချစ် ဘာန်လှုပ်ပုံမရ။

"ဘယ်နှစ်ခေါက်များ လာချင်လို့လဲ"

ကိုရှုပါမဖြေ။ ဖြေစရာလည်း အဖြေမရှိ။ သူ့အဖြေသည် သူ့ဝေဒနာကို ဖွင့်ဟသောအဖြေသာရှိပါသည်။ "ခဏခဏပေါ့"ဟူသော အဖြေမျိုးကို အသက်ငယ်တုန်းကဆို ပြောလို့ ဘယ်လောက်ကောင်းမည်နည်း။

သည်တော့ စကားလွှဲရသည်။

"ဘယ်နှစ်ခေါက်ရယ် ဘာရယ် မဟုတ်ပါဘူး ချစ်ချစ်ရယ်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကလဲ မုံရွာရောက်ရင် ဘယ်လောက်ကြာကြာ နေရမယ်မှန်းမှ မသိတာ"

"ဟင်…ရန်ကုန်ကိုကော တော်တော်နဲ့မပြန်ဘူးလား"

"ရန်ကုန်မှာ ကျုပ်အတွက် နေရာမှမရှိဘဲလေ"

"အို…မဟုတ်တာရှင်"

"ဟုတ်ပါတယ် ချစ်ချစ်၊ ကျုပ်က အလုပ်ပြုတ်လာတဲ့ ကောင်ပဲ"

ချစ်ချစ်သည် ကိုရှုပါအတွက် စိတ်မကောင်းချေ။ ကိုရှုပါထံမှ ခုလိုလွမ်းရိပ်သန်းသည့် စကားမျိုးကိုလည်း ခုတစ်ခါသာ ကြားဖူးသေးသည်မဟုတ်လား။ သင်သည် ဘယ်တော့မြစ်ဖြစ် စကားကို အထက်စီးနင့်သာ ပြောခဲ့သူဖြစ်သည်။ ခုလို အလွမ်းရောင်သန်းသော စကားမျိုးသည် မိမိနှင့် တစ်နည်းအားဖြင့်သက်ဆိုင်ကြောင်း ချစ်ချစ်ရိပ်မိသည်။

ယောက်ျားတစ်ယောက်က ကိုယ့်ဘဝကို ဆွေးဆွေးမြေ့ (မိန်းကလေးတစ်ယောက်၏ ရှေ့တွင်) ပြောလာပြီဆိုလျှင် သတိသာ ထားပေရော့။

သို့သော် ချစ်ချစ်သည် သည်အတွက် ကျေနပ်မိလေသည်။ မှန်ပါသည်၊ သတိသာထားပေရော့ဆိုသည်မှာ သတိထားဖို့ကိုသာ ဆိုလိုပါသည်။ သည်အတွက် သာယာသည် မသာယာသည်ကတော့ ကိုယ့်ကိစ္စ။ ကိုယ့်ဖာသာပင် ခံစားနိုင်သည်။

"ကျွန်မ တစ်ခုပြောမယ်နော်၊ ဟို…အစ်ကို စိတ်မဆိုးနဲ့"

"ဘယ်အစ်ကိုလဲ"



ကိုရှုပါက ကျေနပ်စွာ နောက်လိုက်သည်။

ချစ်ချစ်သည် အစ်ကိုဟု သုံးလာသဖြင့် သူကျေနပ်မိသည်။

ချစ်ချစ်က ရယ်သည်။

"ဘာလဲ ခေါ်တာမကြိုက်ဖူးလား"

"ခေါ်လိမ့်မယ်လို့ မထင်လို့ပါ"

"အစ်ကိုအရွယ်ဘဲဟာ"

"အစကတော့ ဘာလို့မခေါ်သလဲ"

"အစ်ကိုအကြောင်းမှ မသိဘဲ"

"ခု သိပြီလား"

"အင်း…"

"ကျုပ်က လူကောင်းပေါ့"

"လူဆိုးပါနော်… လုပ်မနေနဲ့"

"မလုပ်ပါဘူး၊ ပြောပြတာပါ"

သူတို့သည် လမ်းခွဲရတော့မည်အသိကြောင့် ရင်ထဲတွင် ချင်းမရှင်း ရှိနေရသော်လည်း လတ်တလော စိတ်ကျေနပ်မှုလေးကို သာ ရယူချင်နေကြသေးသည်။

သူတို့သည် မရယ်ချင့်ရယ်ချင်နှင့် ရယ်လိုက်ကြ၏။ မရယ်ချင်ရယ်ချင်နှင့် ရယ်ရသည့်အကြောင်းမှာ သူတို့၏အတွင်းစိတ်များ ထွေးထွေးတက်နေရသည်ကို ပေါ်လွင်စေရန်ဖြစ်၏။ ဟားတိုက်ရယ်မောလိုက် လျှင် သူတို့၏ခံစားချက်များ ပေါ့တန်ကုန်မှာကို နှစ်ယောက်စလုံး သိမ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဆိုစမ်းပါဦး၊ ဘာကို စိတ်မဆိုးရမှာလဲ”

“ဟိုဟာလေ၊ အစ်ကို့ပိုက်ဆံ”

“အဲဒါ ဘာဖြစ်တာလဲ”

“ဟောကြည့်…အစ်ကိုမေးပုံကိုက စိတ်ဆိုးမယ့်ပုံကြီး”

“ကဲပါ…မဆိုးပါဘူး၊ ဘာဖြစ်သလဲ၊ ကျုပ်ပိုက်ဆံ ကိုးရာ ပြန်ပေးမယ် ပြောချင်လို့လား”

“ဒီလိုပါ…အစ်ကိုက ဒီအတိုင်းပေးတာ မလိုချင်ဘူးဆိုတဲ့ ခဏယူထားပေါ့၊ မိတ္တီလာက ပြန်ရတော့မှ ပြန်ပေးလေ ဟုတ်ဘူးလား”

“နေပါစေကွာ”

“မဟုတ်ဘူးလေ၊ ဟို…အစ်ကို့ ဘကြီးရှင်ပြု အဲ…”

“ဟုတ်ပါတယ်၊ ရဟန်းခံတယ်ဆိုတာ ပထမရှင်အရင်ပြုပြီး မှ သိက္ခာတင်ပြီး ရဟန်းခံရတာပဲ”

“တကယ်လို့ မိတ္တီလာက ငွေက ပြန်မရဘူးဆိုရင်ကော”

“ဒါဆိုလဲ နောက် အစ်ကိုရှိမှ ပြန်ပေးပေါ့”

“မင်းက ဘာလို့ ဒါလောက်တောကင် ကူညီချင်နေရတာ တုန်း”

“အို…အစ်ကိုက ကူညီခဲ့တာတွေတော့ ထည့်မပြောဘဲနဲ့”

“အော်…ဒါတွေအတွက် ပေးချေတာပေါ့လေ”

“အဲ့သလိုတော့ မပြောနဲ့လေ၊ ခုအချိန်အထိ ချစ်ချစ် စိတ်ထားကို မသိသေးဘူးလား”



“မသိသေးဘူး၊ မင်းဟာက စိတ်ကူးတည့်ရာ လျှောက်လုပ် နေတာကိုး”

“ဒီတစ်ခါတော့ ကျွန်မ တကယ့်စေတနာနဲ့ ပြောနေ တာပါ”

“ဒါပေမယ့် ကျုပ်မလိုချင်ဘူး၊ ပြီးတော့ နောက်နောင်လဲ မင်းနဲ့တွေ့ဖို့ဆိုတာ အင်မတန် ခဲယဉ်းသွားပြီပဲ”

“ဘယ်ပြောနိုင်ပါ့မလဲရှင်”

“ပြောနိုင်တာပဲ”

“ဘာလို့လဲ”

“အို့…မင်းဘဲ ခဏ, ခဏ ပြောတယ်မှတ်လား၊ ရှင်နဲ့ လျှောက်တွေ့စရာ အကြောင်းမရှိတော့ဘူးဆို”

“ဒါပေမယ့် အစ်ကိုဘဲပြောတာမှတ်လား၊ ကျုပ်က ဘုန်းရှင် ကံရှင်ဆို မတွေ့ချင်ဘူးပြောလေ ပြန်တွေ့ရလေပဲဆို”

“ဒါပေမယ့် ကျုပ်ကိုယ်တိုင်ကိုက မတွေ့ချင်တာကိုး”

“ဟင်…အစ်ကိုက ကျွန်မကို မတွေ့ချင်ဘူး ဟုတ်လား”

“အေး…မတွေ့ရင် အကောင်းဆုံးပဲ”

“ဘာဖြစ်လို့လဲ”

“မင်းက ခဏခဏအိမ်ကထွက်ပြေးဖို့ အန္တရာယ်များ တယ်”

“ဒီတစ်ခါထဲပါ၊ နောက်ဆို ပြေးစရာမလိုတော့ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ…မင်းအဖေ ပေးစားတဲ့လူကို လက်ခံလိုက်တော့ မပေါ့၊ ဟုတ်လား ချစ်ချစ်"

"ဖေဖေ ကျွန်မကို နောက်တစ်ခါ ယောကျ်ားပေးစားမယ့် စကား မပြောရဲတော့ပါဘူး"

"အေး…ဘာပဲဖြစ်ဖြစ် မန္တလေးရောက်ရင်တော့ မင်းအဖေဆီ အကြောင်းကြားပြီး ပြန်ဖို့ကောင်းတယ်"

"ဟင့်အင်း…ကျွန်မမပြန်ဘူး၊ ဖေဖေ့ကို ဒဏ်ခတ်ဦးမယ်"

"စိတ်ကူးမယဉ်နဲ့ချစ်ချစ်၊ သားသမီးဆိုတာ မိဘကို ဒဏ်ခတ်လို့ ဘယ်တော့မှမရဘူး၊ အစ်ကိုပြောတာယုံ"

ဤသို့ပင်လျှင် ယောင်တောင်ပေါင်တောင်စကားများကို အချီအချပြောနေရင်း အချိန်ကုန်ခဲ့သည်ကို ပြောပြရန်လိုမည် မထင်တော့ပါ။

× × ×

ဤကဲ့သို့ ကုမ္ပဏီသို့ ရောက်ကြသည်။ ညနေလည်းစောင်းလာပြီ။ ညနေစောင်းတို့မည်သည် လူတို့စိတ်ကို ဆွေးမြေ့သောဓာတ်မျိုး ထုတ်လွှတ်လေ့ရှိသည်။

အချစ်နှင့် သူ၏ကိုကိုတို့သည် ဆွေးနေကြသည်။ ဖွင့်မပြောသော်လည်း တစ်ယောက်အဆွေးကို တစ်ယောက်သိသည်။ ဘယ်လိုသိသနည်းဟု မမေးကြပါနှင့်၊ ယောကျ်ားနှင့်မိန်းမလည်းဖြစ်ပြီး



မှုမှုကပ်ကပ်လည်း နှစ်ရက်သုံးရက်နေလာနေပြန်သောကြောင့် ဟူ၍သာ မှတ်ယူကြပါကုန်။

ကုမ္ပဏီမှာ ကားခဏနားသည်။ ကိုရှပါသည် ကားပေါ်က ဆင်းသည်။ ခုလောက်ရှိ ကောင်မလေးတော့ဖြင့် ဆာလှရော့မည်ဟု တွေးသည်။

လမ်းမှာတော့ ချိုချိုချဉ်ချဉ် ဝယ်ကျွေးဖြစ်သည်။

ချဉ်သီးစုံ ငါးမတ်ဖိုး၊ ကြက်သားကြော်နှင့် ဆီထမင်းနှစ်ကျပ်ဖိုးကို တစ်ယောက်တစ်ဝက် စားကြသည်။ (ကုန်နိုင်မှာ မဟုတ်ဖူးဟု တစ်ယောက်တပြန် အကြောင်းပြပြီး တစ်ဝက်ဆီ စားကြခြင်းဖြစ်သည်)

ကိုရှပါ၏ အိတ်ထဲ၌ ပိုက်ဆံသိပ်မကျန်တော့ပါ။ မုံရွာသို့ ဆိုက်ဆက်လောက်ရုံသာ ရှိသည်။ သို့မဟုတ် မိတ္ထီလာသို့ အမှုအတွက် ပြန်နိုင်ရုံသာသာ ရှိသည်။

သို့သော် မန္တလေးရောက်မှ အကြံအဖန် လုပ်သင့်လုပ်တော့မည်။ လောလောဆယ်တော့ ချစ်ချစ်ကို သူ စေတနာတွေ ပိုနေပြီ။

ထိုကြောင့် ခေါက်ဆွဲလက်သုပ် နှစ်ထုပ်ဝယ်ခဲ့သည်။ သူ ကားပေါ်ပြန်ရောက်သောအခါ လူတစ်ယောက် ချစ်ချစ်အနီးမှာ ရပ်စကားပြောနေသည်ကိုတွေ့ရသည်။ သူစိတ်ပူသွား၏။ အလျင်အမြန် ခုတိုနှား ကပ်လိုက်သည်။

"မိတ်ဆွေ ဘာကိစ္စလဲ"

"ဘာရယ်မဟုတ်ပါဘူး"

www.burmeseclassic.com



"ဘာရယ်မဟုတ်ရင်လဲ၊ ကိုယ့်နေရာကိုယ်သွားပါ၊ ကျော် ထိုင်မလို့"

"ဩော် . . . ထိုင်ပါ ထိုင်ပါ၊ ကျွန်တော်က သူ့ကို မြင်ဖူး သလိုလိုရှိလို့ လာနှုတ်ဆက်တာပါ။"

"ဆောရီးပဲ ရဲဘော် . . . ဒါ ကျုပ်ဇနီးပါ"

"ဩော် . . . ဟုတ်ကဲ့ ဟုတ်ကဲ့"

"ကဲ- ကိစ္စပြီးရင် . . ."

ပြီးပါပြီ ပြီးပါပြီ . . စားကြပါ စားကြပါ"

"မှတ်ပါဘူး၊ ကိစ္စပြီးရင် ကိုယ့်နေရာကိုယ်ပြန်ရုံပြောတာ"

ထိုသူသည် မကျေမချမ်းဖြင့် ထသွားသည်။

"မင်းက ဘာလို့ လက်ခံစကားပြောနေရတာတုန်း"

"သူဟာသူ လာစပ်စုနေတာပါ"

"ခက်ပါလားချစ်ချစ် အန္တရာယ်ရှိတယ် ဆိုတာလောက်တော့ သိဦးမှပေါ့"

ချစ်ချစ်သည် အပြစ်လုပ်မိသော ကလေးငယ်လို ပခုံးလေး ကို ပုပြ၏။ ပြီးတော့ သူတို့ ခေါက်ဆွဲလက်သုပ်ကို စားကြလေသည်။

"မန္တလေးကိုရောက်ရင် အိမ်ကိုတော့ လိုက်ခဲ့ဦးနော်"

"ဘာလုပ်ဖို့လဲ"

"ဟိုမှာပဲ ညစာစားပေါ့၊ ပြီးတော့ မုံရွာခရီးမဆက်ခင် တည်း နိုင်တာပေါ့"



"ကျုပ်က မိတ္ထီလာပြန်လှည့်ဦးမှာ"

"အဟုတ်း . . . အစ်ကိုက ပေကပ်ကပ်နဲ့ တစ်မျိုးပဲ"

"ဟုတ်တယ်၊ ကျုပ်က နွားကိုး"

"အို . . . ချစ်ချစ်က သဘောရိုးနဲ့ပြောတာပါ"

အမှန်မှာ ကိုရှုပါက "ပေကပ်ကပ်"ဟူသော စကားအပေါ် အထအနကောက်ခြင်း မဟုတ်ပါ။ သူ့ရည်ညွှန်းချက်က တစ်မျိုးဖြစ်ပါ သည်။ သူသည် ချစ်ချစ်နှင့် ပတ်သက်လို့ နွားကျခဲ့သည်ဟု ရည်ရွယ်ပါ သည်။

ချစ်ချစ်သည် ဝါးလက်စခေါက်ဆွဲသုပ်ကို ဆက်မဝါးတော့ဘဲ ပါးစပ်ကလေး မပွင့်တပွင့်နှင့် ဝမ်းနည်းရိပ်သန်းနေသည်မှာ သနားစရာ ကောင်းပါသည်။ ကိုရှုပါကလည်း သနားပါသည်။ သနားလွန်း၍ပင် ဆော်နေချေသေး၏။

"ကဲပါလေ . . . စိတ်မကောင်း မဖြစ်ပါနဲ့။ ကျုပ်က ပါးစပ်ပေါက်နည်းနည်း ဆိုးတယ်။ ဒါပေမယ့် စိတ်ထားတော့ မယုတ်ဘူး။ ဟင်းဟင်း . . ပါးစပ်ပေါက်ဆိုးရင် စိတ်ထားမယုတ်ဘူးဆိုတဲ့အစွဲ အလန်းကိုတန်းပြပြီး တမင်ပါးစပ်ပေါက်ဆိုးတာလို့တော့မထင်နဲ့ပေါ့လေ"

ကိုရှုပါ၏ပွင့်လင်းပုံကို ချစ်ချစ်သဘောကျ၏။ သူလည်း အထူးလို့တုန်း။ သဘောကျပြီးရင်း ကျနေသည်သာတည်း။

ကွမဲမှ ထွက်စအခါမှာပင် ရတ်တရက် မိုးရွာချတော့သည်။ သည် အခါမဲ့မိုးဖြစ်သည်။ ကားဆရာသည် ကားကို သတိကြီးစွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မောင်းနေရသည်။ မိုးကာလမဟုတ်သောကြောင့် ရေမှန်ပေါ်ရှိ ရေယက်တံ ကလည်း ဖြုတ်ထားမိလျက်သား ဖြစ်နေသည်။ မှောင်စပျိုးချိန်ဖြစ်သဖြင့် ရှေ့သို့ကောင်းကောင်းလည်း မမြင်ရပါ။

နေပူရက်တွေကများခဲ့သဖြင့် ကားလမ်းမှာ ဖုန်တင်ခဲ့သည်။ မိုးက မစိုမပို့ရွာလိုက်သောအခါ ကားလမ်းမသည် ရွှံ့များတင်ပြီး ချော်တော်တော်ဖြစ်နေသည်။ သတိကြီးစွာထားခဲ့သည့် ကြားမှပင် ကား ဖင်ပိုင်းက ရမ်းချင်သည်။ ခရီးသည်များ တဂိတ်ထိတ်ရှိကြသည်။

သည်ကြားထဲမှာ စောစောက ချစ်ချစ်အနား လာရပ်သော သူသည် လှည့်ကြည့်လှည့်ကြည့်လုပ်နေသေးသည်။ ကိုရှုပါခမျာလည်း အလိုက်တသိပင် မိုက်ကြည့်ကြည့်ပြနေရသည်။

သို့သော် သည်တာဝန်ထမ်းဆောင်နေရသည်ကို ကိုရှု ကျေနပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုလူက လှည့်ကြည့်လိုက် တိုင်း ချစ်ချစ်က ကိုရှုပါ၏ပေါင်ကို တို့ကာတို့ကာသတိပေးနေသော ကြောင့်ဖြစ်ပါသည်။ ရေဝန်အလွန်တွင် မော်တော်ကား စလစ်ဖြစ်သော သည်။ (ဘီးနှင့် ကားလမ်း ချော်သွားခြင်း)။ ကားဆရာ၏ ဖျတ်လတ်မှု ကြောင့် ဘာမှတော့မဖြစ်။

ရေဝန်ရောက်တော့ မိုးစဲသွားသည်။ ထို့ကြောင့် ကားဆရာ ရေဝန်အထွက် မှာ စက်ရှိန်ကိုမြှင့်သည်။ အမှန်မှာ ကားလမ်းပေါ်မှ ရေမခြောက်သေး။ ကားသည် ဘီးချော်ပြီး လမ်းဘေးသို့ဝင်သွားသည်။ တော်တော်နှင့် ပြန်မတက်နိုင်တော့ပါ။ ကားသမားတို့သည် တုံး ခဲများချပြီး အမျိုးမျိုးကြိုးစားနေကြသည်။



"ဒီမယ်မိတ်ဆွေ ကျွန်တော်နဲ့ စကားနည်းနည်းပြောရ အောင်"

ကိုရှုပါ ကားအောက်ဆင်း၊ အပေါ့သွားပြီး ပြန်အထတွင် စောစောကလူ ရောက်ရှိလာခြင်းဖြစ်သည်။ စောစောကလူဆိုသည်မှာ ချစ်ချစ်အနားလာရစ်သောလူကို ပြောခြင်းဖြစ်ပါသည်။

"ဘာကိစ္စတုန်း"

"ဟဲဟဲ···ဟိုကောင်မလေးကိစ္စပါ"

"ဘယ်ကောင်မလေးလဲ"

"ခင်ဗျားအနားက ကောင်မလေး"

"အဲဒါ ကျုပ်မိန်းမပဲ၊ ခင်ဗျားနဲ့ ဘာပတ်သက်စရာရှိလို့လဲ"

"ဒီလို မလုပ်ပါနဲ့မိတ်ဆွေ၊ ကောင်မလေးရဲ့ ဇာတ်မြစ်ကို ကျုပ်သိပါတယ်၊ သူက အိမ်ကထွက်ပြေးလာတာပါ ဟား··ဟား· ဟား"

"အဲဒီတော့ကော ဘာဖြစ်လဲ"

"နားဝေးလိုက်တာဗျာ၊ သူ့ကိုဆုငွေထုတ်ထားတာ ခင်ဗျား သိဘူးလား"

"သိသားပဲ"

"အဲဒီဆုငွေကို ခင်ဗျားထုတ်ဖို့ ကြိုးစားနေတာမှတ်လား"

"ခင်ဗျား ဘာတွေ လာပြောနေတာလဲ"

"ရှယ်ရာဝေစု လိုချင်လို့ပေါ့ဗျာ၊ ကျွန်တော်သိပါတယ်။ ခင်ဗျားနဲ့ ကောင်မလေး ဘာမှမဖြစ်ကြသေးဘူး မှတ်လား။ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျနေတာမှတ်လား"

"ဟုတ်ကောင်"

ကိုရှုပက ခပ်ဆတ်ဆတ်ဝေါက်လိုက်သည်။ ထိုလူက နည်းနည်းတော့ လန့်သွားပုံရသည်။

"ငါ့ဟာငါ ဘယ်လိုနည်းနဲ့ ပတ်သက်ပတ်သက် မင်းနဲ့ ဘာဆိုင်သလဲ"

"ဆိုင်တာပေါ့ ကျောက်ဆည်ရောက်တာနဲ့ သတင်းပို့လိုက်ရင် ကျုပ်က လက်ဦးသွားမှာပဲ၊ ဒီတော့ ဒွေးဒွေးဆေးဆေးဖြစ်သွားအောင် ကျုပ်ကို ဝေစုနည်းနည်းဖြစ်ဖြစ်. . "

ထိုသူ၏စကားမဆုံးခင်မှာပင် ကိုရှုပါက ခွပ်ခနဲထိုးချလိုက်သည်။ တစ်ဆက်တည်းမှာပင် သူ့လွယ်အိတ်ကို လက်နှိုက်လိုက်သည်။ လွယ်အိတ်နံရံကို လက်ညှိုးဖြင့် ထောက်လျက် ထိုလူကို ထိုးချိန်လိုက်သည်။

"ဟဲ. . ဟဲ မင်းလို ပမွှားအကြံအဖန်သမားလောက်တော့ ဘယ်မှုပါ့မလဲကွာ ဟောကောင်- ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း ဗိုလ်ယကွဆိုတာ မင်းမကြားဖူးဘူးလား"

ထိုသူသည် ကိုရှုပါ၏ ခြိမ်းခြောက်မှုကို တကယ်ယုံကြည်သွားသည်။ ကြောက်လွန်းသဖြင့် ဒူးများပင် တဆတ်ဆတ် တုန်နေရှာသည်။ ကိုရှုပါလည်း မထူးတော့ပြီမို့ မင်းနှင့်မောင်းနှင့် ဆက်လက်ဟန်ဆောင်နေတော့သည်။



"မင်းမို့လို့ သူများစားကြွင်းစားကျန် ကပ်တောင်းတဲ့ မိုက်တဲ့ကောင်ပဲ။ ငါက အဲဒီဆုငွေလောက်နဲ့ ကျေနပ်မယ့်ကောင်မျိုး မဟုတ်ဘူး။ ဒီချာတိတ်မဟာ သိန်းဂဏန်းအထိ တန်ဖိုးရှိနေတာ မင်းမသိဘူးလား။ ဟား. . ဟား. . ဟား ခု ငါ သူ့ကို ပြန်ပေးဆွဲလာတာလေ၊ မင်း တော်တော်နုတဲ့ကောင်ကိုးကွ။ ဟေ့- မင်းဘယ်ဂိုဏ်းကလဲ ပြောစမ်း"

"မ. . မ. . မှတ်ပါဘူးခင်ဗျာ။ ကျွန်တော် ဘယ်ဂိုဏ်းကမှ မှတ်ပါဘူး။ ကျွန်တော်လည်း နည်းနည်းရရဆိုပြီး ကြံမိတာပါ။ ကျွန်တော့်ကို ချမ်းသာပေးပါ ဆရာကြီးရယ်"

"မရဘူး. . မရဘူး မင်းကို ချမ်းသာပေးလိုက်ရင် ငါ့ကိစ္စ ပေါ်သွားနိုင်တာ ပေါ့ ဟဲ. . ဟဲ"

"ကျွန်တော် ဘယ်သူ့မှ ပြန်မပြောပါဘူးဗျ။ ကျွ ကျွန်တော်"

ကိုရှုပါ စိတ်ကူးရသွားသည်။ သူ့လွယ်အိတ်ထဲတွင် သူ နေကာမျက်မှန်ပါသည်။

ကိုရှုပါသည် နေကာမျက်မှန်ကိုင်းကို အချင်းချင်းရိုက်ပေးလိုက်သည်။ ထိုအခါ သေနတ်မောင်းတင်သံ ယောင်ယောင် ထွက်လေသည်။ ထိုအသံကြားသည်နှင့် ထိုလူလည်း ကြောက်အားလန့်အား ထွက်ပြေးလေသည်။ ပြေးသမှ နောက်ကိုပင် လှည့်မကြည့်လာတော့ပေ။ မည်သို့ထင်ပါသနည်း။ မှန်ပါသည်။ ကိုရှုပါသည်လည်း ကြောက်ကြောက်နှင့်ပင် ကားဆီသို့ ပြန်လည်ခိုတက်ခဲ့သည်။ အလျဉ်းသင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



ကားဆီသို့ရောက်သောအခါ ကားသည်လမ်းမပေါ်သို့ ပြန်ရောက်နေလေပြီ။

"အစ်ကိုက ဘယ်ထွက်သွားတာလဲ"

ကိုရှုပါသည် ခဏနေအုံးဟု လက်ကာပြသည်။ ကားပြန်ထွက်၍ နေသားကျသွားမှ(ဟိုလူ ကားပေါ်ပြန်တက်မလာသည်မှာ သေချာပြီဆိုတော့မှ) အဖြစ်အပျက်ကို တိုးတိုးသက်သာပြောပြလေသည်။ ချစ်ချစ်ဆိုသည်မှာ အူတက်မတတ်အောင် ရယ်မောတော့သည်။

"အစ်ကိုဟာလေ တကယ့်ကို ဉာဏ်ကောင်းတယ်"

"ဉာဏ်ကောင်းမနေနဲ့ ကံကောင်းလို့ ဟိုကောင်က လက်ဦးအောင် မဆော်လိုက်တာ"

"အမလေး ဒီလောက်သတ္တိရှိမယ့်ပုံ မပေါ်ပါဘူး။ ခု အစ်ကို ပြောပုံမျိုးနဲ့ဆို ရှူးပေါ်ပေါ်ရယ်ပါ"

"မလုပ်နဲ့ကွ။ ဒီလိုရှူးပေါ်ပေါ်တွေက ရှူးရှူးမိုက်မိုက်ရမ်းတတ်တယ်"

တစ်လမ်းလုံး သည်အကြောင်းကို ပြန်ပြောလိုက်၊ ရယ်မော လိုက် လုပ်လာကြပြန်သည်။

"ဒီမယ် ချစ်ချစ်‥ အစ်ကိုတစ်ခု စိုးရိမ်တယ်။ ဒီကောင်က ခုနပြောသလို ရှူးရှူးပေါ်ပေါ်နဲ့ ရေဝန်းစခန်းသွားတိုင်ရင် ခက်နေမယ် ယုံရတာမှတ်ဘူး"

"အဲဒီတော့‥ ‥"

"အဲဒီတော့ တို့ကို မိသွားနိုင်စရာအကြောင်းရှိတာပေါ့ အေ



သွားတာက အရေးမကြီးဘူး။ ဒီငပေါက အချောင်သက်သက် ဆုတွေရသွားမှာ"

"ဟင်‥‥ဟုတ်တယ်နော်၊ အဲဒါဆို ဘယ့်နဲ့လုပ်ကြမလဲ"

"နေအုံး၊ စဉ်းစားအုံးမယ်"

ကိုရှုပါသည် အပြန်ပြန်စဉ်းစားသည်။ နောက်ဆုံး သူ စိတ်ကူးရသည်။

" ဒီလိုလုပ်မယ်၊ ကျောက်ဆည်အဝင်မှာ ဆင်းကြမယ်၊ ဲမှာ အစ်ကို့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူ့အိမ်မှာ ဒီညဝင်နားပြီး နောက်မှ မန္တလေးကို လည်သလို ကူးမယ်"

"အို‥‥"

"ဘာတုန်း မင်းက မယုံပြန်ဘူးလား"

"မှတ်ဘူးလေ၊ မန္တလေးပဲ ရောက်တော့မှာ ဥစ္စာ"

"အေး- ဟိုကောင်က ရေဝန်းကနေ လှမ်းအကြောင်းကြားရင် ကျောက်ဆည်မှာ လွတ်ဦးတော့ မန္တလေးအဝင်မှာ ဝိတ်မိမှာသေချာတယ်"

ချစ်ချစ်တွေသွားသည်။ ကိုရှုပါတွက်ကိန်း မှန်နိုင်ပါသည်။ သွားလျှင် ဖေဖေ့ငွေလည်း အသားလွတ်ဆုံးမည်။ သူ့အလိုဆန္ဒလည်း မန္တလေးရောက်ခါနီးမှ ပျက်တော့မည်။

"ဒါဆိုလဲ အစ်ကို့သဘောပဲ"

တကယ်တော့ သူတို့သည် မန္တလေးသို့ မရောက်ချင်ကြသေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

ကျောက်ဆည်မြို့အဝင်မှာပင် ဆင်းလိုက်ကြသည်။ မိုးလုံးလုံး ချုပ်နေပြီ။ လမ်းမီးရောင် မှုန်ပြပြအောက်တွင် နှစ်ယောက်သား သုတ်သုတ် သုတ်သုတ် လျှောက်လာခဲ့ကြသည်။ ကိုရှုပါသည် ကိုယ့်စိတ်ကူးနှင့်ကိုယ် ဦးနှောက်ခြောက်နေသည်။

သူသည် ချစ်ချစ်နှင့် ဘာမှပတ်သက်ခဲ့စရာ အကြောင်းမရှိ ရှေ့လျှောက် လည်း ပတ်သက်လာနိုင်စရာ မရှိ။ သို့သော် ခုချိန်ထိကား သူ့မှာတာဝန်ရှိနေသည်အလား ဖြစ်ရသည်။ သည်အတွက် သူဦးနှောက်ခြောက်ရသည်။ သည်ဝဋ်နှောင်က ဘယ်တော့များမှ ကျွတ်တော့မည် မသိ။ လွယ်တော့မလွယ်ပါ။



ကိုယ်တိုင်က ကျေနပ်မှုရှိသည့် ဝင့်ဆိုသည်မျိုးမှာ ကျွတ်ရိုးထုံးစံ မရှိချေတကား။ (ဝင့်ဆိုသည်မှာ လုံချည်ကဲ့သို့ မကျွတ်လွယ်ပါ) လမ်းလျှောက်လာရင်းမှ ကိုရှုပါ ရှိက်သံလိုလိုကြားလိုက်ရသည်။ ဟော ချစ်ချစ်ငိုနေသည်။

"ဟော့- ချစ်ချစ် ဘာဖြစ်တာလဲ"

ချစ်ချစ်ခေါင်းခါပြသည်။ သို့သော် ကိုရှုပါ သိပါသည်။ သူ အားငယ်နေပြီ။ မည်မျှ မာနတွေဆောင်ခဲ့ထောင်ခဲ့ ဒုက္ခတွေပြီဆိုလို့က တော့ မရ။ သွားတာချည်းဖြစ်သည်။

ခုလည်း ချစ်ချစ်သည် ဒုက္ခပူသော အဖြစ်အပျက်တို့ကို မထင်မှတ်ဘဲ ခံစားလာရသောအခါ သူ့စိတ်ကို သူမနိုင်တော့ပါ။

ထိုအခါ မိန်းမတို့၏အားကိုးရာဖြစ်သော မျက်ရည်ကိုသာ ညှစ်ထုတ်နေမိတော့သည်။ ဒါတောင် ချစ်ချစ်ကြုံရသောဒုက္ခသည် အသေးအဖွဲသာရှိသေးသည်။

ကိုရှုပါသည် ခြေလှမ်းကို ရပ်လိုက်သည်။ ချစ်ချစ်သည် ရုတ်တရက်မရပ်သေးဘဲ ဆက်လျှောက်သွားပြီး သစ်ပင်တစ်ပင်အောက်ကျမှ ရပ်သည်။ ကိုရှုပါအနီးတွင် သူ ချုပ်တည်းပြီးငိုရသည်ကို အားရပုံမပေါ်ချေ။

ကိုရှုပါသည် ချစ်ချစ်အနီးသို့ တစ်လှမ်းချင်းလျှောက်သွားသည်။ ချစ်ချစ်က တစ်ဖက်သို့လှည့်ပြီး ငိုနေသည်။ ကိုရှုပါသည် ဘာသိမ့်သိမ့်ဖြစ်နေသော ချစ်ချစ်၏ကျောကုန်းကိုကြည့်ပြီး သနားနေ

www.burmeseclassic.com

www.burmeseclassic.com



မိသည်။(ခဏခဏ သနားသည့်အကြောင်းကို ပြောရသည်ကိုလည်း အားနာလှပါပြီ။ -စာရေးသူ)

ကိုရှပါသည် ချစ်ချစ်၏ခေါင်းကလေးကို ဖွဖွကိုင်လိုက်သည်။

"တိတ်ပါ ချစ်ချစ်ရယ်...စိတ်ညစ်နေလို့လဲ ကိစ္စပြီးမှာမှ မဟုတ်တာ။ ကဲ- လာ သွားကြစို့။ အစ်ကို မင်းကို မန္တလေးအိမ်ထိ ရောက်အောင် လိုက်ပို့ပေးမယ် ဟုတ်လား"

ချစ်ချစ်သည် တုတ်တုတ်မလှုပ်ဘဲ နေပါသည်။ အငိုမစဲဘဲ နေပါသည်။ ကိုရှပါသည် ဘာမှ မပြောတော့ဘဲ ချစ်ချစ်၏နံဘေးတွင် ငေါင်စင်းစင်းကြီး ရပ်နေလိုက်သည်။

သို့သော် ချစ်ချစ်က တော်တော်နှင့် အငိုမစဲပါ။ တော်တော်နှင့် ဆိုသည်မှာ ကိုရှပါ စိတ်မရှည်နိုင်လောက်အောင်အထိ ဖြစ်ပါသည်။

တကယ်တော့ မိန်းမငယ်တို့ ငိုယိုသည်မှာ အချော့ခံချင်၍ဖြစ် ကြောင်း ကိုရှပါမသိပါလေ။ သူတို့စိတ်ကျေနပ်သည်အထိ သည်းညည်းခံ ချော့လိုက်လျှင် ပြီးပြေသွားသည်သာ ဖြစ်သည်။ ခုတော့ ကိုရှပါက သည်သဘောမျိုးကို နားမလည်။ ကောင်မလေးတွေ ငိုလျှင် သနားစရာ ကောင်းသည် ထင်သည်။ လိုအပ်သည်ထက်ပိုလာလျှင် စိတ်ညစ်လာရ သည်။ သည်လိုစိတ်ညစ်ရပုံမျိုးကို ကိုရှပါ သည်းညည်းမခံနိုင်ပါ။

"ကဲ- မရွှေချစ်၊ ဒီလောက်ငိုရလဲ တော်ရောပေါ့။ ဒါမှမဟုတ် လဲ မင်းဘာသာ ဆက်ငိုရစ်ခဲ့၊ ကျုပ်တော့သွားမယ်"

ကိုရှပါ ခြေလှမ်းပြင်သည်။ ချစ်ချစ်က ဖျတ်ခနဲလှည့်ကြည့် သည်။ သူ့အကြည့်တွင် မျက်ရည်တို့ရောပြွန်းနေသည်။



သည်နေရာတွင် အရေးကြီးပါသည်။ ဘယ်လိုအရေးကြီးမှန်း တော့ မပြောတတ်ပါ။ သေချာကတစ်ခုကတော့ ချစ်ချစ်၏အကြည့်သည် ကိုရှပါ၏မျက်လုံးများထဲမှ တိုးဝှေ့ဝင်ရောက်ပြီး နှလုံးအိမ်ကို ခပ်ကြမ်း ကြမ်း ဆုပ်ချေလိုက်သလို ခံစားလိုက်ရခြင်းပင် ဖြစ်ပါသည်။

အသံမထွက်သောစကားသည် ပို၍ထိရောက်တတ်သည့် သဘာဝအတိုင်း ချစ်ချစ်၏အကြည့်သည် မိန်းမတို့၏ သဘာဝတရားကို လုံးစေ့ပတ်စေ့ရှင်းပြလိုက်သလို ရှိလေသည်။

ထိုအခါ ကိုရှပါ သက်ပြင်းချလေသည်။ ပြီးတော့ ချစ်ချစ်၏ ခေါင်းလေးကို တယုတယကိုင်လှိုက်ပြန်လေသည်။ (ဒုတိယမ္ဗိ)

"ဆောရီးနော်... အစ်ကိုမှားသွားတယ်။ ကဲလာ သွားကြစို့။ ဟိုအိမ်ရောက်မှ အစ်ကို မင်းနဲ့ အေးအေးဆေးဆေး စကားပြောရ အောင်"

ကိုရှပါသည် ချစ်ချစ်၏ခေါင်းကို မလွှတ်သေးဘဲ ဆွဲခေါ်လိုက် သည်။ ချစ်ချစ်သည် ကလေးပမာ ခေါင်းကလေးပုရှောင်ရင်း ပါလာ သည်။

သူတို့ လမ်းဆက်လျှောက်လာကြသောအချိန်တွင် ကိုရှပါ၏ စိတ်၌ အသိတစ်ခုတိုးလာသည်။ ချစ်ချစ်၏အကြည့်သည် (စောစောက မျက်ရည်ရွှဲသော ဖျတ်ခနဲအကြည့်ကို ဆိုလိုပါသည်) သူ့ရင်ကို လှုပ်ရှား စေသည့်နည်းတူ ချစ်ချစ်၏ရင်ထဲမှ လှုပ်ရှားမှုကိုလည်းပြသည်ဟု။

တကယ်တော့ မိန်းမငယ်တို့၏အချစ်သည် သိုသိပ်လှသော် သလောက် ပေါ်လွင်လည်း လွယ်တတ်ကြောင်းကို ကိုရှပါမသိသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



သည်သဘောတရားသည် အချစ်၌ ခံစားတတ်သော သို့မဟုတ် ခံစားလွယ်သော ယောကျ်ားများသာ သိနိုင်သော ကိစ္စ ဖြစ်လေသည်။

× × ×

ကဗျာဆရာ မောင်စံရှားသည် ကိုရှုပါ၏ သူငယ်ချင်းဖြစ်သည်။ သူသည် ကျောက်ဆည်မြို့နယ် ရပ်ကွက်တွင်နေသည်။ ကဗျာရေးသောအလုပ်ကိုသာ စွဲမြဲစွာလုပ်သည်။ သူ့မိသားစု၏ဝမ်းရေးကို သူ့မိန်းမက ဈေးရောင်းပြီး ဖန်တီးရသည်။ ထို့ကြောင့် သူ့မိန်းမသည် မောင်စံရှားကို လုံးဝအထင်ကြီးမည် မဟုတ်ကြောင်း ကြိုတင်ပြောပြရန် မလိုတော့ပါ။

ကိုရှုပါတို့စုံတွဲ သူတို့၏တဲငယ်လေးအဝသို့ရောက်လျှင်ပင် သူတို့လင်မယား၏ ပဋိပက္ခကို ကြားလိုက်ရသည်။

"ဒီမယ် မယ်ဖော့‥ မင်းဟာ ကိုယ့်ကို လုံးဝနားလည်နိုင်စရာ ဒီတစ်သက်တော့ မမြင်ဘူးကွာ"

"အို‥ ရှင့်ကို နားလည်စရာလည်း မလိုဘူး။ တစ်နေ့တစ်နေ့ ကျုပ်ဈေးဘန်းနဲ့ ယားလို့တောင် မကုတ်အားဘူး"

"မယ်ဖော့ရယ် ကျုပ်ကဗျာကို နားလည်စမ်းပါ"

"အို‥‥ ကျုပ်က ဈေးသည်၊ ဈေးကိုပဲ နားလည်တယ်"

"မင်းနဲ့ ဈေးဘန်းဟာ ကဗျာပါကွယ်"

"အို‥‥ ပေါက်တက်ကရ လာပြီ မစပ်ယှက်စမ်းပါနဲ့ ရှင့်ကဗျာကရတဲ့ ပိုက်ဆံတစ်ပြားတစ်ချပ်တောင် မျိုရဆို့ရှုးလို့လား"



"ဒီလိုတော့ မပြောပါနဲ့ မဖော့ရယ်၊ မင်းနဲ့ငါဟာ ချစ်လို့ ညားခဲ့ကြတာပါ၊ ချစ်သူဆိုတာ ဘဝကိုအတူရုန်းကန်တဲ့နေရာမှာ အိမ်ထောင်ရဲ့ဝင်ငွေပမာဏကို ချိန်ထိုးတိုင်းဆကြည့်စရာ မလိုပါဘူးကွယ်၊ တကယ်တော့ ငါ့ကဗျာတွေဟာ လူတန်းစားအလွှာ တစ်ခုခုကို အမြဲအသိဉာဏ်ပေးနေတာမို့ မွန်မြတ်ပါတယ်"

"ကဲ့‥ ကိုစံရှား ကျုပ် ဒေါ်မြတို့အိမ်သွားဦးမယ်၊ ဆေးပေါ့လိပ်ရှိသေးလား၊ ကုန်နေရင် ဝယ်ခဲ့မယ်"

"တကယ်တော့ မင်းကိုယ်တိုင်ကိုက ကဗျာပါ မဖော့ရယ်"

စကားလွှဲ၍ မရသည့်အဆုံး မဖော့သည် ဝါးကြမ်းပြင်ကို ခြေဆောင့်နင်းပြီး အိမ်ထဲမှ ထွက်လာခဲ့လေသည်။ အိမ်ဝတွင် ရပ်နေသော ကိုရှုပါတို့ကိုမြင်သော် မဖော့သည် အံ့အားသင့်သွားလေသည်။

"ဟင်‥‥ကိုရှုပါ"

မဖော့သည် ကိုရှုပါကို ချက်ချင်းမှတ်မိပါသည်။ ထို့ကြောင့် တတ်နိုင်သမျှ မျက်နှာထားကိုတင်းလိုက်ဖို့ ကြိုးစားလိုက်သည်။ ကိုရှုပါ၏အနီးမှာ လှစိမ်းမိန်းမပျို တစ်ယောက်ပါလာလို့သာ နည်းနည်း မျက်နှာကြောလျှော့ထားလိုက်ရသည်။ သူ ကိုရှုပါကို လုံးဝမကြည်။

အကြောင်းရှိပါသည်။ တစ်ခါက မောင်စံရှား၏ကဗျာတစ်ပုဒ်ကို ကိုရှုပါတို့မဂ္ဂဇင်းက ဆုချခဲ့ဖူးသည်။ ဆုအဖြစ် အင်္ကျီလုံချည် တစ်စုံနှင့် ဂုဏ်ပြုလွှာတစ်စောင် ပေးဖူးသည်။ ထိုဂုဏ်ပြုလွှာကြောင့်ပင် မဖော့သည် ကိုရှုပါကိုမကြည်ခြင်းဖြစ်ပါသည်။ နားမရှုပ်ကြပါနှင့်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ညှိမည်သော ဂုဏ်ပြုလွှာရရှိလက်ခံပြီး ကတည်းက မောင်စံရှားသည် ကဗျာမှလွဲ၍ အခြားဘာအလုပ်ကိုမှ မလုပ်တော့ခြင်းပင်ဖြစ်သည်။ (အရင်ကတော့ ထင်းခွဲရေခပ် အလုပ်လောက် လုပ်သေးသည်)

"မဖော့- ကိုစံရှားရှိသလား"

"ရှိပါတော်၊ ဒင်းက ဘာအလုပ်မှ လုပ်တဲ့သူမှ မဟုတ်ဘဲ။ ကဲ- အိမ်ပေါ် တက်ကြလေ။ ကျွန်မ တောင်ဘက်နား ခဏသွားမလို့"

ကိုရှုပ်ပြုံးပြီး တဲထဲ လှမ်းဝင်လိုက်သည်။ မဖော့သည် မျက်နှာမကောင်းသော ချစ်ချစ်ကို တစ်ချက်အကဲခတ်လိုက်ပြီး လမ်းမဘက်သို့ ထွက်သွားလေသည်။ မဖော့က ဤသို့ တရေးတယူ မရှိသည့်အတွက် ကိုရှုပ်ကတော့ ဘာမှမဖြစ်ပါ။ ကိုရှုပ်သည် မဖော့၏ စရိုက်သဘာဝကို ကောင်းကောင်းသိပါသည်။ အပြစ်လည်းမဆို၊ ပြီးတော့ ကိုစံရှားတို့ မိသားစုအခြေအနေနှင့် ပတ်သက်၍လည်း ကိုရှုပ်က အတွင်းသိဖြစ်သည်။

ချစ်ချစ်အဖို့ရာ၌မူ ညှော်သည်ကို အိမ်ရှင်ကြီးဆိုပုံက ပုံမှန်မကျသဖြင့် နည်းနည်းတော့ စိတ်ပျက်မိသည်။ သို့သော် ကိုရှုပ်၏ ဦးဆောင်မှုနောက်သို့ လိုက်ပါရခြင်းမို့ ကိုရှုပ်နောက်ကသာ ခပ်ကုပ်ကုပ် လိုက်ပါလာရသည်။

"ဟာ. . .ရှုပ်ကြီး ကြည့်စမ်း၊ ဘယ်ကမျက်စိလည် -"

မောင်စံရှားသည် ဝမ်းသာအားရနှုတ်ဆက်စကားကို တစ်ဝက်တစ်ပျက်ကြီးရပ်လိုက်ပြီး ချစ်ချစ်ကို တအံ့တသြကြည့်



လိုက်သည်။

သူလည်း ချစ်ချစ်ကို မြင်မြင်ချင်း သိလိုက်ပါသည်။ ပေါက်တက်ကရတွေ ပြောတော့မည်ဟု ပါးစပ်ပြင်ပြီးမှ ချစ်ချစ်ကိုအားနာပြီး မျက်နှာပိုးသတ်လေသည်။

"ကဲ. . .ကဲ ထိုင်ကြ၊ ထိုင်ပါခင်ဗျာ၊ ဟဲ ဟဲ ကျွန်တော့်အိမ်က ဆင်းရဲတော့ ကုလားထိုင်တော့ မရှိဘူး"

"ရပါတယ်ရှင်"

မောင်စံရှားခင်းပေးထားသော ဖျာတစ်ချပ်ပေါ်တွင်ပင် ထိုင်ချလိုက်ကြသည်။

"ဆို. . . ရှုပ်ကြီး၊ ငါ ဘာကူညီပေးရမလဲ"

"မြန်းမြန်းပေါ့ စံရှားရာ၊ မင်းမိန်းမ ပြန်လာမှ စကားပြောကြတာပေါ့"

"မရဘူးကိုယ့်လူ၊ မဖော့အကြောင်း မင်းလည်းအသိပဲဟာ၊ မိန်းမက ဘာမှ သိပ်သိတတ်တာမှုတ်ဘူး၊ တို့ချင်သာ နားလည်နိုင်တဲ့ ကိစ္စဆိုရင် သူလာမှ ပြောလို့မဖြစ်ဘူး"

ကိုရှုပ်သည် ချစ်ချစ်ကို လှည့်ကြည့်သည်။ ချစ်ချစ်မှာလည်း ဘယ်လို အိမ်မျိုးများ ရောက်နေသလဲဟူသောမျက်နှာဖြင့် အားငယ်နေရှာသည်။

"ဒီလိုကွာ ဒို့နှစ်ယောက်က. . ."

"ထားပါကွာ. . . ဒါကို ငါသိပါတယ်၊ အဲဒါ ငါ ဘာလုပ်ပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မှတ်သေးပါဘူး စံရှားရာ၊ စကားကို ဆုံးအောင် နားထောင်စမ်းပါအုံး"

ကိုရှုပါ သိပါသည်။ မောင်စံရှားက သူ့နှင့် ချစ်ချစ်ကို (ကိုလှဆောင်လိုပင်) ခိုးပြေးလာကြသည်ဟု ထင်နေပုံရသည်။ ဒါကို ချစ်ချစ်အနေရခက်မှာ စိုးသဖြင့် ရှင်းပြမည်ဟု ကြိုးစားသေးသည်။ နောက်တော့ တစ်မျိုးစိတ်ကူးရသည်။ သူတို့ထင်သည့်အတိုင်း နေခြင်းက အကောင်းဆုံးဖြစ်မည်။

ဤနေရာတွင် စဉ်းစားစရာလိုတာတစ်ခုရှိသည်။ ချစ်ချစ်နှင့် သူ့ကို ခိုးပြေးလာကြသည်ဟု အထင်ခံရခြင်းအတွက် ချစ်ချစ်ရှက်မှာ စိုးသည်ဟူသောအချက်ပင် ဖြစ်သည်။ မိတ္ထီလာတုန်းကရော လမ်းမှာ တုန်းကပါ သည်လိုပဲ ဟန်ဆောင်ခဲ့ကြသည် မဟုတ်လား။ ခုမှ ဘာကြောင့် သည်အတွက် ကိုရှုပါအားနာရသနည်း။

ရှင်းပါသည်။ မိမိစိတ်၌ မရိုးသားသောအခါ အရာရာကို ပို၍ဂရုစိုက်တတ် လာသောကြောင့်ပင် ဖြစ်သည်။ စိတ်၌ ရိုးသားမှုရှိနေလျှင် ခုလိုဟန်ဆောင်လင်မယား လုပ်ရခြင်းအတွက် ဘာမှမှုစရာမလို။ ပျော်စရာတောင် ကောင်းသေးသည်။ သို့သော် ကိုရှုပါကိုယ်၌က မရိုးမသားရှိလာသဖြင့် ချစ်ချစ်ရှက်မှာ စိုးသလေးဘာလေး ဖြစ်လာတော့သည်။ ဒါပဲဖြစ်မည်။

"ကဲပါကွာ၊ ငါတို့နှစ်ယောက် ဒီည ဒီမှာတည်းချင်တယ်"

"အေးလေ ရတာပေါ့၊ ပြီးတော့ကော"



"ဒါလောက်ပါပဲကွာ၊ သြော်. . တစ်ခုတော့ရှိတယ်"

ကိုရှုပါ အားနာနေသည်။ တကယ်တမ်း ကိုယ့်သူငယ်ချင်းကို ပြောဖို့ကျ တော့ နှုတ်ကမရဲ။

"ဘာတုန်းကွ"

"မင်းမိန်းမလာမှပဲ ပြောမယ်ကွာ"

"ပြောစမ်းပါ။ သူလာမှပြောလို့ ခွကျမယ့်ကိစ္စဖြစ်နေရင် ပိုခက်မယ်၊ ကဲ-ပြော"

"ဒီလိုကွာ၊ ငါတို့ ဒီမှာ တစ်ညပဲတည်းမယ်။ အဲဒီအတွက် မင်းမိန်းမကို တည်းခိုခတော့ ပေးချင်တယ်"

"အောင်မာ. . . မင်းက ငါ့အိမ်ကို"

စကားဆက်လျှင် ရှိန်းရှိန်းစိုင်းစိုင်း ဖြစ်သွားမှာမို့ မောင်စံရှား ပါးစပ်ကို အရှိန်သတ်လိုက်ရသည်။

"ငါ နားလည်ပါတယ် စံရှားရယ်၊ ဒို့ချင်းက ဘာပြဿနာမှ မရှိဘူး။ မင်း မိန်းမကတော့ ဒို့ကိုတစ်မျိုးဆက်ဆံမှာပေါ့၊ သူ့ကိုလည်း အပြစ်မတင်နဲ့ကွာ၊ သူက ရိုးသားပါတယ်။ ပြီးတော့ သူက မင်းကို ရှာကျွေးနေတာ မှတ်လား"

"မဟုတ်သေးပါဘူးကွာ"

"ဟုတ်ပါတယ်လေ၊ ငါပြောတာသာ လုပ်စမ်းပါ။ ဘာပဲ ဖြစ်ဖြစ် မင်းလည်း မျက်နှာကောင်းရတာပေါ့"

ချစ်ချစ်သည် ကိုရှုပါတို့၏ ဆက်ဆံရေးကို နားမလည်

www.burmeseclassic.com

www.burmeseclassic.com



တော့ချေ။ စိတ်လည်း တော်တော်ပျက်လာသည်။

“ကဲပါ အစ်ကိုရာ၊ သိပ်ပြီးအားနာနေရင်လည်း နေပါစေ ချစ်ချစ်တို့ ညတွင်းချင်းပဲ ဖြစ်သလို ခရီးဆက်ကြတာပေါ့”

“မှတ်ဖူး။ အားနာစရာလည်း မှတ်ပါဘူး။ အစ်ကိုတို့ချင်းက နားလည်မှုရှိ ပြီးသားပါ။ ပြီးတော့ ကားပျက်တုန်းက အကြံအဖန်လာ လုပ်တဲ့ကောင်ရဲ့နောက်ကလည်း စိတ်မချရဘူးလေ။ ဒီညတော့ ဒီမှာပဲ တည်းလိုက်ကြတာပေါ့”

မောင်စံရှားက ဝင်ပြောလေသည်။

“မ… အဲ… မချစ်ချစ်နော်၊ ဒီလိုပါ ကျွန်တော့်ဆီမှာတည်း လို့ကတော့ ဘာပြဿနာမှ မပေါ်စေရပါဘူး။ စိတ်ချလက်ချသာ နေပါ ကျွန်တော့်မိန်းမကလဲ အပြောသာဆိုးတာပါ။ သူများကိစ္စမှာ စပ်စု ယှက်ယှက်တော့ မလုပ်တတ်ပါဘူး။ ခင်ဗျားတို့သတင်း ဘယ် မပေါက်ကြားစေရပါဘူး။ အဲ- တစ်ခုပဲရှိတာက ခုလိုအချိန်မျိုး ခင်ဗျားတို့အတွက် ကျွန်တော့်အိမ်က သပ်သပ်ရပ်ရပ်မရှိတာကို အားနာတာပါ”

“အို… ကိစ္စမရှိပါဘူးဗျာ”

ပြောပြီးမှ ချစ်ချစ်ရှက်သွားသည်။ မောင်စံရှား၏စကား နှင့်ပြီး အလိုက်သင့်သာ ပြောလိုက်ရသည်။ တကယ်တော့ အလိုက် သည် အတော်ဆိုးသော အလိုက်သင့်မျိုးဖြစ်သည်။ စဉ်းစားကြည့် ဆရာမြို့မငြိမ်းသီချင်းထဲကလို “တဲအိုပျက်မှာ နေရနေရ” သဘောမျိုး သည်။



ကိုကိုနှင့်အတူ နေရလို့တော့ ဘယ်လိုနေရာမျိုးဖြစ်ဖြစ်ဟူ၍ အဓိပ္ပာယ်သက်ရောက်သည် မဟုတ်ပါလား။

သည်အဖြစ်ကို ကိုရှုပါလည်း သတိထားလိုက်မိသဖြင့် အနေရခက်သွားသည်။ သို့သော် ကျေနပ်မှုကလေး ကပ်ပါလာသည် ကတော့ သေချာသည်။

အချစ်နှင့် သူ၏ကိုကိုတို့သည် သည်ကနေ့ည မောင်စံရှား အိမ်မှာ အိပ်ကြဖို့ကို နှစ်ဦးစလုံး စိတ်လှုပ်ရှားနေကြသည်က အမှန်။ ပြီးတော့ သည်ကနေ့ညအဖို့ မန္တလေးသို့ ခရီးမဆက်ရှိရသည့်အဖြစ်ကို သုတို့ကျေးဇူးတင်နေကြသည်။ တစ်ညတာလောက်တော့ စကားစမြည် ဆွေ ပြောနေချင်ကြသည်။

ချစ်ချစ်၏စိတ်တွင် သည်ည ကိုရှုပါ တစ်စုံတစ်ရာ စတင် ပြောဆိုလိမ့်မည်ဟု မျှော်လင့်နေသည်။

× × ×

“ညစာရော ကျွန်မသွားဝယ်ပေးရမလား။ တော်ကြာ ညဉ့်နက်သွားရင် ဆိုင်တွေပိတ်သွားကုန်လိမ့်မယ်”

မဖော့တို့က ရှင်းသည်။ ညစာအတွက်လည်း သူတာဝန် ယူနိုင်ကြောင်း ကြိုတင်ကြေငြာလိုက်သည်။ ကိုရှုပါကတော့ အတွင်း သိမ့် စိတ်ဥဘာမှမဖြစ်ပါ။ တစ်ညတာ တည်းခိုခွင့်ရသည်ကိုပင် ကျေနပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ၊ ချစ်ချစ် ဘာစားချင်လဲ"

"ရပါတယ် တစ်ခုခုပေါ့"

ငြင်းဆန်ရန်အတွက် ချစ်ချစ်မစဉ်းစားတော့ပါ။ ကိုရှုပါကို သူခင်တွယ်သည်။ ကိုရှုပါကျွေးသည်ကို စားရန်ဝန်မလေးတော့ပါ။

"ချစ်ချစ် ခေါက်ဆွဲကြော် ကြိုက်တယ်မဟုတ်လား၊ ကဲ- မဖော့ ခေါက်ဆွဲကြော်သာ ဝယ်ပေးဗျာ"

ချစ်ချစ်ရင်ထဲ စိမ့်ကနဲ နေသည်။ အိမ်မှာလည်း သည်လိုပဲ သူ့ကို ဂရုစိုက်ကြသည်ပင်။ သို့သော် မတူပါ။ အိမ်မှာက ကာလီမှုတူး သည်မှာက ကိုကို။ ပြီးတော့ ကိုကိုက သာဘာကြိုက်တတ်သည်ကို မှတ်ထားသည်။

× × ×

စားသောက်ပြီးတော့ ငိုက်မြည်းလာသည်။

"ကဲ… နားကြတော့ ငါသွားမယ်၊ နောက်ဖေးထွက်ချင်ရင် အိမ့်နောက်ဘက်မှာ အိမ်သာရှိတယ်"

"ဟင်း…မင်းတို့က ဘယ်သွားကြမှာလဲ"

"ဟာ…ဒို့က ဒေါ်မြအိမ်သွားအိပ်မှာပေါ့၊ ဒီမှာ ဘယ်နဲ့လုပ် အိပ်ရမလဲ၊ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့"

"ရပါတယ်၊ ဒီလိုတဲ အိပ်ကြတာပေါ့ မင်းနဲ့ငါ အတူအိပ်မယ် ချစ်ချစ်နဲ့ မဖော့က အတူတူအိပ်"



"မဟုတ်တာ ကျွန်မလည်း လူများရင် မအိပ်တတ်ဖူး"

မဖော့က ပြောပြောဆိုဆို ထထွက်သွားသည်။ ထိုအချိန်တွင် ချစ်ချစ်ရင်ခုန်လာသည်။ မဖော့တို့နှင့်အတူ အိပ်ကြဖို့ ကိုရှုပါစီစဉ်သည့် အတွက် ကိုရှုပါကို လေးစားသည်။ သို့သော် သိပ်မကျေနပ်ချင်ပါ။ မကျေနပ်ချင်ပါဆိုသည်မှာ ကိုရှုပါနှင့်အတူ အိပ်ချင်လို့တော့မဟုတ်၊ သို့သော် ဒီညအဖို့တော့ ကိုရှုပါနှင့် နှစ်ယောက်တည်း အတူနေချင်သည်၊ သည်ညကိုရှုပါ စကားစလိမ့်မည်ဟု မျှော်လင့်သည်။

တခုတော့ရှိသည်။ အိမ်တစ်အိမ်ထဲ နှစ်ယောက်တည်းနေဖို့တော့ မရဲပါ။ တမျိုးပဲလေ။

မောင်စံရှားတို့ ထွက်သွားကြသောအခါ ပို၍ရင်ခုန်လာသည်၊ ညသည်လည်း ပို၍ တိတ်ဆိတ်သွားသလို ထင်ရသည်။

တစ်ယောက်ကိုတစ်ယောက် မကြည့်ရဲဘဲ တမင်ကလာ မျက်နှာလွှဲနေကြသည်။ ကိုရှုပါက သန်းဝေလိုက်သည်။ သန်းဝေခြင်း သည် ကူးတတ်သော သဘာဝရှိသည့်အတိုင်း ချစ်ချစ်လည်း လက်ဝါးကာပြီး သန်းမိသည်။

"အိပ်ချင် သွားအိပ်လေ"

"အစ်ကိုကကော ဘယ်မှာအိပ်မှာလဲ"

"မပူပါနဲ့ အစ်ကိုမအိပ်တော့ဘူး"

"ရပါတယ် အိပ်ပါ၊ အိပ်ခန်းထဲမှာ အစ်ကိုသွားအိပ်လေး ချစ်ချစ် ဒီမှာဘဲ အိပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မအိပ်ရဲဘူး"

ကိုရှုပါ၏ ဟာသသည် သိပ်မရယ်ရပါ။ အဘယ့်ကြောင့်ဆိုသော သူတို့၏စိတ်တွေက လေးနက်စွာ လှုပ်ရှားနေကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့်ပင် ကိုရှုပါကပေါ့တန်သွားစေရန် ဟာသလုပ်ခြင်းဖြစ်သည်။ သို့သော် စိတ်လှုပ်ရှား နေရလွန်းသဖြင့် အရာမရောက်။

စကားဆက်မပြောတော့ဘဲ ငြိမ်သက်နေမိကြပြန်သည်။ အပြင်ဘက်မှ ပရစ်သံ၊ ဖားသံတို့ကို ကြားရသည်။ မိုးနံ့မစင်သေးသဖြင့် မိုး၏အငွေ့အသက်ကို ခံစားနေကြရသည်။ မိုးသည် နွေကဲ့သို့ မပူပြင်းသော်လည်း ရင်ကိုတော့ နွေးစေသည်။

တစ်ယောက်ကိုတစ်ယောက် မကြည့်ဖြစ်အောင် ကြိုးစားရင်းက နှစ်ယောက်လောက် မျက်လုံးချင်းစုံမိသေးသည်။ ထိုမျက်လုံးတို့သည် တယောက်၏ ရင်ခုန်သံကို တယောက်ကြားရစေသည်။

"နက်ဖြန်ကျရင် ခွဲလမ်းခွဲကြရမယ်နော်"

ကိုရှုပါသည် အသံတွေမတုန်စေဘူး တုန်နေသည်။ သူ့စကားသည် ချစ်ချစ်ကိုလည်း ဝမ်းနည်းသွားစေသည်။

"ဒါပေမယ့် လာလည်လို့ရပါတယ်"

"ဒါပေမယ့် လာမလည်ချင်ဘူး"

"ဘာလို့လဲ"

"အစ်ကို ရွာကနေ ဘယ်တော့မှ ပြန်ဖြစ်မလဲ မသိဘူးလေ"

"မန္တလေးရောက်ရင် တရက်နှစ်ရက်လောက်နေပါဦးလား"

"မထူးပါဘူး"



"ထိုမထူးပါဘူးသည် ဘာကို ရည်ညွှန်းမှန်း ချစ်ချစ်မသိပါ"

"ချစ်ချစ်လဲ အစ်ကို့ ကျေးဇူးကို တသက်လုံးမမေ့ပါဘူး"

"သတိရရင် ကျေနပ်ပါပြီ"

"ကျွန်မ အစ်ကို့ကို ခင်ပါတယ်"

"အစ်ကိုလည်း ချစ်ချစ်ကိုခင်ပါတယ်"

"တွေ့စက ချစ်ချစ်မချေမငံပြောမိတာတွေအတွက် ခွင့်လွှတ်နော်"

"ကိစ္စမရှိပါဘူး"

"မန္တလေးက အဒေါ့်အိမ်လိပ်စာ ယူထားမလား"

"ဘာအတွက်လဲ"

"စာလေးဘာလေး ရေးချင်စိတ်ရှိရင် ရေးပေါ့"

ကိုရှုပါက စာအုပ်တစ်အုပ်နှင့် ဖောင်တိန်လှမ်းပေးသည်။ ချစ်ချစ်က သူ့ဒေါ်လိပ်စာရေးပေးသည်။

တကယ်တော့မူ သူတို့သည် စိတ်လှုပ်ရှားမှုကို ဖြေဖျောက်နိုင်ရန် ရှာကြံစကားပြောနေခြင်းသာဖြစ်သည်။ ကိုရှုပါသည် ချစ်ချစ်ရေးပေးသော လိပ်စာကို အကြောင်းမဲ့စွာ သုံးလေးကြိမ်ပြန်ဖတ်ကြည့်နေ၏။ ပြီးတော့ သက်ပြင်းကြီးချပြီး ချစ်ချစ်ကိုလှမ်းကြည့်သည်။ ချစ်ချစ်လည်း သူ့ကိုကြည့်နေသည်ကို။ ချစ်ချစ်၏မျက်လုံးတို့သည် အချစ်ကို ငံ့လင့်နေမှန်းကို ကိုရှုပါရိပ်မိသည်။ သို့သော် သူသက်ပြင်းနောက်တစ်ခါ ချရန်မှတပါး အခြားမရှိ။

"ချစ်ချစ် အိပ်ချင်သွားအိပ်လေ"

www.burmeseclassic.com

"ချစ်ချစ်သည် ကိုရှုပါကို စူးစူးစိုက်စိုက်ကြည့်လျက် ခေါင်းခါပြသည်။ သူ့အကြည့်သည် နည်းနည်းတော့ ရဲတင်းသည်။ အနေရခက်စေသည်။

နောက်ဆုံး ကိုရှုပါ၏စိတ်တွေ မနိုင်မနင်း ဖြစ်လာကြသည်။ ထိုအခါ သူ့လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကိုထုတ်ဖတ်လေသည်။ မဂ္ဂဇင်းများကို ချစ်ချစ်ရှေ့မှာ ပုံချပေးလိုက်သည်။

သူတို့သည် စိတ်မပါသော အလုပ်များကို ပင်ပန်းကြီးစွာ လုပ်နေကြရသည်။

စာထဲတွင် စိတ်မပါဘဲ စာရွက်များကို ဟိုလှန်သည်လှန် လုပ်နေကြသည်။ ခဏကြာသောအခါ ချစ်ချစ်သည် စာအုပ်များကို လုံးဝမကိုင်တော့ဘဲ သူ့ရှေ့မှာပင် ပုံချထားလိုက်ပြီး ထိုစာအုပ်ပုံကို သာ တွေတွေကြီး ငေးနေတော့သည်။

ထိုတဒင်္ဂတွင် သူသည် သူ့ဖေဖေက သူ့ကို ပါးရိုက်ချလိုက်သည်မှ ခုအချိန်ထိသော ဖြစ်စဉ်တို့ကို စီစဉ်တွေးတောနေသည်။ ထို အခါ သူ့မျက်လုံးမှ မျက်ရည်တို့ ဝေ့သီလာကြသည်။ နောက်တော့ ကြမ်းပြင်ပေါ်သို့ ပေါက်ကနဲကျသည်။ ထိုမျက်ရည်၏ နောက်ကွယ် တွင် မေတ္တာတရားပါရှိမှန်း ချစ်ချစ်သာ သိနိုင်ပါသည်။ မျှသိပ်ချိုး ဟူသော မိန်းမတို့၏ သဘာဝကို ချစ်ချစ်စိတ်နာသည်။ ထိုအခါ ငို လင့်ခြင်းကို မျက်ရည်ဖြင့် ပြတော့သည်။ မိန်းမတို့၏ မျက်ရည်သည် ယောကျ်ားတို့အတွက် ကရုဏာတရားကို ဖြစ်ပေါ်စေသည်။ ကြင်နာ



သနားခြင်းဖြစ်ပေါ်လျှင် ယောကျ်ားတို့ ချစ်ရေးဆိုတတ်သည်ဟု ချစ်ချစ် ထင်သည်။ သူသည် ကိုကို့အချစ်ကို မျှော်လင့်နေမိပြီ။

ကြိတ်မှိတ်ထားသည့်ကြားက တချက်ရှိုက်မိသည်။ သူထင် သည့်အတိုင်းပင် ကိုကိုသည် ပြာပြာသလဲဖြစ်သွားသည်။ ချစ်ချစ်အနီး သို့လာပြီး ဒူးထောက်ထိုင်သည်။ ချစ်ချစ်က ခေါင်းငုံ့ထားသည်။ သည် အတွက် ကိုကိုက ခေါင်းကလေးကို ညင်သာစွာ ကိုင်မိသည်။ ထိုအခါ ချစ်ချစ် ပိုလို့ငိုသည်။

"ချစ်ချစ် ဘာလို့လဲဟင်"

ချစ်ချစ်ကခေါင်းခါသည်။ ကိုရှုပါ ရှေ့ဆက်ဘာပြောရမှန်း မသိတော့။ သည်တခါတော့ ကိုရှုပါသည် စိတ်မတိုတော့ချေ။

ကိုရှုပါသည် ချစ်ချစ်အနီးမှာပင် တင်ပျဉ်ခွေထိုင်ချလိုက် သည်။

"ပြောစမ်း...ပြောစမ်း...ဘာဖြစ်လို့လဲ အားငယ်နေလို့ လား"

ချစ်ချစ်ကတော့ ခေါင်းငုံ့ပြီးတော့သာ ခေါင်းခါပြနေပါသည်။

"ခုအချိန်ဟာ ငိုရတော့မယ့် အချိန်မဟုတ်ပါဘူးကွယ်၊ ချစ်ချစ်အတွက် အရာရာစိတ်ချရပြီဘဲ၊ ပြီးတော့ နက်ဖြန်ဆိုဘဲ မန္တလေး ရောက်တော့မယ့်ဥစ္စာ"

ချစ်ချစ်က ဖျပ်ကနဲမော့ကြည့်သည်။ သူ့မျက်လုံးတွေက ညည်းသောသဘော စွက်ဖက်နေကြသည်။ အဓိပ္ပာယ်ကို ကိုရှုပါ

www.burmeseclassic.com

www.burmeseclassic.com



သဘောမပေါက်။

ချစ်ချစ်သည် သူ့ဘက်ကစည်းကို တတ်နိုင်သမျှ မကျော်မအောင် ထိန်းပါသည်။ သို့သော် အချစ်သည် အတားမရှိအောင် သတ္တိရှိစေတတ်သည်။

"အဲ့ဒါကြောင့်ပေါ့"

"ဘယ်အဲ့ဒါလဲ ချစ်ချစ်"

"မန္တလေးရောက်တော့မှာ ကြောင့်ပေါ့"

"မန္တလေးဟာ မင်းအတွက် ပန်းတိုင်မဟုတ်လား"

ချစ်ချစ်သည် မှုံပြုံးတစ်ချက်ပြုံးမိသည်။ မိန်းမတို့တွင် ထူးခြားချက်တစ်ခုရှိသည်။ အားနည်းချက်ဟုလည်း ပြောလို့ရသည်။ အခြားမဟုတ်။ နာကျည်းလွယ်တတ်ခြင်းပင် ဖြစ်သည်။ သူတို့စိတ်၌ အလိုမကျလျှင်လည်း နာကျည်းတတ်သည်။ အလိုကျသဖြင့် ငံ့လင့်မိသည့်တွင် တစ်ဖက်လူက သိပ်သစ္စာရှိနေပြန်လည်း နာကျည်းတတ်သည်။

"ချစ်ချစ် မန္တလေးကို မရောက်ချင်သေးဘူး"

သည်မျှအထိ စည်းဖောက်ရတော့လည်း မကောင်းတော့သင်း သိတတ်ဖို့ကောင်းသည်။

သိပ်သိတတ်ပါသည်။ သို့သော် ကိုရှုပါ၏ထိန်းချုပ်နိုင်သောအားသည် လွန်လွန်းသည်။

သို့မဟုတ်လည်း တော်တော်ကြောင်သောသူဟု ပြောရသည်။

"ဘာလို့ မန္တလေး မရောက်ချင်တာလဲ"

ချစ်ချစ်က ပို၍သိသာသော နာကျည်းမှုမျက်လုံးဖြင့်



ကြည့်ပြလိုက်သည်။ သင်း တရားလွန်ပြီ။ သို့သော် နှုတ်က ဆွံ့အနေသည်။ ဘာပြန်ပြောလိုက်ရမှန်းပင် မသိတတ်တော့ပါ။

ထိုအခါ ငိုပါသည်။ ပို၍သည်းစွာ ငိုပစ်လိုက်သည်။ ကိုယ်ကလေး ယိမ်းထိုးသွားသည်။ ငိုသူတို့၏ သဘာဝတွင် တစ်စုံတစ်ရာကိုမှီပြီးငိုမှ အားရတတ်သည်။ ဆိုပါစို့။ သည်အတိုင်း မတ်တတ်ရပ်လျက်ငိုရသည်ထက် အိပ်ရာပေါ်လှဲချပြီး ငိုရသည်က ပို၍ အားပါးတရ ရှိသည်။

ချစ်ချစ်၏ ကိုယ်လုံးလေးသည် အမှတ်မထင်ပါဘဲလျက် ကိုရှုပါ၏ ပုခုံးသို့ ယိုင်ကျလာသည်။ ကိုရှုပါ မအံ့ဩပါ။ သည်အခြေအနေကို သူမျှော်လင့်ခဲ့သည် မဟုတ်လား။

သို့သော် ယိုင်ကျလာသော ကိုယ်ကို ကိုရှုပါက ဆီး၍မပွေ့ပါ။ ဖေးမထားခြင်း မပြုပါ။ သည်အတိုင်းသာ ငုငုကြီး ထိုင်နေသည်။

ချစ်ချစ်၏ကိုယ်သည် နွေးနေသည်။ အချစ်သည် နွေးစေသည် ထင်ပါသည်။

ခုမှပင် ကိုရှုပါ၏နှုတ်က စကားဆိုဖော်ရတော့သည်။

"ချစ်ချစ်… အကို သဘောပေါက်ပါတယ်ကွယ်၊ ဒါပေမဲ့"

ချစ်ချစ်သည် မျှော်လင့်ခြင်းဖြင့် သူ့ကိုယ်ကိုခွာလျက် ရီဝေစွာကြည့်သည်။ သို့သော် ကိုရှုပါထံမှ နောက်ထပ်စကား ထွက်မလာတော့ပါ။ ခေါင်းကိုသာ ဖြည်းညှင်းစွာ ခါယမ်းပြလိုက်သည်။

ချစ်ချစ်သည် ကိုရှုပါကို အလွန်စိတ်နာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရှုပါ၏အနီးမှ ရုတ်ခြည်းထပြီး အိပ်ခန်းထဲသို့ ပြေးဝင်သွားလေသည်။ ခေါင်းအုံးပေါ် မျက်နှာအပ်လျက် အားရအောင် ငိုချလိုက်ရသည်။

ခဏကြာသောအခါ ခြေသံကြားရသည်။ ချစ်ချစ်သည် ငိုနေလျက်က ရင်ခုန်ရပြန်သည်။ ကိုရှုပါသည် ချစ်ချစ်နံဘေးမှာ ထိုင်လိုက်သည်။

မောင်စံရှားတို့က သူတို့နှစ်ယောက်အတွက် အိပ်ရာပြင်ပေးထားသည်။ ကိုရှုပါသည် သူနှင့်သက်ဆိုင်သော ခေါင်းအုံးနှင့်စောင်ကို ယူပြီး အိမ်ရှေ့ခန်းသို့ ပြန်ထွက်သွားလေသည်။

အိမ်ရှေ့ခန်းမှာပင် ပစ်လှဲချလိုက်သည်။ သို့သော် မည်ကဲ့သို့ပင် အိပ်ပျော်ပါမည်နည်း။ စိတ်သည် အမြင့်မားဆုံးလှုပ်ရှားသည်။

× × ×

သည်အတိုင်းနေလို့ကတော့ တစ်စုံတစ်ရာဖြစ်တော့မည်ကို သူဖာသာသိသည်။ ထို့ကြောင့် ကိုရှုပါ အိမ်ပြင်သို့ ထွက်ခဲ့သည်။ လမ်းမပေါ်တွင် လူသွားလူလာ ကျဲပါးသွားပြီး ကိုရှုပါသည် လမ်းအတိုင်း လျှောက်သွားနေမိသည်။

ထိုအခါ စိတ်တည်ငြိမ်မှုကို ရလာသလိုလို ရှိသွားသည်။ မြို့ထဲဘက်သို့ ရောက်သောအခါ ကိုရှုပါ တစ်စုံတစ်ရာကို သတိရလိုက်သည်။



ကိုရှုပါသည် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်စုံစမ်းပြီး တယ်လီဖုန်းရုံးသို့ လာခဲ့သည်။ မိတ္ထီလာသို့ ဆက်သွယ်သည်။ သိပ်ကြာကြာ မစောင့်လိုက်ရဘဲ မိတ္ထီလာနှင့် အဆက်အသွယ်ရသည်။

"ခင်ဗျာ . . . ဘယ်လို . . ."

မိတ္ထီလာဖုန်းရုံးက သတင်းကောင်းကို အသင့်ပေးလေသည်။

"ဩော် . . . ဟုတ်ပြီ၊ ခင်ဗျားသူငယ်ချင်း ကိုလှဆောင်က မှာသွားတယ်။ ခင်ဗျားတို့ထွက်သွားပြီး ညနေစောင်းမှာပဲ တရားခံကို မိတယ်တဲ့။ အဲ့ဒါ ခင်ဗျားတို့ပစ္စည်းတွေကို သူကိုယ်တိုင် မန္တလေးကို ယိုက်ပို့မယ်တဲ့။ စောစောကပဲ ကားကြုံတစ်စီးနဲ့ လိုက်သွားတယ်။

"ဟာ . . . ဒုက္ခပဲ"

"ဘယ်လိုလဲ"

"ကျွန်တော်တို့က ခု ကျောက်ဆည်မှာ၊ ဒါနဲ့ ကိုလှဆောင် ဘတ်စ်ကားနဲ့ သွားတာလား"

"မှတ်ဖူး၊ ကုန်ကားတစ်စီးနဲ့သွားတာ၊ ခင်ဗျားတို့ပေးခဲ့တဲ့ လိပ်စာအတိုင်းသွားမှာပေါ့"

ကိုရှုပါသည် တယ်လီဖုန်းရုံမှ အလောတကြီးပြေးထွက်ခဲ့သည်။ ရုတ်တရက် ဘာလုပ်ရမှန်းမသိ။

ကိုလှဆောင် မန္တလေးက ချစ်ချစ်အဒေါ်အိမ်ရောက်သွားသို့ကတော့ ပြဿနာ။ ပိုပြီးရှုပ်ကုန်တော့မည်။ ကိုရှုပါသည် အိမ်သို့

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်တော့ ချစ်ချစ်ကို နှိုးကြည့်သေးသည်။ ချစ်ချစ်အိပ်ပျော်နေပြီ"

ချစ်ချစ်

အစ်ကို မန္တလေးကိုသွားတယ်။ မင်းရဲ့အိတ်ကို ပြန်ရပြီ။ ကိုလှဆောင် မန္တလေးကို လိုက်ပို့တယ်ဆိုလို့ ခုညတွင်းချင်းပဲ အကို အမီလိုက်သွားတယ်။ စိတ်မပူနဲ့။ မနက်ပြန်ရောက်မယ်။ သူ့ကို အရင်မန္တလေးရောက်နေရင် ပြဿနာပိုရှုပ်ကုန်မယ်။ ဒါကြောင့် ညတွင်းချင်းလိုက်ရတာ။ ချစ်ချစ်ကို ချစ်ပါတယ်။

ကိုကို

ကိုရှုပ်သည် စာတစ်စောင်ကိုရေးပြီး ချစ်ချစ်အနီးမှာ ချထားခဲ့သည်။ အဝေးပြေးကားတစ်စီးကို လက်တားပြီး တက်ခဲ့လေသည်။

× × ×

(၁၃)

ကိုရှုပ် ကံကောင်းပါသည်။ သူ မန္တလေးရောက်တော့ ကိုလှဆောင် မရောက်သေးပါ။ ချစ်ချစ်အဒေါ်၏ တိုက်ရှေ့လမ်းမပေါ်တွင် ကိုရှုပ် ထိုင်စောင့်နေဆဲ ကိုလှဆောင်ရောက်လာခဲ့သည်။

"ဟင်. . .ကိုရှုပ် ဘယ်လိုဖြစ်တာလဲ"

"လာဗျာ၊ နောက်မှ ရှင်းပြမယ်"

သူတို့သည် ချောင်ကျကျ တရုတ်လက်ဖက်ရည်ဆိုင်သို့ ဝင်ခဲ့သည်။ ကိုရှုပ်သည် ဇာတ်ထုပ်ကို ရှင်းပြလိုက်လေသည်။

"ဟင်. . .အဲဒီတော့ ဘယ့်နဲ့ လုပ်ကြမလဲ"

မှန်သည်။ ရှေ့ဆက်ပြီး ဘာလုပ်ကြမည်နည်း။ သူတို့သည် ခေါင်းချင်းရိုက်မျှ အမျိုးမျိုးစဉ်းစားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ခင်ဗျားကလည်းချစ်တယ်၊ သူကလည်း ပြန်ချစ်မှန်းသေချာတယ်ဆိုရင်တော့ တစ်ခါတည်းသာ သုတ်ခြေပြေပေတော့ပေါ့ဒါပဲရှိတာပဲ"

"ကျွန်တော်ကြောက်တယ်ဗျာ"

"ဟာ·· ဘာလို့လဲ"

"ကျွန်တော်တို့က ညကမှ ပွင့်ပွင့်လင်းလင်းဖြစ်ကြတာ ကိုလှဆောင်ရဲ့"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"မှတ်ဖူးလေ၊ သူ့ကို မန္တလေးရောက်အောင် အရင်ပို့ပြီးမှ စီစဉ်ရင် ကောင်းမလားလို့"

"ဟာ···သူ့အုပ်ထိန်းသူ လက်ထဲ ပြန်ရောက်သွားပြီးရင် အခက်အခဲဖြစ်လာနိုင်တယ်"

အပြန်ပြန်စဉ်းစားကြသည်။ စဉ်းစားသည်ဆိုရာ၌ ကိုရှုပါကသာ စဉ်းစားခြင်းဖြစ်သည်။ ကိုလှဆောင်ကတော့ တစ်ခါတည်းနိုးပြေးဖို့သာ တိုက်တွန်းနေသည်။

ကိုရှုပါသည် တစ်ခါတစ်ခါ အတွေးကြောင်သည်။ ချကြိုက်ပြီး ခုနိုးပြေးသည့်အတွက် တန်ဖိုးလျော့မှာ သူကြောက်သည်။

စတင်ချစ်ကြိုက်ပြီးမှ နိုးပြေးသည့်အထိသောကာလသည် ထုံးစံအတိုင်း တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည်တော့ ကြာသင့်သည်ဟု ကိုရှုပါ စွဲလန်းနေသည်။



တစ်ယောက်နှင့်တစ်ယောက် စတင်တွေ့ဆုံကြခြင်းမှ ချစ်မိကြသည့်အထိသော ကာလကိုကျတော့ အချိန်တိတိကျကျ သတ်မှတ်လေ့မရှိ။ တစ်ချို့များ ခုမြင်ခုကြိုက်။

လူတို့သည် ချစ်ခြင်းမေတ္တာကိစ္စနှင့် အိမ်ထောင်ပြုခြင်းကို အဘယ့်ကြောင့် ညီတူညီမျှ တန်ဖိုးမထားတတ်ကြပါသနည်း။

× × ×

စဉ်းစားရခြင်းသည် အချိန်လိုအပ်သော သဘောရှိပါသည်။ အေးအေးလူလူစဉ်းစားရလျှင် အကြံကောင်းဉာဏ်ကောင်းထွက်တတ်သည်။ ဖုတ်ပူမီးတိုက်ဆိုလျှင် ဟုန်ပြီး ဘာမှ မယ်မယ်ရရ ခေါင်းထဲက မထွက်။

ကိုရှုပါတို့သည် အပူတပြင်း စဉ်းစားရသဖြင့် အတွေးတွေကတိုရောက်သည်ရောက်ဖြစ်ရသည်။ ဘာမှ တိတိကျကျအဖြေမရ။ ဘာလုပ်ရင် ကောင်းမလဲဟူသော မေးခွန်းကိုသာ တစ်ယောက်တစ်ပြန်မေးရင်း အချိန်ကုန်နေကြသည်။

ညဦးနက်ခြင်းမှ အရုဏ်တက်သို့ လှလာချိန်တွင်ကား ကိုရှုပါ ဆာချွေးပင် ပျံနေပါပြီ။

"ဩော်···နေအုံးဗျ ကိုလှဆောင်၊ တစ်ခုမေးရအုံးမယ်။ ခင်ဗျားကို ချစ်ချစ်မိတ္တီလာတုန်းက အကူအညီတစ်ခုတောင်းတာ မှတ်မိလား"

www.burmeseclassic.com



"အင်း . . . တယ်လီဖုန်းဆက်နိုင်းတာလေ"

"ဆက်လို့ရလား"

"မရဘူး . . . ရအောင်လည်းမစောင့်တော့ဘူး အိပ်ရှိ (တယ်လီဖုန်းရုံး)က ကျွန်တော်သူငယ်ချင်းကိုပဲ မှာခဲ့တယ်"

"ဟင် . . . ဖြစ်ပါ့မလား"

"ဘာကိုလဲ"

"ဟာ . . . ဒီကိစ္စကို တယ်လီဖုန်းရုံးက လူတွေ သိသွားတော့ ဘယ်ကောင်းမလဲ၊ ပြီးတော့ ချစ်ချစ်ကိစ္စက ဆုငွေထုတ်ထားတာလဲ ခင်ဗျားအသိပဲ ကိုလှဆောင်ရာ၊ ခင်ဗျားကလဲ နေရာတကာ ယောင်နနနဲ့"

"အို . . . သိတော့လဲ ဘာဖြစ်သလဲဗျ၊ မချစ်ချစ် ပြောနိုင်တာကိုက ဆုငွေပြန်ရုပ်သိမ်းဖို့နဲ့ မန္တလေးက အဒေါ်အိမ်ရောက်နေပြီဆိုတာကို ပြောနိုင်းတာပဲဟာ၊ ကိစ္စက ပြီးနေပြီဘဲ၊ သူတို့သိတော့ ဘာထူးဦးမှာလဲ"

မှန်ပါတယ်၊ ချစ်ချစ်တစ်ယောက် ဘေးမသီရန်မခ မန္တလေးက အဒေါ်အိမ်ရောက်နေပြီဆိုကတည်းက ပြဿနာက ပြီးနေပြီ။ ဘယ်သူကမှ ခြေရာခံလိုက်စရာ အကြောင်းမရှိတော့။

"နောက်ပြီး တယ်လီဖုန်း အိတ်ချိတ်က မောင်တွေကလဲ ကျွန်တော်ရဲဘော်တွေပါ။ ဒီအတွက် မပူပါနဲ့ ကိုရှုပါ"

(ဤနေရာတွင် ပြောပြရန်လိုသော အချက်တချက်ရှိ သည်။ ကိုလှဆောင်က ချစ်ချစ်အိတ်ကို လုပြေးသူ တရားခံထံ



ငွေများပြန်ရပြီး မန္တလေးသို့ ကားကြုံတစ်စီးဖြင့် လိုက်လာနေချိန်တွင် မိတ္ထီလာ တယ်လီဖုန်းရုံးက ရန်ကုန်ဦးရွှေအိုးအိမ်သို့ တယ်လီဖုန်းလိုင်းရလေသည်။ သို့သော် ထိုအချိန်တွင် ဦးရွှေအိုးမရှိ။

ဦးရွှေအိုးသည် ချစ်ချစ်ထွက်သွားသည့်နေ့မှစ၍ နည်းမျိုးစုံဖြင့် ရှာပုံတော်ဖွင့်ခဲ့ရာ နောက်ဆုံး မန္တလေးသို့ ချစ်ချစ် ဦးတည်သွားကြောင်း သတင်းရသဖြင့် မန္တလေးသို့ လိုက်သွားပြီးပြီဖြစ်နေ၏။ မန္တလေးမှ သူ့နှမအိမ်သို့ မသွားဘဲ သူ့မိတ်ဆွေတစ်ယောက်အိမ်မှာ စတည်းချပြီးစုံစမ်းသည်။ သူ့နှမအိမ်သို့လည်း လူလွှတ်စုံစမ်းနိုင်းသည်။ ထိုအချိန်တွင် အဖွားကြီးကလည်း သတင်းစာကြော်ငြာ တွေပြီးပြီမို့ ချစ်ချစ်သတင်းကို သူ့ပါ တတ်နိုင်သလောက် စုံစမ်းနေ၏။

မြန်မာလူမျိုးတို့၏ ဓလေ့အတိုင်း အရေးကိစ္စတစ်ခု ကြုံလာလျှင် မခေါ်မပြောသူတို့ပင် ပြန်လည်း သင့်မြတ်ကြရိုးရှိ၏။ အရေးအခင်းကြောင့် ဦးရွှေအိုးနှင့် သူ့နှမတို့ ပြန်လည်သင့်မြတ်သွားကြလေသည်။ ပူပူနွေးနွေး ပြန်ပေါင်းထုပ်နေကြသော မောင်နှမနှစ်ယောက်သည် ယခုကိုရှုပါနှင့် ကိုလှဆောင်တို့ တရုတ်လက်ဖက်ရည်ဆိုင်မှာ ခေါင်းချင်းရိုက်နေကြချိန်တွင် ဦးရွှေအိုးနှမအိမ်၌ ဦးရွှေအိုးကိုယ်တိုင် ရှိနေပါသည်။ ကံကောင်းသည်၊ ကိုရှုပါကသာ ကျောက်ဆည်မှ မိတ္ထီလာသို့ ဖုန်းမဆက်ခဲ့ဘဲ မန္တလေးသို့ ကိုလှဆောင်ကသာ အလျင်ရောက်ပြီး ထိုအိမ်သို့ပြန်လာရသော ငွေများကို လိုက်ပို့မိလျှင်သွားပြီး နေရလည်လည် ပြဿနာ။

ကိုလှဆောင်ပင် ကြားကတရားခံ ဖြစ်သွားနိုင်သည်။ ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးသို့ ကိုရှုပါက အလျင်ရောက်နှင့်နေသဖြင့် သည်အတွက် သက်သာသွားခဲ့ရပါသည်။

ပြီးတော့ရှိသေးသည်။ မိတ္ထီလာ တယ်လီဖုန်းရုံးက ရန်ကုန် ဦးရွှေအိုးအိမ်သို့ ချစ်ချစ် မန္တလေးသူ့အဒေါ်အိမ်ရောက်နေသည့် အ ကြောင်း၊ ဆုငွေရှယ်သိမ်းရန်အကြောင်းတို့ကို ဆက်သွယ်ပြောဆိုပြီးပြီ ချင်း ထိုအိမ်မှ မန္တလေး ဦးရွှေအိုး နမအိမ်သို့ ထိုသတင်းပို့ချက်ကို တဆင့်ပို့သည်။ ချက်ချင်း ဖုန်းဆက်လိုက်ကြသည်။ ထိုအခါ ဦးရွှေအိုးရော သူ့နမပါ ဗျာများကြရတော့သည်။ ထိုသတင်းသည် အမှန်လော။ လည်ဆည့်ခြင်းလော။ ပြီးတော့ သူ့သတင်းအတိုင်း မှန်လျှင် ခုလောက်ရှိ မန္တလေးကိုရောက်သင့်ပြီ။ ချစ်ချစ်ကို တစ်စုံတစ် ယောက်ကများ ချုပ်နှောင်ထားပြီးပြီလား။ အဖိုးကြီး အဖွားကြီးတို့ ဗွေ့ဗွေ့ခုန်ကြရလေသည်။

ဤတွင် ဦးရွှေအိုးက မိတ္ထီလာဖုန်းရုံးကို လှမ်းဆက်သည်။ သည်သတင်း လာပို့သူမှာ မည်သူဖြစ်ကြောင်း၊ စုံစမ်းသည်။ မိတ္ထီလာ အိပ်ချိန်းကလည်း လူတစ်ယောက်သာဖြစ်ပြီး သူတို့မသိကြောင်း။ ပြီးတော့လူပျောက်ကြော်ငြာကိစ္စနှင့်ပတ်သက်လို့လဲ သူတို့ စိတ်မဝင် စားခဲ့သဖြင့်ခပ်ပေါ့ပေါ့ပင်အကူအညီတောင်းသည့်အတိုင်း ပြောပေးရ ခြင်းဖြစ်ကြောင်း ပြောကြ၏။ လမ်းစက ဤတွင် ပြတ်တောက်သွား လေ၏။

အမှန်မှာ တယ်လီဖုန်းရုံးမှ မိတ်ဆွေများကို ကိုလှဆောင်က



နားချထားပြီး ဖြစ်သည်။ ချစ်ချစ်နှင့် ကိုရှုပါ နိုးပြေးလာကြကြောင်း၊ ခုမန္တလေးကို သွားပြီဖြစ်ကြောင်း။ အားလုံး ပြေလည်ပြီမို့သည်သတင်း ကိုသာ စိတ်ချလက်ချပို့ပေးရန်အကြောင်း။

ထိုကြောင့်ပင် တယ်လီဖုန်းရုံးမှ မိတ်ဆွေများကလည်း စိတ်ချလက်ချ ကူညီကြခြင်းဖြစ်သည်။ ပြီးတော့ ဘာပဲဖြစ်ဖြစ် လူတို့၏ သဘာဝကိုက နိုးရာလိုက်ပြေး သူတို့ဘက်မှ ကြည်နူးစွာ ရပ်တည်ကြ သည့်သဘောကလည်းရှိပါသည်။

ခုတော့ သူတို့ထံ ဦးရွှေအိုးက စုံစမ်းသောအခါ သူတို့ပါ နားရှုပ်ကုန်ကြတော့၏။ ကိုလှဆောင်ကိုတော့ သူတို့ယုံသည်။ သည် ရဲဘော်သည် ဘယ်တော့မှ မဟုတ်တာမလုပ်။

သည်ကြားထဲမှာ ကိုရှုပါက ကျောက်ဆည်မှ ညတွင်းချင်း ဘယ်လီဖုန်း လှမ်းဆက်သောအခါ တယ်လီဖုန်းဆရာများကလည်း ယုံဝနာမလည်နိုင်အောင်ဖြစ်ပြီး စိတ်ညစ်ကုန်ကြရတော့သည်။ ကြာ လျှင် သူတို့ကိုပါ အမှုပတ်ခံရတော့မည် ထင်သည်။

"ကိုင်း . . . ကိုရှုပါ၊ သိပ်စဉ်စားနေချိန်မရဘူး"

"ကျွန်တော် ဘာလုပ်ရမလဲဗျာ"

"ဟာ . . . ဒါတော့ ခင်ဗျားဖာသာ စဉ်းစားပေါ့၊ ကျွန်တော် ကတော့ အကောင်းဆုံးအကြံပေးပြီးပြီပဲ"

ကိုလှဆောင်ပေးသောအကြံမှာ ဤသို့ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် ကျောက်ဆည်ကိုပြန်ဖို့က နံပါတ်တစ်ကိစ္စဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုရောက်လို့ ချစ်ချစ်နှင့်တွေ့ပြီးလျှင် နောက်ပိုင်းကိစ္စကြည့်ရှင်းကြဖို့သာ ရှိသည်။ ချစ်ချစ်က သဘောတူလျှင် တစ်ခါထဲပြေးကြ။ သို့မဟုတ် အချိန်ယူလိုသေးသည်ဆိုလျှင် မန္တလေးဘက်သို့အရင်လာကြ။ သူ့အဒေါ် အိမ် ချစ်ချစ်ကိုပို့ပြီးမှ ဆက်လက်ကြံပုံပမ်း။

"ဟုတ်ပါတယ်၊ ချစ်ချစ်ဆီ အရင်ပြန်ရမယ်ဆိုတာတော့ ကျွန်တော်သဘော ပေါက်ပြီးသားပါ"

"ဟာ . . . ဒါဆိုဘာလို့ အချိန်ဆွဲနေသလဲ၊ ဖြစ်သလို ကျောက်ဆည်ကို ပြန်ရုံပေါ့"

"မဟုတ်ဘူးဗျာ၊ ကျွန်တော်ကြောက်တယ်"

"ဘာကိုလဲ"

"ချစ်ချစ်ကို . . ."

"ဟင်း . . . ချစ်ဆိုတာနဲ့ . . ."

"အေးလေ . . . ချစ်လို့ကြောက်တာပေါ့၊ သူနဲ့ဘယ်လို မျက်နှာချင်းဆိုင်ရ မှန်းမသိဘူး ကိုလှဆောင်ရာ"

"သေလိုက်ပါတော့ဗျာ"

နောက်ဆုံး ကိုရှုပါတို့နှစ်ယောက် ကျောက်ဆည်သို့ ဂျစ်ကား တစ်စီးငှားပြီး ထွက်ခဲ့ကြလေသည်။

× × ×

မိုးလင်းလုပြီ။

(ထိုအချိန်တွင် အရေးကြီးဆုံးကိစ္စတစ်ခုပေါ်ပေါက်ပြီးခဲ့ ပြီ။ လက်ဖက်ရည်ဆိုင်တွင် ကိုရှုပါ မလိုအပ်ဘဲ ဆွေးနွေးပွဲထ



နေကြချိန်တွင် တညလုံးအိပ်မပျော်နိုင်ရှာသော ဦးရွှေအိုးသည် သမီးအတွက် စိတ်ပူသထက်ပူနေပါသည်။ ထို့ကြောင့် နောက်ဆုံး မိတ္ထီလာသို့ တယ်လီဖုန်းထပ်ခေါ်ပြန်သည်။ ချစ်ချစ်သတင်းလာပို့သူ၏ ပုံပန်းသဏ္ဌာန်နှင့် သတင်းလာပို့သော အချိန်စသဖြင့် လိုအပ်သည်များ ကို မေးသည်။ ရဲထံအမှုဖွင့်ရန် အတွက်ဖြစ်သည်။ အိပ်ချိန်းမှ ဘော်ဒါ များ ဖျားကုန်ကြသည်။ ပုံပန်းသဏ္ဌာန်ကတော့ ဖြီးလို့ရသေးသည်။ အချိန်ကျတော့ ဖြီးလို့မလွယ်။ ဖြီးတော့သူတို့ရဲ့ဘော်ကြီး ကိုလှဆောင်ကို ပါ အမှုပတ်မှာ စိုးရသေးသည်။

ထို့ကြောင့် သတ္တဝါတခု ကံတခုပဲ၊ ခုလောက်ထိလည်း ကူညီပြီးပြီ ဆက်လက်ပြီး မိမိတို့ကိုပါ အမှုမပတ်ရလေအောင် လုပ်ရ တော့မည်။

မိမိတို့လည်း မထိခိုက်ရအောင် ကိုရှုပါတို့ စုံတွဲအဖို့လည်း လွတ်သင့်လျှင် လွတ်ရအောင် မတင်မကျနိုင်သောကိစ္စတစ်ခုကို ဆောက်သည်ချလိုက်ရလေတော့သည်။

အခြားမဟုတ်။ ကိုရှုပါ ကျောက်ဆည်မှ သူတို့ထံ အလုခံ ရသောအိတ်ကိစ္စကို တယ်လီဖုန်းဖြင့် လှမ်းမေးသည့်အကြောင်း ပြောပြလိုက်ရသည်။ မည်သူမည်ဝါဆိုသည်ကိုတော့ ထည့်မပြောကြပါ။

သေချာပြီ။ သည်လိုပုံဖြင့် ချစ်ချစ်သည် ကျောက်ဆည်မှာပင် ရှိနေသေးသည်။ ဦးရွှေအိုးသည် ကျောက်ဆည်ရဲစခန်းကိုရော၊ မိတ္ထီလာ ရဲစခန်းကိုပါ လိုအပ်သလို တိုင်ကြားပြီး ချက်ချင်းပင် ကျောက်ဆည်သို့ ထွက်လေ၏။ (မှတ်ချက်။ အလွန်ပြေးသော ချက်ပလက်ဖောင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သွားခြင်းဖြစ်သည်။ ထိုအချိန်သည် ကိုရှုပါတို့ ဂျစ်ကားဝှားနေသော အချိန်ဖြစ်ပါသည်။)

ဦးရွှေအိုးသည် ရင်တထိတ်ထိတ်ဖြင့် ခရီးထွက်လာရသော်လည်း သေကောင်းပေါင်းလဲတော့ဖြင့် မပူပန်တော့ပါ။ အဘယ့်ကြောင့်ဆိုသော် မိစိအိမ်သို့ရှင်း၊ တယ်လီဖုန်း ရုံးသို့ရှင်း။ ဆက်သွယ်သတင်းပို့သောလူသည် လူဆိုးတစ်ယောက်တော့ မဖြစ်နိုင်ကြောင်း ယုံကြည်ထားသောကြောင့်ဖြစ်သည်။

အကယ်ထိ လူဆိုးလူယုတ်မှာ တစ်ယောက်ဖြစ်ပါမူ ခုလိုလူသိရှင်ကြား အဆက်အသွယ်တွေလုပ်မည်မဟုတ်။

ထို့ကြောင့် နစ်ခုသာဖြစ်နိုင်သည်။ ဆုငွေကိုလိုချင်သူ။ သို့မဟုတ် ချစ်ချစ်၏ချစ်သူ။

ခုအချိန်တွင် ဦးရွှေအိုးသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချပြီးပြီ။ အကယ်၍ ချစ်ချစ်သည် နိုးရာလိုက်ပြေးသည်ဖြစ်စေ သူကြည်ဖြူမည်။

သမီးကို ပြန်တွေ့ဖို့သာအဓိက။

× × ×

မန္တလေးနှင့် ကျောက်ဆည်သည် မိုင်နစ်ဆယ်သာသာ ခရီးမျှသာရှိသည်။ တိတိကျကျဆိုရသော် နစ်ဆယ့်ရှစ်မိုင်။

ကိုရှုပါတို့ ဝှားလာသော ဂျစ်ကားသည် မဆိုးလှပါ။ ခရီးတွင်



ပါသည်။ မန္တလေးမှ ထွက်တော့ပင်လျှင် အရုဏ်ပျိုးနေပါပြီ။ ခရီးထွက်ရခြင်းပေါင်းများစွာတွင် သည်ခရီးသည် ကိုရှုပါအဖို့တော့ ကြည်နူးဖွယ် အကောင်းဆုံးဖြစ်သည်။

ပြီးတော့ သူ့စိတ်တွေက နုပျိုနေသည်။ သူ့ ယေယေက အဖြစ်အပျက်တစ်ခုကိုပင် အိပ်မက်ကဲ့သို့ သတိရမိသည်။ အချစ်နှင့်ပတ်သက်သော အဖြစ်အပျက်ပင် ဖြစ်လိမ့်မည်ကို သိနိုင်ပါသည်။

ကိုရှုပါသည် အချစ်ကို ခုမှစတင်တွေ့ဖူးကြောင်းတော့ ဝန်ခံပါသည်။ (အချစ်ဆိုသည်မှာ မေတ္တာတရားကိုရော ချစ်ချစ်ကိုရော ဆိုလိုပါသည်။)

သို့သော် ယေစဉ်ကလည်း အချစ်လိုလို ဘာလိုလို စိတ်မျိုးတစ်ကြိမ်ကိန်း အောင်းဖူးသည်။ သို့မဟုတ် လူပျိုသွေးဝင်ခြင်း၊ လူပျိုပေါက်လက္ခဏာပြခြင်းတို့ ဖြစ်နိုင်ပါသည်။

မည်သို့ပင်ရှိစေ ကိုရှုပါဆယ့်ငါးနှစ်သားလောက်က ရပ်ကွက်ထဲမှ နီနီဝင်းဆိုသော ကရင်ကပြားမလေးတစ်ယောက်ကို စိတ်ဝင်စားဖူးပါသည်။ သက်တူရွယ်တူပင် ဖြစ်ပါသည်။ နီနီဝင်း၏ ဖခင်ဆုံးခြင်းကို အကြောင်းပြု၍ ကိုရှုပါက သနားမိလေသည်။ (ကိုရှုပါ သနားပြီဆိုလျှင် သတိထားသင့်ကြောင်းပြဆိုပြီးပါပြီ)

ထို့ကြောင့် ကိုရှုပါ (မောင်ရှုပါပေါ့လေ)သည် ညတိုင်း နီနီဝင်းကို အိပ်မက်တွေဘာတွေ မက်သည်။ အရင်က ညနေကျောင်းအပြန်လာလျှင် ရွာပြင်လယ်ကွင်းတွေဘက် လမ်းလျှောက်ထွက်တတ်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း နီနီဝင်းအတွက် စိတ်လှုပ်ရှားရပြီးကတည်းက ဆေးပေါ့လိပ်နိုးသောက်လို့သာ နေတော့သည်။(နီနီဝင်း၏အစ်မသည် ဆေးလိပ်ကွမ်းယာရောင်းသည်။ တစ်ခါတစ်ရံ နီနီဝင်းဆိုင်ထိုင်သည်။)

ဤနည်းဖြင့် မောင်ရှုပါ ဆေးလိပ်စတင်သောက်တတ်လာသည်ဟု မှတ်ယူကြပါ။

တစ်နေ့တွင် မောင်ရှုပါသည် နီနီဝင်းကို ရည်းစားစာပေးလေသည်။ ပထမ နီနီဝင်းက စိတ်ဆိုးသွားသည်။ စိတ်ဆိုးချင်ဟန်ဆောင်ခြင်းသာဖြစ်သည်။ နောက်တော့ မောင်ရှုပါက ဆေးလိပ်နှစ်လိပ်ကို တပြိုင်တည်းပွားပြီး သူတို့ဆိုင်ရှေ့မှာပင် သောက်ပြလိုက်၏။

နောက်တစ်နေ့မှာပင် သူတို့နှစ်ယောက်၏ကြားလူ မြမြက ဤသို့ပြောလေသည်။

"ဟယ်. . . နင် ဆေးပေါ့လိပ် တစ်ပြိုင်တည်း နှစ်လိပ်သောက်တယ်ဆို အဲဒါ နီနီက စိုးရိမ်နေတယ်။ ဘီတီဘရားသားဖြစ်နေမယ်"

"တီဘီပါဟာ"

"အေး. . .အဲဒါဖြစ်လိမ့်မယ်။ သူက မသောက်နဲ့တဲ့"

"ငါစိတ်ညစ်လို့ပါဟာ၊ တီဘီနဲ့သေရင် ကောင်းမှာပဲ"

သည်လောက်နှင့်ပင် နီနီဝင်းပြန်စာကို ရရှိခဲ့လေသည်။ ဆေးလိပ်မသောက်ရန်နှင့် နောက်နေ့မနက်စောစော သူ ဈေးဝယ်အသွားဈေးဟင်းရွက်သည်တန်းက စောင့်ရန်။

ထိုနေ့မနက်ခင်းကို ကိုရှုပါ ကောင်းစွာမှတ်မိပါသည်။



ဒူးတွေရော လက်တွေပါ တုန်ခဲ့ရသည်။ နီနီဝင်းနှင့်တွေ့သောအခါဘယ်ကစပြီး ပြောရမှန်းမသိ ဖြစ်ရသည်။ ထို့ကြောင့်-

"နင် ဘာလာဝယ်တာလဲ" ဟူသော စကားကိုသာ ပြောဖြစ်ခဲ့သည်။

× × ×

သည်အကြောင်းလေးကို မှတ်မှတ်ရရ သတိရနေမိသည်။ ပြုံးမိ၏။

နီနီဝင်းသည် အချစ်မဟုတ်သည်ကတော့ သေချာပါသည်။ လူပျိုစိတ်စတင်သူအဖြစ်ကား သေချာပါသည်။ မည်သို့ပင်ရှိစေထိုစဉ်က အဖြစ်အပျက်ကလေးသည် ခုအချိန်မှာ သူ့ကို ပို၍ ကြည်နူးစေသည်။

ထိုစဉ်ကလောက် ဒူးတွေတုန်ရုံမျှထိ အဖြစ်ရသော်လည်း ရင်တွေတော့ ခုန်ပါသည်။

တကယ်တော့ မိန်းကလေးတစ်ယောက်နှင့် တွေ့ဆုံဖို့ရာ ဒူးတုန်ရခြင်းသည် မသန့်ရှင်းသောစိတ်အရင်းခံကြောင့်သာ ဖြစ်သည်။ အချစ်တစ်ခုတည်းအတွက်ဆိုလျှင် ဒူးတုန်စရာအကြောင်းမရှိပါ။

အချစ်သည် အလွန်ဆုံး ရင်ခုန်စေရုံသာ။

ကိုရှုပါ ရင်တော့ဖြင့် ခုန်ပါသည်။ ရိုးရိုးသားသားပြောရလျှင် အချစ်၌ အတွေ့အကြုံ မရှိသေးသောကြောင့်သာ ကိုရှုပါ ရင်ခုန်မိခြင်းဖြစ်သည်။ နို့မဟုတ်လျှင် အချစ်သည် ရင်နွေးရုံသာ ရှိမည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အချစ်သည် ညင်သာစွာနေတတ်သော ဉစ္စာမျိုးဖြစ်ပါသည်။

× × ×

မန္တလေးအထွက် လေယာဉ်ကွင်းကို မြင်ရတော့လည်း လေယာဉ်ပျံများသည် ချစ်ဖို့ကောင်းနေသည်။ လေယာဉ်ပျံဆိုသော အရာနှင့်ပတ်သက်၍ ကိုရှုပါစိတ်၌ သတိလက်လွတ်ဖြစ်နေသည်မှာ ကြာပါပြီ။ လေယာဉ်ပျံ ပျံသည်ကို အထူးအဆန်းမော့ကြည့်ခဲ့သော အချိန်လောက်က စသည်။

ခုတော့ ဘာမှ မဆီမဆိုင်ဘဲ လေယာဉ်ပျံသည် ချစ်ဖို့ ကောင်းသည်ဟု ထင်နေသည်။ နှင်းဆီပန်းသာ မဟုတ်။ လေယာဉ်ပျံ သည်လည်း အချစ်၏သင်္ကေတာဖြစ်နေပြန်သည်။

အရာရာသည် အချစ်မျက်စိဖြင့်ကြည့်လျှင် ချစ်ဖို့ကောင်း သည်သာချည်းတည်း။ စမ်းကြည့်ပါ။ အမုန်းဟူသော ကိစ္စကိုပင် အချစ် မျက်စိဖြင့် ကြည့်မြင်ကြည့်ပါ။ အမုန်းသည် ချစ်ဖို့ကောင်းလာပါ လိမ့်မည်။

ကြည့်ပါ။ ကိုရှုပါသည် ကားမြန်မြန်မောင်းတတ်သော ချာတိတ်များကို ခံတွင်းတွေ့တတ်သူ မဟုတ်ပါ။ "သေချင်းဆိုးလေးတွေ" ဟု ကျိန်ဆဲတတ်ပါသည်။ ခုတော့ ချောင်းကူးတံတားအကွေ့တွင် သူတို့နောက်မှ တအားကျော်တတ်ပြီး ဖင်နှင့်ရမ်းသွားသော ဆီဒင်ကား ကလေးတစ်စီးကို ပြုံးပြုံးကြီး ကြည့်နေမိတော့သည်။

ရထားလမ်းနှင့်အပြိုင်သွားရသော တစ်နေရာတွင် ရထား



တစ်စီးနှင့် ယှဉ်လျက်မောင်းမိသည်။ ရထားပေါ်မှ မိန်းမငယ်များက လက်ပြသောအခါ ကိုရှုပါ လက်ပြန်ပြနှုတ်ဆက်မိသည်။

ဘယ်အချိန်က သူတို့ပါးစပ်ထဲ သည်စကားလုံး ရောက် နေမှန်းမသိသော ကျွဲကျောင်းသား ချာတိတ်လေးတွေက "ဗိစ် ဗိစ်" ဟု လှမ်းအော်သောအခါ ကိုရှုပါကလည်း ရယ်မောလျက် လက်နှစ်ချောင်း ထောင်ပြလိုက်မိသည်။ ကိုရှုပါသည် စိတ်ချမ်းသာပေ၏။ (မှတ်ချက်။ ။ ထိုအချိန်တွင် ဦးရွှေအိုးသည် ကျောက်ခဲစည် ရဲခန်းသို့ ရောက်နေပါပြီ)

× × ×

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

မည်သို့ထင်မြင်လိုက်ကြပါသနည်း။ မည်သို့မျှ မထင်လိုက်ကြပါနှင့်။

ပြောပြပါမည်။ တကယ်တော့လည်း မပြောဘဲနှင့် သိနိုင်ပါသည်။

ရပ်နေသောကားထက် သွားနေသောကားက ခရီးပိုတွင်ပါသည်။ သွားနေသော ကားချင်းတူလျှင် ပို၍မြန်မြန်မောင်းသော ကားက ပို၍ခရီးတွင်ပါသည်။ မြန်မြန်မောင်းသော ကားချင်းတူပါလျှင် ပို၍အခြေအနေကောင်းသောကားက ပို၍ခရီးတွင်ပါသည်။



ဦးရွှေအိုးတို့ကားက ကျောက်ဆည်သို့ တစ်နာရီလောက်ကြို၍ရောက်နှင့် နေပါသည်။ ရောက်ရောက်ချင်းပင် ရဲစခန်းသို့ ဝင်သည်။ ရဲကလည်း ဦးရွှေအိုးမရောက်ခင်ကတည်းက စုံစမ်းစစ်ဆေးမှုများ ပြုပြီးပြီဖြစ်သည်။

သိပ်မခက်ခဲပါ။ ချစ်ချစ်ကို အချိန်အနည်းငယ်အတွင်းမှာ ဖမ်းမိသွားလေ တော့သည်။

ဤသို့ဖြစ်ပါသည်။

ချစ်ချစ်သည် ညဦးပိုင်း၌ မေးကာနဲ့အိပ်ပျော်သွားရာမှ သန်းခေါင်ချိန်တွင် ဖျတ်ခနဲ လန့်နိုးလာသည်။ ပထမတော့ သူ့ကိုယ်သူ စစ်ဆေးစမ်းသပ်မိသည်။ နောက်တော့ ရှက်ပြုံးပြုံးမိပြန်သည်။ သူသည် အိပ်ရာပေါ်က အသာလေးထသည်။

ဝါးကြမ်းပြင်ကို ခြေဖွနင်းသည်။ ကိုရှုပ် နိုးသွားရမှာစိုးလို့။ သူသည် ကိုရှုပ်ကို တော်တော်ချစ်ပုံရသည်။ တစ်ရေးနိုးနိုးချင်းမှာပင် ကိုရှုပ်ကို သတိရမိသည်။ ထို့ကြောင့် သူ့လက်မောင်းကလေးကိုပင် သူ့အသာအသာကလေးမွှေးမိကြောင်း ပြောပြလျှင် မိန်းကလေး၏ သိက္ခာကို ထိပါးမှာစိုးရိမ်သောကြောင့် မပြောပြတော့ပါ။

တစ်ခုတော့ရှိသည်။ ချစ်ချစ်၌ ချစ်သူမရှိခဲ့ဖူးပါ မဟုတ်လား။ သည်တော့ အချစ်ကို စတင်ထိတွေ့ခံစားရသူပီပီ ဆတ်ဆတ်ခါအောင် နှစ်မိသည်လည်း ဖြစ်နိုင်သည်။

အိပ်ခန်းထဲမှ မထွက်ခင် မိမိကိုယ်ကို သနရုပ္ပကလေးရှိသွားအောင် မွမ်းမံလိုက်သေးသည်။ မွမ်းမံလိုက်သေးသည်ဆိုသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ထမီပြင်ဝတ်ခြင်း၊ အင်္ကျီခါးသား ဆွဲဆန့်ခြင်း၊ မျက်နှာကို လက်ဝါးဖြင့် ပွတ်သပ်လိုက်ခြင်းတို့မျှသာ ဖြစ်သည်။ ပြီးတော့ ကျတော့မှ အခန်း လိုက်ကာကလေးကို အသာဟပြီး ညှော်ခန်းထဲသို့ ခေါင်းကလေးပြူ ချောင်းကြည့်သည်။ ညှော်ခန်းတွင် ရေနံဆီမီးအိမ်ကလေး မီးစာကုန် လုလုလင်းနေသည်မှအပ ဘာမျှလှုပ်ရှားမှု မတွေ့ရ။ တစ်ချက်တစ်ချက် အိမ်ရှေ့ရှံမလုံ့တလှုံ့မှ ဝင်လာသော လေနုအေးကလေးကြောင့် ရေနံဆီ မီးစာကလေး ယိမ်းထိုးသွားတတ်သည်သာ ရှိ၏။ ဒိတ်ကနဲ ရင်ခုန်ရ သည်။

ချစ်ချစ်သည်အိမ်ရှေ့ခန်းသို့ အလန့်တကြားထွက်လိုက်သည်။ ဟုတ်တုတ်မျှ မလှုပ်။ ဘယ်သူမှ မရှိ၊ တစ်အိမ်လုံး ချစ်ချစ်တစ်ယောက် တည်း။ ချစ်ချစ် စိုးရိမ်သွားသည်။ စောစောက အပျော်စိတ်ကလေးပင် ဘယ်ရောက်သွားသလဲ မသိတော့ပါ။

မပိပိုးတဝါးအခန်းထဲတွင် ချစ်ချစ်သည် ဟိုဟိုသည်သည် ကြည့်သည်။

"ကိုကို"

တိုးတိုးကလေး ခေါ်ကြည့်သည်။ လမ်းမတန်းဆီမှ ခွေး ဟောင်သံကိုသာ သဲ့သဲ့ကြားရသည်။ အိမ်ထဲမှာသာမဟုတ်၊ လမ်းမတန်း မှာလည်း တိတ်ဆိတ်လွန်းလှသည်။

ချစ်ချစ်သည် အိမ်ရှေ့ဝါးထရံနားရပ်ပြီး အပြင်သို့ ချောင်းကြည့်သည်။ မှုန်ပြပြသာ မြင်ရသည်။ မသဲကွဲ။ တံခါးမကြီး



ကိုလည်း ချစ်ချစ်မဖွင့်ရပါ။ သူ၏ကိုကိုသည် အပြင်ဘက်တွင် ရှိနေမည် ဟု ချစ်ချစ်မျှော်လင့်သည်။ မိတ္ထီလာတုန်းကလည်း သည်လိုပဲ အိမ်ပြင် ဘက်ထွက်ပြီး ပက်လက်ကုလားထိုင်ဖြင့် အိပ်ပျော်ခဲ့သည် မဟုတ်လား။ သို့သော် အိမ်ရှေ့တံခါးမကို သူမဖွင့်ရပါ။ ဘာကြောင့် မဖွင့်ရမှန်းတော့ ယေ၊ လူတို့သည် ကြောက်စိတ်ဝင်လာလျှင် အတတ်နိုင်ဆုံး မိမိ၏နံဘေး ပတ်ဝန်းကျင်ကို လုံအောင်ပိတ်ဖုံးတတ်ကြသည့် သဘောမျိုးပင်ဖြစ်ပါ သိမ့်မည်။

ချစ်ချစ်သည် အနည်းငယ်ကျယ်သော ကျူထရံပေါက်မှ ပေါက်ကလေးအပ်ပြီး တိုးတိုးအော်ကြည့်သည်။

"ကိုကို . . . ကိုကို"

ချစ်ချစ် စိတ်ပျက်အားငယ်သွားသည်။ ဝမ်းလည်းနည်း သွားသည်။ ငိုချမိပြန်သည်။ သို့သော် နံဘေးအိမ်တွေကြားမှာ စိုး သောကြောင့် ကျိတ်မှိတ်ငိုရသည်။ အိပ်ရာပေါ်တွင် ပစ်လှဲလိုက်ချင် သော်လည်း အိပ်ခန်းထဲဘက် သူပြန်မဝင်ရဲတော့ပါ။ အထဲမှာက ကြောက်ရသည်။

ပြီးတော့ အရေးထဲမှာ ဂရုဏာသက်ခံချင်သော မိန်းမစိတ်က ပေါ်လာပြန်သည်။ သူ အိမ်ထဲမှာရှိနေတုန်း ကိုကိုရောက်လာလျှင် ဘယ့်နှယ်လုပ်မည်နည်း။

ခုလို ဝါးပက်လက်ကုလားထိုင်ကလေးပေါ်တွင် ခွေခွေ ကလေးနေနေလျှင် ကိုကိုပြန်လာသောအခါ သူ့ကိုသနားပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ ကိုကို့ကို မအိပ်ဘဲစောင့် နေမှန်းလည်း သိသာသည်။

အိမ်ရှေ့တံခါးမကြီးသည် မူလ ကိုရှုပါထွက်သွားစဉ်က အတိုင်း ကလန့်ထိုး မထားပါ။ ထပြီး ကလန့်ထိုးမည်ဟု စိတ်ကူးသေး သည်။

နောက်တော့ တစ်မျိုးစိတ်ကူးရသည်။ ဒီအတိုင်းထားမည်။ ကိုကိုပြန်လာလျှင် ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်ချင်ယောင် ဆောင်မည်။

ထိုအခါ ကိုကိုက သူ့ကို ညင်သာလှုပ်နှိုးပေလိမ့်မည်။ ဒီ ဒီလိုသာဆို သူ ကိုကို့ကိုဖက်ပြီး ဝမ်းနည်းပက်လက်ငိုမိမည် အမှန်ပင်။

သည်လိုတွေးမိသောအခါ ကိုကိုဘယ်များလျှောက်သွားနေ မသိဘူးဟု ဒေါသစိတ်ကလေး ဝင်လာသည်။ အားငယ်စိတ်နှင့်ပေါင်း မျက်ရည်ကျရပြန်သည်။

ဒေါင်ခနဲ မီးကင်သံချောင်းခေါက်သံတစ်ချက် ကြားလိုက် သည်။ ချစ်ချစ် စိုးရိမ်သည်ထက် စိုးရိမ်လာသည်။ တောင်တောင်အီအီ တွေးတောလိုက်မိသည်။ စက္ကန့်ပိုင်းအတွင်းမှာ ဖြစ်နိုင်သည်မှန်သမျှ တွေးသည်။ တစ်ခုမှ အကောင်းမပါ။ တကယ်တော့ စိတ်ကူးယဉ်ခြင်း သည် ဒုက္ခဖြစ်နေသောအချိန်၌ အသုံးမကျပါ။ ဒုက္ခဖြစ်နေချိန်တွင် မိမိကိုယ်ကို ကာကွယ်ဖို့သာ စဉ်းစားရသည်။ ဖြစ်လာနိုင်သည့် ဘေးဘယာကိုသာ တွေးဆရသည်။ ဘယ်မှာလာပြီး ပျော်စရာကောင်း နိုင်ပါတော့မည်နည်း။



ချစ်ချစ်သည် သူ့ဘဝခရီးစဉ်၌ ပထမဆုံးညအဖြစ် အထီးကျန် ခြင်းကို ခံစားလိုက်ရလေတော့သည်။

ကြောက်လွန်းသဖြင့် ဇောချွေးများပင် ပျံလာသည်။ ခုအချိန် တစ်စုံတစ်ရာ ပြဿနာပေါ်ခဲ့လျှင် မည်သို့လုပ်ရမည်နည်း။

ချစ်ချစ်သည် ရေနံဆီမီးခွက်ကလေးဖြင့် အခန်းထဲမှာ တစ်စုံတစ်ရာကို ရှာသည်။ ဘာကို ရှာရမှန်းတော့ သူလည်းမသိပါ။ အားကိုးရာတစ်ခုခုများ ရလေမလား ဟူသော သဘောမျိုးဖြစ်သည်။ အခန်းထောင့်စွန်းတွင် ကိုရှုပါ၏လွယ်အိတ်နှစ်လုံးကို တွေ့သည်။

ချစ်ချစ်သည် အားငယ်သည်ထက် အားငယ်ရပြီ။ ထိုလွယ် အိတ်နှစ်လုံးသည် စာအုပ်များနှင့် သူ့အဝတ်အစားများထည့်သော လွယ်အိတ်များသာဖြစ်သည်။ သူ ဘယ်သွားသွား လွယ်နေကျ လွယ်အိတ်အနီကလေး မရှိတော့ပါ။ သေချာပြီ။ သူ တစ်နေရာရာသို့ သွားပြီ။ မြို့ထဲများ တစ်ခုခုထွက်စားလေသလား။ အို…ဒီအချိန်ကြီးကျမှ သဖြင့် ကယောက်ချောက်ချားဖြစ်ရသည်။

ထိုလွယ်အိတ်နှစ်လုံးကို ချစ်ချစ်က လှန်လှောရှာဖွေသည်။ သမာမာအရာတစ်ခုကို တွေ့သည်။ စာအိတ်ဖောက်သော သံမဏိဓား။

ချစ်ချစ်သည် ဓားကိုယူခဲ့ပြီး ပက်လက်ကုလားထိုင်မှာ ပြန်ထိုင်နေလိုက်သည်။ နည်းနည်းတော့ စိတ်သက်သာရာ ရသွားသည်။

လက်နက်တစ်ခုခုလက်ထဲရှိနေပြီမို့လည်း တစ်ကြောင်း၊ လွယ်အိတ်နှစ်လုံး ထားရစ်ခဲ့သဖြင့် သူ ဝေးဝေးလံလံသွားခြင်း မဟုတ်နိုင်သည်က တစ်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိကြပါသလား။ ကိုရှုပါက ချစ်ချစ်အတွက် ရေးပြီး ချစ်ချစ်အိပ်ပျော်ရာနံဘေးတွင် ထားခဲ့သော စာတစ်စောင်ကို။

ကြည့်စမ်း။ ဒီစာကို ချစ်ချစ်ခုထိမရသေးပါ။ ရများရပြီးလျှင် ချစ်ချစ် ဘယ်လောက်များ ပျော်လိုက်ရာမည်နည်း။ သို့သော် ချစ်ချစ်က အိပ်ခန်းထဲပြန်မဝင်တော့ဘဲ ပက်လက်ကုလားထိုင်မှာ ပေထိုင်နေသည်က ခက်သည်။

ထိန်းထားသည့်ကြားက (မျက်ရည်ကဲ့သို့ပင်) ငိုက်ကန် တစ်ချက်ကျ သွားသည်။ စာအိတ်ဖောက်သည့်ဓားကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ချစ်ချစ် မေးကန်ပျော်သွားပြန်သည်။ အိပ်မက်ပင် မက်လိုက်သေးသည်။ ကိုကိုပြန်လာပြီဟု။ ဖျတ်ခနဲ လန့်နိုးသောအခါ တိုက်တိုက်ဆိုင်ဆိုင်ပင် မီးကင်းမှသံချောင်း သုံးချက်ခေါက်သံကို ကြားရသည်။ အိပ်ရာမှ နိုးနိုးချင်း ငိုမိပြန်သည်။ ခုထိ ကိုကို ပြန်မလာသေးပါ။

ဒီတစ်ကြိမ်မှာတော့ လုံးလုံးမျက်စိကျယ်ပြီး ပြန်အိပ်မရတော့ပါ။ အတွေးတစ်မျိုးဝင်လာပြန်သည်။ ညက သူ ကိုကို့ကို မိန်းမစည်းဖောက်ပြီး စိတ်၏ပြစ်မှားမှုကို သိသိသာသာပြုခဲ့မိသည်။ ကိုကိုသည် သူ့ကို အထင်သေးသွားပြီလား။ သို့မဟုတ် ချစ်ချစ်နှင့် မျက်နှာချင်းဆိုင်ရမှာခက်လို့ တစ်ညတာ ရှောင်နေသည်လား။

သို့မဟုတ် သူကိုယ်တိုင်က ချစ်ချစ်အပေါ် မေတ္တာကြီးမားသဖြင့် စိတ်မထိန်းနိုင်ဘဲဖြစ်မှာစိုးလို့ တစ်အိမ်အိမ်မှာ သွားအိပ်နေလိုက်တာလား။

မည်သို့ရှိစေ ချစ်ချစ်က တစ်ခုတော့ယုံသည်။ ကိုကိုသည် ချစ်ချစ်ကို ချစ်ကိုချစ်ရမည်ဟု။

× × ×

အရုဏ်ပျိုးလာသည်အထိ ငုတ်တုတ်ထိုင်စောင့်နေသည်။ ငိုလိုက်နားလိုက် တွေးတောလိုက်ဖြင့်သာ အချိန်ကုန်ခဲ့သည်။

နေရောင်၏ တစွန်းတစကို မြင်ရသောအခါ အိမ်ရှေ့တံခါးကို ထဖွင့်ပြီး အပြင်လောကကို မျှော်ကြည့်မိသည်။

ဈေးသည်တစ်ချို့ သွားလာလှုပ်ရှားနေကြသည်ကို မှုန်မှုန်မြင်ရသည်။ အားတက်သလိုလို ရှိလာသည်။ ဆိုင်သည် မဆိုင်သည်ကို အပထား၊ ကိုကိုလာချိန်နီးလာပြီဟု စိတ်ကထင်သည်။

ခဏကြာသောအခါ ပို၍အားတက်စရာ တွေ့ရသည်။ သုတ်သုတ်သုတ်သုတ်နှင့် လျှောက်လာသောမောင်စံရှားတို့ လင်မယားကို တွေ့ရသည်။

ချစ်ချစ်ပျော်သွားသည်။ ကိုကို ဘယ်မှာရှိသည်ကို သူတို့သိကြမည်။ သို့သော် ချစ်ချစ်ကို မြင်မြင်ချင်း မောင်စံရှားက ဉာဏ်သို့ နှုတ်ဆက်လေသည်။

"ဩော်… နိုးပြီလား၊ ဟိုကောင်ကြီးတော့ အိမ်ကောင်းတုန်းဆင်တယ်"

ချစ်ချစ်ခမျာ အရုပ်ကြိုးပြတ်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…သူ ကိုစံရှားနဲ့ တူတူမှတ်ဖူးလား"

"ဗျာ… သူ ခင်ဗျားနဲ့တူတူ မှတ်ဖူးလား"

ချစ်ချစ်သည် မျက်ရည်ကို အနိုင်နိုင်ထိန်းရင်း ခေါင်းခါပြလိုက်သည်။ မောင်စံရှား အကြီးအကျယ် တုန်လှုပ်သွားသည်။

"သူ ခုထိ ပြန်မလာသေးဘူး ကိုစံရှားရယ်"

ချစ်ချစ်သည် ပြောပြောဆိုဆို ငိုလိုက်ပြန်သည်။ မဖော့သည် မောင်စံရှားကို တစ်ချက်ကြည့်သည်။ ကဲ- ဘယ့်နှယ့်လဲ ဟူသောသဘောမျိုး။ ပြီးတော့ ခြေဆောင့်နင်းပြီး အိမ်ပေါ်တက်သွားသည်။

"ဖြစ်ပုံကို ပြောပါအုံးဗျာ"

ချစ်ချစ်က ရှင်းပြသည်။

"ဒါဖြင့် ခဏနေအုံး။ နီးရာနီးရာ ကျွန်တော် လျှောက်စုံစမ်းဦးမယ်"

ထိုအချိန်သည် မဖော့သည် သူ့ရေးဘာန်းကို မပြီး ပြန်ထွက်လာသည်။

"ကဲ- ညီမ စားချင်တာရှိရင် မှာလိုက်၊ အစ်မကတော့ ဈေးရောင်းရမှာ မအားဘူး။ သူ့ကို ဝယ်ခိုင်း"

ချစ်ချစ်ခေါင်းခါပြသည်။ မဖော့သည် မောင်စံရှားကို ခဏဟု လက်တို့ခေါ်ပြီး ထွက်သွားသည်။

"မပူပါနဲ့ဗျာ၊ ဒီကောင်က ဒီလိုပဲ၊ မထင်ရင် မထင်သလို ကောင်။ ဒါပေမဲ့ သူ ဘယ်မှဝေးဝေးလံလံသွားမှာ မဟုတ်ပါဘူး။ စိတ်ချလက်ချသာနေ။ ကျွန်တော် ခုပဲ သွားစုံစမ်းမယ်"



မောင်စံရှားသည် မဖော့နောက်သို့ လိုက်သွားလေသည်။

"ကိုင်း- ကျွန်မ မပြောဘူးလား"

"ဟာ- ဘာကိုတုန်းကွ"

"ရှင့်သူငယ်ချင်းက ယုံရတာမှတ်မှူး။ သူလုပ်ချင်တာ ဇွတ်လုပ်တာလို့ ခုလဲ ကြည့်နေ ဒီဟာမလေးကို ထားခဲ့ပြီး တစ်နေရာရာကို လစ်တာပဲဖြစ်ရမယ်"

"အို့ကွာ… မဟုတ်တာကွာ…"

"ဘယ့်နဲ့ မဟုတ်ရမှာလဲ၊ သူ့ကိုယ်သူတောင် စားဖို့အနိုင်နိုင်ဟာ။ မိန်းမတစ်ယောက်ကို ဘယ်ကြာကြာပေါင်းချင်ပါ့မလဲ၊ ကျောရရုံကြံပြီး… "

"ဟော့- တိတ်စမ်းမိဖော့ မင်းစကားက ဘာစကားလဲ၊ ငါ့သူငယ်ချင်းက ကဗျာဆရာကွ သိရဲ့လား"

"အို…ကဗျာဆရာကကော ဘာမို့လဲ"

"သွားစမ်းကွာ မင်းလမ်းကိုမင်း"

"သွားမှာပါ။ အေး- တစ်ခုတော့မှာလိုက်မယ်။ ဒီဟာမလေးတော့ ကျုပ်အိမ်ပေါ် ဒီအတိုင်း ရေမျှောကမ်းတင် ကျနမခံနိုင်ဘူး။ ရှင့်ကိစ္စ ရှင်ရှင်း"

မဖော့ ပြောပြောဆိုဆိုထွက်သွားသည်။ ကိုစံရှား ယောင်ယပေဖြင့် ဘာလုပ် ရမှန်းမသိကျန်ခဲ့သည်။

မောင်စံရှား စိတ်ကူးရလိုက်သည်။ လျှောက်ဆည်မှာ စာအုပ်ဆိုင်တွေရှိသည်။ သည်ကောင် ထိုဆိုင်တွေကိုသွားပြီး ခြေရှည်နေ

www.burmeseclassic.com

www.burmeseclassic.com



ဘင်ဆိုင်ဆိုင်မှာ ညက ဒိုင်ပုံရသည်။ မောင်စံရှားသည် စာအုပ်ဆိုင်များ ရှိရာသို့ ထွက်ခဲ့သည်။

× × ×

မဖော့သည် ဈေးမှ လိုအပ်သည့်ပစ္စည်းများဝယ်၊ ဈေးဘန်း ထဲထည့်ပြီး ထုံးစံအတိုင်း လမ်းတကာလည်ရောင်းသည်။ ပြည်သူ့ကောင်စီ ရုံးရှေ့သို့ရောက်သောအခါ လူစုစု စုစု တွေ့ရသည်။ ဈေးသည် တို့သဘာဝ အတိုင်း လူစုလူဝေးမြင်လျှင် အနားသို့ ကပ်တော့၏။ နားစွင့်တော့၏။

လူစုလူဝေးတွင် မြို့ခံမဟုတ်သူများရော၊ ရဲသားများပါ တွေ့ရ သည်။ သူတို့ပြောဆိုသော စကားများကို ကြားလိုက်ရလျှင်ပင် ချစ်ချစ် ကိစ္စမှန်း မဖော့သိတော့သည်။ မဖော့သည်သိပ်စဉ်းစားမနေတော့ပါ။ ချစ်ချစ်တို့ ဇာတ်ထုပ်သည် ဘယ်လောက်ရှုပ်မှန်း သူ မခန့်မှန်းနိုင် ပြီးတော့ ကိုရှုပါပျောက်နေသည့်ကိစ္စ။ ပြန်ပေးလား ဘာလားမသိ။ တစ်ခုတော့ မဖော့သိသည်။ အမှုဆိုတာမျိုးက အလိုလိုပတ်လာ တတ် သည်။

"ဒီမယ် . . . ဒီမယ်"

မဖော့သည် ညကြီးမင်းကြီး ကိုရှုပါတို့ရောက်လာကြသည့် အကြောင်းကုန်စင်ကို ဖွတ်ဝင်ပြောလေတော့သည်။ ဦးရွှေအိုး၊ သူနှမနှင့် သက်ဆိုင်ရာတို့သည် မဖော့ခေါ်ဆောင်ရာသို့ အားတက်သရော လိုက်သွားကြလေသည်။



"သမီးလေး"

"ဖေဖေ"

သားအဖနှစ်ယောက် အားပါးတရ ပြေးဖက်လိုက်ကြသည်။ ရုတ်တရက် ဘာမှမပြောနိုင်ကြ။ တစ်ယောက်တစ်ပြန်စီသာ ငိုယို နေမိကြသည်။

"သမီးလေးရယ်"

"ဖေဖေရယ်"

ချစ်ချစ်သည် ရင်ဉ်တင်းကြပ်နေသည်မှန်သမျှကို ဖခင်အား ဖက်တွယ် ငိုယိုရင်း ဖြေချနေရလေသည်။

တော်တော်အားရအောင် ငိုပြီးလောက်ချိန်ကျမှ ဖေဖေသည် သမီးဖြစ်သူအား ဆတ်ခနဲခွာလျက် ပခုံးနှစ်ဖက်ကိုကိုင်ပြီး ခြေဆုံး ခေါင်းဖျား စေ့စေ့ကြည့်သည်။

"ဟိုသူငယ်ရော သမီး"

ချစ်ချစ်သည် ဘာမှပြန်မပြောနိုင်တော့လဲ သူ့အဖေကိုသာ အတက်ဖက်လျက် ငိုကြွေးပြန်သည်။ ဖေဖေက တတွတ်တွတ် မေးပါ သည်။

"အားလုံးကို ဖေဖေ ခွင့်လွှတ်ပါတယ် သမီးလေးရယ်။ လူကောင်းသူကောင်း တစ်ယောက်ဖြစ်ရင် ပြီးတာပါပဲ"

ချစ်ချစ်သည် ခေါင်းခါ၍ တွင်တွင်သာ ငိုနေသည်။ ချစ်ချစ် ဘဝသက်တွင် သည်တစ်ခါသည် အငိုအသည်းဆုံး။ ဦးရွှေအိုးသည်

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ်တုန်လှုပ်သွားသည်။ ချစ်ချစ်ဘာအတွက် ခေါင်းခါသနည်း။

"ပြောစမ်း . . . ပြောစမ်းသမီး ဟိုသူငယ် ဘယ်မှာလဲ၊ ပြီးတော့ သူက ဘယ်လိုလူလဲ၊ သမီးကို သူ ပြန်ပေး . . . "

"အို . . . ဖေဖေရယ်"

"ပြောလေသမီး၊ ဖေဖေ့ကို ဘာမှကွယ်မထားနဲ့ပြော။ ပြီးတော့လည်း ဘယ်သူ့ကိုမှ မကြောက်နဲ့။ ဒီမှာ ရဲတွေလည်း ပါတယ်"

ချစ်ချစ်စဉ်းစားရပြီ။ သူ့ ကိုကိုအကြောင်းကို သူဘယ်လို ပြောရမည်နည်း။

သူနှင့်ကိုကို ဘယ်အထိများ ပတ်သက်ခဲ့လိုပါသနည်း။

"နေအုံး ဖေဖေ မေးဦးမယ်၊ သူနဲ့သမီးက တရားဝင် လက်ထပ် . . . "

"အို . . . ဖေဖေတို့ထင်တာတွေ တစ်ခုမှ မဟုတ်ဘူး"

"နို့ မိတ္ထီလာမှာရော ဒီကပါရတဲ့သတင်းက သမီး ခိုးရာ လိုက်ပြေးလာတာ ဆို"

"မဟုတ်ပါဘူး"

"ဒါဖြင့် သူက သမီးကို . . . "

"အို . . . သမီးတို့လည်း ဘာမှမဖြစ်ဘူး။ သူက သမီးကို သွေးဆောင်ထားတာလဲ မှုတ်ဘူး"

"ဒါဖြင့် သမီးနဲ့သူ ဘယ်လိုပတ်သက်ခဲ့တာလဲ"

"သမီးအေးအေးဆေးဆေးမှ ပြောပြမယ်ဖေဖေ၊ ခု သမီး



ရင်တွေ ပူလွန်းလို့"

တာဝန်ရှိသူများကလည်း သားအဖနှစ်ယောက် ဘေးမသီ ရန်မခတဲ့ ပြန်တွေ့နေကြခြင်းမို့ ရုတ်တရက် ဘာမှ ဝင်မပြောတော့ချေ။

"ကဲ ဆရာတို့- ကျွန်တော်တို့ ဘာဆက်လုပ်ရင် ကောင်းမလဲ"

ဦးရွှေအိုးက စခန်းမှူးကို လှည့်မေးသည်။

"ဦးသဘောပါပဲ၊ ဟိုလူနဲ့ပတ်သက်လို့ တိတိကျကျသာ မချစ်ချစ်ကို မေးပြီး ဆက်လုပ်ပါ။ လူကောင်းမဟုတ်ဘူးဆိုရင်တော့ အမှုဖွင့်ပြီး ကျွန်တော်တို့ ဆက်လုပ်ပါ့မယ်"

သည်တော့မှ ချစ်ချစ်က ထိတ်ထိတ်ပျာပျာ ဝင်ပြောသည်။

"မှုတ်ဖူး . . . မှုတ်ဖူး၊ သူဟာ သူတော်ကောင်း။ သူ့ကို မဖမ်းကြပါနဲ့"

"မဖမ်းပါဘူးကွယ်၊ မချစ်ချစ်ကလည်း သူ့အကြောင်းပြောပြ အုံးမှပေါ့"

"ကျွန်မ သူ့အကြောင်း သိပ်မသိဘူး၊ ဒါပေမယ့် သေချာတာ တစ်ခုကတော့ သူဟာ ခရီးစဉ်တစ်လျှောက်လုံး သမီးကို အစစအရာရာ ကူညီခဲ့တာပဲ။ သူဟာ သူတော်ကောင်းမှ တော်တော့်ကို သူတော်ကောင်း ပါရှင်"

ဖေဖေသည် ပြုံးသည်။ သေချာပြီ၊ မောင်ရှုပါသည် သမီး၏ ချစ်သူဖြစ်ရမည်။

"ကဲပါ သမီးရယ်၊ သမီးဒီလောက်ကာကွယ်ပြောနေရင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖေဖေတို့က မဖမ်းတော့ပါဘူး (ရဲမှူးဘက်လှည့်၍) တစ်ခုတော့ ရှိတယ်ဗျ၊ ဒီသူငယ်ဟာ ကျုပ်တို့ စာပေနယ်ထဲကပဲ၊ သူ့မှာ သတင်းဆိုး မရှိပါဘူး"

"ဟုတ်ပါပြီလေ၊ ဦးတို့သားအဖချင်းပဲ ကြေလည်အောင် ဆွေးနွေးပါ။ ဘာပြဿနာမှ မရှိဘူးဆိုရင်လည်း ပြီးတာပါပဲ"

ဦးရွှေအိုးသည် သမီးကို စေ့စေ့ကြည့်ပြီး မေးလိုက်သည်။

"သူ အခု ဘယ်သွားသလဲသမီး မှန်မှန်ပြောစမ်း။ ဖေဖေ ဖမ်းလည်း မဖမ်းဘူး ဆူလည်းမဆူဘူး။ အားလုံး သမီးသဘောကို ဟုတ်လား။ ကဲ- ပြော"

"သမီး မသိဘူးဖေဖေ"

ချစ်ချစ်သည် ကိုကို့ကို သတိရပြီး မျက်ရည်လည်လာပြန်သည်။ ဦးရွှေအိုးသည် နောက်ဆုံးမေးခွန်းကို လူလယ်ကောင်မှာပင် မေးရတော့သည်။ သည်နေရာတွင် သိက္ခာတရားသည် မလိုအပ်တော့ပါ။

"ကဲ- ဖေဖေတစ်ခုမေးမယ်၊ သူနဲ့သမီးနဲ့ ဘာဆိုဘာမှ-"

"အို . . ဖေဖေရယ် သမီးစကားကုန်ပြီပဲ၊ သူဟာ သူတော်ကောင်းတစ်ယောက်ပါလို့"

ချစ်ချစ်ထံမှ ဘာမှ တိတိကျကျသိရတော့မည် မဟုတ်သည်ကို အားလုံး သဘောပေါက်လိုက်ကြသည်။ ရဲမှူးက ဝင်မေးပြန်သည်။

"ဒါဖြင့် သူနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဘာမှ တာဝန်ယူစရာ မလိုတော့ဘူးပေါ့"



"ဟုတ်ကဲ့ပါ၊ မလိုပါဘူး"

ထိုအချိန်အထိ ဟုတ်တိပတ်တိစကားမဆိုသော ချစ်ချစ်၏ အဒေါ်သည် ခုမှ ဝင်ပြောတော့သည်။ သူ့အသံသည် ဩဇာသံပါနေသည်။

"ကိုင်း . . . ကိုင်း ဘာပြဿနာမှ မရှိဘူးဆိုရင်တော့ ပြန်ကြစို့။ ကိုင်း- မိချစ် ထ"

ချစ်ချစ်သည် အဒေါ်၏အမိန့်ကို နာခံပြီးသားဖြစ်နေပါပြီ။ သူသည် ကျောက်ဆစ်ရုပ်ကဲ့သို့ မတုန်မလှုပ်တွေဝေနေပါပြီ။

သူ့ကို ဖေဖေက ပွေ့ဖက်ခေါ်ငင်သောအခါ တစ်ချက်သာ လှုပ်ရှားသည်။ သူ့ခေါင်းသည် နောက်သို့ တစ်ချက်လည်သည်။ သူ့မျက်လုံးအစုံသည် အခန်းထောင့်ကွေးမှ လွယ်အိတ်နှစ်လုံးဆီသို့သာ ဆးစိုက်ထားသည်။

ကိုကို့အတွက် ကြီးစွာသောကရုဏာမျက်ရည်သည် မျက်လုံးအိမ်မှ ခါထွက်လျက် ဝါးကြမ်းပြင်သို့ ပေါက်ခနဲကျသွား လေသည်။

ကားပေါ်ရောက်သောအခါ အလွန်အိစက်ညက်ညောသော ဆိုဖာထိုင်ခုံသည် ဘတ်စ်ကားပျဉ်ပြားခုံတန်းလောက် ချစ်ချစ်အဖို့ စိတ်ဝင်စားဖွယ် မကောင်းတော့ပါ။

ဖေဖေသည် ချစ်ချစ်ကိုပွေ့ဖက်ထားရာမှ မဖော့ကို လှမ်း ခေါ်ပြီး ရာတန်တစ်ချပ် ထုတ်ပေးသည်။ မဖော့သည် အလွန် ကျေနပ်ဝမ်းသာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ချစ်ချစ်သည် ငါးထောင်တန်မိန်းကလေးမှန်း ဈေးသည်မ မဖော့တစ်ယောက် ဘယ်လို လုပ်သိပါမည်နည်း။

ထို့ထက်ကား ကဗျာဆရာကို အထင်မကြီးသောသူ့ဘဝ အတွေ့အကြုံအရ ကဗျာဆရာတစ်ယောက်၏နှလုံးသားကို ငွေတစ်ရာတည်းနှင့် ချေမှုပစ်လိုက်မိသည့် သူ့အဖြစ်ကို ပို၍ပင် မသိနိုင်ပါတော့ချေ။

အရှိန်ပြင်းစွာမောင်းပြန်လာသော ချစ်ချစ်တို့ကားနှင့် ကိုရှုပါတို့ လိုက်လာသော ဂျစ်ကားကလေးသည် ဘီးလင်းရွာစွန်တစ်နေရာတွင် မသိလိုက်မသိဖာသာ မျက်နှာချင်းဆိုင်ကာ ဖြတ်သန်းသွားလေသည်။

ကိုရှုပါသည် ကျောက်ဆည်မြို့သို့ ဝင်သောအခါ သူ့ကို ချစ်ချစ်မျှော်နေမည်လား၊ ရှက်ပြီး ပုန်းနေမည်လားဟု တွေးမိသဖြင့် ကြက်သီးကလေးပင် ထသွားသည်။

× × ×

(၁၅)

အင်္ဂလိပ်လို "မေကျူဝါ"ဟုခေါ်သော မြန်မာလို တည်ငြိမ်ရင့်ကျက်ခြင်းဟု အဓိပ္ပာယ်ရသည့်အဖြစ်၌ ချစ်ချစ်ရပ်တည်ခဲ့ပါသည်။

တွေဝေငေးမောခြင်း၊ လွမ်းဆွတ်တမ်းတခြင်း၊ အချစ်စိတ်တို့ ပိုမိုတက်ကြွ ခြင်းများ စိတ်၌ဖြစ်ပေါ်သည်။ မှတ်သော်လည်း အရင်ကလို ချစ်ချစ်ကို ဆတ်စလူးစိန်အဖြစ် မတွေ့ကြရတော့ပါ။ သာလီကာ မရှိသောငှက်လှောင်အိမ်ကဲ့သို့ ချစ်ချစ်တို့အိမ်မှာ ချစ်ချစ်၏ သူငယ်ချင်းများထံ တယ်လီဖုန်းဆက်သောအသံစာစာလေးကို မကြားရတော့ပါ။ ချစ်ချစ်အဖို့ ဤမျှလောက်ကိုသာ ရင့်ကျက်ခြင်းဟု ဆိုလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ပြန်ရောက်ကတည်းက ငိုယိုခြင်း၊ ရယ်မောခြင်း တည်းဟူသော အစွန်းရောက်ခံစားမှုမျိုး ချစ်ချစ်၏မျက်နှာတွင် မမြင်ကြရတော့ပါ။

ဤနေရာတွင် ပြောပြရန်လိုသည်မှာ ချစ်ချစ်တို့ ကျောက်ဆည်မှ မန္တလေးသို့ ပြန်ရောက်ပြီး ညနေစောင်းမှာပင် လေယာဉ်ဖြင့် ရန်ကုန်သို့ ပြန်ခဲ့ကြသည်။

"အစ်ကို- မိချစ်ကို ကြည့်ရတာ မှုမမှန်ဘူး။ နောင်ခါလာ နောင်ခါရေး သဘောနှင့် ဖြစ်လာရင် နောက်မှရှင်းတာကောင်းလိမ့်မယ်။ သူ့ကို ဒီနေ့ပဲပြန်ပို့ရင် ကောင်းလိမ့်မယ်ထင်တယ်၊ ကျွန်မပါ ရန်ကုန်လိုက်ခဲ့မယ်"

ဤကဲ့သို့ ဦးရွှေအိုး၏နှမက ဦးရွှေအိုးကို တိုက်တွန်းခဲ့သည်။ ဦးရွှေအိုးကတော့မှ ကိုရှုပါနှင့်ပတ်သက်၍ စိတ်၌ တစ်စုံတစ်ရာမတင်မကျသာဖြစ်နေသည်။ ချစ်ချစ်ကလည်း ဘာဆိုဘာမှ မပြော။ သို့သော် သည်အိမ်သို့ ကိုရှုပါ လိုက်လာလေမည်လားဟု မျှော်နေမိသေးသည်။

နောက်ဆုံးတော့ ဦးရွှေအိုးနှမ၏သဘောကိုပင် အတည်ယူလိုက်ကြရသည်။ ချစ်ချစ်သည် ဇက်ရုပ်တစ်ရုပ်လိုသာ တစ်ပါးသူစီမံရာကို ခံနေလိုက်သည်။ ချစ်ချစ်၏ တစ်သက်တွင် သည်တစ်ကြိမ်သည်သာ ခွန်းတုန့် မပြန်မှုခြင်းဖြစ်သည်။

အချစ်သည် ဆွံ့အစေတတ်သောအရာ ဟုတ်ပါသလား။

× × ×



ကိုရှုပါသည် ရောက်ရောက်ချင်း သတင်းဆိုး၏ ရင်ဝကို ဆောင့်ကန်ခြင်းကို ခံလိုက်ရမည်ကို အထူးဆိုဖွယ်မရှိပါ။

"ကောင်မလေး သနားပါတယ်ကွာ၊ မင်းကို တစ်ညလုံး ထိုင်မျှော်နေရှာတာ"

မောင်စံရှားက သည်စကားကို ပြောလာသောအခါ ရင်မှာ တစ်ဆို့ဆို့ဖြစ်ရ သည်။ သို့သော် ကိုရှုပါ စဉ်းစားရကြပ်သောကိစ္စ တစ်ခုရှိသည်။ တခြားမဟုတ်ပါ။ သူ ရေးထားခဲ့သောစာသည် ချစ်ချစ်အိပ်စက်သွားသောနေရာတွင် ပုံစံမပျက်ရှိနေသေးခြင်းပင် ဖြစ်သည်။

သည်စာကို ချစ်ချစ်တွေ့သွားသလား၊ မတွေ့သွားသလား သူမသိ။ သိပ် သိချင်သည်။ ချစ်ချစ်ကို သူ့အဖေက အဓမ္မခေါ်ဆောင်သွားခြင်းလား။

"မဟုတ်ဘူးကွ၊ ကောင်မလေးကိုက အသာတကြည်လိုက်သွားတာ၊ ဒါပေမဲ့ကွာ သူမင်းကိုစောင့်နေခဲ့တာတော့ သေချာပါတယ်"

ကိုလှဆောင်ကတော့ လူကြီးဆန်သောစကားကို ဝင်ပြောပါသည်။

"ဒါနဲ့ ရဲကကော ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာပြောသလဲ"

"အောင်မလေး ကောင်မလေးက ကိုရှုပါဟာ သူ့တော်ကောင်းပါလို့ အကြိမ်တစ်ရာလောက်ပြောတဲ့နောက် ဘာအမှုလုပ်တော့မှာလဲ"

ငွေတစ်ရာ၏မျက်နှာဖြင့် မဖော့က မျက်နှာချိုဝင်သွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကျွန်တော်တို့ ရဲကို ခင်ဗျားပြန်ရောက်တာ သတင်းပို့မှ ထင်တယ်။ ကျွန်တော်လဲ သက်သေခံပါမယ်"

"ကောင်းသားပဲ"

ရဲဌာနသို့ရောက်သောအခါ ရဲမှူးက ရယ်ကာမောကာ လက်ခံစကားပြော သည်။ ကိုရှုပါအပေါ်၌လည်း သံသယကင်းပုံရသည်။ ပြီးတော့ ရဲမှူးကိုယ်တိုင်က ကိုရှုပါ၏ စာဖတ်ပရိတ်သတ်။

"ကဲ…နောက်ထပ် ဘာအကူအညီလိုသေးလဲ"

"မလိုပါဘူးရဲမှူး။ ကျွန်တော် မန္တလေးကို လိုက်သွားပါ့မယ်"

"ဟဲ…ဟဲ အဆင်ပြေမှာပါ။ ယောက္ခမလောင်းကြီးကတော့ ခင်ဗျားကို လူကောင်းတစ်ယောက်လို့ သတ်မှတ်ပြီးသားပဲ"

တကယ်တော့ ကိုရှုပါ မန္တလေးလိုက်ဖို့ တွန့်ဆုတ်နေခဲ့သည်။ ခုအချိန်တွင် ချစ်ချစ်မိသားစုနှင့် သူ ဘယ်လိုမျက်နှာချင်းဆိုင်ရမည် မသိသေးပါ။

"ကဲပါကွာ၊ မင်း ဒီကောင်မလေးရဲ့ငွေကို လိုက်ပို့ရမှာ မဟုတ်လား။ ဘာထူးမှာလဲ"

မောင်စံရှား၏တိုက်တွန်းချက်ဖြင့် နေ့လယ်ပိုင်းမှာ မန္တလေးသို့ လာခဲ့ကြသည်။ ချစ်ချစ်အဒေါ်၏အိမ်တွင် အိမ်စောင့်အဖိုးကြီးတစ်ယောက်သာ ကျန်ခဲ့သည်။ အားလုံး လေယာဉ်ဖြင့် ရန်ကုန်သို့ ပြန်ကြပြီး ညနေဖြင့် ကိုရှုပါ မန္တလေးမှာ တစ်ရက်နေပြီး ကိုရှုပါ မုံရွာကူးခဲ့သည်။ အရေးကြီးသောအချက်တစ်ခုရှိသည်။ ကိုရှုပါသည် မန္တလေးမှနေ၍ ရန်ကုန် ဦးရွှေအိုးထံသို့ သံကြိုးစာတစ်စောင် ရိုက်လိုက်ခြင်းပင်ဖြစ်သည်။



ဦးခင်ဗျား

ကျွန်တော် မန္တလေးသို့ အမီလိုက်ပါသည်။ မမီသဖြင့် မုံရွာသို့ ခေတ္တသွားပါသည်။ မုံရွာမှအပြန်တွင် ဦးထံလာခဲ့ပါမည်။ ဦးနှင့်ကျွန်တော် ငွေရေးကြေးရေးကိစ္စ စာရင်းရှင်းရန် ရှိနေပါသည်။

မောင်ရှုပါ

× × ×

"သူ့ သမီးကို တစ်လမ်းလုံး စောင့်ရှောက်ပါတယ်ဖေဖေ။ လက်ဖျားနဲ့တောင်မှ မတို့ပါဘူး။ တကယ့်ကို သစ္စာသမာဓိရှိတဲ့သူပါ"

ဦးရွှေအိုးကို ချစ်ချစ်က တစ်နေ့တွင် သူ၏ကိုကိုအကြောင်းကို စိတ်လိုလက်ရ ပြောပြလေသည်။

ဦးရွှေအိုး ပြုံးသည်။ သူသည် မောင်ရှုပါ၏ သံကြိုးစာကို ညီပြီ မဟုတ်ပါလား။ ငွေရေးကြေးရေး စာရင်းရှင်းရန်ဆိုသောကိစ္စသည် ကိုရှုပါ၏ သစ္စာသမာဓိပျက်သမှုကို ဖွင့်ချလိုက်ခြင်းပင် ဖြစ်ပါသည်။

ဦးရွှေအိုးကလည်း ငြင်းဆန်ဖို့ စိတ်မကူးပါ။ သမီးကို တစ်လမ်းလုံး ကူညီစောင့်ရှောက်ခဲ့သည်နှင့်ပင် ကျေးဇူးတင်လှပါပြီ။ ပြီးတော့ သမီး၏သတင်းနှင့်ပတ်သက်၍ မိတ္ထီလာ တယ်လီဖုန်းရုံသို့လည်းကောင်း၊ ကျောက်ဆည်တယ်လီဖုန်းရုံးမှလည်းကောင်း ဆက်သွယ်ခဲ့သူမှာ ကိုရှုပါဖြစ်ကြောင်း ဦးရွှေအိုးယုံသည်။

ဆုငွေသည် ကိုရှုပါနှင့်သာ သက်ဆိုင်သည်။ သူ့ အလုပ်သက်မဲ့ဖြစ်နေချိန်တွင် သည်ငွေငါးထောင်သည် ကိုရှုပါအဖို့တော့ အသက်ဆက်ဖို့ပင် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုရှုပါ၏ သိက္ခာနှင့်ပတ်သက်၍ ဦးရွှေအိုး လုံးဝ အထင်မကြီးနိုင်ပါ။ ထို့ကြောင့် သမီးစကားကို သူပြုံးသည်။

ချစ်ချစ်ကတော့ ဒီကနေ့ ကိုရှုပါနှင့်ပတ်သက်၍ စိတ်ရှည်လက်ရှည် စကားပြောနေသည်။ ဒီလို သူ့အကြောင်းပြောသောနည်းဖြင့် သူ့ကို ခဏမေ့ထားနိုင်သည်။ နို့မို့ဆိုလျှင် အချိန်ပြည့်ပင် သူက စိတ်ကိုနှောက်ယှက်နေတတ်သည်။

ကိုကို၏ အထက်တန်းကျသော ဂျစ်ကန်ကန်အမူအရာသည် ချစ်ချစ်အဖို့ ဆုံးရှုံးပြီးကာမှ အဖိုးတန်နေတော့သော ပစ္စည်းဖြစ်နေပါသည်။ ကိုကို့အကြောင်း စီကာပတ်ကုံးပြောနေရသည်မှာ ခံတွင်းတွေ့လှသည်။ သည်ကနေ့ ချစ်ချစ်သည် သူကြည့်ခဲ့ရသော ရုပ်ရှင်ကားကို ပြန်ပြောပြနေသော ကလေးငယ်တစ်ယောက်နှင့်အလွန်တူသည်။

ဖေဖေသည် ချစ်ချစ်ပြောသမျှကို ပြုံးပြီးစိတ်ရှည်လက်ရှည် နားထောင်နေပါသည်။ ဦးရွှေအိုး၏စိတ်သည် သမီးနှင့်ထပ်တူ ကြည်လင်နေပါသည်။ ဦးရွှေအိုးသည် အခုံးစွန်ကို တွေးတောထားပြီးဖြစ်သည်။ ပြီးတော့ ချစ်ချစ်၏အတွင်းစိတ်ကိုလည်း သူသိနှင့်နေပြီ။ သမီးသည် မောင်ရှုပါကို စိတ်ဝင်စားနေရှာပြီ။

ကိုရှုပါကိုတော့ သိပ်ခံတွင်းမတွေ့လှချေ။ ငွေရေးကြေးရေး ဟူသော ကြေးနန်းစာတစ်ခုတည်းနှင့်ပင် စိတ်ပျက်မိသည်။ သို့သော် လူဆိုသည်က လွယ်ရင်သူကြွယ်တောင် လက်မနှေးသော သဘောရှိတတ်သည် မဟုတ်လား။ သည်ဆုငွေကို သူ မက်ကောင်းမက်မည်။



သည်လိုမျိုး လူကြီးစိတ်ဖြင့် ကြံဖန်ခွင့်လွှတ်နိုင်သော်လည်း သားမက်တစ်ယောက်အဖြစ်ကား စိတ်ဥမသတီပေ။ သို့သော် ဦးရွှေအိုးသည် အခုံးစွန်ထိ အနစ်နာခံရန် ဆုံးဖြတ်ပြီးလေပြီ။ ဤသည်မှာလည်း အချက်တစ်ချက်တည်းကြောင့်ပင် ဖြစ်သည်။

ချစ်သမီးချစ်ချစ် နောက်တစ်ကြိမ် အိမ်မှမထွက်ပြေးလျှင် ပြီးရော။ မှန်သည်။ သမီးရှိနေလျှင် ဦးရွှေအိုးဘဝ အရာရာပြည့်စုံပြီ။ အဘယ့်ကြောင့်ဆိုသော် သမီးမရှိခဲ့သောကာလများတွင် ဦးရွှေအိုးဘဝသည် ငရဲတမျှ ဖြစ်ခဲ့ရရှာသောကြောင့်ပါတည်း။

"သူ ဒီကို တစ်နေ့နေ့ လာလိမ့်မယ်လို့ကော ထင်နေသလား သမီး"

"ဒါတော့ သမီးမသိဘူးဖေဖေ"

"သမီးကကော လာစေချင်လို့လား"

"လာစေချင်တာပေါ့။ သူ့ကို သမီးကျေးဇူးဆပ်ချင်တယ်"

"ဘယ်လို ကျေးဇူးဆပ်မှာလဲသမီး"

"ဖေဖေ သမီးကို စိတ်မဆိုးနဲ့နော်"

"တစ်သက်လုံး ဘယ်တော့မှ မဆိုးတော့ဘူး"

"သမီးတို့မဂ္ဂင်းမှာ သူ့ကို အယ်ဒီတာခန့်ပါလားဖေဖေရယ်"

"သူက လုပ်ပါ့မလား"

"သူလုပ်မှာပါ။ သူက သိပ်အလုပ်လုပ်တဲ့သူ"

"ဒါမှမဟုတ် သူ လုပ်ကိုင်စားသောက်ဖို့ ငွေအရင်းအနှီးပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်ကော"

"သူယူမှာ မဟုတ်ဘူးဖေဖေ၊ သူက လူတစ်မျိုးရယ်"

ဦးရွှေအိုးပြုံးမိပြန်သည်။ သမီးကို သနားသွားသည်။ သမီးသည် မေတ္တာတရားကို ကလေးဆန်စွာ ခံစားမိလေပြီ။ အထင်ကြီးခြင်းနှင့် ချစ်ခြင်းသည် တခြားစီမှန်း ချစ်ချစ်မသိရှာဘူးဟု ထင်သည်။

"ဘာပြုံးတာလဲ ဖေဖေရဲ့"

"သမီးရယ် . . . လူဆိုတာ မက်လောက်အောင်ပေးရင် မယူဘယ်ရှိပါ့မလဲ ကွယ်"

"မဟုတ်ဘူးဖေဖေ၊ သမီးသူ့အကြောင်းကို ပိုသိပါတယ်။ မယုံရင် ဖေဖေ ပေးကြည့်၊ သူ မယူစေရဘူး"

"အေးလေ . . . သူလာတော့ ပေးကြည့်တာပေါ့ကွယ်"

ချစ်ချစ်ဝမ်းနည်းသွားသည်။ ကိုကိုသည် ဘယ်တော့များမှ လာပါလိမ့်မည်နည်း။

ကိုကိုသည် တကယ်ပင်အသိရခက်သော လူမျိုးပင်ဖြစ်သည်ဟု ချစ်ချစ်တွေး၏။

ချစ်ချစ်မျက်နှာမကောင်းဖြစ်သွားသည်ကို ဦးရွှေအိုး ဂရုထားမိသည်။ သည်တော့လည်း သူ့သမီးငယ်သည် မောင်ရွှေပါနှင့် ပတ်သက်၍ အတော်အစွဲအလန်းကြီးခဲ့ ပုံပေါ်သည်ဟု ကရုဏာ စိတ်ဝင်မိသည်။

"သမီးလေး"

"ရှင် . . . ဖေဖေ"



"ဖေဖေတစ်ခုမေးမယ်၊ မှန်မှန်ဖြေနော်"

"ဟုတ်ကဲ့ပါဖေဖေ"

"အေး- ကြိုတင်သိထားဖို့က သမီးလေးကို ဖေဖေစိတ်ညစ်အောင်လုပ်ဖို့ မေးတာလို့ မထင်နဲ့"

"မေးပါ ဖေဖေ"

"သမီးမှာ ချစ်သူရှိနေပြီလား"

"ဒို . . . ဖေဖေရယ်"

ချစ်ချစ်သည် ပထမတော့ ရှက်ကိုးရှက်ကန်းဖြစ်ပြီး သူ့ဖခင်၏ ရင်ခွင်သို့ မျက်နှာအပ်လိုက်သည်။

ထိုအချိန်မှာပင် ကိုကို့ကို ရိပ်ခနဲလွမ်းသည်။ သူ့က စတင်ပြီး မိန်းမစည်း ဖောက်ကာ ချစ်ခဲ့ရသော ကိုကို့ကို ဖေဖေ့ရင်ခွင် မျက်နှာအပ်ထားလျက် မျက်စိထဲ မြင်ယောင်လာသည်။ ချစ်ချစ်သည် ရှက်ခြည်းပင် တသိမ့်သိမ့် ငိုကြွေးလေတော့သည်။

"ဟဲ့ . ဟဲ့ သမီးလေး၊ ဘယ်လိုဖြစ်တာတုန်းကွယ်၊ ဖေဖေမေးတာ အမှားပါသွားလို့လား။ ဖေဖေက သမီးစိတ်ညစ်ရအောင်မေးတာ မှတ်ပါဘူး။ ကဲ ကဲ မငိုချင်လဲ နေတော့နော်"

ချစ်ချစ်သည် ဘာကြောင့်မှန်းမသိ ရှိုက်ကြီးတငင် ငိုချလိုက်သည်။ ပြီးတော့မှ ဗလုံးဗထွေးစကားဆိုသည်။

"ဟုတ်တယ်ဖေဖေ၊ ကိုကို့ကို သမီးချစ်မိတယ်"

ဖေဖေသည် သမီးကို ကျေနပ်ပါအောင်ဖက်လိုက်သည်။ ရင်ထဲမှာတော့ မချိ။ သမီးချစ်သူရှိခြင်းသည် ဖခင်အဖို့ သမီး၏မေတ္တာကို

www.burmeseclassic.com

www.burmeseclassic.com



ခုံရုံးခြင်းဟု ယူဆမိသည်။ သမားရိုးကျ မိဘများကဲ့သို့ပင် ဖြစ်ပါလိမ့်မည်။ သို့သော် ဖခင်သည် သမီးကို ချစ်ပါသည်။

အေးပါကွယ်…ဒီအတွက်လည်း သမီးကို ဖေဖေအပြစ်မဆိုပါဘူး။ သမီး သဘောကျဖြစ်ရစေမယ် ဟုတ်လား"

"ဒါပေမယ့် ဖေဖေရယ် သူက ဘယ်ရောက်နေမှန်းမှ မသိတာ။ သမီးအဖြစ်က ဆိုးပါတယ်ဖေဖေ"

ဦးရွှေအိုးက ရယ်ပါသည်။ ထိုရယ်သံသည် သားချော့တေးသံမျိုးဖြစ်ပါသည်။

"မပူပါနဲ့သမီး… သူမကြာခင် ဒီကိုလာမှာပါ"

"ဘာပြောတယ်ဖေဖေ"

"သမီးရဲ့ကိုကိုလေ သူ့ဖေဖေ့ဆီကို လာကိုတွေ့မှာပါ"

"ဟင်…ဖေဖေဘယ်လိုလုပ်သိလဲ"

"ဒီလိုပဲ သိတာပေါ့ကွယ်"

"ဟင့်အင်း မရဘူး။ သမီးကို ပြောပြ"

ဦးရွှေအိုးစိတ်သည် ရုတ်တရက်နှစ်ခွဖြစ်သွားသည်။ သမီး၏ သန္ဓောကို ဖြေသိမ့်လိုခြင်းနှင့် မောင်ရှုပါသည် သူတော်ကောင်းစစ် မဟုတ်သည်ကို သက်သေပြလိုခြင်းပင်ဖြစ်ပါသည်။

ဦးရွှေအိုးသည် သူ၏မီးခံသေတ္တာထဲတွင် သေသေချာချာ သိမ်းထားသော ကိုရှုပါ၏စာကို ချစ်ချစ်အား ပြလိုက်လေသတည်း။

× × ×



ချစ်ချစ်သည် ရုက်လည်းရုက်၊ ဒေါသလည်းထွက်နှင့် သံကြိုးစာကို ဆွဲဆုတ် ချေမွပစ်လိုက်သည်။ အသားကုန် အော်ဟစ်ငိုချလိုက်သည်။ ဖေဖေ့ကိုဖက်၍ ငိုပစ်လိုက်သည်။

ထိုသို့ငိုနေရာမှ တဖြည်းဖြည်း ရယ်မောခြင်းသို့ ပြောင်းပစ်လိုက်ပြန်သည်။

ချစ်ချစ်၏ရယ်သံသည် မချိတင်ကဲနိုင်သည်။ ထိုနည်းတူ ချစ်ချစ်၏နှလုံးသားနုနုလေးတွင် နာကျည်းခြင်းတည်းဟူသော အနာတစ်ခုကို မျိုးစေ့ချပေးလိုက်သလိုဖြစ်သွားသဖြင့် ဦးရွှေအိုးလည်း စိတ်ထိခိုက်ရသည်။

"ဖေဖေသိပ်တော်တယ်၊ ဖေဖေ့မေတ္တာကို သမီးနားလည်ပြီ။ ပြီးတော့ မိဘမေတ္တာထက် နိုင်မာတဲ့မေတ္တာမရှိဘူးဆိုတာလည်း သိသွားပြီ။ ဘာမှ စိတ်မကောင်းမဖြစ်နဲ့တော့ဖေဖေ။ အဲ့သလို ဆုငွေကိုမျှော်ကိုးပြီး သမီးကို စောင့်ရှောက်တဲ့လူမျိုးလဲ ရှိတတ်ပါလားလို့ သမီး အသိတစ်ခု တိုးရပြီ။ သမီး လူတိုင်းကို အရမ်းမဲ့မယုံတော့ဘူး။ ပြီးတော့ သမီးသူ့ကို မုန်းတယ်၊ မုန်းတယ်"

ချစ်ချစ်သည် ငိုယိုလျက် သူ့အိပ်ခန်းဘက်သို့ တက်ပြေးသွားပါတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး ချစ်ချစ် သူ့အိပ်ခန်းမှ မထွက်ပါ။ အားရအောင် ငိုပါသည်။ အတွေးမျိုးစုံဖြင့် လူးလှိမ့်နေပါသည်။ ကိုကို့ကို မုန်းဖို့ ကြိုးစားရသည်မှာ အကြီးမားဆုံးပင်ပန်းမှုပင် ဖြစ်သည်။

သို့သော် ချစ်ခြင်းနှင့် မုန်းခြင်းသည် မမြင်ရသော အလွှာ ပါးပါးလေးသာ ခြားတတ်သည်။ ဆတ်ဆတ်ထိမခံသော အကာရံသာဖြစ်သည်။ လန့်ဖျပ်ကွဲတတ်သည်။ သတိလက်လွတ်၍မရ။ ဤနေရာတွင် ဆင်ခြင်တုံတရားကို အလေးထားသင့်သည်။ ဒေါသကို ချုပ်တည်းရသည်။

နို့မို့ဆိုလျှင် ချစ်ချစ်ကဲ့သို့ ရုတ်တရက်ဖြစ်တတ်ပါသည်။ ချစ်ချစ်ဘာဖြစ်သွားသည် ထင်ပါသနည်း။

ညနေ ထမင်းစားချိန်တွင် ချစ်ချစ်သည် ရေမိုးချိုးပြီး သူ့အခန်းမှ ဆင်းလာသည်။ မျက်နှာမကောင်းသော်လည်း ငြိမ်သက်တည်ငြိမ်သည်။ နဂိုပါးလှပ်လှပ်နိုင်သော သူ့နှုတ်ခမ်းသည် တင်းတင်းစေ့လှသည်။ထမင်းဝိုင်းတွင် ဖေဖေ့ကို စကားတစ်ခွန်းသာ ပြောဖြစ် သည်။

"ဖေဖေ သမီးအခုပြောမယ့်စကားကို ပြန်ပြင်နိုင်းဖို့ မကြိုးစားနဲ့နော်။ မနက်ဖြန် ကိုလှကလေးတို့အိမ်သွားပြီး သမီးနဲ့ သူ့ကို စေ့စပ်ပေးပါတော့"

× × ×

(၁၆)

"နောက်တစ်ခါ သမီးအိမ်ကထွက်သွားရင် ပြန်မလာဘူးနော် ဖေဖေ"

ဖေဖေသည် မေတ္တာတရားကြောင့် လူးလိမ့်ခံစားရရှာတော့မည့် ချစ်ချစ်အတွက် စိတ်မကောင်းနိုင်ရှာပေ။ ထို့ကြောင့် ကိုလှကလေးနှင့်ကိစ္စကို အလောသုံးဆယ်မလုပ်ဘဲ စဉ်းစားစေချင်ကြောင်း သမီးကို ဖျောင်းဖျသောအခါ ချစ်ချစ်သည် အထက်ပါအတိုင်း ဖခင်ကို ချုပ်ကိုင်လေသည်။

တကယ်တော့ ဤလိုနည်းဖြင့် ကိုရှုပါကို နာကျည်းစွာ အပြစ်ဒဏ်ခတ်ခြင်းသည် ချစ်ချစ်၏အချစ်ကြီးမားပုံကိုပြဆိုမှန်း ဖေဖေ ဦးရွှေအိုး ကောင်းစွာသဘောပေါက်သည်။

သမီးဆန္ဒအတိုင်း လိုက်လျောလျှင် သမီးတစ်သက်လုံး စိတ်ဝေဒနာခံစားရမည်ကို ဦးရွှေအိုးကြောက်သည်။ ဘာလုပ်ရမှန်းပင် မသိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ရအောင်ပါ သမီးရယ်"

"ဒီပြင်လုပ်စရာ မရှိပါဘူးဖေဖေ"

"ဖေဖေ့ကို အကြံကလေးတော့ ပေးခွင့်ပေးဦးမှပေါ့ကွယ်"

"ပြောပါ ဖေဖေ၊ သမီးနားထောင်ပါ့မယ်၊ ဒါပေမယ့် သမီး ဆုံးဖြတ်ချက်ကို မပြင်တော့ဘူး"

"ဒါကို သမီးသဘောကျ စိစဉ်ပါ၊ အေး- ဖေဖေပြောချင်တာက သမီးဟာ မောင်ရှုပါကို ဒီနည်းနဲ့ ဒဏ်ခတ်ချင်မှန်း ဖေဖေသိတယ်၊ ဒီ့အတွက်လည်းဖေဖေကိုယ်တိုင် သဘောကျတယ်၊ ဒါပေမယ့် သမီး မချစ်တဲ့မောင်လှကလေးနဲ့တော့ ခုလိုစိတ်လိုက်မာန်ပါ မဆုံးဖြတ်စေချင်ဘူး၊ မောင်လှကလေးကို ဖေဖေ သဘောကျပါတယ် သမီး၊ ဒါပေမဲ့ သမီးကိုယ်တိုင် သူ့ကို လေ့လာပါဦး"

"မလိုပါဘူးဖေဖေ၊ ကိုရှုပါထက်တော့ သာမှာပါ"

"သာတာ မသာတာထက် သမီးစိတ်ဝင်စားလို့ရဖို့က အရေးကြီးတယ်၊ ဒီတော့ ဒီလိုလုပ်မယ်၊ သူ့ကို အိမ်မကြာမကြာ လာလည်ဖို့ ဖေဖေဖိတ်လိုက်မယ်၊ သမီး သူ့ကိုလေ့လာကြည့်ပေါ့လား၊ အေး- သူ့ကို လက်မထပ်လည်းဘဲ မောင်ရှုပါကို သမီး ကလဲ့စားချေနိုင်တဲ့နည်းတွေ ရှိပါတယ်ကွယ်"

ချစ်ချစ်သည် သဘောပေါက်သွားသလိုလိုရှိသွား၏။

"ဖေဖေ့အနေနဲ့ကတော့သမီးလေး စိတ်ညစ်ရမှာဆို ဘာမှ မဖြစ်စေချင်လို့ ပါ သမီးရယ်"



ဟော- ချစ်ချစ်သည် ဖေဖေ့ကိုဖက်၍ ငိုပြန်သည်။ တကယ်တော့ ချစ်ချစ်သည် ကိုရှုပါကို အချစ်ကြီးလွန်ခြင်းပင် ဖြစ်ပါသည်။ အချစ်ကြီးသူတို့သဘာဝအတိုင်း အချစ်လည်းခံလိုကြသည်။ အချစ်မခံရသောအခါ စိတ်နာမိ၏။ ထိုအခါ မိမိကို မချစ်နိုင်သူအား ဒဏ်ခတ်၏။

ဒဏ်ခတ်ရခြင်းသည် ခံရသူရော၊ ပြုရသူပါ ဝေဒနာခံစားရကြောင်း ချစ်ချစ်သဘောမပေါက်သေးချေ။ သက်ရောက်မှုတိုင်း၌ ညီမျှသော တန်ပြန်သက်ရောက်မှုရှိပါသည်။ (နယူတန်၏ အာဘော်မှုသာ)

ကိုရှုပါကို အရှုံးတိုက်ခြင်းအတွက် မိမိလည်း လူးလိမ့်ခံစားရပါသည်။ သို့သော် အချစ်ကြီးသူများသည် ဤသို့လျှင် မိမိကိုယ်ကို နှိပ်စက်တတ်ပါသည်။

× × ×

ထိုအတောအတွင်း မောင်လှကလေးသည် ချစ်ချစ်တို့အိမ်သို့ မကြာခဏ လာတတ်လေသည်။ တကယ်တမ်း ဆက်ဆံကြည့်သောအခါ မောင်လှကလေးသည် မျက်နှာရှု နောက်ပိုးတစ်ယောက်ဖြစ်သည် ကလွဲလျှင် သဘောမနောကောင်းရှာပါသည်။ အလုပ်ကို စနစ်တကျ လုပ်ကိုင်ပုံပေါ်သည်။ (ကြိုးစားပမ်းစားတော့ သိပ်မရှိ) တကယ်တော့လည်း သူ့ဘာဝသည် ကြိုးစားဖို့ သိပ်မလိုသောဘဝသာဖြစ်သည်။ ထို့ကြောင့် အလုပ်ကို ဂုဏ်ဒြပ်တစ်ပါးအနေနှင့် လုပ်ခြင်းသာဖြစ်တော့သည်။ တစ်နည်းအားဖြင့် အလုပ်ကို သူတို့ဧည့်ခန်းမှ ဆိုဖာများကို

www.burmeseclassic.com

www.burmeseclassic.com



မနက်တိုင်း ဖုန်သုတ်သလိုသဘောမျိုးဖြင့် တသသလုပ်နေခြင်းသာဖြစ်ပါသည်။

ချစ်ချစ်သည် မောင်လူကလေးကို လုံးဝခံတွင်းမတွေ့ချေ။ သူ့စကားနှင့်သူမို့သာ အလိုက်အထိုက်ဆက်ဆံနေရသော်လည်း သို့မဟုတ် ကိုရှပါကိုစိတ်နာမိသဖြင့် မောင်လူကလေးကို အစားထိုးနေရသော်လည်း တစ်စက်ကလေးမှ စိတ်မချမ်းသာပါ။

ကိုရှပါနှင့်သွားလာခဲ့ရပုံ ကိုရှပါ၏စိတ်ဓာတ်အမူအရာ စရိုက်သဘာဝကလေးများကို ဝေ့ကာနဲဝေ့ကနဲ (ခဏခဏ) သတိရလွမ်းဆွတ်မိသည့် ဝေဒနာသည် ပိုလို့သာနေပါသည်။

× × ×

သည်နေ့လည်း ကိုလူကလေး အိမ်ရောက်နေသည်။(မနက်စောစောကတည်းက) ထုံးစံအတိုင်း တစ်ခုခုကို အကြောင်းပြပြီး ရောက်လာခြင်းပင်ဖြစ်သည်။ ချစ်ချစ်ကလည်း တစ်ခုခုကိုအကြောင်းပြပြီး လာသည့်အတွက် တစ်စက်ကလေးမျှမကြိုက်။ ယောက်ျားပီပီ ရိုးရိုးသားသားဖြစ်စေချင်သည်။ ဘာဖြစ်သနည်း။ လူကြီးချင်း နားလည်မှုရှိပြီးသားဥစ္စာကို။

"ချစ်ချစ်ရယ် . . . ယမုံနာကလေး တီးပြစမ်းပါအုံး"

ချစ်ချစ်ရယ်ပစ်ချင်သည်။ တစ်ခါလာလည်း ယမုံနာ၊ တစ်ခါလာလည်း ယမုံနာနှင့် ပြီးတော့ သူလည်း သေသေချာချာသိသည်မဟုတ်။



"ဒေါင်ဒင်သံ သာသာနဲ့ တံငါလှေလောင်းဆင်း" ဟူသောနေရာကို ကိုလူကလေးက အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်သည်။

"ကြည့်စမ်း၊ သီချင်းကြီး သီချင်းခံများ ဘယ်လောက်အနှစ်ပါသလဲ၊ ဂီတသံကို ရိုးရိုး သရုပ်မဖော်ဘူး၊ စာသားထဲမှာပါ ဒေါင်ဒင်လို့ ဝန္နရားသံ ထည့်ပေးထားတယ်"

တတ်သိသလိုလိုနှင့် ညှိမျှထိသံယောင်လိုက်ခြင်းအတွက် မရယ်မိအောင် မနည်းကြိုးအောင့်ထားခဲ့ရသည်။

ခုလည်းပဲ စန္ဒရားတီးနိုင်ပြန်ပြီ။ ပြီးလျှင် ပေါက်တတ်ကရတွေ့ အဓိပ္ပာယ်ဖွင့် အုံးတော့မည်။ ချစ်ချစ်စိတ်ပျက်လှပြီ သည်လိုလူမျိုးနှင့် ရိုးမြေကျသာပေါင်းရလျှင် အရိုးမြေမကျခင်ပင် ချစ်ချစ်ရူးလိမ့်မည်။

" လက်ချောင်းတွေညောင်းနေတယ် ကိုလူကလေး"

" ကိုယ်နှိပ်ပေးရမလား"

"လက်ချောင်းတွေညောင်းပါတယ်ဆိုမှရှင် ဘယ်လိုလုပ်နှိပ်လို့ရမှာလဲ"

" အင်း "

ကိုလူကလေးသည် ကြောင်စီစီအလွန်နိုင်သောပုဂ္ဂိုလ်ဖြစ်ပါသည်။

ခက်သည်ကကိုလူကလေးသည် ကြောင်စီစီနိုင်သောလည်းသူဟာသာသူ အေးအေးမနေတတ်ပါ။ ချစ်ချစ်နောက်သို့သာ တောက်တုံ့ကဲ့သို့ ကပ်နေတတ်ပါသည်။ စဉ်စားကြည့်ပါ။ မိမိအလို၌ မသိမှုတစ်ယောက်က မိမိနှင့်အတင်းပူးကပ်ပြီး (အလိုက်မသိ[illegible]သည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ဘယ်လောက်အခံရခက်လိုက်ပါသနည်း။

ချစ်ချစ်သည် ကိုယ့်ကိုယ်လည်းဒေါသချည်းဖြစ်နေမိသည်။ သည်မီးသည် မိမိမွှေးသော မီးသာဖြစ်မည်မဟုတ်လား။

ကိုရှုပါအပေါ်စိတ်နာပြီး မိမိကိုယ်မိမိနှိပ်စက်မိခဲ့သော ကလေးဆန်မှုသည် တကယ်တန်းကျတော့ သည်းညည်းမခံနိုင်စရာပါ။ ပြီးတော့ ကျွံပြီးသောစကားသည် စည်းအတွင်းသို့ပြန်ဝင်ဖို့ ခက်လှပါသည်။ အဆိုးဆုံးကတော့ ကိုရှုပါကို ကြာလေလွမ်းလေဖြစ် လာခဲ့ခြင်းပင်ဖြစ်ပါသည်။

သို့သော် ကိုရှုပါနှင့်ပါတ်သက်၍ သတင်းအစအနပင် မရရှိခြင်း ဖြစ်ပါသည်။ ချစ်ချစ်ရန်ကုန်အိမ်ပြန်ရောက်သည်ပင် ရက်နှစ်ဆယ်ရှိပြီ။

လွမ်းသောစိတ်နှင့် နာကျည်းစိတ်သည် တပြိုင်နက်တည်း အားကောင်းနေကြသည်။ ပြီးတော့ကျတော့ ကြည့်လိုက်ကြအုံး။ သင်းသည် ခုထက်ထိပဲ ဟိုငွေနှစ်ထောင်ကိုလည်း လာမပို့သေး။ ဟိုငွေနှစ်ထောင်ဆိုသည်မှာမိတ္ထီလာတွင် အလစ်သုတ်ခံရသော ငွေနှစ်ထောင် နီးပါးကို ဆိုလိုပါသည်။ သည်ငွေတွေကိုပြန်ရပြီလား၊မရသေးဘူးလားတော့ချစ်ချစ်မသိ။ သို့သော် ရလောက်ပြီဟုထင်သည်။ အဘယ့်ကြောင့်ဆိုသော် သူကဖေဖေ့ထံ ရိုက်လိုက်သောသံကြိုးတွင် ငွေရေးကြေးရေးကိစ္စ ရှင်းစရာရှိသည်ဟုပါသည်။ ဆိုလိုသည်မှာချစ်ချစ်၏ ငွေနှစ်ထောင်နီးပါးကို အုပ်ယူထားနှင့်မည်။ (စရံငွေသဘော)ဆိုပါစို့။ တစ်ထောင့်ကိုးရာနှင်း

-နဲ။



ဘယ်ရွှေ့ဘယ်မျှသည် ချစ်ချစ်ပိုက်ဆံ။ ထို့ကြောင့် ဖေဖေက သူ့ကို ငွေသုံးထောင်နှင့် ဘယ်ရွှေ့ဘယ်မျှ ထပ်ပေး။ (ဖေဖေ၏ ဆုငွေကြော်ငြာမှာ ငါးထောင်မဟုတ်ပါလား။)

ချစ်ချစ်သည် စန္ဒရားမတီးချင်သောကြောင့် ရှောင်ဖယ်ဖယ် လုပ်နေခဲ့သည်။ သူသွားလေရာနောက်သို့ လူကလေးကပ်လိုက်နေတတ်သည်။

ထို့ကြောင့် အကြောင်းမရှိ အကြောင်းရှာပြီး ရေချိုး၊ အိမ်သာတက် လုပ်နေရသည်။ ထိုကာလများသာ ကိုလူကလေးက ရှောင်ပေးတတ်သည်။

ခက်သည်က ဖွားဖွားဒေါ်အေးဆုံနှင့် ကြီးကြီးဒေါ်စမ်းစမ်းနွဲ့၊ သူတို့က ကိုလူကလေးကို သဘောကျကြသည်။ (နားမရှုပ်ကြပါနှင့်။ ကိုလူကလေးကို ချစ်ချစ်အတွက် သဘောကျခြင်းသာ ဖြစ်သည်။)

သူတို့သည် ကိုလူကလေးလာပြီဆိုလျှင် ပြာပြာသလဲဆီးကြိုတတ်ကြသည်။

ပြီးတော့ အဘိဓမ္မာသင်တန်းတို့၊ ဘုန်းကြီးမွေးနေ့တို့၊ ရှွှေတိဂုံဝတ်အသင်းတို့ အကြောင်းပြုပြီး ရှောင်တတ်ကြသည်။

ချစ်ချစ်သည် ဖွားဖွားနှင့် ကြီးကြီးတို့သည် နည်းနည်းမှ မကျေနပ်။

ဒါတောင်မှ သူတို့နှစ်ဦးက ဖေဖေ့ကို နားပူနားဆာလုပ်နေသည့်ကိစ္စကို ချစ်ချစ်မသိသေး။

www.burmeseclassic.com

www.burmeseclassic.com



"သား မင်းလဲ သမီးရှင်တစ်ယောက်အနေနဲ့စဉ်းစားနော် ခုလို လွှတ်လွှတ်လပ်လပ် လွှတ်ပေးထားတိုင်းလဲ မကောင်းဘူး။ မောင်လူကလေးက ဘယ်လောက်ဘဲ ရိုးတယ်ပြောပြော မဟုတ်မဟပ် တွေ ဖြစ်ကုန်ရင် ခက်မယ်"

"ဟာ…အမေတို့ပဲ ရောင်ရောင်ပေးနေကြတာမှတ်လား"

"ဟဲ့…ဒါကတော့ ဒီလိုမှရောင်မပေးယင်လဲ မင်းသားမက် လောင်းက ကျောက်ရုပ်ကို မေ့ခဲ့ဆးပေးထားတဲ့ဟာမျိုးကိုး"

"ဒါက ပိုစိတ်မချရဘူးလား"

"ဒီမယ် ကိုရွှေအိုး ရှင့်သမီးကိုယ်တိုင်ကလဲ ဒီသူငယ်အပေါ် ငြင်းစရာမလိုဘူးလို့ ဆိုထားတယ်မဟုတ်လား"

"အို…ညီမ မသိပါဘူး။ သမီးက မောင်လူကလေးကို တကယ်တမ်းမေတ္တာမရှိဘူးဗျ"

"အို…လင်ရယ်၊ သားရယ်ဖြစ်လာယင် မေတ္တာလဲရှိလာ မှာပဲပေါ့"

"ဒါတွေ ညီမ မသိပါဘူး။ ညီမက အပိုကြီးပါ၊ ခက်ပါတယ်၊ ညီမတို့ အမေတို့ ဘာကိုဆိုလိုချင်မှန်းကို မသိဘူး"

"နို့သဘောကတော့ ဒီအတိုင်းထက်စာရင်မြန်မြန်လက်ထပ် ပေးလိုက်ချင်တာပဲ"

"စဉ်းစားအုံးမယ်ဗျာ"

"ဟဲ့…စဉ်းစားလို့အချိန်မရဘူး။ ခေတ်ကာလက သားသမီး တွေ ယုံရခက်သားလား၊ တော်ကြာ ခုလို ပူးတွဲပူးတွဲ လုပ်နေပြီးမှ



တစ်ယောက်ယောက်က ကလန်ကဆန်လုပ်ရင် ခက်ကုန်လိမ့်မယ်"

"အေး…လုပ်ခြင်းလုပ်ရင်လဲ မင်းသမီးကသာ မပြောနိုင်ဘူး ကလေးမ နောက်တစ်ကြိမ် ဖြုံလိမဖောက်ဘူးလို့ မပြောနိုင်ဘူး။ ပြီးတော့ တစ်လမ်းလုံး ဆူနဲ့အတူပါလာနေတယ်ဆိုတဲ့ သူငယ်ဆိုတာလဲ ရှိသေးတယ်။ အဲ့ဒီကောင်လေးကလဲ ဘာမှန်းမသိညာမှန်းမသိနဲ့"

"ဒီသူငယ်ကို ငါသိပါတယ်ညီမ လူရိုးပါ၊ ဒါပေမယ့် ချစ်ချစ်ကို သူစောင့်ရှောက်လာတာကလဲ ဆုငွေအတွက် သက်သက်ပါ၊ အင်း ရိုးရိုးသားသားပြောရယင်တော့ သမီးက သူ့ကို စိတ်ဝင်စားနေပုံပဲ"

"အမလေး…ဒီလို ကလေကချေ ဆုငွေလိုချင်တဲ့ကောင် ကိုမှတဲ့လား"

"ဒါလဲ…နောက်ပိုင်းမှသိရတာကိုး အမေရဲ့ လူငယ်ဆိုတာ က အကြောင်းရင်း မသိခင်တော့ ရုတ်တရက် စိတ်လှုပ်ရှားမိချင်မိ ကြ မှာပေါ့"

"အဲ့ဒါ ပြောတာပေါ့၊ ပဒုမပေါင်တိုဇာတ်လိုပဲ မိန်းကလေး ဆိုတာက ချစ်ကြိုက်ချင်ရင် စွတ်ရွတ်ဖြစ်တတ်ကြတာ"

"ဒါပေမယ့် မပူပါနဲ့ညီမရာ။ သမီးက သူ့ကို ဆုငွေမျှော်ကိုးသူ မှန်း သိပြီးကတည်းက စိတ်နာနေတာပါ"

"ဟဲ့…နင်က မိန်းမအကြောင်း သိပ်သိတဲ့ကောင်မို့ ပြောတာလား၊ ဒီလိုပဲ မုန်းရာက ချစ်တတ်ကြတာ နင်မသိဘူး"

"ဟုတ်တယ် မဖြစ်ဘူးမဖြစ်ဘူး ချစ်ချစ်ကို မောင်လူကလေး နဲ့ အမြန်စီစဉ်မှဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…ဟုတ်တယ် မင်းမစီစဉ်ရင် ငါတို့စီစဉ်ရလိမ့်မယ် မောင်ရွှေအိုး"

"ကျွန်တော်လည်း စီစဉ်ချင်ပါတယ်အမေတို့ရာ၊ မောင်ရွှေကလေးကို သဘော ကျပြီးသားပါ၊ နို့ပေမယ်လို့ သမီးတစ်သက်လုံး စိတ်ဆင်းရဲနေမှာ စိုးလို့ပါ"

"အမလေး…နောက် သူလင်သူသားနဲ့ ဖြစ်သွားရင် ကျုပ်တို့ကို သတိရမှာတောင်မှတ်ဘူး။ ဟေဟေ့"

သည်လိုမျိုး ဖေဖေရယ်၊ ဖွားဖွားရယ်၊ အဒေါ်ရယ် တိုင်ပင်တဆိတ်ဆွေးနွေးကြသည်များကို ချစ်ချစ်မသိသေးချေ။ သိလျှင် ချစ်ချစ်တစ်ယောက် ဘယ်လောက်စိတ်ညစ်လိုက်ပါမည်နည်း။

ချစ်ချစ်သည် ထုံးစံအတိုင်း ရေချိုးပြီးသောအခါ ဆံပင်ကို ဖွံ့စောင်နှင့်သုတ်ရန် ကာလီမှတူးနှင့်အတူ အပေါ်ထပ်ဝရန်တာသို့ ထွက်ခဲ့လေသည်။ ထိုလူကလေး သည်လိုအချိန်မျိုးမှာတော့ ချစ်ချစ် အနီးသို့ မကပ်ရဲချေ။ အပေါ်ထပ်ဧည့်ခန်းမှာပင် ယောင်ပေပေနှင့် ဟိုဟာကိုင်ကြည့် လုပ်နေပါသည်။ (ဧည့်ခန်းတွင်းရှိ စာအုပ်၊ ပန်းအိုး စသည်များကိုင်ကြည့်ခြင်းကို ဆိုလိုပါသည်။)

ဖွံ့စောင်(မျက်နှာသုတ်ပုဝါ)သုံးထည်ဖြင့် ကာလီမှတူးသည် သူ့ဆံပင်ကိုပွတ်သပ်ပေးနေသည်ကို ခေါင်းငင်းခံနေရင်းမှာပင် ချစ်ချစ် သည် အံ့ဩတုန်လှုပ်ဖွယ်၊ သို့မဟုတ် စိတ်လှုပ်ရှားဖွယ် သို့မဟုတ် ဝမ်းနည်းဖွယ် သို့မဟုတ် ကြည်နူးဖွယ်သောမြင်ကွင်းကို မြင်လိုက်ရ



လေသည်။ ထင်တော့ထင်သည်။ သို့သော် မျှော်လင့်တုန်းမှာ သူလာလိမ့်မည်ဟုထင်သည်။ သို့သော် သူမရောက်လာခဲ့။ (သူ သူနှင့်နာမ်စားကို သုံးနှုန်းနေရသည်မှာ တမင်ကလာ လျှို့ဝှက်ထားခြင်းမဟုတ်ပါ။ သူ သည် ကိုရှုပါပင်ဖြစ်လိမ့်မည်ကို အားလုံးသိပြီးသားမို့ အထူးပြောရန် မလိုသော ကြောင့် ဖြစ်ပါသည်။)

ကိုရှုပါကို သတိရနေသည်ကတော့ နစ္စဓူဝပါ။ သို့သော် ကျွန်နှင့်အမျှတော့ မဟုတ်။ လူသည် လွမ်းဆွတ်ခြင်းတစ်ခုတည်းဖြင့် အသက်ရှင်နေရသည်မှ မဟုတ်ဘဲ။ ခေါင်းလျှော်ပြီးစ ဆံပင်ကိုခြောက်အောင် မျက်နှာသုတ်ပဝါဖြင့် ပွတ်သပ်နေချိန်ကလေးမှာတော့ ကိုရှုပါကို ချစ်ချစ် သတိမေ့နေသည်မှာ အပြစ်ဆိုဖွယ်တော့မရှိပါ။

ချစ်ချစ်သည် ခြံဝသို့ ပါးစပ်ကလေး ဝိုင်းလျှက်ကြည့်နေမိသည်။ တကယ်တမ်း "သူ၏ကိုကို"၏ရုပ်သွင်ကို မြင်ရပြန်သော အခါ မျက်ရည်က လည်ချင်ချင်ဖြစ်လာသည်။ သူသည် ကိုကို့ကို အထင်မသေးချင်ပါ။ အထင်ကြီးပါသည်။ သို့သော် မမျှော်လင့်ဘဲလျက် ကိုကိုသည် အထင်သေးဖွယ်ကို ပြုခဲ့သည်။ သာမန်လူတစ်ယောက် ဆိုလျှင် ချစ်ချစ်ဘာမှပြောစရာမရှိပါ။ ခုတော့ သူ၏ကိုကို။

ကိုကို၏ စကားလေးတစ်ခွန်းကို အမှတ်ရသေးသည်။ "ချစ် ကို ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး ထိပါးယင် ဆတ်ဆတ်ထိမခံဘူး" ခုတော့ ဆုငွေအတွက် ကိုကိုလာလေပြီ။

ချစ်ချစ်သည် "ဟင်း" ကနဲ တစ်ချက်ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားခေါင်းသည် ကွာကျခဲ့လေပြီ။

ကိုရှုပါသည် ခေါင်းငိုက်စိုက်လည်းမချ၊ ခေါင်းကိုလည်း မမော့ဘဲ သာမန်လူတို့သည် သာမန်ကိစ္စအတွက် အိမ်တစ်အိမ်သို့ လာရောက်သကဲ့သို့ပင် ချစ်ချစ်တို့ခြံထဲသို့ ဝင်လာခဲ့သည်။ ချစ်ချစ်သည် ကိုရှုပါက တိုက်အပေါ်ထပ်သို့ ကြည့်လိုက်လေမည်လားဟု မျှော်လင့်မိသေးသည်။ ထိုမျှော်လင့်ချက်တွင် အကြောင်းတရား နှစ်မျိုးပါသည်။

သူ၏ကိုကိုသည် သူ့ကို မြင်တွေ့စေချင်သော မိန်းမတို့၏ အဘာဝတရားနှင့် ထိုသို့မြင်တွေ့လျှင် ဆတ်ကနဲနေရာမှထ၍ ထွက်သွားပြမည်ဟု ကြံရွယ်သော အကြောင်းတရားတို့ဖြစ်လေသည်။

သို့သော် ကိုရှုပါသည် ဘယ်ကိုမျှ ဂရုမစိုက်ဘဲ၊ တိုက်အောက်ထပ် တံခါးမကြီးဆီသို့သာ လျှောက်သွားခဲ့လေသည်။ တကယ်တော့မှု ကိုရှုပါ၏ စိတ်သည်လည်း လှုပ်ရှားနေရပါသည်။ သည်အတွက်တော့မှု အကျယ်ချဲ့၍ မပြောလိုတော့ပါ။ ကိုရှုပါ၏ဖြစ်စဉ်ကို စဉ်းစား၍ ခံစားကြည့်နိုင်ပါသည်။

အထူးသဖြင့် ကိုရှုပါလို အချစ်၌ ခံစားမှုလျော့နေရာ မဟုတ်သော သူသည် ပို၍ထိခိုက်မိမည်ပင် မဟုတ်ပါလား။ တကယ်တော့ ချစ်ချစ်ခံစားနေရသည်မှာ မကြီးကျယ်ပါ။ စိတ်နာခြင်းမှရသော ရလဒ်ကြောင့် ကလေးငယ်ကဲ့သို့ ဝမ်းနည်းပက်လက်ဖြစ်ပုံရသာဖြစ်ပါသည်။

ကိုရှုပါအဖို့ရာကား ကြီးမားသော ခံစားမှုတစ်ခုကို စွန့်လွှတ်ပြီးမှ ဝေဒနာကို ကျိတ်မှိတ်ခံစားရခြင်း ဖြစ်ပါသည်။ ကိုရှုပါသည်



ချစ်ချစ်ကို မျှော်လင့်နိုင်စွမ်းမရှိတော့ သည်ကို အလိုလိုသိနေသူ ဖြစ်ပါသည်။

ကိုရှုပါ ညကရန်ကုန်ပြန်ရောက်ခဲ့သည်။ မနက်ကတွင်ပင် ဦးရွှေအိုးကျာနယ်တိုက်သို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့သည်။ ဦးရွှေအိုးက ကောင်းကောင်းမွန်မွန်ပင် ဆက်ဆံခဲ့သည်။ သည်နေ့ နေ့လည်အိမ်သို့ လာခဲ့ရန် ပြောသည်။

ထို့ကြောင့် ခု ကိုရှုပါရောက်လာခြင်း ဖြစ်သည်။

အိမ်တံခါးပေါက်မှ ခေါင်းလောင်းနှိပ်သံကိုပင် ချစ်ချစ်နားစွင့်နေမိသည်။

တံခါးဖွင့်သံ၊ ပိတ်သံများကို ကြားနေရသည်။ ခုလောက်ရှိ ကိုရှုပါ အိမ်ထဲသို့ ရောက်လာပြီး ချစ်ချစ်စိတ်တို့ အကြီးအကျယ် တုန်လှုပ်ခြောက်ခြားနေရပါသည်။

ချစ်ချစ်သည် ကာလီမှုတူးကို လက်စသတ်ခိုင်းလိုက်ပြီး သူ့အိပ်ခန်းသို့ ပြေးဝင်သည်။ ထမီရင်လျား ပခုံးပေါ်တဘက်ခြုံပြီး လှစ်ကနဲပြေးသွားသော ချစ်ချစ်ကို ကိုလူကလေးက ခိုးကြည့်ပါသည်။

ချစ်ချစ်သည် စိတ်လှုပ်ရှားလွန်းသဖြင့် ဘာမှမစဉ်းစားတတ်တော့ပါ။ မှန်တင်ခုံရှေ့မှာထိုင်ပြီး သူ့ကိုယ်သူ ငေးကြည့်နေမိပါသည်။ ခဏကြာသောအခါ ချစ်ချစ်သည် သူ့မျက်နှာပေါ်သို့ ကြွေသနပ်ခါးကို ခတ်ပါးပါးကလေး တင်လိုက်ပါတော့သည်။ နှုတ်ခမ်းဆိုးဆေးပုလဲရောင်ကိုလည်း မလက်တလက်သုတ်၏။ ပြီးတော့ ဘာရမည်နည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ဟေ့ . . .မောင်ရင်က မောင်ရှုပါ မဟုတ်လား" ဦးရွှေအိုးသည် ကိုရှုပါကို အဆင်သင့်ယင် စောင့်နေခဲ့ပါသည်။ ဆုတော်ငွေ ပေးချေရန်အတွက် ထိုင်၍များစောင့်ရလေသလားဟု မအံ့သြကြပါနှင့်။

ဦးရွှေအိုးသည် သမီး၏ကိစ္စကို ယတိပြတ် ဆုံးဖြတ်ပြီးပြီ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဒေါ်အေးခုံနှင့် ဒေါ်စမ်းစမ်းနွဲ့တို့ကလည်း နားပူနားဆာလုပ်လှပြီ။

ဦးရွှေအိုး ကိုယ်တိုင်ကလည်း မောင်လူကလေး အပေါ် ယုံသည်ထက်ယုံကြည်နေပါပြီ။

ပြီးတော့ ကိုရှုပါနှင့်သမီး၏ကိစ္စ၊ ကိုရှုပါကို မြန်မြန် ထက်ထက် ဆုကြေးထုတ်ပေးလိုက်လျှင် ချစ်ချစ်နှင့်လည်း အလိုလို အဆက်အသွယ်ပြတ်တောက်သွားမည်။

ထို့ကြောင့် ဆုငွေထုတ်ရန်လာသော မောင်ရှုပါကို ဦးရွှေအိုး က မျှော်လင့်တကြီး စောင့်ကြိုနေခြင်း ဖြစ်ပါသည်။

ဦးရွှေအိုးသည် ကိုရှုပါနှင့် မျက်နှာချင်းဆိုင် ထိုင်မိသောအခါ ကိုရှုပါ၏မျက်နှာကို အကဲခတ်မိလေ၏။ ဘာမှ ထူးခြားမှုမတွေ့ပါ။ တုန်လှုပ်ခြင်း၊ ဝမ်းနည်းကြေ ကွဲခြင်း၊ မျှော်လင့်ခြင်း ကင်းမဲ့သည်။ ဆုငွေရယူမည့်လူတစ်ယောက်၏မျက်နှာထားမျိုး ဟူ၍ ယုံကြည်စရာပင် မကောင်းပါ။

ကိုရှုပါ၏မျက်နှာသည် ကောက်ကျစ်စဉ်းလဲမှုကင်းပါသည်။ သို့မဟုတ်လည်း သည်လိုဆုငွေကိစ္စမျိုးကို လုပ်ရိုးလုပ်စဉ်သဖွယ်



လုပ်ကိုင်နေကျလူတစ်ယောက်ဖြစ်ပါလိမ့်မည်။ မှန်တော့လည်း မှန်သည်။

ခုကိစ္စသည် ကောက်ကျစ်စဉ်းလဲခြင်းမဟုတ်။ ဆုငွေထုတ် သူကထုတ်၍ ကြိုးစားရှာဖွေသူက ရှာဖွေသည်သာပင်ဖြစ်၏။ ဘာမျှ မထူးဆန်းပါ။

"မောင်ရှုပါ ဘယ်နေ့က ရန်ကုန်ပြန်ရောက်သလဲ"

"ညကပါပဲ ဦး"

"သမီးကပြောပြလို့ မောင်ရင့်ရဲ့သစ္စာရှိမှုကိုတော့ ဦး ချီးကျူး ပါတယ်ကွာ"

ချီးကျူးခံရသောကြောင့် ရင်နာရခြင်းကို ခံစားဖူးကြပါ သလား။ ကိုရှုပါသည် စိတ်မကောင်းဖြစ်ရပါသည်။

"နို့မဟုတ်လို့ လူဆိုးတွေလက်များရောက်ရရင် ဦးသမီး ကလေး ရေတိမ်နစ်ရရှာမှာ"

ကိုရှုပါသည် သည်အကြောင်းတွေကို တတ်နိုင်သလောက် မဆွေးနွေးလိုပါ။ ချစ်ချစ်နှင့်ပတ်သက်ခဲ့သမျှကို မေ့ထားလိုက်ချင်သည်။ ဖြစ်နိုင်လျှင် လာရင်းကိစ္စ မြန်မြန်ပြောပြီး ပြန်ချင်သည်။

"ဟုတ်ပါတယ် ဦး မချစ်ချစ်ဟာ အတွေ့အကြုံ အင်မတန် နည်းတဲ့ မိန်းကလေးပါ။ ဒီလို ခရီးမျိုးဟာ သူ့အတွက်အန္တရာယ်ကြီးပါ တယ်၊ ဒါပေမယ့် ခု သူဘေးမသီ ရန်မခဘဲ ပြန်ရောက်နေပြီပဲ"

ကိုရှုပါက စကားလွှဲစေလိုသော စေတနာဖြင့် ပြောသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဦးရွှေအိုးက တစ်မျိုးနားလည်သွားသည်။ ဦးရွှေအိုး ရယ်လိုက်သည်။

"ကဲပါလေ၊ မောင်ရင်ပြောတဲ့ ငွေစာရင်းရှင်းဖို့ ကိစ္စလဲ အသင့်ပါပဲ"

နည်းနည်းတော့ အောင့်သည်။ ရင်ထဲ မကောင်းလှ။ သို့သော် လာရင်းကိစ္စသည် သည်အတွက်သာ ဖြစ်သည်မဟုတ်လား။

"ဟုတ်ကဲ့ပါဦး။ ဒီကိစ္စလေး မြန်မြန်လုပ်ကြရအောင်ပါ။ ကျွန်တော်လဲ ကိစ္စလေးတွေ သွားစရာရှိနေလို့"

"ရပါတယ်မောင်ရင်ရာ ရပါတယ်၊ အသင့်ပါပဲ။ ကဲ- ခဏလေးနော်"

ဦးရွှေအိုးသည် သူ့စာကြည့်ခန်းထဲသို့ ဝင်သွားသည်။ ထိုအချိန်တွင် ကိုရှုပါအဖို့ စိတ်လှုပ်ရှားစရာဖြစ်ရလေသည်။

စန္ဒရားသံသဲ့သဲ့နှင့် ရယ်မောသံလွင်လွင်ကလေး (ဘယ်သူ့အသံမှန်း ကိုရှုပါ မှတ်မိ၏)သည် အထက်ထပ်မှ အောက်ထပ်သို့ လေဟုန်အတိုင်း လိမ့်ဆင်းလာလေသည်။

ကိုရှုပါသည် လွှမ်းမသွားမိရအောင် မနည်းကြီး သည်းညည်းခံနေရပါသည်။ အထက်အရပ်၌ သူ့ချစ်သောချစ်ချစ်သည်ရှိ၏။ သူရောက်နေသည့်အကြောင်းကို မသိဟု ထင်သည်။ (ကိုလှကလေးနှင့်အတူ ရှိနေကြောင်းကို ကိုရှုပါမသိရှာ)။

ချစ်ချစ်သည် အဘယ်ကြောင့်ဆင်းမလာသနည်း။ နောက်ဖေး နောက်ဖီသွားဖို့ဖြစ်ဖြစ် ဆင်းလာလျှင် ဘယ်လောက်များကောင်းလိုက်



ပါမည်နည်း။ ထိုအခါ ကိုရှုပါ ရောက်နေသည့်အကြောင်း သူသိမည်။ သိလျှင် သူဘယ်လိုနေရှာမည်နည်း။

ကိုရှုပါ၏စိတ်တွင် မျှော်လင့်ခြင်းနှင့် မိမိကိုယ်မိမိ ထိန်းသိမ်းခြင်းတို့ အားပြိုင်နေကြပါသည်။

ဦးရွှေအိုးပြန်ထွက်လာသည်။ သူ့လက်ထဲတွင် ရုံးသုံးစက္ကူအိတ်ရှည်တစ်လုံး ပါလာသည်။

စားပွဲပေါ်တွင် ချလိုက်သောအခါ "မောင်ရှုပါ" ဟူသော စာတန်းကလေး စာအိတ်ပေါ်တွင် ရေးသားထားသည်ကို တွေ့ရသည်။ ကိုရှုပါသည် အခြေအနေကို နားလည်သွားသဖြင့် ပြုံးမိသည်။ သူ့အဖြစ်ကို ရယ်ချင်မိသည်။ တဆက်တည်းမှာပင် သူ၏သံကြိုးစာအပေါ် ဦးရွှေအိုးနားလည်မှုလွဲပြီဟု သဘောပေါက်သွားလေသည်။ လက်စသတ်တော့ သူ၏ မေတ္တာတရားကို ဤသို့လျှင် ဆုံးဖြတ်ခံလိုက်ရပါပကောဟူ၏။

"ဟဲဟဲ··· မောင်ရင့်ကို တစ်နေ့လာနိုးလာနိုးနဲ့ မျှော်နေတာပါကွယ်"

"ဟုတ်ကဲ့···ကျွန်တော်လည်း မုံရွာမှာကြာသွားလို့ပါ"

"ကဲ···ကဲမောင်ရင်ပြောသလို စာရင်းတွေ ဘာတွေ ရှင်းစရာမလိုပါဘူးကွယ်၊ ဒီမယ် မောင်ရင့်အတွက် အဆင်သင့်ပါပဲ"

နားလည်သည်။ သင်း ဘ်ာအတွက် ပေးနေသည်ကို ကောင်းကောင်း နားလည်သည်။ သည်အဖြစ်မျိုးကို အလုပ်ပြုတ်ခံရစဉ်က တစ်ကြိမ်ကြုံဖူးပြီပဲလေ"

www.burmeseclassic.com



"စာရင်းကတော့ မရှင်းလို့ မရပါဘူးဦးလေး"

ကိုရှုပ်ပါသည် ဘယ်သူ့အစော်ကားမှ ခံတတ်သူမဟုတ်ပါ။ သို့သော် ချစ်ချစ်၏ဖခင်အနေနှင့်တော့ ဦးရွှေအိုးကို အတတ်နိုင်ဆုံး ညင်သာစွာ ဆက်ဆံဖို့လိုသည်ထင်၏။ မျက်နှာလိုက်သည်ကားလိုက်ပါတော့။ ကိုယ့်ချစ်သူ့ဖခင်မို့ မျက်နှာလိုက်ရသည်မှာ အပြစ် မရှိပါ။

ကိုရှုပ်ပါကလည်း သူ့တိုက်ပုံထဲမှ စက္ကူတစ်ထုပ်ကို ဆွဲထုတ်လိုက်သည်။ ဖြေလိုက်သည်။ ငွေစက္ကူများ အထပ်လိုက်ထွက်လာသည်။ ဦးရွှေအိုးကနားမလည်စွာ ကြည့်သည်။ ကိုရှုပ်ပါကရေတွက်ပြီး တစ်ရာစီထပ်နေသည်။

ထိုအချိန်တွင် အထက်ထပ်ဆီမှ စန္ဒရားသံလည်း ရပ်သွားသည်။

ခဏကြာသောအခါ လှေကားဆီမှ ကျိုကနဲ မြေနင်းသံတစ်ချက် ကိုရှုပ်ပါကြားလိုက်ရ၏။ ဦးရွှေအိုးတို့အိမ်မှ လှေကားကြီးသည် တော်တော်ပဲ ကောင်းပါသည်။ သို့သော် အောက်ဆုံးမရောက်ခင် သုံးထစ်အလိုမှ ပျဉ်ပြားသည် မှုလီချောင်ပြီး မြေဖြင့်နင်းသောအခါ ကျိုဟုမြည်တတ်ပါသည်။

ကိုရှုပ်ပါသည် သည်အိမ်သို့တစ်ကြိမ်မျှ မရောက်ဖူးသော်လည်း လှေကားပေါ်မှ တစုံတယောက်ဆင်းလာမှန်းကိုကား သိလိုက်သည်။ ချစ်ချစ်ပင်ဖြစ်လိမ့်မည်ဟု ထင်သည်။ သို့သော် သူလှည့်မကြည့်။ ငွေကိုသာ ဆက်လက်ရေတွက်နေသည်။



သူ့စိတ်၌ ချစ်ချစ်သည် မကြာခင် သူနှင့် ဦးရွှေအိုးအနားသို့ ရောက်လာလိမ့်မည် ထင်နေသည်။

သို့သော် ချစ်ချစ်သည် လှေကားရင်းမှ ကိုရှုပ်ပါကို တစ်ချက်စိုက်ကြည့်ပြီး ပန်းခြံဘက်သို့ ဆင်းသွားလေသည်။ ချစ်ချစ်သည် မငိုမိရန် သတိကြီးစွာထားနေရသည်။ (သူ့အနားမှာ ကိုလူကလေးရှိနေသောကြောင့်)

သူ၏ကိုကို့ကို ခုလိုဆုငွေတွေ ငုံ့ပြီးရေတွက်နေသည့် မြင်ကွင်း ကိုမြင်ရသည်မှာ ရင်ကျိုးဖွယ်ကောင်းသည်။ သည်လို ငွေ၌ နစ်မြောနေ သူတစ်ယောက်အဖြစ် ချစ်ချစ် မမြင်လိုပါ။ သူချစ်သော ကိုကို့အတွက် ချစ်ချစ်သည်မျက်ရည်ကို အနိုင်နိုင်ထိန်းရသည်မှာ ပင်ပန်းလှသည်။

ကိုရှုပ်ပါရေတွက်နေသော ငွေများမှာ ဆုတော်ငွေမဟုတ်ဘဲ မိတ္ထီလာမှ ပြန်ရခဲ့သော ချစ်ချစ်ပိုင်ငွေများဖြစ်သည်ကို ချစ်ချစ်မသိရှာပါ။

ငွေကိုရေတွက်ကြည့်သောအခါ တစ်ထောင့်ကိုးရာနှင့် ရှစ်ဆယ့်နှစ်ကျပ်ဖြစ်သည်။

"ရှေ့ဦး ဒါက မချစ်ချစ်မိတ္ထီလာမှာ အလုခံရတဲ့ငွေတွေပါ။ တစ်ထောင့်ကိုးရာနဲ့ ရှစ်ဆယ့်နှစ်ကျပ်ပါ။ နှစ်ထောင်ထုပ်ထဲက သူလမ်းမှာ ဖဲ့သုံးထားတဲ့ အတိုင်းပဲ။ ဟုတ်မဟုတ်တော့ သူ့ကို မေးကြည့်နိုင်ပါတယ်"

"ကိစ္စမရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိဘူးဆိုတဲ့ စကားတော့ မပြောပါနဲ့ခင်ဗျာ၊ ဒီငွေ လျော့နေတာ ကျွန်တော်နဲ့လုံးဝမပတ်သက်ဘူး"

"ဆောရီးဘဲကွယ်၊ ဦးပြောချင်တဲ့အဓိပ္ပာယ်က လုသွားသူဆီမှာ လျော့သွားရင်လဲ ကိစ္စမရှိပါဘူးလို့ပါ"

"ဟုတ်ကဲ့ . . . ပြီးတော့ ကျွန်တော်နဲ့ပတ်သက်တဲ့စာရင်း"

ကိုရှုပါစကာမဆုံးခင်မှာပင် ဦးရွှေအိုးကလက်ကာပြလျက် ရယ်မောပါသည်။

"မောင်ရင်နဲ့က ဘာစာရင်းရှင်းစရာ လိုသလဲကွယ်၊ ဦး ကြော်ငြာထဲပါတဲ့အတိုင်း ပေးဘို့မယ် ငါးထောင်တိတိ"

ကိုရှုပါသည် နေရာမှဆတ်ကနဲ ထလိုက်သည်။ တခြားလူတစ်ယောက်ယောက်သာဆိုလျှင် ပက်ကနဲပြောလိုက်မိမှာ သေချာသည်။

ဦးရွှေအိုးမို့လို့သာ စိတ်ကို ထိန်းလိုက်ရသည်။ ဝမ်းလည်း နည်းသည်၊ ဒေါသလည်း ထွက်ရသည်။

ဦးရွှေအိုးသည် နားမလည်စွာမော့ကြည့်သည်။ သူကတော့ ပိုက်ဆံပေးသည်ကို ဘာလို့များဒေါသဖြစ်ရပါလိမ့်ဟု စီးပွားရေး အတွေးအခေါ်ဖြင့် တွေးသည်။

"ဘာဖြစ်လို့လဲမောင်ရင်"

ကိုရှုပါသည် နေရာမှပြန်ပြီး ဖြည်းဖြည်းထိုင်လိုက်သည်။

"ကျွန်တော့်အပြုအမူ နည်းနည်းရိုင်းသွားတာ ခွင့်လွှတ်ပါဦး ကျွန်တော်စိတ်မကောင်း ဖြစ်သွားလို့ပါ"



"မောင်ရင် ဘာကိုဆိုလိုတာလဲ . . . ဦးနားမလည်ပါလား"

ကိုရှုပါသည် ဦးရွှေအိုးကို ပြုံးပြလိုက်သည်။ သူ့အပြုံးတွင် အထင်သေးသော အရိပ်အယောင်များပါနေသည်။

"ကျွန်တော်နဲ့ဦးနဲ့ ရှင်းရမှာ ဒီစာရင်း မဟုတ်ပါဘူးဦးရယ်"

ချစ်ချစ်အတွက် ကုန်ကျငွေ

| | | |
|---|---|---|
| (၁) | (တိုက်ကြီးအလွန်)မုန့်လုံးကြီးကြော်တစ်လုံး | ၇၅ိး |
| | (ပဲကပ်ကြော်ချစ်ချစ်ကပြန်ဝယ်ကျွေး) | ၅ဝိး |
| (၂) | (မိတ္ထီလာ)ညစာခေါက်ဆွဲကြော် | ၄ ကျပ် ဝဝိး |
| | မနက် မုန့်ဟင်းခါး | ၁ ကျပ် ၅ဝိး |
| (၃) | (ကျောက်ဆည်အဝင်)ချဉ်သီးစုံ | ၁ ကျပ် ၂၅ိး |
| | ကြက်သားကြော်ဆီထမင်း | ၁ ကျပ် ဝဝိး |
| | ၂ကျပ်တန်(တစ်ယောက်တစ်ဝက်) | |
| | ခေါက်ဆွဲကြော် (ညစာ) | ၃ ကျပ် ၅ဝိး |
| | စုစုပေါင်း | ၁၂ ကျပ် ၂၅ိး |

ဦးရွှေအိုးသည် ဘာဆက်ပြောရမှန်းမသိအောင်ပင် ကြောင်တွေတွေကြီး ဖြစ်သွားရလေသည်။

"အဲ ဒီစာရင်းအတိုင်းသာ ကျွန်တော့်ကို ပေးပါ"

"မှတ်ဘူးလေ . . . ဦး . . . ကို . . ."

"ဟုတ်ပါတယ်ဦး၊ ဦးနဲ့ကျွန်တော် ရှင်းရမှာ ဒီစာရင်းပါပဲ ကျွန်တော် မချစ်ချစ်အတွက် ကုန်ကျထားတဲ့ငွေအတိအကျပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီ…ဒီ…လိုရှိတယ်လေ၊ မောင်ရှုပါရဲ့၊ ဒီငါးထောင်ရပြီးမှတော့"

"ဘယ်သူက ဒီငွေငါးထောင်ကိုယူမယ်ပြောလို့လဲ ခင်ဗျာ"

"မှတ်သေးပါဘူးကွယ်၊ အဲ့ဒီ ဆယ့်နှစ်ကျပ်ကိုလဲ ပေးပါ့မယ်၊ ပြီးတော့…"

"ဆယ့်နှစ်ကျပ်တစ်မတ်ပါဦး"

"ဟုတ်ပါပြီ၊ ပေးပါ့မယ်၊ ဒီဆုငွေကိုလဲယူပါ"

"ကျွန်တော်နဲ့ မပတ်သက်ပါဘူး"

"အို…ပတ်သက်တာပေါ့ သမီးကျောက်ဆည်မှာ ရှိနေတာကို မောင်ရင် အကြောင်းကြားပေးတာမှတ်လား"

"ကျွန်တော်အကြောင်းမကြားပါဘူးဦး၊ ကျွန်တော်က ချစ်ချစ်ကို ကူညီမိတဲ့သူမို့ အပြစ်ယူမယ်ဆိုရင်တောင် ရနိုင်ပါတယ်၊ ခုလို တယ်လီဖုန်းရုံးနဲ့ဆက်သွယ်မိတဲ့ ကျွန်တော့်အမှားကြောင့် ချစ်ချစ်ကို ဦးတို့ပြန်တွေ့သွားရတာပါ အမှန်က သူ…"

"နေစမ်းပါဦးကွဲ့၊ အမှန်က ဘာဖြစ်သလဲ မောင်ရင်က ဆက်လက်ပြီး သမီးကို ဝှက်ထားချင်တယ်ပေါ့ နို့…မောင်ရင့်ရည်ရွယ်ချက်က ဘာလဲဟင်"

"ကျွန်တော့်ရည်ရွယ်ချက်က သူ့ကို မန္တလေးထိ ပို့ပေးဖို့ပါပဲ"

"ဘာအတွက်လဲ"

"သူက သွားချင်တယ်ဆိုလို့ပါ"



"ဒါတော့ ဟုတ်ပါပြီ မောင်ရင်ကကော ဘာကိုမျှော်ကိုးပြီး ခုလိုကူညီရတာလဲ"

"ကျွန်တော့်မှာ မျှော်လင့်ချက်မရှိပါဘူး"

"မောင်ရင့်စကားတွေက ဆန်းလှတယ် ဦးနားမလည်နိုင်တော့ဘူး"

"ဦး နားမလည်နိုင်တာ အကောင်းဆုံးပါပဲ ခင်ဗျာ"

ဦးရွှေအိုးသည် ကိုရှုပါကို တကယ်ပင် နားမလည်နိုင်ချေ။ မည်သို့ပင်ရှိစေ မောင်ရှုပါ၏ ရိုးသားမှုတွေကိုတော့ သူသည်းခြေက ကြည်နူးမိပါသည်။

"ဦး မောင်ရင့်ကို တစ်ခုပြောပါရစေကွယ်၊ ဘာပဲဖြစ်ဖြစ် ဦး သမီးအတွက် ထုတ်ထားတဲ့ဆုငွေကိုတော့ မောင်ရင်နဲ့သာ…"

"ကျွန်တော့်ကို ဆယ့်နှစ်ကျပ်တစ်မတ် မြန်မြန်ပေးပါ။ ကျွန်တော်သွားချင်လှပြီ"

"မှတ်သေးပါဘူးကွယ်၊ သမီးလဲစိတ်ကောင်းအောင်…"

ဦးရွှေအိုးသည်မတတ်သာသည့်အဆုံး သူ့စားပွဲချောင်ကြားမှ ပိုက်ဆံဆယ့်နှစ်ကျပ်တစ်မတ်ကို ယူပေးလိုက်ရလေသည်။

ကိုရှုပါသည် ပိုက်ဆံကို သေသေချာချာ ရေတွက်ယူပြီး အင်္ကျီအိတ်ထဲထည့်လိုက်ပါသည်။

ကိုရှုပါမတ်တတ်ရပ်လိုက်၏။ ဦးရွှေအိုးသည် ချီတုံချတုံ ဖြစ်နေပါသည်။ သူသည် ကိုရှုပါနှင့် စကားပြောကြည့်ချင်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် မောင်ရင်၊ သိပ်အရေးတကြီး ကိစ္စမရှိရင် ဦးနဲ့ စကားနည်းနည်းလောက် ထပ်ပြောကြရအောင်လား။ ပြီးတော့ မောင်ရင် သွားလိုရာကို ကားနဲ့လိုက်ပို့ပေးပါ့မယ်"

ကိုရှုပါ စဉ်းစားသွားသည်။ ရိုးရိုးသားသားပြောရလျှင်တော့ သူ မပြန်ချင်သေးပါ။ ဟုတ်သော်ရှိ မဟုတ်သောရှိ ချစ်ချစ်မျက်နှာကိုတော့ မြင်ချင်သည်။

ကိုရှုပါ ပြန်ထိုင်ရပြန်သည်။

"ဦးစိတ်ထဲမှာ မတင်မကျဖြစ်တာလေးတစ်ခု ရှိနေတယ် မောင်ရှုပါ"

"ဆုငွေကိစ္စလားဦး၊ ဒါနဲ့ပတ်သက်လို့တော့"

"ဆုတွေကိစ္စကတော့ မင်းလက်မခံနိုင်ဘူးဆိုလဲ ပြီးတာပါပဲကွယ်၊ ဦးကတော့ စိတ်မကောင်းပါဘူး။ ဒါပေမယ့် ခု မေးချင်တာက ငွေကိစ္စမဟုတ်ဘူး"

"ဘာများလဲမိန့်ခင်ဗျာ"

"သမီးရဲ့ကိစ္စပါ

"ဗျာ . . ."

"အေးကွယ်. . .ဦးအနေနဲ့ စိတ်ထဲမှာ မတင်မကျဖြစ်လွန်းလို့ သား မေးရမှာ အားတော့နာလှသကွယ်"

တကယ်တော့မူ ဦးရွှေအိုးက သူ့စိတ်၌မတင်မကျဖြင့် နားမလည်နိုင်ရှိသည်ဟု ဆိုနေသော်လည်း တကယ်တမ်းအခြေအနေကို မသိသူမှာ ကိုရှုပါသာဖြစ်၏။



ဦးရွှေအိုးသည် သမီးက ကိုရှုပါကို မေတ္တာရှိနေမှန်းလည်း သိ၏။ ယခု လတ်တလောတွင် ဆုငွေကိစ္စအတွက် အထင်လွဲပြီး အခွဲ့တိုက်နေမှန်းလည်း သိ၏။ ထို့ကြောင့် ကိုလူကလေးကို အစားထိုးပြီး အခွဲ့တိုက်နေမှန်းလည်း သိသည်။

ပြီးတော့ ကိုရှုပါ၏ ပင်ကိုယ်စိတ်၊ ရိုးသားမှုသဘာဝတရား စသည်တို့ကိုလည်း ယခုသိရပြီ ဦးရွှေအိုးမသိရသေးသည်မှာ တစ်ခုသာရှိသည်။

ကိုရှုပါသည် သမီးအပေါ်မည်သို့ သဘောထားသည်။

သည်ကိစ္စနှင့်ပတ်သက်လို့လည်း အမှန်ကို သူသိဖို့ဖြစ်သည်။ ခက်သည်က ကျောက်ဆည်မှ ကိုရှုပါ မန္တလေး လိုက်သွားသောအခါ ချစ်ချစ်ထံ ရေးခဲ့သော စာကို ချစ်ချစ် မဖတ်လိုက်ရခြင်းပင်ဖြစ်သည်။ ထိုစာသည် ချစ်ချစ်ထံ သူ့ဖေဖေလိုက်လာပြီး ချစ်ချစ်ကို ပြန်ခေါ်သွားသည်အထိ မောင်စံရှားတို့အိပ်ရာ (ချစ်ချစ်အိပ်ခဲ့သော အိပ်ရာ)ပေါ်တွင် ပုံစံမပျက် ကျန်ရစ်ခဲ့သည်။ နောက်မှ မဖော့က တွေ့သဖြင့် ကိုရှုပါကို ပြန်ပေးလိုက်ရသည်။ (ယခု ကိုရှုပါထံတွင် ထိုစာအသင့်ရှိနေသည်)

အမှန်မှာ ကျောက်ဆည်မှာတုန်းကသာ ထိုစာကို ချစ်ချစ် တွေ့သွားခဲ့လျှင် ပြဿနာ ခုလောက်ထိ တက်လာစရာ အကြောင်းမရှိပါ။ ထို့ကြောင့် ကိုရှုပါက သမီးအပေါ် မည်သို့ သဘောထားပုံကို ဦးရွှေအိုး သိချင်နေခြင်းဖြစ်သည်။

ကိုရှုပါခမျာမှာတော့ ဘာဆိုဘာမှ မသိရှာချေ။ သူရေးခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



တာကို ချစ်ချစ်ဖတ်ပြီး ဒီအတိုင်းမေ့ထားခဲ့သလား။ မဖတ်ရသေးဘူးလား သူမသိ။

ပြီးတော့ ချစ်ချစ်ကိုယ်တိုင်က သူ့ကို အထင်လွဲမှားနေမှန်း ထို့ကြောင့် ကိုလူကလေးနှင့် အရွဲ့တိုက်ပြနေမှန်းလည်း သူမသိ။

သို့သော် ကိုရှုပ်၌ဆုံးဖြတ်ချက် အနိုင်အမာတစ်ခုရှိပါသည်။ လတ်တလောတွင် ချစ်ချစ်နှင့်ပတ်သက်လို့ မေ့ထားလိုက်မည်။ ကံဆုံ တော့လည်း ကြုံရသေးတာပေါ့။

ခု သည်ကိစ္စနှင့်ပတ်သက်၍ ဦးရွှေအိုးကိုယ်တိုင်က ပြန်စ လာပြီဆိုတော့ လည်း စိတ်ကလှုပ်ရှားချင်လာပြန်သည်။

"ဒီလိုကွာ···ဦး တိုတိုနဲ့ လိုရင်းကိုပဲ မေးပါရစေတော့။ မောင်ရင်အနေနဲ့ ဦးသမီးအပေါ် ဘယ်လိုသဘောထားသလဲ"

"ဘယ်လိုမှ သဘောမထားပါဘူးဦး"

"မှတ်ဘူးလေ၊ ခုလို လေးငါးရက်လုံးလုံး တစ်ခရီးထဲ အတူသွားနေခဲ့ကြတယ် ဆိုတော့···"

"ဟုတ်ကဲ့တတ်နိုင်သလောက် ကူညီစောင့်ရှောက်ရုံလောက် ပါပဲခင်ဗျာ"

"ဒီမယ် မောင်ရှုပ်၊ ဦးအခုတော့ကြို့ပြောထားမယ်ကွာ၊ ဦးနဲ့ဦးသမီးကြားမှာ လျှို့ဝှက်မှုဆိုတာ မရှိဘူး။ မရှိသေးစကားကလွဲယင် ဖွင့်ဟတိုင်ပင်ကြတာချည်းဘဲ"

"အဲဒါ ကျွန်တော်နဲ့ပါ ဘာမှမဆိုင်ဘဲ"



"အေး···ဒါပေမယ့် သမီးက ဖြစ်ပျက်သမျှ အကြောင်းစုံကို သမီးက ဖွင့်ပြောပြရာတယ်"

ကိုရှုပ်နှုတ်ဆွံ့သွားရသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိတော့ပါ။ တကယ်တမ်းကျတော့ ဖခင်တစ်ယောက်က သူ့သမီး၏ အချစ်ရေးကို ပွင့်ပွင့်လင်းလင်း ပြောဆိုလာပြီဆိုတော့ ကာယကံရှင် တစ်ယောက်အနေနဲ့ အနေရခက်လှသည်။

"အဲဒီတော့ မောင်ရင့်ဆီကဲ သမီးနဲ့ပတ်သက်လို့ သဘော ထားမှန်ကို သိချင်တယ်ကွယ်"

အဖိုးကြီးမှာလည်း ပြောမည့်သာ ပြောနေရသည်။ ခပ်ရှက် ရှက်ရယ်။

ဦးရွှေအိုးသည် ယခုအချိန်တွင် ကိုရှုပ်ကို အထင်တကြီး ဖြစ်နေလေပြီ၊ တစ်နည်းအားဖြင့် ကိုရှုပ်ဘက်သို့ အလေးကသာနေပြီ။

"ကျွန်တော့်သဘောထားကို ချစ်ချစ်သိပါတယ်ဦး"

"သမီးမသိပါဘူး မောင်ရင်။ သမီးသိတာ တစ်ခုထဲရှိတယ်။ သူမောင်ရင့်ကို စိတ်နာနေတယ်"

"ဗျာ "

"ဟုတ်တယ်၊ သူက မောင်ရင့်ကို အထင်လွဲမှားနေတယ်"

"မဖြစ်နိုင်ဘူးဦး။ သူ ကျွန်တော့်အကြောင်း ကောင်းကောင်း သိတယ်၊ ဒါနဲ့ သူက ကျွန်တော့်အပေါ် ဘာကိုအထင်လွဲတာလဲ"

"ကဲပါကွယ်၊ ဒီကိစ္စပြောရင် ရှည်ကုန်ပါ့မယ်။ ဦး ကြည့်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



မယ် ဟုတ်ပလား။ အရေးကြီးတာက မောင်ရင်ရဲ့ သဘောထားပဲ"

ကိုရွှေပါသည် ဦးရွှေအိုး၏မေးခွန်းကို ဖြေဖို့ထက် သူ့ကို ချစ်ချစ်ဘာကြောင့် ဦးရွှေအိုး အထင်လွဲရသည်ကိုသာ တောင်တောင် အီအီ စဉ်းစားနေလေသည်။

"ကဲကွာ ဒါမှမဟုတ်လဲ ချစ်ချစ်ကို ခေါ်လိုက်မယ်။ မင်းတို့ ချင်း စကားပြောကြည့်ပါအုံး"

ဦးရွှေအိုးသည် ပြောပြောဆိုဆို ထပြီး တိုက်ဝသို့ ထွက်သွား ၏။

"နေ...နေပါစေဦး"

ကိုရွှေပါတားသော်လည်း ဦးရွှေအိုးက ချစ်ချစ်ကို လှမ်း ခေါ်လေသည်။

ချစ်ချစ်သည် အခြေအနေကို မျှော်လင့်ပြီး ဖြစ်ပါသည်။ သို့သော် သူ ကိုရွှေပါနှင့်မျက်နှာချင်းဆိုင်ချင်စိတ် လုံးဝမရှိတော့ချေ။ သူ့ အဖေကို ခေါင်းခါပြလိုက်လေသည်။

"သမီးကတော့ မောင်ရင့်ကို အထင်မှားနေတုန်းပဲ။ ကဲ- ဦးကိုသာ ပြောပါကွယ်"

ကိုရွှေပါ သဘောပေါက်လိုက်လေပြီ။ ဦးရွှေအိုးသည် သူ့ကို ချစ်ချစ်နှင့် သဘောတူနေပြီ။ ကိုရွှေပါ ပျော်သွား၏။ သို့သော် ကလေးငယ် လို ထခုန်မတတ်တော့ မဖြစ်ပါ။

"ဒီစာဟာ ကျွန်တော် ကျောက်ဆည်က မန္တလေးအသွား သူ့အတွက် ရေးခဲ့တဲ့စာပါ။ သူမဖတ်ရသေးဘူးထင်တယ်"



ကိုရွှေပါသည်မတူတော့ဘူးဟူသော သဘောဖြင့်ကျောက်ဆည် တုန်းက ချစ်ချစ်ထံရေးထားခဲ့သော စာရွက်တိုကလေးကို ထုတ်၍ ဦးရွှေအိုးလက်သို့ ပေးလိုက်လေသည်။ ထိုအချိန်တွင် ကိုရွှေပါသည် တစ်ကြိမ်မှမကြုံဖူးသေးသော ရှက်ရွံ့ခြင်းကို ခံစားလိုက်ရလေသည်။

"ဟင်...ဒါဖြင့် မင်း ဦးသမီးကို မေတ္တာရှိနေတယ်ပေါ့ ဟုတ်လား"

ဦးရွှေအိုးက စာကိုဖတ်ပြီးပြီးချင်းအလန့်တကြားမေးလိုက်၏။

"ဒါ...ဒါ...ဒါလောက်တော့ မမေးသင့်ပါဘူးဦးရာ၊ ကျွန်တော့်စာထဲမှာ ပါသားပဲ"

"ဟော...ဟုတ်သားပဲ"

ဦးရွှေအိုးသည် စာရွက်ခေါက်ကလေးကို သေသေချာချာ သိမ်းဆည်းလိုက်၏။

"ကိုင်း...မောင်ရွှေပါ။ ခု ဘယ်သွားမလဲ၊ ဦးလိုက်ပို့မယ်"

"နေပါစေဦး။ ကျွန်တော့်ဟာသာ ပြန်ပါ့မယ်"

"ကဲ...ဒါဖြင့် မောင်ရင့်ကို ဆက်သွယ်လို့ရမယ့် လိပ်စာ ပေးခဲ့"

"ဘာလုပ်ဖို့လဲဦး။ ကျွန်တော် မကြာခင် မုံရွာပြန်တော့မှာ"

"ဟင်...အလုပ်ကကော"

"ကျွန်တော် အလုပ်ကထွက်ပြီးပြီပဲ ဦး"

"ဦး မဂ္ဂဇင်းမှာ လုပ်မလား။ လခရော၊ ရာထူးရော မညံ့စေ ရပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကိုရှုပါ စဉ်းစားသွား၏။ သည်အဖိုးကြီး စိတ်မှ ကောင်းသေး ရဲ့လားဟုထင်၏။

"ကျွန်တော် စဉ်းစားချင်သေးတယ်"

"အေးလေ၊ စဉ်းစားအုံပေါ့။ ဦး မင်းကို ဆက်သွယ်ပါ့မယ်"

ကိုရှုပါသည် တည်းခိုသောအိမ်လိပ်စာကိုပေးခဲ့၏။ လတ် တလောတွင် သူတို့သည် သည်ကိစ္စကို ပေါ့ပေါ့တန်တန်သာ လုပ်နေကြ၏။ တကယ်တမ်း သူတို့ရင်ခွင်မှာကား "ချစ်ချစ်ကိစ္စ။

ကိုရှုပါကို ဆင်ဝင်အောက်အထိ ဦးရွှေအိုးက လိုက်ပို့ပါ သည်။

"ကိုင်း...ဟိုမှာ သမီးကို ဝင်နှုတ်ဆက်လိုက်ပါအုံး"

ဦးရွှေအိုးလက်ညှိုးညွှန်ရာသို့ ကြည့်လိုက်သောအခါ ကိုရှုပါ မျက်လုံးတွေ ပြာဝေသွားလေသည်။

ချစ်ချစ်သည် ပန်းခြံထဲက ဒန်းပေါ်တွင် ကိုလှုကလေးနှင့် ရယ်မောစွာရှိနေလေသည်။ လက်ရေသမားများ အရိုက်ထိုးခံလိုက်ရလျှင် တစ်ချက်ထဲနှင့် ယိုင်ထိုးကျသွားတတ်သည်ကို ကိုရှုပါ ကိုယ်ချင်းစာ တတ်လေပြီ။

သူ့ခြေထောက်တွေ မနိုင်တော့သလို ဖြစ်သွားရသည်။ သည်မြင်ကွင်းသည် သူ့နှလုံးကို ရပ်တန့်သွားစေသည်။

တစ်သက်နှင့်တစ်ကိုယ် မဖြစ်ဖူးသော ဝမ်းနည်းမှုကို ထိတွေ့ ဖူးလေပြီ။ ကိုယ့်ချစ်သူကို တစ်ပါးသူနှင့်ယှဉ်တွဲ၍ မြင်တွေ့ရဖူးကြ



သလား။

ကြက်သေသေနေသော ကိုရှုပါကို ချစ်ချစ်မြင်ပါသည်။ သို့သော် မမြင်ဟန်ဆောင်နေလိုက်သည်။ (မမြင်ဟန်ဆောင်မှန်းသိအောင် လုပ်ပြခြင်းကို ဆိုလိုပါသည်။)

ဤနေရာတွင် တစ်ခုသိထား လိုပါသည်။ မိန်းမတို့သည် ယောကျ်ားတို့ကို သည်လိုနည်းဖြင့် ထိုးနက်တိုက်ခိုက်အောင်မြင်နိုင် ကြောင်း အလိုလိုသိနေကြသလို သည်လိုတိုက်ခိုက်တတ်သော အလေ့ အထကို ကြိုတင်သိလျက်နှင့်လည်း ယောကျ်ားတို့သည် ခံရတတ်လေ သည်။ ထို့ကြောင့်ပင် အချစ်သည် ဆင်ခြင်တုံတရား ကင်းစေသည်ဟု ဆိုကြသည်လား မပြောတတ်ပါ။

ဦးရွှေအိုးကတော့ ကိုရှုပါ၏ မျက်နှာသွင်ပြင် ပြောင်းလဲ သွားပုံကိုသာ ဂရုစိုက်နေလေသည်။

မျက်စိမျက်နှာပျက်စွာ ထိနိုက်တုန်လှုပ်သွားသော ကိုရှုပါ သည် ဦးရွှေအိုးကို တဖြည်းဖြည်းချင်းလှည့်ကြည့်၏။ ကိုရှုပါ၏မျက်လုံး တို့တွင် ကြည်နူးမှုလုံးဝမရှိတော့ပါ။ တဖြည်းဖြည်းနာကျည်းခံ ခက် ခြင်းသာ ဖြစ်ပေါ်လာ၏။

"ကျွန်တော့်ကို သက်သက်ခေါ်နှိပ်စက်တာလား ဦး"

ဦးရွှေအိုးသည် ကိုရှုပါ ဘာကိုဆိုလိုမှန်းမသိချေ။

"စောစောကကျွန်တော် ဦးကို ပြတဲ့စာဟာ မလိုအပ်တော့ပါ ဘူး ကျွန်တော့်ကို ပြန်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"မှတ်သေးပါဘူးလေ၊ ဦး ပြောပါရစေအုံး"

"မလိုတော့ပါဘူးဦး၊ စောစောက ဒီအခြေအနေထိ သိမထားလို့၊ ပြီးတော့ ဦးကလဲ မျှော်လင့်ချက်တွေပေးလိုက်လို့ ကျွန်တော် အဲ့ဒီစာထုတ် ပြမိတာပါ။ ကျွန်တော် သိပ်ကလေးဆန်သွားပြီ ကျွန်တော် ရှက်တယ်ဦးရယ်"

"နေစမ်းပါဦးကွယ်၊ ဦး ပြောစမ်းပါရစေအုံး၊ မင်းဟာက စာရေးဆရာလုပ်နေပြီး နည်းနည်းပါးပါးဆင်ခြင်ပါမှပေါ့၊ ကဲ . . ကဲ မင်းသွားစရာရှိတာ သွားတော့၊ ကျန်တဲ့အပိုင်း ဦးကြည့်စီစဉ်မယ်"

ကိုရှုပ်သည် ဆက်လက်ဝမ်းနည်းနေရတော့မလိုလို ဦးရွှေအိုး ပြောတာပဲ လုပ်ရတော့မလိုလိုနှင့် အူကြောင်ကြောင်ကြီး ဖြစ်သွားရ၏။

ကိုရှုပ်သည် အဖိုးကြီးကို လုံးဝနားမလည်နိုင်တော့ချေ။ သည်လူကြီးသည် ဘာတွေဆက်ဘယ်လိုဉာဏ်ဆင်နေသနည်း။ ခုလောက်ပွင့်လင်းလွန်းအားကြီးတော့လည်း နေရထိုင်ရ ကသိကအောင့် နိုင်လှသည်။

"ကဲ ကဲ. . . ဣန္ဒြေမပျက်သာသွားတော့၊ ဦး မောင်ရင့်ဆီ ကွန်တက် (အဆက်အသွယ်)လုပ်မယ်ဟုတ်လား"

ကိုရှုပ်သည် ဦးရွှေအိုး၏အမိန့်ကို နာခံလိုလှ၍ မဟုတ်သော်လည်း သူကိုယ်တိုင်ကပင် သည်အိမ်မှာနေရသည်ကို စိတ်ပျက်လာသဖြင့် ခေါင်းငိုက်စိုက်ချလျက် ထွက်လာခဲ့လေသည်။ ကြာလျှင် ရူးသွားလိမ့်မည်။

ချစ်ချစ်သည် ကိုရှုပ်ကို မသနားမိရန် အောင့်အည်းနေရလေ



သည်။ သည်ကြားထဲ ခုတုံးလုပ်ခံရလို့ ခံရမှန်း မသိသူ ကိုလူကလေးသည် ချစ်ချစ်နှင့် ပူးတွဲပူးတွဲလုပ်နေရသည်ကို အသားယူနေလေသည်။

မကြည့်မိအောင်ကြိုးစားနေသည့်ကြားက ကိုရှုပ် ဖျတ်ကနဲ ကြည့်လိုက်မိသည်။ ချစ်ချစ်ကလည်း ကြည့်နေပါသည်။ ဟန်ဆောင်ပြုံးကို ချစ်ချစ်မျက်နှာပေါ်တွင် မြင်ရသည်။ ချစ်ချစ်လည်း တကယ်တော့ ရင်ထဲမှာ မကောင်းလှပါ။

တစ်ယောက်ကိုတစ်ယောက် စက္ကန့်ပိုင်းလောက် ကြည့်လိုက်မိရုံဖြင့် သူတို့နှစ်ယောက်ထိတွေ့ဆက်ဆံနေခဲ့ရသော ကာလ အားလုံးကို လွမ်းသွားစေပါသည်။

"ချစ်ချစ် နေကောင်းတယ်နော်"

ကိုရှုပ် အသံကိုထိန်းပြောရသည်။ သို့သော် အသံက မှုမမှန်ချေ။ ချစ်ချစ်က မချိပြုံးတစ်ချက် ပြုံးလိုက်၏။ ကိုလူကလေးကို တစ်ချက်ကြည့်ပြ၏။

"ကိုယ်ရေးစိတ်ပါ ကျွန်းမာပါသတဲ့ရှင်"

ရိလိုက်မှန်းသိလိုက်၏။ ထိနိုက်သွားလေသည်။

တကယ်တမ်း မျက်နှာလေးကို မြင်ရတော့လည်း စွန့်လွှတ်ဖို့ဆိုသည်မှာ နမြောစရာကောင်းလှသည်။ ချစ်ချစ်နှင့် တွေ့ခဲ့ဖူးသမျှ ကာလအားလုံးတွင် သည်တစ်ခါ ချစ်ချစ်အလှဆုံး တင်မိသည်။

"အော် . . . မေးမလို့ မေ့သွားတယ်၊ ရင့်ငွေရေးကြေးရေး ကိစ္စကော ဖေဖေနဲ့ရှင်းပြီးခဲ့ပြီလား"

ကိုရှုပ် ပြုံးပြုံးကလေး ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“သွားတော့မယ်”

ချစ်ချစ်ကလည်း ပြုံးပြုံးလေးပင်ပြန်၍ ခေါင်းညိတ်ပြလိုက်သည်။ ကိုရှုပ်သည် ချစ်ချစ်ရှေ့မှ ချာကနဲလှည့်ထွက်ခဲ့လေသည်။

× × ×

အချင်းအရာအားလုံးကို ဆင်ဝင်အောက်မှ ကြည့်နေသော ဦးရွှေအိုးသည် ကိုရှုပ်ခြံထဲမှ ထွက်သွား၍ လမ်းမသို့ ရောက်သွားသွားချင်း ချစ်ချစ်ကို လှမ်းခေါ်သည်။

သူသည် သမီးအတွက် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချနိုင်လေပြီ။ ခုလို မောင်ရှုပ်ကို ချက်ချင်းကြီးအရေးတဝင် အရေးတယူပြုမိသည့်အတွက် သူမရှက်ပါ။ အဘယ်ကြောင့်ဆိုသော် ကိုရှုပ်သည် ပွင့်လင်းရိုးသားသူဖြစ်သောကြောင့် ဖြစ်၏။(ကိုလှကလေး မိသားစုအိမ်လာသည့်နေ့က ဦးရွှေအိုး၏ ဟန်ဆောင်ဆက်ဆံရေးကို မှတ်မိကြပါလိမ့်မည်)

သစ္စာသမာဓိတရားအပြည့်အဝရှိသောအခါ မည်သည့်အရာကိုမဆို ပွင့်လင်းရိုးသားစွာ ဆက်ဆံနိုင်မှန်း ဦးရွှေအိုးသဘောပေါက်လေပြီ။

ပြီးတော့ သမီး၏ အိမ်ထောင်ရေးသည်လည်း ခေါင်းခဲရသည်မှာကြာပြီ။ သမီးကို သူကိုယ်တိုင်က မောင်လှကလေးနှင့် သဘောတူမိခဲ့ပါ၏။

သို့သော် သမီးက မောင်လှကလေးကို လုံးဝမေတ္တာရှိသည်မဟုတ်။ သည့်အတွက် သမီးတသက်လုံး စိတ်ညစ်ရမှာကို သူကြောက်ပြန်သည်။ ဦးရွှေအိုးတို့ဆိုတာက နောက်နေရလှ ဆယ်နှစ်ပေါ့။ စိတ်ချမ်းသာရလှ ဆယ်နှစ်ပေါ့။ နှစ်ပေါင်းများစွာ စိတ်ဝေဒနာခံစားရမည့်သူမှာ ချစ်ချစ်၊ ဒါကို ဖေဖေသဘောပေါက်၏။

သည့်အတွက် မောင်လှကလေးနှင့်ကိစ္စကို ဖျက်သိမ်းဖို့ ဖေဖေကြိုးစား ပြန်သောအခါကတော့လည်း သမီးကိုယ်တိုင်က မောင်လှကလေးကို လက်ခံပြန်၏။ သူကိုယ်သူ နိုင်စက်သည့်သဘော။ ကိုရှုပ်ကို အရွဲ့တိုက်သည့်သဘော။

အဆိုးဆုံးကတော့ မောင်လှကလေးနှင့်သာ လက်ထပ်ပေးလျှင် သူ့အိမ်မှ နောက်တစ်ကြိမ်ထွက်ပြေးမည်ဟု ချစ်ချစ်ဌတ်တရွတ် လုပ်ခြင်းပင် ဖြစ်၏။

ဦးရွှေအိုးအဖြစ်က ဆိုးလှပါသည်။ သူသဘောတူကျေနပ်သည့်လူကိုပင် သမီးက ယူပါမည်ပြောနေပါလျက် မပေးစားရဲသောအဖြစ်သို့ ရောက်နေ၏။

ကောင်းပြီ၊ သမီးသဘောကျသူကို ရွေးချယ်ပါဟု ဆိုပြန်တော့လည်း သမီးက စိတ်နာနေသည်။ ပြီးတော့ ထိုသူ၏ သဘောထားကိုလည်း မသိရသေး။ ဦးရွှေအိုးကိုယ် တိုင်ကလည်း မောင်ရှုပ်ထက်စာလျှင်(အခြေအနေအရပ်ရပ်အရ) မောင်လှကလေးကိုသာ သဘောကျပြီးဖြစ်ခဲ့သည် အမှန်။

ခုတော့ရှင်းပြီ။

www.burmeseclassic.com



ကိုရှုပါအပေါ်တွင် ဦးရွှေအိုးအမြင်ရင်းပြီး သမီးကို ရှင်းပြနိုင်လျှင် ဇာတ်ထုပ်က ပြတ်ပြီး သမီးလေးစိတ်ချမ်းမြေ့စေသတည်း။

ချစ်ချစ်သည် ကိုလူကလေးနှင့် ယှဉ်တွဲ၍ပင် ဖေဖေ့ထံလာသည်။

ဦးရွှေအိုးသည် အလိုလိုနေရင်း မောင်လူကလေးကို ကြည့်မရဘဲ ဖြစ်နေပါတော့သည်။ မိမိစိတ်နှင့် ဂွင်ကျသောတွေ့သူကို မြင်ပြီးလျှင် တော်ရုံတန်ရုံလူများသည် တန်ဖိုးနည်းသွားတတ်လေသည်။ လူ့သဘာဝ တစ်မျိုးပင်။

"သမီးစာကြည့်ခန်းထဲလိုက်ခဲ့စမ်း ဖေဖေစကားနည်းနည်း ပြောချင်လို့"

ကိုလူကလေးသည် သဘောပေါက်သွား၏။ သူတို့ သားအဖ ချင်းကိစ္စဖြစ်မည်၊ ကိုလူကလေးရှောင်ထွက်သွား၏။ ဦးရွှေအိုးသည် ကျေနပ်မှုပြည့်ဝနေသော လှလက်ဖြင့် နာကျည်းမှုလွှမ်းကဲနေသော ချစ်ချစ်၏ ပခုံးကလေးကိုဖက်လျက် စာကြည့်ခန်းသို့ ဝင်လာခဲ့လေသည်။

ပထမစကား မစသေးဘဲ သမီးလေး၏ ဆံစများကို ပွတ်သပ်လေသည်။ အပြစ်ကင်းစင်သောသမီး၏ မျက်နှာလေးကို ပြုံး၍ ကြည့်လေသည်။ ချစ်ချစ်သည် ဖေဖေ ဘာပြောချင်သည်ကိုသာ နားစွင့်နေ၏။

"ဖေဖေ ဘာပြောမလို့လဲ ပြောလေ"

"နေအုံး သမီးကို ဖေဖေ အရင်တစ်ခုမေးမယ်"



"နေအုံး ဖေဖေကို သမီး အရင်မေးမယ်"

"မေးလေသမီး"

"ဖေဖေ ဟိုလူကို ငွေစာရင်းရှင်းပေးလိုက်ပြီလား"

ဦးရွှေအိုးရယ်လိုက်သည်။

"အေး...အဲ့ဒီအကြောင်း ဖေဖေ ခုပြောမလို့"

ချစ်ချစ်သည် ထိုင်ရာမှ ဆတ်ကနဲ ထရပ်လိုက်၏။ ခေါင်းကို တွင်တွင်ကြီး ခါပြလိုက်၏။

"ရှေ့မဆက်ပါနဲ့တော့ ဖေဖေ၊ သူ့အကြောင်း သမီး မေ့ပစ်လိုက်ပြီ"

"မှတ်ဖူးသမီး၊ ဖေဖေ"

"အို...သမီးမကြားချင်ဘူး၊ မကြားချင်ဘူး"

ချစ်ချစ်သည် လှစ်ကနဲထွက်ပြေးသွားတော့သည်။

"သမီး...သမီး"

မရပါ။ ခဏကြာတော့ အိမ်ပေါ်ထပ်ဆီမှ စန္ဒရားသံ ခပ်ကြမ်းကြမ်းပေါ် လာသည်။ ချစ်ချစ်၏ ရယ်သံလွင်လွင်ကြားရ၏။

ဦးရွှေအိုးသည် "ဖြည်းဖြည်းချင်းပဲ နားချတော့မယ်" ဟု၍ တွေးလိုက်လေသတည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

ဦးရွှေအိုးသည် ယခုအခါ တော်တော်ပဲ ဒုက္ခရောက်နေရပါသည်။

သမီးသည် သူ့ထင်သလောက် မလွယ်ချေ။ ကိုရှုပါကိစ္စ စကားစလို့ကို မရနိုင်အောင်ရှိနေတော့သည်။ ဦးရွှေအိုးကြိုးစားပါသေးသည်။ နှစ်ခါကသုံးခါဖြစ်လာသောအခါ ချစ်ချစ်သည် အပြတ်ပြောလေသည်။

"ဖေဖေ သမီးကို ချစ်ရင် ဇီလှအကြောင်း နောက်တစ်ခါ စကားစဖို့ မကြိုးစားနဲ့နော်. . .သမီးတစ်ခါထဲ အိပ်ဆေးတွေအပြတ်သောက်ပစ်လိုက်မယ်၊ ဒါပဲ"



သည်လိုနှင့် ဦးရွှေအိုးသည် မောင်လှကလေးကိုလည်း တဖြည်းဖြည်း အရောမဝင်ဘဲ နေမိလေတော့သည်။

ထိုအခါ သည်အိမ်တွင် ဂိုဏ်ဂဏ နှစ်ခုကွဲတော့သည်။ ဖေဖေက တစ်ဂိုဏ်း၊ ချစ်ချစ်၊ ဒေါ်အေးဆုံနှင့် ဒေါ်စမ်းစမ်းနွဲ့တို့က တစ်ဂိုဏ်း။

ဒေါ်အေးဆုံနှင့် ဒေါ်စမ်းစမ်းနွဲ့တို့သည် အားအားရှိတိုင်း ချစ်ချစ်ကို မြန်မြန်ထက်ထက် လက်ထပ်ပေးဖို့ချည်း ပြောနေတတ်ကြသည်။ ဖေဖေ့ကိုလည်း ခဏခဏ ရန်လုပ်ကြလေသည်။ (အိုးသူကြီးမိန်းမများ ရန်လုပ်နည်းမှာ မကြိုက်တတ်သောဟင်းများ နေ့တိုင်းချက်ကျွေးခြင်းဖြစ်ပါသည်။)

ဖေဖေသည် ချစ်ချစ်ကိုလည်း နားမလည်နိုင်သေးချေ။

သည်အဖွားနှင့်အဒေါ်ကို ဘာကြောင့် ပူးပေါင်းရမည်နည်း။ သူကိုယ်တိုင်က မောင်လှကလေးကို ကြိုက်လို့ဆိုလျှင်လည်း ထားတော့။ သူကလည်း မောင်လှကလေးကို လုံးဝမေတ္တာထားလို့ရသည်မဟုတ်။ သူတို့ ဆက်ဆံနေကျပုံကို ကြည့်လျှင်ပင် သိနိုင်၏။ ချစ်ချစ်သည် မောင်လှကလေးကို ကစားကရာအရုပ်လိုသာ ဆော့ကစားနေခြင်းဖြစ်၏။

ဦးရွှေအိုးသည် မောင်လှကလေးကို သဘောတူခဲ့သည်မှာ မှန်ပါ၏။ သို့သော် ယခုအချိန်မှာတော့ သမီးအတွက် အချစ်ရေးရာ အိမ်ထောင်ရေးပါ အဆင်ပြေဖို့က မောင်ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



မောင်ရှုပါနှင့်ပတ်သက်၍ ဦးရွှေအိုးက ပြောင်ပြောင်တင်းတင်း မရပ်တည်သော်လည်း မောင်လူကလေးနှင့် ပတ်သက်၍ကား ဦးရွှေအိုးတစ်ယောက် သိသိသာသာ ဆန့်ကျင်နေလေသည်။

"နေစမ်းပါအုံး။ မောင်ရွှေအိုး မင်းက ဘာကြံ့ဖြယ်ဖောက်နေတာလဲ ဟင်"

"ဘာလုပ်လို့လဲ အမေ"

"ကိုယ်လုပ်တာ ကိုယ်မသိဘူးလား။ ဟိုမှာ မောင်လူကလေး ဘယ်လောက်သနားစရာကောင်းသလဲ"

"ဟင်…မောင်လူကလေး ဘာဖြစ်လို့လဲမေမေ"

"မင်း မျက်နှာထားကြီးက သူနဲ့တွေ့ရင် တင်းတင်းထားတော့ သူ့ခမျာမှာ အနေရခက်နေရှာတာပေါ့"

"ဟာ…မဟုတ်တာပဲအမေရာ၊ သူဟာသူ ဘာကြောင်တာမှန်းမှ မသိတာ၊ ဘယ်မတုန်း ဒီကောင်လေး ခေါ်မေးမှပဲ"

"အမလေး မလုပ်ပါနဲ့နော် မင်းကို အလိုလိုကမှ ကြောက်နေရတဲ့ကြားထဲ အသက်ပါထွက်သွားလို့ ခက်နေပါ့မယ်"

"အမေတို့ဟာကလဲ ခက်ပါတယ်ဗျာ"

"ရာရာစစတော် ကျုပ်တို့က ဘာမှခက်နေတာမှတ်ဘူး။ ခက်နေတာကမင်း။ ဟင်း…ငါ့မြေးကိစ္စက သူ့အလိုလို အားလုံးရွှင်တော့ နေပြီဟာ။ ဘာ မင်းက ဘာတွန့်ဆုတ် တွန့်ဆုတ်လုပ်နေရတာလဲ"

သည်လိုမျိုးတွေကို အမေနှင့်ဦးရွှေအိုး ခဏခဏ ပြောနေကြရသည်။ ခက်သည်က မောင်ရှုပါနှင့် ပတ်သက်သည့်အကြောင်း…



လည်း သူတို့ကို အလျှင်ပြောပြလို့ ဖြစ်မည်မဟုတ်။ ပြောပြလို့လည်း သူတို့ နားလည်မှုရှိနိုင်မည်မဟုတ်။ အလုပ်ပြုတ်နေသော ဂုဏ်တစ်ခုတည်းနှင့်ပင် မောင်ရှုပါ အမှတ်လျော့ပြီးဖြစ်နေပြီ။

သည့်ထက်ဆိုးသည်က ဒေါ်စမ်းစမ်းနွဲ့။ သူကတော့ ဦးရွှေအိုး အပေါ်မှာ ဩဇာညောင်းပြီးသား။ ပြီးတော့ လျှာသံအာသံက ပြင်းသည်။ အာစက်လျှာစက် ထိရောက်သည်။ ပြောသလိုဖြစ်အောင်လဲ လုပ်တတ်သည်။

"ဒီမယ် … ချစ်ချစ်ကိစ္စကို မြန်မြန်စီစဉ်ဖို့လိုပ်တော့၊ မင်းမလုပ်ရင် ဒို့ဖာသာ လုပ်ရလိမ့်မယ်။ ဒါပဲ"

ဦးရွှေအိုးသည် သမီးကို ဖျောင်းဖျဖို့ရာမှတစ်ပါး တခြားနည်းလမ်းမရှိတော့ ပါ။ ထို့ကြောင့်ပင်လျှင် သမီးကိုရှင်းပြဖို့ ကြိုးစားခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ချစ်ချစ်ကလည်း ကိုရှုပါနှင့် ပတ်သက်လာလျှင် လုံးဝနားမထောင်ဘဲ ရှောင်ဖယ်နေသဖြင့် ဒုက္ခရောက်နေရသည်။

နောက်ဆုံး အကြံတစ်ခုရသွား၏။ ကိုရှုပါရေးခဲ့သော စာကို ချစ်ချစ်အား ပေးဖတ်လိုက်ရန်ပင် ဖြစ်တော့သည်။

ဦးရွှေအိုး စောင့်သော အခွင့်အရေးသည် တစ်နေ့ပေါ်လာလေသည်။ အိမ်မှာ ထိုနေ့က အမေရောနမရောမရှိကြပါ။

ချစ်ချစ်သည် သူ့အခန်းထဲမှမထွက်ဘဲ ကုတ်နေသောကာလများဖြစ်၏။ ဦးရွှေအိုး ချစ်ချစ်အခန်းထဲသို့ ရောက်သောအခါ ပြတင်းပေါက်တံခါးကို နဖူးတိုက်ပြီး တရှုံ့ရှုံ့ငိုနေသော ချစ်ချစ်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . သမီးလေး ဘာဖြုလို့လဲ"

ချစ်ချစ်သည် ကပျာကယာ မျက်ရည်သုတ်လိုက်ပြီး ရပ်ရှင်ထဲကလို လိမ်၏

"မဖြစ်ပါဘူးဖေဖေ မျက်စိထဲ ဘာကောင် ဝင်သွားမှန်း မသိဘူး"

ဦးရွှေအိုးက ပြုံးပါသည်။

"အဲဒီကောင် ထွက်သွားပြီလား သမီး"

"ထွက်သွားပါပြီ ဖေဖေ"

"မထွက်သေးပါဘူး သမီးရဲ့ ဖေဖေ သိပါတယ်။ အဲဒီအကောင်ဟာ သမီး မျက်လုံးထဲကနေတဆင့် သမီးအသည်းနှလုံးထဲကို ရောက်နေတာပါ။ သူဘယ်တော့မှ ပြန်မထွက်တော့ဘူး"

ဦးရွှေအိုးသည် ချစ်ချစ်၏ ဆံစကလေးများကို ပွတ်သပ်ပေးလိုက်လေသည်။ ဖေဖေ့စကားသည် မျက်ရည်ထွက်အောင် မှန်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုပင်လျှင် ချစ်ချစ်၏ ရင်ထဲမှာ နာကျင်နေသောကြောင့် ဖြစ်ပါသည်။ စောစောကလည်း ချစ်ချစ် ငိုနေခဲ့ပါသည်။ ကိုကို့ကို သိပ် တကယ်သတိရလို့။

သို့သော် မိန်းမသဘာဝအတိုင်း မိမိကိုယ်ကို နှိပ်စက်ရင်း ဟန်ဆောင်လေသည်။ ချစ်ချစ်က မာနပြုံး ပြုံးတတ်ပါသည်။

"သမီး ရင်ထဲမှာ ဘာကောင်မှ မရှိပါဘူး ဖေဖေ"

"တချို့အကောင်တွေဟာ ရုပ်ဒြပ်မရှိဘူး။ နာမ်ဝိညာဉ်ဘဲ



ရှိတယ်မဟုတ်လား သမီး"

စိတ်အခြေခံမှုမှန်သူတို့သည် စကားပြင်ပြော၍ မနိုင်တတ်ပါ။ ချစ်ချစ် သည် ဖေဖေ၏ညှပ်ပူးညှပ်ပိတ် စကားများကြားမှ မရုန်းသာတော့ပါ။ ထိုအခါ ထုံးစံအတိုင်း နိုင်ရာလက်နက်ကို ဆွဲကိုင်လေတော့သည်။

"ဘာလဲဖေဖေ၊ ကိုရှုပါအကြောင်းပြောဖို့ ပျိုးတာလား။ သမီး ဖေဖေ့ကို သတိပေးပြီးပြီ မဟုတ်လား"

"မှတ်သေးဘူး သမီးရယ်"

"ကိစ္စမရှိပါဘူး ဖေဖေ၊ ပြောသာပြောပါ။ ဖေဖေ့စကားဆုံးအောင် နားထောင်ပါ့မယ်။ ဒါပေမယ့် ဒီည သမီးကို အသက်ရှင်လျက်နဲ့ မမြင်ရတော့ဘူးသာ မှတ်ပါ"

"ခက်ပါလားကွယ်၊ ဘာလို့များ ဖေဖေ့ သမီးဟာ ဒါလောက် စိတ်နာလွယ်ရတာတုန်းဟင်"

"ဒါဟာ သမီးတို့ မိန်းမသားတွေသာ သိတဲ့အလေ့အထပါ ဖေဖေ"

"ကဲ . . ကောင်းပြီ သမီးမကြိုက်ရင် ဖေဖေ မပြောတော့ဘူး ဟုတ်လား"

သည်စကား ကြားရတော့လည်း ဝမ်းနည်းသလိုလို ခံစားလာရပြန်သည်။

ဦးရွှေအိုးသည် အင်္ကျီအိတ်ထဲမှ ကိုရှုပါ၏စာနှင့် ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



စာရွက်တို့ကို ထုတ်ယူလိုက်ပါသည်။

"ကဲ…ဖေဖေ ဘာမှမပြောဘူး။ ဒါပေမယ့် ဒီစာနှစ်စောင်ကိုတော့ သမီးဖတ်ကြည့် ဟုတ်လား"

"ဘယ်သူ့စာလဲ ဖေဖေ"

"ဖေဖေ မပြောဘူးလေ။ သမီးဖတ်ကြည့်ယင် ရှင်းသွားမှာပေါ့"

ချစ်ချစ်သည် ဂရုမစိုက်ပဲ စာရွက်ခေါက်ကလေးများကို လှမ်းယူလိုက်သည်။

သို့သော် ဖေဖေဦးရွှေအိုး ကြိုးစားလှယူရန် မစီလိုက်ခင်မှာပင် ထိုစာရွက်ကလေး နှစ်ရွက်သည် နှစ်ရွက်မှလေးရွက်။ လေးရွက်မှ ရှစ်ရွက်၊ နောက်ဆယ့်ခြောက်ရွက်။ သုံးဆယ့်နှစ်ရွက် စသည်ဖြင့် အစိပ်စိပ်အမြွှာမြွှာဖြစ်သွားရလေသည်။

"ဟဲ့ သမီး။ ဟဲ့…ဟဲ့…"

ဦးရွှေအိုး အပြေးအလွှား ထ၍လှမ်းချိန်တွင် စာရွက်ကလေးများ သည် နှင်းဦးသစ်စ ကုက္ကိုရွက်ကလေးများသဖွယ် ပြတင်းပေါက်မှ နေ၍ ဝဲကာဝဲကာလေတွင် ပါသွားကြလေသည်။

"သွားပြီ…သွားပြီ"

ဦးရွှေအိုး သည် အယောင်ယောင်အမှားမှားဖြင့် အော်မိ အော်ရာ အော်လိုက်မိလေတော့သည်။

"ဖတ်များ ဖတ်ကြည့်ပါတော့လား သမီးရယ်"

"မလိုဘူးဖေဖေ၊ သူနဲ့ ပတ်သက်တာ သမီးဘာမှမသိချင်ဘူး"



ချစ်ချစ်သည် ပြောပြောဆိုဆိုပင် အိပ်ရာပေါ်မှောက်လျက် ရှိက်ကြီးတငင် ငိုနေပါတော့သည်။

ဦးရွှေအိုးသည် မျှော်လင့်ချက် ကုန်ခန်းသွားသလို ချစ်ချစ် အခန်းမှ စိတ်ပျက်လက်ပျက်ထွက်လာခဲ့ပါတော့သည်။

မိန်းမငယ်တို့၏ နှလုံးသားသည် အချစ်ကြီးခြင်းနှင့် နာကျည်းလွန်ခြင်းတို့ ကျစ်ဆံမြီးကျစ်သကဲ့သို့ ရောယှက်နေတတ်ကြောင်း ကို ဦးရွှေအိုး သဘောမပေါက်နိုင်တော့ချေ။

× × ×

သမီးတစ်ယောက် အခန်းအောင်းနေသော သုံးရက်မြောက် သည့်နေ့ ညနေပိုင်းတွင် ဦးရွှေအိုး ခေါင်းကို ဆင်နှင်းလေတော့သည်။ အလုပ်အကိုင်ပေါင်းများစွာကို တစ်ယောက်တည်းနိုင်နင်းစွာ ဖြေရှင်းနိုင်သော ဦးရွှေအိုးသည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားရလေတော့သည်။

အိမ်မှာ ဒေါ်သပုန် မထစေ့ဖူး ထမိ၏။

"ဘယ်လိုလုပ်ကြတာတုန်းဟင်…ကျွန်တော့်ကို ဒီအိမ်မှာ အရေးကြီးတဲ့ လူကြီးတစ်ယောက်လို့တောင် မထင်ကြဘူးလား"

ဦးရွှေအိုး ဒေါ်သအိုးကွဲပြီဆိုတော့လည်း တစ်အိမ်လုံး မျက်နှာသေများဖြင့် ငြိမ်နေကြပြန်သည်။ သို့မဟုတ်လည်း သူတို့ သုပ်ချင်ရာ လုပ်လိုက်ကြပြီမို့ ပြောသမျှကို ငြိမ်ခံလိုက်ကြမည်ဟု သဘောထားနေကြသလားမသိ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဆွမ်းကြီးမောင်းနေချိန်တွင် ချစ်ချစ်သည် ကိုလူကလေးနှင့်တိရစ္ဆာန်ရုံသို့ ရောက်လာသော မျောက်ဝံအသစ် တစ်ကောင်ကို သွားကြည့်နေလေသည်။

ကိုလူကလေးနှင့် သွားလာခဲ့ရသော အချိန်များတွင် သည်နေ့သည်စိတ်အညစ်ရဆုံးဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ကိုလူကလေးသည် သည်နေ့ ချစ်ချစ်ကို လွန်ကဲစွာဂရုစိုက်နေသောကြောင့်ဖြစ်ပါသည်။ ယခင်နေ့များဆီ၌ ကိုလူကလေး၏ သာမန် ဂရုစိုက်မှုစံနှုန်းကိုပင် ချစ်ချစ် သည်းသည်းခံနိုင်ခဲ့သည်မှ မဟုတ်ဘဲ။

ကိုလူကလေးသည် အဘယ်ကြောင့် သည်ကနေ့ ထူးခြားစွာဂရုစိုက်နေရပါသနည်း။

ဤမေးခွန်း၏အဖြေသည် အိမ်မှာ ဖေဖေ ဒေါသူပုန်ထနေသောအကြောင်း၏ အရင်းခံပင် ဖြစ်လေသည်။

ရှင်းပြပါမည်။ သို့သော် အလွန်ရှုပ်ထွေးသောကြောင့် ရှင်းပြရသည်တော့ မဟုတ်ပါ။ အဖြစ်အပျက်မြန်ဆန်လွန်းသောကြောင့် ရှင်းပြရခြင်းဖြစ်ပါသည်။

× × ×

ချစ်ချစ်အခန်းအောင်းနေသော သုံးလေးရက်အတွင်းမှာပင် ဖွားဖွားနှင့် ဒေါ်ဒေါ်တို့သည် သူတို့အလိုအရ အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်လိုက်ကြ လေသည်။



အခြားမဟုတ်ပါ။ ချစ်ချစ်ကို အလျင်အမြန် အိမ်ထောင်ချပေးလိုက်ဖို့ ဖြစ်လေသည်။ သည်အတောအတွင်းမှာ ဖေဖေသည် သည်ကိစ္စနှင့်ပတ်သက်၍ သိပ်ပြီး စူးစူးစိုက်စိုက်မရှိခဲ့ချေ။ အားလျှော့ထားသည်လည်းပါသည်။ ဘယ်လိုစီစဉ်လျှင် ကောင်းမည်ဟု စဉ်းစားနေခဲ့သည်လည်း ပါပါသည်။

ပြီးတော့ ဦးရွှေအိုး၌ အလုပ်တွေက ခုတလောမှာ ပုံလို့သာကျ၍ နေတတ်သည်။ သည်ကိစ္စနှင့်ပတ်သက်၍လည်း သူ မပါလျှင် မပြီးသောကြောင့် စဉ်းစားချင်သေးသည်။ အိမ်ထောင်ရေးသည် သေးငယ်သော လူမှုကိစ္စမဟုတ်။ ဘာပဲဖြစ်ဖြစ် အချိန်ဆွဲထားသင့်သည် သမီးချစ်ချစ်သည် မောင်ရှုပါဘက်သို့ စိတ်ဦးလှည့်မလာနိုင်ဘူးလို့ မပြောနိုင်ပါ။

သည်လို ဖေဖေဘက်က အလေးအနက ထားနေချိန်တွင် ဖွားဖွားနှင့် ဒေါ်လေးတို့က အလောသုံးဆယ် လုပ်လာကြသည်။ သူတို့ဘက်ကလည်း စိတ်ပူနေကြသောကြောင့်ဖြစ်သည်။

ချစ်ချစ်သည် ခုတလော မှိုင်တွေနေတတ်သည်။ ခဏခဏငိုပုံရသည်။ (ချစ်ချစ်မျက်လုံးတွေ အားအားရှိတိုင်း နီရဲနေတတ်သည်) ပြီးတော့ကျတော့ ချစ်ချစ်ကိုယ်တိုင်က ကိုလူကလေးအပေါ် ဆက်ဆံပုံသည် လျော့ရိလျော့ရဲနိုင်နေသည်။ ဟက်ဟက်ပက်ပက်မရှိ။ ကြာလျှင် သည်ထက်ခက်လာနိုင်စရာ အကြောင်းရှိသည်။

အဆိုးဆုံးကတော့ သူတို့နှင့် ရွယ်တူ ကဇော်ဝိုင်း၊ ပွဲစားဝိုင်း၊ ခမ္မိတ်ခွေ့ ဝိုင်းများတွင် ကိုလူကလေးနှင့် ချစ်ချစ်ကိစ္စက သိသင့်

www.burmeseclassic.com



သလောက် သိကုန်ကြပြီ။ သိသင့်သလောက်ဆိုသည်မှာ လိုသည်ထက် ပို၍သိခြင်းကို ဆိုလိုပါသည်။ သူတို့လောကမှာတော့ အစစ်အမှန်ထက် ပိုမိုပြောတတ်ကြသည်။ လိုသည်ထက်ပို၍ ပြောခြင်းသည် သူတို့ သိသင့်ခြင်းကိစ္စ ဖြစ်လေသည်။

ပြီးတော့ ဖွားဖွားတို့က ကဲသည်။ မြေးမလေး "ယောက်ျား အူတူတူ" တစ်ယောက်ရမည့်အရေးကို ဂုဏ်တစ်ပါးသဖွယ် ပြောပြနေ တတ်သည်။

သည်တော့ ချစ်ချစ်တို့ကိစ္စသည် သူတို့အသိုင်းအဝိုင်းမှာ ရေပန်းစားနေသည်။ စကားဟူသည် တလုံးတလုံးလော်က် အဖိုးမတန် သည် မှန်သော်လည်း (နှုတ်တရာ စာတလုံး) စကားကျွံလျှင် နှုတ်လို့မရ ဖြစ်တတ်သည်။ သတင်းစကားတို့မည်သည် ခဏကလေးနှင့် မေ့ပျောက် သွားတတ်သည် မှန်သော်လည်း သတင်းစကားကြောင့် ဘဝတစ်ခုလုံး ဆုံးရှုံးသွားရှုံးသူများလည်း ဒုနှင့်ဒေးရှိသည်။

ခက်သည်က သူတို့ အသိုင်းအဝိုင်းမျိုးတွင် စကားတွေကို ဗလွတ်ရွတ်တတ်သာ လျှောက်ပြောပြီး ပြောစကားအတိုင်းဖြစ်မလာ လျှင် သိက္ခာကျသည်ဟု ယူဆတတ်ပြန်သည်။

မည်သို့ပင်ရှိစေ ဖွားဖွားနှင့် ဒေါ်လေးတို့ကတော့ အဝိုင်တွက် ပြီး အဝိုင်ပြောနေကြသည်။ မှန်သည်။ အဝိုင်တွက်ရလောက်အောင် ကလည်း အခြေအနေကပေးပြီးသား။ ချစ်ချစ်ကိုယ်တိုင်ကလည်း ခေါင်းညိတ်ပြီးသား။ ဦးရွှေအိုကလည်း သဘောတူလို့ပင် သည်ဇာတ်ထုပ် ကို စတင်ခဲ့သူ။ မောင်လူကလေး ဆိုသည်ကလည်း ဘာမှပြောစရာမရှိ။



(နိုင်းချင်သလောက် နိုင်းစားနိုင်မည့်ပုဂ္ဂိုလ်)

သည်တော့ အားအားရှိ ချစ်ချစ်ကိစ္စကိုသာ ကြံစည်ခြင်း ပြောဆိုခြင်းအား ပြုနေတော့သည်။

သည်လိုနှင့် တနေ့ကတော့ သူတို့အလိုကျ အကွက် တစ်ကွက်ဝင်လာသည်။ မောင်လူကလေး ခရီးရက်ရှည်ထွက်ဖို့ အထက် အမိန့်ကျလာခြင်းပင် ဖြစ်သည်။

ဤသည်ကို အခွင့်အရေးယူပြီး မောင်လူကလေး၏ မိဘ များက ဖွားဖွားနှင့် ချစ်ချစ်ဒေါ်လေးကို အပူကပ်ကြလေတော့ သည်။

"ရက်မှိုင်းအတွင်း စေ့စပ်ပြီး ရက်ပိုင်းအတွင်း လက်ထပ်ပေး လိုက်ချင်တယ်" စသည်ဖြင့် သည်ဘက်ကလည်း ဒါစောင့်နေကြ သည်ပဲ။ နည်းသည်ပေါ့။

ထိုကိစ္စပူပူနွေးနွေး အငွေ့တထောင်းထောင်းနှင့် အိမ်ရောက် လာသောအချိန် တွင် ဦးရွှေအိုက မန္တလေးက လုပ်ငန်းတစ်ခုအတွက် ခရီးသွားနေရသည်။ ထို့ကြောင့် အစီအစဉ်ကို သူတို့သဘောဖြင့် နှိုင်လိုက်ကြလေသည်။ ချစ်ချစ်ကိုပင် မတိုင်ပင်။ တိုင်ပင်စရာလည်း မလိုပါ။ ချစ်ချစ်က ခေါင်းညိတ်ပြီးသား ကိစ္စပဲ။

"တစ်ခုတော့ ရှိတယ် တူမရယ်၊ လောလောဆယ်မှာက စေ့စပ်ကြောင်းလမ်းပြီး ရုံးတက်လက်ထပ်ထိုးရုံပါ။ မင်္ဂလာအစီအစဉ်က တော့ သုံးလတန်သည်။ လေးလတန်သည် ကျမှပေါ့။ လတ်တလော သတော့ သူ့ခရီးမထွက်ခင် စတီသဘောပါ"

လက်ထပ်ခြင်းကို စတီသဘောလုပ်မည်ဆိုတော့လည်း

www.burmeseclassic.com

www.burmeseclassic.com



ရယ်ချင်စရာကောင်းသည်။ သို့သော် ချစ်ချစ် မရယ်ပါ။ ငိုပါသည်။ ငိုပင်ငိုသော်လည်း ငြင်းတော့ဖြင့် မငြင်းပါ။ ချစ်ချစ်သည် သူ့ကိုသူ မျှော်လင့်အားထားချက် ဘာမှမရှိတော့ချေ။ (အချစ်သည် အဆိပ်တစ်မျိုး ပါတကား။)

"ချစ်ချစ်က လက်ထပ်ပြီး သူနဲ့လိုက်သွားရမှာလား"

"အို…ဘယ်ကဟုတ်ရမှာလဲ၊ ခုဟာက လက်ထပ်ထားရုံပါလို့ ဆိုမှာပဲ"

ဒေါ်လေးသည် လက်ထပ်ခြင်းကို တရားဝင်စေသော မှတ်ပုံတင်ကိစ္စတစ်ခု အဖြစ်သာ ယူဆသည်။ ဘဝပိုင်းကိုထည့်မတွက်။

"ဖေဖေ့ကို စောင့်အုံးမှပေါ့"

"အို…မောင်ရွှေအိုးစထားတဲ့ ဇာတ်လမ်းပဲဟာကွယ်။ ညည်းအဖေကလည်း ဝမ်းသာအုံးမှာပါ"

သည်လိုနှင့် ချစ်ချစ် ခေါင်းညိတ်ပစ်လိုက်သည်။ ချစ်ချစ်၌ မျှော်လင့်ခြင်း အင်အားသည် မရှိတော့။ မျှော်လင့်ခြင်းကို နာကျည်းခြင်းက ဝါးစားပစ်လိုက်ပြီ။

× × ×

ဖေဖေ ပြန်ရောက်သောနေ့သည် မောင်လှကလေး၏ မိဘများရောက်လာပြီး "မြန်း" ကြမည့်နေ့မတိုင်မီနေ့ ဖြစ်လေသည်။

ရောက်ရောက်ခြင်းသကင် ဒေါ်အေးခုံနှင့် ဒေါ်စမ်းစမ်းနွဲ့တို့က သူတို့အစီအစဉ်များကို ပြောပြကြလေသည်။ ဦးရွှေအိုးခရီးထွက်



နေခြင်းပင်လျှင် အပြစ်တစ်ခုလိုလို ချစ်ချစ်ကပဲ လတ်တလောစီစဉ်နိုင်းလို့ လုပ်ရသလိုလို သူတို့ကိုယ်ကို ကာကွယ်ပြောဆိုကြသည်။

ဦးရွှေအိုးသည် မောသွား၏။ ဒေါသလည်း ဖြစ်ရလေသည်။ တစ်အိမ်လုံး နေစရာမရှိအောင် အော်ဟစ်ဆူညံနေလေသည်။

သို့သော်…။

"မောင်လှကလေးက သဘက်ခါ ခရီးထွက်တော့မှာ"

"ဟဲ့…မြန်မြန်ပြီးသွားတာ စိတ်အေးရတာပေါ့"

"သူတို့ သတင်းတွေကလည်း အားလုံးသိပြီးသားပဲ"

"မိချစ်ချစ်ကြည့်ရတာလဲ မှုမမှန်လို့"

"နေစမ်းပါအုံး၊ မင်းသဘောကျ ရွေးချယ်ထားတာပဲမှတ်လား။ ခု ဘာလို့ ဒေါသဓါလောက် ကြီးနေရတာလဲ"

ဟူသော စကားများဖြင့်ပင် ဦးရွှေအိုးလက်မှိုင်ချသွားရလေတော့သည်။ ဦးရွှေအိုးသည် ခရီးပန်းလာသောအရှိန်ရော စိတ်ပျက်အားငယ်ဖွယ်သတင်းကြောင့် စာကြည့်ခန်းထဲက ပက်လက် ကုလားထိုင်မှာပင် အိပ်ပျော်သွားခဲ့လေသည်။

× × ×

ညနေစောင်းတော့ ချစ်ချစ် တိရစ္ဆာန်ရုံက ပြန်လာသည်။ ဆိုလှကလေးက ဆင်ဝင်အောက်မှ ကားဟွန်းတီးလိုက်သဖြင့် ဦးရွှေအိုးသန့်နိုးသည်။ နိုးနိုးချင်းပင် ချစ်ချစ်ပြန်လာမှန်း သိလိုက်သည်။

ချစ်ချစ်သည် ဖေဖေပြန်ရောက်နေမှန်း သိရသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေးနိုင် လက်ထပ်ဖို့ကိစ္စ ခေါင်းညိတ်လိုက်မိသည်ကို အပြစ်ဘော်ခုလို ထပ်ပြီး စိုးရိမ်စိတ်ကလေးဝင်လာသည်။

အပေါ်ထပ် လှေကားအတက်မှာပင် စာကြည့်ခန်းဆီမှ ဖေဖေ့ခေါ်သံကို အလန့်တကြား ကြားလိုက်ရသည်။

"သမီး"

ချစ်ချစ်သည် ရင်ခုန်စွာပင် စာကြည့်ခန်းသို့ လျှောက်လာခဲ့သည်။ ဖေဖေ့ရှေ့မှာ ခြေစုံရပ်လျက် ခေါင်းငုံ့ထားလိုက်သည်။ သိသည်။ သည်ကိစ္စမှလွဲ၍ ဖေဖေ့တွင် ပြောစရာမရှိ။ ဖေဖေသည် လေးနက်သော အသံကြီးဖြင့် တစ်လုံးချင်း မေးလိုက်သည်။

"သမီး ကိုယ်တိုင်က ခေါင်းညိတ်လိုက်တာလား"

ချစ်ချစ်က သူ့ခေါင်းညိတ်ကြောင်း ခေါင်းညိတ်ပြသည်။

"အေးအေး...ပြီးရောပေါ့ ကဲ ကဲ နားချေအုံး"

ချစ်ချစ်သည် တည်ငြိမ်စွာပင် ပြန်ထွက်လာခဲ့သည်။ သူ မငိုတော့ပါ။ သူ စိတ်တည်ငြိမ်နေသည်တော့ မဟုတ်။ အရာရာကို စိတ်ကုန်နေခြင်းသာ ဖြစ်၏။

× × ×

(၁၈)

မနက်က စေ့စပ်ကြသည်။ ထုံးစံအတိုင်း မလိုအပ်သည်များကို ပြောဆိုကြသည်။

ရယ်စရာတော့ကောင်းသည်။ ရက်ပေါင်းများစွာ သည်သူငယ်နှင့်သူငယ်မကို လွှတ်ထားခဲ့ကြပြီးမှ စေ့စပ်ခြင်းကို ပြုလုပ်သည်။ ယဉ်ကျေးမှုအစဉ်အလာ ထိန်းသိမ်းသည့်သဘောလား။ တရားဝင်အောင် အပိုင်ချည်ကြခြင်းလား။ စတီသဘောလုပ်ခြင်းလားတော့ မပြောဘတ်ပါ။

ဖေဖေသည် စိတ်မပါချေ။ သို့သော် ဟန်ဆောင်နေပြနေရသည်။ ထိုစေ့စပ်ပွဲတွင် ညှိသည်ငါးယောက်နှင့် နှစ်ဖက်သောမိဘများပါဝင်ကြသည်။ အားလုံးထဲတွင် ဖွားဖွား၊ ဒေါ်လေးနှင့် ကိုလှကလေးအမေတို့သည် ကက်ကက်လန်အောင် ရယ်မောမြူးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ပိုင်းတွင် ဗဟိုတရားရုံးတွင် လက်ထပ်ရန်ကိစ္စအတွက် ကားနှစ်စီးဖြင့် ထွက်လာခဲ့ကြလေသည်

× × ×

ဦးရွှေအိုးသည် သိပ်ပြီး စိတ်မလှုပ်ရှားတော့ပါ။ သူ့မှာ နည်းလမ်းတစ်ခုကို ရရှိပြီးလေပြီ။ သူသည် မန္တလေးမှ ပြန်ရောက်ပြီး ကတည်းက ချစ်ချစ်ကိစ္စကိုသာ နေ့မအားညမအား စဉ်းစားခဲ့ရလေသည်။

သည်အတိုင်းပဲ စိတ်လျှော့လိုက်တော့မည်လား။ ထပ်မံ ကြိုးစားကြည့်လျှင် ကောင်းမည်လား။ သမီးဖြစ်သူ၏ အရိပ်အခြေကို ကြည့်တော့လည်း ထူးပြီး ဝမ်းနည်းကြေကွဲနေဟန်မရှိ။ သို့သော် ဘယ်လိုပင် အပြန်ပြန်အလှန်လှန် တွေးတောသော်လည်း မောင်လှ ကလေးနှင့်တော့ သမီးကို လုံးဝသဘောမတူနိုင်တော့ချေ။

ဤသည်မှာ အချက်နှစ်ချက်တည်းပေါ်တွင် မူတည်ပါသည်။ ချစ်ချစ်ကိုယ်တိုင်က မောင်လှကလေးအပေါ်တွင် မေတ္တာမရှိခြင်းနှင့် သူကလည်း မောင်ရှုပ်အပေါ်တွင် သဘောတွေ့နေခြင်းတို့ ဖြစ်ပါသည်။

လူတွေအားလုံး သေကြမှာ သေချာသော်လည်း တချို့က အရင်သေပြီး တချို့က နောက်မှသေ၏။ ဦးရွှေအိုးသည် ချစ်ချစ်ထက် အရင်သေပါမည်။ ထိုအတူ ဖွားဖွား ဒေါ်လေးတို့သည်လည်း သည့် အတိုင်းပင်။ မသေခင်မှာ သားသမီးကို စိတ်ချသွားချင်သည်ကတော့



မှန်ပါသည်။ သို့သော် သူတို့သေပြီးသောအခါ သားသမီးသည် သူတို့ သွင်းခဲ့သော ပုံသဏ္ဍာန်၌ စိတ်ချစွာနေကြပြီတဲ့လား။ လူသည် ကိုယ့်ဘဝ နှင့် ကိုယ်ဖြစ်တာကတော့ အသေချာဆုံးတရားပင် ဖြစ်ပါသည်။

မိဘစီမံသလို နေရစ်ခဲ့သဖြင့် ဘဝတစ်သက်လုံးကောင်းစား သွားသူရှိသလို တစ်ဘဝလုံးပျက်စီးသွားရသူလည်း ရှိသည်။ အမှန်တရား သည် ရှိ၏။ သို့သော် စိတ်ချရသော အရာမဟုတ်၊ တစ်ခါတစ်ခါ အမှန်သည် မှားနေတတ်ပြန်သည်။

သားသမီးကောင်းစားစေချင်သော စေတနာသည် မိဘတိုင်း မှာရှိပါသည်။

သို့သော် သားသမီးတိုင်းသည် ကောင်းစားချင်တတ်ကြ သူချည်းမဟုတ်။ တချို့က ဘဝကို ချစ်သည်။ တချို့က အလုပ်ကိုချစ် သည်။ တချို့က အချစ်ကိုကိုးကွယ်ပြီး တချို့က မနေ့ဥစ္စာကို ကိုးကွယ် သည်။

ဘယ်သူမှန်သည်၊ ဘယ်သူမှားသည်ဟု မသိရသော်လည်း ဒိဋ္ဌိဇဝေဒနာ ပေါ်မူတည်ပြီး ကိုယ့်ခရီးကိုယ်သွားနေကြသည်ပင် မဟုတ်လား။

ယခုကိစ္စမှာတော့ ဦးရွှေအိုးသည် သူတို့လူကြီးတွေ မရှိ သည့်နောက်ပိုင်းမှာ ချစ်ချစ်စိတ်ချမ်းသာစွာ ကျန်ရစ်ခဲ့ဖို့တစ်ခုတည်း ကိုသာ ဦးတည်စဉ်းစားသည်။

ပြီးတော့ အခြေအနေအရပ်ရပ်ပေါ်မူတည်ပြီး စဉ်းစားသော

www.burmeseclassic.com

www.burmeseclassic.com



အခါ အုန်းဖြတ်တာ မှန်ကန်သည်ဟု ယုံကြည်နေသည်။ မောင်လူ အသေအနှင့်ဆိုလျှင် မကောင်းဘူးတဲ့လား ဟု မေးစရာရှိသည်။ ကောင်းပါသည်။ သို့သော် သမီးတစ်သက်လုံး စိတ်ညစ်နေရမည့် ကိစ္စတစ်ခုတည်းနှင့်ပင် တစ်ခုတစ်ရာကို ဖေဖေရဲဝံ့စွာ ဆုံးဖြတ်နိုင်ခဲ့သည်။

နောက်တစ်ကြိမ် ထပ်ကြိုးစားကြည့်ကြသေးတာပ။

× × ×

ဦးရွှေအိုးသည် သူစီစဥ်စရာရှိသည်များကို လိုအပ်သလို စီစဥ်ပြီးပါပြီ။ သမီးကို ဖွင့်ပြောပြဖို့တစ်ခုသာ ကျန်သည်။

လုပ်ရမှာကတော့ လူကြီးတန်မဲ့နှင့် တော်တော် မိုက်မိုက်ကန်းကန်းလုပ်ပစ်ရမှာမျိုး ဖြစ်ပါသည်။ သို့သော် မတတ်နိုင်။ သည်တစ်ခါသည် နောက်ဆုံးအခွင့်အရေးပင်။

ကားနှစ်စီးသည် ဗဟိုတရားရုံးသို့ ဦးတည်မောင်းနှင်နေသည်။ ရှေ့ကားပေါ်တွင် မောင်လူကလေး မိသားစုနှင့် သက်သေလိုက်မည့်သူများ။ နောက်ကားကတော့ ချစ်ချစ်တို့ကား။

ဖေဖေသည် ကားကို ကိုယ်တိုင်မောင်းသည်။ ( ဒါလည်း အကြောင်းရှိသည်။) ရှေ့ခန်းမှာ ဖေဖေနှင့် သက်သေလိုက်မည့် သူတစ်ယောက်ပါသည်။ နောက်ခုံမှာ ချစ်ချစ်ကို ဖွားဖွားနှင့်ဒေါ်လေးတို့က ရံလျက်ထိုင်နေကြသည်။

ဦးရွှေအိုးက နောက်ကြည့်မှန်မှနေ၍ ချစ်ချစ်မျက်နှာကို အကဲခတ်သည်။ ဘာမှ ထူးခြားမှုမတွေ့ရပါ။



ကားနှစ်စီးသည် ရှေ့ဆင့်နောက်ဆင့်ပင် ဗဟိုတရားရုံးရှေ့ ရောက်လာကြသည်။ သူတို့ကားများသည် ရုံးတော်တက် ပလက်ဖောင်းတွင် ရပ်လိုက်ကြသည်။ ဦးရွှေအိုးက အခြားပလက်ဖောင်းဘက်သို့ တစ်ချက်ဂရုစိုက်လိုက်သည်။

"အိုကေ"

ကားနှစ်စီးပေါ်မှ လူများသည် သူ့အရင် ဆင်းရကောင်းနိုး၊ ငါအရင်ဆင်းရ ကောင်းနိုး။ လုပ်နေကြသည်။ သည်အခြေအနေရောက်လာပြီးမှ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အားနာနေကြသည်။

"ကဲ···ဟို မိသားစုတော့ အဆင်းခက်နေပြီ၊ အမေတို့ ညီမတို့ သွားလိုက်ကြပါဦး"

ဒေါ်အေးဘုံနှင့် ဒေါ်စန်းစန်းနွဲ့တို့ ဆင်းသွားကြသည်။ ဟိုကားနားရောက်သောအခါ ရယ်မောရင်း ရယ်စကားပြောနေကြပြန်သည်။ ချစ်ချစ်သည် ခု တဒင်္ဂမှာတော့ စိတ်လှုပ်ရှားရပြီး တကယ်တမ်းတရားဝင်လက်ထပ်ရတော့မည်ဟူသော အသိသည် သူ့ကို ခြောက်လှန့်လေပြီ။

မိန်းမတစ်ယောက်၏ဘဝ၌ ဒီအချိန်သည် အရေးကြီးဆုံးမဟုတ်ပါလား။ မျက်ရည်လည်းမကျအောင် ချစ်ချစ်ဂရုစိုက်နေရသည်။ ငယ်စိတ်နှင့်သာဆိုလျှင် ခုပင် ကားပေါ်ကဆင်းပြေးမိမည် သေချာသည်။

ထိုအချိန်တွင် ဖေဖေက ခေါင်းကိုပွတ်၍ ပြောလေသည်။

"ကဲ···သမီး ဆင်းကြစို့လေ"

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ် တွေဝေနေသည်။ သို့သော်…ထိုသို့တွေဝေခြင်းသည် အကျိုးမရှိမှန်းလည်း သူ့ဘာသာသူ သိသည်။

သူ့ဘာလုပ်ရပါ့မည်နည်း။ မထူးတော့မှန်းကို သိသော်လည်း မိန်းမပီသစွာ အချိန်ကိုတော့ တတ်နိုင်သမျှ ဆွဲဆန့်ချင်သည်။ ဖေဖေ့စကားကို ဂရုမစိုက်ဘဲ ငူငူကြီးနေလိုက်သည်။

ဖေဖေက နံဘေးတွင် အလိုက်မသိထိုင်နေသော ဟို့ သက်သေလိုက်မည့် ပုဂ္ဂိုလ်ကိုနှင်ရပြန်သည်။

"ကဲ…ကိုဖိုးထောင် ဟိုအုပ်စုကို သွားနှင့် ခုလိုက်ခဲ့မယ်လို့ သွားပြောဗျာ"

ကိုဖိုးထောင် ဆင်းသွားသောအခါ ဖေဖေစကားစလေသည်။

"သမီးကို ဖေဖေတစ်ခုမေးမယ်၊ သမီးအခု စိတ်ပျက်နေပြီမဟုတ်လား"

ချစ်ချစ်က မဖြေ။ သို့သော် အရင်ကလို ဖေဖေစကားကို ပစ်ပစ်ခါခါ လုပ်မိပုံတော့ မပေါ်ပါ။

"ကောင်းပြီ သမီးကို ဖေဖေကြိုတင်ပြီး ပြောစရာရှိသေးတယ်။ ခုတစ်ခါဟာ ဖေဖေ သမီးကို နောက်ဆုံးပြောခြင်းလို့ သတ်မှတ်ထား။ ဖေဖေ့ကို နောက်ဆုံးအခွင့် အရေးပေးတဲ့အနေနဲ့ ဒီတစ်ခါတော့ ဖေဖေ့ကို ပြောခွင့်ပြု။ ပြီးတော့မှ သမီးဦးနှောက်နဲ့ ဆုံးဖြတ်"

ချစ်ချစ်သည် ခေါင်းလည်း မညိတ်။ အတိုက်အခံလည်း မပြု။



"နက်ဖြန်ကစပြီး သမီးဟာ အိမ်ထောင်သည်ဖြစ်တော့မယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘဝကိုယ် ထူထောင်ရတော့မယ်။ ဖေဖေတို့အနေနဲ့ ကတော့ သမီးကောင်းဖို့ရာ အစစစီမံတာပဲ၊ ဒီစီမံချက်ပေါ် ဖြောင့်ဖြောင့် သွားနိုင်မသွားနိုင်ကတော့ သမီးကိစ္စ။ အရေးကြီးတာက အိမ်ထောင် သည်ဖြစ်ပြီးကာမှ ကိုယ့်အခွင့်ရေးကို အစကပြန်တောင်းလို့ မရနိုင်တော့ဘူး။ သမီးပြန်တောင်းလို့လည်း ဖေဖေတို့ မပေးနိုင်တော့ဘူး ဒီတော့ ခုအချိန်ဟာ သမီးရဲ့ ကိုယ်ပိုင်အခွင့်အရေးအတွက် နောက်ဆုံး အချိန်ပဲ။ ဒီအချိန်မှာ သမီးရဲ့ခံစားချက်ကို သမီးဦးနှောက်က ပြတ်ပြတ်သားသား ကြိုးကိုင်တော့"

ထိုအချိန်တွင် ဒေါ်အေးဘုံသည် တရားရုံးအဝင် ဂိတ်ပေါက်မှ လှမ်းပြီး လက်ခုတ်တီး ခေါ်နေလေသည်။

ဖေဖေ တိုတိုပဲပြောမယ်၊ သိပ်အချိန်မရဘူး။ ဒီမယ်သမီး ခေါင်ရှုပ်ဟာ တကယ့်လူကောင်း…"

ချစ်ချစ်သည် သူ့ဖေဖေကို ဖျပ်ကနဲ တစ်ချက်ကြည့်လိုက်၏။ ငြိမ်သက်ခဲ့ရသော ရက်များအတွင်း ပထမအကြိမ် တုန့်လှုပ်ခြင်းဖြစ်၏။

ချစ်ချစ်သည် ဘာမပြောညာမပြောနှင့် ကားပေါ်က ဆင်းလိုက်သည်။ ဦးရွှေအိုးကလည်း လိုက်ဆင်းသည်။ ချစ်ချစ်သည် ကားအနီးမှာပင် ရပ်နေသေးသည်။

ပြီးတော့မှ တရားရုံးဂိတ်ပေါက်ဘက်သို့ တလှမ်းချင်း လျှောက်သွားသည်။ ဖေဖေသည် ချစ်ချစ်အနားမှာ ကပ်လျှောက်လေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ချစ်ချစ်တို့သားအဖလာနေသည်ကိုမြင်မှ ထိုအုပ်စုကလည်း မုံ့ထဲဘက်သို့ လှမ်းဝင်ကြသည်။

ဦးရွှေအိုးသည် ချစ်ချစ်လက်ကို တွဲကိုင်လိုက်သည်။ တတ်နိုင်သမျှ ခြေလှမ်းကို နှေးနှေးလှမ်းသည်။ ညှိနည်းဖြင့် ကိုလူကလေးတို့အုပ်စု၏ နောက်၌ခပ်ကွာကွာ ကျန်ရစ်စေသည်။

ချစ်ချစ်သည် အရုပ်တစ်ရုပ်ကဲ့သို့ ရှေ့သို့သာ ငေးကြည့်ယင်း လျှောက်နေသည်။ ဦးရွှေအိုးကတော့ ရသမျှအချိန်အတွင်းမှာ လှပြော နေရသည်။

"မောင်ရွှေပါရဲ့ စာတွေကို သမီး ဖတ်မိရင် ခုလောက်ထိ ပြဿနာကြီးလာစရာ မရှိဘူး။ ဖေဖေပြောမယ် သမီး၊ သမီးဖြစ် လိုက်တဲ့ စာနှစ်စောင်ဟာ သမီးဘဝကို အကြီးအကျယ် ပြောင်းလဲစေ မယ့် စာတွေကွဲ့"

ပြောရင်းလျှောက်ရင်းမို့ စကားလုံးရွေးနေချိန်မရ။ အဓိပ္ပာယ် ပေါ်ဖို့သာ လိုသည်။ ရှေ့မှ အုပ်စုကလည်း နောက်ကို လှည့်မကြည့်သဖြင့် တော်သေးသည်။

"ပထမတစ်စောင်က သူ သမီးကို ကျောက်ဆည်မှာ ထားခဲ့ ပြီး သမီးရဲ့ ပိုက်ဆံ ပြန်ရပြီဆိုလို့ မန္တလေးကို လိုက်ယူရတဲ့အကြောင်းနဲ့ အေး…မထူးပါဘူးကွယ်။ သမီးကို သူ မေတ္တာရှိတယ်ဆိုတဲ့အကြောင်း ရေးထားတဲ့စာ။ သမီးက ဒီစာကို ကျောက်ဆည်မှာ မဖတ်လိုက်ရဘူး မှတ်လား။ သူက ဒီစာကို သမီးအိပ်နေတုန်း သမီး ဘေးမှာချထားခဲ့ တာ"



ချစ်ချစ်သည် ခြေလှမ်းကို တုန့်ရပ်လိုက်သည်။ သူ့ အကြည့် ကတော့ ရှေ့တူရှုသို့သာ ငေးစိုက်လျှက်ရှိနေသည်။

"အေး…ဒုတိယစာကတော့ သူ ဖေဖေ့ဆီ လာရှင်းတဲ့ ငွေစာရင်းပဲ။ သူ့ကို ငွေ ဘယ်လောက်ရှင်းပေးလိုက်ရတယ် ထင်သလဲ"

ချစ်ချစ်သည် ဦးရွှေအိုးမျက်နှာကို စူးစမ်းသလို လှည့်ကြည့် ၏။ ဦးရွှေအိုး က ပြုံးလျက်ပြောသည်။

"ဆယ့်နှစ်ကျပ်တစ်မတ် သမီး…"

"ရှင်"

"အေး…သမီးကို လမ်းမှာ သူငယ်ကျွေးတဲ့ ကုန်ကျစရိတ်တဲ့၊ မုန့်လုံးကြီးကြော်ဖိုးကအစ ကြက်သားဆီထမင်းကို တစ်ယောက် တစ်ဝက် စားတာအထိ…"

ထိုအချိန်တွင် ကိုလူကလေးတို့ အုပ်စုသည် ကွေ့တစ်ကွေ့သို့ ချိုးဝင် ပျောက်ကွယ်သွားလေပြီ။

"ကဲ…သမီး၊ အချိန်သိပ်မရဘူး။ ခုအချိန်ဟာ နောက်ဆုံးပဲ။ နောက်ဖန်ဆို ပြင်မရဘူး"

"သမီး ဘာလုပ်ရမလဲ ဖေဖေရယ်"

"ဒါကို သမီးဆုံးဖြတ်၊ မောင်လှကလေးကို မကြည်ဖြူဘူး ဆိုရင် သမီး ခုနေ ထွက်ပြေးတော့"

"ရှင်"

"ဟုတ်တယ်၊ ဒီတစ်နည်းပဲ ရှိတယ်"

"သမီး ဘယ်ကို ပြေးရမှာလဲ…"

www.burmeseclassic.com

www.burmeseclassic.com



"သမီး ပြေးမယ် မပြေးဘူးသာပြော၊ ဒီအတွက် ဖေဖေ စီစဉ်ပြီးပြီ"

ချစ်ချစ်သည် ရှုမတတ်ပင် စဉ်းစားလိုက်ရသည်။ မိန်းမငယ်တစ်ယောက်အနေနှင့်သည်မှုသတ္တိကောင်းဖို့ရာ တကယ်တော့မလွယ်ပါ။

"သမီးကို ဖေဖေ တစ်ခုမေးမယ်။ မောင်ရှုပါကို သမီးချစ်သလား…"

ချစ်ချစ်သည် ယောင်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ယောင်ပြီး ခေါင်းညိတ် ပြသည် ဆိုသည်မှာ ကိုရှုပါကို မချစ်၍မဟုတ်ပါ။ လတ်တလောတွင် ခေါင်းပူပြီး တော်ရုံကိစ္စကို စဉ်းစားမနေတော့ဘဲ ရဲရဲတင်းတင်း ဆုံးဖြတ်မိသော သဘောသာဖြစ်ပါသည်။

"ကောင်းပြီ ဖေဖေတို့ ကားရပ်တဲ့နေရာနဲ့ မျက်နှာချင်းဆိုင်ဘက်မှာ ဖယ်မလီယာအနီကားကလေး ရပ်ထားတယ်။ ပြေးမယ်ဆိုခုပြေးပြီး အဲဒီကားပေါ်သာ တက်ထိုင်လိုက်။ ဖေဖေအားလုံးစီစဉ်ထားတယ်။ မောင်းပြေးဖို့လမ်းရော၊ မောင်ရှုပါရှိတဲ့ နေရာကိုပါ မှာထားပြီးသား ဒီဘက်ပိုင်းကျန်တာ ဖေဖေ ကြည့်ရှင်းမယ်"

ချစ်ချစ်သည် အသားများ ဆတ်ဆတ်တုန်အောင်ပင် အတွေးတွေ ယောက်ယက်ခတ်နေ၏။

"ကဲ…မြန်မြန်စဉ်းစား သမီး"

ချစ်ချစ်သည် ဖေဖေ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ချစ်ချစ်သည် ပြုံးပြုံးကြီးလုပ်နေသော ဖေဖေ့မျက်နှာကြောင့် အားရှိသလို-



ခံစားရသည်။ အရာရာသည် သူ့အဖို့ အသေးအဖွဲပြန်ဖြစ်သွားပြန်သည်။ ယော်ဂုဏ်၊ ယော်စိတ်ကလေးများ ဝေ့တက်လာသည်။

နာကျည်းခြင်းသည် အချစ်ကို အရှုံးပေးလေပြီ။

ချစ်ချစ်သည် ဖေဖေ့ရေမှ ချာကနဲလှည့်၍ ပြေးလေတော့သည်။

"သမီး ည ၇နာရီ အလုပ်တိုက်ကို ဖုန်းဆက်"

ဦးရွှေအိုးသည် ကားအနီးကလေး ရိုပ်ကနဲ ဖြတ်သွားသည်ကို တွေ့ရမှ မောင်လူကလေးတို့ အုပ်စုရှိရာသို့ အူလျားဖားလျားပြေးလေသည်။

ထိုအုပ်စုသည် အခန်းတခန်းအဝတွင် ဝိုင်းဖွဲ့စကားပြောယင်း စောင့်မျှော်နေကြလေသည်။

ဦးရွှေအိုး ပြေးလာသည်ကို မြင်သောအခါ အလန့်တကြားဖြစ်ကုန်ကြသည်။

"ပြေးပြီ ပြေးပြီ ချွေးတိရွှာန်မ၊ ကျွန်တော့်လက်က ရှတ်ရုန်းပြီး ထွက်ပြေးသွားပြီ၊ ဂျစ်ကားအဖြူလေးတစ်စင်းပေါ် ခုန်တက်သွားတယ်"

"ဟင်…ဘယ်လိုဖြစ်ကုန်တာလဲ"

"ဟာ…ဒါ အရေးမကြီးဘူး၊ လိုက်မှ ဖြစ်မယ်၊ ကဲ"

သောကြ လာကြအားလုံးကို ဦးရွှေအိုးက ဦးဆောင်ပြီး ကားရှိရာသို့ သတ်ခြေ တင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီကိုယ်င ကားများပေါ် ရောက်ကြသောအခါ ဦးရွှေအိုး ကပင် ဦးဆောင်လျက် ရေကျောမောင်းထွက်သည်။

ဦးရွှေအိုးသည် မဟာဗန္ဓုလလမ်းဘက်သို့ မောင်းလိုက်သည်။ ထိုအချိန်တွင် ဖယ်မလီယာ ကားနီကလေးသည် ကုန်သည်လမ်းမှချိုး၍ မော်တင်ဘက်သို့ ဦးတည်မောင်းနှင်သွားလေပြီ။

× × ×



(၁၉)

ည- ခုနစ်နာရီတိတိ။

ဦးရွှေအိုး၏ အလုပ်ခန်း။

တယ်လီဖုန်းသံ မြည်လာသည်။ ဦးရွှေအိုး အားရဝမ်းသာ ကောက်ကိုင်သည်။

"ရွှေအိုးလားဟေ့"

"ဟုတ်ကဲ့"

"ငါပါ"

"ဪ . . . အမေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးသေးတုန်း"

"မထူးသေးဘူး"

"ဟော့…မင်းအရက်တွေသောက်နေသလား"

"စိတ်ညစ်လို့ပါအမေ"

အဖွားကြီးမှန်းပြန်ချသွား၏။

ဒုတိယတခါ မှန်းပြည်လာပြန်သည်။

"ဆရာလား"

"အေး"

"ရထားရော လေယာဉ်ရော သင်္ဘောရော စုံနေပြီဆရာ၊ အရိပ်အခြေတောင် မမြင်ဘူး"

"ပြီးရော…ပြီးရော မင်းတို့ကောင်တွေ ဘာမှ သောက်သုံး မကျဘူး။ ဒါပဲ မတွေ့မချင်းရှာ ငါ့ဆီ မနက်မှဖုန်းဆက် ငါ စိတ်ညစ် နေတယ်"

× × ×

တတိယ တယ်လီဖုန်းသံ။

"ဖေဖေလား"

"အေး…အေး သမီးလေး ဘယ်နဲ့လဲ အိုကေပဲလား"



"အို…ဖေဖေကလဲ"

"မှတ်ဘူးလေ မောင်ရှုပါနဲ့တွေ့ပြီလား မေးတာပါသမီးရဲ့"

"တွေ့ပါတယ် ဖေဖေ"

"အေး၊ ကောင်းတယ်၊ ဖေဖေတော့ ဒီမှာ မိုင်ခံပြီး ရှန်တိန် (လမ်းပြောင်းလမ်းလွှဲ) လုပ်နေတယ်"

"သမီးတို့ ဘာဆက်လုပ်ရမလဲ ဖေဖေ"

"ခေါင်းအေးအေးသာ ထားပြီးနေကြပါ၊ လိုအပ်တော့ ဖေဖေ ဖုန်းဆက်မယ်၊ ဪ…ဒါနဲ့ လက်ထပ်စာချုပ်ကိစ္စတော့"

"ပြီးပါပြီဖေဖေ၊ မြို့နယ်တရားရုံးမှာပဲ ဖေဖေ့မိတ်ဆွေက လိုက်လုပ်ပေးတယ်"

"ဟုတ်ပြီ ဟုတ်ပြီ ဒါနဲ့ မောင်ရှုပါ အနားမှာ ရှိသလား"

"ရှိတယ် ဖေဖေ"

"ခေါ်လိုက်စမ်း"

တယ်လီဖုန်း စကားပြောခွက်ကို လက်ဖြင့် အုပ်လိုက်ပုံရသည် အသံတိတ်သွားသည်။

"ဖေဖေ"

"သမီး…ဘယ်မလဲ မောင်ရှုပါ"

"သူ ဖေဖေနဲ့ စကားပြောရမှာ ရှက်နေလို့တဲ့"

သုမောင်

www.burmeseclassic.com